# ဝတဒေါင်
# ကာ

ချင်းတုန်၏ တာ့လူးရှုးတိယန်

ဟာသီဂမောင်နှံ့ နှင့် မရဏာတာမန်



# ဝဏ္ဏာအောင်

ဟာသ်ာမောင်နှံနှင့်
မရဏာတာမန်

ပထမပိုင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၉၁၀၄၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၆၁၀၅၀၈

၂၀၀၈ - ခုနှစ်

ပထမအကြိမ် - အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀/- ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
9-H နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးဝင်းကျော်မိုး၊ မုံရွေးပုံနှိပ်တိုက်
အမှတ် ၁၄၀၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

★ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
★ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
★ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မျက်နှာနှစ်မျိုးနှင့်လူ

တောင်စွယ်တွင် နေကွယ်လေပြီ။

မကြာမီ မိုးချုပ်တော့မည်။ ခိုင်ဖုန်းမြို့ပြင်လမ်းမကြီးပေါ်၌ မြင်းလှည်းတစ်စီးသည် ခပ်မှန်မှန်မောင်းနှင်လျက်ရှိသည်။ မြင်းလှည်းကိုမောင်းနှင်နေသူမှာ တစ်ခေါင်းလုံးဆွတ်ဆွတ်ဖြူနေသော အဘိုးအိုတစ်ဦးဖြစ်သည်။

မြင်းလှည်းသည် ခပ်မှန်မှန်မောင်းနှင်ခဲ့ရာ ခဏအကြာတွင် လမ်းမကြီးပေါ်မှဖယ်ခွါ၍ လမ်းသွယ်တစ်ခုအတွင်းသို့ ချိုးကွေ့ဝင်ရောက်သွားလေသည်။ ဝါးရုံပင်များအုံ့ဆိုင်းနေသောအဆောက်အအုံကြီးတစ်လုံးအနီးသို့ရောက်သည့်အခါ မြင်းလှည်းသည် ရပ်တန့်သွား၏။ ထိုအဆောက်အအုံကြီးကား သီလရှင်ကျောင်းပင်ဖြစ်ပေသည်။

မြင်းလှည်းအိမ်အတွင်းမှ လူသုံးယောက်ဆင်းလာသည်။ တစ်ယောက်မှာ အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသည့် အမျိုးသမီးကြီးတစ်ဦးဖြစ်၏။ နောက်တစ်ဦးမှာ ... ငေးတိငေးငိုင်နှင့် အသိစိတ်ကင်းမဲ့ဟန်ရှိသောမိန်းမပျိုတစ်ဦးဖြစ်သည်။ ကျန်တစ်ယောက်ကား ဝတ်စုံဖြူဝတ်ဆင်ထားသည့်မိန်းကလေးဖြစ်လေသည်။

ထိုမိန်းကလေးသည် အသိစိတ်ကင်းမဲ့ဟန်ရှိသောမိန်းမပျိုကိုတွဲကာ မြင်းလှည်းအိမ်ထဲမှဆင်းလာရင်း ....

"ဒါ ကျွန်မဆရာသိတင်းသုံးတဲ့ကျောင်းလေ .... ခုလို စိတ်ထိခိုက်နေတဲ့အချိန်မှာ မမအတွက် အနားယူဖို့အကောင်းဆုံးနေရာပဲပေါ့"

မိန်းကလေး၏စကားအဆုံးတွင် မြင်းလှည်းသမားအဘိုးအို၏စကားသံက တစ်ဆက်တည်း ထွက်ပေါ်လာလေသည်။

"ဟုတ်တယ်ကလေးမ .... ဒီနေရာဟာ ကလေးမနဲ့ အသင့်တော်ဆုံးနေရာပဲ၊ စိတ်ချလက်ချသာနေလိုက်ပါ"

ရုပ်ရည်အသွင်အပြင်နှင့်မလိုက်အောင် မြင်းလှည်းသမားအဘိုးအို၏စကားသံက နုပျိုနေ၏။ လူကိုသာမမြင်လျှင် လူရွယ်တစ်ဦး၏စကားသံဟု ထင်မှတ်ဖွယ်ပင်ဖြစ်သည်။

ထိုစဉ် .... ဝတ်စုံစိမ်းနှင့် အမျိုးသမီးကြီးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အင်း .... မင်းအတွက်စီစဉ်ပြီးရင် ငါ့အတွက်လဲ နေထိုင်ရာစီစဉ်ရဦးမယ်၊ နောက်ပြီး .... အို့ယန်ဖုံး သေမသေလဲ စုံစမ်းရဦးမယ်၊ ငါ့အထင်တော့ အို့ယန်ဖုံး လူ့လောကမှာရှိနေတုန်းပဲ"

ဤတွင် ဝတ်စုံဖြူနှင့်မိန်းကလေးသည် နှာခြည်းမှုန်းတီး[illegible] ....

"တကယ်သာ အို့ယန်ဖုံးမသေသေးရင် ဒီလူယုတ်မာကိုမီး တွေ့အောင်ရှာပြီးသတ်မယ်"

မြင်းလှည်းသမားအဘိုးအိုက မချိပြုံးပြုံးကာ ....

"အင်း .... ကလေးမပြောသလို အို့ယန်ဖုံးသာ တကယ် မသေးရင် သူ ဘာကြောင့် ကလေးမရဲ့အဖေကိုလာမတွေ့ဝံ့သလဲဘာ ကျုပ်စုံစမ်းဖော်ထုတ်ပေးပါ့မယ်"

ဝတ်စုံဖြူနှင့်မိန်းကလေးကခေါင်းညိတ်လိုက်ရင်း ....



"ကျွန်မတို့ မကြာခင်ပြန်ဆုံနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်ရှင်"

မြင်းလှည်းသမားအဘိုးအိုက အသိစိတ်ကင်းမဲ့ဟန်ရှိသောမိန်းမပျိုကိုတစ်ချက်လှမ်းကြည့်ကာ ....

"ကျန်းမာအောင်နေပါ၊ ကဲ .... ကျုပ်သွားမယ်"

ပြောပြောဆိုဆိုပင် မြင်းလှည်းသမားအဘိုးအိုသည် မြင်းလှည်းကိုဆွဲလှည့်ကာ လာလမ်းအတိုင်း ပြန်လည်ထွက်ခွါသွားလေတော့သည်။

ooo

မှောင်ရီပျိုးစပြုပြီဖြစ်သည်။ မြင်းလှည်းသည် လမ်းသွယ်မှထွက်ကာ လမ်းမကြီးပေါ်ရောက်ရှိလာ၏။ ထို့နောက် နိုင်ဖုန်းမြို့ဆီးတည်မောင်းနှင်သွားလေသည်။

ခဏအကြာတွင် ....

"ရပ်လိုက်စမ်း"

ရုတ်တရက်ထွက်ပေါ်လာသည့်ဟန့်တားသံကြောင့် မြင်းည်းသမားအဘိုးအိုသည် အံ့အားသင့်ကာ မြင်းလှည်းကို တုံ့ခနဲရပ်န့်လိုက်လေသည်။ အသံသည် နောက်ကျောဘက်မှ အနီးကပ်က်ပေါ်လာခြင်းဖြစ်၍ မြင်းလှည်းသမားအဘိုးအိုထိတ်ခနဲဖြစ်သွားည်။ အသံလာရာဆီသို့ ချက်ချင်းလှည့်ကြည့်လိုက်၏။

ညစ်ထေးဟောင်းနွမ်းနေသော မီးခိုးရောင်ဝတ်ရုံ ဝတ်ဆင်းသည့် ရသေ့ကြီးတစ်ပါးကို မြင်းလှည်းခေါင်မိုးထိပ်၌တွေ့လိုက်ည်။ မြင်းလှည်းသမားအဘိုးအိုသည် ထိတ်လန့်အံ့ဩကာ မြင်းည်းခုံပေါ်မှ ကမန်းကတန်းခုန်ဆင်းလိုက်၏။

မရှေးမနှောင်းမှာပင် ရသေ့ကြီးကလည်း မြင်းလှည်းခေါင်မိုးပေါ်မှခုန်ဆင်းလာရင်း ....

"မင်း ဘယ်သူလဲ"

ဟုမေးလိုက်သည်။ မြင်းလှည်းသမားအဘိုးအိုသည် ရသေ့ကြီးကို စူးစမ်းဟန်ဖြင့်ပြန်ကြည့်ကာ ....

"ရသေ့ကြီးကကော ဘာအတွက် ဒီလိုမေးရတာလဲ"

ရသေ့ကြီးက ....

"မင်း တစ္ဆေအရိပ်မာစီးယွင်လား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"ကျုပ်လား .... ကျုပ် .... ကျုပ်ဟာ ...."

မြင်းလှည်းသမား၏စကားမဆုံးမီ အခြားစကားသံတစ်သံက ကြားဖြတ်ထွက်ပေါ်လာသည်။

"ရသေ့ကြီးလဲ အသက်မငယ်တော့ပါဘူး၊ ဘယ့်နှယ်ကြောင့် မဆီမဆိုင်တွေ လျှောက်မေးနေရတာလဲ"

အသံနှင့်အတူ အဘိုးအိုတစ်ဦးရောက်လာသည်။

ထိုအဘိုးအိုကား နေသူရိန်ဂိုဏ်းမှ ကိုယ်ရံတော်မှူးနတ်ဆိုးထုံယိကွမ်းဖြစ်သည်။ ရသေ့ကြီး၏မျက်နှာတွင် အံ့သြသည့်အရိပ်အယောင်တစ်ချက်ပေါ်လာပြီး ....

"ဘယ်သူများလဲမှတ်တယ်၊ လက်စသတ်တော့ နတ်ဆိုးကြီးထုံယိကွမ်းကိုး"

ထုံယိကွမ်းက ရသေ့ကြီးကိုစူးစိုက်ကြည့်လိုက်ပြီး ....

"ရသေ့ကြီးရဲ့ဘွဲ့နာမည်ကကော၊ ဘယ်လိုခေါ်ပါသလဲ"

"ကျုပ်မှာ ဘွဲ့နာမည်မရှိပါဘူး"



ထိုစဉ် .... မြင်းလှည်းသမားအဘိုးအိုသည် မည်သို့စိတ်ကူးပေါက်သွားသည်မသိ။

"ရသေ့ကြီးနဲ့တွေ့တာအတော်ပဲ၊ ရသေ့ကြီးကို ထန်စုကျင်းဆီခေါ်သွားရမယ်"

မဆီမဆိုင်စကားကြောင့် ရသေ့ကြီးမျက်လုံးပြူးသွား၏။

"နေပါဦး .... ကျုပ်ကိုထန်စုကျင်းဆီခေါ်သွားရအောင် မင်းက ဘယ်သူလဲ"

မြင်းလှည်းသမားအဘိုးအိုက ခေါင်းကုတ်လိုက်ပြီး ....

"အင်း .... ကျုပ်နာမည်ကို ထုတ်မသုံးတာကြာပြီဆိုတော့ မေ့သလောက်တောင်ဖြစ်နေပြီ၊ ကဲ .... မြင်းလှည်းပေါ်တက်၊ ကျုပ်တို့သွားကြမယ်"

ရသေ့ကြီးသည် မြင်းလှည်းသမားအဘိုးအိုကို ခပ်စိမ်းစိမ်းစိုက်ကြည့်ကာ ....

"ကျုပ်က မင်းခေါ်ရာနောက်ကို လွယ်လွယ်နဲ့လိုက်မယ့် လူစားမျိုး မှတ်နေသလား"

"ဟား .... ဟား .... ဟား .... "

မြင်းလှည်းသမားအဘိုးအိုက ဝါးလုံးကွဲရယ်ချလိုက်ပြီး ....

"မခေါ်တုန်းကတော့လိုက်လာပြီး၊ အခုခေါ်တော့ မလိုက်ဘူးတဲ့၊ ကောင်းပြီ .... ရသေ့ကြီး သွားလိုရာသွားကြည့်စမ်းပါ၊ သွားလို့ရမလားလို့"

"ဟင်း .... ဘာ့ကြောင့်သွားလို့မရရမှာလဲ"

ပြောပြောဆိုဆိုပင် ရသေ့ကြီးသည် ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့၏။

သို့သော် ....

ထိုတဒင်္ဂအချိန်အတွင်းမှာပင် မြင်းလှည်းသမားအဘိုးအိုသည် ရိပ်ခနဲလေထဲခုန်တက်ကာ ရသေ့ကြီးရှေ့သို့ရောက်ရှိသွားလေသည်။

"ကဲ .... ဘယ်လိုလဲ၊ ကျုပ်နဲ့လိုက်မယ်မဟုတ်လား"

ရသေ့ကြီး ဘာမျှမပြောနိုင်။ မြင်းလှည်းသမားအဘိုးအို၏ သိုင်းပညာသည် သူ့ထက်အဆင့်မြင့်ကြောင်း သိလိုက်ရပြီမဟုတ်ပါလား။

ထိုစဉ် သူတို့နှစ်ယောက်ကို အကဲခတ်နေသော နတ်ဆိုးကြီး ထုံယိကွမ်းသည် မြင်းလှည်းသမားအဘိုးအိုကို ကောက်ကာငင်ကာ လှမ်းမေးလိုက်လေသည်။

"ဒီမှာ .... ဒီမှာ .... ထန်စုကျင်းဘယ်မှာရှိနေတယ်ဆိုတာ ကျုပ်သိပါရစေ"

မြင်းလှည်းသမားအဘိုးအို ခေါင်းခါလိုက်သည်။

"ခင်ဗျားကိုတော့ ကျုပ်လွယ်လွယ်နဲ့မပြောနိုင်ဘူး"

နတ်ဆိုးကြီးထုံယိကွမ်း ထောင်းခနဲဒေါသထွက်သွားသည်။ ဖို့သော် မြင်းလှည်းသမားအဘိုးအို၏သိုင်းပညာစွမ်းကိုတွေ့မြင်ခဲ့ပြီး ဖြစ်သဖြင့် ထွက်လာသောဒေါသကိုပြန်လည်ထိန်းချုပ်ကာ ....

"ထန်စုကျင်းဘယ်မှာရှိတယ်ဆိုတာပြောပြဖို့ ကျုပ်မေတ္တာ [illegible]"

"ကျုပ်မှာကိစ္စရှိနေသေးလို့ ပြောပြဖို့အချိန်မရဘူး"

"အိုဗျာ .... စကားလေးတစ်ခွန်းနှစ်ခွန်းပြောရုံနဲ့ အချိန် ဘယ်လောက်များပိုကုန်မှာမို့လဲဗျာ"

မြင်းလှည်းသမားအဘိုးအိုက ခေတ္တစဉ်းစားဟန်ပြုပြီး ...

"ဒါဖြင့်ဒီလိုလုပ် .... ခင်ဗျား သူ့ကိုတွေ့ချင်တဲ့အကြောင်း



ပ်ကိုပြောပြ၊ ကျုပ် သူ့ကိုပြောပေးမယ်၊ ခုလောလောဆယ်တော့ ယ်သူ့ကိုမှမတွေ့ချင်သေးတာမို့ ခင်ဗျားလဲ သူ့ကိုတွေ့နိုင်ဦးမှာ တ်ဘူး"

"ကောင်းပြီလေ .... ဒါဖြင့်လဲ ခင်ဗျားကတိအတိုင်း သူ့ကို ရင် ကျုပ်ကတွေ့ချင်တဲ့အကြောင်းပြောပြပေးပါ"

"စိတ်ချ .... ကျုပ်ပြောလိုက်ပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ ခဲ့ပါရစေ၊ ကျုပ်နောက် လူလွှတ်ပြီး နောက်ယောင်ခံလိုက်နိုင်း တ်မကူးပါနဲ့"

ပြောပြောဆိုဆိုပင် မြင်းလှည်းသမားအဘိုးအိုသည် ရသေ့ တက်လှည့်ကာ ....

"ကဲ .... ရသေ့ကြီး မြင်းလှည်းပေါ်ကိုကြွပါ"

ရသေ့ကြီးက နေရာမှမရွေ့ဘဲ ....

"ကျုပ် ဘယ်တော့မှမြင်းလှည်းမစီးဘူး၊ ကျုပ်ခြေထောက် ကျုပ်ရဲ့ယာဉ်ရထားပဲ"

"ကောင်းပြီ .... ဒါဆိုလဲ ခြေလျင်သွားကြတာပေါ့"

မြင်းလှည်းသမားအဘိုးအိုသည် မြင်းလှည်းကို ချန်အန်းမြို့ သို့ဦးတည်လိုက်၏။

ထို့နောက် ....

"ဟေး .... "

မြင်းတင်ပါးကိုတစ်ချက်ပုတ်ပြီး အသံပြုလိုက်သည်။ လှည်း သောမြင်းနှစ်ကောင်သည် လမ်းမကြီးအတိုင်း ကဆုန်စိုင်းကာ ထွက်သွားလေတော့၏။ နတ်ဆိုးကြီးထုံယိကွမ်းသည် တဒင်္ဂမျှ ကြာင်နေပြီးမှ ....

"နောင်များမှ တွေ့ကြသေးတာပေါ့"

ဟုပြောကာ မြင်းလှည်းထွက်ခွါသွားရာဘက်သို့ရှိပ်ခနဲပြေး ထွက်သွားလေသည်။ ခဏအတွင်းမှာပင် မြင်ကွင်းမှပျောက်ကွယ် သွားလေ၏။ ထိုအခါမှ မြင်းလှည်းသမားအဘိုးအိုက ရသေ့ကြီးကို လှမ်းပြောလိုက်သည်။

"ရသေ့ကြီး .... ဒီလမ်းအတိုင်းလျှောက်သွားပါ၊ လမ်းတစ် နေရာမှာ သူစောင့်နေပါတယ်"

ရသေ့ကြီး ဘာမှမပြောတော့ဘဲ ညွှန်ပြသည့်လမ်းအတိုင်း လျှောက်သွားလေတော့သည်။

ဝဝဝ

ရသေ့ကြီး အဝေးသို့ရောက်သွားသည့်အခါ မြင်းလှည်း သမားအဘိုးအိုသည် နံဘေးဝန်းကျင်သို့တစ်ချက်ဝေ့ကြည့်လိုက်၏။ ပြီးနောက် မျက်နှာပေါ်မှမျက်နှာဖုံးတုကိုဆွဲခွါလိုက်သည်။

စောစောက မြင်းလှည်းမောင်းသမားအဘိုးအိုသည် ယခု အခါ ခန့်ညားတည်ကြည်သည့်လူရွယ်တစ်ဦးဖြစ်လာလေသည်။

စင်စစ် ထိုလူရွယ်ကား စောစောကရသေ့ကြီး လိုက်လံရှာ ဖွေနေသည့်သံမဏိလက်ညှိုးထန်စုကျင်းပင်ဖြစ်ပေသည်။ သူသည် ရသေ့ကြီးအား ဆီး၍စောင့်ကြိုနိုင်ရန် တောအုပ်ကိုဖြတ်ပြေးလိုက် သည်။ ရသေ့ကြီးရှေ့ ရောက်လောက်ပြီဟုထင်ရသည့်အခါမှ လမ်း ဘေးတစ်နေရာသို့ကပ်ကာစောင့်နေလိုက်သည်။

ခဏအကြာတွင် .... လူရိပ်တစ်ရိပ် လမ်းမအတိုင်းလျှောက် လာနေသည်ကိုတွေ့ရသည်။ ထန်စုကျင်းသည် လမ်းမပေါ်တက်လာ ပြီး ရှေ့သို့အနည်းငယ်လျှောက်ကာ ....

"ရသေ့ကြီးကိုတွေ့ရတာ ဝမ်းသာပါတယ်"



ရုတ်တရက်ထွက်ပေါ်လာသည့်အသံကြောင့် ရသေ့ကြီး ရှေ့သို့လှမ်းကြည့်သည်။ မျက်နှာချင်းဆိုင်မှလျှောက်လာသူကို တွေ့ မြင်ရသည့်အခါ ....

"ဩော် .... မင်းကိုး၊ ကဲ .... ဆိုပါဦး၊ ကျုပ်ကိုဘာကြောင့် တွေ့ချင်ရတာလဲ"

ထန်စုကျင်းကဦးညွှတ်လိုက်ပြီး ....

"ရသေ့ကြီးကို အရေးကြီးတဲ့ကိစ္စတစ်ခုမေးချင်လို့ပါ"

ရသေ့ကြီးကမျက်မှောင်ကုပ်ရင်း ....

"နေပါဦး မင်းကဘာအကြောင်းတွေများမေးချင်လို့လဲ"

ထန်စုကျင်းသည် ရသေ့ကြီးကိုတစ်ချက်ကြည့်လိုက်ပြီး ...

"မောက်စန်းတောင်က ကျယ်ယိဖန်းကို ရသေ့ကြီးသိပါသ လားခင်ဗျာ"

ရသေ့ကြီး၏မျက်နှာ ရုတ်ခြည်းပင်ဝင်းလက်သွားကာ ....

"ဟာ .... သိတာပေါ့၊ အခု သူကျန်းကျန်းမာမာပဲလား၊ မင်း ကကော သူနဲ့ဘယ်လိုပတ်သက်နေသလဲ၊ သူ့တပည့်လား"

"တပည့်တော့မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော့်ကိုကြီးပြင်း တဲ့အထိ ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ကျေးဇူးရှင်ပါ"

"အင်း .... မင်းစကားက ခပ်ဆန်းဆန်းပဲ၊ ဒါနဲ့ ... သူကော ကျန်းကျန်းမာမာပဲ မဟုတ်လား"

ဤတစ်ကြိမ်တွင်တော့ ..... ထန်စုကျင်း၏မျက်နှာသည် ရုတ်ခြည်းပင်ညှိုးကျသွားလေသည်။

"သူကွယ်လွန်သွားတာ တစ်နှစ်လောက်ရှိပါပြီခင်ဗျာ"

"ဘယ်လို .... ကျယ်ယိဖန်း ကွယ်လွန်သွားပြီဟုတ်လား၊ ဘယ်လိုဖြစ်ပြီးကွယ်လွန်သွားရတာလဲ"

ထန်စုကျင်း၏မျက်နှာတွင် ခံပြင်းဒေါသထွက်သည့်အရိ အယောင်များထွက်ပေါ်လာသည်။

"ဘဘကျယ်ယိဖန်းဟာ နေသူရိန်ဂိုဏ်းက သေမင်းတမ ညီနောင်လက်ချက်နဲ့သေဆုံးခဲ့ရတာပါ၊ ကျွန်တော်လဲ ကျေးဇူးရှ ဘဘအတွက်လက်စားချေခဲ့ပြီးပါပြီ"

ရသေ့ကြီးမျက်မှောင်ကုပ်သွားကာ ....

"နေပါဦး .... သူတို့က ဘာဖြစ်လို့ ကျယ်ယိဖန်းကိုသတ် တာလဲ"

"အင်း .... အမှန်အတိုင်းပြောရရင် ကျွန်တော့်ကြောင့် ကျွန်တော်က တခွေနတ်မီးရှင်ရဲ့တပည့်ဖြစ်နေလို့ပေါ့၊ လူသတ်သမ တွေရဲ့ရည်ရွယ်ချက်က တခွေနတ်မီးရှင်ကိုဖော်ထုတ်ချင်တာလေ"

ရသေ့ကြီး စိတ်မချမ်းမမြေ့ဖြစ်သွားပုံရသည်။ မျက်နှာညှို သွားလေသည်။ ထိုစဉ် ထန်စုကျင်းကစကားဆက်လိုက်ပြန်၏။

"ဘဘမသေခင် မြေကြီးပေါ်စာရေးသွားခဲ့တယ်၊ ဒါပေ ဘဘဟာ စာကိုဆုံးအောင်ရေးမသွားနိုင်ရှာခဲ့ဘူး .... တစ်ပိုင်းတစ် စာကြောင့် ရှောင်လင်ဂိုဏ်းရဲ့လက်ချက်လို့ထင်ခဲ့မိတယ်"

"နောက်တော့ကော ...."

"နောက်တော့ ရှောင်လင်ဂိုဏ်းရဲ့လက်ချက်မဟုတ်မှန်းသိ တယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဆက်ရေးမဲ့တစ်ပိုင်းတစ်စစာလုံးဟာ ရသေ့ကြီးရဲ့နာမည်တစ်ပိုင်းတစ်စဖြစ်နေတာကိုတွေ့ရလို့ပါ၊ နောက် ပြီး ဆက်ရေးမယ့်အကြောင်းအရာကလဲ ကျွန်တော်နဲ့ပတ်သက်ေ မယ်လို့ထင်မိပါတယ်၊ ဒါကြောင့် ခုလို ရသေ့ကြီးကိုလာတွေ့ရတာပါ"

ရသေ့ကြီးသည် နားထောင်နေရာမှ တစ်စုံတစ်ခုကိုသတိ လာဟန်ဖြင့် ....



"ဟုတ်ပြီ ... ကျုပ်သဘောပေါက်ပြီ၊ မင်းနာမည်ထန်စုကျင်း မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျယ်ယိဖန်းသေခါနီးမှာ စာရေးခဲ့တဲ့အကြောင်းရင်းက မင်းမိဘနှစ်ပါးအကြောင်းကိုပြောပြခိုင်းတဲ့သဘောပဲ၊ ဘာကြောင့်လဲ ဆိုတော့ ဒီအကြောင်းကို သူနဲ့ကျုပ်နှစ်ယောက်ပဲသိကြတာလေ"

ထန်စုကျင်းသည် ထိုစကားကြားရသည့်အခါ လွန်စွာစိတ် လှုပ်ရှားသွားမိလေသည်။ သူ အလွန်သိချင်နေသည့်မိဘနှစ်ပါး အ ကြောင်းသိရှိရတော့မည်မဟုတ်ပါလား။

"ကျွန်တော့်မိဘအကြောင်းသိတဲ့လူ ဒီလောကမှာမရှိတော့ ဘူးထင်နေတာ၊ အခု ရသေ့ကြီးကကျွန်တော့်မိဘအကြောင်းသိတယ် ဆိုတော့ ကျွန်တော် ဘယ်လိုဝမ်းသာမိမှန်းတောင်မသိတော့ပါဘူး ဗျာ"

ရသေ့ကြီးက နံဘေးရှိတောင်ကုန်းလေးတစ်ခုကို လက်ညှိုး ထိုးပြလိုက်ပြီး ....

"ကဲ .... တို့ အဲဒီတောင်ကုန်းမှာ အေးအေးဆေးဆေး သွား ပြောကြရအောင်"

သို့ဖြင့် နှစ်ယောက်သား တောင်ကုန်းလေးရှိရာသို့ဦးတည် လျှောက်လှမ်းသွားကြတော့၏။ တောင်ကုန်းလေးပေါ်၌ နှစ်ယောက် သားထိုင်မိကြသည်နှင့် ရသေ့ကြီးက ဖြည်းဖြည်းမှန်မှန်စတင်ပြောပြ လေ၏။

"အမှန်တော့ ... ဒီကိစ္စဟာ သိုင်းလောကမှာတိမ်မြုပ်နေတဲ့ အကြောင်းအရာတစ်ခုပဲ၊ ကျယ်ယိဖန်း ကျုပ်ကိုပြောပြတာကလဲ အင် မတန်ရင်းနှီးတဲ့မိတ်ဆွေတွေဖြစ်နေကြလို့ပါ"

ရသေ့ကြီးက စကားကိုခေတ္တရပ်လိုက်၏။ ပြီးမှ ....

"ဒီအဖြစ်အပျက်ဟာ အခုဆိုရင် နှစ်ပေါင်းနှစ်ဆယ်ကျော်ရှိသွားခဲ့ပြီ၊ အဲဒီတုန်းကမင်းဟာ ကလေးအရွယ်ပဲရှိဦးမယ်၊ အဲဒီအချိန်က မြေပြန့်သိုင်းလောကမှာ ဟသ်ာမောင်နံ့နှစ်ဖော်ဆိုတာရှိခဲ့တယ်၊ ယောကျ်ားလေးရဲ့နာမည်က ဟုန်စီချွမ်းလို့ခေါ်တယ်၊ သိုင်းလောကထဲကလူတွေက သူတို့နှစ်ယောက်ကို ဟသ်ာမောင်နံ့လို့ အမည်ပေးခဲ့ကြတယ်"

ထန်စုကျင်းက စိတ်လှုပ်ရှားသွားပြီး နားစွင့်လျက်ရှိနေ၏။

"သူတို့မောင်နံ့နှစ်ဖော်ဟာ တစ်ခုသောနွေရာသီမှာ မောက်စန်းတောင်ကကျယ်ရိဖန်းဆီ အလည်သွားခဲ့ကြတယ်၊ ဒါပေမဲ့ သူတို့နှစ်ယောက်ဟာ ကျယ်ယိဖန်းဆီမရောက်ခင်လမ်းခုလတ်မှာတင် လုပ်ကြံခံခဲ့ကြရတယ်"

"လမ်းခုလတ်မှာလုပ်ကြံခံလိုက်ရတယ် ဟုတ်လား"

ရသေ့ကြီးက ဖြည်းလေးစွာခေါင်းညိတ်ပြလိုက်ပြီး ....

"ဒီလောက်ဆို ကျူပ်ဆက်ရှင်းပြဖို့ လိုမယ်မထင်တော့ဘူး၊ လမ်းခုလတ်မှာအသတ်ခံရတဲ့ ဟသ်ာမောင်နံ့နှစ်ဖော်ဟာ မင်းရဲ့မိဘတွေပဲကွဲ့"

ထန်စုကျင်း၏မျက်လုံးအစုံတွင် နာကြည်းမှု၊ ခံပြင်းမှု၊ လက်စားချေလိုမှုတို့က တစ်ပြိုင်တည်းရောယှက်ပေါ်လာသည်။ ရသေ့ကြီးက စကားကိုခေတ္တရပ်နားပြီးမှဆက်ပြောလိုက်လေသည်။

"မင်းအဖေကတော့ ဒဏ်ရာပြင်းထန်စွာနဲ့ လွတ်အောင်ထိုးထွက်ခဲ့တယ်၊ ဒါပေမဲ့ လမ်းတစ်ဝက်မှာပဲ လဲကျသွားတယ်၊ အဲဒီလိုလဲကျခိုက်မှာ မောက်စန်းတောင်ကကျယ်ယိဖန်းနဲ့ တိုက်တိုက်ဆိုင်ဆိုင်သွားတိုးမိတာပဲ"



ရသေ့ကြီးက စကားကိုခေတ္တရပ်လိုက်ပြန်သည်။

ဖန်စုကကျင်းက ကြားဖြတ်မေးလိုက်သည်။

"ဒါနဲ့ ... ကျွန်တော်ကကော ဘာဘကျယ်ယိဖန်းဆီ ဘယ်လိုရောက်သွားရတာလဲ"

"မင်းအဖေသေကာနီးဆဲဆဲမှာ တိုက်ပွဲဖြစ်တဲ့နေရာကိုညွှန်ပြပြီး လူတစ်ယောက်ရဲ့နာမည်ကိုပြောပြသွားနိုင်ခဲ့တယ်၊ ဒီမှာတင်ပဲ ကျယ်ယိဖန်းက မင်းအဖေညွှန်ပြတဲ့နေရာကိုလိုက်လာခဲ့တယ်၊ တိုက်ပွဲဖြစ်တဲ့နေရာရောက်တော့ မင်းကိုတွေ့ပြီး ကောက်ယူကျွေးမွေးစောင့်ရှောက်ခဲ့တာပဲ"

ဖန်စုကျင်းက အံကိုတင်းတင်းကြိတ်လိုက်ပြီး ....

"လူသတ်သမားက ဘယ်သူလဲ"

"ကျူပ်လဲ လူတစ်ယောက်ရဲ့နာမည်ကိုပဲသိရတယ်၊ မင်းအဖေ မသေမီမှာ လူတစ်ယောက်ရဲ့အမည်ကို မပီမသပြောသွားနိုင်ခဲ့တယ်"

"အဲဒီလူရဲ့နာမည်က ဘယ်သူလဲ"

"လျှပ်စီးဓားကွမ်းကြူံအိတဲ့"

"ဘယ်ဂိုဏ်းကလဲ"

ရသေ့ကြီးက ခေတ္တစဉ်းစားလိုက်ပြီး ....

"မိုးကြိုးဂိုဏ်းချုပ်ကြီးပဲ"

"မိုးကြိုးဂိုဏ်းချုပ်ဟုတ်လား"

"ဟုတ်တယ်၊ မိုးကြိုးဂိုဏ်းကဂိုဏ်းချုပ်ကြီးကွမ်းကြူံအိတဲ့"

ဖန်စုကျင်းကမျက်မှောင်ကုပ်၍ ....

"အဲဒီဂိုဏ်းကဘယ်မှာရှိပါသလဲ"

ရသေ့ကြီးကခေတ္တစဉ်းစားဟန်ပြုသည်။ ပြီးမှ ....

"အင်း .... စန်းတုံမြို့ရဲ့ ဓားရဲတိုက်ဟာ မိုးကြိုးဂိုဏ်းရဲ့ ဌာနချုပ်ရှိတဲ့နေရာပဲ"

ထန်စုကျင်း ထိုင်ရာမှထရပ်လိုက်ပြီး ....

"ရသေ့ကြီးရဲ့ ကျေးဇူးကို ကျွန်တော်ဘယ်တော့မှမမေ့ပါဘူး၊ ကျွန်တော့်ကိုသွားခွင့်ပြုပါ"

ရသေ့ကြီးက စိတ်လေးသောအသံဖြင့်မေးလိုက်သည်။

"မင်း အခု ကွမ်းကြုံအိဆီကိုသွားမလို့လား"

ထန်စုကျင်းက ရသေ့ကြီးအား ဝမ်းနည်းကြေကွဲသောအကြည့်ဖြင့် စိုက်ကြည့်ရင်း ....

"ကျွန်တော်ဟာ ကျွန်တော့်မိဘအတွက် ရန်ကြွေးကိုမပေးဆပ်သင့်ပေဘူးလားခင်ဗျာ"

"အင်း .... အခုလိုပြောလိုက်တာ ကျုပ်မှာလဲ အပြစ်မကင်းသလိုဖြစ်သွားတယ်၊ ဒါပေမယ့် မပြောလို့မဖြစ်တော့ပြောရတာပေါ့လေ၊ နောက်ဆုံးအနေနဲ့တစ်ခုတော့ မှာလိုက်ပါရစေ၊ လူသတ်ခြင်းအမှုကို တတ်နိုင်သလောက်ရှောင်ပါ၊ အဓိက လူသတ်သမားကိုသာ ထိုက်သင့်တဲ့အပြစ်မျိုးပေးပြီး ကျန်အပြစ်မဲ့တဲ့သူတွေကို ခွင့်လွှတ်လိုက်ပါ"

"ကျွန်တော် အတတ်နိုင်ဆုံးရှောင်ပါ့မယ်လို့ ကတိပေးပါတယ်"

ရသေ့ကြီးက ဖန်စုကျင်းအားတစ်ချက်ကြည့်လိုက်ပြီး....

"မင်းကို မေးခွန်းတစ်ခုမေးမယ်၊ မှန်မှန်ဖြေနော်"

"ဟုတ်ကဲ့ ကျွန်တော်မှန်တာဖြေပါ့မယ်"

"စောစောက ကျုပ်တွေ့ခဲ့ရတဲ့ဆံဖြူအဘိုးအိုဟာ တချွေအရိပ်မာစီးရွှန်လား"



"မဟုတ်ပါဘူး"

ရသေ့ကြီးက ခုံမှပင် စိတ်သက်သာရာရသွားဟန်နှင့် ....

"ကောင်းပြီ မင်းရဲ့စကားကိုအကြွင်းမဲ့ယုံကြည်တယ်၊ ကဲ မင်းသွားလိုရာသွားနိုင်ပြီ"

ဖန်စုကျင်းသည် ရသေ့ကြီးအားဦးညွှတ်အရိုအသေပေး ပြီးနောက် ချာခနဲလှည့်ကာထွက်လာခဲ့လေတော့သည်။

ooo

## မိုးကြိုးဂိုဏ်း

စန်းတုံးခရိုင် နယ်ကြီးခြောက်နယ်မှ ဂိုဏ်းကြီးခြောက်ဂိုဏ်းတွင် မိုးကြိုးဂိုဏ်းသည် နာမည်ကြီးဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်သည်။ စန်းတုံးမြို့နှင့် ဆယ်မိုင်ခန့်အကွာတွင်ရှိသော ဓားရဲတိုက် ကြီးသည် မိုးကြိုးဂိုဏ်းစတင်တည်ထောင်ရာဌာနဖြစ်သကဲ့သို့ ယခု လက်ရှိဌာနချုပ်လည်းဖြစ်သည်။

နံနက်ခင်းနေခြည်သည် ဓားရဲတိုက်ကြီးပေါ် ယှက်ဖြာကျရောက်နေသည်။ ရဲတိုက်ကြီး၏ရှေ့ခပ်လှမ်းလှမ်းရှိ မြေနီ လမ်းမပေါ်၌ ဖုန်လုံးများရုတ်တရက်ထလာ၏။

ဖုန်လုံးများကြားမှ မြင်းများတစ်စီးပြီးတစ်စီး ထွက်ပေါ်လာပြီး ဓားရဲတိုက်ဝင်းတံခါးရှေ့ရောက်သည့်အခါ တုံ့ခနဲထိုးရပ်သွားကြလေသည်။

အသက်ငါးဆယ်အရွယ်ခန့်ရှိ အဝါရောင်မိုးထည်ဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်သည် မြင်းပေါ်မှ ဖျတ်ခနဲခုန်ဆင်းလိုက်သည်။

သူ၏ဥပဓိရုပ်မှာ ခန့်ညားတည်ကြည်မှုရှိပြီး၊ လူကုံထန်တစ်ယောက်ဖြစ်ကြောင်း မြင်ရုံနှင့်သိနိုင်လေသည်။

ရဲတိုက်တံခါးရှေ့သို့ လူငယ်တစ်ယောက်ပြေးထွက်လာပြီး

"ဆရာကြီးခင်ဗျာ၊ ဘာကိစ္စရှိပါသလဲ၊ သိပါရစေ"

အဘိုးအိုက လူငယ်ကိုတစ်ချက် ဓားရဲတိုက်ကြီးကိုတစ်ချက်ကြည့်လိုက်ပြီး ....

"မင်းတို့ဂိုဏ်းချုပ်ကြီးနဲ့တွေ့ဖို့လာတာပဲ၊ မင်းတို့ဂိုဏ်းချုပ်ကြီးကိုပြောလိုက်ပါ၊ မိတ်ဆွေဟောင်းကြီးယွဲ့စုကျိုင်းအလည်အပတ်ရောက်လာပါပြီလို့"

လူငယ်က ငြိမ့်သည်အဘိုးအိုအား ဦးညွှတ်အရိုအသေပြုရင်း ....

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် အခုပဲသွားပြီးသတင်းပို့လိုက်ပါ့မယ်"

ပြောပြောဆိုဆို လူငယ်သည် ဓားရဲတိုက်အတွင်းသို့ ချာခနဲလှည့်ဝင်ပြေးသွားသည်။ မကြာမီစောစောက လူငယ်သည် လူလတ်ပိုင်းအရွယ်ရှိလူတစ်ယောက်နှင့်အတူ ပြန်ထွက်လာသည်။

ပါလာသောလူလတ်ပိုင်းအရွယ်ရှိလူက ငြိမ့်သည်အဘိုးအိုအား ရိုသေလေးစားသောအမူအရာဖြင့် ....

"ဂိုဏ်းချုပ်ကြီးက အထဲကိုကြွခဲ့ပါလို့ဖိတ်ခေါ်ပါတယ်"

ငြိမ့်သည်အဘိုးအိုက ထိုလူလတ်ပိုင်းအရွယ်ရှိလူအား သေချာစွာလေ့လာအကဲခတ်၍ ....

"ငါ့ညီက ဒီရဲတိုက်ရှင်ဂိုဏ်းချုပ်ကြီးကွမ်းကြုံအိရဲ့ ညာလက်ရုံး တိမ်တိုက်ဓားသမားချိန်စန်းမဟုတ်လား"

လူရွယ်ဓားသမားက ဦးညွှတ်အရိုအသေပြုလိုက်ပြီး ....



"ဟုတ်ပါ့တယ်ဆရာကြီး၊ အထဲကိုကြွပါ"

ချိန်စန်းဟုခေါ်သော လူရွယ်ဓားသမားက ပြောပြီးသည်နှင့် ငြိမ့်သည်အဘိုးအိုအား အထဲသို့ဝင်နိုင်ရန် ကိုယ်ကိုယို့၍လမ်းဖယ်ပေးလိုက်၏။ ငြိမ့်သည်အဘိုးအိုက သဘောကျစွာ တစ်ချက်ပြုံးပြီးနောက် အထဲသို့လှမ်းဝင်လိုက်လေသည်။

ooo

မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထားသော မုတ်ဆိတ်မွေးဖြူဖြူနှင့်အဘိုးအိုတစ်ယောက်က ဧည့်ခန်းဆောင်ဝမှစောင့်ကြိုနေသည်။ ဤအဘိုးအိုမှာ မိုးကြိုးဂိုဏ်းချုပ်ကြီးလျှပ်စီးဓားကွမ်းကြုံအိပင်ဖြစ်၏။ သူသည် ငြိမ့်သည်အဘိုးအိုယွဲ့စုကျိုင်းအား လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပေးရင်း ....

"မမျှော်လင့်ဘဲတွေ့ရတဲ့အတွက် အထူးပဲ ဝမ်းမြောက်လှပါတယ်၊ ညီမောင့်ကို ဘယ်လေကများ အရောက်ပို့ပေးလိုက်တာလဲ၊ ကဲ .... ဧည့်ခန်းဆောင်ထဲကိုကြွပါ"

အဘိုးအိုယွဲ့စုကျိုင်းက ပြန်လည်ဦးညွှတ်ရင်း ....

"မတွေ့ရတာတောင်အတော်ကြာပြီပဲ၊ နောင်ကြီးကွမ်းက အရင်လိုနုပျိုနေတုန်းပါပဲလား၊ ကျွန်တော် ခုလိုမမျှော်လင့်ဘဲရောက်လာတဲ့အတွက် အနှောင့်အယှက်များဖြစ်နေမလား"

"အို .... အနှောင့်အယှက်မဖြစ်ပါဘူး၊ ခုလိုမမျှော်လင့်ဘဲ မိတ်ဟောင်းဆွေဟောင်းတွေ ပြန်တွေ့ရတဲ့အတွက် ဝမ်းတောင်သာမိပါတယ်"

ပြောပြောဆိုဆိုပင် ကွမ်းကြုံအိက ယွဲ့စုကျိုင်းအား ဧည့်ခန်းဆောင်အတွင်းသို့ခေါ်ဆောင်ဝင်ရောက်သွားလေသည်။

ဇည့်ခန်း ဆောင်အတွင်းရောက်ရှိပြီးနောက် နေရာအသီးသီး တွင်ဝင်၍ထိုင်လိုက်သည်။ လျှပ်စီးဓားသမားကစတင်၍ ....

"ညီမောင် နဂါးပုံဂိုဏ်းထဲဝင်ပြီး ဂိုဏ်းခွဲမှူးအဆင့်ရခဲ့တယ်လို့ကြားတယ်၊ ဟုတ်သလား"

"ဟုတ်ပါတယ်နောင်ကြီး၊ ကျွန်တော် ခုလိုနဂါးပုံဂိုဏ်းထဲ ဝင်လိုက်ရတဲ့အကြောင်းကလဲ ဂိုဏ်းချုပ်ကြီးရဲ့ဖိတ်ခေါ်မှုကြောင့်ပါ"

လျှပ်စီးဓားသမားကွမ်းကြုံအိက ပန်းကန်လုံးထဲ ရေနွေးကြမ်းငှဲ့ထည့်လိုက်ရင်း ....

"ညီမောင့်အနေနဲ့ အခုလို နဂါးပုံဂိုဏ်းထဲဝင်လိုက်တာဟာ၊ တစ်ယောက်တည်းနေရတာငြီးငွေ့လို့လား၊ ဒါမှမဟုတ် .... တခြားအကြောင်းတစ်ခုခုရှိနေလို့လား"

ယဲ့စုကျိုင်းက ပြန်လည်ပြောပြရန် ချင့်ချိန်စဉ်းစားဟန် ပြုနေ၏။ အတန်ကြာမှ ....

"အင်း တခြားအကြောင်းတစ်ခုကြောင့်လို့ပဲဆိုရမှာပေါ့"

"အဲဒီအကြောင်းတစ်ခုကိုသိခွင့်မရှိဘူးလားညီမောင်၊ သိခွင့်ရှိရင် သိပါရစေလား"

ယဲ့စုကျိုင်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး ....

"နောင်ကြီးကွမ်း မကြာခင်အချိန်ကမှထူထောင်လိုက်တဲ့ နေသူရိန်ဂိုဏ်းဆိုတာ ကြားဖူးသလား"

"ကြားဖူးတယ်၊ ဒီဂိုဏ်းက သိုင်းလောကမှာရှိတဲ့အဆင့်မြင့်သိုင်းသမားတွေကိုလိုက်လံသိမ်းသွင်းနေတယ်လို့လဲ သိရတယ်"

"ဒီလိုဆို နောင်ကြီးသဘောပေါက်လောက်ရောပေါ့၊ အခုကျွန်တော်လာခဲ့တာဟာ ဒီအတွက်ကြောင့်ပါပဲ"

"အို .... ဟုတ်လား"



လျှပ်စီးဓားသမားမှာ ရုတ်တရက်အံ့အားသင့်ကာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။ ယဲ့စုကျိုင်းက ....

"နေသူရိန်ဂိုဏ်းဟာ အခုဆိုရင် အတော်ခရီးရောက်နေပြီ၊ မကြာခင် သိုင်းလောကတစ်ခုလုံးအန္တရာယ်ကျရောက်လာနိုင်တယ်"

လျှပ်စီးဓားသမားကွမ်းကြုံအိက သိချင်ဇောဖြင့် ....

"အဲဒီတော့ ဆက်ပြောပါဦးညီမောင်"

ယဲ့စုကျိုင်းက ....

"အဲဒီတော့ သိုင်းလောကတစ်ခုလုံးအန္တရာယ်ဆိုးကြီးမကျရောက်အောင်၊ ရှိသမျှဂိုဏ်းတွေစုရုံးပေါင်းစည်းပြီး ကြိုတင်ကာကွယ်မှဖြစ်တော့မယ်၊ အခုလက်ရှိအခြေအနေမှာတော့ အဆင့်မြင့်ဂိုဏ်းအတော်များများကို စည်းရုံးထားပြီးပြီ၊ ဂိုဏ်းချုပ်ကြီးထံ့ အခုတလောမမာမကျန်းဖြစ်နေတယ်၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးအမိန့်နဲ့ နောင်ကြီးဆီစည်းရုံးဖို့လာခဲ့တာပါ၊ နောင်ကြီးကွမ်းရဲ့သဘောက ဘယ်လိုရှိပါသလဲ"

လျှပ်စီးဓားကွမ်းကြုံအိမှာ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားသည်။ ခဏကြာမှ ဟင်းခနဲသက်ပြင်းချရင်း ....

"ညီမောင်တို့ရဲ့နဂါးပုံဂိုဏ်းဟာလဲ သိုင်းလောကမှာနာမည်ကြီးဂိုဏ်းတစ်ဂိုဏ်းပါပဲ၊ အဆင့်မြင့်သိုင်းသမားတွေ အများကြီးနဲ့ ဖွဲ့စည်းထားတာမို့ နေသူရိန်ဂိုဏ်းအနေနဲ့ တော်ရုံတန်ရုံ ရန်စတိုက်ခိုက်ဝံ့မယ်မထင်ပါဘူး"

ထိုစကားကြောင့် ယဲ့စုကျိုင်းကွက်ခနဲမျက်နှာပျက်သွားလေသည်။ ကွမ်းကြုံအိက ဆက်ပြောသည်။

"ကျုပ်တို့ဂိုဏ်းဟာ အရင်ကတည်းက သီးခြားနေခဲ့တာပါ၊ သိုင်းလောကပြဿနာတွေထဲမှာ ဝင်ရောက်ပတ်သက်လေ့မရှိဘူး"

ယွဲ့စုကျိုင်းက ကွမ်းကြုံအိမျက်နှာကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး ....

"ဒါဆို နောင်ကြီးကွမ်းက မဟာမိတ်အဖွဲ့ထဲကို လုံးဝမဝင်နိုင်ဘူးဆိုတဲ့သဘောပေါ့"

ကွမ်းကြုံးအိ မျက်လွှာကိုအောက်ချလိုက်ကာ ....

"ဂိုဏ်းချုပ်ကြီးထံကို ခွင့်လွှတ်ဖို့ပြောပေးပါ"

ယွဲ့စုကျိုင်းက မျှော်လင့်ချက်မလျော့သေးဘဲ ထပ်မံ၍....

"မဟာမိတ်ပူးပေါင်းရေးအဖွဲ့ထဲမှာ ဘယ်သူတွေပါသလဲဆိုတာ မသိချင်ဘူးလား"

"ဒါလဲ သိဖို့မလိုတော့ပါဘူးလေ"

"နောင်ကြီး နည်းနည်းတော့စဉ်းစားစေချင်ပါတယ်"

"ဒီအတွက် အများကြီးတောင်းပန်ပါတယ်ညီမောင်"

ယွဲ့စုကျိုင်းမှာ ဆက်ပြောရမည့်စကား ရှာမတွေ့သကဲ့သို့ ခေတ္တငြိမ်သွားသည်။ အတန်ကြာမှ နှုတ်ပင်ပြောလိုက်လေ၏။

"နောင်ကြီး ထပ်စဉ်းစားစေချင်ပါတယ်"

ကွမ်းကြုံအိကလည်း နှုတ်အတင်းပင်ငြင်းဆန်လိုက်သည်။

"ကျုပ်အစကတည်းက စဉ်းစားပြီးပါပြီ၊ ထပ်စဉ်းစားဖို့ မလိုတော့ပါဘူးညီမောင်"

"ဒါဆို ... နောင်ကြီးကွမ်းက တိတိကျကျငြင်းပယ်လိုက်တဲ့သဘောလား"

ကွမ်းကြုံအိက တစ်ချက်ပြုံးလိုက်ပြီး ....

"ညီမောင် .... ကျုပ်တို့ချင်းမတွေ့တာကြာပြီပဲ၊ ဒါကြောင့် အခုလိုတွေ့ကြတုန်း ရေးဟောင်းနှောင်းဖြစ်ကလေးတွေပဲ ပြောကြရင် မကောင်းဘူးလား၊ ဘာကြောင့် ခုလိုမဆီမဆိုင်တဲ့စကားတွေ



ပြောနေရမှာလဲ"

ယွဲ့စုကျိုင်းက ခပ်သွက်သွက်ခေါင်းခါလိုက်ပြီး ....

"မဟုတ်သေးဘူးနောင်ကြီးကွမ်း၊ အခု ညီမောင်လာခဲ့တာဟာ ဂိုဏ်းချုပ်ကြီးအမိန့်နဲ့လာခဲ့တာပါ၊ ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးထံဟာ ကိစ္စတစ်ခုကိုလုပ်ရင် အလွန်ပြတ်သားတတ်ပါတယ်၊ ခုချိန်မှာ သူ့သဘောက မိတ်ဆွေမဟုတ်ရင် ရန်သူ .... ရန်သူမဟုတ်ရင် မိတ်ဆွေ .... ဒီနှစ်မျိုးပဲလက်ခံပါတယ်၊ သူကကြားနေတဲ့ဝါဒမျိုးကို လက်ခံမှာမဟုတ်ပါဘူး"

ဤတစ်ကြိမ်မျက်နှာပျက်သွားသူက ကွမ်းကြုံအိဖြစ်သည်။

"ညီမောင်က ကျုပ်ကိုအတင်းအဓမ္မစည်းရုံးတဲ့သဘောပေါ့"

ယွဲ့စုကျိုင်းက မရယ်ချင့်ရယ်ချင်နှင့်ရယ်ကာ ....

"ဒီလိုလဲ မယူဆစေချင်ပါဘူးနောင်ကြီးကွမ်း၊ ညီမောင်တို့ဟာ မိတ်ဆွေဟောင်းတွေမဟုတ်လား၊ ဒါကြောင့် ပွင့်ပွင့်လင်းလင်း ပြောပြတာပါ"

"ညီမောင်ရဲ့ပွင့်လင်းမှုကိုတော့ သဘောကျပါတယ်၊ ကျုပ်အမှန်အတိုင်းပဲပြောပြပါ့မယ်၊ လွန်ခဲ့တဲ့သုံးရက်လောက်တုန်းက ညီမောင့်လိုပဲ ကျုပ်ဆီကို နေသူရိန်ဂိုဏ်းကလူလွှတ်ပြီးစည်းရုံးခဲ့ပါသေးတယ်"

ယွဲ့စုကျိုင်း၏မျက်နှာတွင် အံ့ဩထိတ်လန့်မှု ချက်ချင်းပေါ်လာပြီးအထိတ်တလန့်မေးလိုက်သည်။

"ဘယ်လိုသဘောနဲ့စည်းရုံးတာလဲ"

ကွမ်းကြုံအိက ရယ်ကျဲကျဲဖြင့် ....

"ညီမောင့်လိုသဘောမျိုးနဲ့ပါပဲ"

"နောင်ကြီးကွမ်းကို သူတို့ဂိုဏ်းထဲဝင်ခိုင်းတယ်ပေါ့"

"ဟုတ်တယ်"

"နောင်ကြီးကွမ်းလက်ခံလိုက်သလား"

"လက်မခံလိုက်ပါဘူး"

"ဒါဆို သူတို့ဘက်က ကောင်းကောင်းမွန်မွန်ကော ဆက်ဆံရဲ့လား"

"ဒီအတွက် ကျုပ်ဂရုမစိုက်ပါဘူး၊ သူတို့က ကျုပ်ကိုအတင်းအဓမ္မသိမ်းသွင်းဖို့ကြိုးစားတယ်၊ ဒါပေမယ့် ကျုပ်က ဆုံးဖြတ်ထားပြီးသားမို့ သူတို့ဘယ်လိုပဲစည်းရုံးစည်းရုံး လက်မခံခဲ့ဘူး"

ကွမ်းကြုံအိနှင့်ယဲ့စုကျိုင်းတို့ပြောဆိုနေကြစဉ် ဓားရဲတိုက်တံခါးဝရှေ့သို့ နောက်ထပ်ဧည့်သည်တစ်ယောက် ထပ်မံရောက်ရှိလာလေသည်။

ဝဝဝ

## မိုးကြိုးဂိုဏ်းနှင့်စိန်ခေါ်သူ

ဓားရဲတိုက်တံခါးဝရှေ့သို့ နောက်ထပ်ရောက်ရှိလာသောဧည့်သည်မှာ လူငယ်တစ်ယောက်ပင်ဖြစ်၏။ ထိုလူငယ်သည် ဝတ်စုံစိမ်းကိုဝတ်ဆင်ထားပြီး တံခါးရှေ့တွင်ရပ်ကာ ဓားရဲတိုက်အဝင်တံခါးဝရှိ ဓားရဲတိုက်ဟူသော ဆိုင်းဘုတ်ကြီးကို သေချာစွာစိုက်ကြည့်လိုက်သည်။ ပြီးနောက် ခေါင်းတဆတ်ဆတ်ညိတ်ပြီး တစ်ယောက်တည်းတီးတိုးရေရွတ်လိုက်လေသည်။

"မိုးကြိုးဂိုဏ်းဟာ ဒီနေ့ကစပြီး သိုင်းလောကကနေပျောက်ကွယ်သွားစေရမယ်"

ပြောပြီး လက်ဝါးနှစ်ဖက်ကိုပြိုင်တူရိုက်ထုတ်လိုက်ရာ...



"ဝုန်း ...."

ကျောက်ပြားဆိုင်းဘုတ်တစ်ခုလုံးကြေမွသွားသည်။ ဝုန်းခနဲအသံကြောင့် ရဲတိုက်အတွင်းမှအစောင့်နှစ်ယောက်ပြေးထွက်လာသည်။ မြေပေါ်ပြန့်ကျဲနေသော ကျောက်ခဲကျောက်စများကိုတွေ့သည်နှင့် အစောင့်နှစ်ယောက်၏မျက်နှာမှာ အကြီးအကျယ်ပျက်သွား၏။ ဝတ်စုံစိမ်းနှင့်လူငယ်အား နှစ်ယောက်သား စိုက်ကြည့်လိုက်ပြီး တစ်ယောက်ကဒေါသသံဖြင့် ....

"ဟေ့ကောင် .... မင်း ဒီနေရာမှာလာပြီးရမ်းကား ...."

စကားကိုဆုံးအောင်ပင် မပြောနိုင်ရှာပေ။ သူ့လည်ပင်းအား လူရွယ်က ရုတ်တရက်ဖမ်းချုပ်လိုက်သောကြောင့်ဖြစ်သည်။

ကျန်အစောင့်တစ်ယောက်က စိတ်ကိုတည်ငြိမ်အောင် ကြိုးစားထိန်းချုပ်ပြီး တုန်ယင်သောအသံဖြင့် ....

"မိတ်ဆွေက တမင်ရန်ပြုဖို့လာတာလား"

ဟုအရဲစွန့်၍မေးလိုက်၏။

ဝတ်စုံစိမ်းနှင့်လူငယ်က လုံးဝပြန်မဖြေဘဲ ....

"မင်းတို့ဂိုဏ်းချုပ်ကိုသွားပြောလိုက်၊ ကျုပ်ကတွေ့ချင်တယ်လို့"

အစောင့်မှာ တွန့်သွားပြီး လေသံပျော့လေးဖြင့် ....

"မိတ်ဆွေကဘယ်သူပါလဲ"

"သံမဏိလက်သည်းလို့ပြောလိုက်"

သံမဏိလက်သည်းဟူသောအမည်ကိုကြားသည်နှင့် အစောင့်နှစ်ယောက်မှာ မိုးကြိုးပစ်ခံလိုက်ရသကဲ့သို့ဖြစ်သွားကာ ရဲတိုက်အတွင်းသို့ဆုတ်ဝင်သွားကြတော့သည်။

သူတို့အနေနှင့် ယင်းအမည်ကိုကြားဖူးလေသည်။

သံမဏိလက်ညှိုးဆိုသည့်လူငယ်မှာ တစ္ဆေနတ်မီးရှင်၏ တပည့်ဖြစ်သည်။ တစ္ဆေနတ်မီးရှင်သည် သိုင်းလောကတွင် တစ်ယောက်ဆိုတစ်ယောက်ဆိုရမလောက်အောင် ကြောက်စရာ အလွန်ကောင်းသော အဆင့်လွန်သိုင်းသမားဖြစ်သည်။

ဤသံမဏိလက်ညှိုးသိုင်းသမားသည် ဝိဉာဉ်ခေါ်အလံနှင့်ပတ်သက်သည်ဟုလည်းသတင်းဖြစ်ပေါ်နေ၏။ ထို့ကြောင့် သံမဏိလက်ညှိုးသိုင်းသမားဟူသောအမည်ကိုကြားသည်နှင့် အနည်းငယ်တော့ စိတ်လှုပ်ရှားသွားကြမည်သာဖြစ်သည်။

ယခု သံမဏိလက်ညှိုးသိုင်းသမားသည် အဘယ့်ကြောင့် ဤရဲတိုက်သို့ ရန်လာရှာရပါသနည်း။

မည်သို့သော ရန်ကြွေးရန်စများရှိနေပါသနည်း။

ရဲတိုက်ရှင် လျှပ်စီးဓားကွမ်းကြုံအိမှလွဲ၍ မည်သူမျှ သိနိုင်လိမ့်မည်မဟုတ်ချေ။ ထိုစဉ် .... ရဲတိုက်အတွင်းမှ လူလတ်ပိုင်းအရွယ်ရှိလူတစ်ယောက် လျင်မြန်စွာပြေးထွက်လာသည်။

သူသည် လျှပ်စီးဓားကွမ်းကြုံအိ၏ညာလက်ရုံးချိန်စီး ဖြစ်၏။ တိမ်တိုက်ဓားသမားဟူသောအမည်နှင့်ကျော်ကြားနေသူဖြစ်သည်။ သူသည် မြေကြီးပေါ်ပြန့်ကျဲနေသော ကျောက်ပြားအကွဲစများကိုမြင်လိုက်ရသောအခါ မျက်လုံးပြူးသွား၏။ ဂိုဏ်းနာမည်ဆိုင်းဘုတ်ကိုဖျက်ဆီးလိုက်ခြင်းသည် ဂိုဏ်းတစ်ခုလုံးအား စော်ကားသည်နှင့်အတူတူပင်မဟုတ်ပါလား။

တစ်နည်းအားဖြင့် .... ဓားရဲတိုက်ကိုစိန်ခေါ်လိုက်သည့်သဘောလည်းဖြစ်သည်။ ဒေါသချောင်းချောင်းထွက်နေသော ချိန်စီးသည် အံကိုတင်းတင်းကြိတ်လျက် ဝတ်ရုံစိမ်းနှင့်လူငယ်ရှေ့သို့ တိုးထွက်လာပြီး ....



"ထန်စုကျင်း .... ဒါ ဘာသဘောလဲ"

ထန်စုကျင်းက လက်စားချေလိုစိတ်ကို မနည်းထိန်းချုပ်ပြီး ချိန်စီးအား အေးစက်စက်အမူအရာဖြင့်ကြည့်ကာ ....

"ကွမ်းကြုံအိကိုသွားခေါ်လိုက်၊ ကျုပ်က တွေ့ချင်တယ်လို့"

ချိန်စီးမျက်နှာမှာ ဒေါသကြောင့်ဖျတ်ခနဲနီရဲသွား၏။

"ဟေ့ကောင် ရမ်းကားလှချည်လား၊ ဒီရဲတိုက်ဟာ ရမ်းကားလို့ရတဲ့နေရာမဟုတ်ဘူးကွ .... နားလည်နဲ့လား"

ပြောပြောဆိုဆို ချိန်စီးသည် ဓားကိုခြွမ်းခနဲဆွဲထုတ်လိုက်၏။ ထန်စုကျင်းက ချိန်စီးအား အေးစက်စက်ကြည့်ကာ ....

"နေဦးလေ ... ခင်ဗျားကို ပထမဆုံးလူအဖြစ် ကျုပ်ဓားနဲ့မိတ်မဆက်ချင်သေးဘူး၊ ဒါကြောင့် ခဏစောင့်စေချင်တယ်"

ချိန်စီးမှာ အခံရခက်သွားသည်။

မိမိ၏ဂုဏ်သိက္ခာနှင့် ဂိုဏ်း၏ဂုဏ်သိက္ခာကိုပါ ထိခိုက်လာသဖြင့် ထန်စုကျင်းအား သူ့အနေနှင့်မယှဉ်နိုင်မှန်းသိသော်လည်း မတိုက်ခိုက်၍ လုံးဝမဖြစ်တော့ပေ။

"ရွမ်း ...."

ဓားကိုဝှေ့ယမ်းပြီး တရကြမ်းတိုက်ခိုက်လိုက်လေတော့၏။ ချိန်စီး၏တိုက်ကွက်တိုင်းက ရက်စက်ကြမ်းကြုတ်လှ၏။ သို့သော် ယခု သူယှဉ်ပြိုင်တိုက်ခိုက်ရမည့်သူမှာလည်း သာမန်လူ မဟုတ်ချေ။ သိုင်းဆရာကြီးနှစ်ယောက်ထံမှပညာစုံရခဲ့ပြီး နတ်မီးလျှံအတွင်းအားကိုပါ ထပ်ဆင့်တတ်မြောက်ထားသူဖြစ်၏။

ထို့ကြောင့် ... လေပွေလက်ဝါးဖြင့်ရိုက်ထုတ်လိုက်သည်နှင့် ချိန်စီးမှာ ဓားရှည်နှင့်အတူ နောက်သို့နှစ်လှမ်းခန့်ဆုတ်သွားရတော့၏။ ထန်စုကျင်းသည် ချိန်စီးအား လှည့်ကြည့်မနေတော့ဘဲ ရဲတိုက်

အတွင်းသို့ တစ်လှမ်းချင်းလှမ်းဝင်သွားလေသည်။

ရဲတိုက်အတွင်းသို့လေးငါးလှမ်းမျှဝင်လိုက်သည်နှင့် ရဲတိုက်အတွင်းမှလူတစ်အုပ်ထွက်လာသည်။ အနည်းဆုံး လူအယောက်သုံးဆယ်ခန့်ရှိသည်။ ထန်စုကျင်းအနီးသို့ ရောက်သည်နှင့် ထိုလူအုပ်သည် တိုက်ပွဲကိုစတင်ရန် အသီးသီးနေရာယူလိုက်ကြသည်။

ရှေ့ဆုံးတွင် အပြာရောင်ဝတ်စုံနှင့်အဘိုးအိုတစ်ယောက်ရပ်နေသည်။ ထန်စုကျင်းက ထိုအပြာရောင်ဝတ်စုံနှင့်အဘိုးအိုထံသို့ ဦးတည်လျှောက်သွားပြီး အဘိုးအိုနှင့်နှစ်လံခန့်အကွာတွင်ရပ်လိုက်၏။ ချိန်စီးက အနောက်ဘက်မှပတ်၍ဝင်ရောက်လာ၏။

အဘိုးအိုက ထန်စုကျင်းအား အသေအချာအကဲခတ်လိုက်ပြီးနောက် လက်နှစ်ဖက်ယှက်ကာ ....

"ကျုပ်နာမည် လွေမိန်ရှဲ့လို့ခေါ်တယ်၊ မောင်ရင်က သံမဏိလက်ညှိုးထန်စုကျင်းမဟုတ်လား"

"ဟုတ်ပါတယ် .... ကျုပ်ထန်စုကျင်းပါ"

လွေမိန်ရှဲ့က လေးနက်တည်ကြည်သောလေသံဖြင့် ....

"မောင်ရင် ကျုပ်တို့ဓားရဲတိုက်ရဲ့ဆိုင်းဘုတ်ကျောက်ပြား ကို ဘယ်လိုသဘောနဲ့ဖျက်ဆီးပစ်လိုက်ရတာလဲ"

"ခင်ဗျားတို့ဂိုဏ်းကို ဖျက်ဆီးပစ်လိုက်တဲ့သဘောပဲ"

လွေမိန်ရှဲ့မှာ ခေတ္တမျှကြောင်အမ်းအမ်းဖြစ်သွား၏။

ပြီးမှ ....

"နေပါဦး မောင်ရင်နဲ့ကျုပ်တို့ဂိုဏ်းက ဘယ်လိုရန်ငြိုးရန်စများရှိနေလို့လဲ"

ဤတွင် .... ထန်စုကျင်းသည် ဒေါသကိုမချုပ်တီးနိုင်တော့ဘဲ အော်ဟစ်ပြောလိုက်လေတော့၏။



"ရန်စရှိတာမဟုတ်ဘူး .... သွေးကြွေးရှိတာ၊ အခု .... အဲဒီသွေးကြွေးကို ကျုပ်လာတောင်းတာပဲ"

"သွေးကြွေးဟောင်းကိုလာတောင်းတာ ဟုတ်လား"

"ဟုတ်တယ်"

လွေမိန်ရှဲ့ကမျက်မှောင်ကုပ်၍ ....

"ကျုပ်သိရသလောက်တော့ ဂိုဏ်းချုပ်ကြီးဟာ မောင်ရင်နဲ့ဘာပြဿနာမှမရှိခဲ့ပါလား"

"အပိုတွေပြောမနေနဲ့ .... အကောင်းဆုံးကတော့ ခင်ဗျားတို့ဂိုဏ်းချုပ်ကြီးကိုထွက်လာခိုင်းလိုက်ပါ"

လွေမိန်ရှဲ့ကလည်း မာကျောပြတ်သားသောလေသံဖြင့် ပြန်ပြောလိုက်၏။

"ဂိုဏ်းချုပ်ကြီးကွမ်းကြုံးအိနဲ့ ကျုပ်နဲ့ဟာ သိုင်းသင်ဘက်ညီနောင်တွေပဲ၊ မောင်ရင်ဖြေရှင်းစရာရှိတာတွေကို ကျုပ်နဲ့လဲဖြေရှင်းနိုင်ပါတယ်"

"ဒီကိစ္စ ဂိုဏ်းချုပ်ကြီးကိုယ်တိုင်ဖြေရှင်းတာက ပိုကောင်းလိမ့်မယ်၊ ဂိုဏ်းချုပ်ကြီးကိုသာ ထွက်လာခိုင်းလိုက်ပါ"

"ဂိုဏ်းချုပ်ကြီးကွမ်းကြုံအိဟာ သိုင်းလောကသားတွေနဲ့သွားလာဆက်ဆံမှုနည်းတယ်၊ သူ့မှာ ဘာပြဿနာမှမရှိဘူးလို့ ထင်တယ်၊ ဒါကြောင့် ... မောင်ရင်ပြောတာကို ကျုပ်ဘာမှနားမလည်နိုင်အောင်ဖြစ်နေတယ်"

ထန်စုကျင်းက ခက်ထန်စွာစိုက်ကြည့်လိုက်ပြီး ....

"ကျုပ်ပြောပြီးပြီပဲ .... သွေးကြွေးလာတောင်းတာပါလို့၊ ဒီသွေးကြွေးကလဲ ဂိုဏ်းချုပ်ကြီးကွမ်းကြုံအိကိုယ်တိုင်ပေးဆပ်မှ ကြေမယ့်သွေးကြွေးပဲ"

လွှေမိန်ရှဲ့ကခေါင်းခါယမ်းရင်း ....

“မောင်ရင့်အနေနဲ့ အဓိကအကြောင်းရင်းကိုပြောမပြနိုင်ဘူးဆိုရင်တော့ ကျုပ်တို့ ဂိုဏ်းချုပ်ကြီးကိုခေါ်မပေးနိုင်ပါဘူး”

ထန်စုကျင်းက ရှေ့သို့ဖျတ်ခနဲခြေတစ်လှမ်းတိုးကာ ....

“ခင်ဗျားတို့ခေါ်မပေးနိုင်ဘူးဆိုရင်လဲ ကျုပ်ဟာကျုပ်သွားတွေ့ရမှာပေါ့”

“ဘယ်လို ဘာပြောတယ်”

ထန်စုကျင်းကမဲ့ပြုံးပြုံးကာ ....

“ကျုပ် ခုပဲ သူ့ကိုသွားသတ်မလို့ နားလည်ပြီလား”

“ဒီမှာမောင်ရင် မောင်ရင်ဟာ တရားလွန်နေပြီ၊ ရဲတိုက်ကိုလဲ သက်သက်မဲ့လာရန်စသေးတယ်၊ အခု ကျုပ်တို့ဂိုဏ်းချုပ်ကြီးကိုလဲစော်ကားသေးတယ်၊ မင်းက ကျုပ်တို့မိုးကြိုးဂိုဏ်းကို ဘယ်လိုအောက်မေ့နေလို့လဲ”

ထန်စုကျင်းက အေးစက်စွာပြုံးလိုက်ပြီး ....

“မိုးကြိုးဂိုဏ်းဟာ မကြာခင်သိုင်းလောကထဲက ပျောက်ကွယ်သွားမယ့်ဂိုဏ်းတစ်ဂိုဏ်းလို့ပဲ ထင်ပါတယ်”

“ဒီမယ် ထန်စုကျင်း၊ ကျုပ်အနေနဲ့မောင်ရင့်ကို ဒီလောက်အထိသည်းခံစကားပြောနေတာတောင် လွန်လှပြီ .... ဒီထက်ပိုပြီးမရမ်းကားသင့်ဘူးထင်တယ်”

ထန်စုကျင်းက မချိပြုံးပြုံးလိုက်သည်။

“အားတော့နာပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်က သွေးကြွေးတောင်းရအောင်လာတဲ့သူဖြစ်လို့ သွေးကြွေးကိုရအောင်တော့ ယူသွားရလိမ့်မယ်”

သွေးကြွေးဆိုသည့်စကားလုံးကို ထပ်မံကြားလိုက်ရသဖြင့်



ရဲတိုက်အတွင်းရှိသူအားလုံးမှာ မျက်နှာအကြီးအကျယ်ပျက်သွားကြတော့သည်။

ထန်စုကျင်းက ဆက်ပြောသည်။

“ကွမ်းကြုံအိက ကြောက်လို့ထွက်မတွေ့ရဲတာလား”

ထိုသို့ပြောပြီးသည်နှင့် ထန်စုကျင်းသည်ရှေ့တွင်ရှိနေသောလူများကို လုံးဝ ဂရုမစိုက်ဘဲ ရှေ့သို့ ဆက်လျှောက်သွားလေသည်။ လွှေမိန်ရှဲ့မှာ သည်းမခံနိုင်တော့ဘဲ အဏ္ဏဝါရေလှိုင်းသိုင်းကွက်ကို အသုံးပြုကာ လက်ဝါးရိုက်ချက်တစ်ချက်ရိုက်ထုတ်လိုက်သည်။

ကျန်ရဲတိုက်သားတို့လည်း ရပ်ကြည့်မနေနိုင်ကြတော့ဘဲ တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။ ထန်စုကျင်းက မြွေလိန်ဝက်ပါ သိုင်းကွက်ဖြင့်ဘေးသို့ခုန်ရှောင်ပြီး လက်ဝါးနှစ်ဖက်ကိုစု၍တွန်းထုတ်လိုက်သည်။

လွှေမိန်ရှဲ့မှာ နောက်သို့ ခြေလှမ်းလေးငါးလှမ်းခန့်ဆုတ်သွားရ၏။ ဤတွင် သူ့နောက်မှတိုက်ခိုက်ရန်ဟန်ပြင်နေသောလူများနှင့်ဝင်တိုက်မိပြီး နောက်မှလူများ၏တိုက်ကွက်များပျက်သွားရလေသည်။ ထိုအချိန်တွင် ဓားသုံးလက်က ထန်စုကျင်းအား တပြိုင်တည်းဝင်ရောက်တိုက်ခိုက်လာကြသည်။

ထန်စုကျင်းက လက်ဝါးကိုလျင်မြန်စွာရုပ်၍ ဒုတိယအကြိမ်လေပွေလက်ဝါးသိုင်းကွက်ဖြင့် ထပ်မံရိုက်ချလိုက်ရာ ဓားသုံးလက်မှာ နောက်ဘက်နှစ်လံခန့်အကွာသို့လွင့်စဉ်ထွက်သွား၏။

ထိုလူသုံးယောက်၏ခန္ဓာကိုယ်များလည်း နောက်ဘက်သို့ယိမ်းထိုးကာလဲကျသွားတော့သည်။ ဤမြင်ကွင်းကြောင့် ကျန်လူများထိတ်လန့်တကြား နောက်ဆုတ်သွားကြသည်။ ထိုစဉ် ....

“ယား ....”

လွှမိန်ရဲ့သည် မာန်တစ်ချက်သွင်းပြီး ထန်စုကျင်းအား တရှိန်တိုးဝင်ရောက်တိုက်ခိုက်လိုက်ပြန်၏။ ဤတစ်ကြိမ် လွှမိန်ရဲ့ သုံးလိုက်သည့်သိုင်းကွက်က ထူးခြားသလောက်ပြင်းထန်သည်။

ယင်းသည် လေပွေခွင်းဓားစကြာသိုင်းကွက်ပင်ဖြစ်သည်။

ထန်စုကျင်းပင် ရုတ်တရက်ထိတ်လန့်သွားကာ နောက်သို့နှစ်လှမ်းခန့်ဆုတ်သွားမိ၏။ ဓားရောင်လက်လက်တို့က သူ့နောက်သို့ထက်ကြပ်မကွာလိုက်ပါလာသည်။

လွှမိန်ရဲ့က တဆက်တည်း ဓားကွက်ဆယ့်ရှစ်ကွက်အထိ ဆက်တိုက် တိုက်ခိုက်လိုက်ပြီးဖြစ်၏။ ထန်စုကျင်းမှာ တုံ့ပြန်တိုက်ခိုက်ရန် မည်သို့မျှအခွင့်အရေးမရဘဲရှိနေသည်။

ဘယ်ညာတိမ်းရှောင်ရင်း နောက်သို့သာ တဆုတ်တည်းဆုတ်နေရသည်။ ယင်းသို့ နောက်ဆုတ်နေရင်းမှ လျှပ်တစ်ပြက် သူ၏လက်ကိုလှုပ်ရှားလိုက်ရာ ....

"အား ...."

ဓားရိပ်များကြားမှ နာကျင်စွာအော်ဟစ်လိုက်သောအသံ က စူးရှကျယ်လောင်စွာထွက်ပေါ်လာ၏။

ဓားရိပ်များသည်လည်း ချက်ချင်းပင် ရပ်တန့်သွားသည်။

လွှမိန်ရဲ့မှာ နောက်သို့နှစ်လှမ်းခန့်ဆုတ်သွားရပြီး လက်ထဲမှဓားဦးသည် မြေပြင်သို့ စိုက်ကျလျက်ရှိသည်။ သူ၏ခန္ဓာကိုယ်ပေါ်တွင် သွေးနီရောင်သုံးကွက်စွန်းထင်းသွားသည်။

သူသည် အသက်မရှိတော့သည့်လူတစ်ယောက်ပမာ ငေးကြောင်လျက်ရပ်နေသည်။

ထန်စုကျင်းက ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ လွှမိန်ရဲ့၏အဖြစ်ကိုကြည့်နေလိုက်သည်။



စင်စစ် သူ၏ဓားဖြင့် ပထမဦးဆုံးသေရမည့်သူမှာ လွှမိန်ရဲ့မဟုတ်ပေ။ ထို့ကြောင့် သူသည် လွှမိန်ရဲ့အား အသေမတိုက်ဘဲ ကြည့်နေလိုက်ခြင်းဖြစ်သည်။

ရဲတိုက်သားအားလုံးတို့သည်လည်း လှုပ်ရှားမှုများရပ်တန့်ကာ ထိတ်လန့်တုန်လှုပ်စွာဖြင့်ငေးကြည့်နေမိကြလေသည်။

ထိုစဉ်မှာပင် .... အဘိုးအိုလေးယောက်သည် ရဲတိုက်ထဲမှ ပျာယီးပျာယာဖြင့်ပြေးထွက်လာကြသည်။ ဝိုင်းရံထားသော ရဲတိုက်သားတို့မှာ ဘေးနှစ်ဘက်သို့ရဲသွားကြသည်။ အဘိုးအိုလေးယောက် အနက်တစ်ယောက်ကရှေ့ထွက်ရပ်လိုက်ပြီး သုံးယောက်က နောက်ချန်၍ရပ်နေသည်။

ထန်စုကျင်းက ရှေ့ဆုံးမှမီးခိုးရောင်ဝတ်စုံနှင့် အဘိုးအိုကို စိုက်ကြည့်ကာ ....

"ဆရာကြီးက ဒီရဲတိုက်ရဲ့သခင်ကြီးကွမ်းကြုံးအိပါလား"

ထိုအဘိုးအိုက အေးဆေးတည်ငြိမ်သောအသွင်ဖြင့် ....

"အေး .... ဟုတ်တယ်၊ မောင်ရင်ကဘယ်သူလဲ"

ထန်စုကျင်းက ခပ်စိမ်းစိမ်းတစ်ချက်ကြည့်လိုက်ပြီး ....

"ကျုပ် ဘယ်သူဆိုတာ ခင်ဗျားသိပြီးရောပေါ့၊ ကျုပ်အနေနဲ့ကလဲ တခြားမဆိုင်တဲ့လူတွေကိုမထိခိုက်စေချင်ဘူး"

ကွမ်းကြုံးအိက အကဲခတ်သလိုကြည့်ကာ ....

"နေပါဦး ... မောင်ရင်က ကျုပ်ကို ဘာကိစ္စနဲ့ ဒီလောက်တောင်တွေ့ချင်နေရတာလဲ"

"ဟား .... ဟား .... ဟား"

ထန်စုကျင်းက ရုတ်တရက်သဘောကျစွာရယ်လိုက်ပြီး...

"ဘာကိစ္စလဲဟုတ်လား၊ ဟား .... ဟား .... ဟား .... ကျုပ်

လာတဲ့ကိစ္စကို ခင်ဗျားမသိသေးဘူးဆိုရင် အခုကျုပ်မေးမယ့်မေးခွန်းကို ခင်ဗျားမှန်မှန်ဖြေပါ"

"မောင်ရင်က ဘာများမေးချင်လို့ပါလဲ"

ထန်စုကျင်း၏မျက်နှာတွင် နာကြည်းရိပ်များယှက်သန်းထွက်ပေါ်လာပြီး ....

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က အသတ်ခံရတဲ့ဟသ်ာမောင်နံ့ကို ခင်ဗျားမှတ်မိတယ်မဟုတ်လား"

ဟသ်ာမောင်နံ့ဆိုသည့်စကားကြောင့် ကွမ်းကြဲ့အိမှာ မျက်နှာတစ်ချက်ကွက်ခနဲပျက်သွား၏။

"ဘာ ဟသ်ာမောင်နံ့ .... ဟုတ်လား"

"ဟုတ်ပါတယ် ဟသ်ာမောင်နံ့ပါ"

"ဒါ .... ဒါဆို မင်း .... မင်း ...."

"ဟုတ်ပါတယ်၊ အဲဒီတုန်းက မသေဘဲကျန်ခဲ့တဲ့ လူမမယ်ကလေးဟာ ကျုပ်ပါပဲ"

ကွမ်းကြဲ့အိမှာ ခြေလှမ်းသုံးလှမ်းခန့် ချက်ချင်းဆုတ်သွားမိ၏။ သူ၏မျက်လုံးအစုံမှလည်း ပြူးကျယ်လာလေ၏။ ထန်စုကျင်းက အံကိုတင်းတင်းကြိတ်ကာ ဆက်၍ပြောနေပြန်သည်။

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ဟသ်ာမောင်နံ့ဟာ မောက်စန်းတောင်ကမိတ်ဆွေဖြစ်တဲ့ကျယ်ရိဖန်းဆီကိုအလည်သွားခဲ့ကြတယ်၊ အဲဒီလိုသွားရင်းနဲ့ လမ်းခရီးမှာ လူတစ်စုရဲ့လုပ်ကြံသတ်ဖြတ်ခြင်းကိုခံခဲ့ရတယ်၊ အဲဒီလူစုရဲ့ခေါင်းဆောင်နာမည်ကို ဟသ်ာဖိဖြစ်တဲ့ကျွန်တော့်အဖေထန်ရှောင်ထင်းက သေလုဆဲဆဲအချိန်မှာ ပြောပြသွားနိုင်ခဲ့တယ်၊ အဲဒီလူရဲ့နာမည်ကကွမ်းကြဲ့အိတဲ့"

ထန်စုကျင်း၏စကားဆုံးသောအခါ ကွမ်းကြဲ့အိမှာ မျက်နှာ



အကြီးအကျယ်ပျက်သွားတော့သည်။ ရဲတိုက်သားတို့မှာလည်း ကွမ်းကြဲ့အိအား မယုံကြည်နိုင်သောအကြည့်ဖြင့်ကြည့်ကြကုန်၏။ နောက်ဘက်တွင်ရပ်နေသောအဘိုးကြီးသုံးယောက်က အံ့သြဟန်ဖြင့် ....

"အစ်ကိုကြီး သူပြောခဲ့တဲ့အဖြစ်မျိုး တကယ်ဖြစ်ခဲ့လို့လား"

ကွမ်းကြဲ့အိက ပျက်သွားသောမျက်နှာကိုပြင်လိုက်ပြီး ....

"အလကားပါဗျာ ... ဒီကောင်က တွေ့ကရာတွေလျှောက်ပြောနေတာ၊ သူ့ကို ဘယ်သူက ချောက်တွန်းလိုက်သလဲမှ မသိတာ၊ သူပြောတာတွေ တစ်ခုမှမဟုတ်ဘူး"

ဖန်စုကျင်းက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း ....

"ဒီမယ်ကွမ်းကြဲ့အိ .... ယောကျ်ားဆိုတာ လုပ်ရဲရင်ခံရဲရတယ်ဗျ၊ တကယ်တော့ ခင်ဗျားကြီးဟာ ကောက်ကျစ်ယုတ်မာပြီးအောက်တန်းသိပ်ကျလွန်းတယ်၊ ခင်ဗျားကို ကျုပ်ရှင်းရှင်းပဲမေးမယ်၊ အဲဒီတုန်းက ဟသ်ာမောင်နံ့ကို ဘာအကြောင်းနဲ့သတ်ခဲ့ရတာလဲ၊ ပြီးတော့ အဲဒီထဲမှာ ဘယ်သူတွေပါသေးလဲ"

ကွမ်းကြဲ့အိ၏အသွင်မှာ အေးစက်မာကျောသောအသွင်သို့ ချက်ချင်းပြောင်းသွားပြီး ....

"ထန်စုကျင်း .... ငါတို့ဂိုဏ်းကိုဒုက္ခပေးဖို့ မင်းကိုဘယ်သူကခိုင်းလိုက်တာလဲ"

ထန်စုကျင်းက မျက်ခုံးတစ်ချက်ပင့်ကာ ....

"ဒီမှာကွမ်းကြဲ့အိ ဒီလောက်တိကျသေချာနေတာတောင် ခင်ဗျားက လှည့်ပတ်လိမ်ညာချင်သေးတယ်ပေါ့၊ ခင်ဗျား သတ္တိရှိရှိဝန်ခံလိုက်စမ်းပါ၊ ခင်ဗျားကြောင့် မိုးကြိုးဂိုဏ်းကြီးကို အမည်းစက်မထင်ပါစေနဲ့ဗျာ"

ဤစကားကြောင့် .... မိုးကြိုးဂိုဏ်းသားအားလုံး ထိတ်လန့်

တုန်လှုပ်သွားကြသည်။ ယခုကိစ္စကို သူတို့အနေနှင့်မည်သို့ဖြေရှင်းကြမည်နည်း။

မိုးကြိုးဂိုဏ်းတွင် အဆင့်မြင့်သိုင်းသမားအဘိုးအိုသုံးဦး ရှိ၏။ ကွမ်းကြိုးအိနှင့်သိုင်းပညာသင်ဘက်ညီနောင်သုံးဖော်တို့ပင်ဖြစ်သည်။ သူတို့သည် ဂိုဏ်း၏ဝါအရင့်ဆုံးအဆင့်မြင့်သိုင်းသမားများဖြစ်ကြသည်။ ဂိုဏ်း၏စည်းကမ်းချက်များကို သူတို့ကပင် ထုတ်ပြန်ကြ၏။ ယခုကိစ္စမှာ ဂိုဏ်းချုပ်ကြီးနှင့် တိုက်ရိုက်ပတ်သက်နေသည့်ကိစ္စဖြစ်နေသဖြင့် သူတို့သည်လည်း မည်သို့ဖြေရှင်းရမှန်းမသိနိုင်အောင်ဖြစ်နေသည်။

ယခုကိစ္စကို ဂိုဏ်းချုပ်ကြီးကလည်း ပြန်လည်ချေပနိုင်စွမ်းမရှိသဖြင့် အဘိုးအိုသုံးယောက်မှာ ဖြေရှင်းရန်အကြံအိုက်နေမိကြ၏။ တစ်ဖက်လူက အခိုင်အမာအတိအကျပြောနေသဖြင့် ပို၍အခက်တွေ့နေရသည်။ တစ်ဖက်လူပြောသလိုမှန်ခဲ့လျှင် မိမိတို့ဂိုဏ်း၏သိက္ခာသည် အကြီးအကျယ်ကျပေတော့မည်။ သိုင်းလောက၌ ဆက်လက်တည်ရှိရန်ပင် ခဲယဉ်းသွားပေလိမ့်မည်။

အဘိုးအိုသုံးယောက်စလုံး တစ်ယောက်ကိုတစ်ယောက်ကြည့်လျက် ဤပြဿနာအားမည်သို့ဖြေရှင်းရမည်ကို စဉ်းစား၍မရအောင်ဖြစ်ကာ အကြံအိုက်လျက်ရှိနေကြပေတော့သည်။

၀၀၀



## ကိုယ်ပျောက်အရိပ်မဲ့

ထန်စုကျင်းသည် ကွမ်းကြုံအိအား ကြည့်ရင်း စိတ်မရှည်နိုင်အောင်ဖြစ်လာသည်။

"ကဲ .... ကွမ်းကြုံအိ ပြောမယ်ဆိုရင်လဲ မြန်မြန်ပြောဗျာ၊ ကျုပ်အတွက် အချိန်သိပ်မရှိဘူး"

ကွမ်းကြုံအိက အေးစက်တည်ငြိမ်သောအမူအရာဖြင့် ....

"ကျုပ်တို့ဂိုဏ်းကို တည်ထောင်လာတာကြာပြီ၊ အခုအချိန်ထိ မောင်ရင့်လို မတရားလာရမ်းကားတာမျိုးမရှိသေးဘူး။ ဒီအတွက် မောင်ရင် ဘာ့ကြောင့် ရမ်းကားရတယ်ဆိုတာဖြေရှင်းချက်ပေးပါ"

ထန်စုကျင်းက ကျယ်လောင်စွာရယ်မောလိုက်ပြီး ....

"ဟား .... ဟား .... ဟား အတော်အရှက်မရှိတဲ့လူကြီးပါလား၊ ကျုပ်ပြောနေတာရှင်းရှင်းလေးပဲ၊ ခင်ဗျားဆီက သွေးကြွေးတောင်းဖို့လာခဲ့တာပါလို့ အဲဒီတော့ တခြားအကြောင်းတွေ ဆွဲထည့်မနေနဲ့၊ ကျုပ်လာတောင်းတဲ့သွေးကြွေးအတွက် ခင်ဗျား ရင်ဆိုင်ဖြေရှင်းပါ"

မိမိကဲ့သို့သော ဂိုဏ်းချုပ်တစ်ယောက်အား တပည့်ဂိုဏ်းသားများရှေ့မှောက်တွင် အရှက်မရှိဟု အပြောခံလိုက်ရသဖြင့် ကွမ်းကြုံအိဒေါသထွက်သွားလေသည်။

"ထန်စုကျင်း မင်းအတော်ရိုင်းတဲ့ကောင်ပါလား၊ ကျုပ်ကို

သာမကတော့ဘဲ ကျုပ်ရဲ့ဂိုဏ်းတစ်ခုလုံးကိုပါ စော်ကားလွန်းနေပြီ၊ မင်းပြောတဲ့ပြဿနာဟာ အထင်မှားမှုသက်သက်ပဲ"

"ဘာ .... အထင်မှားမှုဟုတ်လား၊ ဟင်း .... ဟင်း ... ပြောစမ်းပါဦး၊ ဘယ်လိုအထင်မှားမှုလဲ"

"အဖြစ်အပျက်ကဒီလိုပါ .... ပြဿနာဖြစ်နေတဲ့အချိန်မှာ တပည့်ရှစ်ယောက်နဲ့ ခရီးထွက်လာတဲ့အချိန်နဲ့ ကြုံကြိုက်နေပါတယ်၊ လမ်းခရီးမှာ ဒီလိုမညီမျှတဲ့တိုက်ပွဲကိုတွေ့ရတော့ မကြည့်ရက်နိုင်တာနဲ့ကျုပ်ဝင်စွက်ဖက်မိခဲ့တယ်၊ အဲဒီတိုက်ပွဲမှာ ကျုပ်ရဲ့တပည့်ရှစ်ယောက်စလုံး အသက်ပေးခဲ့ရတယ်၊ ကျုပ်တောင် လွတ်မြောက်အောင် မနည်းကြိုးစားပြီးထွက်ပြေးလာခဲ့ရတယ်၊ အဲဒီတုန်းက ကျုပ်ဟာ ကူညီရိုင်းပင်းချင်စိတ်နဲ့ကူညီခဲ့တာပဲ၊ အခုလို ပြဿနာက ကိုယ့်ဆီကိုပတ်လာလိမ့်မယ်လို့ လုံးဝမထင်ခဲ့မိဘူး"

ထန်စုကျင်းက လှောင်ပြုံးပြုံးလိုက်ရင်း ....

"ဒီလိုဆိုတော့လဲ ဂိုဏ်းချုပ်ကြီးဟာ အကြင်နာတရားရှိတဲ့သူတစ်ယောက်ပဲပေါ့နော်"

"ကျုပ်ကို ဒီလိုမခနဲ့ပါနဲ့၊ ကျုပ်ဟာ အဲဒီတုန်းကသိုင်းသမားချင်းစာနာစိတ်နဲ့ကူညီခဲ့တာပါ"

ထန်စုကျင်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ ....

"ဟာ .... သိပ်မှန်တာပေါ့၊ ခင်ဗျားရဲ့စိတ်ဓာတ်ကိုချီးကျူးပါတယ်၊ ဒီတိုက်ပွဲမှာ ခင်ဗျားကိုယ်တိုင်ပါဝင်ခဲ့တာဆိုတော့ လူသတ်သမားဘယ်သူလဲဆိုတာ သိမှာပေါ့နော်"

ကွမ်းကြုံးအိတစ်ယောက် မျက်နှာကွက်ခနဲပျက်သွား၏။

"ဘယ်သူဆိုတာ ကျုပ် မသိလိုက်ရပါဘူး၊ ဒါပေမယ့် အလွန်အဆင့်မြင့်တဲ့သိုင်းသမားတွေဖြစ်တယ်ဆိုတာတော့ ကောင်းကောင်း



မှတ်မိလိုက်တယ်"

ထန်စုကျင်းက သဘောကျစွာတစ်ချက်ပြုံးရင်း ....

"ဒါဆို ကျုပ်အဖေသေကာနီးဆဲဆဲမှာ လိမ်ညာပြောသွားတယ်လို့ ခင်ဗျားကဆိုလိုချင်တာလား"

"ဒါတော့ ကျုပ်လဲရှင်းမပြတတ်တော့ဘူး"

ထန်စုကျင်းကမပြုံးဘဲ ဝါးလုံးကွဲရယ်ချလိုက်၏။

"ဟား .... ဟား .... ဟား"

အားရအောင် ရယ်ပြီးမှ ....

"ကွမ်းကြုံးအိ ခင်ဗျားရဲ့လှည့်ကွက်က သိပ်ပြီး ရိုးစင်းမနေဘူးလား"

ဤတွင် ... အဘိုးအိုသုံးယောက်အနက် လွှေမိန်ရှဲ့က အေးစက်သောအမူအရာဖြင့် ....

"ထန်စုကျင်း မဟုတ်မဟတ်စကားတွေနဲ့ လူတစ်ယောက်ကိုမမှန်မကန်မစွပ်စွဲစေချင်ဘူး၊ တကယ်တမ်း မှန်မှန်ကန်ကန်ဆိုရင်တော့ ကျုပ်တို့အနေနဲ့ ကြားဝင်ဖျန်ဖြေပေးဖို့ တာဝန်ရှိပါတယ်၊ အဲမမှန်မကန်ဆိုရင်တော့ ကျုပ်တို့ဂိုဏ်းရဲ့ဂိုဏ်သိက္ခာကိုထိခိုက်အောင်ပြုလုပ်တဲ့အတွက် ကျုပ်တို့ကခင်ဗျားကိုတိုက်ခိုက်ရလိမ့်မယ်"

ဂိုဏ်းသားအားလုံးက ထန်စုကျင်းအား ဝိုင်းဝန်းတိုက်ခိုက်ရန် အသီးသီးနေရာယူလိုက်ကြလေသည်။ ထန်စုကျင်းက မျက်မှောင်ကုပ်ပြီး အေးစက်မာကျောသောအသံဖြင့်ပြောလိုက်သည်။

"ကွမ်းကြုံအိ .... ကျုပ်အနေနဲ့ ရဲတိုက်တစ်ခုလုံးကို သွေးနဲ့မဆေးချင်ဘူး၊ ဒါကြောင့် ခင်ဗျားဘယ်လိုဆုံးဖြတ်မလဲ"

ထိုစဉ် .... အဘိုးအိုသုံးယောက်အနက်မှ တစ်ယောက်က ကျယ်လောင်စွာဖြင့် ....

"အဲဒီအချိန်တုန်းက ဂိုဏ်းချုပ်ကြီးနဲ့အတူလိုက်သွားတဲ့ ဂိုဏ်းသားရှစ်ယောက် ပျောက်ဆုံးခဲ့တယ်ဆိုတာကို ကျုပ်သက်သေပြနိုင်တယ်"

ကွမ်းကြုံအိက သူ့ဘက်မှဝင်ရောက်ထောက်ခံသော အဘိုးအို၏စကားကြောင့် လွန်စွာအားတက်လာပြီး ....

"ထန်စုကျင်း မင်း တကယ့်အဖြစ်မှန်ကိုသိချင်တယ်ဆိုရင်တော့ ကျုပ်အတတ်နိုင်ဆုံးကူညီပေးပါ့မယ်"

ထန်စုကျင်းမှာ ရသေ့ကြီးစွမ်းကြွယ်ပြောလိုက်သောစကားကိုယုံကြည်ပြီးဖြစ်သည်။ ထိုကြောင့် ခိုင်မာပြတ်သားစွာဖြင့် ....

"ကွမ်းကြုံအိ .... ခင်ဗျား ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့၊ လူတစ်ယောက်ရဲ့သွေးကို မြေကျစေခဲ့တယ်ဆိုရင် အဲဒီပြစ်ဒဏ်အတွက် သွေးနဲ့ပဲပေးဆပ်ရတယ်ဆိုတာ သိုင်းလောကသားတိုင်း လက်ခံထားတဲ့အစဉ်အလာတစ်ရပ်ပါ"

"ယား ...."

"ယီး ...."

ထန်စုကျင်း၏စကားမဆုံးမီမှာပင် အဘိုးအိုလေးယောက်နှင့်ချိန်စီးတို့သည် မာန်သွင်းအော်ဟစ်ကာ စတင်တိုက်ခိုက်ကြလေတော့သည်။ အဆင့်မြင့် သိုင်းသမားငါးယောက်၏တိုက်ကွက်များမှာ ကြောက်စရာကောင်းလောက်အောင် ရက်စက်ကြမ်းကြုတ်လှပေ၏။ သို့သော် ထန်စုကျင်းကပြန်လည်တိုက်ခိုက်လိုက်သည့်အခါ ....

"ချွမ်း .... ဂလွမ်း .... ချန်း ...."

မိုးကြိုးဂိုဏ်း၏အဆင့်မြင့်သိုင်းသမား ငါးယောက်စလုံးမှာ နောက်သို့ ခြေတစ်လှမ်းစီဆုတ်သွားကြရတော့၏။

ဓားကျိုးအပိုင်းနှစ်ခုက မြေပြင်ထက်၌ လွင့်စဉ်ကျနေသည်။



ဤသို့သောတိုက်ကွက်အား မြင်တွေ့လိုက်ရသော မိုးကြိုးဂိုဏ်းသားအချို့မှာ မျက်စိမျက်နှာပျက်လျက် နောက်သို့ရှဲသွားကြလေသည်။

ထိုအချိန်တွင် ... အသံသြကြီးတစ်သံက ရုတ်တရက်ထွက်ပေါ်လာလေသည်။

"ရဲတိုက်သခင်ကွမ်းကြုံအိ .... ခင်ဗျားဟာ တော်တော့်ကိုကောက်ကျစ်ယုတ်မာယုံတင်မကဘူး၊ အရှက်လဲ တော်တော်နည်းတဲ့လူတစ်ယောက်ပါလား"

အသံမှာ မည်သည့်အရပ်မှထွက်ပေါ်လာမှန်းမသိရ။

ရဲတိုက်တစ်ခုလုံးကို ဟိန်းသွားစေသည်။ အသံရှင်ကိုကား ရှာမတွေ့ဘဲဖြစ်နေသည်။ ကွမ်းကြုံအိမှာ အကြီးအကျယ် မျက်နှာပျက်သွား၏။ ယခု ထန်စုကျင်းတစ်ယောက်တည်းကိုပင် နိုင်အောင်တိုက်ခိုက်နိုင်ခြင်းမရှိပေ။ အကယ်၍ ... ထန်စုကျင်း၏နောက်မှ သူ၏အဖွဲ့သားများပါ ထပ်မံရောက်ရှိလာခဲ့လျှင် ပို၍ခက်ချေတော့မည်။

ကွမ်းကြုံအိသည် ဝန်းကျင်ကိုတစ်ချက်ဝေ့ကြည့်ပြီး အသံကျယ်ကြီးဖြင့်အော်မေးလိုက်လေသည်။

"မိတ်ဆွေကဘယ်သူပါလဲ"

အသံသြကြီးက ချက်ချင်းပေါ်လာသည်။

"အရိုပ်မဲ့ဆိုတာ သိုင်းလောကမှာ ကျုပ်တစ်ယောက်တည်းပဲရှိပါတယ်"

ကွမ်းကြုံအိက အသံလာရာဆီသို့မှန်းဆ၍ ကျယ်လောင်စွာဖြင့် ....

"ဪ .... အရိပ်မဲ့ကိုး၊ သတ္တိရှိရင် ထွက်ခဲ့ပါလား၊ ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက်ပုန်းနေရတာလဲ"

အရိပ်မဲ့က တဟားဟားရယ်မောလျက် ....

"သိပ်လဲအပြောကြီးမနေနဲ့၊ အခုတောင်းနေတဲ့သွေးကြွေးကိုဆပ်ဖို့သာကြိုးစားပါ၊ ဒီသွေးကြွေးကို ခင်ဗျားကြေအောင်ဆပ်ပြီးမှ ကျုပ်ထွက်လာခဲ့မယ်"

ထိုအခါ ကွမ်းကြံ့အိက ဝဲယာသို့မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး ....

"ခင်ဗျားက မဆိုင်ဘဲကြားထဲက ဘာဖြစ်လို့ ကျုပ်ရဲ့သိက္ခာကိုကျအောင် ဝင်ပြောနေရတာလဲ"

"ဟား .... ဟား .... ဟား .... ခင်ဗျားသိက္ခာကို ထိခိုက်တယ်ဟုတ်လား၊ ဒီမှာကွမ်းကြံ့အိ .... လောကကြီးဟာ ကျဉ်းကျဉ်းလေးပါ၊ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က ဟသ်ာမောင်နံ့ဟာ သိုင်းလောကရဲ့ရတနာတစ်ပါးဖြစ်တဲ့ကျောက်စိမ်းဓားကို မမျှော်လင့်ဘဲရခဲ့တယ်၊ ခင်ဗျားဟာ အဲဒီကျောက်စိမ်းဓားကိုလိုချင်လွန်းတော့ တပည့်ရှစ်ယောက်ကိုခေါ်ပြီး တိုက်ခိုက်လုယူခဲ့တယ်၊ ဒါပေမယ့် ခင်ဗျားအကြံမအောင်မြင်တာနဲ့ အတူပါလာတဲ့တပည့်ရှစ်ယောက်စလုံးကို သုတ်သင်ရှင်းလင်းပစ်လိုက်တယ်၊ ဒါကို ငြင်းဖို့ကြိုးစားဦးမလား"

ထိုစကားက တည်ငြိမ်နေသောကန်ရေပြင်ပေါ် ကျောက်တုံးတစ်တုံးပစ်ချလိုက်သည့်နှယ် ဂိုဏ်းသားအားလုံးကိုဂယက်ရိုက်သွားစေ၏။ အဘိုးအိုသုံးယောက်အနက်တစ်ယောက်က အံ့ဩသောအသံဖြင့် ....

"အစ်ကိုကြီး .... ဒါဟာအမှန်ပဲလား"

အဘိုးအို၏အမေးကြောင့် ကွမ်းကြံ့အိ၏မျက်နှာမှာ ချက်ချင်းပင်တင်းမာသွား၏။

"သူပြောတာ တစ်ခုမှမဟုတ်ဘူး"

ကွမ်းကြံ့အိ စကားသံဆုံးသည်နှင့် ရယ်သံကြီးက ချက်ချင်း



ပင်ထွက်ပေါ်လာသည်။

"ဟား .... ဟား .... ဟား .... ကွမ်းကြံ့အိ ခင်ဗျားအစားကျုပ်ရှက်တယ်ဗျာ၊ ခင်ဗျားဟာ ကောက်ကျစ်ရက်စက်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ အခု ခင်ဗျားသေမှာကို ကြောက်နေပြီလား၊ ဒီလိုဆိုရင် သိုင်းလောကမှာ ဂိုဏ်းချုပ်ဆိုတဲ့အဆင့်နဲ့ ခင်ဗျားဟာ မတန်တော့ဘူး"

အရိပ်မဲ့၏စကားများကိုနားထောင်နေရင်းမှ ထန်စုကျင်း၏မျက်နှာမှာညိုမည်းလာ၏။ သူ၏မိဘနှစ်ပါးစလုံးသေဆုံးခဲ့ရသည်မှာ သိုင်းလောက၏ထူးဆန်းသောလက်နက်ဖြစ်သည့် ကျောက်စိမ်းဓားကြောင့်ဖြစ်ကြောင်း သူ့အနေနှင့် ယခုမှပင် သိရှိရတော့သည်။ ယခု ဤကျောက်စိမ်းဓားသည် မည်သူ့လက်ထဲရောက်ရှိနေပါသနည်း။

အရိပ်မဲ့ဆိုသူက ဤအကြောင်းအရာများကို ဘာကြောင့်သိနေရပါသနည်း။

ထိုစဉ် အရိပ်မဲ့၏အသံက ထပ်မံထွက်ပေါ်လာပြန်သည်။

"ညီလေးထန် ဒီပြဿနာအတွက် အဓိကတရားခံနဲ့သာ ဖြေရှင်းပါ၊ တခြားမဆိုင်တဲ့လူတွေကိုမထိခိုက်ပါစေနဲ့"

ထန်စုကျင်းက ခြေလှမ်းကျဲကြီးဖြင့် ရှေ့တစ်လှမ်းတိုးပြီး အေးစက်မာကျောသောအသံဖြင့်လှမ်းပြောလိုက်သည်။

"ကဲ .... ကွမ်းကြံ့အိ၊ အခု ခင်ဗျားကို ကျုပ်အနေနဲ့ ခွေးတစ်ကောင်သတ်သလို သတ်ပစ်ထိုက်တယ်၊ ဒါပေမယ့် သိုင်းလောကရဲ့စည်းကမ်းကိုလေးစားလိုက်နာသောအားဖြင့် ခင်ဗျားကို တရားမျှတတဲ့အခွင့်အရေးတစ်ခုပေးမယ်၊ ခင်ဗျားဓားထုတ်လိုက်ပါ"

ထန်စုကျင်းက ကွမ်းကြံ့အိအား အတိအလင်းစိန်ခေါ်လိုက်လေသည်။ အဘိုးအိုသုံးယောက်၏မျက်နှာပေါ်တွင် စိတ်မကောင်း

ဖြစ်သည့်အမှုအရာများပေါ်ပေါက်နေ၏။

ဤပြဿနာထဲ သူတို့မဝင်စွက်လိုသည့်ပုံမျိုးရှိနေသည်။

ဤဖြစ်ရပ်သည် တကယ့်အဖြစ်မှန်သာဖြစ်လျှင် သူတို့အနေ ဖြင့် ဤသိုင်းသင်ဘက် နောင်တော်အား တားဆီးကာကွယ်ပေးရန် အကြောင်းမရှိတော့ချေ။ ကွမ်းကြုံအိမှာ မထူးတော့ပြီမို့ ဆုံးဖြတ် ချက်အပြီးအပိုင်ချကာ တိုက်ခိုက်ရန်အတွက် ဓားကို ခြွမ်းခနဲမြည် အောင်ဆွဲထုတ်လိုက်လေတော့သည်။

၀၀၀

ကွမ်းကြုံအိ၏လျှပ်စီးဓားပညာမှာ သိုင်းလောကတွင် လွန် ခဲ့သောနှစ်ပေါင်းများစွာကတည်းကပင် နာမည်ကြီးနေခဲ့၏။

ကွမ်းကြုံအိ၏ဓားကွက်အား ခုခံယှဉ်ပြိုင်နိုင်သည့်ပြိုင်ဘက် မှာ မရှိသလောက်ဖြစ်သည်။ သို့သော် ထန်စုကျင်းအားယှဉ်ပြိုင်တိုက် ခိုက်ရန်မှု ကွမ်းကြုံအိအနေဖြင့် အနည်းငယ်တွန့်ဆုတ်နေမိ၏။ တွန့် ဆုတ်နေရသည့်အကြောင်းရင်းမှာလည်း တခြားမဟုတ်ချေ။

ထန်စုကျင်းမှာ သိုင်းလောက၏ထိပ်သီးသိုင်းရာဇာ တချေ နတ်မီးရှင်၏တပည့်ဖြစ်နေသည့်အပြင် တစ်ခေတ်တွင်တစ်ယောက် ဟုဆိုရမလောက် ပညာစွမ်းထက်မြက်လှသည့် ဝိညာဉ်ခေါ်သံနှင့် လည်း အဆက်အသွယ်ရှိသူဖြစ်နေသောကြောင့်ပင်ဖြစ်၏။

ဤသို့သာမဟုတ်လျှင် ကွမ်းကြုံအိမှာ ဤမျှအထိ သည်းခံ ပြောဆိုနေလိမ့်မည်မဟုတ်ချေ။ အရာအားလုံးသည် ခေတ္တမျှတိတ် ဆိတ်သွားရာ ချောက်ချားဖွယ်ရာကောင်းနေသည်။ အရိပ်မဲ့၏အသံ သည်လည်း နောက်ထပ်လုံးဝထွက်ပေါ်မလာတော့ချေ။

ထိုစဉ် ....



"ယား ...."

မာန်သွင်းသံကြီးက တိတ်ဆိတ်နေသည့်ရဲတိုက်တစ်ခုလုံး ကိုဟိန်းထွက်သွားစေသည်။

"ခြွမ်း .... ချန်း ...."

ဓားရိပ်များက ပလူပျံအောင်ထွက်ပေါ်လာ၏။

ကွမ်းကြုံအိသည် ထန်စုကျင်းအား ပြန်လည်တိုက်ခိုက်ရန် အခွင့်အရေးမပေးဘဲ ဓားကွက်(၃၃)ကွက်အထိဆက်တိုက် တိုက် ခိုက်လိုက်၏။ ကွမ်းကြုံအိ၏ ဤဓားကွက် (၃၃)ကွက်သည် သူ၏ အားအထားရဆုံးသော သေမင်းတမန်သိုင်းကွက်ပင်ဖြစ်သည်။

ဤသိုင်းကွက်အား တိုက်ကွက်(၃၃)ကွက် ပြည့်သည်အထိ ခုခံနိုင်သူအလွန်ရှား၏။ သို့သော် .... ထန်စုကျင်းက ခုခံဖယ်ရှားနိုင် လိုက်၏။ ကွမ်းကြုံအိမှာ ထန်စုကျင်းအား သေမင်းတမန်သိုင်းကွက် ဖြင့် အပြတ်တိုက်ခိုက်၍မရသောအခါ နောက်သိုင်းကွက်တစ်ခုကို ပြောင်း၍တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် .... ထန်စုကျင်း ခန္ဓာကိုယ်သည် ရုတ်တရက် လေထဲ မြောက်တက်သွားပြီး သူ့လက်ထဲမှဓားရောင်သည်လည်း ဝင်းခနဲ လက်ဖြာသွားလေသည်။ ကွမ်းကြုံအိကလည်း ဖျတ်ခနဲလေထဲသို့ခုန် တက်လိုက်သည်။

"ခြွမ်း ...."

ဓားနှစ်လက်မှာ လေထဲတွင်တွေ့ဆုံမိကြ၏။

လူနှစ်ယောက်စလုံးလည်း မြေပြင်ထက်သို့ ပြန်ကျလာကာ မျက်နှာချင်းဆိုင်ရပ်လျက် ငြိမ်သက်သွားကြသည်။ နှစ်ယောက်စလုံး ထပ်မံတိုက်ခိုက်ရန် ချိန်ရွယ်ထားသည့်အနေအထားတွင်ရှိနေ၏။

သို့သော် အတန်ကြာသည်အထိ ငြိမ်သက်လျက်ရှိနေကြ၏။

ဤပွဲတွင် မည်သူနိုင်၍ မည်သူရှုံးသွားပါသနည်း။

အားလုံးသည် အဖြေကိုသိချင်စောဖြင့် စောင့်ကြည့်နေကြ၏။ ထိုစဉ် ....

"ဟာ .... သွေးတွေ"

လူတစ်ယောက်၏အော်သံ ရုတ်တရက်ဆိုသလို ထွက်ပေါ်လာသည်။ ကွမ်းကြံ့အိ၏ မျက်နှာပေါ်တွင် နာကျင်မှုကို ခံစားရသည့် အသွင်သဏ္ဍာန်ဖြစ်ပေါ်လာ၏။ ကိုယ်ကိုတည့်မတ်အောင် ဟန်မထားနိုင်တော့ဘဲဒယီးဒယိုင်ဖြစ်လာကာ နောက်ဆုံးမြေပေါ်သို့လဲကျသွားလေတော့သည်။

ဝဝဝ

မိုးကြိုးဂိုဏ်းသားအားလုံး အံ့အံ့ကျွက်ကျွက် ဖြစ်သွားကြသည်။ ထန်စုကျင်းမှာ ခေတ္တမျှ ငေးကြောင်လျက်ကြည့်နေမိ၏။

သူသည် ကွမ်းကြံ့အိအား အသေမသတ်လိုသဖြင့် ဒဏ်ရာရရုံသာ ထိန်းထိန်းသိမ်းသိမ်းတိုက်ခိုက်နေခဲ့သည်။ တစ်ဖက်လူအား ဒဏ်ရာမျှသာရစေပြီးနောက် သိလိုသည့်အကြောင်းအရာကို မေးမြန်းရန် ရည်ရွယ်ထားသည်။

ထို့ကြောင့် ကွမ်းကြံ့အိသည် သူ့ဓားချက်ကြောင့် အသက်ထွက်ခြင်းမဖြစ်နိုင်ချေ။ သို့သော် .... ယခု ကွမ်းကြံ့အိမှာ သေဆုံးသွားချေပြီ။ သည်အတွက် ထန်စုကျင်း အံ့သြနေမိသည်။

အဘိုးအိုသုံးယောက်မှာ မည်သို့ဆက်လုပ်ရမည်မှန်း မသိအောင်ဖြစ်နေမိသည်။ မိမိတို့၏ဂိုဏ်းချုပ်ကြီးလည်းဖြစ်၊ သိုင်းသင်ဘက် နောင်တော်ကြီးလည်းဖြစ်သော ကွမ်းကြံ့အိသည် သူတစ်ပါးလက်ချက်ဖြင့် သေဆုံးသွားရချေပြီ။



သည်အတွက် သူတို့အားလုံး ဝမ်းနည်းမိသည်ကတော့ အမှန်ပင်ဖြစ်သည်။ သို့သော် .... ကွမ်းကြံ့အိမှာ သူကျူးလွန်ခဲ့မိသည့် အပြစ်ဒဏ်အတွက် တုံ့ပြန်ခံရခြင်းဖြစ်၍ သူတို့အဖို့ မည်သို့ဝင်စွက်ဖက်ရမှန်းမသိအောင်ကုန်ကြ၏။

မကျေနပ်၍တိုက်ကြမည်ဆိုလျှင်လည်း လက်ညှိုးငေါက်တောက် သိုင်းသမားထန်စုကျင်းကို သူတို့အနေနှင့် မည်သည့်နည်းနှင့်မျှ ယှဉ်ပြိုင်နိုင်လိမ့်မည်မဟုတ်ပေ။ ထန်စုကျင်းကဓားကိုသိမ်းလိုက်ပြီး အေးဆေးတည်ငြိမ်စွာဖြင့် ....

"ကျုပ် သူ့ကိုသတ်ဖို့မရည်ရွယ်ပါဘူး၊ ဒါပေမယ့် သူကံဆိုးသွားတယ်လို့ ပြောရမှာပေ့ါ၊ ကဲ .... ခင်ဗျားတို့ကို ကျုပ်ပြောလိုက်မယ်၊ ခုချိန်ကစပြီး သိုင်းလောကမှာ မိုးကြိုးဂိုဏ်းမရှိတော့ဘူး၊ တကယ်လို့ ဒီကိစ္စကိုမကျေနပ်တဲ့လူရှိရင် ခုကတည်းကထွက်ပြီး ဖြေရှင်းနိုင်တယ်၊ ကျုပ်ဘက်ကတော့အဆင်သင့်ပဲ"

ထန်စုကျင်းက မိုးကြိုးဂိုဏ်းသားအားလုံးကို ရဲရင့်ပြတ်သားစွာစိန်ခေါ်လိုက်သည်။ မိုးကြိုးဂိုဏ်းသားအားလုံးမှာ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ငေးကြောင်လျက်ရပ်နေကြသည်။

ထိုစဉ် .... ဧည့်ခန်းဆောင်အတွင်းမှ ထိတ်လန့်တကြီးနှင့် ငယ်သံပါအောင်အော်လိုက်သောအသံကြီး ထွက်ပေါ်လာ၏။

အဘိုးအိုသုံးယောက်နှင့်ချိန်စန်းတို့မှာထိတ်ခနဲဖြစ်ကာ ဧည့်ခန်းမဆောင်အတွင်းသို့ တစ်ဟုန်ထိုးပြေးဝင်သွားကြလေတော့၏။

ဝဝဝ

"ဟာ .... သူသေနေပြီ"

"ဘယ်သူသတ်လိုက်တာလဲ"

"ဘာဖြစ်လို့ သူ့ကိုသတ်သွားရတာလဲ"

တစ်ယောက်တစ်ပေါက်ပြောဆိုနေသံများက ထန်စုကျင်း၏နားထဲသို့ တိုးဝင်လာ၏။ ထန်စုကျင်းမှာ ယခုဖြစ်ရပ်ကိုနားမလည်နိုင်အောင်ဖြစ်ကာ ဧည့်ခန်းဆောင်၏ဝရံတာပေါ်သို့ ဖျပ်ခနဲခုန်တက်လိုက်၏။

ထို့နောက် အခန်းထဲသို့ဝေ့၍အကဲခတ်ကြည့်လိုက်သည်။

ဧည့်ခန်းထဲတွင် ပိုးထည်ဝတ်ရုံနှင့်အဘိုးအိုတစ်ယောက်လဲကျနေသည်။ ဤအဘိုးအိုမှာ မည်သူဖြစ်ပါသနည်း။

ထိုစဉ် လေမိန်ရှဲ့ထံမှအော်ငေါက်သံထွက်ပေါ်လာ၏။

"မင်းတို့အားလုံး နောက်ဆုတ်လိုက်ကြစမ်း"

လွှမိန်ရှဲ့၏အော်ငေါက်သံကြောင့် ဝိုင်းအုံနေကြသည့် မိုးကြိုးဂိုဏ်းသားအချို့ ဧည့်ခန်းဆောင်၏အပြင်ဘက်သို့ ဆုတ်သွားကြလေ၏။ လွှမိန်ရှဲ့က ထန်စုကျင်းကိုဒေါသတကြီးကြည့်ကာ ....

"မောင်ရင်က ဘာဖြစ်လို့ ဧည့်သည်ကိုရန်ရှာရတာလဲ"

ထန်စုကျင်းမှာ ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွား၏။

"ဧည့်သည်ကို ကျုပ်ကဘာလုပ်လို့လဲ"

လွှမိန်ရှဲ့က လဲကျနေသောပိုးထည်ဝတ်ရုံနှင့်အဘိုးအိုကိုလက်ညှိုးထိုးပြလိုက်ပြီး ....

"အဲဒီ နဂါးပျံဂိုဏ်းရဲ့တမန်တော်ကို မင်းပဲသတ်လိုက်တာမဟုတ်လား"

"ဘယ်လို .... နဂါးပျံဂိုဏ်းရဲ့ တမန်တော်ကို ကျုပ်ကသတ်လိုက်တယ်ဟုတ်လား"



"ဟုတ်တယ် .... ဒီလူဟာ နဂါးပျံဂိုဏ်းကဂိုဏ်းခွဲမှူး ယဲ့စုကျိုင်းပဲ"

ထန်စုကျင်းက ခေါင်းကိုသွက်သွက်ခါယမ်းလိုက်ပြီး ....

"သူ့ကို ကျုပ်သတ်တာမဟုတ်ဘူးဗျ"

"မောင်ရင်သတ်တာမဟုတ်ပေမယ့် မောင်ရင့်နောက်ကွယ်ကလူတွေသတ်သွားတာကော မဖြစ်နိုင်ဘူးလား"

ထန်စုကျင်းက ချက်ချင်းပင် သဘောပေါက်သွားသည်။

စောစောက ကြားဝင်ပြောလိုက်သောအရိပ်မဲ့အား ဆိုလိုရင်းဖြစ်ကြောင်းသိလိုက်သည်။

"ဪ .... စောစောက အရိပ်မဲ့ကိုပြောတာလား"

"အေး .... ဟုတ်တယ်၊ အဲဒီအရိပ်မဲ့ကိုပြောတာ၊ ဒီမှာမောင်ရင် .... တမန်တော်ယဲ့စုကျိုင်းဟာ မောင်ရင်နဲ့ဘာရန်ငြိုးရှိလို့လဲ၊ တကယ်လို့ ရန်ငြိုးရှိတယ်ပဲထားဦး၊ အခုလို ဧည့်သည်အဖြစ်ကျုပ်တို့ရဲတိုက်ထဲမှာရောက်နေတဲ့လူကိုသတ်တာတော့ ကျုပ်နေနဲ့ခွင့်မလွှတ်နိုင်ဘူး"

လွှမိန်ရှဲ့က ထိုသို့ပြောပြီးသည်နှင့် ဧည့်ခန်းဘက်သို့လှည့်ကာအမိန့်ပေးလိုက်လေသည်။

"ကဲ .... အားလုံးဝင်တိုက်ကြ"

အဘိုးအိုနှစ်ယောက်၊ ချိန်စန်းနှင့်ဂိုဏ်းသားနှစ်ယောက်တို့က ထန်စုကျင်းအား ဝင်ရောက်တိုက်ခိုက်ရန် ရှေ့သို့တိုးထွက်လာကြလေတော့သည်။ ထိုစဉ် အရိပ်မဲ့၏အသံထွက်ပေါ်လာ၏။

"ဟေ့ .... မင်းတို့ထင်ရာလျှောက်မလုပ်ကြနဲ့၊ ခေါင်းနဲ့ကိုယ်အိုးစားကွဲသွားလိမ့်မယ်"

အသံက အနီးတဝိုက်မှလာခြင်းဖြစ်သည်။

သို့သော် လူကို ကား ရှာ၍မတွေ့ပေ။ ဤအရိပ်မဲ့ဆိုသူသည် မည်သည့်နေရာတွင် ပုန်းခိုနေပါသနည်း။ လွှေမိန်ရှဲ့က အသံရှင် အရိပ်မဲ့အား အော်ဟစ်၍ပြောလိုက်လေသည်။

"ဘယ်လိုလဲ .... ခင်ဗျားက လူမြင်မခံရဲအောင် ကြောက်လို့ထွက်မလာတာလား"

အရိပ်မဲ့၏အသံကထွက်ပေါ်လာပြန်သည်။

"ဟုတ်တယ် .... ခုချိန်မှာ ကျုပ်ဘယ်သူ့ကိုမှအတွေ့မခံနိုင်သေးဘူး"

လွှေမိန်ရှဲ့က တဟားဟား အော်ဟစ်ရယ်မောလိုက်ရင်း ....

"ဟား .... ဟား .... ဟား .... ခင်ဗျားမှာအပြစ်ရှိလို့ ထွက်မလာရဲတာနေမှာပေါ့။ ကဲ .... ပြောစမ်းပါဦး၊ ဘာဖြစ်လို့ အပြစ်မရှိတဲ့လူကိုသတ်လိုက်ရတာလဲ"

အရိပ်မဲ့က ....

"ကျုပ်သတ်တာမဟုတ်ဘူး၊ သတ်တဲ့လူက အစောကြီးထဲက လစ်ပြေးသွားပြီ"

ထိုအခါ ရဲတိုက်အတွင်းရှိလူအားလုံး ကြောင်သွားကြ၏။ အရိပ်မဲ့၏ပြောစကားအရဆိုလျှင် ... ဤရဲတိုက်အတွင်းသို့ တတိယမြောက်လူတစ်ယောက် ရောက်ရှိနေပြန်ပြီဖြစ်သည်။ ထိုလူ မည်သည့်အချိန်ကတည်းက ဤရဲတိုက်ထဲရောက်ရှိနေပါသနည်း။

လွှေမိန်ရှဲ့က အံကိုတင်းတင်းကြိတ်လိုက်ပြီး ....

"ဘယ်သူသတ်သွားတာလဲ"

"ဘယ်သူမှန်း ကျုပ်မသိဘူး၊ လူရိပ်တစ်ခုကိုပဲ လှစ်ခနဲတွေ့လိုက်ရတယ်၊ သေသေချာချာတော့ မမြင်လိုက်ရဘူး၊ ခင်ဗျားတို့က ကွမ်းကြံ့အိဟာ ထန်စုကျင်းလက်ချက်နဲ့ အသက်ထွက်သွားတယ်လို့



ထင်နေကြတယ်၊ အဲဒါ လုံးဝမဟုတ်ဘူး၊ ကွမ်းကြံ့အိရဲ့နောက်ကျောကိုသေသေချာချာစစ်ဆေးကြည့်ပါ၊ ထူးဆန်းတဲ့ဒဏ်ရာတစ်ခုကို တွေ့ရလိမ့်မယ်"

ဤစကားသည် မမျှော်လင့်သောစကားဖြစ်သည်။

ကွမ်းကြံ့အိမှာ မျက်လုံးပေါင်းများစွာ၏ရှေ့တွင်ပင် ထန်စုကျင်း၏ဓားချက်ဖြင့် သေဆုံးသွားရခြင်းဖြစ်သည်။

မျက်လုံးပေါင်းများစွာ၏ရှေ့တွင် မည်သူက လက်နက်ပုန်းဖြင့်ပစ်သွားနိုင်မည်နည်း။

ooo

မိုးကြိုးဂိုဏ်းသားအားလုံးသည် ကွမ်းကြံ့အိ လဲကျသေဆုံးသည့်နေရာသို့ အမြန်ပြေးထွက်လာကြ၏။ လွှေမိန်ရှဲ့က အလောင်းဘေးတွင်ဒူးထောက်ချပြီး ကွမ်းကြံ့အိ၏ဝတ်ရုံအား ဆွဲချွတ်လိုက်သည်။ ကွမ်းကြံ့အိ၏နံဘေးတစ်ဘက်တွင် ကန့်လန့်ဖြတ်ဓားဒဏ်ရာတစ်ချက်ကိုတွေ့ရ၏။

ဓားဒဏ်ရာမှာ အပြင်ဒဏ်ရာမျှသာဖြစ်သည်။ အတွင်းအားနက်ရှိုင်းသူတစ်ယောက်အဖို့ ဤဒဏ်ရာဖြင့် ချက်ချင်းမသေနိုင်ချေ။

သို့ဆိုလျှင် .... လွှေမိန်ရှဲ့က နောက်ကျောဘက်သို့ တစ်ဖန်ဆွဲလှန်ကြည့်လိုက်သည်။ မည်သည့်ဒဏ်ရာမျှမတွေ့ရပေ။ သို့သော် လွှေမိန်ရှဲ့သည် အရိပ်မဲ့ပြောသည့်အတိုင်း နောက်ကျောဘက်အား စေ့စပ်သေချာစွာကြည့်လိုက်သည်။

ဤတွင် ကွမ်းကြံ့အိ၏နောက်စေ့အလယ်တည့်တည့်နေရာတွင် တစ်လက်မခန့်အရှည်ရှိသော သွေးစီးကြောင်းရာတစ်ခုကို ချက်ချင်းပင်တွေ့လိုက်ရလေတော့သည်။

ဤနေရာကို လက်နက်ပုန်းထိမှန်ပါက ချက်ချင်းအသက်ထွက်သွားနိုင်ကြောင်း လူတိုင်းသိကြ၏။ ဒဏ်ရာကိုကြည့်လျက်အားလုံးမှာ ငေးကြောင်သွားကြလေသည်။

မည်သူက ကွမ်းကြုံအိအားလုပ်ကြံသွားရပါသနည်း။

နဂါးပျံဂိုဏ်း၏ဂိုဏ်းခွဲမှူးယဲ့စုကျိုင်းက ဤလူသတ်သမားအားမမျှော်လင့်ဘဲတွေ့ရှိသွားသဖြင့် နှုတ်ပိတ်ခံလိုက်ရခြင်းဖြစ်ပုံရသည်။ သို့သော် ယင်းအဖြစ်ကိုလည်း မည်သူမျှမမြင်လိုက်ချေ။

ယဲ့စုကျိုင်းအားသတ်သွားသူကို ပုန်းနေသောအရိပ်မဲ့တစ်ယောက်သာတွေ့လိုက်ရသည်။ ထို့ကြောင့် ကွမ်းကြုံအိသေဆုံးရခြင်းသည် ထန်စုကျင်း၏လက်ချက်မဟုတ်သည်မှာသေချာသွား၏။ သို့ဆိုလျှင် မိုးကြိုးဂိုဏ်းသားတို့အတွက် တုံ့ပြန်လက်စားချေရမည့်သူမှာ မမြင်လိုက်ရသည့်လူသတ်သမားသာလျှင်ဖြစ်တော့၏။

ထိုလူသတ်သမားသည်လည်း ယခုမည်သည့်နေရာရောက်သွားမှန်း မသိတော့ချေ။

ooo

ညနေစောင်းနေရောင်ခြည်သည် နီရဲစွာထွန်းတောက်နေ၏။ ရဲတိုက်တံခါးဝမှာပွင့်လျက်သားရှိနေသည်။

ရဲတိုက်အပြင်ဘက်သို့ရောက်လာသောအခါ ထန်စုကျင်းက လေပြင်းတစ်ချက်ရှူသွင်းလိုက်သည်။

"အင်း .... သွေးကြွေးဆပ်ဖို့ပြဿနာကိုတော့ စလိုက်ပြီ၊ နောက်ထပ် ဘယ်သူတွေပါသေးသလဲဆိုတာကို မသိလိုက်ရတာနာတယ်၊ ဒါပေမယ့် စောစောကကြားဝင်ပြောတဲ့အရိပ်မဲ့များ သိနေမလားမသိဘူး၊ သူ .... တစ်ချိန်ချိန်တော့ ငါ့လာတွေ့မှာပဲ"



ထန်စုကျင်းသည် တွေးရင်းလျှောက်လာရာ မကြာမီ တောအုပ်တစ်ခုသို့ ရောက်ရှိလာသည်။ တောအုပ်ထဲဝင်လိုက်သည်နှင့် သူ့စိတ်ထဲတွင် သူ့အားတစ်စုံတစ်ယောက်ကစောင့်ကြို့နေသလို ခံစားလိုက်ရသည်။ ထင်သည့်အတိုင်းပင် ဝတ်ရုံနက်နှင့်အဘိုးအိုတစ်ဦးက သူ့အားစောင့်ကြို့နေသည်။

ထန်စုကျင်းသည် ဝတ်ရုံနက်ဝတ်ထားသူ အဘိုးကြီးအနီးသို့ လျှောက်လှမ်းသွားရင်း ....

"ဆရာကြီးက ဘယ်လိုကနေ ဒီကိုရောက်လာတာပါလဲ"

ဝတ်ရုံနက်အဘိုးအိုကသက်ပြင်းတစ်ချက်ချကာ ....

"ခိုင်ဖုန်းမြို့အနီးမှာကတည်းက မင်းနောက်ကနေ ငါလိုက်လာတာ"

ထန်စုကျင်းမှာ အံ့အားသင့်သွားပြီး ....

"အို .... ဟုတ်လား၊ ဒါဆို ကွမ်းကြုံအိကို ဆရာကြီးသတ်လိုက်တာပေါ့ဟုတ်လား"

"ဟင့်အင်း .... ငါသတ်တာမဟုတ်ဘူး"

"ဒါဖြင့် ပိုးထည်ဝတ်ရုံနဲ့အဘိုးကြီးကိုရော"

"အဲဒါလဲ ငါသတ်တာမဟုတ်ဘူး"

ထန်စုကျင်းက ဝတ်ရုံနက်အဘိုးကြီးအား အကဲခတ်ကြည့်လိုက်ပြီး ....

"တကယ်ပဲ ဆရာကြီးသတ်တာမဟုတ်ဘူးလား"

ဝတ်ရုံနက်အဘိုးကြီးကတစ်ချက်ပြုံးကာ ....

"မင်းအမေးက ငါ့ကိုမယုံသလိုဘဲ၊ ငါ ဒီလူကြီးကိုသတ်စရာဘာအကြောင်းရှိလို့လဲ"

"ဒါဆိုရင် ဘယ်သူသတ်သွားတာလဲ"

"ဝတ်ရုံစိမ်းနဲ့လူတစ်ယောက်ပဲ၊ သူ ဘယ်လိုလူလဲ ဆိုတာ သေသေချာချာမတွေ့လိုက်ရဘူး၊ သူ့လှုပ်ရှားမှုက သိပ်ကိုမြန်လွန်းတယ်"

"ဒါနဲ့ .... ဆရာကြီးက ဘယ်နေရာမှာပုန်းနေလို့ သူ့ကိုတွေ့လိုက်ရတာလဲ"

အဘိုးကြီးသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်၏။ ပြီးမှ ....

"ဧည့်ခန်းမကြီးရဲ့ညာဘက်မှာအခန်းတစ်ခန်းရှိတယ်၊ အဲဒီအခန်းရဲ့ယက်မကြီးပေါ်မှာငါရှိနေတယ်၊ အဲဒီအခန်းရဲ့ပြတင်းပေါက်ကနေကြည့်ရင် ဧည့်ခန်းနဲ့ ဧည့်ခန်းအပြင်ဘက်တစ်ဝိုက်မြင်ကွင်းကို ကောင်းကောင်းကြီးတွေ့ရတယ်"

ထန်စုကျင်း၏မျက်နှာတွင် အံ့သြရိပ်ပေါ်လာသည်။

"အင်း .... ဒီဝတ်ရုံစိမ်းက ဘာ့ကြောင့် ကွမ်းကြုံအိကိုနှုတ်ပိတ်သွားရတာလဲ"

"ဒါကတော့ရှင်းပါတယ်၊ ကွမ်းကြုံအိဟာ ဟသ်ာမောင်နံ့ကိုလုပ်ကြံစဉ်က ပါဝင်ခဲ့တဲ့လူတွေကိုထုတ်ဖော်ပြောမှာစိုးလို့ နှုတ်ပိတ်လိုက်တာဖြစ်မှာပေါ့"

ထန်စုကျင်း အံကိုတင်းတင်းကြိတ်လိုက်သည်။

"လူသတ်သမားဟာ တကယ်ပဲ ကွမ်းကြုံအိကို နှုတ်ပိတ်လိုက်တာမှန်ခဲ့ရင် အဲဒီလူသတ်သမားဟာ အဓိကခေါင်းဆောင်မဖြစ်နိုင်ဘူးလား"

"အင်း .... ဖြစ်ကောင်းဖြစ်နိုင်တယ်"

"ဒီလိုဆိုရင် လူသတ်သမားဟာ နဂါးပျံဂိုဏ်းက တမန်တော်ကို ဘာ့ကြောင့်သတ်သွားရတာလဲ"



ဝတ်ရုံနက်အဘိုးကြီးက အနည်းငယ်စဉ်းစားလိုက်ပြီး ....

"ကွမ်းကြုံအိဟာ လူသတ်သမားကိုမြင်တွေ့သွားပုံရတယ်၊ ဒါကြောင့် လူသတ်သမားက သူ့ကိုနှုတ်ပိတ်လိုက်တာပဲဖြစ်မယ်"

"ဒါဖြင့် တရားခံကိုဖော်ထုတ်ဖို့လမ်းစပျောက်ပြီပေါ့"

"မပျောက်ပါဘူး"

ဝတ်ရုံနက်အဘိုးကြီးက သူ၏မုတ်ဆိတ်မွေးကို တစ်ချက်ပွတ်လျက်စဉ်းစားရင်း ....

"နောက်ထပ် လူတစ်ယောက်ကိုရှာရလိမ့်မယ်၊ အဲဒီတုန်းက လုပ်ကြံမှုမှာပါဝင်တဲ့ရှစ်ယောက်ထဲက တစ်ယောက်"

ထန်စုကျင်းမှာ နားမလည်သလိုဖြစ်သွားပြီး ....

"ဟာ .... ဆရာကြီးစောစောကပြောတော့ အဲဒီရှစ်ဦးစလုံးကို ကွမ်းကြုံအိကရှင်းပစ်လိုက်ပြီဆို"

"အေး ....မင်း နားမရှင်းဖြစ်သွားတယ်ထင်တယ်၊ ဒီလိုကွဲ့ ကွမ်းကြုံအိရှင်းပစ်ခဲ့တယ်ဆိုတာ သူ့ဂိုဏ်းက သူ့တပည့်ရှစ်ယောက်ကိုပြောတာ၊ အဲဒီတုန်းက သူနဲ့ကြံရာပါ သူ့မိတ်ဆွေရှစ်ယောက်ကို ရှင်းပစ်တာမဟုတ်ဘူး၊ ဒါဆို မင်းနားလည်ပြီလား"

ထန်စုကျင်းခေါင်းညိတ်ပြလိုက်ပြီး ....

"ဟုတ်ကဲ့ .... ကျွန်တော် အခုမှသဘောပေါက်သွားတယ်၊ ဆရာကြီးက အဲဒီလူတွေကိုသိလို့လား"

ထန်စုကျင်းက မျှော်လင့်တကြီးနှင့်မေးလိုက်သည်။

"အင်း ....အဲဒီအကုန်လုံးကိုတော့မသိဘူး၊ ဒါပေမယ့် .... အဲဒီအထဲကတစ်ချို့ကိုတော့သိတယ်"

ထန်စုကျင်းမျက်နှာ ရုတ်ခြည်းဝင်းလက်သွားပြီး ....

"ဆရာကြီးသိတဲ့လူအချို့ဟာ ဘယ်သူတွေပါလဲခင်ဗျာ"

ဝတ်ရုံနက်အဘိုးကြီးက သူ၏ဝတ်ရုံအတွင်း လက်ထိုးနှိုက်လိုက်သည်။ သူ့လက်ထဲတွင် စာရွက်လိပ်တစ်ခုပါလာသည်။ စာလိပ်ကလေးအား ထန်စုကျင်းဆီသို့လှမ်းပေးရင်း ....

"ဒီအထဲမှာ ငါသိတဲ့လူအချို့ရဲ့အမည်နဲ့ နေတဲ့နေရာကိုရေးထားတယ်၊ အဲဒီစာရွက်အတိုင်း မင်းလိုက်သွားပေတော့"

ထန်စုကျင်းက စာရွက်လေးကိုလှမ်းယူပြီးဖြန့်ကြည့်၏။

"သူတို့အထဲမှာ ခေါင်းဆောင်ဆိုတာမရှိဘူး၊ အားလုံး စိတ်တူအဆင့်တူလုပ်ကြံခဲ့ကြတာပဲ၊ ဒါပေမယ့် ... ဒီနာမည်စာရင်းဟာ အကုန်မဟုတ်သေးဘူး၊ ပြီးတော့ ကျောက်စိမ်းဓားဟာလဲ ဘယ်သူ့ဆီမှာရှိနေတယ်ဆိုတာ အတိအကျမသိရသေးဘူး"

ထန်စုကျင်းက ဝတ်ရုံနက်အဘိုးကြီးအား အသေအချာစူးစိုက်ကြည့်လိုက်ပြီး ....

"ဆရာကြီးက ဒီအကြောင်းတွေကို ဘယ်လိုကြောင့် သိနေရပါသလဲ"

ဝတ်ရုံနက်အဘိုးကြီးက ....

"ငါ ဒီအကြောင်းကို ဘာကြောင့်သိနေရသလဲဆိုရင် လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်က ခရီးသွားရင်း ကွမ်စီလမ်းမကြီးပေါ်မှာ ဒဏ်ရာရနေတဲ့လူတစ်ယောက်ကိုတွေ့ပြီးကယ်ခဲ့ဖူးတယ်၊ သူဟာ သေရွာကနေ ရှင်လာတဲ့လူတစ်ယောက်မို့ ဒုစရိုက်လုပ်ငန်းတွေကို စိတ်နာပြီး လူဝတ်ကြောင်ဘဝကိုစွန့်သွားတယ်၊ ပြီးတော့ သူ့ရင်ထဲမှာ သိမ်းမထားချင်တဲ့အကြောင်းတွေ ငါ့ကိုဖွင့်ပြောပြခဲ့တယ်၊ အဲဒီမှာတင် သူနဲ့အပေါင်းပါတစ်စုဟာ ကျောက်စိမ်းဓားရလိုမှုနဲ့ သူတစ်ပါးကိုလုပ်ကြံရင်း အခုလိုဒဏ်ရာရတဲ့အကြောင်းပြောပြခဲ့တယ်၊ နောက်ပြီး လုပ်ကြံမှုမှာပါခဲ့တဲ့လူတွေကိုပါ ထုတ်ဖော်ပြောသွားခဲ့တယ်"



ဝတ်ရုံနက်အဘိုးကြီးက စကားကိုခေတ္တနားလိုက်၏။

ထိုစဉ် ထန်စုကျင်းကကြားဖြတ်၍မေးလိုက်သည်။

"နောက်တော့ အဲဒီလူ ဘယ်ရောက်သွားသလဲ"

"ရသေ့ဝတ်ကြီးနဲ့ထွက်သွားတာ ဒီနေ့အထိ ပြန်ကိုမတွေ့ရတော့ဘူး"

အရိပ်မဲ့၏စကားကြောင့် ထန်စုကျင်းသည် ခိုင်ဖုန်းမြို့အဝင်လမ်းမကြီးတွင်တွေ့ခဲ့ရသော ရသေ့ကြီးအား ပြေး၍သတိရလိုက်၏။ ထန်စုကျင်းသည် စဉ်းစားရင်းခေတ္တငိုင်သွား၏။ အတန်ကြာမှ အရိပ်မဲ့အားကျေးဇူးတင်စကားပြောလိုက်၏။

"ကျွန်တော့်ကို ခုလိုပြောပြတဲ့အတွက် ဆရာကြီးကို အထူးပဲကျေးဇူးတင်ပါတယ်၊ ဆရာကြီးကျေးဇူး ကျွန်တော့်တစ်သက် မမေ့ပါဘူး၊ ကဲ .... ကျွန်တော့်ကိုခွင့်ပြုပါဦး"

ထန်စုကျင်းကပြောပြီး ခရီးဆက်ရန်ပြင်လိုက်သည်။

"နေပါဦး"

အရိပ်မဲ့က ထန်စုကျင်းအားတားလိုက်၏။

"ဆရာကြီး .... ဘာများမှာစရာရှိသေးလို့ပါလဲ"

အရိပ်မဲ့က အရေးကြီးသည့်အသွင်ဖြင့် ....

"အခု .... မင်းကို နဂါးပျံဂိုဏ်းနဲ့နေသူရိန်ဂိုဏ်းတို့က လိုက်ရှာနေပြီ၊ ဒါကြောင့် မင်း အခုဆက်လက်လှုပ်ရှားမယ့်ခရီးစဉ်မှာ မင်းရဲ့မူလရုပ်ကိုဖျက်ပြီးလှုပ်ရှားရင် ပိုကောင်းလိမ့်မယ်"

ထန်စုကျင်းက လေးစားစွာဦးညွှတ်လိုက်ပြီး ....

"ကျေးဇူးတင်ပါတယ်ဆရာကြီး"

ပြောပြီးသည်နှင့် ထန်စုကျင်း လှည့်ထွက်ခဲ့တော့၏။

ooo

ညနေစောင်းလေနုအေးက ခပ်ညှင်းညှင်းတိုက်ခတ်လာ၏။ စုကုတောင်ခြေလမ်းပေါ်တွင် တစ်ခေါင်းလုံးဖွေးဖွေးဖြူနေသော အဘိုးအိုတစ်ဦး လျှောက်လှမ်းလာနေသည်။

ထိုအဘိုးအိုကား အခြားသူမဟုတ်။ ရုပ်ဖျက်ထားသော ထန်စုကျင်းသာဖြစ်ပေသည်။ သူသည် တောင်ခြေအတိုင်း ခပ်မှန်မှန် လျှောက်လာရင်း နှာခေါင်းထဲသို့ ညှီစို့စို့အနံ့ကြီးဝင်ရောက်လာသဖြင့် ခြေလှမ်းတုံ့ခနဲရပ်သွားသည်။

ထို့နောက် ... တရှုံ့ရှုံ့ဖြင့်အနံ့ခံစူးစမ်းကြည့်ရာ ညှီစို့စို့အနံ့သည် နံဘေးရှိသစ်တောထဲမှထွက်ပေါ်လာခြင်းဖြစ်ကြောင်းသိလိုက်ရ၏။ သူသည် ချက်ချင်းပင် တောအုပ်ထဲပြေးဝင်သွားလေတော့၏။ သစ်တောအုပ်အတွင်းရောက်ရှိသည်နှင့် သွေးညှီနံ့ကဲ့သို့ စိမ်းရွှေရွှေ အနံ့မှာ ပို၍ပြင်းလာ၏။

အနံ့ရသည့်ဘက်သို့ ဆက်၍လျှောက်လာရာ ထိတ်လန့်ဖွယ်ကောင်းသောမြင်ကွင်းတစ်ခုကို ဘွားခနဲတွေ့လိုက်ရသည်။

သစ်တောအုပ်အတွင်း လူသေအလောင်းကိုးလောင်းခန့်ပြန့်ကျဲနေသည်။ ရုတ်တရက်မြင်လိုက်ရသူအဖို့ ထိတ်လန့်ဖွယ်ကောင်းသောမြင်ကွင်းဖြစ်သည်။

မည်သူက ဤမျှအထိ ရက်ရက်စက်စက် သတ်ဖြတ်သွားရသနည်း။ ထန်စုကျင်းသည် ထိတ်လန့်မှုကိုဖြေဖျောက်ပြီး ပတ်ဝန်းကျင်ကိုတစ်ချက်ဝေ့ကြည့်လိုက်သည်။

ဤတွင် သစ်ပင်တစ်ပင်၏အခေါက်တွင် သွေးစွန်းနေသော ကြေးပြားတစ်ပြားစိုက်ဝင်နေသည်ကိုတွေ့ရသည်။

ထိုကြေးပြားအမှတ်အသားမှာ အလွန်ထူးဆန်းနေသည်။ ဤအမှတ်အသားမျိုးတစ်ခါမှ မတွေ့ဘူးချေ။



ထန်စုကျင်းစိတ်ဝင်စားစွာကြည့်နေစဉ် လူရိပ်တစ်ရိပ်သည် သစ်တောအုပ်အတွင်းသို့ ရိပ်ခနဲဖြတ်ဝင်ပြေးသွားသည်ကို တွေ့လိုက်ရ၏။ ထန်စုကျင်း စဉ်းစားမနေတော့ဘဲ ထိုအရိပ်နောက်သို့ ချက်ချင်းပြေးလိုက်သွားတော့၏။

ooo

"ဟေ့ .... ရပ်လိုက်"

ထန်စုကျင်းက အော်ဟစ်တားဆီးလိုက်သောကြောင့် စောစောကဖြတ်ပြေးသွားသောလူရိပ်သည် ရုတ်တရက်ရပ်တန့်သွား၏။ ထန်စုကျင်းသည် ထိုလူ့အနီးသို့လျင်မြန်စွာပြေးသွားသည်။

အရိပ်ရှင်အားသေချာတွေ့လိုက်ရသောအခါ ထန်စုကျင်း လွန်စွာအံ့အားသင့်သွား၏။

ထိုအရိပ်ရှင်သည် တစ်ချိန်က သူ့ချစ်သူဟောင်းကျန်ရှင်းယွင် ဖြစ်နေသောကြောင့်တည်း။

သူတို့နှစ်ယောက်မှာ တစ်ယောက်နှင့် တစ်ယောက် အထင်လွဲမှားမှုကြောင့် လမ်းခွဲခဲ့ကြသည်မှာကြာပြီဖြစ်သည်။

ထန်စုကျင်းမှာ အဘိုးအိုတစ်ဦးကဲ့သို့ ရုပ်ဖျက်ထားသဖြင့် ကျန်ရှင်းယွင်က မမှတ်မိပေ။ ထန်စုကျင်းကသာ ကျန်ရှင်းယွင်အား မှတ်မိခြင်းဖြစ်သည်။

သူသည် ကျန်ရှင်းယွင်အား စိုက်ကြည့်လိုက်ပြီး ....

"မင်း .... ဘာ့ကြောင့် လူတွေကိုလိုက်သတ်နေရတာလဲ"

ထန်စုကျင်းစကားကြောင့် ကျန်ရှင်းယွင်မှာ ထိတ်လန့်တကြားဖြစ်သွားသည်။

"ဘယ်လို လူသတ်ခဲ့တယ်ဟုတ်လား"

"ဟိုတောအုပ်ထဲကအလောင်းတွေဟာ မင်းသတ်ခဲ့တဲ့ အလောင်းတွေမဟုတ်ဘူးလား"

"ဟင့်အင်း .... ကျွန်မသတ်တာမဟုတ်ဘူး၊ ဆရာကြီးက ကျွန်မ သတ်တာပါလို့ ဘာ့ကြောင့်ပြောနိုင်ရတာလဲ"

ထန်စုကျင်းက မျက်နှာကိုတည်ငြိမ်အောင်ထားလိုက်ပြီး ....

"အလောင်းတွေဟာ သွေးမစဲသေးဘူး၊ ဒါကြောင့် အသတ်ခံရတာ သိပ်မကြာသေးဘူးဆိုတာသေချာတယ်၊ ပြီးတော့ ဒီအနီးဝန်းကျင်မှာလဲ လူဆိုလို့ မင်းတစ်ယောက်ပဲတွေ့ရတယ်၊ ဒီတော့ မင်းသတ်တာပဲဖြစ်နိုင်တာပေါ့"

ကျန်ရှင်းယွင်ချက်ချင်းပြန်မေးလိုက်သည်။

"အဲဒီအနားမှာ အမှတ်အသားတစ်ခုကိုမမြင်ဘူးလား"

"ဘာအမှတ်အသားလဲ"

"အင်မတန်ရက်စက်ကြမ်းကြုတ်တဲ့ မရဏတမန်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့အမှတ်အသားလေ"

ထန်စုကျင်း၏မျက်လုံးအစုံ မသိမသာပြူးကျယ်သွား၏။

"ဘာ .... မရဏတမန်ဟုတ်လား"

"ဟုတ်ပါတယ်၊ ဆရာကြီး မကြားဖူးသေးဘူးလား"

ထန်စုကျင်းက ....

"ကျုပ်ဟာ သိုင်းလောကနဲ့ အဆက်အသွယ်သိပ်မရှိခဲ့ပါဘူး၊ ဒါကြောင့် တစ်ချို့နာမည်ကိုသိပ်မကြားဖူးဘူး၊ နေပါဦး .... ဒီလူက ဘာကြောင့်သတ်သွားရတာလဲ"

ကျန်ရှင်းယွင်က ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မလဲ မသိဘူး၊ ကျွန်မရောက်လာတဲ့အချိန်မှာ အဲဒီလူ မရှိတော့ဘူး၊ သူ့ရဲ့အမှတ်အသားဖြစ်တဲ့တြိဂံကြေးပြားသာ သစ်ပင်



မှာစိုက်ဝင်ထားတာတွေ့ရတယ်၊ ဒါကြောင့် သူသတ်တာပါလို့ ပြောနိုင်တာပေါ့"

ထန်စုကျင်း အနည်းငယ်တွေဝေသွားပြီး ....

"ဒါဆို သေတဲ့လူတွေကိုရော သိသလား"

"သေတဲ့လူတွေက နဂါးပျံဂိုဏ်းသားတွေပါ"

"ဘယ်လို .... နဂါးပျံဂိုဏ်းသားတွေဟုတ်လား"

"ဟုတ်ပါတယ်"

ကျန်ရှင်းယွင်က စကားဆက်လိုက်သည်။

"ဒါနဲ့နေပါဦး ဆရာကြီးကရော ဒီလို လူသူအရောက်အပေါက်နည်းတဲ့နေရာကို ဘာလာလုပ်ပါသလဲ"

ကျန်ရှင်းယွင်၏အမေးက ထန်စုကျင်းအားငိုင်သွားစေ၏။

"အို .... ဘာလုပ်ဖို့ရယ်မဟုတ်ပါဘူး၊ ခရီးသွားရင်း ကြုံတဲ့သဘောပါ"

ကျန်ရှင်းယွင်ကခေတ္တတွေးနေလိုက်ပြီး ....

"ကဲ .... ဆရာကြီး သွားခွင့်ပြုပါဦး"

ထန်စုကျင်းက ချက်ချင်းလက်တစ်ဖက်ကိုမြှောက်၍ တားထားလိုက်သည်။

"ခဏနေပါဦး"

"ဆရာကြီး ဘာပြောချင်သေးလို့လဲ"

ဤသို့သော တခဏအချိန်ကလေးအတွင်းတွင် ထန်စုကျင်း၏စိတ်အစဉ် ဆုံးဖြတ်ရခက်နေသည်။ တစ်ချိန်က ချစ်ခဲ့ရသည့်ချစ်သူကို မမျှော်လင့်ဘဲတွေ့ရခိုက် သူ့မျက်နှာဖုံးကိုချွတ်ပြီး အမှန်အတိုင်းဖွင့်ပြောလိုက်ချင်သည်။ သူတို့နှစ်ဦးကြားမှ သိခွင့်မရလိုက်သောပြဿနာကိုလည်း မေးလိုက်ချင်သည်။

ကျန်ရှင်းယွင်မှာ ထန်စုကျင်းပြောလာမည့်စကားကို ငံ့လင့်စောင့်စားနေသည်။ ထန်စုကျင်းသည် အတန်ကြာသည်အထိ ဆုံးဖြတ်ချက်ချမရဖြစ်နေပြီး စိတ်ထဲရှိရာမေးချလိုက်သည်။

"ထန်စုကျင်းကို မင်းသိသလား"

ထန်စုကျင်းဟူသောအမည်ကြောင့် ကျန်ရှင်းယွင်၏ကိုယ်လုံးလေးမှာ အဆိပ်ပြင်းမြွေတစ်ကောင်အကိုက်ခံရသည့်အလား တွန့်သွားသည်။ အတန်ကြာမှ ....

"သိပါတယ်၊ ဆရာကြီးက ဘာဖြစ်လို့မေးရပါသလဲ"

ထန်စုကျင်းက စိတ်ကိုတည်ငြိမ်အောင်အတတ်နိုင်ဆုံးထိန်းချုပ်လိုက်ပြီး ....

"ဘာ့ကြောင့်ရယ်မဟုတ်ပါဘူး၊ ထန်စုကျင်းဟာ ကျုပ်ရဲ့မိတ်ဆွေတစ်ဦးမို့ပါ၊ ပြီးတော့ ကျုပ်သိရတာက မင်းနဲ့သူနဲ့ ...."

"အို .... အဲဒါမဟုတ်တော့ပါဘူး၊ ကျွန်မနဲ့သူနဲ့ဟာ သိပ်မုန်းတဲ့သူတွေဖြစ်သွားပြီ"

ထန်စုကျင်းမှာ နှလုံးသားကို အပ်ဖျားချွန်ချွန်ဖြင့်ထိုးစိုက်ခံလိုက်ရသကဲ့သို့ နာကျင်သွားလေသည်။

"မင်း .... ဘာ့ကြောင့် သူ့ကိုမုန်းသွားရတာလဲ"

ကျန်ရှင်းယွင်က အံကိုတင်းတင်းကြိတ်ထားပြီး ....

"သူဟာ ကျွန်မရဲ့မေတ္တာကို တန်ဖိုးမထားခဲ့တဲ့သူမို့ပဲ"

ထန်စုကျင်းအံ့အားသင့်သွားသည်။

ကြားရသည့်အဖြစ်က သူနိုးကလူပြန်ဟစ်သကဲ့သို့ ရှိချေ၏။

"အင်း .... ဒါဟာ ကိုယ့်ဘက်ကပြောရင်တော့ အမှန်တွေချည်းဖြစ်နေမှာပေါ့လေ၊ ဒါပေမယ့် အဖြစ်မှန်ကိုသိအောင်တော့ လုပ်သင့်တယ်"



"အို ....ပြီးခဲ့တာတွေပြီးပြီမို့ ဒီအကြောင်းတွေကို ကျွန်မဘာမှမစဉ်းစားချင်တော့ဘူး၊ အိပ်မက်ပမာ သဘောထားလိုက်ပါပြီ၊ အခုကျွန်မနှလုံးသားထဲမှာ သူ့အစား တခြားတစ်ယောက်ကို နေရာပေးလိုက်ပါပြီ"

ထန်စုကျင်းရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

"မင်းဆိုလိုတဲ့သဘောက မင်းမှာ နောက်ထပ်ချစ်ရမဲ့သူ ရှိနေပြီဆိုတဲ့သဘောလား"

"ဟုတ်ပါတယ်ဆရာကြီး"

"ဒါဆို .... အဲဒီလူဘယ်သူလဲ"

ကျန်ရှင်းယွင်က ထန်စုကျင်း၏အမေးကိုမဖြေဘဲ ....

"ဆရာကြီးက ဘာ့ကြောင့် ဒီအကြောင်းတွေကိုသိချင်နေရတာလဲ"

ထန်စုကျင်း စိတ်ကိုတည်ငြိမ်အောင်ထိန်းချုပ်ရင်း ....

"ဒီလိုပါ၊ ထန်စုကျင်းဟာ အခုချိန်အထိ မင်းအပေါ်မှာစိတ်မကုန်သေးပါဘူး၊ ဒါကြောင့် ရှင်းရှင်းပြတ်ပြတ်သိရရင် သူနဲ့တွေ့တဲ့အခါပြောပြမလို့ပါ"

ကျန်ရှင်းယွင်က မချိပြုံးပြုံးလိုက်သည်။

"ဆရာကြီး ဒီအကြောင်းဆက်မမေးရင် ကောင်းမယ်ထင်တယ်"

ထန်စုကျင်း စိတ်ကိုလျှော့ချလိုက်သည်။

"ကောင်းပြီလေ .... ကျုပ်သူနဲ့တွေ့တဲ့အခါ မင်းမှာချစ်သူအသစ်တစ်ယောက်ရနေပြီဆိုတဲ့အကြောင်းပြောပြလိုက်ပါ့မယ်၊ ကဲ မင်းသွားလိုရာသွားနိုင်ပြီ"

ကျန်ရှင်းယွင်မှာ အရိုအသေပေးပြီးထွက်သွားတော့သည်။

ထန်စုကျင်းမှာ အတန်ကြာသည်အထိ ကျောက်ရုပ်ကြီးပမာရပ်လျက် ကျန်ရစ်ခဲ့လေသည်။ ကျန်ရှင်းယွင်အဝေးသို့ရောက်မှ ထန်စုကျင်းက တစ်ယောက်တည်း အားရပါးရရယ်ချလိုက်သည်။

တင်းကျပ်နေသော သူ့စိတ်ကို ပြေလျော့လိုက်ခြင်းပင်ဖြစ်သည်။ ယခုအခါ ကျန်းရှင်းယွင်သည် သူမ၏ဆန္ဒအလျောက် မိမိအား စွန့်ခွာသွားခြင်းဖြစ်ကြောင်း ရှင်းရှင်းကြီးသိလိုက်ရပေပြီ။

စိတ်ထဲ၌ မတင်မကျဖြစ်စရာ ဘာမှမရှိတော့။ ပေါ့ပါးလန်းဆန်းသောစိတ်ဖြင့် ထန်စုကျင်းသည် တောအုပ်အတွင်းမှပြေးထွက်ခဲ့လေတော့၏။

ooo

## သေရဲသူ

ထန်စုကျင်း ယခုသွားနေသည့်ခရီးမှာ အရိပ်မဲ့ပေးခဲ့သည့် စာရင်းအရ ပထမဆုံးသွားရောက်ရမည့်ရန်သူထံသို့ဖြစ်သည်။

လျှောက်လာရင်း အဝေးဆီမှခပ်မှိန်မှိန်လင်းနေသော အလင်းတစ်ခုကိုတွေ့မြင်လိုက်ရသည်။ သေချာစူးစိုက်ကြည့်လိုက်သည့်အခါ စိုက်ခင်းတစ်ခုက တဲအိမ်လေးတစ်လုံးအား ဝိုင်းရံလျက်ရှိသည်ကိုတွေ့ရသည်။ ထိုတဲအိမ်ရှင်သည် ဤမှုံခေါင်သောအရပ်တွင် လာရောက်တိမ်းရှောင်ပုန်းအောင်းနေကြောင်းသိနိုင်သည်။

ထန်စုကျင်းသည် တဲအိမ်တံခါးကိုခေါက်လိုက်ပြီး ....

"အထဲမှာ လူရှိပါသလား"

ဟုမေးလိုက်သည်။

အခန်းတွင်းမှ ပြန်မေးလိုက်သည်။



"ဘယ်သူလဲ"

"မဖိတ်ခေါ်ဘဲရောက်လာတဲ့ ဧည့်သည်ပါ"

"နာမည် ဘယ်သူလဲ"

"ထွက်ကြည့်ရင် သိပါလိမ့်မယ်"

ထိုစဉ် .... ကျွီခနဲတံခါးပွင့်သွားပြီး ဝတ်ရုံဝါနှင့်အဘိုးကြီးတစ်ဦးထွက်လာသည်။ ထန်စုကျင်းအား သေချာစွာကြည့်လိုက်ပြီး အံ့ဩသောအသံဖြင့် ....

"မောင်ရင်က ဘယ်သူပါလဲ၊ ဒီလို လူသူကင်းမဲ့တဲ့အရပ်ကို ဘယ်လိုကြောင့် လာခဲ့ရပါသလဲ"

ထန်စုကျင်းက အေးစက်သောအမူအရာဖြင့် ....

"ဆရာကြီးဟာ မိုးခေါင်ဓား စုလိန်ဟုမဟုတ်လား"

အဘိုးကြီးမှာမျက်လုံးအစုံပြူးကျယ်သွားပြီး တဲအိမ်အတွင်းသို့ရောက်အောင်ဆုတ်သွား၏။ ထန်စုကျင်းက ရုတ်တရက် မျက်နှာဖုံးကိုဆွဲဖွင့်ပြီး သူ၏မူလရုပ်ကိုလှစ်ပြလိုက်သည်။ စုလိန်ဟုက ထန်စုကျင်းအား နားမလည်နိုင်ဟန်ဖြင့်ကြည့်ကာ ....

"မောင်ရင်က ဘယ်သူလဲ"

ထန်စုကျင်းကကိုယ်ကိုမတ်လျက် မျက်နှာကိုတင်းပြီး ....

"သံမဏိလက်ညှိုးထန်စုကျင်းဆိုတာ ကျုပ်ပဲ"

"ထန်စုကျင်း .... ဟုတ်လား၊ ကျုပ်တစ်ခါမှ မကြားဘူးပါလား၊ ကျုပ် သိုင်းလောကနဲ့ အဆက်အသွယ်ပြတ်နေခဲ့တာကြာပြီ၊ နေပါဦး .... မောင်ရင်က ကျုပ်ကို ဘာကိစ္စနဲ့လာတွေ့တာလဲ"

"သွေးကြွေးတောင်းဖို့ပါ"

"ဘာ .... ဘယ်လို"

စုလိန်ဟု မျက်လုံးပြူးသွားသည်။

ထန်စုကျင်းက အံကိုတင်းတင်းကြိတ်ပြီး ....

"ဆရာကြီး ကျွန်တော့်ကို မသိပေမယ့် လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်က မောက်စန်းတောင်သွားတဲ့လမ်းမပေါ်မှာ ဓားတစ်လက်ကိုရယူဖို့အတွက် ဟသ်ာမောင်နံ့ကိုသတ်ခဲ့တာတော့ မှတ်မိမှာပေါ့"

စုလိန်ဟုမှာ မျက်နှာအကြီးအကျယ်ပျက်သွားတော့သည်။

"ဒါဆို .... မင်း .... မင်း"

"ဟုတ်ပါတယ် ... ကျွန်တော်ဟာ ဟသ်ာမောင်နံ့ရဲ့တစ်ဦးတည်းသောသားပါ၊ ဒီလောက်ဆိုရင် ဆရာကြီးသဘောပေါက်ပြီထင်ပါတယ်"

"ဒါဆို မင်း ငါ့ကိုလက်စားချေဖို့လာတာပေါ့ ဟုတ်လား"

ထန်စုကျင်းက သဘောကျစွာပြုံးလိုက်သည်။

"သိပ်ဟုတ်တာပေါ့ဗျာ"

စုလိန်ဟု၏မျက်နှာသည် ရုတ်ခြည်းစိုးရွံ့မှုသို့ပြောင်းသွားပြီး နဖူးပြင်မှချွေးများစီးကျလာသည်။ ထန်စုကျင်းက ....

"အဲဒီတုန်းက ခင်ဗျားနဲ့အတူပါဝင်ခဲ့တဲ့လူတွေဟာ ဘယ်လိုလူစားတွေလဲ"

"မသိပါဘူး"

"ဒါဆိုကောင်းပြီ၊ ခင်ဗျားကို နောက်ဆုံးတစ်ခုမေးမယ်၊ ကျောက်စိမ်းဓား .... အခု ဘယ်သူ့လက်ထဲရောက်နေသလဲ"

"အဲဒါလဲ မသိပါဘူး"

ထန်စုကျင်းက ဒေါသအကြီးအကျယ်ထွက်သွားပြီး ဓားသွားကို ဘေးဘက်သို့ ဆွဲချလိုက်သည်။ စုလိန်ဟု တစ်ချက်တွန့်သွားသည်။ ဓားဒဏ်ရာမှ သွေးများချက်ချင်းစီးဆင်းလာသည်။



"ခင်ဗျားပြောမလား မပြောဘူးလား"

"ဘာမှပြောစရာမရှိဘူး"

စုလိန်ဟုသည် သေဖို့သာ ဆုံးဖြတ်ထားပုံရ၏။ နှုတ်ပိတ်နေသည်။ ထန်စုကျင်းမှာ ဘာဆက်လုပ်ရမည်မှန်းမသိဘဲ အကျပ်ရိုက်သွားသည်။ နောက်ဆုံး စိတ်ကိုအတတ်နိုင်ဆုံးထိန်းကာ ....

"စုလိန်ဟု ဘာအကြောင်းနဲ့ ဟသ်ာမောင်နံ့ကို သတ်ဖြတ်ခဲ့ရတာလဲ"

"ဘာအကြောင်းကြောင့်ဆိုတာ ကျုပ်တကယ်မသိခဲ့ဘူး"

ထန်စုကျင်းက တစ်ချက်စိုက်ကြည့်ကာ ....

"ခင်ဗျားဟာ လုပ်ကြံတဲ့အထဲမှာပါနေတာပဲ၊ ဘာကြောင့်လုပ်ကြံတယ်ဆိုတာတော့ သိရမှာပေါ့"

"ကျုပ်အမှန်အတိုင်းပြောရရင် ရှုပ်ထွေးနေတဲ့တိုက်ပွဲကိုမြင်တာနဲ့ ချက်ချင်း အဲဒီအဖွဲ့ထဲကနေထွက်ခွါခဲ့တယ်၊ ဒါကြောင့် ကျုပ်ကောင်းကောင်းမသိတာပါ"

ထန်စုကျင်း ခေါင်းကိုတွင်တွင်ခါယမ်းလိုက်ပြီး ....

"အရှုံးစကားတွေ လာပြောမနေနဲ့၊ ခင်ဗျားနဲ့အတူတူလုပ်ကြံတဲ့လူက ခင်ဗျားပါတယ်လို့ အတိအကျသတင်းပေးလို့ ကျုပ် အခုလိုလိုက်လာခဲ့တာပဲ"

စုလိန်ဟု၏မျက်လုံး မီးဝင်းဝင်းတောက်သွားပြီး ....

"ကျုပ်ကို ဒီအထဲပါတယ်လို့သတင်းပေးလိုက်တဲ့သူက ဘယ်သူလဲ"

"ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားသိဖို့မလိုဘူး၊ ခင်ဗျားနဲ့ အတူ ဘယ်သူတွေပါလဲဆိုတာ ကျုပ်ပြောပြမယ်၊ လျှပ်စီးဓား ကွမ်းကြုံအိ၊ ပြီးတော့ ကျားရဲညီနောင်နှစ်ဖော်၊ နတ်ဓားရှင်ကျောက်လုံ၊ အဆိပ်

ဘုရင်ဂူထူးချန်နဲ့ မြွေနဂါးဝှမ်ပိုဖုန်းတို့ပဲ”

အဘိုးကြီးစုလိန်ဟုမှာ အံ့အားသင့်သွားသည်။

“မင်း ဘယ်လိုလုပ်သိသလဲ”

“ကျုပ်ဘယ်လိုလုပ်သိတယ်ဆိုတာ ခင်ဗျားကိုပြောပြဖို့ မလိုဘူး၊ တခြားဘယ်သူတွေပါသေးတယ်ဆိုတာပြောပါ”

အဘိုးကြီးစုလိန်ဟုက မစဉ်းစားဘဲပင် ချက်ချင်းပြန်ဖြေလိုက်သည်။

“နောက်ထပ် ဘယ်သူမှမရှိတော့ပါဘူး”

“လိမ်မနေနဲ့ တခြားသူတွေရှိနိုင်သေးတယ်”

အဘိုးကြီးစုလိန်ဟုကထိတ်လန့်ဟန်မပြဘဲ ခပ်ပြတ်ပြတ်ပင် ပြန်ဖြေလိုက်သည်။

“ကျုပ်သိတာကတော့ မောင်ရင်ပြောတဲ့လူအကုန်ပဲ”

“ဒါဆို စောစောက ဘာလို့မပြောလဲ၊ ခင်ဗျားလိမ်တာပေါ့ နေပြီ၊ ကဲ .... ပြော ကျောက်စိမ်းဓား ဘယ်သူ့ဆီမှာလဲ”

အဘိုးကြီးစုလိန်ဟုထံမှ အသံလုံးဝထွက်မလာပေ။

“ကောင်းပြီ၊ ခင်ဗျားမပြောလဲ တခြားတစ်ယောက်ယောက် ကတော့ပြောမှာပဲ၊ အခု ခင်ဗျားကို ကျုပ်မသတ်တော့ဘူး၊ ခင်ဗျားကိုတစ်သက်လုံး လူစဉ်မမီအောင်လုပ်လိုက်မယ်”

စုလိန်ဟုန်း၏မျက်လုံးအစုံမှာ ချက်ချင်းပြူးကျယ်သွားပြီး သူ၏ခန္ဓာကိုယ်ကြီးသည်လည်း တရှိန်ထိုးတိုးဝင်လိုက်၏။

“အား ....”

နာကျင်စွာအော်လိုက်သော အသံတစ်ချက်ထွက်ပေါ်လာသည်။ ထန်စုကျင်း၏ဓားရှည်မှာ စုလိန်ဟု၏ရင်ဝကိုထိုးဖောက်သွားလေသည်။ စုလိန်ဟုသည် သူ့ကိုယ်သူ အဆုံးစီရင်လိုက်ခြင်းဖြစ်၏။



ထန်စုကျင်းမှာ စုလိန်ဟု၏ ရုတ်တရက် အပြုအမူကြောင့် ခေတ္တငေးကြောင်သွားလေတော့၏။

ထန်စုကျင်းမှာ မကျေမနပ်ဖြင့် အံကိုတင်းတင်းကြိတ်လိုက်သည်။ စုလိန်ဟုသည် အဘယ်ကြောင့် ကိုယ့်ကိုယ်ကိုအဆုံးစီရင်နှုတ်ပိတ်သွားရပါသနည်း။

ထန်စုကျင်း နားမလည်နိုင်အောင်ဖြစ်မိသည်။

ထိုစဉ် .... ညမှုန်ရီရီအောက်တွင် လူရိပ်တစ်ရိပ်သည် တဲအိမ်ဆီသို့ ခပ်သွက်သွက်ရွေ့လျားလာနေသည်ကိုတွေ့လိုက်ရ၏။

ထန်စုကျင်းသည် သူ၏မျက်နှာဖုံးစွပ်အား ကပျာကယာစွပ်လိုက်၏။ မျက်နှာဖုံးစွပ်ပြီးချိန်မှာပင် ထိုလူရိပ်သည် အခန်းတံခါးဝသို့ရောက်ရှိလာ၏။ ထန်စုကျင်းလှမ်းကြည့်လိုက်ရာ မိန်းမချောလေးကျန်ရှင်းယွင်ဖြစ်နေသည်ကိုတွေ့လိုက်ရ၏။

ကျန်ရှင်းယွင်၏လက်နှစ်ဖက်တွင် ကြိမ်ခြင်းနှစ်ခုဆွဲထားပြီး အိတ်တစ်လုံးပိုးထား၏။ ကျန်ရှင်းယွင်သည် တံခါးဝအနီးသို့ ရောက်သည်နှင့် ....

“ဆရာဦးကြီး .... မိုးချုပ်နေပြီ၊ ဘာဖြစ်လို့မပြန် ....”

ကျန်ရှင်းယွင်သည် မမျှော်လင့်ဘဲ ထန်စုကျင်းအား တွေ့လိုက်ရသဖြင့် စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။ ထို့နောက် အဘိုးအိုအသွင်ရုပ်ဖျက်ထားသည့် ထန်စုကျင်းအား ထိတ်လန့်တကြားကြည့်ကာ ....

“ဆရာကြီး .... ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေပြန်တာလဲ”

ထန်စုကျင်းမှာ ကျန်ရှင်းယွင်အား မည်သို့ပြန်ပြောမှန်းမသိအောင်ဖြစ်သွား၏။

“ဘုတ် .... ”

ကျန်ရှင်းယွင်လက်ထဲမှဆွဲခြင်းနှင့် နောက်ကျောမှအိတ်တို့ မြေပေါ် ရုတ်တရက်ပြုတ်ကျသွား၏။

ကျန်ရှင်းယွင် အဖြစ်မှန်ကိုမြင်တွေ့သွားချေပြီ။

"ဆရာကြီး .... ဆရာကြီးက ကျွန်မရဲ့ဦးကြီးကို သတ်လိုက်တယ်ပေါ့ဟုတ်လား"

ထန်စုကျင်းက စိတ်မသက်သာဟန်ဖြင့်ခေါင်းညိတ်ကာ ....

"ဟုတ်ပါတယ်၊ သူ့ကိုကျုပ်သတ်လိုက်တာပါ"

ကျန်ရှင်းယွင်မှာ မည်သို့မှပြန်မပြောတော့ဘဲ အိမ်ထဲသို့ အမြန်ပြေးဝင်သွားပြီး လဲကျနေသောစုလိန်ဟုအားကြည့်လိုက်၏။ ထို့နောက် ဓားကိုဆွဲထုတ်ပြီး ထန်စုကျင်းဘက်လှည့်ကာ ....

"ဘာဖြစ်လို့ သူ့ကိုသတ်ရတာလဲ"

ထန်စုကျင်းက အေးဆေးတည်ငြိမ်သောအသံဖြင့် ....

"လွန်ခဲ့တဲ့နှစ်နှစ်ဆယ်က သွေးကြွေးကြောင့်ပါ"

ကျန်ရှင်းယွင်က နားမလည်နိုင်စွာကြည့်ရင်း ....

"လွန်ခဲ့တဲ့နှစ်နှစ်ဆယ်က ဘာဖြစ်ခဲ့လို့လဲ"

"လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က သူဟာ လူတစ်စုနဲ့ပေါင်းပြီး ဟသ်ာမောင်နှံကိုဝိုင်းဝန်းလုပ်ကြံသတ်ဖြတ်ခဲ့တယ်လေ"

"ဒါ .... အမှန်ပဲလား"

"ကျုပ်ဟာ ဘယ်တုန်းကမှ လူတစ်ယောက်ကို အကြောင်းမဲ့ ရန်မရှာဘူး"

ကျန်ရှင်းယွင်၏မျက်နှာတွင် ဒေါသကိုမချုပ်တီးနိုင်တော့သည့်အသွင်ပေါ်လာပြီး ....

"အို .... အပြစ်ရှိရှိ မရှိရှိ၊ ကျွန်မရဲ့ဦးကြီးကိုသတ်တဲ့အတွက် ရှင့်ကိုကျွန်မလက်တုံ့ပြန်ရလိမ့်မယ်"



ပြောပြောဆိုဆိုဖြင့် ကျန်ရှင်းယွင်က ထန်စုကျင်းထံ တစ်ဟုန်ထိုးဝင်ရောက်တိုက်ခိုက်တော့၏။

အတွင်းအားကိုအပြည့်သုံးကာ အပိုင်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သို့သော် .... ထန်စုကျင်းမှာ အဆင့်မြင့်သိုင်းသမားတစ်ဦး ဖြစ်သောကြောင့် ဤတိုက်ကွက်မှလွတ်အောင် ခုန်ထွက်သွားနိုင်လေသည်။ ထန်စုကျင်း၏ကိုယ်မှာ တဲအိမ်တံခါးအပြင်ဘက်သို့ ရောက်သွား၏။ ကျန်ရှင်းယွင်ကလည်း တံခါးအပြင်ဘက်သို့ ထပ်ဆင့်၍ ခုန်လိုက်လာပြီး ရက်စက်သောဓားကွက်များဖြင့် တိုက်ခိုက်ပြန်လေသည်။ ထန်စုကျင်း ထပ်ဆင့်ရှောင်တိမ်းလိုက်ရပြန်သည်။

ဤတစ်ကြိမ်တွင် ကျန်ရှန်းယွင်က ထပ်ဆင့်တိုက်ခိုက်ခြင်း မပြုတော့ဘဲ အသံကျယ်ကျယ်ဖြင့်အော်မေးလိုက်၏။

"ဆရာကြီးရဲ့နာမည် ဘယ်လိုခေါ်လဲ"

"ကျုပ်မှာ နာမည်မရှိဘူး"

ကျန်ရှင်းယွင်က အလွန်မုန်းတီးဟန်ဖြင့်ကြည့်လိုက်ပြီး ....

"ဘယ်လိုလဲ .... ရှင် သတ္တိမရှိဘူးလား၊ လူတစ်ယောက်ကို ဒီလိုအမည်မဖော်ဘဲ ခိုးကြောင်းခိုးဝှက်သတ်ချင်သလား"

ထန်စုကျင်း၏စိတ်ထဲ မခံချင်မှုကထောင်းခနဲဖြစ်သွား၏။

"ဘာလဲ .... မင်း ငါ့နာမည်ကို တကယ်သိချင်လို့လား"

"သိချင်လို့မေးတာပေါ့"

ထန်စုကျင်းက ခေတ္တစဉ်းစားလိုက်ပြီး ....

"မှတ်ထား၊ ငါ့နာမည်ဝိညာဉ်နှုတ်အဘိုးကြီး"

"ဘယ်လို .... ဝိညာဉ်နှုတ်အဘိုးကြီးဟုတ်လား"

"အေး .... ဟုတ်တယ်"

ကျန်ရှင်းယွင်က အတန်ကြာစဉ်းစားနေပြီးမှ ....

"သိုင်းလောကမှာ ဒီနာမည် တစ်ခါမှမကြားဖူးပါလား"

ထန်စုကျင်းကအေးဆေးစွာဖြင့် ....

"အခုကြားရပြီမဟုတ်လား"

ကျန်ရှင်းယွင်က ဒေါသတကြီးဖြင့် ....

"ဘာဖြစ်လို့ သိုင်းပညာလုံးဝမသုံးနိုင်တဲ့လူကိုသတ်လိုက်ရတာလဲ"

ထန်စုကျင်းမှာ ထိုစကားကြောင့် အံ့ဩတုန်လှုပ်သွား၏။

"ဘာ .... ဘယ်လို .... သူဟာ သိုင်းပညာကို လုံးဝမသုံးနိုင်ဘူးဟုတ်လား"

"ရှင်မမြင်ဘူးလား"

ကျန်ရှင်းယွင်၏စကားက ထန်စုကျင်းအား ငေးကြောင်သွားစေတော့၏။ ထို့ကြောင့် စုလိန်ဟုသည် သူ့အား လုံးဝမခုခံခြင်းဖြစ်သည်ကို ယခုမှသဘောပေါက်လာ၏။ ကျန်ရှင်းယွင်၏စကားအရ စုလိန်ဟု၏သိုင်းပညာမှာ တစ်စုံတစ်ယောက်၏ဖျက်ဆီးခြင်းကို ခံလိုက်ရချေပြီ။

"စုလိန်ဟုရဲ့ သိုင်းပညာကို ဘယ်သူဖျက်စီးတာလဲ"

"ဒါကို ရှင်သိဖို့မလိုပါဘူး"

ထန်စုကျင်း ဒေါပွသွားပြီး ....

"ကောင်းပြီ .... ဒါဆို အခုမင်းဘာလုပ်ချင်သလဲ"

"ထုံးစံအတိုင်း ရှင့်ကိုလက်စားချေရမှာပေါ့"

ထန်စုကျင်းက တစ်ချက်ပြုံးလိုက်ပြီး ....

"ဒါပေမယ့် မင်းရဲ့ပညာက ငါနဲ့ယှဉ်နိုင်လောက်တဲ့အဆင့်မရှိသေးပါဘူး"



"ကျွန်မ သေလဲ မဆန်းဘူး၊ ရှင့်ကိုလက်စားချေမယ့်သူ ထပ်ရောက်လာလိမ့်မယ်"

ထန်စုကျင်းက မခိုးမခန့်ပြုံးလိုက်ပြီး ....

"ဘာလဲ .... လက်မရွံ့ဂူရဲကိုပြောတာလား"

"ဒါ .... ရှင်မေးဖို့မလိုဘူး"

ကျန်ရှင်းယွင်က ဘုပြောပြန်သည်။

"မင်းရဲ့ဆရာဂူရဲကိုသာ တစ်ခါတည်းထွက်လာခိုင်းလိုက်ပါ၊ မင်းနဲ့တော့ ကျုပ်မယှဉ်ချင်ဘူး"

"အို .... ကြာပါတယ်"

ကျန်ရှင်းယွင်က လက်ထဲမှဓားကိုဝှေ့ယမ်းလျက် တိုက်ခိုက်လိုက်လေတော့သည်။ ထန်စုကျင်းက နောက်သို့ ခြေနှစ်လှမ်းဆုတ်ပြီး အေးဆေးသောအမူအရာဖြင့်လှမ်းအော်ပြောလိုက်၏။

"မင်းရဲ့တိုက်ချက်ကို ရပ်တန်းကရပ်ပါ၊ မင်းဟာ ကျုပ်ရဲ့မိတ်ဆွေထန်စုကျင်းနဲ့ပတ်သက်နေလို့ မင်းကိုကျုပ်ရန်မရှာချင်ဘူး၊ သွေးကြွေးကို သွေးနဲ့ပဲ ပြန်ဆပ်ကြစတမ်းဆိုရင်တော့ အခု ကျုပ်ဟာ စုလိန်ဟုဆီကသွေးကြွေးကို သွေးနဲ့တောင်းယူလိုက်တာပဲ"

ကျန်ရှင်းယွင်က မာန်တစ်ချက်သွင်းပြီးပြန်ပြော၏။

"ထန်စုကျင်းအကြောင်း လုံးဝထည့်မပြောပါနဲ့၊ သူနဲ့ ကျွန်မ ဘာမှမပတ်သက်တော့ဘူး"

"ဒါဆိုလဲ ... မင်းရဲ့နောက်ထပ်ချစ်သူအတွက် မင်းထည့်ပြီးစဉ်းစားပါ၊ အခု မင်းသာငါ့လက်ချက်နဲ့သေသွားရင် မင်းချစ်သူအသစ်ဘယ်လိုခံစားရမလဲ"

ဤစကားက ကျန်ရှင်းယွင်၏နှလုံးသားအား တိုက်ရိုက်ထိမှန်သွားသကဲ့သို့ရှိ၏။ ကျန်ရှင်းယွင်မှာ ထန်စုကျင်း၏စကားကြောင့်

ခေတ္တငေးငိုင်သွားပြီး ခေါင်းဦးမှာအောက်သို့စိုက်ကျသွားသည်။

ယင်းအဖြစ်ကိုကြည့်လျက် ထန်စုကျင်းမှာ ကျန်ရှင်းယွင်အား စိတ်ထဲမှကျိန်ဆဲလိုက်သည်။

"ဟင်း .... အရှက်မရှိ၊ သစ္စာမရှိတဲ့မိန်းမ၊ ရင်ခွင်သစ်ကို ခင်တွယ်နေလိုက်တာ၊ အခုတော့ ရှင်းပါပြီ၊ သူ ငါ့ကို တကယ်ချစ်ခဲ့တာမှမဟုတ်တာ"

ထန်စုကျင်းမှာ မအောင့်နိုင်တော့ဘဲ ကျန်ရှင်းယွင်အား ဆက်၍ကလိလိုက်သည်။

"ဩော် .... မင်းကြည့်ရတာ၊ ချစ်သူအသစ်ကို ထန်စုကျင်းထက်ပိုပြီးချစ်ပုံရတယ်"

ကျန်ရှင်းယွင်က နှုတ်ခမ်းကို တင်းတင်းစေ့ကာ အံကိုတင်းတင်းကြိတ်လိုက်၏။

"ရှင်သိနေမှတော့ ကျွန်မပွင့်ပွင့်လင်းလင်းပဲပြောတော့မယ်၊ ဟုတ်တယ်၊ ကျွန်မရဲ့နောက်ချစ်သူကို ပိုပြီးချစ်တယ်၊ ကျွန်မအသက်တစ်ပိုင်းကို ကျွန်မချစ်သူအတွက်ပေးထားပြီးပြီရှင့်"

ထန်စုကျင်းက အားရပါးရရယ်လိုက်၏။

"ဟား .... ဟား .... ဟား .... မင်းက တယ်လဲ အပြောင်းအလဲမြန်တတ်တာကိုး"

ထန်စုကျင်းမှာ မိမိဘာသာမိမိပြောပြီး ရင်ထဲနာကျင်သလိုခံစားရသဖြင့် ရုတ်တရက်ငိုင်တွေ၍သွားသည်။ ငေးငိုင်နေသည့်ထန်စုကျင်းကိုကြည့်ကာ ကျန်ရှင်းယွင်မှာ နားမလည်နိုင်အောင်ဖြစ်သွား၏။ ဤအဘိုးကြီး၏လှုပ်ရှားမှုမှာ အရွယ်နှင့်မလိုက်အောင် အလွန်မြန်ဆန်နေ၏။ ထို့ပြင် သူ၏စကားပြောသံသည်လည်း တစ်စုံတစ်ခုကိုလျှို့ဝှက်ထားသကဲ့သို့ရှိနေ၏။



ကျန်ရှင်းယွင်က ထန်စုကျင်းအား စေ့စေ့ကြည့်ရင်း တွေးနေမိ၏။ ထန်စုကျင်းမှာ မိမိကိုယ်မိမိ မလုံမလဲဖြစ်လာပြီး ဤနေရာမှ အမြန်ဆုံးထွက်ခွာမှဖြစ်လိမ့်မည်ဟုတွေးလိုက်၏။

ထို့ကြောင့် အေးဆေးသောအမူအရာဖြင့် ....

"ကဲ .... ကျုပ်သွားတော့မယ်"

ပြောပြီး လှည့်ထွက်ရန်ဟန်ပြင်လိုက်၏။ ဤတွင် ကျန်ရှင်းယွင်က အသံကျယ်လောင်စွာဖြင့် ရုတ်တရက်တားဆီးလိုက်၏။

"နေဦး"

"ဘယ်လိုလဲ၊ ပြောစရာရှိသေးလို့လား"

ထန်စုကျင်းက ပြန်လှည့်ကာမေးလိုက်၏။

"ရှင်နဲ့အတူလာတဲ့သူက ဘယ်သူလဲ"

ထန်စုကျင်းမှာ ရုတ်တရက် မျက်လုံးပြူးသွားပြီး ထိတ်လန့်သွားသောအသံဖြင့် ....

"ဘယ်လို .... ကျုပ်နဲ့အတူလာတဲ့လူဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မ တောင်ကြားအပြင်ဘက်ကနေ အဲဒီလူထွက်သွားတာမြင်လိုက်တယ်၊ ဝတ်ရုံစိမ်းနဲ့လူတစ်ယောက်ပဲ၊ ပထမကျွန်မ သတိမထားလိုက်မိပေမယ့် အခုမှသတိရတယ်၊ ဒီလူဟာ ရှင်နဲ့တစ်ဖွဲ့တည်းဖြစ်မယ်ထင်တယ်"

ထန်စုကျင်းမှာ မည်သို့မျှပြန်မပြောနိုင်ဘဲငိုင်သွား၏။တစ်ဆက်တည်း ပြေး၍သတိရလိုက်သည်မှာ မိုးကြိုးဂိုဏ်းချုပ် ကွမ်းကြုံအိနှင့်နဂါးပျံဂိုဏ်းခွဲမှူးယဲ့စုကျိုင်းတို့ လုပ်ကြံခံရခြင်းဖြစ်၏။ ထိုစဉ်က အရိပ်မဲ့၏ပြောပြချက်အရ လူသတ်သမားသည် ဝတ်ရုံစိမ်းနှင့်လူပင်ဖြစ်၏။ ယခုလည်း ဝတ်ရုံစိမ်းနှင့်လူသည် မိမိနောက်တွင် လိုက်လာသည်ဟု ကျန်ရှင်းယွင်ကဆိုပြန်သည်။ အလွန်ပင် တိုက်ဆိုင်နေသည်။

သို့ဆိုလျှင် ဝတ်ရုံစိမ်းနှင့်လူသည် မိမိနောက်သို့ တမင်ပင် လိုက်နေခြင်းပင်လော။ ထိုလူသည် လူသတ်သမားဆိုလျှင် မိမိကို အဘယ့်ကြောင့် မသတ်သနည်း။ ထိုလူသည် လူသတ်သမားမဟုတ် ခဲ့လျှင်လည်း အဘယ့်ကြောင့် မိမိနောက်သို့လိုက်နေရပါသနည်း။

ထန်စုကျင်းမှာ တခဏအတွင်း စိတ်ထဲ၌ မေးခွန်းပေါင်း များစွာကိုအမေးအဖြေလုပ်နေပြီးနောက် ခေါင်းကိုခါယမ်းလိုက်၏။

"ကျုပ်နဲ့အတူ ဘယ်သူမှမပါလာဘူး၊ ကျုပ်တစ်ယောက်ထဲ လာခဲ့တာ"

"ဒါ အမှန်ပဲလား"

"ကျုပ် လိမ်ညာစရာအကြောင်းလုံးဝမရှိဘူး"

ကျန်ရှင်းယွင်မှာ အံ့သြသောအကြည့်ဖြင့် ....

"ဒါဆိုရင် အတော့်ကိုထူးဆန်းနေပြီ၊ ဒီနေရာတဝိုက်ကိုလဲ သိုင်းလောကက ပုဂ္ဂိုလ်တွေအသွားအလာသိပ်ရှိတာမဟုတ်ဘူး၊ အင်း ဧကန္တ ဒီလူဟာ ဟိုတောအုပ်ထဲက နဂါးပျံဂိုဏ်းသားတွေကိုသတ်ခဲ့ တဲ့လူပဲဖြစ်ရမယ်"

ထန်စုကျင်းမှာ လွန်စွာတုန်လှုပ်သွားသည်။

ထို့နောက် နှုတ်မှ မရဏတမန်ဟုအော်ဟစ်ကာ နေရာမှ ရုတ်တရက်ပြေးထွက်သွားတော့သည်။ ကျန်ရှင်းယွင်မှာ ဘာမျှနား မလည်နိုင်ဘဲ ငေးကြောင်ကြည့်လျက်ကျန်ရစ်ခဲ့လေသည်။

ဝဝဝ

ညအမှောင်ထုက တောတောင်တစ်ခုလုံးကို လွှမ်းအုပ်ထား သည်။ ထန်စုကျင်းသည် အတန်ကြာပြေးလာပြီးနောက် ကျောက် တုံးကြီးတစ်တုံးပေါ်တွင်ထိုင်ချကာ အနားယူလိုက်သည်။



ယင်းသို့ထိုင်၍အနားယူစဉ် သူ၏အတွေးအိမ်ထဲသို့ ကျန် ရှင်းယွင်ဝင်ရောက်လာသည်။ သို့သော် ထိုအတွေးကို ချက်ချင်းပင် ကြိုးစား၍ဖျောက်လိုက်သည်။ မိမိအား မငဲ့တွယ်ဘဲ ရင်ခွင်သစ်သို့ ပြောင်းသွားသူအား မတွေးခြင်းကအကောင်းဆုံးဟုဆုံးဖြတ်လိုက် ၏။ ထန်စုကျင်း စိတ်ရှုပ်ထွေးနေစဉ် ....

"ကယ်တော်မူကြပါ"

အသံနက်ကြီးတစ်သံသည် တောတောင်တစ်ခုလုံးဟိန်း ထွက်သွားသည်။ ထန်စုကျင်းသည် အော်သံကြီးကြောင့် အတွေး အာရုံမှ လန့်နိုးကာ အသံလာရာဆီသို့မှန်း၍ တစ်ဟုန်ထိုးပြေး ထွက်သွားလေတော့၏။

ခဏအကြာတွင် မှောင်မိုက်သည့် ညဥ့်လွှာရုံအောက်တွင် လူရိပ်တစ်ရိပ် လျင်မြန်စွာရွေ့လျားနေသည်ကိုတွေ့ရသည်။

ထန်စုကျင်း၏ခြေလှမ်းတို့က ထိုလူရိပ်ရွေ့လျားသည့်နေ ရာသို့ ဦးတည်လိုက်၏။ ထန်စုကျင်းရောက်သွားချိန်၌ မြက်ခင်းပြင် ပေါ်တွင် လူသန် ကြီးနှစ်ဦးနှင့် အဘိုးကြီးတစ်ဦးတို့ လဲကျနေသည်ကို တွေ့ရသည်။ အဘိုးအိုကြီးမှာ အသက်ငွေ့ငွေ့ရှိနေသေးသည်။

ထန်စုကျင်းက အလောတကြီးမေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူ့လက်ချက်လဲ"

အဘိုးကြီး၏မျက်လုံးအစုံက ပွင့်မလာ။ သို့သော် တိုးညင်း လှသောလေသံကလေးထွက်ပေါ်လာသည်။

"မ ....မရဏ .... တမန်"

ပြောပြီးသည်နှင့် အဘိုးကြီးမှာ တစ်ချက်တုန်ခါပြီး အသက် ပျောက်သွားလေသည်။

ဝဝဝ

"မရဏာတမန်"

ဤနာမည်ကိုကြားရသည်နှင့် ထန်စုကျင်းစိတ်လှုပ်ရှားသွား
သည်။ နေ့လယ်က ရက်ရက်စက်စက်အသတ်ခံထားရသည့်မြင်ကွင်း
ကိုလည်း မြင်ယောင်လာမိသည်။ ယခုမိမိရှေ့မှောက်တွင်ပင် လူသုံးဦး
အသက်ထွက်သွားကြပြန်လေပြီ။ ယခုသေဆုံးသူသုံးဦးသည် မည်သူ
တွေဖြစ်သနည်း။ နဂါးပျံဂိုဏ်းသားတွေပင်လော။

လူသတ်သွားသည့်အကြောင်းရင်းကကော မည်သို့နည်း။

စောစောက ရိပ်ခနဲပြေးသွားသူသည် မရဏာတမန်ပင် ဖြစ်
မည်လော။ ထိုစဉ် .... လူရိပ်တစ်ရိပ်သည် ထန်စုကျင်းရှေ့သို့ ရိပ်ခနဲ
ကျရောက်လာသည်။ ထန်စုကျင်းထိတ်ခနဲဖြစ်ကာ လက်ဝါးနှစ်ဖက်
ကိုမြှောက်ပြီး တိုက်ခိုက်ရန်ပြင်လိုက်သည်။

နှုတ်မှလည်း ကျယ်လောင်စွာအော်လိုက်၏။

"မရဏာတမန်"

"ဘယ်မှာလဲ"

ဒုတိယအသံမှာ ရောက်ရှိလာသောလူရိပ်ထံမှ ထွက်ပေါ်
လာခြင်းဖြစ်သည်။ ထိုအသံကို သူကြားဖူးသလိုလိုရှိ၏။

လူရိပ်အား သေချာစွာကြည့်လိုက်ရာ ....

"ဩော် .... ဆရာကြီးကိုး"

မိမိရပ်ဖျက်ထားသည်ကိုမေ့လျော့ကာ လွတ်ခနဲပြောလိုက်
မိသည်။ စင်စစ် ရုတ်တရက်ရောက်ရှိလာသည့် အရိပ်ရှင်မှာ သူ့မိဘ
အား သတ်သူများကိုလမ်းညွှန်လိုက်သော အရိပ်မဲ့ပင် ဖြစ်နေသည်
အရိပ်မဲ့က တဟားဟားရယ်မောပြီး ....

"ဩော် .... မောင်ရင်ကိုး သိပ်တော်ပါပေတယ်၊ မင်းရဲ့မျက်
နှာဖုံးစွပ်ပညာဟာ တော်တော်လဲအသက်ဝင်လှပါတယ်၊ ငါတော



မျက်စိလည်သွားတယ်"

ထန်စုကျင်းမှာ မိမိ၏သတိမဲ့မှုကြောင့် ဟန်ဆောင်မှုပေါ်
သွားသည်။ အရိပ်မဲ့က ထန်စုကျင်းအားမေးသည်။

"မင်းခုနကပြောတဲ့ မရဏာတမန်ဆိုတာ ဘယ်သူလဲ"

ထန်စုကျင်းမှာ အမေးကိုမဖြေဘဲ အရိပ်မဲ့အား သေချာစွာ
စူးစိုက်အကဲခတ်လိုက်သည်။ ဤအဘိုးကြီးမှာ မည်သည့်အခါမှ သူ့
အမည်ကိုထုတ်ဖော်ပြောခြင်းမရှိ။ ယခုရောက်လာပုံမှာလည်း
ရုတ်တရက်ဖြစ်၏။ ဤအဘိုးကြီးပင် မရဏာတမန်ဖြစ်နေမည်လော။

ထန်စုကျင်း အတန်ကြာအောင် စဉ်းစားနေပြီးမှ ....

"မရဏာတမန်ဆိုတာ ဒီတစ်နေ့တည်းမှာပဲ လူသတ်မှု နှစ်
ကြိမ်ကျူးလွန်ခဲ့တဲ့သူပဲ၊ အခု ဒီလူသုံးယောက်ကိုလဲ မရဏာတမန်သတ်
သွားတာပဲဖြစ်မယ်"

အရိပ်မဲ့က ထန်စုကျင်းအား ရုတ်တရက်ပြန်မေးလိုက်၏။

"မင်း သူ့ကိုတွေ့လိုက်လို့လား"

"သေသေချာချာတော့ မတွေ့လိုက်ရဘူး၊ ဒါပေမယ့် နောက်
ကျောအရိပ်ကိုတော့ မြင်လိုက်ရတယ်"

"ဒါဖြင့် မင်းက ဘာကြောင့် မရဏာတမန်လို့ အတတ်ပြော
နိုင်ရတာလဲ"

"အသတ်ခံရတဲ့လူတွေ မသေခင်ပြောသွားတဲ့စကားအရပါ"

ထန်စုကျင်းက သေနေသူများဘက်သို့လှမ်းကြည့်ကာ ပြော
လိုက်ခြင်းဖြစ်သည်။ အရိပ်မဲ့ကလည်း သေနေသူများဘက်သို့ လှမ်း
ကြည့်လိုက်ရာ ....

"ဟာ .... ဒီဂြိုဟ်သုံးကောင် သိုင်းလောကထဲပေါ်မလာတာ
ကြာပြီပဲ"

အရိပ်မဲ့သည် ရှေ့သို့တိုး၍ သေနေသူများအား အတန်ကြာအောင်ကြည့်လိုက်သည်။ ထို့နောက် နောက်ဆုံးလူ၏ မျက်ခုံးမွေးနှစ်ခုကြားနေရာကိုကိုင်ကြည့်လိုက်ပြီး ....

"အင်း .... သိပ်ဟုတ်တာပေါ့ သူပဲ"

ထန်စုကျင်းက အနီးကပ်ကာကြည့်မိသည်။

သေသူများ၏မျက်ခုံးမွေးနှစ်ခုကြားတွင် သွေးကြောင်းငယ်များကိုဝိုးတဝါးတွေ့လိုက်ရသည်။ ထန်စုကျင်းသည် ရုတ်တရက်မိုးကြိုးဂိုဏ်းချုပ်ကွမ်းကြုံအိ၏နောက်ဆွေ့မှဒဏ်ရာကို သတိရလိုက်ပြီး စိတ်ထဲထိတ်လန့်တုန်လှုပ်သွားသည်။

မရဏတမန်သည် မိမိသွားရာနောက်သို့ တောက်လျှောက်လိုက်နေခြင်းမှာ မည်သို့သောအကြောင်းကြောင့်နည်း။

နေ့လည်က သစ်တောအုပ်အတွင်း လုပ်ကြံမှုတွင် အမှတ်အသားထားခဲ့၏။ ယခု ဤသုံးယောက်ကိုလုပ်ကြံရာတွင်မူ အမှတ်အသား လုံးဝမထားရှိခဲ့ပြန်ချေ။ ထို့ကြောင့် ဤမရဏတမန်၏ လှုပ်ရှားမှုအား မှန်းဆရခက်နေတော့သည်။

ထန်စုကျင်းက မတ်တတ်ရပ်လိုက်ပြီး အရိပ်မဲ့အား အကဲခတ်လိုက်သည်။ အရိပ်မဲ့ကလည်း အကင်းပါးသည်။

"ဘာလဲ ....မောင်ရင်က ကျုပ်ကို မရဏတမန်လို့ထင်နေသလား"

ထန်စုကျင်းမှာ မည်သို့ပြန်ဖြေရမှန်းမသိဘဲ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ပြီးမှ ....

"ကျွန်တော့်စိတ်ထဲမှာ ဒီလိုပဲထင်နေတယ်၊ ဘာကြောင့်လဲဆိုတော့ တိုက်ဆိုင်မှုတွေကသိပ်များနေတယ်မဟုတ်လား"

အရိပ်မဲ့က တစ်ချက်ပြုံးလိုက်သည်။



"ဒါပေမယ့် ကျုပ်မဟုတ်တာတော့သေချာတယ်"

ထန်စုကျင်းက တစ်ချက်စိုက်ကြည့်လိုက်ပြီး ....

"ဆရာကြီး မဟုတ်ဘူးပေါ့"

"လုံးဝမဟုတ်ဘူး၊ ကျုပ်ဒီနေရာကိုရောက်လာတာ နဂါးပျံဂိုဏ်းကအဆင့်မြင့်သိုင်းသမားတွေနောက်ကိုလိုက်ရင်း ရောက်လာရတာ၊ သူတို့ကလဲ အထက်အမိန့်အရ ပျောက်ဆုံးနေတဲ့ မိုးခေါင်ဓားစုလိန်ဟုကိုလိုက်ရှာနေတာလို့သိရတယ်"

"အို ...."

ထန်စုကျင်း၏စိတ်ထဲတွင် အာမေဋိတ်သံတစ်ချက်ထွက်သွားသည်။

"ဒါနဲ့ဆရာကြီးက သူတို့နောက် ဘာလို့လိုက်နေရတာလဲ"

အရိပ်မဲ့ကပြန်ဖြေသည်။

"သူတို့ ဘာ့ကြောင့် မိုးခေါင်ဓားစုလိန်ဟုကိုလိုက်ရှာရသလဲဆိုတဲ့အချက်ကိုသိချင်လို့"

အရိပ်မဲ့၏အဖြေမှာ ပဟေဠိဆန်နေသည်။

"ဒါဆို မရဏတမန်က ဘာကြောင့်နဂါးပျံဂိုဏ်းသားတွေကိုသတ်သင်နေရတာလဲ"

"ဒါတော့ ကျုပ်လဲမသိဘူး၊ အဲဒီဂြိုဟ်ဆိုးကောင်ဟာ လူသတ်တဲ့နေရာမှာ အင်မတန်ဝါသနာကြီးတယ်၊ ဘယ်သူပဲဖြစ်ဖြစ်သူနဲ့တိုးရင်တော့ အကြောင်းမရှိဘဲလဲ သတ်ချင်သတ်သွားတာပဲ"

ထန်စုကျင်းက သိချင်သည်ကိုထပ်ဆင့်မေးလိုက်၏။

"သူ လူသတ်တိုင်း ဒီလိုပဲအမှတ်အသားကိုထားသွားတတ်သလား"

"တခါမှမကြားမိသေးဘူး၊ ဒါပေမဲ့ .... သူ လူသတ်တဲ့အခါ

ထူးဆန်းတဲ့လက်နက်ပုန်းသုံးတယ်ဆိုတာကိုတော့သိတယ်"

"ဘယ်လိုလက်နက်ပုန်းလဲ"

အရိပ်မဲ့က တစ်ချက်စဉ်းစားလိုက်ပြီး ....

"အင်မတန်ပါးလွှာတဲ့ကြေးပြားလေးပဲ"

"ဓားကိုကောသုံးတတ်သလား"

"ဓားကိုတော့ မသုံးတတ်ဘူး"

"ဒါဆို နေ့လည်ကတွေ့ရတဲ့အလောင်းတွေဟာ ဓားဒဏ်ရာတွေနဲ့သေဆုံးနေတာတွေ့ရတယ်၊ အဲဒီလူတွေရဲ့အနီးသစ်ပင်တစ်ပင်မှာတော့ ကြေးပြားအမှတ်အသားထားခဲ့တယ်"

အရိပ်မဲ့၏မျက်နှာတွင် အံ့သြရိပ်ပေါ်လာပြီး ....

"ဟုတ်လား အခုလိုကြားရတာ ဒါ ပထမဆုံးအကြိမ်ပဲ"

ထန်စုကျင်းအနည်းငယ်စဉ်းစားလိုက်ပြီး ....

"အင်း ဒါဆိုရင် ဒီကိစ္စကစဉ်းစားရခက်နေပြီ"

"အင်း .... ဒီကိစ္စရဲ့နောက်ကွယ်မှာ လျှို့ဝှက်ချက်တစ်ခုခုရှိနေနိုင်တာပေါ့၊ ဒါနဲ့ မောင်ရင် ဒီကိုဘယ်လိုလုပ်ရောက်နေတာလဲ"

ဤတွင် ထန်စုကျင်းက မိုးခေါင်ဓားစုလိန်ဟုအား ရှာဖွေသုတ်သင်ပုံကိုရှင်းပြလိုက်သည်။ မိန်းမချောလေးကျန်ရှင်းယွင် အကြောင်းကိုမူ ထိန်ချန်ထားလိုက်လေသည်။

ထန်စုကျင်း၏ပြောပြချက်ကို သေချာနားထောင်ပြီးနောက် အရိပ်မဲ့က ခေါင်းခါယမ်းလိုက်သည်။

"ဒါ ဘယ်လိုမှမဖြစ်နိုင်ဘူး"

ထန်စုကျင်းမှာ အံ့အားသင့်သွားပြီး ....

"ဘယ်လို မဖြစ်နိုင်တာလဲ"

"စုလိန်ဟုအကြောင်းကိုမောင်ရင်အကုန်သိရဲ့လား"



"ဟုတ်ကဲ့ သိသင့်သလောက်တော့သိပါတယ်၊ မိုးခေါင်ဓားစုလိန်ဟုဟာ လက်မရွံ့ဂူရဲရဲ့သိုင်းသင်ဘက်ညီတော်ပါ"

"ဟုတ်ပြီ လက်မရွံ့ဂူရဲ့ဟာ သိုင်းနတ်ဆိုးကြီးတစ်ဦးဖြစ်ပေမယ့် ဒုစရိုက်အလုပ်တွေမလုပ်ခဲ့ဘူး၊ ဒါပေမယ့် စိတ်ရင်းစေတနာကောင်းတဲ့လူမဟုတ်ဘူး၊ သူ့ရဲ့သိုင်းသင်ဘက်ညီတော်ဟာလဲ သူ့လိုပ်ပေါ့၊ ဒါကြောင့် စုလိန်ဟုရဲ့သိုင်းပညာကို ဘယ်လိုလူမျိုးက ဖျက်ဆီးရဲမှာလဲ၊ တကယ်လို့ တစ်စုံတစ်ယောက်က သူ့ရဲ့သိုင်းပညာကို ဖျက်ဆီးနိုင်တယ်ပဲထား၊ ဒီကိစ္စကို သူ့ရဲ့နောင်တော်သိသွားရင် လက်စားချေမှုဖြစ်မလာနိုင်ဘူးလား"

ထန်စုကျင်းမှာ နားမလည်နိုင်အောင်ဖြစ်သွားသည်။

"ဒါဆို ဆရာကြီးဆိုလိုချင်တာက"

"စုလိန်ဟုက တမင်သေချင်ယောင်ဆောင်တာမဖြစ်နိုင်ဘူးလား"

ဤတစ်ကြိမ်တွင်တော့ ထန်စုကျင်းခေါင်းကို တွင်တွင်ကြီးခါယမ်းလိုက်သည်။

"ဒီလိုတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ ကျွန်တော်ရဲ့ဓားဟာ သူ့ရဲ့နောက်ကျောထိ ထုတ်ချင်းပေါက်သွားတယ်၊ ဒါဟာ ဘယ်လိုဟန်ဆောင်ပြီးသေတာမျိုးဖြစ်နိုင်မလဲ"

ဤတွင် အရိပ်မဲ့ကထိတ်လန့်သောအသံဖြင့် ....

"တကယ်လို့ သေသွားခဲ့တာမှန်ရင်တော့ လက်မရွံ့ဂူရဲဟာမင်းကိုလွှတ်ပေးလိမ့်မယ်မထင်ဘူး"

ထန်စုကျင်းက မကြောက်မရွံ့လေသံဖြင့် ....

"ကျွန်တော်ဟာ မိဘနှစ်ပါးရဲ့သွေးကြွေးအတွက် ဘာကိုမှအရေးမစိုက်ဘဲ ရင်ဆိုင်ဖို့ဆုံးဖြတ်ပြီးပါပြီ"

ထိုစဉ် .... စကားသံတစ်သံသည် သူတို့ထံ ပျံ့လွင့်လာလေ
တော့သည်။ စကားသံနှင့်အတူ လူရိပ်တစ်ရိပ်လည်း သူတို့ရှေ့သို့
ရောက်ရှိလာသည်။

"လက်မရွံ့ဂူရဲက လက်စားချေဖို့အကြောင်းမရှိပါဘူး"

စကားသံကြောင့် နှစ်ဦးစလုံး ထိတ်လန့်တုန်လှုပ်သွားကြ
သည်။ ရုတ်တရက်ရောက်ရှိလာသောအရိပ်ရှင်မှာ နတ်ဆိုးကြီးထုံယိ
ကွမ်းဖြစ်နေသည်။ ထန်စုကျင်းက နတ်ဆိုးကြီးထုံယိကွမ်းအား အကဲ
ခတ်ကြည့်လိုက်ပြီး ....

"ခင်ဗျား ဒီနေရာကို ဘယ်လိုကနေ ဘယ်လိုရောက်လာ
တာလဲ"

နတ်ဆိုးကြီးထုံယိကွမ်းက အေးစက်စက်အမူအရာဖြင့် ...

"ကျုပ် လူတစ်ယောက်နောက်ကိုလိုက်ရင်းနဲ့ ဒီနေရာကို
ရောက်လာတာပါ"

ထန်စုကျင်းက ချက်ချင်းပြန်မေးလိုက်သည်။

"ဘယ်သူ့နောက်ကိုလိုက်လာတာလဲ"

နတ်ဆိုးကြီးက ထန်စုကျင်းကိုတစ်ချက်ကြည့်လိုက်ပြီး ...

"ရောင်မေလိန်ရဲ့အစ်မနောက်ကိုလိုက်လာတာပါ"

"နေသူရိန်ဂိုဏ်းက ဝမ်ပြောင်ရှမ်းလား"

အရိပ်မဲ့က ကြားဝင်မေးလိုက်ခြင်းဖြစ်သည်။

နတ်ဆိုးကြီးထုံယိကွမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"အခု ဘယ်ရောက်သွားပြီလဲ"

"လစ်ပြေးသွားပြီ"

ထန်စုကျင်းက သူသိချင်သောအကြောင်းအရာကို ဝင်



လိုက်သည်။

"ခင်ဗျား ခုနကပြောခဲ့တဲ့ လက်မရွံ့ဂူရဲဟာ လက်စားချေဖို့
အကြောင်းမရှိဘူးဆိုတဲ့စကားက ဘာကိုဆိုလိုတာလဲ"

နတ်ဆိုးကြီးထုံယိကွမ်းက ....

"သူ သိုင်းလောကကိုထွက်လာနိုင်မှာမဟုတ်လို့ပါ"

"ဘာ့ကြောင့်လဲ"

နတ်ဆိုးကြီးထုံယိကွမ်းက ပခုံးတွန့်လိုက်ပြီး ...

"ဒါဟာ သိုင်းလောကရဲ့လျှို့ဝှက်ချက်တစ်ခုပဲ၊ မပြောအပ်
တဲ့လျှို့ဝှက်ချက်တစ်ခုမို့ ကျုပ်ပြောမပြနိုင်တာခွင့်လွှတ်ပါ"

ထန်စုကျင်းသက်ပြင်းချလိုက်ပြီး ....

"ကောင်းပြီလေ၊ ဒီလိုဆို ကျုပ်သိချင်တာတစ်ခုပဲမေးမယ်၊
မိုးခေါင်ဓားစုလိန်ဟုဟာ ဘာကြောင့်သိုင်းပညာမဲ့သွားရတာလဲ"

နတ်ဆိုးကြီးထုံယိကွမ်းက ထန်စုကျင်းအား စူးစိုက်ကြည့်
လိုက်သည်။ နတ်ဆိုးကြီးမှာ ယခုတိုင် ထန်စုကျင်းအား မသိသေးပေ။
ပထမအကြိမ် ခိုင်ဖုန်းမြို့လမ်းပေါ်၌တွေ့ခဲ့စဉ်ကလို မြင်းလှည်း
မောင်းသမားဆံဖြူအဘိုးအိုကြီးဟုပင်ထင်မှတ်နေသည်။

အရိပ်မဲ့ကလည်း ရိပ်မိမည်စိုး၍ ဘာမျှဝင်မပြောချေ။ နတ်
ဆိုးကြီးက အေးအေးဆေးဆေးပင်ပြောသည်။

"စုလိန်ဟု သိုင်းပညာမဲ့သွားရတာက သူတို့နှစ်ယောက်ရဲ့
ကိုယ်ရေးကိုယ်တာကိစ္စပါ၊ ဒါပေမယ့် ဆရာကြီးကသိချင်လို့ မေးလာ
တော့ နည်းနည်းပါးပါးပြောပြပါ့မယ်၊ တကယ်တော့ စုလိန်ဟုရဲ့ သိုင်း
ပညာကိုဖျက်ဆီးလိုက်တဲ့သူဟာ လက်မရွံ့ဂူရဲကိုယ်တိုင်ဖြစ်ပါတယ်"

ထန်စုကျင်းမှာ မယုံကြည်နိုင်အောင်အံ့ဩသွားလေသည်။

"သူတို့နှစ်ဦးက သိုင်းသင်ဘက်ညီနောင်တွေမဟုတ်လား"

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် သူတို့ကြားမှာ အသေးစိတ်အကြောင်းလေးတွေရှိနေတယ်၊ ဒီအကြောင်းတွေကိုတော့ ပြောမပြတော့ဘူး"

လွန်စွာကြောက်စရာကောင်းသောလျှို့ဝှက်ချက်ကြီးပင် ဖြစ်လိမ့်မှာ ထန်စုကျင်းတွေးထင်လိုက်သည်။ လက်မရွံ့ဝူရဲကိုယ်တိုင် သူ့ညီတော်၏သိုင်းပညာအားဖျက်ဆီးပစ်ခြင်းမှာ အလွန်အရေးကြီးသည့်အကြောင်းရှိလိမ့်မည်ဟု ခန့်မှန်းနိုင်သည်။ ထုံယီကွမ်းလည်း ထိုမျှသာပြောပြီးနောက် ထန်စုကျင်းအားနှုတ်ဆက်ကာ ထွက်ခွါသွားလေသည်။

ooo

နတ်ဆိုးကြီးထုံယီကွမ်းထွက်သွားပြီးသည့်အခါ ထန်စုကျင်းက အရိပ်မဲ့အား မေးလိုက်သည်။

"ဆရာကြီး ကျွန်တော်စဉ်းစားလို့မရတဲ့အချက်က မိုးခေါင်ဓားစုလိန်ဟုဟာ အသက်အသေခံပြီး ဘာကြောင့် သူနဲ့အပေါင်းပါအမည်တွေကို ပြောပြမသွားတာလဲ၊ သူ့နောက်မှာ ကြောက်ရွံ့စရာရှိနေသေးလို့လား"

အရိပ်မဲ့က ခေါင်းခါလိုက်သည်။

"ဒါတော့ ငါလဲမသိဘူး"

ပြီးနောက် သူကပင် ဆက်၍ပြောပြန်သည်။

"ထန်စုကျင်း မင်းရဲ့မူလရုပ်ကို မသိစေနဲ့၊ တကယ်လို့ မင်းရဲ့ဇာတိရုပ်ပေါ်သွားရင် သူတို့ကို တပ်လှန့်ပေးလိုက်သလိုဖြစ်သွားပြီး မင်းအတွက်အန္တရာယ်များလာနိုင်တယ်"

ထန်စုကျင်း ခေါင်းညိတ်လိုက်သည်။



"ဟုတ်ကဲ့ ကျွန်တော်နားလည်ပါတယ်"

ထန်စုကျင်းက နောက်တစ်ချက်ထပ်၍မေးပြန်သည်။

"နောက်တစ်ချက်ရှိသေးတယ်၊ မိုးကြိုးဂိုဏ်းကွမ်းကြုံအိန့်နဂါးပျံဂိုဏ်းတမန်တော်တို့ကိုသတ်တာဟာလဲ မရဏာတမန်ဆိုတဲ့လူဖြစ်နိုင်သလို ဒီတောအုပ်ထဲကလူတွေကိုသတ်တာလဲ မရဏာတမန်ဖြစ်နိုင်တယ်၊ ဒါကြောင့် ဒီကိစ္စထဲမှာမရဏာတမန်လဲပါဝင်ပတ်သက်နေနိုင်တယ်"

"ဒါကိုတော့ ငါလဲ သက်သေအထောက်အထားရအောင်ရှာနေတယ်၊ ဟုတ်တယ်၊ ဒီလူဟာ လူသတ်မှုထဲမှာ တစ်ပိုင်းတစ်စပါဝင်ပတ်သက်နေနိုင်တယ်"

ထန်စုကျင်းက အံ့ကြိတ်၍စဉ်းစားလိုက်သည်။

"အင်း တကယ်လို့ မရဏာတမန်သာ လူသတ်မှုကြီးရဲ့ ခေါင်းဆောင်ဖြစ်နေမယ်ဆိုရင် လက်တုံ့ပြန်ဖို့တောင် အတော့်ကိုခက်နိုင်တယ်၊ ကျောက်စိမ်းဓားလဲ သူ့လက်ထဲမှာရှိကောင်းရှိနေနိုင်တယ်"

ထိုသို့စဉ်းစားမိပြီး စိတ်ထဲတွင်ရှုပ်ထွေးလာသည်။

ပို၍စဉ်းစားနေရသည့်အချက်မှာ ကြိုတင်ချိန်းဆိုထားသည့်အလား ဂိုဏ်းကြီးနှစ်ဂိုဏ်း၊ မရဏာတမန်၊ အရိပ်မဲ့နှင့်နတ်ဆိုးကြီးထုံယီကွမ်းတို့မှာ ဤတောင်ပေါ်သို့ရောက်လာခဲ့ကြခြင်းဖြစ်သည်။

ဤလူများသည် တစ်ယောက်နှင့်တစ်ယောက် အချိတ်အဆက်များရှိနေမလားဟု ထန်စုကျင်း၏စိတ်ထဲတွင် သံသယအနည်းငယ်ဝင်လာသည်။

ထိုစဉ် အရိပ်မဲ့ထံမှ စကားသံထွက်ပေါ်လာသည်။

"ထန်စုကျင်း ... မင်းရဲ့နောက်ဆက်မဲ့ခရီးစဉ်က ဘယ်သူ့ဆီကိုလဲကွ"

"အဆိပ်ဘုရင် ဂူထူးချန်ဆီကိုပါ"

အရိပ်မဲ့သည် တစ်စုံတစ်ခုကိုသတိရလိုက်ဟန်ဖြင့် ....

"ဒါနဲ့နေပါဦး၊ စောစောတုန်းက ကျန်ရှင်းယွင်ကို တောင်ကြားထဲမှာတွေ့မိသလားလို့"

"ဟုတ်ပါတယ်ဆရာကြီး"

အရိပ်မဲ့က ထန်စုကျင်းအားကြည့်လိုက်ပြီး ....

"မင်းရဲ့ပင်ကိုယ်မျက်နှာကို မြင်မသွားဘူးမဟုတ်လား"

"ဟုတ်ကဲ့ တွေ့မသွားပါဘူး။ ဒါပေမယ့် တွေ့သွားလဲ အရေးမကြီးတော့ပါဘူး"

အရိပ်မဲ့မှာ နားရှုပ်သွားပြီး ....

"ဘယ်လို မောင်ရင့်ရဲ့စကားကိုရှင်းပါဦး"

"ဒီလိုပါ၊ သူ့မှာ တခြားကြင်နာရမယ့်လူရှိနေပြီ၊ ဒါကြောင့် ကျွန်တော်နဲ့သူနဲ့ဟာ ဘာမှမပတ်သက်တော့ပါဘူး"

"ဟာ ဒီလိုမဖြစ်နိုင်ဘူးထင်တယ်၊ မိန်းကလေးဟာ ဒီလိုအမျိုးထဲက မဟုတ်နိုင်ဘူး"

ထန်စုကျင်းက နာကြည်းသောအသံဖြင့် ....

"သူ့နှုတ်ဖျားကထွက်လာတဲ့စကားတွေကို ကျွန်တော်ကိုယ်တိုင်ကြားခဲ့တာပါ"

"ရှူး ...."

အရိပ်မဲ့က လက်ညှိုးကို နှုတ်ခမ်းတွင်တေ့ကာ တိတ်တိတ်နေရန်သတိပေးပြီး သူကိုယ်တိုင်က သစ်ပင်ကွယ်သို့ ရိပ်ခနဲခုန်ဝင်လိုက်သည်။ ထန်စုကျင်းလည်း သူနှင့်အတူလိုက်၍ပုန်းနေလိုက်၏။

ooo



လူရိပ်နှစ်ခုသည် တောအုပ်အတွင်းရှိ လူသေလောင်းသုံးလောင်းဆီသို့ တရွေ့ရွေ့လျှောက်လာသည်။ တစ်ယောက်မှာ ဝတ်စုံနက်ဝတ်ထားပြီး မျက်နှာဖုံးစွပ်ထားသောမိန်းကလေးတစ်ဦးဖြစ်သည်။ နောက်တစ်ဦးမှာ ဝတ်ရုံစိမ်းနှင့်အဘိုးကြီးတစ်ဦးဖြစ်၏။

ထိုဝတ်ရုံစိမ်းနှင့်အဘိုးကြီးအား မြင်တွေ့လိုက်ရသည်နှင့် ထန်စုကျင်း ထိတ်ခနဲဖြစ်သွားသည်။ ထိုဝတ်ရုံစိမ်းနှင့်အဘိုးကြီးသည် မရဏာတမန်ဆိုသူဖြစ်နေမည်လော။

ဝတ်ရုံနက်နှင့်မိန်းကလေးမှာမူ နေသူရိန်ဂိုဏ်းခွဲမှဝမ်ပြောင်ရှန်းဖြစ်နိုင်သည်။ အရိပ်မဲ့ကတွေ့ချင်နေသူဖြစ်သည်။

ထန်စုကျင်းက သူတို့နှစ်ယောက်အားကြည့်ကာ စဉ်းစားနေမိသည်။ ဤဝတ်ရုံစိမ်းနှင့်အဘိုးကြီးသာ မရဏာတမန်ဖြစ်နေခဲ့လျှင် မရဏာတမန်သည် နေသူရိန်ဂိုဏ်းသားတစ်ယောက်ဖြစ်နေမည်မှာသေချာ၏။ ထိုစဉ် ဝတ်ရုံစိမ်းနှင့်အဘိုးကြီးသည် သူ့နံဘေးမှဝတ်ရုံနက်နှင့်မိန်းကလေးအား စတင်၍စကားပြောလိုက်သည်။

"ဟိုဆံဖြူအဘိုးကြီးဟာ ဝိညာဉ်ခေါ်အလံရဲ့ညီတော်ဆိုတာ ဟုတ်ရဲ့လား"

ထန်စုကျင်း စိတ်ထဲထိတ်ခနဲဖြစ်သွားသည်။ ထိုလူသည် မိမိအားရည်ညွှန်းပြောဆိုလိုက်ခြင်းပင်မဟုတ်ပါလား။ ဝတ်ရုံနက်နှင့်မိန်းကလေးက လေသံတိုးတိုးဖြင့်ပြန်ဖြေသည်။

"ဟုတ်တယ်"

ဝတ်ရုံစိမ်းနှင့်အဘိုးကြီး မျက်မှောင်ကုပ်သွားကာ ....

"ဝိညာဉ်ခေါ်အလံမှာ ညီတော်ရှိတယ်လို့ တစ်ခါမှမကြားမိပါလား"

"ဒါတော့ ကျွန်မလဲမသိဘူး"

ဝတ်ရုံစိမ်းအဘိုးအိုက ဆက်ပြောသည်။

"ဂိုဏ်းချုပ်ကြီးက ဒီဆံဖြူအဘိုးကြီးနဲ့ ပြဿနာလုံးဝမဖြစ်အောင်ရှောင်ဖို့ မှာလိုက်တယ်၊ အဲဒါဘာ့ကြောင့်လဲ"

"အဲဒါလဲ ကျွန်မ မသိဘူး"

မေးသမျှဘာမှရေရေရာရာမသိရသဖြင့် ဝတ်ရုံစိမ်းနှင့်အဘိုးအိုစိတ်ပျက်သွားသည်။

"ဒါနဲ့ မင်းကိုမေးရဦးမယ်၊ မင်းဟာ လူတွေကိုသတ်သတ်ပြီး ဘာ့ကြောင့် သစ်ပင်ပေါ်မှာ မရဏကြေးပြား အမှတ်အသားကိုလုပ်ထားခဲ့ရတာလဲ"

ဝမ်ပြောင်ရှမ်းခေါ်ဝတ်ရုံနက်မိန်းကလေးက ပျာပျာသလဲပင် ခေါင်းခါယမ်းကာ ....

"ဟင့်အင်း ကျွန်မ ဘာအမှတ်အသားမှလုပ်မထားပါဘူး"

ထန်စုကျင်းမှာ ငြိမ်လျက်နားထောင်နေရင်း တဖြည်းဖြည်းနားလည်သဘောပေါက်လာသည်။ သူတို့ပြောနေသည့်စကားအရ ဝတ်ရုံစိမ်းနှင့်လူကြီးမှာ မရဏတမန်ဖြစ်နိုင်သည်။

သစ်တောအုပ်အတွင်း သေနေသောအလောင်းရှစ်လောင်းကိုသတ်ခဲ့သူမှာမူ ဝမ်ပြောင်ရှမ်းဖြစ်ပုံရ၏။

ဝမ်ပြောင်ရှမ်းကား ရက်စက်လွန်းလှချေသည်။ ဒုစရိုက်သမားလူဆိုးများပင် ဤမိန်းကလေးအား လက်ဖျားခါနိုင်လောက်သည်။

သူတို့ပြောနေကြသည့်စကားများအရ လူသေအလောင်းရှစ်လောင်းကိုသတ်ခဲ့သူမှာ ဝမ်ပြောင်ရှမ်းဖြစ်ပြီး၊ သစ်ပင်၌စိုက်လျက်ထားခဲ့သောအမှတ်အသားမှာ ဝမ်ပြောင်ရှမ်းထားခဲ့သည့် အမှတ်အသားမဟုတ်ပေ။



သို့ဆိုလျှင် .... ဤအမှတ်အသားအား မည်သူက ထားရှိခဲ့သနည်း။ တတိယလူတစ်ယောက်ရှိနေသေးသလော။

ထိုစဉ် မရဏတမန်ဟုယူဆရသောဝတ်ရုံစိမ်းနှင့်အဘိုးကြီးသည် အေးစက်သောအမူအရာဖြင့် ....

"ဒါဆိုရင် အတော်ထူးဆန်းနေတယ်၊ ဘယ်သူက ကျုပ်ရဲ့တံဆိပ်အမှတ်အသားကိုလုပ်သွားရဲတာလဲ"

ဤစကားအရ ထိုဝတ်ရုံစိမ်းနှင့်အဘိုးကြီးသည် မရဏတမန်ဖြစ်ကြောင်း ယုံမှားဖွယ်မရှိတော့ချေ။

ထိုစဉ် ဝမ်ပြောင်ရှမ်းကဖြည်းလေးသောအသံဖြင့် ....

"ဆရာကြီးဟုန်ချန်ပို့ ကျွန်မတို့ ကြောက်စရာကောင်းတဲ့ရန်သူတွေနဲ့ တွေ့နေရပြီထင်တယ်"

ထိုစကားကြားသည့်အခါ အရိပ်မဲ့သည် ထန်စုကျင်း၏နားဝသို့ကပ်၍ ....

"မောင်ရင် ကြားတယ်မဟုတ်လား၊ မရဏတမန်ရဲ့နာမည်က ဟုန်ချန်ပို့တဲ့၊ မောင်ရင် သူ့ကိုမှားခေါ်သွားချေ၊ ကျုပ်က ကျန်ခဲ့တဲ့ဝမ်ပြောင်ရှမ်းနဲ့ တစ်ချိန်ကရန်ကြွေးကိုရှင်းမယ်၊ မောင်ရင် အထူးသတိထားရမှာက အဲဒီအဘိုးကြီးဟာ လက်နက်ပုန်းပစ် သိပ်ကျွမ်းကျင်တယ်၊ သူနဲ့ တကယ်တိုက်စရာမလိုဘူး၊ မှားခေါ်သွားရုံပဲ"

ထန်စုကျင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဆရာကြီး"

ထိုသို့ပြောပြီးနောက် ထန်စုကျင်းသည် ရှေ့သို့ကွေ့ပတ်ထွက်လာပြီး မရဏတမန်နှင့်မျက်နှာချင်းဆိုင်နေရာသို့အရောက်တွင် အတွင်းအားထည့်၍အော်ပြောလိုက်လေတော့၏။

"ဟုန်ချန်ပို့ ခင်ဗျားကြီးက မသေသေးဘဲကိုး၊ ကျုပ်ခင်ဗျား

ကြီးကိုတွေ့ပြီးဖြေရှင်းစရာရှိတာနဲ့ အတော်ပဲ"

ထန်စုကျင်း၏အတွင်းအားထည့်၍ အော်ပြောလိုက်သံမှာ တစ်တောလုံးဟိန်းထွက်သွားသည်။ ထိုအသံကြောင့် မရဏာတမန်နှင့် ဝမ်ပြောင်ရှမ်းတို့မှာ အကြီးအကျယ်တုန်လှုပ်သွားကြ၏။

ဝမ်ပြောင်ရှမ်းက တုန်ယင်သောအသံဖြင့် ....

"ဆရာကြီး ဆံဖြူအဘိုးကြီးဆိုတာသူပဲ"

ဤတွင် ထန်စုကျင်းက ဝင်ရောက်၍စကားထောက်ပြောလိုက်သည်။

"ဝိညာဉ်နှုတ်အဘိုးကြီးလို့လဲခေါ်တယ်"

"ဘယ်လို ...."

ဝမ်ပြောင်ရှမ်း အံ့သြတကြီးဆင့်၍မေးလိုက်သည်။

"ကျုပ်နာမည် ဝိညာဉ်နှုတ်အဘိုးကြီးလို့ခေါ်တယ်၊ ဒီဘက်က ရောင်းရင်းကြီးနဲ့ဖြေရှင်းစရာရှိလို့ ... ရောင်းရင်းကြီး ဒီဘက်ကို ခဏလောက်လာခဲ့ပါ" ·

မရဏာတမန်က ထန်စုကျင်းခေါ်သည့်ဘက်သို့ မလာသေးဘဲ ထန်စုကျင်းအားပြန်မေးလိုက်သည်။

"နောင်ကြီးဟာ ဝိညာဉ်ခေါ်အလံရဲ့ ညီတော်ဆိုတာ ဟုတ်သလား"

ထန်စုကျင်းက ငြိမ်သက်စွာရပ်နေရင်း ပြန်ပြောသည်။

"သူများတွေရဲ့ကြားစကားကိုမယုံစမ်းပါနဲ့"

မရဏာတမန်မှာ ဘာမျှပြန်မပြောတော့ဘဲ လေထဲခုန်တက်လိုက်သည်။ ဤတွင် ထန်စုကျင်းကလည်း နေရာရွေ့၍ရောင်တိမ်းလိုက်၏။ ထန်စုကျင်း ရှောင်တိမ်းလိုက်သည်မှာ နောက်ဘက်သို့ဖြစ်ရာ သူတို့နှစ်ဦးအကွာအဝေးမှာပို၍ဝေးသွားလေသည်။



"ယား ...."

မရဏာတမန်က မာန်သွင်းပြီး ထပ်မံခုန်တက်လိုက်ပြန်၏။ သို့သော် ဤတစ်ကြိမ်တွင် ထန်စုကျင်း၏အရိပ်ကိုပင် မတွေ့ရတော့ပေ။ မရဏာတမန်မှာ အကြီးအကျယ်ဒေါသထွက်သွားပြီး ....

"ဟိတ် ဘယ်လိုလဲ၊ ကြောက်လို့ ရှောင်ပြေးတာလား"

ထန်စုကျင်းက အတန်ငယ်လှမ်းသောနေရာ၌ရပ်ကာ ....

"ကြောက်စရာလုံးဝမရှိပါဘူး၊ ကျုပ် ဒီမှာပါ၊ ခင်ဗျားသတ္တိရှိရင် ဒီကိုလာခဲ့"

မရဏာတမန်မှာ ရှူးရှူးရှဲရှဲဖြစ်သွားပြီးထပ်၍ခုန်တက်လိုက်ပြန်သည်။ ဤတစ်ကြိမ်တွင်တော့ မြေကွက်လပ်တစ်ခုသို့ ရောက်ရှိသွားလေတော့သည်။

မြေကွက်လပ်မှာ အတန်ငယ်ကျယ်ပြန့်ညီညာလှပေသည်။

ဆံဖြူအဘိုးကြီးယောင်ဆောင်ထားသော ထန်စုကျင်းသည် ထိုမြေကွက်လပ်၏တစ်ဘက်တွင် မားမားကြီးရပ်နေသည်ကို မရဏာတမန်တွေ့လိုက်ရလေသည်။

ooo

## ကျားနဲ့ဆင်

မရဏာတမန်သည် ထန်စုကျင်းထံ ဖြည်းဖြည်းချင်းလျှောက်လာရင်း စိတ်ထဲ၌ချီတုံချတုံဖြစ်နေသည်။

ယခု သူရင်ဆိုင်ရမည့်သူမှာဝိညာဉ်ခေါ်အလံ၏ညီဖြစ်နေခြင်းကြောင့်ပင်။ ထို့အတူ ထန်စုကျင်းမှာလည်း အခြေအနေအရ လှုပ်ရှားနေရသော်လည်း စိတ်ထဲတွင်တော့တုန်လှုပ်မိသည်။

တဖက်လူမှာ ရာဇဝင်လူဆိုးကြီးဖြစ်ပြီး အထူးသဖြင့် ကြေး
ပြားလက်နက်ပုန်းပစ်ရာတွင် အလွန်ကြောက်စရာကောင်းလှသူဖြစ်
သည်။ မရဏတမန်သည် အသံလုံးဝမထွက်ဘဲ လူတစ်ယောက်၏
အသက်အား နှုတ်ယူနိုင်သည်။

ထိုစဉ် မရဏတမန်ထံမှ စကားသံထွက်လာသည်။

"ဝိညာဉ်နှုတ်အဘိုးကြီးဆိုတာ ခင်ဗျားလား"

ထန်စုကျင်းက မရဏတမန်အား အလစ်မပေးဘဲ မျက်ခြည်
မပြတ်ကြည့်နေရင်းမှ ....

"ဟုတ်တယ် ဝိညာဉ်နှုတ်အဘိုးကြီးဆိုတာကျုပ်ပဲ"

မရဏတမန် မျက်မှောင်ကုပ်သွားကာ ....

"အရင်တုန်းက ဒီနာမည်ကို ကျုပ်မကြားမိပါဘူး"

ထန်စုကျင်းက ခြေတစ်လှမ်းရွှေ့လိုက်ပြီး ....

"မိတ်ဆွေကြီးက သိုင်းလောကနဲ့အဆက်အသွယ်ပြတ်နေ
လို့ဖြစ်ပါလိမ့်မယ်"

မရဏတမန်က ထန်စုကျင်းအားလှမ်းကြည့်ကာ ....

"နေပါဦး .... ကျုပ်ကို ဒီနေရာထိ ဘာကြောင့်ခေါ်လာခဲ့ရ
တာလဲ"

ထန်စုကျင်းက မရဏတမန်၏အမေးကိုမဖြေ။

သူသိချင်သည်ကိုသာ မေးလိုက်၏။

"မိတ်ဆွေကြီးက ဘာကြောင့် မိုးကြိုးဂိုဏ်းချုပ်ကြီး ကွမ်း
ကြုံအိကို ချောင်းပြီးလုပ်ကြံရတာလဲ"

မရဏတမန်မှာ အံ့သြထိတ်လန့်သွားပြီး ....

"ကွမ်းကြုံအိနဲ့ခင်ဗျားနဲ့ ဘယ်လိုများပတ်သက်နေလို့လဲ"

"ဘယ်လိုမှတော့မပတ်သက်ပါဘူး၊ ဒါပေမဲ့ မိတ်ဆွေကြီးက



သံမဏိလက်ညှိုးထန်စုကျင်းရဲ့အခွင့်အရေးကို လုယူသလိုဖြစ်
နေလို့ပါ"

မရဏတမန်မှာ ငေးကြောင်သွား၏။ ပြီးမှ ထန်စုကျင်းကို
တည့်တည့်ကြည့်၍မေးလိုက်၏။

"နေပါဦး ဒီကိစ္စ ခင်ဗျားနဲ့ဘာဆိုင်လို့လဲ"

"ဘာဆိုင်သလဲဆိုတော့ ထန်စုကျင်းဟာ ကျုပ်တို့ညီနောင်
နဲ့ပတ်သက်နေလို့ပေါ့"

မရဏတမန်က စိတ်တိုသွားပုံရသည်။

"ဒါဆို ခင်ဗျားဘယ်လိုလုပ်ချင်သလဲ"

ထန်စုကျင်းက စဉ်းစားသလိုတစ်ချက်ငြိမ်နေလိုက်ပြီးမှ ....

"ခင်ဗျားအနေနဲ့ ကွမ်းကြုံအိကို ဘာကြောင့်သတ်ရတယ်
ဆိုတာကို ကျုပ်တို့လက်ခံနိုင်အောင်ရှင်းပြပါ"

"တကယ်လို့ ကျုပ်မပြောနိုင်ဘူးဆိုရင်ကော ...."

ထန်စုကျင်းက. သဘောကျစွာရယ်မောလိုက်၏။

"ဟင်း .... ဟင်း .... ကျုပ်က အဲဒီလိုခေါင်းမာတဲ့စကားကို
မကြားချင်ဆုံးဘဲ"

"ကျုပ်ကလဲ သူများအမိန့်ကို နားထောင်တတ်တဲ့ လူစား
မျိုးမဟုတ်ဘူး"

ထန်စုကျင်းက သဘောကျစွာတစ်ချက်ရယ်လိုက်ပြီး ....

"ဒါဆိုသိပ်ကောင်းတာပေ့ါ၊ ခုချိန်ကစပြီး ခင်ဗျားနဲ့ကျုပ်
ဘယ်သူကကျား၊ ဘယ်သူကသမင်ဆိုတာသိရအောင် ယှဉ်ကြည့်ကြ
တာပေ့ါ"

မရဏတမန်က သံပြတ်ဖြင့်ပြန်မေးလိုက်၏။

"ကျုပ်ကို အမွှတ်ပြုပြန်ခိုင်းနေတာလား"

ထန်စုကျင်းက အထက်စီးရသည့် လေသံမျိုးဖြင့် ခပ်ကြွားကြွားပြန်ပြောသည်။

"ခင်ဗျား ကျုပ်နဲ့ယှဉ်ရမှာကိုကြောက်နေတာမဟုတ်လား"

"သိပ်ရယ်စရာကောင်းတယ်၊ ဒါပေမယ့် ...."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျုပ်ကို ခင်ဗျားနဲ့ခိုက်ရန်မဖြစ်ဖို့ တစ်စုံတစ်ယောက်က မှာထားတယ်"

ထန်စုကျင်းက တစ်ချက်ပြုံးရင်း ....

"ဒါဆိုလဲ အေးအေးသက်သာ ကျုပ်မေးတာကိုဖြေလိုက်ရင် ပြီးရောပေါ့"

"ဒီလိုတော့မဖြစ်နိုင်ဘူး"

ထန်စုကျင်းက တမင်အချိန်ဆွဲ၍ပြောနေခြင်းဖြစ်၏။

စင်စစ် မရဏတမန်အား ဤကဲ့သို့ ခေါ်ထုတ်လာခဲ့ခြင်းမှာ အရိပ်မဲ့၏ဆန္ဒအရသာဖြစ်သည်။ ထန်စုကျင်းမှာ မည်သို့ဆက်လက်ပြုလုပ်ရမှန်း ယခုတိုင်အောင် စဉ်းစား၍မရချေ။

မရဏတမန်၏စကားအရ ကွမ်းကြုံအိအား လုပ်ကြံလိုက်ခြင်းမှာ လျှို့ဝှက်ချက်မပေါက်ကြားစေလိုသဖြင့် တမင်နှုတ်ပိတ်လိုက်ခြင်းဖြစ်သည်။ သို့ဆိုလျှင် ထန်စုကျင်းအတွက် ရန်စတစ်ခုတိုး၍လာပြန်ပြီဖြစ်၏။ ထို့ကြောင့် ယခုကဲ့သို့ရရှိလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ အသုံးချရန်ဆုံးဖြတ်လိုက်သည်။

ထန်စုကျင်းက ဓားကိုမထုတ်တော့ဘဲ လက်ဝါးနှစ်ဖက်ကို ပွတ်သပ်လိုက်၏။

"ကဲ .... စတိုက်နိုင်ပြီ"

ရုတ်တရက်ပြောလိုက်သည့် ထန်စုကျင်း၏စကားကြောင့်



မရဏတမန်မှာ ဇဝေဇဝါဖြစ်သွား၏။ ထန်စုကျင်းအား ကြည့်လိုက်သောအခါ လက်ချည်းယှဉ်ပြိုင်ရန်ဖြစ်နေသောကြောင့်ဖြစ်သည်။

မရဏတမန်က မယုံကြည်နိုင်သောအသံဖြင့် ....

"တကယ်ပဲ စတိုက်ရတော့မှာလား"

ထန်စုကျင်းက အေးစက်စွာရယ်လိုက်၏။

"ကျုပ် .... ခင်ဗျားကို နောက်စရာအကြောင်း လုံးဝမရှိဘူး၊ ခင်ဗျားနဲ့ကျုပ် တစ်ယောက်ယောက် လဲကျသွားရင်တော့ အဖြေရှင်းသွားပါလိမ့်မယ်"

မရဏတမန်က အသံသေးအသံကြောင့်ဖြင့် ရယ်လိုက်၏။

ပြီးမှ ....

"ကောင်းပြီလေ၊ ကျုပ်ကလဲ ဝိဉာဉ်နှုတ်အဘိုးကြီးရဲ့ပညာစွမ်းကိုစမ်းကြည့်ရသေးတာပေါ့၊ ဘယ်သူရဲ့ဝိဉာဉ် အနှုတ်ခံရမလဲဆိုတာ မကြာခင်တွေ့ကြရသေးတာပေါ့"

ပြောပြီးသည်နှင့်တစ်ပြိုင်နက် လက်ဝါးနှစ်ဖက်ကိုရှေ့သို့တွန်းထုတ်လိုက်၏။ မရဏတမန်၏ လှုပ်ရှားမှုကို အစဉ်မပြတ် စောင့်ကြည့်နေသော ထန်စုကျင်းကလည်း လက်ဝါးနှစ်ဖက်ဖြင့် တန်ပြန်ရိုက်ချလိုက်ရာ ....

"ဝုန်း ...."

လက်ဝါးနှစ်စုံထိတွေ့မှုက ဝုန်းခနဲမြည်ဟိန်းသွား၏။

နှစ်ဦးစလုံး၏ကိုယ်များသည် တုန်ခါသွား၏။

ခန္ဓာကိုယ်နှစ်ခုလုံးသည် မူလနေရာမှလုံးဝမရွေ့လျားဘဲ တည်ငြိမ်စွာရပ်နေ၏။ ပြင်းထန်သောအတွင်းအားနှစ်ခုက ထိပ်တိုက်တွေ့ဆုံပြီး တူညီနေကြောင်းသိသာနိုင်၏။

မရဏတမန်သည် ရုတ်တရက် နောက်သို့ခုန်ဆုတ်သွားပြီး

ပြင်းထန်သော လက်ဝါးရိုက်ချက်တစ်ခုကိုသုံးလျက် ချက်ချင်းဝင်လာပြန်သည်။ ထန်စုကျင်းက ပြင်းထန်သော လက်ဝါးဖြင့် ပြန်လည်ခုခံလိုက်လေ၏။ ဤတစ်ကြိမ်တွင် နှစ်ဦးစလုံးမှာ အပြင်းထန်ဆုံးသော အတွင်းအားကို ထုတ်သုံးလေတော့၏။

နှစ်ဦးစလုံးမှာ ပြင်းထန်သော အတွင်းအားများဖြင့် ယှဉ်ပြိုင်နေခြင်းဖြစ်၍ ဘေးမှ သာမန်လူတစ်ယောက် ဤမြင်ကွင်းအားတွေ့မြင်ရပါက အသက်ထွက်လုမတတ် ကြောက်ရွံ့တုန်လှုပ်သွားစေနိုင်၏။ လက်ဝါးရိုက်ချက်တိုင်းမှာ ကျောက်ပြားကိုကျိုးပဲ့သွားနိုင်လောက်အောင် ပြင်းထန်လှ၏။ လက်ဝါးလှိုင်းများသည် လေထုကိုထိုးဖောက်၍ တဝှီးဝှီးမြည်နေတော့၏။

တိုက်ကွက်ပေါင်း(၁၀)ကွက်အထိ ယှဉ်ပြိုင်ပြီးသွားသည့်တိုင် တစ်ဦးနှင့်တစ်ဦးအနိုင်အရှုံးမပေါ်သေးပေ။

နှစ်ဦးစလုံး၏အတွင်းအားနှင့် လက်ရည်ချင်းမှာ တူညီနေ၏။ နှစ်ဦးစလုံး၏စိတ်ထဲတွင် ထိတ်လန့်တုန်လှုပ်မှုဖြစ်လာလေ၏။ ဤသို့ဖြင့် တိုက်ကွက်ပေါင်းတစ်ရာကျော်လာသည့်တိုင် တစ်ဘက်နှင့်တစ်ဘက် အနိုင်မတိုက်နိုင်ဘဲဖြစ်နေသည်။ ထန်စုကျင်းမှာ စိတ်မရှည်တော့။ ထို့ကြောင့် ဉာဏ်ကစား၍တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

ထန်စုကျင်းက အကြိတ်အနယ်တိုက်ခိုက်နေရင်းမှ ရင်တစ်ခြမ်းဖွင့်၍ ဟာကွက်ကိုလှစ်ပြလိုက်သည်။

"ဖြန်း ...."

"ဖြန်း ...."

လက်ဝါးရိုက်ချက်များ တစ်ယောက်တစ်ပြန်စီထိမှန်သွားလေသည်။ လက်ဝါးနှင့် ခန္ဓာကိုယ်ထိသံ နှစ်ချက်ဆင့်၍ထွက်ပေါ်



လာပြီး အရိပ်နှစ်ခုကွဲကွာသွားသည်။

ထန်စုကျင်း၏ရင်ဘတ်အား မရဏာတမန်၏လက်ဝါးရိုက်ချက်နှစ်ချက်ဆင့်၍ထိသွားသည်။ သွေးတို့သည် လည်မျိုဆီသို့ ပျို့တက်လာသည်။ သို့သော် သံချပ်ကာအင်္ကျီနှင့် အတွင်းအားကိုကြိုတင်စုစည်း၍ ခံထားလိုက်သဖြင့် အနည်းငယ် အအောင့်သက်သာလျက် သွေးပျို့သွားခြင်းဖြစ်သည်။

မရဏာတမန်မှာမူ မမျှော်လင့်ဘဲခံလိုက်ရသဖြင့် ကြိုတင်ကာကွယ်မှုလုံးဝမလုပ်နိုင်လိုက်ပေ။ ထို့ကြောင့် ထန်စုကျင်း၏လက်ဝါးရိုက်ချက် ပြင်းထန်စွာထိမှန်ခံရပြီး သွေးသုံးပွက်ဆက်တိုက်အန်ချလိုက်တော့၏။ ထို့နောက် မရဏာတမန်၏ခန္ဓာကိုယ်မှာ ယိမ်းယိုင်သွားပြီး မြေပေါ်သို့လဲကျသွား၏။

မရဏာစေတမန်သည် လဲကျသွားရာမှ အားယူကာ လက်တစ်ဖက်ကိုလှုပ်ရှားလိုက်၏။ မမျှော်လင့်သော လှုပ်ရှားမှုကြောင့် ထန်စုကျင်းမှာ ရှောင်တိမ်းရန်အချိန်မရလိုက်တော့ပေ။ သူ၏ရင်ဘတ်အား ချွန်ထက်ပါးလွှာသောအရာတစ်ခုက ထိုးစိုက်သွား၏။

စစ်ခန့်နာကျင်သောဝေဒနာကို ချက်ချင်းခံစားလိုက်၏။ အကြောင်းရင်းကို ထန်စုကျင်း ချက်ချင်းသိလိုက်၏။ အကယ်၍သာ သူ၏ကိုယ်ကျပ်အင်္ကျီအောက်၌ သံချပ်ပြား ခံမထားမိခဲ့လျှင် သူ၏ခန္ဓာကိုယ်အား ထုတ်ချင်းပေါက်သွားနိုင်၏။ ထန်စုကျင်းက စိတ်ကိုထိန်းကာ တမင်ပင် ဟားတိုက်ရယ်လိုက်၏။

"ခင်ဗျားဆီမှာ နောက်ထပ် ငွေစတော်တော်များများပါသေးတယ်ထင်တယ်၊ အားလုံးထုတ်လိုက်ပါ"

မရဏာတမန်မှာ အကြီးအကျယ်တုန်လှုပ်သွား၏။ သူ၏ကြေးပြားလက်နက်ပုန်းမှာ တစ်ခါမှမလွဲချေ။ ပစ်တိုင်းထိမှန်၏။

ယခု ထန်စုကျင်းမှာ သူ၏ကြေးပြားလက်နက်ပုန်း ထိမှန်သော်လည်း မည်သို့မျှဖြစ်မသွားဘဲရှိနေ၏။ မရဏတမန်အံ့ဩနေစဉ် ထန်စုကျင်းမှာစိတ်ထဲတွင် ကျိတ်၍တုန်လှုပ်နေသည်။

အကယ်၍ တစ်ဘက်လူသည် ရင်ဘတ်တည့်တည့်သို့ မပစ်ပဲဦးခေါင်းခွံဆီသို့သာပစ်လာလျှင် မိမိအတွက်မတွေးရဲစရာဖြစ်၏။ တုန်လှုပ်သွားသောစိတ်ကို ချက်ချင်း ချုပ်တည်းပြီး လက်တစ်ဖက်ကို ဇွေ့ရိုက်လိုက်၏။ ပြင်းထန်သော အားလှိုင်းတစ်ခုက လွင့်ပျံထွက်သွားသည်။ ဝိညာဉ်ခေါ်အလံ၏ လက်ညှိုးထောက်ပညာပင်ဖြစ်၏။

မရဏတမန်မှာ ဒဏ်ရာပြင်းထန်စွာရနေသဖြင့် ထိုလက်ညှိုးထောက်ပညာကြောင့် ထွက်ပေါ်လာသောအားလှိုင်းကို ရှောင်တိမ်းနိုင်ခြင်းမရှိတော့ချေ။

မရဏတမန်ထံမှ အင့်ခနဲအသံထွက်ပေါ်လာပြီး မူလလဲကျသည့်နေရာသို့ရွေ့သွား၏။ ထန်စုကျင်းသည် မရဏတမန်ထံမှ လက်နက်ပုန်းထပ်ပစ်လာမည်ကိုစိုးရိမ်သဖြင့် မျက်စိရှင်ရှင်ထားကာ လေပွေလက်ဝါးရိုက်ချက်ကို ဆက်သုံးလိုက်၏။

မရဏတမန်၏ခန္ဓာကိုယ်သည် လေပွေလက်ဝါးလှိုင်းဒဏ်ကြောင့် သုံးလေးပတ်လည်ထွက်သွားပြီး ခပ်လှမ်းလှမ်းနေရာတွင် ဖင်ထိုင်လျက်လဲကျသွား၏။

ထန်စုကျင်းက လျှပ်စီးလက်သကဲ့သို့ လျင်မြန်သောအဟုန်ဖြင့် မရဏတမန်၏နောက်ကျောဆီသို့ရောက်ရှိလာကာ လက်ဝါးနှစ်ဖက်ဖြင့် ဦးခေါင်းခွံအားအုပ်ကိုင်လိုက်၏။

ထို့နောက် အေးစက်သောအသံဖြင့် ....

"ဟုန်ချန်ပို့ ပြောမလား မပြောဘူးလား၊ မပြောရင်တော့ ခင်ဗျားဦးနှောက်တစ်ခုလုံးကြေမွသွားအောင် လုပ်ပစ်လိုက်မယ်"



မရဏတမန်မှာ ဝေ့ခနဲသွေးတစ်ချက်အန်ထုတ်လိုက်၏။ သူ၏တစ်သက်တာတွင် ဤကဲ့သို့ အရေးနိမ့်သည့်အဖြစ်မျိုးမကြုံဘူးသေးချေ။ ထန်စုကျင်းက အုပ်ကိုင်ထားသောလက်ဝါးအတွင်းသို့ အတွင်းအားအနည်းငယ်ထည့်လိုက်ပြီး ....

"ပြောစမ်း၊ ကွမ်းကြုံအိကို ဘာကြောင့်သတ်ပစ်ရတာလဲ"

မရဏတမန်က မောဟိုက်သောအသံဖြင့် ....

"ကျုပ် .... ကျုပ်ပြောပါ့မယ်"

"ပြော .... မြန်မြန်ပြော"

ထိုစဉ် မရဏတမန်၏ခန္ဓာကိုယ် ရုတ်တရက် တုန်ယင်လာသဖြင့် ထန်စုကျင်းမှာ ကြောင်သွား၏။

မည်ကဲ့သို့ဖြစ်သွားသနည်းဟု စဉ်းစားနေစဉ် မရဏတမန်သည် မြေပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားတော့၏။

ထန်စုကျင်းမှာ အကြီးအကျယ်အံ့အားသင့်သွား၏။

"ဟင် .... ဘယ်လိုဖြစ်သွားတာပါလိမ့်"

ထန်စုကျင်း၏အံ့အားတကြီးရေရွတ်သံ မဆုံးမီ မရဏတမန်သည် တစောင်းအနေအထားမှ ခြေကိုမြေကြီးတွင် ထောက်ကာ ရုတ်တရက်ခုန်ပျံထွက်သွားတော့၏။

ထန်စုကျင်းမှာ မမျှော်လင့်သောအဖြစ်အပျက်ကြောင့် ရုတ်တရက်ကြောင်သွား၏။ ယခုကဲ့သို့ဖြစ်လာလိမ့်မည်ဟုလည်း လုံးဝထင်မှတ်မထားမိချေ။ မရဏတမန်၏လှုပ်ရှားမှုကလည်း မယုံကြည်နိုင်ဖွယ်ရာ အလွန်မြန်ဆန်နေ၏။ ယခုကဲ့သို့ ဒဏ်ရာပြင်းထန်စွာရရှိထားသည့်ကြားက ဤမျှလျင်မြန်နေသေးသည်မှာ အံ့ဩစရာကောင်းနေတော့၏။

မရဏတမန်သည် မြေပြင်ပေါ်သို့ မတ်တပ်ရပ်မိသည်နှင့်

လက်တစ်ဖက်ကို လျင်မြန်စွာဖော့ယမ်းလိုက်၏။ ကြေးပြားသုံးပြားမှာ ထန်စုကျင်းထံသို့ တဝှစ်ဝှစ်တိုးဝင်လာတော့၏။

ဤကဲ့သို့ လက်နက်ပုန်းမျိုးကား ရှောင်တိမ်းရန် အလွန်ပင် ခက်ခဲလှပေသည်။ ကြေးပြားနှစ်ခုက ထန်စုကျင်း၏ရင်ဘတ်နှင့် ဝမ်းဗိုက်နေရာများသို့ထိမှန်သွား၏။ ကျန်ကြေးပြားတစ်ခုမှာ ပေါင်ရင်းဆီသို့ ထိမှန်သည်။

ဝမ်းဗိုက်နှင့် ရင်ဘတ်များသို့ထိမှန်သော ကြေးပြားများမှာ မည်သို့မျှဒုက္ခမပေးနိုင်သော်လည်း ပေါင်ရင်းသို့ ထိမှန်သောနေရာ မှာ စစ်ခနဲဖြစ်ကာ အသည်းခိုက်အောင်နာကျင်သွားလေ၏။

ထန်စုကျင်းက အင့်ခနဲတစ်ချက်ညည်းလိုက်ချိန်တွင် မရဏတမန်က လက်ဝါးတစ်ဖက်ဖြင့် ဆက်ကာရိုက်ချလိုက်သည်။

မရဏတမန်၏ လက်ဝါးလှိုင်းဒဏ်ကြောင့် ထန်စုကျင်းမှာ နောက်သို့လေးငါးလှမ်းခန့် လိမ့်ထွက်သွားရ၏။ သို့သော် ထန်စုကျင်းက အတွင်းအားကို ချက်ချင်းစုစည်းပြီးလူးလိမ့်ထလိုက်သည်။

ထိုစဉ် မရဏတမန်သည် ထန်စုကျင်းအား ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ နေရာမှရုတ်တရက်လှည့်ကာ ထွက်ပြေးသွားလေတော့၏။

၀၀၀

ထန်စုကျင်းသည် မရဏတမန်နောက်သို့ ချက်ချင်းပြေးလိုက်သွားရန် ကြိုးစားသော်လည်း သူ့တစ်ကိုယ်လုံး တုန်ယင်လာသဖြင့် မလိုက်နိုင်တော့ချေ။ တစ်ကိုယ်လုံးရှိ သွေးကြောများ ပေါက်ကွဲလုမတတ်ဖြစ်အောင် ခံစားလာရ၏။

ထန်စုကျင်း၏ပေါင်တွင်းသို့ ကြေးပြားတစ်ခုဖောက်ထွင်းဝင်ရောက်နေပြီမဟုတ်ပါလား။



ပေါင်မှဒဏ်ရာက ထန်စုကျင်း၏အတွင်းအားကိုထိခိုက်စေ၏။ ယခုမှလိုက်လျှင်လည်း မရဏတမန်အား လိုက်မီနိုင်တော့မည်မဟုတ်ချေ။ ထို့ကြောင့် မူလရပ်နေသည် နေရာတွင်ပင် မလှုပ်မရှား ဆက်၍ရပ်တန့်နေလိုက်၏။

တစ်ဖက်ရန်သူအား အထင်သေးမိသောကြောင့် ဤကဲ့သို့ ခံလိုက်ရခြင်းဖြစ်သည်ဟု ကိုယ့်ကိုယ်ကို အပြစ်တင်မိလေသည်။

အကယ်၍ တစ်ဘက်လူအား လုံးဝမလှုပ်ရှားနိုင်သည်အထိ တိုက်ခိုက်ထားခဲ့လျှင် ယခုကဲ့သို့ အခြေအနေမျိုးဖြစ်လာလိမ့်မည်မဟုတ်ချေ။ ယခုမှနောင်တရလည်းမထူးတော့ပြီမို့ နောက်တစ်ကြိမ်ရရှိလာမည့်အခွင့်အရေးကိုသာ စောင့်ရပေတော့မည်။

ထန်စုကျင်းသည် အံတင်းတင်းကြိတ်ပြီး ပေါင်မှဒဏ်ရာကို လှန်ကြည့်လိုက်၏။ ထွက်နေသောသွေးများကိုတိတ်အောင် သွေးကြောပိတ်လိုက်သည်။ ထို့နောက် မူလသစ်တောအုပ်ရှိရာနေရာသို့ ထော့နင်းထော့နင်းဖြင့် ပြန်လည်လျှောက်လှမ်းသွားလေတော့၏။

၀၀၀

မူလသစ်တောအုပ်အနီးသို့ ရောက်လာစဉ် ခပ်ဝေးဝေးဆီမှ အရိပ်မဲ့၏အော်ဟစ်မေးမြန်းသံကို ကြားလိုက်ရ၏။

"မင်းပြေးမလား မပြေးဘူးလား"

တစ်ဘက်လူထံမှ ပြန်လည်ဖြေကြားသံက ချက်ချင်းပင်ပေါ်ထွက်လာသည်။

"မပြေးဘူး"

ဤအသံမှာ ဝမ်ပြောင်ရှမ်း၏အသံဖြစ်၏။

"မင်းမပြေးရင် မင်းတစ်သက်လုံး လူစဉ်မမီအောင် လုပ်ပစ်ရလိမ့်မယ်"

"အို .... ရှင်ကြိုက်သလိုလုပ်နိုင်တယ်၊ ကျွန်မအတွက်က ဘာမှမထူးတော့ဘူး"

"ဟား .... ဟား .... ဟား ...."

နောက်ဆုံးပိတ်ရယ်လိုက်သံမှာ အရိပ်မဲ့၏အသံဖြစ်သည်။

သူ့ရယ်သံက တစ်တောလုံးဟိန်းထွက်သွားတော့၏။

ထန်စုကျင်းက သစ်ပင်တစ်ပင်အောက်တွင်ဝင်ရပ်ပြီး အသံ ကိုနားစွင့်လိုက်၏။ အရိပ်မဲ့သည် သူ၏ကိုယ်ရေးကိုယ်တာ ပြဿနာ အားဖြေရှင်းနေခြင်းဖြစ်၍ မိမိအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အ ကြောင်းမရှိချေ။ ထို့ကြောင့် ခပ်လှမ်းလှမ်းမှရပ်ကာ နားထောင်နေ ခြင်းဖြစ်သည်။ အရိပ်မဲ့၏အသံ ထပ်မံပေါ်ထွက်လာပြန်၏။

"နင် တကယ်မပြောဘူးလား၊ တကယ်မပြောရင် မချိမဆံ့ ဒုက္ခခံစားပြီးသေသွားအောင် ငါလုပ်လိုက်မယ်"

ဝမ်ပြောင်ရှမ်းကလည်း ....

"အို .... မပြောဘူး၊ ရှင်တို့ ကြိုက်သလိုလုပ်နိုင်တယ်လို့ ကျွန်မ ပြောပြီးပြီပဲ"

ရှင်တို့ဆိုသောစကားကြောင့် ထန်စုကျင်း မျက်မှောင်ကု သွားသည်။ သူတို့နှစ်ဦးသည် အစက မည်သည့်ပြဿနာများရှိခဲ့ကြ ပါသနည်း။ ယခုအရိပ်မဲ့က ဝမ်ပြောင်ရှမ်းအား မည်သည့်အကြောင်း ကို အတင်းအဓမ္မပြောခိုင်းနေရသနည်း။ ထိုစဉ် ....

"အား ...."

နာကျင်စွာအော်ဟစ်လိုက်သံတစ်ချက်ထွက်ပေါ်လာပြီး တစ်ယောက် မြေပေါ်လဲကျသွားသံကိုပါ ကြားလိုက်ရ၏။

အားခနဲအော်လိုက်သံမှာ ဝမ်ပြောင်ရှမ်း၏အသံမှန်း ထ စုကျင်း ကောင်းစွာသိလိုက်၏။ ကိစ္စပြီးပြတ်သွားပြီဟုထင်မ



လိုက်၏။ ထို့ကြောင့် ထန်စုကျင်းသည် အရိပ်မဲ့ထံလျှောက်လှမ်းသွား လေသည်။ အရိပ်မဲ့သည် တုတ်ကောက်သဏ္ဍာန်လက်နက်ကိုကိုင် လျက် ရပ်နေသည်။ ဝမ်ပြောင်ရှန်းမှာ မြေပေါ်လဲကျနေ၏။

မြင်ရုံဖြင့် အသက်မရှိတော့ကြောင်း ထင်ရှားနေ၏။

"ဆရာကြီးရဲ့ကိစ္စ ပြီးပြတ်သွားပြီလား"

အရိပ်မဲ့က ခေါင်းခါပြ၏။ ပြီးမှ သက်ပြင်းတစ်ချက်ချကာ ပြောလိုက်သည်။

"အင်း .... မပြီးပြတ်သေးပါဘူး၊ ဒါပေမယ့် ပြီးပြတ်ပြီလို့ ဆိုရမှာပေါ့လေ၊ မင်းကော မရဏတမန်ကိုမိရဲ့လား၊ အခုသူ ဘယ် ရောက်သွားပြီလဲ"

ထန်စုကျင်းက ဒေါသသံဖြင့်ပြန်ဖြေလိုက်၏။

"ကျွန်တော် အမိဖမ်းတဲ့ကြားကလွတ်ထွက်သွားတယ်"

အရိပ်မဲ့က ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်ပြီး ....

"ကဲ .... မောင်ရင် ကျုပ်တို့ဒီနေရာကနေ အမြန်ဆုံး ထွက် သွားကြစို့"

ထန်စုကျင်းခေါင်းညိတ်လိုက်သည်။ ထို့နောက် နှစ်ယောက် သား ထိုနေရာမှထွက်ခွာခဲ့ကြတော့၏။

၀၀၀

## မျှော်လင့်မထားသူနှင့်တွေ့ဆုံခြင်း

ထန်စုကျင်းနှင့် အရိပ်မဲ့တို့မှာ သစ်တောအုပ်မှထွက်ခွါလာ ကြပြီး အတန်ငယ်ခရီး က်သောအခါ ခေတ္တရပ်နားလိုက်ကြလေ သည်။ ရပ်နားနေစဉ် ထန်စုကျင်းက စတင်၍စကားပြောလိုက်၏။

"အခု လူတွေအသတ်ခံရတဲ့ကိစ္စမှာ ထူးဆန်းနေတဲ့အချ
တစ်ခုရှိနေတယ်၊ လူတွေကိုသတ်တာဟာ မရဏတမန်ကသတ်တ
မဟုတ်ဘဲ ဝမ်ပြောင်ရှမ်းကသတ်တာဖြစ်နေတယ်၊ ဒါပေမယ့် သူဝ
နှစ်ဦးကြားထဲမှာ တစ်ယောက်ယောက်ကဝင်ပြီး မရဏတမန်အမှ
အသားကိုထားခဲ့တယ်၊ အဲဒီ မရဏတမန်အမှတ်အသားကို ဘယ်
ထားသလဲဆိုတာ စဉ်းစားလို့မရအောင်ဖြစ်နေတယ်"

အရိပ်မဲ့ကတစ်ချက်ပြုံးလိုက်ပြီး ....

"ဒီမရဏတမန်အမှတ်အသားကို ကျုပ်ကကြားဝင်ပြီးထာ
ပေးလိုက်တာပဲ"

ထန်စုကျင်းမှာ မမျှော်လင့်သောစကားကိုကြားလိုက်ရသ
ဖြင့် အကြီးအကျယ်အံ့အားသင့်သွားသည်။

"ဟင် .... ဘယ်လို ဒီမရဏတမန်အမှတ်အသားကို ဆရာ
ကြီးက ထားသွားတာဟုတ်လား၊ ကျွန်တော် ဘယ်လိုမှ နားမလည်
နိုင်တော့ဘူး"

အရိပ်မဲ့က တစ်ချက်ပြုံးလိုက်ပြီး ....

"မောင်ရင်က ဒုန်းဝေးသေးတာကိုး၊ နဂါးပျံဂိုဏ်းနဲ့နေသူရှိ
ဂိုဏ်းနှစ်ဂိုဏ်းဟာ ကျားနဲ့ဝံပုလွေလို တောင့်တင်းတဲ့အင်အားနဲ့ သို
လောကတစ်ခုလုံးကိုအုပ်စိုးဖို့ ကြိုးစားနေကြတယ်၊ ဒါကြောင့် ဒီနှ
ဂိုဏ်းကိုအထင်လွဲမှုဖြစ်အောင် တမင်ဖန်တီးပေးလိုက်တာပဲ၊ ကျု
ဒီလိုလုပ်ခဲ့တာ ဒီတစ်ကြိမ်တည်းမဟုတ်ဘူး"

ထန်စုကျင်းက အံကိုတင်းတင်းကြိတ်ရင်းပြောလိုက်၏။

"မရဏတမန်ကို နောက်တစ်ကြိမ်ထပ်တွေ့အောင် ရှာ
မယ်၊ ဒီလူဟာလဲ ကျောက်စိမ်းဓားလုယူတဲ့လူသတ်သမားအဖွဲ့ထဲ
တစ်ယောက်အပါအဝင်ဖြစ်နိုင်တယ်"



အရိပ်မဲ့က စိတ်ပျက်စွာဖြင့်ခေါင်းခါယမ်းလိုက်သည်။

"သူ့ကို နောက်ထပ်တစ်ကြိမ်ရှာတွေ့ဖို့ဆိုတာမလွယ်တော့ဘူး၊ ဒီကျောက်စိမ်းဓားအကြောင်းကို တခြားလူသတ်သမားတွေဆီကသာ သိချင်သိနိုင်လိမ့်မည်၊ ဒါနဲ့ သူက ကြေးပြားလက်နက်ပုန်းနဲ့ မောင်ရင့်ကိုမပစ်ဘူးလား"

"ဟာ .... ပစ်တာပေါ့ဆရာကြီး၊ ကျွန်တော့်ပေါင်ကိုတောင် တစ်ချက်ထိမှန်သွားသေးတယ်"

အရိပ်မဲ့မှာ မျက်လုံးပြူးသွားပြီး ....

"ဟုတ်လား တော်တော်ပဲစိုးရိမ်ရသလား"

"အရိုးကိုမထိခိုက်တဲ့အတွက် စိုးရိမ်စရာမရှိတော့ပါဘူး"

ထိုသို့ပြောပြီး ထန်စုကျင်းမှာ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် မူလနေရာဆီသို့ တဟုန်ထိုးပြေးထွက်သွားပြန်လေတော့သည်။

အရိပ်မဲ့မှာ နားမလည်နိုင်စွာဖြင့် နောက်မှ ချက်ချင်းပြေးလိုက်ရင်း ....

"ဘယ်လိုဖြစ်တာလဲ"

ထန်စုကျင်းကလည်း ပြေးနေရင်းမှပြန်ဖြေသည်။

"မရဏတမန်နောက်ကို လိုက်မလို့၊ ကျွန်တော် ဒီအချက်ကို စောစောကတည်းကမစဉ်းစားမိတာ နာတယ်"

စင်စစ် ထန်စုကျင်း၏စိတ်တွင် ရုတ်တရက်စဉ်းစားလာမိသည်မှာ မရဏတမန်သည် သူနှင့်တိုက်ခိုက်နေရင်းမှ ထွက်ပြေးသွားသော်လည်း အဝေးကြီးသို့ တစ်ယောက်တည်းပြေးသွားလိမ့်မည်မဟုတ် သူ၏အဖော်ဝမ်ပြောင်ရှမ်းကိုလိုက်ရှာပေလိမ့်မည်။

အရိပ်မဲ့လက်ချက်ဖြင့် ဝမ်ပြောင်ရှမ်းအော်သံကို မရဏတမန်ကြားသွားနိုင်လောက်သည်။

သို့ဆိုလျှင် မရဏာတမန်သည် ဝမ်ပြောင်ရှမ်းရှိသည့်နေရာသို့ မလွဲမသွေရောက်ရှိလာပေလိမ့်မည်။ ဤအချက်ကို စောစောကတည်းက ဘာ့ကြောင့်မစဉ်းစားမိသနည်း။

၀၀၀

ထန်စုကျင်းထိုသစ်တောအုပ်အတွင်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ဝမ်ပြောင်ရှမ်း၏အလောင်းအား မတွေ့ရတော့ချေ။

ထန်စုကျင်းထင်သည့်အတိုင်း ဝမ်ပြောင်ရှမ်း၏အလောင်းအား မရဏာတမန်ကသယ်ယူသွားမှာသေချာနေ၏။

မမျှော်လင့်ဘဲရရှိခဲ့သည့် အခွင့်အရေးတစ်ခု လက်လွတ်ဆုံးရှုံးသွားရပြန်လေပြီ။ ထန်စုကျင်း၏အတွေးကို အရိပ်မဲ့က ချက်ချင်းသဘောပေါက်သွား၏။

"ဆရာကြီး .... ကျွန်တော်တို့တစ်ကွက်မှားသွားပြီ၊ အမှန်က ကျွန်တော်တို့ ဒီနေရာကပဲ သူ့အလာကိုစောင့်နေဖို့သင့်တယ်"

ထန်စုကျင်းက ပြောလိုက်ခြင်းဖြစ်၏။ ထို့နောက် တစ်ချက်စဉ်းစားကာ ဆက်၍ပြောလိုက်ပြန်သည်။

"ဆရာကြီး ကျွန်တော်တို့လူစုခွဲပြီးရှာကြရင်ကောင်းမလား ဒီအလောင်းကောင်ကို ဝေးဝေးသယ်သွားနိုင်မှာမဟုတ်ဘူး၊ လမ်းခရီးတစ်နေရာရာမှာပဲ မြေမြှုပ်ပစ်ခဲ့လိမ့်မယ်"

အရိပ်မဲ့က ခေါင်းညိတ်ပြလိုက်ပြီး ....

"မှန်တယ် လိုက်ကြစို့"

ပြောပြီးသည်နှင့် အချိန်ဆွဲမနေတော့ဘဲ နှစ်ယောက်သားသစ်တောအုပ်အတွင်းသို့ ပြေးဝင်သွားကြလေတော့၏။

၀၀၀



ညသည် မှောင်မိုက်နေ၏။

ထန်စုကျင်းသည် မရဏာတမန်အား ရှာဖွေရင်း မည်သည့်နေရာသို့ရောက်ရှိနေမှန်းပင် မသိတော့ပေ။

ယခုတိုင် မရဏာတမန်၏အရိပ်အရောင်ကို မတွေ့ရသေး။ ပတ်ဝန်းကျင်တစ်ခုလုံး တောတောင်တို့ကသာ အုပ်မိုးနေ၏။

ထန်စုကျင်းသည် မရဏာတမန်ကိုရှာရင်း မိုးစင်စင်လင်းလာခဲ့၏။ မိုးလင်း၍ကြည့်လိုက်သောအခါ စကုတောင်မှာ မည်သည့်နေရာတွင်ကျန်ခဲ့မှန်းမသိတော့ချေ။

ထန်စုကျင်းမှာ မကြံတတ်အောင်ဖြစ်လာခဲ့ပြီး ရှေ့သို့သာခရီးဆက်ရန်ဆုံးဖြတ်လိုက်သည်။

ဤတောင်တန်းများမှထွက်နိုင်ရန် ပထမကြိုးစားရမည်။

ထို့ကြောင့် ထန်စုကျင်းသည် ခြေဦးတည့်ရာသို့ စွတ်ပြေးလေတော့သည်။သို့သော် ပြေးလေ လမ်းမကြီးနှင့် ဝေးလေဖြစ်နေ၏။ တောသည် ပို၍နက်သည်ထက် နက်လာသည်။

ထန်စုကျင်းမှာ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို ပို၍ခန့်မှန်းနိုင်အောင်ဖြစ်နေသည်။

နေမင်းကြီးသည် ကောင်းကင်သို့ တဖြည်းဖြည်းမြင့်တက်လာသည်။ ထန်စုကျင်းမှာ တဖြည်းဖြည်းလမ်းလျှောက်ရင်း ချုံနွယ်များပိတ်ဆို့နေသည့်တောင်ကြားလမ်းတစ်ခုသို့ ရောက်ရှိလာလေ၏။ ထန်စုကျင်းသည် ခေတ္တရပ်ကာ ပတ်ဝန်းကျင်အနေအထား အားလုံးကိုကြည့်လိုက်၏။ သို့တိုင်အောင် မည်သည့်နေရာမှန်းမသိ။

ထို့ကြောင့် အနီးရှိတောင်ကုန်းပေါ်သို့တက်၍ ကြည့်ရန် စဉ်းစားလိုက်သည်။ တောင်ကုန်းပေါ် ပြေးတက်ရန်ဟန်ပြင်လိုက်စဉ်မှာပင် ....

"ဟင်း ...."

သက်ပြင်းချသံလိုလို ညည်းသံလိုလိုအသံတစ်သံကို ကြားလိုက်ရသည်။ ထန်စုကျင်းမှာ ရုတ်တရက်ကြားလိုက်ရသောအသံကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်ကာ တုန်လှုပ်သွားလေသည်။

ဤကဲ့သို့ အလွန်ခေါင်လှသောတောတောင်ထဲတွင် မည်သူရောက်ရှိနေသနည်း။

ထန်စုကျင်းမှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်ရှုလိုက်သည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်ကိုမျှမတွေ့ချေ။ သေချာအောင် ထပ်မံ၍နားထောင်ကြည့်ပြန်သည်။

မည်သည့်အသံမှ မကြားရ။

ထန်စုကျင်းမှာ စိတ်ထဲတွင် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး အသံကျယ်ကျယ်ဖြင့် အော်ဟစ်မေးလိုက်သည်။

"ဘယ်သူလဲဟေ့"

အသံက တစ်တောလုံး ဟိန်းထွက်သွားသည်။

ထိုစဉ်'ဟင်း'ခနဲသက်ပြင်းချသံတစ်သံ ထပ်မံ၍ပေါ်ထွက်လာပြန်သည်။ ဤတစ်ကြိမ်တွင် သက်ပြင်းချသံအား ထန်စုကျင်းက သေချာစွာနားထောင်ကြည့်လိုက်သည်။

အသံမှာ ညာဘက်တောင်ကြားဆီမှဖြစ်ကြောင်းသိလိုက်၏။ ထိုသို့သိလိုက်သည်နှင့် ထန်စုကျင်းသည် အသံလာရာသို့ ဦးတည်၍လျှောက်သွားတော့သည်။ အသံလာရာအနီးတစ်ဝိုက်တွင် ကျောက်ဆောင်များဝန်းရံလျက်ရှိသည်ကိုတွေ့ရသည်။ ထန်စုကျင်းသည် ထိုကျောက်ဆောင်များကိုကွေ့ပတ်၍ လျှောက်လာရာ တစ်ခုသောကျောက်ဆောင်သို့အရောက်တွင် အလွန်ထူးဆန်းသောလူတယောက်ကို တွေ့လိုက်ရလေတော့၏။



ကျောက်ဆောင်တစ်ခုပေါ်တွင် လူကြီးတစ်ယောက်ထိုင်နေသည်။ ထိုလူကြီးမှာ အင်္ကျီဖိုးရိုးဖားရားဝတ်ဆင်ထားပြီး ဆံပင်များက ရှုပ်ပွနေသည်။ ထန်စုကျင်းဘက်သို့ နောက်ကျောပေးထိုင်နေသောကြောင့် ထိုလူကြီး၏မျက်နှာကိုမမြင်ရချေ။

ထန်စုကျင်းက ချောင်းဟန့်၍အသံပေးလိုက်သည်။

"အဟမ်း ...."

သို့တိုင်အောင် ထိုလူကြီးမှာ လုံးဝလှုပ်ရှားမလာချေ။

ထန်စုကျင်းက ချောင်းတစ်ချက်ထပ်၍ဟန့်လိုက်ပြန်သည်။

"အဟမ်း...."

ဤတစ်ကြိမ်တွင် လူထူးကြီး၏မျက်နှာက နောက်ဘက်သို့လှည့်လာသည်။ ထိုအခါမှ လူထူးကြီး၏မျက်နှာကိုတွေ့မြင်ရတော့သည်။ ထန်စုကျင်း ငေးကြောင်သွား၏။ ထိုလူကြီး၏မျက်လုံးအစုံမှာ လုံးဝလှုပ်ရှားခြင်းမရှိဘဲ ကြောင်၍နေသည်။

ထန်စုကျင်းက သတိကြီးစွာထား၍ အနီးသို့ကပ်လိုက်၏။

ထို့နောက် တိုးညှင်းသောအသံဖြင့် ....

"ခင်ဗျား ဘယ်သူလဲ၊ ဒီတောင်ကြားထဲကို ဘယ်လိုရောက်နေရတာလဲ"

လူထူးကြီးက ထန်စုကျင်းအား အတန်ကြာသည်အထိ စိုက်ကြည့်နေလိုက်ပြီးမှ စိတ်မပါတပါအသံဖြင့် ပြန်မေးလိုက်သည်။

"ဆရာကြီးကကော ဘာလာလုပ်တာလဲ"

ထန်စုကျင်းမှာကြောင်၍သွားသည်။

ဤအသံကို နားထောင်ကြည့်ရခြင်းအားဖြင့် သာမန်လူတစ်ယောက်မဟုတ်ဘဲ အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်ကြောင်း အကဲခတ်မိလိုက်သောကြောင့်ဖြစ်သည်။

"ကျုပ်မမျှော်လင့်ဘဲ လမ်းမှားပြီး ဒီနေရာကိုရောက်လာရတာပါ"

ထန်စုကျင်းက လူထူးဆန်းကြီး၏အမေးကို ပြန်ဖြေလိုက်ခြင်းဖြစ်သည်။ လူထူးဆန်းကြီးက အတန်ကြာငေးငိုင်နေပြီးမှ ထန်စုကျင်းအားမေးသည်။

"ဆရာကြီးနာမည်က ဘယ်လိုခေါ်ပါသလဲ"

ထန်စုကျင်းက လူထူးဆန်းကြီးကိုတစ်ချက်ကြည့်ပြီး ....

"သိုင်းလောကသားတွေက ကျုပ်ကို ဝိညာဉ်နှုတ်အဘိုးကြီးလို့ခေါ်ကြတယ်"

လူထူးဆန်း၏မျက်နှာတွင် အံ့ဩမှုအရိပ်ပေါ်လာပြီး ....

"ဘယ်လို ဆရာကြီးက ဝိညာဉ်နှုတ်အဘိုးကြီး ဟုတ်လား"

"ဟုတ်တယ်"

လူထူးကြီးက မယုံကြည်နိုင်သောမျက်နှာဖြင့် ....

"ဒီနာမည်မျိုး ကျုပ်တစ်ခါမှလဲ မကြားမိပါလား"

"အခုကြားရပြီမဟုတ်လား။ မိတ်ဆွေကြီးလဲ သိုင်းလောကထဲကပဲနဲ့တူတယ်"

"ဟုတ်ပါတယ်"

"နာမည်ကကော ဘယ်လိုခေါ်ပါသလဲ"

လူထူးဆန်းကြီး၏ခန္ဓာကိုယ်မှာ တုန်ယင်နေသည်။

တုန်ယင်သောအသံဖြင့် လူထူးဆန်းကြီးက ထန်စုကျင်း၏အမေးကို ပြန်ဖြေသည်။

"ကျုပ်နာမည် 'မိုးနဂါးထုံဝေ'လို့ခေါ်ပါတယ်"

ထန်စုကျင်းမှာ ထိုအမည်ကိုကြားလိုက်ရသည်နှင့် အကြီးအကျယ်တုန်လှုပ်သွားတော့သည်။



မိမိပင် နားကြားလွဲလေသလားဟု ထင်မှားသံသယဖြစ်မိခဲ့သည်။

"မိတ်ဆွေကြီး နောက်တစ်ကြိမ်ထပ်ပြောပါဦး"

လူထူးဆန်းကြီးက နောက်တစ်ကြိမ်ထပ်ပြောသည်။

"မိုးနဂါးထုံဝေပါ"

"ဘယ်လို မိုးနဂါးထုံဝေဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို မိတ်ဆွေကြီးက နဂါးပျံဂိုဏ်းချုပ်ကြီးပေါ့"

"ဟုတ်ပါတယ်"

ထန်စုကျင်းမှာ နောက်သို့ ခြေနှစ်လှမ်းခန့် အလိုလိုပင်ဆုတ်သွားမိလေသည်။ ပြီးနောက် အံ့အားတကြီးဖြင့် နဂါးပျံဂိုဏ်းချုပ်ကြီးထုံဝေအား ကြည့်နေမိတော့သည်။

ooo

နဂါးပျံဂိုဏ်း ....

ဤဂိုဏ်းကြီးသည် သိုင်းလောကတွင် အင်အားအတောင့်တင်းဆုံးသော ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်သည်။ ယခု မိမိရှေ့တွင်ရောက်နေသော အကျိုဖိုးရိုးဖားယား ဆံပင်ရှုပ်ပွနှင့်လူကြီးမှာ ထိုနဂါးပျံဂိုဏ်း၏ဂိုဏ်းချုပ်ကြီးဖြစ်နေသဖြင့် ထန်စုကျင်းမှာ မအံ့ဩဘဲမနေနိုင်အောင်ဖြစ်နေသည်။ ဤအဖြစ်ကို မည်သူတစ်ဦးတစ်ယောက်ကကော ယုံကြည်ပါမည်နည်း။

ဤလူကြီးမှာ နာမည်ရှူး ရှူးနေသောလူတစ်ယောက်ဖြစ်နေလေမည်လား။ စိတ်ထဲတွင် သံသယအမျိုးမျိုးဖြစ်လာမိသည်။

ထန်စုကျင်းက မယုံကြည်နိုင်သောမျက်နှာဖြင့် တတိယအကြိမ်ထပ်မံမေးလိုက်ပြန်သည်။

“မိတ်ဆွေကြီးဟာ တကယ်ပဲ မိုးနဂါးထုံဝေဟုတ်ရဲ့လား”
ဤတွင် လူထူးဆန်းကြီးက အသံမာမာဖြင့်ပြန်ဖြေသည်။
“ကျုပ် လိမ်ညာစရာအကြောင်းလုံးဝမရှိပါဘူး”
“ဒါဆို ဘာဖြစ်လို့ ဒီနေရာကိုရောက်နေရတာလဲ”
“ဒီကိစ္စ.... ခင်ဗျားနားလည်အောင် ကျုပ်အရှည်ကြီးပြော ပြရလိမ့်မယ်ထင်တယ်”
ထိုသို့ပြောပြီးသည်နှင့် လူထူးဆန်းကြီးသည် ခေါင်းငိုက်စိုက် ချသွားလေသည်။ ထန်စုကျင်းမှာ စဉ်းစား၍မရနိုင်အောင် ထူးဆန်း သည့်ဖြစ်ရပ်ဆန်းကြောင့် စိတ်ထဲတွင်ရှုပ်ထွေးလာ၏။
“မိတ်ဆွေကြီးဟာ ဂိုဏ်းချုပ်ကြီးတစ်ဦးဖြစ်ပါလျက်နဲ့ ဘာ့ ကြောင့် ဒီလိုဖြစ်နေရတာလဲ”
လူထူးဆန်းကြီး၏မျက်နှာမှာ ချက်ချင်းနီရဲသွားပြီး ....
“ဘာ့ကြောင့်ဒီလိုဖြစ်နေရသလဲဆိုတော့ ကျုပ်ဟာ အသက် ရှင်ရက်နဲ့ သေနေရတဲ့သူတစ်ယောက်ဖြစ်နေလို့ပဲ”
“ဘယ်လို .... မိတ်ဆွေကြီးစကားကို ကျုပ်မရှင်းဘူး”
တစ်ဆက်တည်းပင် ....
“ဖြစ်နိုင်ရင် တစ်ဆိတ်လောက်ပြောပြပါလား၊ ကျုပ်နား ထောင်ကြည့်ပါရစေ”
လူထူးဆန်းကြီးက သက်ပြင်းအကြိမ်ကြိမ်ချရင်း လေးကွေး အားပျော့သောအသံဖြင့် ....
“အင်း ... ပြောပြလဲ ဘာမှအကြောင်းထူးတော့မှာမဟုတ် ပါဘူးလေ၊ အားလုံးဟာ ဖြတ်သန်းလွန်မြောက်ခဲ့ပြီးပြီပဲ၊ ဒါပေမဲ့ နှစ်ပေါင်းနှစ်ဆယ်အတွင်းမှာ ပထမဆုံးတွေ့ရတဲ့နောင်ကြီးကိုတော့ ကျုပ်မျိုသိပ်ထားခဲ့သမျှအကြောင်းစုံကို ပြောပြပါ့မယ်”



ထန်စုကျင်း၏စိတ်ထဲ ထူးဆန်းအံ့သြမှု ခံစားလာရသည်။
“ဘယ်လို ... မိတ်ဆွေကြီး ဒီနေရာရောက်နေတာနှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပြီဟုတ်လား”
“ဟုတ်ပါတယ်”
“ဘာဖြစ်လို့ ဒီကထွက်မသွားရတာလဲ”
လူထူးဆန်းကြီးက မဲ့ပြုံးတစ်ချက်ပြုံးကာ ....
“ထွက်သွားဖို့ဟုတ်လား၊ ဟင်း .... ထွက်သွားလို့ရမှတော့ ကျုပ်ထွက်သွားတာကြာလှပြီ၊ ဟောဒီနေရာကို ပချုပ်တောင်ကြား လို့ခေါ်တယ်၊ ဒီတောင်ကြားထဲကိုဝင်ရောက်လာမိသူမှန်သမျှ ပြန် ထွက်ဖို့ မရတော့ဘူး”
ထန်စုကျင်းမှာ ထိတ်လန့်တကြီးဖြစ်သွားပြီး ....
“ဘယ်လို .... ဒီနေရာကို ပချုပ်တောင်ကြားလို့ခေါ်တယ် ဟုတ်လား”
“ဟုတ်တယ် .... ဒီတောင်ကြားထဲမှာ လမ်းခွဲတွေ အများ ကြီးရှိနေတယ်၊ဝက်ပါလမ်းလိုပဲ အထဲကိုဝင်မိရင် ပြန်ထွက်ဖို့ လုံးဝ မလွယ်တော့ဘူး”
ထန်စုကျင်းက စိတ်ဝင်စားစွာထပ်မေးလိုက်သည်။
“ဒီတောင်ကြားထဲမှာ ဘယ်လိုလူတွေရှိနေလို့လဲ”
လူထူးဆန်းကြီးက ထန်စုကျင်းကိုတစ်ချက်ကြည့်ပြီး ....
“ဒီတောင်ကြားရဲ့အဆုံးမှာ လိုဏ်ဂူကြီးတစ်ခုရှိတယ်၊ အဲဒီ လိုဏ်ဂူကြီးထဲမှာ တောင်ကြားသရဲကြီးလို့ခေါ်တဲ့ တောင်ကြားသခင် ကြီးနဲ့ သူ့တပည့်ရှစ်ယောက်ရှိနေတယ်”
ထန်စုကျင်းမှာ တစ်ခါမျှမကြားဘူးသောစကားများကို ကြားနေရ၏။ လူထူးဆန်းကြီးပြောစကားအရဆိုလျှင် မိမိလည်း ဤ

တောင်ကြားထဲမှပြန်ထွက်ရန်မလွယ်ကူတော့သည့်သဘောပင် ဖြစ်သည်။ ထန်စုကျင်းက ပတ်ဝန်းကျင်ကိုတစ်ချက်အကဲခတ်ပြီး စိတ်ကိုတည်ငြိမ်အောင်ထိန်းချုပ်လိုက်သည်။

"မိတ်ဆွေကြီးက ဘယ်လိုကြောင့် ဒီနေရာမှာလာပြီး ခြေချမိနေရတာလဲ"

လူထူးဆန်းကြီး ချက်ချင်းပြန်ဖြေသည်။

"တစ်ပါးသူရဲ့ လုပ်ကြံမှုကြောင့်ပါပဲ"

"ဟင် တယ်လဲထူးဆန်းနေပါလား၊ နေပါဦး မိတ်ဆွေကြီးက ဒီနေရာမှာ နှစ်ပေါင်းနှစ်ဆယ်လောက်ပိတ်မိနေတယ်ဆိုတော့ ဒီနှစ်တွေကြားမှာ ဂိုဏ်းကိစ္စအဝဝဆောင်ရွက်ဖို့ဘယ်သူကဂိုဏ်းချုပ်ရာထူးကိုဆက်ခံထားသလဲ"

"ဒါတော့ကျုပ်မသိဘူး"

ထန်စုကျင်းက လူထူးဆန်းကြီးအား မယုံသင်္ကာဟန်ဖြင့် ထပ်မံအကဲခတ်လိုက်ပြီး .....

"မိတ်ဆွေကြီးဟာ တကယ်ပဲ နဂါးပျံဂိုဏ်းချုပ်ထုံဝေလား"

လူထူးဆန်းကြီးက မျက်နှာတစ်ချက်ရှုံ့လိုက်ပြီး .....

"ကျုပ်ဘဝကဆုံးနေပြီပဲ၊ ကျုပ် ဘာကြောင့်လိမ်ညာပြောနေရမှာလဲ၊ ဒီနှစ်တွေအတွင်း နည်းအမျိုးမျိုးနဲ့ လွတ်မြောက်ဖို့ ကျုပ်ကြိုးစားခဲ့ပါသေးတယ်၊ ဒါပေမယ့် ဘယ်လိုမှကြိုးစားလို့မရခဲ့ဘူး၊ ကျုပ်အတွက် မျှော်လင့်စရာတစ်ခုပဲရှိတယ်၊ အဲဒါကတော့ ကျုပ်အကြောင်းကို ကျုပ်အိမ်သားတွေသိသွားဖို့ပဲ၊ ဒီကိစ္စကလဲ ဘယ်နည်းနဲ့မှဖြစ်နိုင်မှာမဟုတ်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီတောင်ကြားထဲရောက်လာတဲ့လူလဲ နှစ်ပေါင်းနှစ်ဆယ်အတွင်း တစ်ယောက်မှမရှိခဲ့ဘူး၊ အခု ပထမဆုံးအကြိမ်အဖြစ်ရောက်လာတဲ့ ခင်ဗျားဟာလဲ



ပြန်ထွက်ဖို့မဖြစ်နိုင်တော့ဘူး၊ ဒီတော့ ကျုပ်အိမ်သားတွေဆီကို ဘယ်လိုနည်းနဲ့သတင်းပို့နိုင်တော့မှာလဲ"

လူထူးဆန်းကြီး၏စကားအရ ထန်စုကျင်းအတွက်လည်း မျှော်လင့်ချက်ကုန်ဆုံးနေပြီဖြစ်သည်။ သို့သော် ထန်စုကျင်းအနေဖြင့် လုံးဝမတုန်လှုပ်ပေ။ သူ၏စိတ်ကူးထဲတွင် ဤတောင်ကြားအတွင်းမှ လူသားတစ်ဦးဦးကိုတွေ့လျှင် မိမိပညာစွမ်းဖြင့်အမိဖမ်းမည်။

ထို့နောက် အကျုပ်ကိုင်ကာ ထွက်ပေါက်ကိုပြခိုင်းမည်။

သို့ဆိုလျှင် ဤတောင်ကြားတွင် ပိတ်မိနေစရာအကြောင်း လုံးဝမရှိတော့။

၀၀၀

## ဝက်ပါတောင်မှလူရှစ်ယောက်

ထန်စုကျင်းသည် တောင်ကြားအတွင်းမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းကိုကြံဆနေ၏။ သို့သော် သူစဉ်းစား ရကျပ်နေသည့်အကြောင်းတစ်ခုမှာ မိုးနဂါးထုံဝေကိုပါ တစ်ပါတည်း ခေါ်သွားလျှင် ကောင်းမကောင်းဆိုသည့်အချက်ပင်ဖြစ်သည်။

ထို့ပြင် မေးခွန်းပေါင်းများစွာလည်းဝင်လာပြန်သည်။

သူ နားမလည်နိုင်သည်အချက်မှာ နဂါးပျံဂိုဏ်းအား ယခု မည်သူကဦးစီးချုပ်ကိုင်နေသည်ဆိုသည့်အချက်ပင်ဖြစ်သည်။

စင်စစ် နဂါးပျံဂိုဏ်းသည် နေသူရိန်ဂိုဏ်းနှင့် ပြိုင်ဘက်ဖြစ်သည်။ ထန်စုကျင်းက နားမလည်နိုင်ဟန်ဖြင့် လူထူးဆန်းကြီးအား ပြောသည်။

"သိုင်းလောကမှာ နဂါးပျံဂိုဏ်းချုပ်မိုးနဂါးထုံဝေ ပျောက်ဆုံးတယ်လို့လဲ တစ်ခါမှမကြားမိဘူး၊ ပြီးတော့ ဂိုဏ်းရဲ့အင်အားဟာလဲ လျော့မသွားခဲ့ဘူး၊ ဒါ ဘာ့ကြောင့်ပါလဲ"

မိုးနဂါးထုံဝေက မချိပြုံးတစ်ချက်ပြုံးကာ ....

"ကျုပ်လဲ ဘယ်လိုမှရှင်းမပြနိုင်တော့ဘူး၊ ဒီနှစ်ပေါင်းနှစ်ဆယ်အတွင်းမှာ ကျုပ်ဟာ လူသေတစ်ယောက်လိုဖြစ်နေခဲ့တာပါ"

"ဒါနဲ့ ခုနကပြောတဲ့ တောင်ကြားသရဲဆိုတာ ဘယ်သူလဲ"



လူထူးဆန်းကြီးကမဆိုင်းမတွပင် ....

"တိမ်တိုက်ကိုယ်တော်ပါ"

ထိုအမည်ကို ထန်စုကျင်း ယခုမှကြားဖူးခြင်းဖြစ်သည်။

"သူက ဘယ်လိုလူစားမျိုးလဲ"

"တစ်ချိန်က သိုင်းလောကတစ်ခုလုံးကို ဂယက်ရိုက်စေခဲ့တဲ့ သိုင်းသမားဆိုးကြီးတစ်ယောက်ပေါ့"

"ဟုတ်လား .... သူ အခု ဒီတောင်ကြားထဲမှာရှိသလား"

"မရှိဘူး၊ သူက ဒီတောင်ကြားထဲမှာအနေနည်းတယ်"

ထိုစဉ် .... ခြေသံတစ်သံကိုကြားလိုက်ရလေတော့၏။

ထန်စုကျင်းက တစ်ချက်နားစွင့်လိုက်ပြီး ....

"လူတစ်ချို့တော့လာနေကြပြီ၊ ညာဘက်တောင်ကြားဆီကလို့ထင်တယ်"

ထန်စုကျင်းက နားစွင့်ရင်းပြောသည်။ မိုးနဂါးထုံဝေမှာ အဆင့်မြင့်သိုင်းပညာများ လုံးဝမရှိတော့သောကြောင့် ခပ်လှမ်းလှမ်းဆီမှခြေသံကို လုံးဝကြားနိုင်စွမ်းမရှိတော့ပေ။

"မိတ်ဆွေကြီး ဒီနေရာကအမြန်ရှောင်နေလိုက်ပါ"

ထန်စုကျင်းအား လူထူးဆန်းကြီးက ရုတ်တရက်လှမ်းပြောလိုက်ခြင်းဖြစ်သည်။

"ကောင်းပြီ .... ကျုပ် ခဏရှောင်နေလိုက်ပါ့မယ်"

ပြောပြောဆိုဆို ထန်စုကျင်းသည် ကျောက်ဆောင်တစ်ခုဘေးသို့ပြေး၍ပုန်းကွယ်လိုက်သည်။ ခြေသံများမှာ တဖြည်းဖြည်း နီးကပ်လာ၏။

မကြာမီ တောင်ကြ... ၌ လူရိပ်သုံးရိပ်ပေါ်လာသည်။ အဘိုးကြီးတစ်ဦးနှင့်လူလတ်ပိုင်းနှစ်ဦးတို့ဖြစ်သည်။

အဘိုးအိုသည် ဝတ်ရုံစိမ်းကိုဝတ်ဆင်ထား၏။

ကျန်လူလတ်ပိုင်းနှစ်ယောက်မှာ အဘိုးအို၏အပည့်လက်သားများဖြစ်ပုံရသည်။

လမ်းလျှောက်ပုံကိုကြည့်ခြင်းအားဖြင့် ၄င်းတို့အားလုံး အဆင့်မြင့်သိုင်းသမားများဖြစ်ကြောင်းသိနိုင်သည်။

ဝတ်ရုံစိမ်းနှင့်အဘိုးကြီးသည် မိုးနဂါးထုံဝေအနီးလျှောက်လာပြီး အေးစက်မာကျောသောအသံဖြင့်ပြောလိုက်၏။

"ထုံဝေ မင်းကို ဘယ်မှမသွားပါနဲ့လို့ပြောထားရက်နဲ့ မင်းငါ့စကားနားမထောင်ဘူး၊ အသားနာချင်ပြန်ပြီနဲ့တူတယ်"

မိုးနဂါးထုံဝေမှာ မျက်နှာတစ်ချက်ပျက်သွားပြီး အားအင်ချိနဲ့သောအသံဖြင့်ပြန်ပြောလိုက်သည်။

"ကျုပ် ဒီထဲက ထွက်မသွားနိုင်တာကို ခင်ဗျားတို့လဲ သိပြီးသားပါဗျာ၊ ဒီလောက်လေးတောင် မလျှောက်ရတော့ဘူးလား"

ထိုအဘိုးအိုက ထုံဝေအားတစ်ချက်စိုက်ကြည့်လိုက်ပြီး ...

"ကဲ .... လာ၊ တို့နဲ့လိုက်ခဲ့၊ သခင်ကြီးခေါ်နေတယ်"

မိုးနဂါးထုံဝေ၏မျက်လုံးအစုံ မှိုင်းမှုန်သွား၏။

"သခင်ကြီးပြန်ရောက်နေတယ်ဟုတ်လား"

ဝတ်ရုံစိမ်းနှင့်အဘိုးကြီးကခေါင်းညိတ်ပြရင်း နှစ်သိမ့်သောလေသံဖြင့်ပြောသည်။

"ထုံဝေ မင်းဒီမှာနေရတာလဲ အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီ၊ မင်းကိုကြည့်ပြီး ငါတို့လဲ သနားမိတာအမှန်ပါ၊ တကယ်တော့ မင်းကလဲ သိပ်ခေါင်းမာတာကိုးကွ၊ မင်းကို ငါတစ်ခုပြောမယ်၊ ကျောက်စိမ်းဓားဘယ်သူ့ဆီမှာရှိနေတယ်ဆိုတာကိုသာပြောလိုက်၊ မင်း ဒီဘဝကလွတ်မြောက်သွားတဲ့အပြင် မင်းရဲ့ဆုံးရှုံးသွားတဲ့ သိုင်းပညာတွေကိုပါ ပြန်



ရလိမ့်မယ်၊ ပြီးတော့ ဂိုဏ်းချုပ်ကြီးရာထူးကိုလဲ မင်းဆက်ခံပိုင်ခွင့်ရှိမယ်၊ ဒါကို မင်းသေသေချာချာစဉ်းစားဖို့ကောင်းတယ်"

ကျောက်စိမ်းဓားဆိုသည့်စကားသံက ကျောက်ဆောင်ကွယ်တွင်ပုန်းအောင်းနေသည့်ထန်စုကျင်း၏စိတ်အစဉ်အား လှုပ်ခါသွားစေခဲ့သည်။

အမှန်တော့ ....

မိုးနဂါးထုံဝေအဖမ်းခံနေရခြင်းမှာ ကျောက်စိမ်းဓား မည်သူ့ထံတွင်ရှိသည်ကို ထုတ်ဖော်ပြောဆိုခြင်း မပြုသောကြောင့်ဖြစ်သည်။

သို့ဆိုလျှင် ....

မိုးနဂါးထုံဝေသည်လည်း တစ်ချိန်က ကျောက်စိမ်းဓားရလိုမှုနှင့် လုပ်ကြံမှုတွင် ပါဝင်ပတ်သက်နေသည်လော။

မိုးနဂါးထုံဝေက အသံကျယ်ကြီးဖြင့် ....

"ကျုပ်ပါးစပ်ကကျောက်စိမ်းဓားအကြောင်းပြောဖို့ ခင်ဗျားတို့ အိပ်မက်တောင်မမက်ကြနဲ့"

ဝတ်ရုံစိမ်းနှင့်အဘိုးကြီးက တဟားဟားရယ်ကာ ....

"ဒီမှာထုံဝေ .... မင်းကို အမှန်အတိုင်းပြောပြမယ်၊ ဟသ်ာမောင်နှံရဲ့တစ်ဦးတည်းသောသား သံမဏိလက်သျှိုးထန်စုကျင်းဟာ ဒီသွေးကြွေးကိုတောင်းဖို့ လိုက်လာနေပြီ၊ သူ့သိုင်းပညာအဆင့်ဟာ အင်မတန်မြင့်တယ်၊ ပြီးတော့ ဝိညာဉ်ခေါ်အလံကလဲ သူ့ဘက်က အကူအညီပေးနေတယ်၊ ဒါတင်မကသေးဘူး၊ ထန်စုကျင်းဟာ တစ္ဆေနတ်မီးရဲ့တပည့်လို့လဲပြောတယ်၊ တစ္ဆေနတ်မီးဆိုတာကို မင်းသိမှာမဟုတ်ဘူး၊ သိုင်းလောကထဲ တစ္ဆေနတ်မီးရောက်လာတဲ့အချိန်မှာ မင်းဟာ ဒီတောင်ကြားထဲကို ရောက်နေပြီ"

ထိုဝတ်ရုံစိမ်းနှင့်အဘိုးကြီးက စကားကိုခေတ္တနားလိုက်၏။

ခဏကြာမှ မိုးနဂါးထုံဝေကိုကြည့်ကာဆက်ပြောသည်။

"နောက်ဆုံးအနေနဲ့ မင်းကိုပြောလိုက်မယ်၊ မင်း ဖွင့်ပြောမယ်ဆိုရင် မင်းတွက် သခင်ကြီးကအကောင်းဆုံးဖြစ်အောင်စီစဉ်ပေးလိမ့်မယ်၊ ဒီလိုမှဖွင့်မပြောရင် မင်းရဲ့အိမ်သူအိမ်သားတွေနဲ့ တပည့်အားလုံးအသက်ပျောက်သွားလိမ့်မယ်၊ တစ်ချိန်က ဒီပြဿနာထဲမှာပါဝင်ခဲ့ဖူးတဲ့မိုးကြိုးဓားကွမ်းကြုံအိတော့ သေသွားပြီ"

"တခြားလူတွေလဲ မကြာခင်မှာ သူ့နောက်လိုက်ကြရတော့မယ်၊ ဒါကြောင့် မင်းသေသေချာချာစဉ်းစားပါ"

ဤတွင် မိုးနဂါးထုံဝေက ....

"ကျုပ်ဟာ ကျောက်စိမ်းဓားကို မမျှော်လင့်ဘဲရခဲ့တာ၊ သူတို့တွေနဲ့ပေါင်းပြီးလုပ်ကြံလုယူခဲ့တာမဟုတ်ဘူး၊ ဟသ်ာမောင်နံ့ရဲ့ကိစ္စကိုလဲ ကျုပ်မသိဘူး"

ဝတ်ရုံစိမ်းနှင့်အဘိုးကြီးမှာ ဟင်းခနဲသက်ပြင်းချပြီး ....

"မင်း တောင်ပြောမြောက်ပြောလုပ်မနေနဲ့၊ ဒီသတင်းသာ သိုင်းလောကဆီပျံ့လွင့်သွားရင်တော့ နဂါးပျံဂိုဏ်းလဲ လွယ်မယ် မထင်ဘူး"

ကျောက်တုံးနောက်ကွယ်တွင်ပုန်းနေသော ထန်စုကျင်း၏စိတ်ထဲတွင် လှုပ်ရှားလာသည်။ ယခုအတိုင်းဆိုပါက ထုံဝေသည် မိမိ၏ရန်သူမဟုတ်သေး။ သူသည် ကျောက်စိမ်းဓားအား မမျှော်လင့်ဘဲရခဲ့သူသာဖြစ်သည်။

ကျောက်စိမ်းဓားမှာ မိမိ၏မိဘနှစ်ပါးကျန်ရစ်ခဲ့ သောပစ္စည်းဖြစ်သဖြင့် မိမိသာပိုင်ဆိုင်ခွင့်ရှိသည်။

ထို့ကြောင့် အရယူရမည်ဖြစ်သည်။

ဤဓားအကြောင်းကို ပြောပြကောင်းပြောပြနိုင်သူ ....



သို့မဟုတ် လူသတ်သမားများအား ညွှန်ပြကောင်း ညွှန်ပြနိုင်သူဟူ၍ ယခုအချိန်တွင် မိုးနဂါးထုံဝေတစ်ဦးတည်းသာရှိသည်ဟု ထန်စုကျင်းတွေးလိုက်မိသည်။

သို့ဆိုလျှင် .... မိုးနဂါးထုံဝေအား ဤတောင်ကြားထဲမှ ကယ်ထုတ်သွားရပေလိမ့်မည်။

ထိုစဉ် မိုးနဂါးထုံဝေထံမှစကားသံထွက်ပေါ်လာသည်။

"ကျုပ်သေမှ ဒါတွေအေးမှာ၊ ဒီတော့ ကျုပ်ဘာကို ဂရုစိုက်နေရမှာလဲ"

ထိုအခါ ဝတ်ရုံစိမ်းနှင့်အဘိုးကြီးက ....

"မင်း တကယ်သေရဲလို့လား"

မိုးနဂါးထုံဝေက ဟက်ဟက်ပက်ပက်ရယ်မောလိုက်၏။

"တစ်သက်မှာ တစ်ခါပဲသေရတာ၊ ဘယ်အချိန်ပဲသေသေ သေတာမဆန်းပါဘူး၊ ကျုပ်ကိုယ်တိုင်လဲ သေစာရင်းသွင်းထားပြီးပြီမို့ ကျောက်စိမ်းဓားအကြောင်း နောက်ထပ်မေးဖို့မကြိုးစားကြနဲ့တော့၊ ကျုပ်ကိုယ်ကျုပ်မကျေနပ်တာက ကျုပ်ရဲ့သိုင်းပညာနဲ့ ခင်ဗျားတို့ကို ဆုံးမခွင့်မရလိုက်တာကိုပဲ"

"ဩော် .... မင်းက အသည်းကောင်းလို့ပွဲတောင်းတာပေါ့"

ဝတ်ရုံစိမ်းနှင့်အဘိုးကြီးက ခက်ထန်မာကျောသောအသံဖြင့်အော်ပြောလိုက်သည်။ လူလတ်ပိုင်းလူနှစ်ဦးက မိုးနဂါးထုံဝေအနီးသို့ တိုးကပ်လာသည်။

ထိုစဉ် ....

လိုဏ်သံပါသော အသံတစ်သံ ဟိန်းထွက်လာလေတော့၏။

"ဟိတ် .... ရပ်လိုက်စမ်း"

မိုးနဂါးထုန်ဝေက ထိုအသံရှင်ကိုသိလိုက်ပြီးဖြစ်သည်။

ထို့ကြောင့် မျက်နှာလုံးဝမပျက်ဘဲ တည်တည်ငြိမ်ငြိမ်ပင်ရှိနေသည်။ အဘိုးကြီးနှင့်လူလတ်ပိုင်းနှစ်ဦးတို့သာ အကြီးအကျယ်မျက်နှာပျက်သွားကြသည်။

ဤတောင်ကြားအတွင်းသို့ လူစိမ်းတစ်စုံတစ်ယောက်ရောက်ရှိနေလိမ့်မည်ဟု လုံးဝမထင်ကြပေ။

အကယ်၍ မိုးနဂါးထုံဝေကိုဖမ်းချုပ်ထားသည့်သတင်းသာ သိုင်းလောကသို့ပျံ့နှံ့သွားပါက လွယ်မည်မဟုတ်တော့ပေ။ ဝတ်ရုံစိမ်းနှင့်အဘိုးကြီးက ဟိန်းဟောက်သံဖြင့်မေးလိုက်သည်။

"ဘယ်သူလဲ"

ဆံဖြူအဘိုးကြီးတစ်ဦး ကျောက်ဆောင်နောက်ကွယ်မှထွက်ပေါ်လာပြီး ဖြည်းညင်းစွာလျှောက်လာသည်။ ထိုအဘိုးအိုကား ရုပ်ဖျက်ထားသော ထန်စုကျင်းပင်ဖြစ်ပေသည်။

ဝတ်စုံစိမ်းနှင့်အဘိုးအိုမှာ မမျှော်လင့်ဘဲလူစိမ်းတစ်ဦးကိုမြင်လိုက်ရသည့်အခါ ထိတ်လန့်အံ့ဩသွားပြီး နောက်သို့ အလိုလိုလေးငါးလှမ်းခန့် ဆုတ်မိပြီးသားဖြစ်သွားတော့သည်။

ooo



မျက်လုံးခြောက်လုံးသည် ဆံဖြူအဘိုးအိုအသွင်နှင့်ထန်စုကျင်းအား စူးစိုက်ကြည့်လျက်အကဲခတ်နေသည်။

ထန်စုကျင်းအား မည်သို့မျှသိပုံမပေါ်ချေ။

ထန်စုကျင်းက လက်တစ်ဖက်ဖြင့် ဖြူဖွေးသောမုတ်ဆိတ်မွေးကိုပွတ်သပ်ရင်း တဟဲဟဲရယ်မောကာ ....

"သိပ်လဲ ကြောက်မသွားကြပါနဲ့လေ၊ ကျုပ် အဘိုးကြီးတစ်ယောက်ပါ"

ခေါင်းဆောင်ဖြစ်သူ ဝတ်စုံစိမ်းနှင့်အဘိုးကြီးက ထန်စုကျင်းအား သေချာစိုက်ကြည့်ရင်း ....

"နောင်ကြီးက ဘယ်သူလဲ"

"ကျုပ် ဘယ်သူဆိုတာသိဖို့အချိန်မရောက်သေးပါဘူးလေ"

ဝတ်ရုံစိမ်းနှင့်အဘိုးကြီးက ဟက်ခနဲတစ်ချက်ရယ်လိုက်၏။

"ကောင်းပြီလေ ... ဒီနေရာဟာ ဘယ်လိုနေရာမျိုးဆိုတာ နောင်ကြီးသိရဲ့လား"

ထန်စုကျင်းက မထီမဲ့မြင်ပြုံးကာ ....

"ဟင်း .... ဟင်း .... လူသူမရှိတဲ့တောင်ကြားနေရာမျိုးကိုများ အထူးအဆန်းလုပ်ပြီးပြောနေရသေးတယ်"

"ဟား .... ဟား .... ဟား ဒါဟာ ဝက်ပါတောင်ကြားလို့ခေါ်တယ်၊ ဒီတောင်ကြားထဲကိုရောက်လာတဲ့သူဟာ သေမင်းဆီရောက်တာနဲ့အတူတူပဲဆိုတာသိရဲ့လား"

ထန်စုကျင်းကလည်း ခပ်မျှင်းမျှင်းတစ်ချက်ရယ်ပြီး ....

"ဟဲ .... ဟဲ ကျုပ်ဒီနေရာကိုရောက်လာတာနဲ့ သေစာရင်းမှာ အပြောင်းအလဲဖြစ်သွားပြီဆိုတာ သိရဲ့လား၊ အခု သေမင်းဆီမှာ တခြားလူတွေအစား ခင်ဗျားတို့နာမည်တွေ ရောက်သွားပြီ"

ဝတ်ရုံစိမ်းနှင့်အဘိုးကြီးမှာ ဒေါသအကြီးအကျယ်ထွက် သွားပြီး ....

"ခင်ဗျား .... တယ်လဲ ရမ်းကားပါလား"

ထန်စုကျင်းက အေးဆေးစွာပြန်ပြောလိုက်သည်။

"ကျုပ်ပြောတဲ့စကား လွဲခဲ့ပါတယ်ဗျာ"

ဝတ်ရုံစိမ်းနှင့်အဘိုးကြီးမှာ စိုးထိတ်သလိုဖြစ်သွားပြီး....

"နေပါဦး .... နောင်ကြီးကဘယ်သူပါလဲ"

"ဟင်း ... ဟင်း ... ကျုပ်ပြောပြီးပြီမဟုတ်လား၊ ဒီမေးခွန်း ကိုဖြေဖို့ အချိန်မတန်သေးပါဘူးလို့"

"ကောင်းပြီ .... ဒါဆို ဒီနေရာကို ဘာကိစ္စနဲ့ရောက်လာ ပါသလဲ"

ထန်စုကျင်းက လုံးဝအရေးမစိုက်ဟန်ဖြင့် ကောင်းကင်ယံ ကိုမော့ကြည့်လိုက်၏။

ထို့နောက် ဝတ်ရုံစိမ်းနှင့်အဘိုးကြီး၏အမေးကိုမဖြေဘဲ သူ ပြောချင်သည်ကိုသာပြောလိုက်လေသည်။

"ဒီနေရာဟာ ခင်ဗျားတို့အပိုင်ရထားတဲ့နေရာမှမဟုတ်ဘဲ ကျုပ်ဟာကျုပ် အလည်အပတ်လာတာပေါ့"

ဝတ်ရုံစိမ်းနှင့်အဘိုးကြီးက ဟက်ခနဲရယ်လိုက်ပြီး...

"အလည်အပတ်ဟုတ်လား၊ ဟား .... ဟား ....ဟား ... အလည်မဟုတ်ဘူး၊ သေတွင်းတူးဖို့ရောက်လာတာ နားလည်လား"

"ပါးစပ်ရှိတိုင်း ပေါက်ကရတွေလျှောက်ပြောမနေနဲ့၊ ကျုပ် ဒီကိုလာတာ အလည်အပတ်သဘောဆိုပေမယ့် ခင်ဗျားတို့သခင်ကြီး တိမ်တိုက်ကိုယ်တော်ဆီက အရေးကြီးတဲ့ပစ္စည်းတစ်ခုကိုယူဖို့လ ရည်ရွယ်ထားခဲ့တာဗျ၊ ရှင်းပြီလား"



တိမ်တိုက်ကိုယ်တော်ဟူသောစကားကြောင့် ဝတ်စုံစိမ်း ဝတ်အဘိုးအိုနှင့် သူ၏နောက်လိုက်နှစ်ယောက်တို့ အကြီးအကျယ် မျက်နှာပျက်သွားကြလေသည်။

"ဘာပစ္စည်း ယူမလို့လဲ"

ဝတ်စုံစိမ်းနှင့်အဘိုးအိုက စိတ်ဝင်တစားမေးလိုက်သည်။ ထန်စုကျင်းက အေးဆေးသောလေသံဖြင့်ပြန်ဖြေလိုက်သည်။

"သူ့လည်ပင်းမှာဆွဲထားတဲ့ပုတီးကိုပါ"

ထိုပုတီးမှာ တိမ်တိုက်ကိုယ်တော်၏အဆောင်လက်ဖွဲ့တစ် ခုဖြစ်ကာ လည်ပင်းတွင် အမြတ်တနိုးဆွဲထားခြင်းဖြစ်သည်။

ယခု ဤဆံဖြူအဘိုးကြီးက ထိုလည်ဆွဲကိုယူမည်ဆိုသော အခါ ဝတ်စုံစိမ်းနှင့်အဘိုးအိုမှာ အကြီးအကျယ်ဒေါပွသွားတော့၏။

ကျန်နှစ်ယောက်လည်း ဒေါသတကြီးဖြစ်ကာ တိုက်ခိုက်ရန် နေရာယူလိုက်ကြလေသည်။ ထိုလူသုံးဦး၏လက်ဝါးများသည် ပြိုင်တူ လှုပ်ရှားလာကြ၏။

လက်ဝါးအားလှိုင်းသုံးခုက ထန်စုကျင်းထံတစ်ပေါင်းတည်း ရိုက်ခတ်လာသည်။ ထန်စုကျင်းကလည်း လက်ဝါးနှစ်ဖက်ကို စက် ဝိုင်းပုံသဏ္ဌာန်ဝှေ့ယမ်းလိုက်သည်။

ဤတွင် ....

ထန်စုကျင်းထံသို့တိုးဝင်လာသော လက်ဝါးအားလှိုင်းသုံးခု စလုံးသည် ချက်ချင်းပင် ပျောက်ကွယ်သွားလေသည်

ထိုအခါမှ သူတို့သည် အဆင့်မြင့်ပုဂ္ဂိုလ်နှင့်တွေ့နေရပြီဖြစ် ကြောင်းသိလိုက်ကြတော့၏။

ထိုသို့သိလိုက်သည်နှင့် သူတို့အားလုံးမှာ လိပ်ပြာလွင့်သွား မတတ် တုန်လှုပ်ချောက်ချားသွားတော့သည်။

ထန်စုကျင်း၏လက်ဝါးက ငှင်းတို့သုံးဦးအနက်လူလတ်ပိုင်းအရွယ်တစ်ဦးထံသို့တိုးဝင်သွားသည်။

ထိုလူမှာ ရုတ်တရက် မြောက်တက်သွားပြီး ကျောက်ဆောင်နှင့်ပြေးဝင်ဆောင့်လေသည်။

"အား ...."

ငယ်သံပါအောင်အော်လိုက်သံနှင့်အတူ ကျန်လူလတ်ပိုင်းတစ်ယောက်လည်း မြေပေါ်သို့ ထပ်မံလဲကျသွားပြန်လေသည်။

ဝတ်ရုံစိမ်းနှင့်အဘိုးကြီး၏မျက်နှာ နီရဲသွားသည်။

သူသည် လက်ဝါးနှစ်ဖက်ကိုဝှေ့ယမ်း၍ ထန်စုကျင်းအားတရကြမ်းဝင်ရောက်တိုက်ခိုက်လေတော့သည်။

ဝတ်စုံစိမ်းနှင့်အဘိုးကြီး၏ပြင်းထန်လှသောတိုက်ချက်ကိုထန်စုကျင်းက ရှောင်တိမ်းပြီး လက်ဝါးဖြင့်ပြန်လည်ရိုက်ချလိုက်ရာအင့်ခနဲအသံနှင့်အတူ ထိုအဘိုးကြီးမှာ တစ်လံခန့်အကွာသို့ လွင့်စဉ်သွားလေသည်။

သွေးများသည် နှုတ်ခမ်းဝမှစီးထွက်လာလေသည်။ ဝတ်စုံစိမ်းနှင့်အဘိုးကြီးသည် ချက်ချင်းပြန်ထလိုက်ပြီး ....

"ဒီလောက်ရမ်းကားတဲ့အဘိုးကြီး မကြာခင် အကြောင်းသိရစေ့မယ်"

ထိုသို့ပြောပြီးသည်နှင့် ဝတ်ရုံစိမ်းနှင့်အဘိုးကြီးသည် လှည့်ထွက်သွားလေတော့၏။

မိုးနဂါးထုံဝေမှာ ....

အနည်းငယ်လှမ်းသည့်နေရာတွင်ရှိနေသည့်တိုင် သူ၏မျက်နှာပေါ်တွင်လည်း အံ့ဩထိတ်လန့်သည့်အမူအရာများကို ကောင်းစွာမြင်တွေ့ရလေသည်။



သူသည် ဆံဖြူအဘိုးကြီးအဖြစ်ရုပ်ဖျက်ထားသော ထန်စုကျင်း၏သိုင်းပညာကို အံ့မခန်းလိလိဖြစ်ကာ မည်သည့်အဆင့်သို့ရောက်နေကြောင်းကိုပင် မခန့်မှန်းနိုင်အောင်ရှိနေတော့၏။

၀၀၀

မိုးနဂါးထုံဝေသည် အစစအရာရာလက်မြောက်အရှုံးပေးထားရာမှ စိတ်အားများပြန်လည်တက်ကြွလာလေသည်။

ခန့်မှန်း၍မရအောင် သိုင်းပညာထက်မြက်လှသော လူစိမ်းတစ်ဦး ဤနေရာသို့ ရောက်ရှိလာနိုင်ခြင်းက သူ၏အနာဂတ်အတွက်မျှော်လင့်ချက်များ ရှိလာစေခဲ့ပြီမဟုတ်ပါလား။

သူသည် ကျေနပ်အားရစွာဖြင့် ထန်စုကျင်းကိုလှမ်းကြည့်လိုက်သည်။

တစ်ခေါင်းလုံးဖွေးဖွေးဖြူနေသောအဘိုးအိုအသွင် ရုပ်ဖျက်ထားသည့်ထန်စုကျင်းကို မည်သူမည်ဝါဖြစ်ကြောင်းအကဲခတ်၍မရဘဲဖြစ်နေလေသည်။

ထိုစဉ် ....

မိုးနဂါးထုံဝေသည် ထိတ်လန့်တကြားဖြစ်ကာ ထန်စုကျင်းအား ရုတ်တရက်ဟစ်အော်သတိပေးလိုက်သည်။

"ဆရာကြီး သတိထားပါ"

မိုးနဂါးထုံဝေ၏သတိပေးသံကိုကြားလိုက်ရသည်နှင့် ထန်စုကျင်းသည် လျှပ်စီးလက်သကဲ့သို့ လျင်မြန်သောအဟုန်ဖြင့် ရှစ်လံခန့်အကွာသို့ ခုန်ရှောင်လိုက်ပြီးဖြစ်သွားလေသည်။

"ဝှီ .... "

ပြင်းထန်သောလေတိုးသံတစ်ချက် ပေါ်ထွက်လာပြီး စော
စောက ထန်စုကျင်းရပ်ခဲ့သည့် ကျောက်တုံးပေါ်တွင် အပေါက်လေး
နှစ်ပေါက်ဖြစ်သွားလေသည်။

အလွန်ကြောက်စရာကောင်းလှသော လက်နက်ပုန်းပင်
ဖြစ်ပေသည်။ ထန်စုကျင်းက ထိတ်လန့်တကြား လှည့်ကြည့်လိုက်၏။

ထိုစဉ် သူ့နောက်ဘက်ခပ်လှမ်းလှမ်း၌ ထူးဆန်းသော လူ
တစ်စုရပ်နေသည်ကိုတွေ့လိုက်ရတော့သည်။

ooo



ရှေ့ဆုံးမှရပ်နေသူမှာ မျက်နှာတစ်ခုလုံး ဆွတ်ဆွတ်ဖြူနေ
သည့်အဘိုးကြီးတစ်ဦးဖြစ်သည်။ သူ၏နောက်ဘက်တွင်မူ အရပ်ရှည်
ရှည်လူကြီးငါးဦးက တန်းစီရပ်နေကြ၏။

အားလုံးပင် ဝတ်ရုံစိမ်းများကိုဝတ်ဆင်ထားကြသည်။

ရှေ့ဆုံးမှအဘိုးကြီးသည် ဤဂိုဏ်းကြီး၏အရှင်သခင်ဖြစ်
ဟန်တူ၏။

ထန်စုကျင်းအနေဖြင့် မေးစရာမလို။

ထိုအဘိုးကြီးမှာ တိမ်တိုက်ကိုယ်တော်ပင်ဖြစ်ကြောင်းသိရှိ
လိုက်သည်။

သူမှလွဲ၍ အခြားမည်သူဖြစ်နိုင်ပါမည်နည်း။

လူအရေအတွက်အရလည်း ဤဂိုဏ်းကြီးတွင်ရှိသည့်လူ
အားလုံး အကုန်ရောက်ရှိနေကြောင်းသိနိုင်၏။ ရှေ့ဆုံးမှ အဘိုးကြီး
သည် ထန်စုကျင်းအား စိုက်ကြည့်လိုက်ပြီး ....

"ဒီဂိုဏ်းကြီးထဲဝင်လာရဲတာဟာ သတ္တိရှိတာမဟုတ်ဘူး၊
ကိုယ့်သေတွင်း ကိုယ်လာတူးတာပဲ"

ထန်စုကျင်းက သဘောကျစွာတစ်ချက်ရယ်လိုက်သည်။

"ဒီမှာ တိမ်တိုက်ကိုယ်တော်၊ ကျုပ်ရှေ့လာပြီး စကားကြီး
စကားကျယ်တွေပြောမနေပါနဲ့"

ထန်စုကျင်း၏စကားကြောင့် တိမ်တိုက်ကိုယ်တော်ဆိုသည့်
အဘိုးကြီးမှာ တုန်လှုပ်သွားပြီးနောက်သို့ ခြေလှမ်းတစ်လှမ်းဆုတ်
လိုက်မိသည်။ သူ၏အမည် ရုတ်တရက်အခေါ်ခံလိုက်ရခြင်းကြောင့်
ဖြစ်သည်။

မိမိကသာ ဤဆံဖြူအဘိုးကြီးအား မည်သူမည်ဝါမှန်း မသိ
ခြင်းဖြစ်သည်။

တစ်ဖက်ကမူ သူ့ကိုသိနေသည်မဟုတ်ပါလား။

တိမ်တိုက်ကိုယ်တော်သည် အေးစက်စက်အမူအရာဖြင့် ထန်စုကျင်းအားအကဲခတ်ရင်း ....

"မိတ်ဆွေကြီးက ဘယ်သူပါလဲ"

ထန်စုကျင်းက ချက်ချင်းပြန်ဖြေသည်။

"ကျုပ်နာမည် ဝိညာဉ်နှုတ်အဘိုးကြီးလို့ခေါ်တယ်"

"ဘာ ...."

တိမ်တိုက်ကိုယ်တော်မှာ ထိတ်လန့်အံ့အားသင့်ကာ ပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။ ထန်စုကျင်းကပြုံးရင်း ....

"ဝိညာဉ်နှုတ်အဘိုးကြီးဆိုတာ အသက်နှုတ်ယူတဲ့ သေမင်းရဲ့တမန်တော်လို့အဓိပ္ပါယ်ရတယ်"

တိမ်တိုက်ကိုယ်တော်က ....

"ဒီနာမည်မျိုး တစ်ခါမှမကြားမိပါလား"

"အခု ကြားဖူးပြီမဟုတ်လား"

ထန်စုကျင်းကပြောရင်း တိမ်တိုက်ကိုယ်တော်၏အရိပ်အခြည်ကိုကြည့်သည်။ တိမ်တိုက်ကိုယ်တော်ကလည်း ထန်စုကျင်းအား အလစ်မပေးဘဲ ပြန်လည်အကဲခတ်သည်။

"ဒါနဲ့ ဒီတောင်ကြားထဲကို ဘာကိစ္စနဲ့ရောက်လာတာလဲ"

ထန်စုကျင်းက ချက်ချင်းပြန်ဖြေလိုက်သည်။

"လူတစ်ယောက်ကိုလာရှာတာ"

တိမ်တိုက်ကိုယ်တော်က မျက်လုံးတစ်ချက်ပြူးသွားပြီး ....

"ဘယ်သူ့ကိုလာရှာတာလဲ"

ထန်စုကျင်းက ခပ်လှမ်းလှမ်းတွင်ရပ်နေသောမိုးနဂါးထုံဝေအား လက်ညှိုးထိုးပြလိုက်ပြီး ....



"သူ့ကိုလာရှာတာ"

ထန်စုကျင်း၏စကားကြောင့် တိမ်တိုက်ကိုယ်တော်မှာ မျက်နှာပျက်သွားပြီး နောက်သို့နှစ်လှမ်းခန့် ဆုတ်သွားမိသည်။ တိမ်တိုက်ကိုယ်တော်သည် မိမိ၏လျှို့ဝှက်ချက်အား မည်သူမျှမသိနိုင်ဟုထင်ခဲ့သည်။

လွန်ခဲ့သည့်အနှစ်နှစ်ဆယ်လုံးလုံး ဤနေရာသို့ မည်သူတစ်ဦးတစ်ယောက်မျှ ရောက်မလာဘူးချေ။

သို့သော် ... ယခု ဤဆံဖြူအဘိုးကြီးသည် မမျှော်လင့်ဘဲ ရောက်လာခဲ့ချေပြီ။

လူစိမ်းတစ်ယောက်ရောက်လာခြင်းဖြင့် လျှို့ဝှက်ချက်များ ပေါက်ကြားသွားရမည်ကို တိမ်တိုက်ကိုယ်တော်အနေဖြင့် လုံးဝအဖြစ်မခံနိုင်။

ထို့ကြောင့် ဤဆံဖြူအဘိုးကြီးအား မလွဲမသွေအပြတ်ရှင်းပစ်ရန်ဆုံးဖြတ်လိုက်လေတော့၏။ ဤဆံဖြူအဘိုးကြီးကိုသာ မရှင်းခဲ့လျှင် သူ၏လျှို့ဝှက်ချက်သည် သိုင်းလောကတစ်ခုလုံးသို့ပေါက်ကြားသွားနိုင်သည်မဟုတ်ပါ လား။

ooo

## ထင်ယောင်ထင်မှား

တိမ်တိုက်ကိုယ်တော်၏နောက်ဘက်တွင် သူ၏တပည့်ငါးဦးက တန်းစီရပ်နေကြသည်။ ဒဏ်ရာရသွားသည့် အဘိုးကြီးမှာ သူ၏ဒဏ်ရာအား အတွင်းအားဖြင့်ကုသနေသည်။ တိမ်တိုက်ကိုယ်တော်က ထန်စုကျင်းအားလှမ်းကြည့်ကာ ....

"နေပါဦး ... ထုံဝေ ဒီမှာရှိနေတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

ထန်စုကျင်းက တစ်ချက်ပြုံးလိုက်ရင်း ....

"ဒါကတော့ ကျုပ်နည်းကျုပ်ဟန်နဲ့သိတာပေါ့၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမှမရှိဘဲဗျာ"

တိမ်တိုက်ကိုယ်တော်မှာ မျက်နှာတစ်ချက်ပျက်သွားပြီး ...

"ဒါနဲ့ ခင်ဗျား ထုံဝေ့ကိုဘာကိစ္စနဲ့လာတွေ့တာလဲ"

ထန်စုကျင်းက အေးဆေးတည်ငြိမ်စွာဖြင့်ပင် ....

"သူ့ကို ဒီတောင်ကြားကနေ အပြင်ရောက်အောင် ခေါ်သွားမလို့"

တိမ်တိုက်ကိုယ်တော်က မျက်နှာတစ်ချက်ရှုံ့ကာ ....

"ခင်ဗျား သူ့ကိုခေါ်သွားနိုင်မယ်ထင်နေသလား"



ထန်စုကျင်းက မထီလေးစားဟန်ဖြင့် ....

"ဟား .... သိပ်ခေါ်နိုင်တာပေါ့"

"ကောင်းပြီ .... ခေါ်နိုင်ရင်ခေါ်ပေတော့"

တိမ်တိုက်ကိုယ်တော်က ထိုသို့ပြောပြီးနောက် ထန်စုကျင်းအား လှောင်ပြောင်သရော်ဟန်ဖြင့်တစ်ချက်ကြည့်လိုက်သည်။

ပြီးမှ ....

"ခင်ဗျားက ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးနေတာကိုး၊ ဒီတောင်ကြားထဲရောက်လာပြီးရင် ဘယ်သူပဲဖြစ်ဖြစ် ကျုပ်ဘက်က ဘာမှလုပ်စရာမလိုဘဲနဲ့ သူ့အလိုလိုဘဝနိဂုံးချုပ်သွားနိုင်တယ်ဆိုတာ နားလည်ထားပါ"

ထန်စုကျင်း၏စိတ်ထဲတွင် ထိတ်ခနဲတစ်ချက်ဖြစ်သွားမိသည်။ ဤစကားမှာ တမင်ခြောက်လှန့်ပြောဆိုခြင်းမဟုတ်ကြောင်း သိလိုက်၏။

စင်စစ် ဤနေရာသို့ မိမိရောက်လာခြင်းမှာလည်း မျက်စေ့လည်လမ်းမှားပြီးရောက်လာခြင်းသာဖြစ်သည်။ ပြန်ထွက်နိုင်မည့်လမ်းစကို ယခုတိုင်စဉ်းစား၍မရသေး။ သို့သော် ထန်စုကျင်းက ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း မထီတရီပြုံးကာ ....

"ကျုပ်ကို ခင်ဗျားက ဘယ်လိုလူစားမျိုးထင်လို့လဲ၊ လမ်းတစ်ခုကိုဝင်လာပြီးရင် ပြန်မထွက်နိုင်ဘူးဆိုတာ ကျုပ်တစ်သက်မှာ မရှိသေးဘူး"

တိမ်တိုက်ကိုယ်တော်က ဟက်ဟက်ပက်ပက်ရယ်ရင်း ....

"ကြိုးစားကြည့်ပါဦးလ"

ထန်စုကျင်းကလည်း ဒလျော့မပေးဘဲ ....

"ဒီအတွက် ခင်ဗျားပူစရာမလိုဘူး၊ ခင်ဗျားသာ ဘေးမသီ

ရှိန်မခအောင် ဂရုစိုက်စမ်းပါ"

"ဟင်း .... ဟင်း ခင်ဗျားလမ်းသိလို့ပြန်တတ်တယ်ထားဦး၊ ဒီကနေ အသက်ရှင်လျက်နဲ့ ထွက်မသွားနိုင်ဘူးဆိုတာကိုတော့ သိထားစေချင်တယ်"

ထန်စုကျင်းက အေးဆေးစွာပြန်ပြောလိုက်သည်။

"ကျုပ်အသက်ရှင်ရက်သာမကဘူး၊ မိုးနဂါးထုံဝေကိုပါ ခေါ်သွားမယ်ဆိုတာ နားလည်ထားစမ်းပါ"

တိမ်တိုက်ကိုယ်တော်က လှောင်ရယ်ရယ်ပြီး ....

"ဟင်း .... ဟင်း .... အိပ်မက်ထဲမှာပဲရလိမ့်မယ်"

ထန်စုကျင်းကလည်း အားကျမခံ ....

"လက်တွေ့တကယ်ဖြစ်မဖြစ်ဆိုတာ ခင်ဗျား မကြာခင်ပဲ တွေ့ရပါလိမ့်မယ်"

ထိုစဉ် တိမ်တိုက်ကိုယ်တော်သည် ထူးခြားမှုတစ်ခုကိုသတိပြုမိဟန်ဖြင့် ထန်စုကျင်း၏မျက်နှာကို သေချာစွာစူးစိုက်အကဲခတ်ကြည့်ရှုလိုက်လေသည်။

တိမ်တိုက်ကိုယ်တော်၏စူးရဲသောအကြည့်ကြောင့် ထန်စုကျင်းမှာ အနေရခက်လာ၏။

တိမ်တိုက်ကိုယ်တော်သည် သူ့အားအဘယ့်ကြောင့် စူးစူးရဲရဲစိုက်ကြည့်နေရသနည်းဟုလည်း စိတ်ထဲက ကျိတ်၍စဉ်းစားနေမိသည်။

ထိုစဉ် ....

"ဟား .... ဟား .... ဟား ခင်ဗျား ဘယ်သူဆိုတာ ကျုပ်အခုကောင်းကောင်းသိသွားပြီ"

တိမ်တိုက်ကိုယ်တော်က ထန်စုကျင်း၏မျက်နှာအားစူးစိုက်



ကြည့်နေရင်းမှ ရုတ်တရက်အော်ပြောလိုက်ခြင်းဖြစ်၏။

ထန်စုကျင်း အနည်းငယ်တုန်လှုပ်သွား၏။

သို့သော် ဟန် မပျက်ဘဲ ချက်ချင်းပြန်မေးလိုက်သည်။

"ကျုပ်ဘယ်သူဆိုတာ ခင်ဗျားသိနေတယ်ဟုတ်လား၊ ဟား ဟား .... ဟား ရယ်စရာပါလား"

တိမ်တိုက်ကိုယ်တော်က မရယ်မပြုံးဖြင့် ....

"ခင်ဗျားဟာ အခုတလော သိုင်းလောကမှာ နာမည်ကြီးနေတဲ့ဝိညာဉ်ခေါ်အလံရဲ့ညီတော်မဟုတ်လား"

ထန်စုကျင်းက နှာခေါင်းရှုံ့ကာ ....

"ဟင်း .... ခင်ဗျားကအတည်ပေါက်နဲ့ ကျုပ်ကိုအစ်အောက်နေတာလား"

တိမ်တိုက်ကိုယ်တော်ကရယ်ရင်း ....

"ဟဲ .... ဟဲ ... ခင်ဗျားရဲ့မျက်နှာဖုံးတုပညာက တကယ်တော်ပါပေတယ်၊ အဆင့်မြင့်သိုင်းသမားမဟုတ်ရင် မျက်နှာဖုံးတုမှန်း မသိနိုင်ဘူး၊ ပကတိမျက်နှာအတိုင်းပဲ"

တိမ်တိုက်ကိုယ်တော် ဤတစ်ကြိမ်ပြောလိုက်သောစကားသည် ထန်စုကျင်းအား အကြီးအကျယ်တုန်လှုပ်သွားစေတော့သည်။ သူ၏မျက်နှာဖုံးမှာ အလွန်သေသပ်ပိရိလှသည်။

မည်သူတစ်ဦးတစ်ယောက်မျှ မရိပ်မိသေးချေ။

ယခု ပထမဦးဆုံးရိပ်မိသွားသူမှာ တိမ်တိုက်ကိုယ်တော်ပင်ဖြစ်သည်။

အမှန်တော့ တိမ်တိုက်ကိုယ်တော်သည်လည်း ရုပ်ပြောင်းရုပ်လွှဲပညာကို တတ်ကျွမ်းထ ားသူမဟုတ်ပါလား။ ထိုစဉ် တိမ်တိုက်ကိုယ်တော်၏စကားသံက ဆက်လက်ပေါ်ထွက်လာ၏။

"တကယ်တော့ ခင်ဗျားရဲ့နာမည်ဟာလဲနာမည်တုပဲ"

ထန်စုကျင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... ဒီလောကကြီးမှာ ဘယ်သူကရော အမှန်အတိုင်း ပြောဆိုလုပ်ဆောင်နေကြလို့လဲ"

ထိုစဉ် တိမ်တိုက်ကိုယ်တော်သည် လက်တစ်ဖက်မြှောက်ကာ သူ့တပည့်များအား အမိန့်ပေးလိုက်သည်။

"ဟေ့ ထုံဝေကို အရင်ခေါ်သွားကြစမ်း"

တိမ်တိုက်ကိုယ်တော်၏အမိန့်ပေးသံကြောင့် လူဆိုးကြီးသုံးယောက်အနက် နှစ်ယောက်သည် ချက်ချင်းထွက်လာပြီး မိုးနဂါးထုံဝေထံလျှောက်လာသည်။

ထန်စုကျင်းက လှမ်းအော်ဟန့်တားလိုက်၏။

"ဟေ့ .... ရပ်လိုက်စမ်း"

ထွက်လာသောလူဆိုးကြီးနှစ်ယောက်က ခြေလှမ်းများကို ရုတ်တရက်ရပ်တန့်ပြီး ထန်စုကျင်းအား စိုက်ကြည့်လိုက်ကြ၏။

တိမ်တိုက်ကိုယ်တော် ဒေါပွသွားပြီး ....

"ထုံဝေ .... သွားဆိုတာမကြားဘူးလား"

တစ်ဆက်တည်းမှာပင် သူ၏လူနှစ်ယောက်ကို အော်ဟစ်ငေါက်ငမ်းလိုက်၏။

"ဟေ့ .... ဘာလုပ်နေတာလဲ၊ ထုံဝေကိုခေါ်သွားလို့ပြောနေတာမကြားဘူးလား"

ထန်စုကျင်းက အေးဆေးတည်ငြိမ်သောအသံဖြင့် ....

"မသွားရဘူးလို့ ကျုပ်အမိန့်ပေးတယ်"

ဤပုဂ္ဂိုလ်နှစ်ဦးကြားတွင် မိုးနဂါးထုံဝေမှာ ဟိုကြည့်သည်ကြည့်နှင့် ကြောင်တောင်တောင်ဖြစ်နေလေသည်။



အနှစ်နှစ်ဆယ်လုံးလုံး ထိန်းချုပ်ခံထားရသဖြင့် ထုံဝေ၏စိတ်များမှာ လေးလံထိုင်းမှိုင်းနေသည်။

ထိုစဉ် ....

လူရိပ်တစ်ရိပ်သည် ထန်စုကျင်းနှင့် မိုးနဂါးထုံဝေတို့နှစ်ဦးကြားသို့ ရုတ်တရက်ကျရောက်လာသည်။

ရိပ်ခနဲတွေ့လိုက်ရသည်နှင့် ထန်စုကျင်းက လက်ဝါးနှစ်ဖက်ကို လျင်မြန်စွာဆန့်ထုတ်လိုက်သည်။

"ဝုန်း ...."

အတွင်းအားနှစ်ခု ထိပ်တိုက်ထိတွေ့သံသည် ပြင်းထန်စွာထွက်ပေါ်လာ၏။ ထန်စုကျင်းနှင့် မိုးနဂါးထုံဝေတို့အကြားသို့ ရုတ်တရက်ကျရောက်လာသူမှာ တိမ်တိုက်ကိုယ်တော်ဖြစ်သည်။

တိမ်တိုက်ကိုယ်တော်က ထန်စုကျင်းအား စတင်၍ခုန်အုပ်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ သို့သော် ထန်စုကျင်းကလည်း ဖျတ်လတ်လျင်မြန်လှ၏။

လှုပ်ရှားမှုကိုတွေ့လိုက်သည်နှင့် ချက်ချင်းပင် ဆီးကြို၍ တန်ပြန်တိုက်ခိုက်လိုက်လေသည်။

နှစ်ဦးစလုံး နောက်သို့ခြေလှမ်းငါးလှမ်းခန့်ဆုတ်သွားရ၏။ တိမ်တိုက်ကိုယ်တော်က နောက်သို့ဆုတ်သွားစဉ် လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။ အလင်းရောင်တန်းတစ်ခုသည် ထန်စုကျင်း၏ရင်ဝဆီသို့ လျင်မြန်စွာပြေးဝင်လာ၏။

ထန်စုကျင်းမှာ အလင်းရောင်တန်းတိုးဝင်လာသည်ကို မြင်လိုက်ရသော်လည်း ရှောင်တိမ်းရန်အချိန်မရလိုက်တော့ပေ။

"ဒုတ်"

လက်နက်ပုန်းတစ်ခုသည် ထန်စုကျင်း၏ရင်ဝအား တည့်

တည့်မတ်မတ်ပင် ထိမှန်သွားတော့၏။

သို့သော် ... သွေးများထွက်ကျမလာသလို လူလည်း လဲကျမသွားချေ။

အကြောင်းမှာ ထန်စုကျင်း၏အင်္ကျီအတွင်းတွင် သံချပ်ကာဝတ်ဆင်ခုခံထားခြင်းကြောင့်ဖြစ်သည်။

သို့သော် .... တိမ်တိုက် ကိုယ်တော်သည် ထန်စုကျင်း သံချပ်ကာဝတ်ဆင်ထားသည်ကို မသိချေ။

ထို့ကြောင့် မိမိ၏လက်နက်ပုန်းထိမှန်ခံရသောထန်စုကျင်းဘာမှမဖြစ်သည်ကိုမြင်ရသည့်အခါ လွန်စွာအံ့သြပြီး ကြက်သီးထသွားရလေသည်။

သူ၏လက်နက်ပုန်းပစ်အားသည် လူတို့၏အသွေးအသားမဆိုထားနှင့် သစ်တုံးကိုပင် ထိုးဖောက်သွားနိုင်၏။

ယခု ဤဝိညာဉ်နှုတ်အဘိုးကြီးမှာ ဘာမျှမဖြစ်သဖြင့် ဓားလှံပြီးသည့်အဆင့်သို့ပင် ရောက်နေပြီလားဟု တိမ်တိုက်ကိုယ်တော် တွေးလိုက်မိသည်။

ထိုစဉ် ထန်စုကျင်းက ဟားတိုက်ရယ်မောလိုက်ပြီး ....

"ဟား .... ဟား .... ဟား ဘယ်အရာမဆို အသွားအပြန်ရှိစမြဲပဲဗျ။ ကဲ .... ခင်ဗျားအလှည့်ပြီးရင် ကျုပ်ရဲ့လက်ညှိုးထောက်အားလှိုင်းဒဏ်ကို မြည်းစမ်းကြည့်ပါဦး"

ထန်စုကျင်းက ပြောပြောဆိုဆို လက်တစ်ဖက်ကိုမြှောက်ပြီး လက်ညှိုးကိုထောက်ချလိုက်သည်။

ထိုလက်ညှိုးထောက်ပညာမှာ ဝိညာဉ်ခေါ် အလံ၏အဆင့်မြင့်သိုင်းပညာရပ်ဖြစ်သည်။

ထန်စုကျင်းမှာ ဆရာကြီးနှစ်ဦး၏ပညာကို စုပေါင်းစပ်ပေါင်း



ရရှိထားသူဖြစ်သည်။

ထို့ကြောင့် .... သူ၏ပညာစွမ်းမှာ တစ်ဖက်လူ မယှဉ်သာအောင်မြင့်မားနေသည်။

ပြင်းထန်သောလေလှိုင်းတစ်ခု နားထဲသို့ဦးစွာဝင်ရောက်လာသဖြင့် တိမ်တိုက်ကိုယ်တော်မှာမခုခံရဲဘဲ ဘေးသို့ခုန်ရှောင်ထွက်လိုက်သည်။

ထိုသို့တိမ်တိုက်ကိုယ်တော်ရှောင်ထွက်သွားစဉ် ထန်စုကျင်းက မိုးနဂါးထုံဝေအား ရုတ်တရက်ဖမ်းဆွဲပြီး ကျောက်တုံးနံရံဆီသို့ခုန်လွှားကပ်လိုက်သည်။

ထို့နောက် မိုးနဂါးထုံဝေအား လွှတ်ကာ ရှေ့အနီးတွင်ရှိနေသောတိမ်တိုက်ကိုယ်တော်၏တပည့်နှစ်ဦးထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"အား .... "

"အူး ...."

စူးရှသောအော်သံနှင့်အတူ ထိုလူကြီးနှစ်ဦးမှာ နောက်သို့ဆုတ်သွားပြီး မျက်နှာများသည်လည်း လူသေကဲ့သို့ မဲ့ပြာသွား၏။

ထန်စုကျင်းက လက်ညှိုးထောက်ပညာဖြင့် သူတို့နှစ်ဦး၏ဝိညာဉ်ကိုနှုတ်ယူလိုက်ခြင်းဖြစ်သည်။

ဤလက်ညှိုးထောက်ချက်မှာ တစ္ဆေနတ်မိး အို့ယန်ဖန်၏တိုက်ကွက်ဖြစ်သည်။

ထန်စုကျင်းက ဤကဲ့သို့တိုက်ကွက်ပြောင်း၍သုံးလိုက်ခြင်းမှာ တိမ်တိုက်ကိုယ်တော်အနေဖြင့် မိမိအား ခန့်မှန်းရခက်သွား အောင်ပြုလုပ်လိုက်ခြင်းဖြစ်သည်။

ဤသို့ပြုလုပ်လိုက်သဖြင့်လည်း တိမ်တိုက်ကိုယ်တော်မှာ

အမှန်ပင် ခန့်မှန်းရခက်သွားလေသည်။

တိမ်တိုက်ကိုယ်တော်၏ကျန်တပည့်သုံးဦးမှာ ထိတ်လန့်တုန်လှုပ်သွားကြသည်။ တိမ်တိုက်ကိုယ်တော်လည်း အကြီးအကျယ်မျက်နှာပျက်သွား၏။

"ယား ...."

တိမ်တိုက်ကိုယ်တော်က မာန်တစ်ချက်သွင်းပြီး လေထဲသို့ ခုန်တက်လိုက်သည်။

ထန်စုကျင်း မည်သည့်နေရာသို့ရှောင်တိမ်းရမည်ကို စဉ်းစားမရဖြစ်နေပြီး နောက်ဆုံး လက်ဝါးနှစ်ဖက်ကို အထက်သို့ပင့်တင်၍ ဆီးရိုက်လိုက်တော့သည်။

တိမ်တိုက်ကိုယ်တော်၏ခန္ဓာကိုယ်မှာ ဘေးလက်သို့လွင့်စဉ်ထွက်သွားလေသည်။

ထိုစဉ် ....

ကျန်တိမ်တိုက်ကိုယ်တော်၏တပည့်သုံးဦးက ဓားများကို ဆွဲထုတ်ကာ ထန်စုကျင်းအားဝင်ရောက်တိုက်ခိုက်လာသည်။

ထန်စုကျင်းက ပထမရိုက်ချက်လက်ဝါးကိုရုပ်ပြီး နောက်တစ်ချက်ထပ်မံရိုက်ထုတ်လိုက်သည်။

ဤတစ်ကြိမ်ရိုက်ချက်မှာ အတွင်းအားအပြည့်သုံး၍ ရိုက်လိုက်သောရိုက်ချက်ဖြစ်သည်။

"ဝုန်း ...."

လေပွေလှိုင်းတစ်ခုက အဘိုးကြီးသုံးဦးထံတိုးဝှေ့ဝင်သွားတော့သည်။

အဘိုးကြီးသုံးဦးမှာ နောက်သို့ လေးငါးလှမ်းခန့်ဆုတ်သွားရပြီး ထိတ်လန့်တကြားဖြစ်နေသည်။



ထန်စုကျင်း၏ခြေနှစ်ဖက်မှာလည်း မြေကြီးအတွင်းသို့ ခြေမျက်စေ့ထိနစ်မြုပ်သွားသည်။

ထိုစဉ် တိမ်တိုက်ကိုယ်တော်မှာ မြေပေါ်ခြေချမိသည်နှင့် မိုးနဂါးထုန်ဝေထံ ခုန်ဝင်သွားတော့သည်။

ooo

တိမ်တိုက်ကိုယ်တော်ခုန်သွားသည်ကို ရိပ်ခနဲမြင်လိုက်ရသော်လည်း ထန်စုကျင်းမှာတိုက်ခိုက်ချိန်မရလိုက်တော့ပေ။

သို့သော် ဖြတ်ထိုးဉာဏ်သုံးကာ သူ၏ခန္ဓာကိုယ်အားတစ်ပတ်လှည့်၍ဘေးစောင်းတိုက်ချလိုက်သည်။

"ဘုန်း ...."

ပြင်းထန်စွာတိုက်မိသောအရှိန်ကြောင့် ခန္ဓာကိုယ်နှစ်ခုလုံးလွင့်ထွက်သွားသည်။

ထန်စုကျင်းက မိုးနဂါးထုံဝေရှေ့သို့ ချက်ချင်း ခုန်ဝင်လိုက်၏။ သိုင်းလောကဂိုဏ်းကြီးတစ်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီး တစ်ဦးမှာ ယခုကလေးတစ်ယောက်လိုစောင့်ရှောက်ထားခြင်းခံရသကဲ့သို့ ရှိနေလေသည်။

တိမ်တိုက်ကိုယ်တော်က မာန်တစ်ချက်သွင်းကာ သူ့တပည့်သုံးဦးနှင့်အတူ ပြိုင်တူဝင်၍တိုက်ခိုက်ပြန်သည်။

မျက်စေ့တမှိတ်လျှပ်တစ်ပြက်အတွင်းမှာပင် သိုင်းကွက်သုံးဆယ်ကျော်မျှတိုက်ခိုက်ပြီးဖြစ်သွား၏။

လေးယောက်တစ်ယောက်မို့ ထန်စုကျင်းမှာ အထူးသတိထားတိုက်ခိုက်နေရ၏။

တိမ်တိုက်ကိုယ်တော်တို့လေးဦးကလည်း ထန်စုကျင်းအား ထွက်ပေါက်မရအောင် ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ကြ၏။

တိုက်ပွဲသည် ပြင်းထန်သည့်အလျောက် ရှုပ်ထွေးနေသည်။

ထိုသို့ရှုပ်ထွေးနေသည့်တိုက်ပွဲအတွင်းမှ တိမ်တိုက်ကိုယ်တော်သည် ရုတ်တရက်ခုန်ပျံထွက်သွားပြီး မိုးနဂါးထုံဝေထံ ရောက်ရှိသွား၏။

ထို့နောက် မိုးနဂါးထုံဝေအားဖမ်းချုပ်ကာ တောင်ကြားထဲသို့ ဆက်တိုက်ခုန်ဝင်သွားတော့သည်။

ထန်စုကျင်းမှာ စိုးရိမ်တကြီးဖြစ်သွားပြီး လက်ဝါးသုံးချက်ဆင့်ကာရိုက်လိုက်သည်။

သူနှင့်တိုက်ခိုက်ရန် ကျန်ရစ်သောတိမ်တိုက်ကိုယ်တော်၏ တပည့်သုံးဦးမှာ နောက်သို့ဆုတ်သွားကြသည်။

ထိုသို့ဆုတ်သွားစဉ် ထန်စုကျင်းက လေထဲသို့ ခုန်တက် ရန်ပြင်လိုက်သည်။

သို့သော် .....

တိမ်တိုက်ကိုယ်တော်၏တပည့်သုံးဦးက ထန်စုကျင်းခုန်၍ မတက်နိုင်မီမှာပင် ဝင်ရောက်တိုက်ခိုက်လာကြပြန်သည်။

အခြေအနေမဟန်တော့မှန်းသိသဖြင့် ထန်စုကျင်းက ထိုလူသုံးဦးတိုက်လာသည့်ကြားကပင် အတွင်းအားကိုစုစည်း၍ လေထဲသို့ တဟုန်ထိုးခုန်တက်လိုက်တော့၏။

တိုက်ခိုက်လာသည့်လူသုံးဦးမှာ ထန်စုကျင်းခန္ဓာကိုယ်ဖြင့် ပြင်းထန်စွာအတိုက်ခံလိုက်ကြရပြီး ဘေးသို့လွင့်စဉ်သွားတော့၏။

ထန်စုကျင်းမှာလည်း အထက်သို့မြင့်တက်သွားပြီး ကိုယ်ကို သဲလေးပတ်လိမ့်လိုက်သောကြောင့် ....



ထိုလူသုံးဦးနှင့်နှစ်လံအကွာသို့ကျရောက်သွားလေသည်။

တိမ်တိုက်ကိုယ်တော်၏တပည့်သုံးဦးမှာ ကြောင်ငေး၍သွားကြတော့သည်။

ထန်စုကျင်း မြေပေါ်ပြန်ကျသည်နှင့် တိမ်တိုက်ကိုယ်တော်အားလျင်မြန်စွာရှာဖွေလိုက်သည်။

ထိုအချိန်တွင် တိမ်တိုက်ကိုယ်တော်မှာ ကျောက်ဂူအတွင်း ဝင်ရောက်ပျောက်ကွယ်သွားပြီဖြစ်၏။

ooo

## တစ်ကွက်မှားသောကျား

ထန်စုကျင်းမှာအကြီးအကျယ်ဒေါပွသွားသည်။

လူသတ်လိုသည့်စိတ်တို့သည်လည်း ပြင်းထန်စွာပေါ်ထွက်လာလေတော့သည်။ ထန်စုကျင်းရပ်နေစဉ် တိမ်တိုက်ကိုယ်တော်၏ တပည့်သုံးဦးက ထန်စုကျင်းအား ခုန်အုပ်လာပြန်သည်။ ထန်စုကျင်းက လျင်မြန်စွာခုန်ရှောင်ပြီး လေပွေလက်ဝါးအားလှိုင်းဖြင့် ရိုက်ချလိုက်သည်။

နှစ်ယောက်အနက် တစ်ယောက်မှာ ကျောက်ဆောင်နှင့် ဦးခေါင်းတိုက်မိသွားပြီး ဦးခေါင်းခွံတစ်ခုလုံးကြေမွသွားတော့၏။

ဒုတိယလူတစ်ယောက်မှာ နာကျင်စွာအော်ဟစ်ပြီး မြေပေါ်သို့ထိုင်ရက်လဲကျသွားတော့၏။ သို့သော် တတိယလူ၏လက်ဝါးက ထန်စုကျင်း၏ကျောပေါ်သို့ ကျလာသည်။

ထန်စုကျင်း၏ကျောတစ်ခုလုံးအောင့်သွား၏။

သို့သော် အံတင်း၍ကြိတ်ခံလိုက်ပြီး လက်ဝါးတစ်ဖက်ဖြင့် သမင်လည်ပြန်လှည့်ရိုက်ချလိုက်သည်။

ထန်စုကျင်း၏ လက်ချောင်းငါးချောင်းစလုံးသည် တတိယ



လူ၏ရင်ဝထဲသို့ စိုက်ဝင်သွားပြီးလက်မောင်းကို ဆန့်ထုတ်လိုက်၏။

ပြီးနောက် ....

ထိုလူ၏ခန္ဓာကိုယ်အား ခြေထောက်ဖြင့်ကန်ထုတ်လိုက်သည်။ တတိယလူမှာ သုံးလှမ်းခန့်အဝေးသို့ လွင့်စဉ်ထွက်သွားပြီး အသက်ပျောက်သွားတော့၏။

ထိုအချိန်တွင် ပထမကတည်းက ဒဏ်ရာရနေသည့်အဘိုးကြီးမှာ လဲနေရာမှကုန်းထလာသည်။

ထို့နောက် ..... ကြောက်လန့်တကြားဖြင့် ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ထန်စုကျင်းက မြားတစ်စင်းကဲ့သို့ လျင်မြန်သောအရှိန်ဖြင့်ပြေးဝင်လာပြီး ထိုအဘိုးကြီး၏ညာဖက်လက်မောင်းအား ရစ်ပတ်ဖမ်းချုပ်ကာ .....

"ကျုပ်ကို ခင်ဗျားတို့ဂေဟာထဲလိုက်ပို့ပေးပါ"

ထိုအဘိုးကြီးက တုန်ယင်သောအသံဖြင့် ....

"ကျုပ် မပို့ပါရစေနဲ့"

ထန်စုကျင်းက ချုပ်ကိုင်ထားသောလက်ပေါ်သို့ အတွင်းအားအနည်းငယ်ဖိစိုက်လိုက်သည်။

ထိုအဘိုးကြီး၏မျက်နှာသည် ချက်ချင်းရှုံ့မဲ့သွားသည်။

"နောက်တစ်ခါ မပို့နိုင်ဘူးလို့ တစ်ခွန်းထပ်ပြောရင်တော့၊ လက်မောင်းတစ်ခုလုံးကိုချိုးပစ်လိုက်မယ်"

အဘိုးအိုမှာ နာကျင်လွန်းသဖြင့် ရှုံ့မဲ့နေသည့်ကြားမှ ....

"ပို့မပေးနိုင်ဘူး"

ထန်စုကျင်းမှာ ဒေါသအကြီးအကျယ်ထွက်သွား၏။

"ခင်ဗျား အလကားမသေချင်စမ်းပါနဲ့"

"ကျုပ်သေသလိုပဲ ခင်ဗျားလဲသေရမှာပဲ"

ထန်စုကျင်းမှာ စဉ်းစားမနေတော့ဘဲ ဖမ်းဆုပ်ထားသော လက်အား တအားမြှောက်၍ချိုးထည့်လိုက်တော့သည်။

"ဖျောင်း ...."

"အား ...."

အဘိုးအိုနှုတ်မှ နာကျင်စွာအော်လိုက်သော အသံတစ်ချက် ထွက်ပေါ်လာ၏။ အဘိုးအို၏လက်တစ်ဖက် တွင်တွင်ကျိုးသွားတော့သည်။ ထန်စုကျင်းက လက်ကိုလွှတ်လိုက်သည်နှင့် အဘိုးအိုမှာ မြေပေါ်တွင် လူးလိမ့်ညည်းညူနေတော့သည်။

ထန်စုကျင်းနောက်သို့လှည့်ကြည့်လိုက်၏။

ဤတွင်စောစောက လည်မျိုသို့အထောက်ခံရသူနှစ်ဦးကို မတွေ့ရတော့ချေ။ မည်သည့်နေရာသို့ ပြေးဝင်သွားကြလေသနည်း။ ထန်စုကျင်းမှာ စဉ်းစားမရအောင်ဖြစ်နေသည်။

နောက်ဆုံး တိမ်တိုက်ကိုယ်တော်ဝင်သွားသည့်ကျောက်ဂူထဲသို့ ပြေးဝင်ခဲ့လေတော့သည်။

ooo



ထန်စုကျင်းမှာ ခြေဦးတည့်ရာသို့လျှောက်လာနေ၏။

တောင်ကြားသခင်စံရာ တောင်ကြားဂေဟာကြီးသည် မည်သည့်နေရာတွင်ရှိနေသည်ကို သူမသိချေ။

အရေးအကြီးဆုံးက မိုးနဂါးထုန်ဝေအား ပြန်လည်ရှာတွေ့ဖို့ဖြစ်သည်။ မိုးနဂါးထုန်ဝေမှာ ကျောက်စိမ်းဓားကို ဇုက်ထားသူဖြစ်၏။ ထို့ကြောင့် သူသည် တစ်ချိန်က ကျောက်စိမ်းဓားနှင့်ပတ်သက်ပြီးအသတ်ခံခဲ့ရသည့်သူ့မိဘနှစ်ပါးအကြောင်းကို သိကောင်းသိနိုင်သည်။ ထန်စုကျင်းမှာ သွားရင်းသွားရင်းဖြင့် မျက်စေ့လည်နေလေသည်။ ဤတောင်ကြားမှာ ဝက်ံပါတောင်ကြားဆိုသည်ကို ယခုမှပင် သူယုံကြည်လာတော့၏။

သူ့အတွက် အပြင်သို့ပြန်ထွက်ရန်လည်း လုံးဝမလွယ်တော့ကြောင်းတဖြည်းဖြည်းသိလာလေသည်။

သို့သော် .... သူပြန်ထွက်နိုင်ဖို့ကအရေးမကြီးပေ။

အရေးကြီးသည်က မိုးနဂါးထုံဝေအား ရှာတွေ့ဖို့ပင်ဖြစ်ပေသည်။ ထန်စုကျင်းမှာ ခြေဦးတည့်ရာလျှောက်လာခြင်းဖြင့် မကြာမီ တောင်ကြားလမ်းကျယ်တစ်ခုသို့ရောက်ရှိလာ၏။

ထိုတောင်ကြားလမ်းအတိုင်းလျှောက်လာခဲ့ရာ ကျောက်ဆောင်ကွေ့တစ်ခုကိုချိုးကွေ့လိုက်သည်နှင့် ....

ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသောဂေဟာတစ်ခုကို တွေ့ရလေသည်။ ထန်စုကျင်း၏စိတ်မှာ တက်ကြွသွားသည်။

ဤဂေဟာတွင် တိမ်တိုက်ကိုယ်တော်ရှိနေမည်မှာ သေချာသည်။ ထန်စုကျင်းမှာ စဉ်းစားမနေတော့ဘဲ ကျောက်ဂေဟာဆီသို့ ပြေးသွားလေတော့သည်။

ooo

ကျောက်ဂေဟာတံခါးဝအနီးသို့ရောက်သောအခါ ရတ်တရက်ကျောက်ဂေဟာအတွင်းမှ ကျယ်လောင်စွာထွက်ပေါ်လာသော တိမ်တိုက်ကိုယ်တော်၏ အသံကို ကြားလိုက်ရသဖြင့် ထန်စုကျင်းမှာ တံခါးဘေးသို့ အသာပြေးကပ်လိုက်၏။

"ဟော့ကောင် ထုံဝေ ... ကျောက်စိမ်းဓား ဘယ်မှာရှိတယ်ဆိုတာ ပြောမလား မပြောဘူးလား"

တိမ်တိုက်ကိုယ်တော်၏အသံ ထွက်ပေါ်လာလေသည်။

"မပြောနိုင်ဘူး၊ မပြောနိုင်ဘူး"

"မင်း ဒီလိုသာငြင်းဆန်နေရင်တော့ မင်းကို မသေမရှင်ဖြစ်အောင်လုပ်ပစ်ရလိမ့်မယ်"

"အိုး .... ခင်ဗျားကြိုက်သလိုလုပ်နိုင်တယ်၊ ကျုပ် ဒီတောင်ကြားမှာ နှစ်ပေါင်းနှစ်ဆယ်ကျော်နေလာခဲ့ပြီးပြီ၊ အခုမှတော့ ဘာကိုကြောက်နေရမှာလဲ၊ ဒီတော့ ကျုပ်ဒီမှာရှိနေတယ်ဆိုတာကို နှစ်ပေါင်းနှစ်ဆယ်အတွင်း ပထမဦးဆုံးရောက်ရှိလာတဲ့ဝိညာဉ်နှုတ်အဘိုးကြီးကသိသွားပြီပဲ၊ ဒီသတင်းဟာ မကြာခင် သိုင်းလောကမှာ ပျံ့နှံ့သွားတော့မယ်၊ အဲဒီအခါမှာ တရားမျှတမှုကိုလိုလားတဲ့သိုင်းလောကသားတွေ ဒီတောင်ကြားကိုရောက်လာကြလိမ့်မယ်"

မိုးနဂါးထုံဝေ၏စကားအဆုံးတွင် ရတ်တရက်အော်ရယ်လိုက်သောတိမ်တိုက်ကိုယ်တော်၏အသံက ထွက်ပေါ်လာ၏။

"ဟား .... ဟား .... ဟား ထုံဝေ မင်းစိတ်ကူးယဉ်နေတာလား၊ ဒီတောင်ကြားထဲကိုရောက်လာတဲ့အဘိုးအိုဟာ ဒီတောင်ကြားကနေ ပြန်ထွက်သွားလိမ့်မယ်လို့များ မင်းကထင်နေသလား"

မိုးနဂါးထုံဝေကအတင်မခံဘဲ ချက်ချင်းပြန်ပြောသည်။

"အိုး .... ခင်ဗျားက ဒီအဘိုးအို ဒီတောင်ကြားက ထွက်မ



သွားနိုင်အောင်တိုက်ခိုက်ထားနိုင်လို့လား၊ ပြီးတော့ သူ့ရဲ့နောင်တော်ဝိညာဉ်ခေါ်အလံကိုရော ခင်ဗျားစိန်ခေါ်ရဲလို့လား"

တိမ်တိုက်ကိုယ်တော် ဒေါသအကြီးအကျယ်ထွက်ကာ ...

"ထုံဝေ မင်းကို နောက်ဆုံးအနေနဲ့မေးမယ် ပြောမလား မပြောဘူးလား"

မိုးနဂါးထုံဝေက ခေါင်းမာပြတ်သားစွာဖြင့် ....

"လုံးဝ မပြောနိုင်ဘူး"

"ကောင်းပြီ မင်းအခုမပြောသေးပေမယ့် မကြာခင်တော့ပြောလာရမှာပါ၊ ငါ့ရဲ့ဝိညာဉ်ရှာလက်နက်အစွမ်းအားကို မြည်းစမ်းကြည့်ပြီးတဲ့နောက်မှာတော့ မင်းပါးစပ်ကအလိုအလျောက်ပြောလာရလိမ့်မယ်၊ အခုပဲ မင်းရဲ့သွေးတိုးနှုန်းကိုရပ်တန့်အောင် အပ်နဲ့ စိုက်လိုက်မယ်"

ထန်စုကျင်းက ရတ်တရက် အခန်းအတွင်းသို့လှမ်းဝင်လာပြီး အေးစက်မာကျောစွာရယ်လိုက်သည်။

"ဟား .... ဟား .... ဟား ကျုပ်ကိုလဲ သတိထားဦးမှပေါ့ ရောင်းရင်းကြီးရဲ့"

ရတ်တရက် မမျှော်လင့်ဘဲကြားလိုက်ရသောအသံကြောင့် တိမ်တိုက်ကိုယ်တော်၏မျက်နှာအမူအရာမှာ ချက်ချင်းပျက်သွားတော့သည်။

ဤဆံဖြူအဘိုးကြီးသည် ဤနေရာအထိလိုက်လာနိုင်လိမ့်မည်ဟု လုံးဝမထင်မိခဲ့ချေ။ ဤအတိုင်းဆိုလျှင် မိမိ၏တပည့်များကျဆုံးကုန်သည်မှာသေချာ ပြီ။

တိမ်တိုက်ကိုယ်တေ သ် လက်တစ်ဖက်က မိုးနဂါးထုံဝေအား မိမိရရဆုပ်ကိုင်ထား၏။ကျန်လက်တစ်ဖက်က နံရံပေါ်ရှိ ဓား

ရှည်အား လှမ်းဆွဲလိုက်သည်။

ထန်စုကျင်းက တုန်လှုပ်မှုကင်းမဲ့စွာဖြင့်ရပ်နေ၏။

မိုးနဂါးထုံဝေကိုသာ မည်သို့ကယ်တင်ရမည်ကို စဉ်းစားနေသည်။ ထုံဝေအားကယ်တင်ရန်လိုအပ်သလို တိမ်တိုက်ကိုယ်တော်အားလည်း သုတ်သင်ပစ်ရန်လည်း မဖြစ်ပြန်ပေ။

ထိုသို့စဉ်းစားရင်း ထန်စုကျင်းက အတန်ကြာစိုက်ကြည့်နေ၏။ ဤတွင် တိမ်တိုက်ကိုယ်တော်မှာ ထန်စုကျင်း၏အကြည့်အား မခံနိုင်တော့ဘဲ ....

"နောင်ကြီးက ဘာလိုချင်လို့လဲ"

ဟုမေးလိုက်၏။

ဤတွင် ထန်စုကျင်းက ....

"အခြေအနေပေါ်မူတည်ပါတယ်၊ ဘာရယ်လို့ တိတိကျကျ မရှိသေးပါဘူး"

တိမ်တိုက်ကိုယ်တော်က အေးစက်စွာပြန်ကြည့်လိုက်ပြီး ....

"နောင်ကြီး စောစောကပြောတော့ လူလာရှာတာဆို"

"ဒါကတော့ အခြေအနေအရပြောခဲ့တာပါ"

တိမ်တိုက်ကိုယ်တော်က ထန်စုကျင်းအား တစ်ချက်အကဲခတ်လိုက်ပြီး ....

"တကယ်ပြောတာ မဟုတ်ဘူးလား"

ထန်စုကျင်းက မဲ့ပြုံးတစ်ချက်ပြုံးကာ ...

"ဟင်း .... ဟင်း .... တကယ်ပြောတာဟုတ်မဟုတ် ခင်ဗျားဘာသာ ပြန်စဉ်းစားကြည့်ပေါ့"

တိမ်တိုက်ကိုယ်တော်၏မျက်နှာအမူအရာ ချက်ချင်းပြောင်းသွားပြီး ....



"တကယ်လို့ နောင်ကြီးဟာ မမျှော်လင့်ဘဲ ဒီတောင်ကြားထဲရောက်လာတာဆိုရင်တော့ တောင်ကြားဝ ထွက်ပေါက်ရောက်တဲ့အထိ ကျုပ်လိုက်ပို့ပေးပါ့မယ်"

"ဟင့်အင်း .... ခင်ဗျားပို့စရာမလိုဘူး၊ ပြီးတော့ ကျုပ်က တစ်ယောက်တည်းလဲ မပြန်နိုင်ဘူး၊ ကျုပ်နဲ့အတူ လူတစ်ယောက်ကိုပါ အပါခေါ်သွားရလိမ့်မယ်"

တိမ်တိုက်ကိုယ်တော် မျက်မှောင်ကုတ်သွားသည်။

"နောင်ကြီးက သိုင်းပညာလုံးဝမဲ့နေတဲ့လူကို ခေါ်သွားပြီး ဘာလုပ်ဦးမှာလဲ"

ထန်စုကျင်းက မျက်နှာတစ်ချက်တင်းလိုက်ပြီး ....

"ဒါက ခင်ဗျားနဲ့မပတ်သက်ပါဘူး"

တိမ်တိုက်ကိုယ်တော်မှာ အေးစက်မာကျောသောအသွင်သို့ ရုတ်ခြည်းပြောင်းသွားကာ ....

"အင်း ခင်ဗျားလိုချင်ရင်တော့ အလောင်းကိုပဲရမယ်"

ထန်စုကျင်း အနည်းငယ်စိုးရိမ်သွား၏။ ထို့ကြောင့် အသံကို အနည်းငယ်လျှော့ချကာ ....

"တကယ်လို့ အလောင်းကိုရမယ်ဆိုရင်လဲ အလောင်းဟာ နှစ်လောင်းပဲဖြစ်လိမ့်မယ်"

တိမ်တိုက်ကိုယ်တော်က မျက်နှာတစ်ချက်မဲ့လိုက်ပြီး ....

"ခင်ဗျားထင်သလိုဖြစ်လိမ့်မယ်လို့ ထင်သလား"

"ဒီလောက်က ကျုပ်အတွက် အသေးအမွှားပါ"

ထိုစဉ် .... ကျောက်ဂူဟောတံခါးဝသို့ လူသုံးယောက်ရောက်လာ၏။ လည်မျိုသို့ [illegible]က်ညှိုးထောက်ခံရသူနှစ်ဦးနှင့် လက်ဘစ်ဖက်အချီးခံရသည့်အဘိုးကြီးတို့ဖြစ်သည်။

သူတို့သည် တံခါးဝတွင် အသာရပ်နေကြ၏။

ထန်စုကျင်းမှာ တံခါးဝအားကျောပေးထားသည့် အနေအထားဖြင့်ရပ်နေသောကြောင့် သူတို့ရောက်လာသည်ကိုမတွေ့လိုက်ချေ။ တိမ်တိုက်ကိုယ်တော်၏မျက်လုံးက ကစားနေ၏။

ထန်စုကျင်းမှာ တိမ်တိုက်ကိုယ်တော်၏အရိပ်အကဲကို သတိထားမိပြီး အနည်းငယ်တုန်လှုပ်လာ၏။

ထို့ကြောင့် .... မာန်တင်းရင်း ခပ်တည်တည် ခြိမ်းခြောက်လိုက်လေသည်။

"ခင်ဗျား ရုတ်ရုတ်လုပ်ဖို့ မစဉ်းစားနဲ့ တကယ်လို့ ရုတ်ရုတ်လုပ်ရင်တော့ အသေဆိုးနဲ့သေသွားမယ်မှတ်"

တိမ်တိုက်ကိုယ်တော်၏မျက်လုံးအစုံက တံခါးဝသို့ ရောက်သွား၏။ ထို့နောက် အသံကျယ်ကျယ်ဖြင့်လှမ်းအော်လိုက်၏။

"ဟေ့ကောင်တွေ ဝင်ကြလေ၊ ဘာစောင့်နေကြတာလဲ"

ထိုစကားသံကြောင့် ထန်စုကျင်းမှာ တုန်လှုပ်ခြင်းနှင့်အတူ နောက်သို့လှည့်ကြည့်လိုက်မိ၏။ ဤသည်မှာ သူ့အတွက်မဟာအမှား ဖြစ်သွားလေတော့၏။

ထန်စုကျင်း နောက်သို့လှည့်ကြည့်လိုက်သောအခါ လူသုံးယောက်သည် တံခါးဝတွင်မလှုပ်မယှက်ရပ်နေသည်ကိုတွေ့မြင်လိုက်ရသည်။

ထန်စုကျင်းလည်း သတိချက်ချင်းပြန်ဝင်လာကာ နောက်သို့ ချက်ချင်းပြန်လှည့်လိုက်၏။

သို့သော် သူ့အတွက် တစ်ကွက်မှားသွားပေပြီ။

ထန်စုကျင်း ပြန်လှည့်ကြည့်လိုက်ချိန်တွင် တိမ်တိုက်ကိုယ်တော်နှင့် မိုးနဂါးထုံဝေတို့မှာ နေရာတွင်မရှိကြတော့ချေ။



ထန်စုကျင်းမှာ တစ်ဘက်လူ၏လှည့်ကွက်ထဲသို့ဝင်သွားမိချေပြီ။ ထန်စုကျင်း ယခုမှ ကျောက်အိမ်ကို အသေအချာကြည့်မိတော့၏။

ကျောက်ဂေဟာ ဘယ်ညာတွင် တံခါးတစ်ပေါက်စီရှိနေ၏။

တိမ်တိုက်ကိုယ်တော်မှာ တံခါးပေါက်နှစ်ခုမှလွဲ၍ တခြားနေရာမှထွက်သွားစရာအကြောင်းမရှိပေ။ ထန်စုကျင်း ထိုသို့စဉ်းစားပြီး ဘယ်ဘက်အခန်းထဲသို့ဝင်လိုက်၏။ အခန်းတွင်းသို့ရောက်သည်နှင့် ကြည့်လိုက်ရာ အိပ်ခန်းဆောင်တစ်ဆောင်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

လူသူအရိပ်အရောင် လုံးဝမတွေ့ရချေ။

ထို့ကြောင့် ညာဘက်တံခါးမဆီသို့ ပြန်ပြေးခဲ့သည်။

လက်ဝါးကိုအသင့်ပြင်ပြီး တံခါးပေါက်မှဝင်လိုက်၏။ အခန်းထဲတွင် ပြောင်တလင်းဖြစ်နေသည်။ ထိုအခန်းထဲတွင် နောက်ထပ်တံခါးပေါက်တစ်ခုကိုတွေ့ရသည်။

ထိုတံခါးပေါက်မှာ ပွင့်နေ၏။

တိမ်တိုက်ကိုယ်တော်သည် ထိုတံခါးပေါက်မှ ထွက်ပြေးသွားခြင်းဖြစ်နိုင်၏။

ထန်စုကျင်းက ထိုတံခါးပေါက်မှထွက်လိုက်ရာ ကျောက်ခင်းလမ်းကလေးတစ်ခုကိုတွေ့လိုက်ရလေသည်။

ထိုကျောက်ခင်းလမ်းကလေးပေါ် ဟိုသည်ကြည့်လိုက်၏။ မည်သည့်အရာမျှ ထူးခြားမှုကိုမတွေ့ရ။ လူအရိပ်အရောင်ဟူ၍ လုံးဝမတွေ့။

ထန်စုကျင်းသည် ကျောက်ခင်းလမ်းကလေးပေါ်တွင် ရပ်၍ ခေတ္တစဉ်းစားလိုက်၏။ တိမ်တိုက်ကိုယ်တော်သည် မည်သည့်နည်းနှင့်

မှ တောင်ကြားအပြင်သို့ ရောက်မသွားနိုင်သေး။

တောင်ကြားအတွင်း၌ပင် ပုန်း အောင်းနေနိုင်၏။

မည်သို့ပင်ဖြစ်စေ တိမ်တိုက်ကိုယ်တော်နှင့် မိုးနဂါးထုံဝေတို့ကို မတွေ့တွေ့အောင်တော့လိုက်ရှာရပေမည်။

ထန်စုကျင်းသည် ကျောက်ဂေဟာအတွင်းသို့ ပြန်ဝင်လာခဲ့၏။ ကျောက်ဂေဟာရှေ့တံခါးဝသို့ရောက်သောအခါ စောစောက လူသုံးယောက်ကို မတွေ့ရတော့ချေ။

ဝဝဝ

နေမွန်းတည့်ပြီဖြစ်၏။

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်နေ၏။ ထန်စုကျင်းက ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုအကဲခတ်နေသည်။

ဝမ်းဗိုက်အတွင်းမှ ဆာလောင်မှုတို့က လှုံ့ဆော်လာ၏။ ထို့ကြောင့် ကျောက်ဂေဟာအတွင်း စားသောက်စရာတစ်စုံတစ်ရာတွေ့လိုတွေ့ငြား လိုက်ရှာကြည့်မိ၏။

ကံအားလျော်စွာ မီးဖိုချောင်နှင့်တူသော အခန်းထဲတွင် စားသောက်စရာတချို့ကို တွေ့ရသဖြင့် အငမ်းမရ စားသောက်ပစ်လိုက်လေသည်။ စားသောက်ပြီးသောအခါ တိမ်တိုက်ကိုယ်တော်ကို လိုက်ရှာရန်စဉ်းစားလိုက်၏။

ယခုအခြေအနေအရ တိမ်တိုက်ကိုယ်တော် ရှာဖွေရန်မှာ မျက်ကန်းလမ်းလျှောက်ရသကဲ့သို့ ရှိနေပေလိမ့်မည်။ သို့သော် ထန်စုကျင်းသည် မတွေ့တွေ့အောင်ရှာမည်ဟုဆုံးဖြတ်ကာ တောင်ကြားလမ်းသွယ်တစ်ခုထဲသို့ပြေးထွက်ခဲ့တော့၏။

ဝဝဝ



မကြာမီ သစ်ပင်ချုံပင်များထူထပ်လှသော တောင်ကြားတစ်ခုသို့ရောက်လာ၏။ ထိုတောင်ကြားအတိုင်း အတန်ကြာအောင်ဆက်လျှောက်လာသော်လည်း ကျောက်ဆောင်များမှလွဲ၍ မည်သည့်အရာမျှမတွေ့ရပေ။

ယခု ထန်စုကျင်း၏အဖြစ်မှာ တိမ်တိုက်ကိုယ်တော်အားတွေ့ဖို့ထက် မိမိမည်သည့်နေရာ ရောက်နေသည်ကိုပင် စဉ်းစား၍မရဖြစ်နေသည်။ ဝင်္ကပါတောင်ကြားသည် နာမည်နှင့်လိုက်အောင် အတော်ဆိုးနေ၏။

သဘာဝအတိုင်း ဝင်္ကပါလိုဖြစ်နေ၏။'

ထန်စုကျင်းသည် ယခုအတိုင်းဆိုလျှင် ဝင်္ကပါတောင်ကြားအတွင်း မျက်စိလည်ပိတ်ဆို့ခံရပြီး အသက်ဆုံးရှုံးနိုင်ဖွယ်ရှိနေလေသည်။ ထန်စုကျင်းသည် လွတ်မြောက်နိုင်သည့်နည်းလမ်းအမျိုးမျိုးကိုစဉ်းစားလိုက်၏။

နောက်ဆုံးရလာသည့် အကြံမှာ တောင်ထိပ်တစ်ခုပေါ်သို့တက်၍ အဝေးသို့လှမ်းကြည့်မှန်းဆရန်ပင်ဖြစ်သည်။

သို့မှသာ မိမိ မည်သည့်နေရာသို့ရောက်နေမှန်း ခန့်မှန်းနိုင်မည်မဟုတ်ပါလား။

ထိုသို့စဉ်းစားရင်း သူ့ခေါင်းထဲသို့ နောက်ထပ်အကြံတစ်ခု ရုတ်တရက်ဝင်ရောက်လာပြန်သည်။

ယင်းအကြံမှာ .... တစ်ဘက်လူအလာကို ထောင်ချောက်ဆင်၍စောင့်ရန်ပင်ဖြစ်သည်။

ထန်စုကျင်းသည် နောက်ဆုံးရရှိလာသည့်အကြံအား အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်တော့၏။

ဝဝဝ

## လူသားစား ပုရွတ်ဆိတ်နီများ

စောင့်ရသည့်အလုပ်သည် အလွန်ပင် စိတ်ပင်ပန်းလှချေ၏။

ထန်စုကျင်းစောင့်နေသည်။ အတန်ပင် ကြာညောင်းလာပြီဖြစ်သော်လည်း လူရိပ်လူရောင်ဟူ၍တစ်ယောက်မျှပေါ်မလာ။

ထန်စုကျင်း၏စိတ်တွင် ဤမျှစောင့်ရသည့်အချိန်ကလေးကိုပင် နှစ်ပေါင်းများစွာစောင့်ရသကဲ့သို့ထင်မှတ်မိ၏။

စောင့်ရသည့်အလုပ်ကို စိတ်ကုန်လာမိ၏။

ထို့ကြောင့် .... ဤအကြံကိုလက်လျော့ကာ တောင်ကြားအတွင်းမှထွက်ရန်ပြင်လိုက်၏။

ထိုစဉ် .... တောင်ကြားအတွင်း ခပ်လှမ်းလှမ်းဆီ၌ လူရိပ်တစ်ရိပ်ကို ရိပ်ခနဲတွေ့လိုက်ရ၏။

ထန်စုကျင်းမှာ အလွန်အမင်းဝမ်းသာသွားပြီး ထိုင်ရာမှထကာ ထိုအရိပ်နောက်သို့ တဖုန်းဖုန်းပြေးလိုက်သွားလေတော့၏။

ထန်စုကျင်းသည် မည်သည့်အရာမျှ အရေးစိုက်မနေတော့ဘဲ တောင်ကြားထဲသို့ပြေးဝင်လိုက်လေ၏။ အတန်ငယ်ဝင်မိသောအခါ ပြောင်လက်သောတောင်ကုန်းများကိုတွေ့ရ၏။ သစ်ပင်များလုံးဝမပေါက်ဘဲ ပြောင်လင်းနေ၏။



ရှေးခေတ်စစ်မြေပြင်မှရွက်ဖျင်တဲ များကဲ့သို့ ဖြစ်သည်။

အုတ်ဂူဖြူဖြူတွေကဲ့သို့လည်း ဖြစ်နေသည်။

ထန်စုကျင်းမှာ ဤမြင်ကွင်းကိုမြင်လိုက်ရသည်နှင့် ကြက်သီးမွေးညှင်းထသွားမိ၏။ ထိုလူသည် ဤတောင်ကုန်းများကြားတွင် ပုန်းအောင်းနေခြင်းဖြစ်နိုင်၏။ ထန်စုကျင်းသည် စိတ်ကိုရဲဆေးတင်ပြီး သတိကိုစုစည်းကာ ထိုတောင်ကုန်းများအတွင်းသို့ ဖြည်းဖြည်းချင်းလျှောက်ဝင်လာခဲ့၏။

ထိုစဉ် ....

"ဂလောက် ...."

တစ်စုံတစ်ရာကိုခလုတ်တိုက်မိသောကြောင့် ထွက်ပေါ်လာသောအသံဖြစ်၏။

တိတ်ဆိတ်နေသော တောတောင်အတွင်းဖြစ်၍ အသံမှာအလွန်တရာကျယ်လောင်လှ၏။

ထန်စုကျင်းမှာ မွေးညှင်းများပင် ရုတ်ခြည်းထောင်တက်သွားလေသည်။ ခလုတ်တိုက်မိသည့်အရာအား ရုတ်တရက် ငုံ့ကြည့်လိုက်မိ၏။

ထန်စုကျင်း၏ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွားသည်။

စောစောက သူခလုတ်တိုက်ခဲ့သည့် အရာမှာ လူအရိုးစုတစ်ခုမှ ဦးခေါင်းခွံဖြစ်နေသောကြောင့်တည်း။

ဤတွင် စောစောကတွေ့ခဲ့ရသည့် ပြောင်လက်နေသောတောင်ကုန်းသဏ္ဍာန်နေရာကို သေချာစွာကြည့်လိုက်မိသည်။

ထန်စုကျင်း၏စိတ်သည် ပို၍ပင် ဟုန်လှုပ်ချောက်ချားသွားရတော့သည်။ ထန်စုကျင်း တွေ့လိုက်ရသည့်မြင်ကွင်းမှာ တောင်ကမူလေးပေါ်တွင် အရိုးစုများ စုပုံပြန့်ကျဲနေသောမြင်ကွင်းဖြစ်သည်။

ထန်စုကျင်းသည် လှမ်းနေသောခြေလှမ်းကို ချက်ချင်းရပ်တန့်ပစ်လိုက်၏။

ထို့နောက် ... ဝန်းကျင်တစ်ခုလုံးကိုလေ့လာအကဲခတ်ကြည့်လိုက်သည်။

ဤတွင် ထန်စုကျင်း၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားရပြန်တော့၏။

ooo

များစွာသောပုရွတ်ဆိတ်နီများ လှုပ်လှုပ်ရွရွဖြစ်နေသည်ကို ထန်စုကျင်း ထိတ်လန့်စွာတွေ့လိုက်ရ၏။

ဦးခေါင်းနှင့် လက်မကြီးများကြီးမားလွန်းသောပုရွတ်ဆိတ်နီကြီးများဖြစ်သည်။

အုပ်စုဖွဲ့ကာ သူ့ခြေထောက်ဆီသို့လာနေသည်။

ပုရွတ်ဆိတ်ကြီးများ၏အရွယ်မှာ လက်မခန့်ရှိ၏။

လူအရိုးစုပိုင်ရှင် လူသတ္တဝါများကို ဤပုရွက်ဆိတ်ကြီးများကပင် ဝိုင်းအုံကိုက်ခဲစားသောက်ထားကြဟန်တူ၏။

ထန်စုကျင်းမှာ တစ်ကိုယ်လုံး ပျော့ခွေနုံးချိလာသလိုရှိ၏။ ဤပုရွက်ဆိတ်ကြီးများ၏အကိုက်ခံရမည်ဆိုပါက အသက်ရှင်ဖွယ်ရာအကြောင်းရှိနိုင်မည် မဟုတ်ချေ။

ရန်သူများ၏မျှားခေါ်ခြင်းကို ခံလိုက်ရပြီဖြစ်ကြောင်း ထန်စုကျင်း ချက်ချင်းနားလည်လိုက်၏။

ထို့ကြောင့် တုန်လှုပ်ချောက်ခြားသောစိတ်ဖြင့် နောက်သို့ဆုတ်ရန်ပြင်လိုက်၏။

ထိုစဉ် ....



"ဟား .... ဟား .... ဟား ...."

ရယ်မောသံတစ်သံက လေထဲသို့ပျံ့လွင့်လာ၏။

ထန်စုကျင်းက အသံလာရာဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။ ခပ်လှမ်းလှမ်းရှိကျောက်ဆောင်တစ်ခုပေါ်တွင် ခါးထောက်၍သဘောကျစွာရယ်နေသော [illegible]ါတိုက်ကိုယ်တော်ကိုတွေ့လိုက်ရ၏။

မိုးနဂါးထုံဝေကိုမူမတွေ့ရချေ။ မိုးနဂါးထုံဝေသည် မည်သည့်နေရာသို့ရောက်နေလေသနည်း။

ထိုစဉ် .... ရှေ့နားဆီမှ တရှဲရှဲမြည်သောအသံကိုကြားလိုက်ရပြန်သည်။

ထန်စုကျင်း ချက်ချင်းပြန်လှည့်ကြည့်လိုက်ရာ ....

ထောင်သောင်းမကသော ပုရွက်ဆိတ်နီများသည် လက်မထောင်လျက် သူ့အနီးသို့ရောက်လာနေသည်ကို ထိတ်လန့်တကြားတွေ့လိုက်ရ၏။

ထန်စုကျင်းမှာ အနီးရှိကျောက်ဆောင်တစ်ခုပေါ် လျင်မြန်စွာခုန်တက်လိုက်ရသည်။ ပုရွက်ဆိတ်များကလည်း ထန်စုကျင်းရှိရာကျောက်ဆောင်ဆီသို့ ဦးတည်ရွေ့လျားလာကြပြန်၏။

ပုရွက်ဆိတ်များသည် အသိဉာဏ်ရှိသကဲ့သို့ပြုမူလှုပ်ရှားနေကြခြင်းဖြစ်ရာ ထန်စုကျင်းမှာ အံ့ဩနေမိတော့သည်။

ထိုစဉ် ...

"ဟား .... ဟား .... ဟား ...."

ရယ်သံတစ်သံ ထပ်မံထွက်လာပြန်သဖြင့် လှမ်းကြည့်လိုက်ရာ တိမ်တိုက်ကိုယ်တော်၏နံဘေးတွင် နောက်ထပ်အရိပ်တစ်ရိပ် တိုးလာသည်ကိုတွေ့လိုက်ရသည်။

မိုးနဂါးထုံဝေပင်ဖြစ်သည်။

ထန်စုကျင်းမှာ သေရေးရှင်ရေးကို စဉ်းစားမနေတော့ဘဲ ကျောက်တုံးပေါ်အားယူပြီး လေထဲသို့ သုံးကြိမ်ခန့် ဆင့်ကဲဆင့်ကဲ ခုန်လိုက်ရာ တိမ်တိုက်ကိုယ်တော်ရှေ့တည့်တည့်ရှိ ပုရွက်ဆိတ်အုံပေါ်သို့ ရောက်ရှိသွားတော့၏။

ဤတွင် ... တိမ်တိုက်ကိုယ်တော်က သဘောကျစွာရယ်ရင်း ပြောလိုက်လေသည်။

"ဟား .... ဟား .... ဝိညာဉ်နှုတ်အဘိုးအို ခင်ဗျားအတွက် ဒီနေ့ဟာ နိဂုံးချုပ်ရမယ့်နေ့ဆိုတာသဘောပေါက်ပြီလား၊ တကယ်လို့ ဒီနေရာမှာ ခင်ဗျားသေခဲ့ရင် ခင်ဗျားကိုသင်္ဂြိုဟ်ပေးမယ့်လူလဲ လိုမှာမဟုတ်တော့ဘူး"

ပုရွက်ဆိတ်အုံကြီးက အလိပ်လိုက်ထပ်၍ တက်လာကြပြန်သည်။ ထန်စုကျင်းမှာ ဤတစ်ကြိမ်တွင်တော့ မိုးနဂါးထုံဝေ၏ သေရေးရှင်ရေးကိုပါစဉ်းစားမနေနိုင်တော့ချေ။ တိမ်တိုက်ကိုယ်တော်ကိုသာ အပြတ်ရှင်းပစ်ရန်ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ... မာန်တစ်ချက်သွင်းကာ လေထဲသို့ခုန်တက်လိုက်၏။

တစ်ပြိုင်နက်တည်းမှာပင် တိမ်တိုက်ကိုယ်တော်ကလည်း လေထဲသို့ခုန်တက်လိုက်၏။ ထိုသို့ ခုန်တက်လာသည်ကိုတွေ့ရသည်နှင့် ထန်စုကျင်းက လက်ညှိုးထောက်သိုင်းဖြင့် တောက်လိုက်၏။

တိမ်တိုက်ကိုယ်တော်မှာ မခုခံနိုင်ဘဲ မိုးနဂါးထုံဝေအား မ,ယူကာ ပုရွက်ဆိတ်အုံရှိရာသို့ကျရောက်သွားတော့၏။

ထန်စုကျင်းသည် စောစောက တိမ်တိုက်ကိုယ်တော်ရပ်နေသည့်နေရာသို့ရောက်ရှိသွား၏။

ထိုနေရာမှာ အတန်ငယ်ကျယ်ဝန်း၏။



ထိုနေရာတွင် ပုရွက်ဆိတ်များရောက်ရှိနေသည်ကို မတွေ့ရချေ။ တိမ်တိုက်ကိုယ်တော်နှင့် မိုးနဂါးထုံဝေတို့နှစ်ဦးမှာမူ ပုရွက်ဆိတ်အုံကြားရောက်နေ၏။ မိုးနဂါးထုံဝေက အသံကျယ်ဖြင့်ဟစ်အော်ပြောလိုက်သည်။

"ဆရာကြီး ပုရွက်ဆိတ်အုံတွေကိုဖျက်လိုက်ပါ၊ ကျွန်တော့်ကို ညှာမနေနဲ့"

မိုးနဂါးထုံဝေ၏အော်သံကြောင့် တိမ်တိုက်ကိုယ်တော်မှာ အကြီးအကျယ်မျက်နှာပျက်သွားတော့၏။

"မင်း တိတ်တိတ်နေစမ်း၊ မနေရင်တော့ ပုရွက်ဆိတ်အုံထဲ မင်းကိုအရင်ပစ်လွှတ်လိုက်မယ်"

တိမ်တိုက်ကိုယ်တော်က မိုးနဂါးထုံဝေအား အော်ငေါက်တားဆီးလိုက်၏။ ထန်စုကျင်း ချက်ချင်းစဉ်းစားလိုက်သည်။

မိုးနဂါးထုံဝေပြောသည့်အတိုင်း ပုရွက်ဆိတ်အုံများကိုသာ ဖျက်ဆီးလိုက်ပါက ကိုယ့်သေတွင်းကိုယ်တူးသည်နှင့်တူနေပေတော့မည်။ မာန်ဝင်နေသောပုရွက်ဆိတ်များသာ အကိုက်ခံရပါက မည်သည့်ဆေးမျှ စွမ်းနိုင်လိမ့်မည်မဟုတ်ပေ။

ဤကဲ့သို့လုပ်ရန်လွယ်ကူသော်လည်း ထန်စုကျင်းက ထိုသို့လုပ်ရန်မစဉ်းစားချေ။ ထိုကဲ့သို့လုပ်လိုက်ပါက မိုးနဂါးထုံဝေမှာ ပုရွက်ဆိတ်အုံများထဲတွင် အသက်ပျောက်သွားလိမ့်မည်။

မိုးနဂါးထုံဝေအသက်ပျောက်သွားခဲ့လျှင် သူရှာဖွေနေသော ကျောက်စိမ်းဓားကိုလည်း အစရှာ၍ရနိုင်တော့မည်မဟုတ်ချေ။

ထို့ကြောင့် ဘယ်နည်းနှင့်မဆို မိုးနဂါးထုံဝေအား အသက်ရှင်လွတ်မြောက်အောင်ကြံဆောင်ရပေလိမ့်မည်။

ooo

တိမ်တိုက်ကိုယ်တော်၏လက်ထဲမှ မိုးနဂါးထုံဝေအား ကယ်တင်ရန်မှာ တကယ်တန်းတွင်အလွန်ခက်ခဲနေ၏။ မိမိတစ်ချက်မှားသွားပါက မိုးနဂါးထုံဝေအသက်ပျောက်သွားနိုင်၏။

သို့သော် ထန်စုကျင်းကအံကိုကြိတ်ကာ ....

"ယား ...."

မာန်တစ်ချက်သွင်းပြီး အတွင်းအားစုစည်းကာ လက်ဝါးနှစ်ဖက်ကိုတွန်းထုတ်လိုက်၏။

"ဝုန်း ...."

ဝုန်းခနဲအသံမြည်ဟည်းသွားပြီး ပုရွက်ဆိတ်အုံများ လွင့်ပျံသွား၏။ တိမ်တိုက်ကိုယ်တော် လေထဲခုန်တက်ကာ နေရာပြောင်းရွှေ့လိုက်၏။

ပုရွက်ဆိတ်အုံကြီးသည် အနီရောင်နှင့်အဖြူရောင်များအဖြစ်ဖြန့်ကြဲသွားသည်။ အနီရောင်မှာ ပုရွက်ဆိတ်များဖြစ်ပြီး အဖြူရောင်မှာ ပုရွက်ဆိတ်ဥများဖြစ်သည်။ ပုရွက်ဆိတ်အုံ၏ထုမှာ တစ်တောင်ခန့်ရှိ၏။

အသည်းယားစရာကောင်းလှသည်။

ထန်စုကျင်းသည် လွင့်ပျံသွားသောပုရွက်ဆိတ်အုံကိုတစ်ချက်ကြည့်ပြီး တိမ်တိုက်ကိုယ်တော်ဆီသို့ ဆင့်ကာ ခုန်အုပ်လိုက်ပြန်၏။

"အား ...."

အသည်းခိုက်အောင် အော်ဟစ်လိုက်သောအသံကြီး တစ်ချက်ထွက်ပေါ်လာ၏။

အသံနှင့်အတူ မိုးနဂါးထုံဝေ၏ခန္ဓာကိုယ်မှာ ပုရွက်ဆိတ်အုံအတွင်းသို့ လိမ့်ကျသွားလေတော့၏။



တိမ်တိုက်ကိုယ်တော်ကမူ အခြားတစ်နေရာသို့ရောက်ရှိသွားလေသည်။ ထန်စုကျင်းမှာ မည်သည့်အရာကိုမျှ ဂရုမစိုက်နိုင်တော့ဘဲ မြေပေါ်သို့ခြေချနင်းကာ မိုးနဂါးထုံဝေအားဖမ်းယူလိုက်၏။

ထို့နောက် တောင်ကြားနံရံဆီသို့ခုန်ကူးလိုက်၏။

သူ၏ခြေထောက်တွင် ပုရွက်ဆိတ်နီများကပ်ပါလာသည်။ ကမန်းကတန်း ခါချလိုက်ရ၏။ ခန္ဓာကိုယ်ကိုလည်း ခုန်ဆွခုန်ဆွလုပ်နေရ၏။ ပုရွက်ဆိတ်များ သူ့ခြေထောက်ပေါ် တက်မလာစေရန်ဖြစ်သည်။

မိုးနဂါးထုံဝေမှာ ညည်းညူနေသည်။

ပုရွက်ဆိတ်အုံအတွင်းကျသွားစဉ်က ပုရွက်ဆိတ်အကိုက်ခံလိုက်ရသောကြောင့်ဖြစ်သည်။

"ဆရာကြီး ကျုပ်ကိုထားခဲ့ပြီး ဆရာကြီးသာလွတ်အောင်သွားပါ"

ထန်စုကျင်းက မည်သို့မျှပြန်မပြော။ သူ၏မျက်လုံးအစုံကနီရဲနေ၏။ ပတ်ဝန်းကျင်သို့လှည့်ကြည့်ရာ သူနှင့်ငါးလံခန့်အကွာတွင်ရှိနေသောကျောက်ဆောင်တစ်ခုကိုတွေ့လိုက်ရ၏။

ထို့ကြောင့် ....

အချိန်ဆွဲမနေတော့ဘဲ ပြေးလွှားသွားကာ ကျောက်ဆောင်ပေါ်သို့ ခုန်တက်လိုက်သည်။

ကျောက်ဆောင်ထိပ်ပေါ်ရောက်မှ ထန်စုကျင်းမှာ ဟင်းခနဲသက်ပြင်းချနိုင်တော့၏။ ကျောက်ဆောင်မှာ တစောင်းအနေအထားရှိ၏။ ထိပ်ဝအကျယ်မှာ တစ်လံခန့်သာရှိ၏။

ထန်စုကျင်းက မိုးနဂါးထုံဝေအား အသာချပြီး လက်ဖဝါးနှစ်ဖက်ဖြင့် ကိုယ်ပေါ်မှပုရွက်ဆိတ်များကိုဖိသတ်လိုက်သည်။

ပုရွက်ဆိတ်အားလုံးရှင်းသွားသည်။

မိုးနဂါးထုံဝေ၏ကိုယ်ပေါ်မှ ပုရွက်ဆိတ်အကိုက်ခံရသည့် နေရာများမှာ ကြက်ဉလုံးခန့်ဖူးရောင်နေသည်။ ထို့ကြောင့် နာကျင်စွာ ညည်းညူနေသည်။

အကယ်၍ .... ထန်စုကျင်းသာ ပုရွက်ဆိတ်များကို အချိန်မီ မရှင်းပစ်နိုင်ခဲ့လျှင် မိုးနဂါးထုံဝေမှာ အသက်ပျောက်သွားနိုင်လောက်ပေသည်။

နေလုံးကြီး တောင်တန်းများကြားသို့ဝင်သွားလေပြီ။

မကြာမီ မှောင်ပေတော့မည်။

ထန်စုကျင်း အနည်းငယ်စိတ်သက်သာရာရသွား၏။

သူသည် ပတ်ဝန်းကျင်သို့လှည့်ပတ်ကြည့်ရှုလိုက်သည်။

ထိုအခါ တောင်ကြားအတွင်း၌ပေါက်ရောက်နေသော မြက်ပင်များဆန်းတစ်မျိုးကိုတွေ့ရ၏။ ထိုမြက်ပင်မှာ အဆိပ်တစ်ရာ ဖြေနိုင်သောဆေးပင်တစ်မျိုးနှင့် အလွန်တူ၏။

ထန်စုကျင်း ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့။

ကျောက်နံရံကို လက်တစ်ဖက်ချိတ်၍ဆင်းလိုက်သည်။

လက်မြဲသလောက်ရှိသည့်အခါမှ ကျန်လက်တစ်ဖက်ဖြင့် အဆိပ်တစ်ရာ ဖြေဆေးပင်ကို လက်တစ်ဖက်ဖြင့်ဆွဲနှုတ်သည်။

ဆေးပင်တစ်ချို့ လက်ထဲပါလာသည့်အခါ ကျောက်ဆောင်ပေါ်ပြန်၍ခုန်တက်လိုက်သည်။ ထိုထူးဆန်းသော အဆိပ်တစ်ရာ ဖြေဆေးပင်မှာ အရွက်ကိုးရွက်သာရှိ၏။

အရောင်မှာ နီရဲနေပြီး လန်းလန်းဆန်းဆန်းရှိ၏။

လက်ထဲ ရောက်မှ အဆိပ်တစ်ရာဖြေဆေးပင်ဖြစ်ကြောင်း ပို၍ သေချာသွားသည်။



မိုးနဂါးထုံဝေသည် ထန်စုကျင်း၏လက်ထဲမှ ဆေးပင်ကို လျင်မြန်စွာလှမ်းဆွဲယူပြီး အငမ်းမရဝါးစားလေသည်။

ထန်စုကျင်းက ....

"တကယ်လို့ အဆိပ်ဖြေဆေးပင်မဟုတ်ဘဲ အဆိပ်ပင်ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ"

ဟုမေးလိုက်သည်။ မိုးနဂါးထုံဝေက ....

"အို .... ဘာဖြစ်ဖြစ်ဗျာ၊ ကျုပ်နာကျင်မှုကိုမခံနိုင်တော့ဘူး၊ အဆိပ်ဖြစ်ပြီး သေသွားရင်လဲ အခုနာကျင်နေတဲ့ဝေဒနာတော့ သက်သာသွားမှာပဲ"

ထန်စုကျင်းမှာ ဘာမှပြန်မပြောတော့ဘဲ မိုးနဂါးထုံဝေအား စိုက်၍သာကြည့်နေမိတော့၏။

ရေနွေးအိုးတစ်ဆူခန့်ကြာသောအခါ မိုးနဂါးထုံဝေ၏နာကျင်မှုဝေဒနာမှာ သက်သာသွားပုံရှိ၏။

စိတ်လှုပ်ရှားနေသောအသံဖြင့် ပြောလေသည်။

"ဆရာကြီးရဲ့ကျေးဇူးကို ကျွန်တော့်တစ်သက်မမေ့တော့ပါဘူး"

ထိုသို့ပြောပြီးနောက် မိုးနဂါးထုံဝေသည် ဒူးထောက်အရိုအသေပေးလေတော့သည်။ ထန်စုကျင်းမှာ ထိုသို့ အရိုအသေပေးမှုကို မခံယူလိုသဖြင့် လက်ကာပြလိုက်ပြီး ....

"ဒီလောက်လေးနဲ့ ကျေးဇူးတင်စရာမလိုပါဘူး၊ အားလုံးဟာ သူ့အကြောင်းနဲ့သူဖြစ်လာတာပါ၊ ဘယ်လိုလဲ အခုတော်တော်သက်သာသွားပြီလား"

မိုးနဂါးထုံဝေက ဒူးထောက်ရာမှထရပ်လိုက်ပြီး ....

"နာကျင်မှုတော့ လုံးဝမရှိတော့ပါဘူး၊ ဒါ့အပြင်ဆုံးရှုံးသွား

တဲ့အတွင်းအားတွေတောင် ပြန်ကောင်းလာသလိုရှိတယ်”

လုံးဝမမျှော်လင့်သောအပြောင်းအလဲဖြစ်သည်။

ထန်စုကျင်းက ခေါင်းအထပ်ထပ်ညိတ်လိုက်ပြီး ....

“ကောင်းတယ် ... သိပ်ကောင်းတယ်၊ စိတ်ကောင်းရှိသူကို ဘုရားသခင်က စောင်မလိုက်တာပဲ၊ ဒီမြက်ပင်ကိုလဲ ဘုရားသခင်က ပေးလိုက်တာပဲဖြစ်မယ်၊ ကဲ .... အခုခင်ဗျာရဲ့အတွင်းအားကို လည်ပတ်ကြည့်ပါဦး၊ မူလအတိုင်း ပြန်ကောင်းလာနိုင်တယ်”

မိုးနဂါးထုံဝေသည် ချက်ချင်းတင်ပျဉ်ခွေထိုင်ချပြီး အတွင်းအားကို စတင်၍လှည့်ပတ်ကြည့်လေတော့သည်။

ထန်စုကျင်းက ဓားကိုပြန်လည်သိမ်းပိုက်ပြီး မိုးနဂါးထုံဝေကိုငေးစိုက်ကြည့်နေမိသည်။

လူ၏ကြမ္မာသည် လွန်စွာပင် ဆန်းကြယ်လှပေစွတကား။

ဝဝဝ



## တရားခံဘယ်သူလဲ

ထန်စုကျင်းသည် တောင်ကြားအတွင်းမှလွတ်မြောက်နိုင်မည့်နည်းလမ်းကိုကြံဆလိုက်သည်။

ကျောက်ဆောင်ကြားသို့ ပြန်ဆင်းရန်မှာမူ မလွယ်ကူတော့ချေ။ ပုရွက်ဆိတ်များသည် ကျောက်ဆောင်နံရံအား တွယ်တက်လာနေကြပြီဖြစ်သည်။

အခြားကျောက်ဆောင်ထိပ်တစ်ခုမှာ ဆယ်လံခန့်အကွာအဝေးတွင်ရှိနေသည်။

ထန်စုကျင်းအနေဖြင့် ဤမျှအကွာအဝေးအား သူတစ်ဦးတည်းဆိုလျှင် ခုန်ကူးနိုင်သည်။

သို့သော် ... ယခုအခြေအနေကား သူတစ်ယောက်တည်းမဟုတ်ချေ။ မိုးနဂါးထုံဝေကိုပါခေါ်သွားရမည်မို့ မလွယ်ကူနိုင်ပေ။

မျှော်လင့်ချက်တစ်ခုတော့ရှိနေ၏။ အကယ်၍ အစွမ်းထက်မြက်လှသောအဆိပ်တစ်ရာဖြေဆေးပင်ကြောင့် မိုးနဂါးထုံဝေသည် သူ၏မူလအတွင်းအားပြန်လည်ရရှိလာမည်ဆိုပါက အဆင်ပြေသွားနိုင်၏။ ပတ်ဝန်းကျင်တစ်ခုသို့ အမှောင်ထုသည် တဖြည်းဖြည်းလွှမ်းမိုးစပြုလာ၏။

ထိုအချိန်တွင် .... မိုးနဂါးထုံဝေသည် ရုတ်တရက် မျက်လုံး ဖွင့်လိုက်ပြီး ....

"ဆရာကြီး .... ဆရာကြီး ကျုပ်ရဲ့အတွင်းအားတွေ အားလုံး ပြန်ကောင်းလာပြီ"

မိုးနဂါးထုံဝေ၏အသံမှာ စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်နေသည်။ မျက်လုံးအစုံမှလည်း မျက်ရည်များစီးကျလာ၏။

ဝမ်းသာလွန်း၍ ကျသောမျက်ရည်ဖြစ်သည်။

သေရွာမှပြန်လာသူတစ်ယောက်အနေဖြင့် မည်မျှဝမ်းသာမည်ကို စဉ်းစားကြည့်ကသိနိုင်၏။ ထန်စုကျင်းလည်း ဝမ်းသာသွား၏။ ချက်ချင်းပင် သိချင်နေသောအကြောင်းအရာကိုမေးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးထံ ကျုပ်သိချင်တဲ့အကြောင်းတစ်ခုကိုမေး ချင်ပါတယ်"

မိုးနဂါးထုံဝေကခေါင်းမော့ကြည့်လိုက်သည်။

"မေးပါဆရာကြီး၊ ကျွန်တော်သိသလောက်ပြောပြပါ့မယ်"

ထန်စုကျင်းက မျက်နှာဖုံးကိုမဖွင့်သေးဘဲ အဘိုးကြီးအသံဖြင့်ပင် မေးလိုက်၏။

"ကျောက်စိမ်းဓားကို ဂိုဏ်းချုပ်ကြီး ဘယ်ကရလာတာလဲ"

မိုးနဂါးထုံဝေမှာ ရုတ်တရက်ကြောင်သွား၏။ ပြီးမှ ....

"ဆရာကြီးလိုချင်လို့လား၊ ဆရာကြီးလိုချင်ရင် ...."

ထန်စုကျင်းက လက်ကာပြလိုက်ပြီး ....

"ကျုပ်လိုချင်လို့မဟုတ်ပါဘူး၊ ဒီဓားကို ဂိုဏ်းချုပ်ကြီး ဘယ်ကရသလဲဆိုတာကိုသာ သိချင်တာပါ"

"ဩော် .... ဆရာကြီးက ဒီဓားရထားတဲ့အကြောင်းရင်းကို သိချင်တာကိုး"



"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီးအနေနဲ့ သိသမျှကို မထိန်ချန်ပဲပြောပြစေချင်ပါတယ်"

မိုးနဂါးထုံဝေသည် ချက်ချင်းပင် မျက်နှာတည်သွားပြီး ကျောက်စိမ်းဓားရခဲ့ပုံကိုပြောပြလေတော့သည်။

"လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်က ကျုပ်ကိစ္စတစ်ခုနဲ့ခရီးထွက်လာရင်း တောင်ထိပ်တစ်ခုမှာ လူထူးဆန်းကြီးနှစ်ယောက် ခိုက်ရန်ဖြစ်နေတာကိုတွေ့လိုက်ရတယ်"

"ခိုက်ရန်ဖြစ်တဲ့လူနှစ်ယောက်က ဘယ်သူတွေပါလဲ"

မိုးနဂါးထုံဝေက ချက်ချင်းပြန်ဖြေသည်။

"တစ်ယောက်ကဘီလူးမျက်လုံး၊ နောက်တစ်ယောက်ကတော့ မိုးခေါင်ဓားစုလိန်ဟုပါပဲ"

"ဟင် ...."

ထန်စုကျင်းနှုတ်မှ အာမေဋိတ်သံတစ်ချက် ရုတ်တရက်ထွက်ပေါ်လာသည်။

"အင်း .... မိုးခေါင်ဓားစုလိန်ဟုကတော့ ငါ့လက်ချက်နဲ့သေသွားပြီ ... ဘီလူးမျက်လုံးတစ်ယောက်သာ ကျန်တော့တယ်၊ ဒီဘီလူးမျက်လုံးဆိုတဲ့လူကိုလဲ ငါကြားဖူးသလိုပဲ"

ထန်စုကျင်းသည် ထိုသို့စဉ်းစားရင်း မိုးနဂါးထုံဝေအား မေးလိုက်ပြန်သည်။

"ဂိုဏ်းချုပ်ကြီးထံဆီမရောက်ခင်မှာ ကျောက်စိမ်းဓားဟာ ဘယ်သူ့ဆီမှာရှိနေခဲ့ပါသလဲ"

မိုးနဂါးထုံဝေက ချက်ချင်းပင်ပြန်ဖြေ၏။

"ဘီလူးမျက်လုံးဆီမှာပါ"

"ဒါဆို အဲဒီဘီလူးမျက်လုံးက ကျောက်စိမ်းဓားကို ဘယ်လို

ရခဲ့တာလဲ၊ ဂိုဏ်းချုပ်ကြီးသိပါသလား"

"အဲဒါတော့ ကျုပ်မသိပါဘူး"

ထန်စုကျင်း မျက်ခုံးတစ်ချက်ပင့်ရင်းစဉ်းစား၏။

"ဒါဆိုရင် ဘီလူးမျက်လုံးဟာ လူသတ်သမားဖြစ်နိုင်တယ်"

ယင်းသို့တွေးပြီးနောက် ....

"ဒါနဲ့ အဲဒီရန်ပွဲဟာ နောက်ဆုံး ဘယ်လိုဖြစ်သွားသလဲ"

"နှစ်ဦးစလုံး ဒဏ်ရာအကြီးအကျယ်ရသွားကြတယ်၊ အဲဒီလို ဒဏ်ရာအကြီးအကျယ်ရနေတဲ့အချိန်မှာ စုလိန်ဟုဘက်က စစ်ကူရောက်လာတယ်၊ အဲဒီလိုစစ်ကူလဲရောက်လာရော ဘီလူးမျက်လုံးဟာ တောင်ကြားထဲဝင်ပြေးသွားတော့တာပဲ"

"ရောက်လာတဲ့စစ်ကူက ဘယ်သူလဲ"

မိုးနဂါးထုံဝေက အနည်းငယ်စဉ်းစားလိုက်ပြီး ....

"စစ်ကူရောက်လာတဲ့သူက စုလိန်ဟုရဲ့သားလို့ပြောတာပဲ"

"နောက်တော့ကော ဘာဖြစ်သေးလဲ"

"နောက် ဘာဖြစ်တယ်ဆိုတာတော့ ကျုပ်မသိတော့ဘူး၊ ကျုပ်လဲ အဲဒီနေရာကနေထွက်လာခဲ့တော့တာပဲ"

ထန်စုကျင်းက ....

"အဲဒီတုန်းက ကျောက်စိမ်းဓားရဲ့ရာဇဝင်ကို ခင်ဗျား သိသလား"

"မသိဘူး"

ထန်စုကျင်းစိတ်ထဲတွင် အဖြေတစ်ခုရရှိသွားချေပြီ။ မိုးနဂါးထုံဝေအား နောက်ထပ်မေးရန်လည်းမလိုတော့ချေ။ သူ့အတွက် လူသတ်သမားနာမည်သစ်တစ်ခုကိုရရှိခဲ့ပြီမဟုတ်ပါလော။

၀၀၀



ထန်စုကျင်းအတွက် တိုး၍သိလာရသော လူသတ်သမားတစ်ဦး၏အမည်မှာ ဘီလူးမျက်လုံးဖြစ်သည်။ ဤဘီလူးမျက်လုံးဆိုသူသည် ခေါင်းဆောင်လော၊

အဖွဲ့ဝင်လော။

စုလိန်ဟုတွင် သားရှိကြောင်းကိုလည်းသိလာရ၏။

"မရဏကြေးပြား"

ထိုအမည်သည် ထန်စုကျင်း၏ခေါင်းထဲသို့ ရုတ်တရက်ဝင်ရောက်လာပြန်သည်။

မိုးကြိုးဂိုဏ်းချုပ်အား မရဏတမန်ကနှုတ်ပိတ်ခဲ့သည်။

တမင်စောင့်ကြည့်ကာ လုပ်ကြံလိုက်ခြင်းဖြစ်နိုင်၏။

မိုးနဂါးထုံဝေသည် ကျောက်စိမ်းဓားအား မမျှော်လင့်ဘဲရရှိပြီးနောက် အဘယ့်ကြောင့်လျှို့ဝှက်ထားရသနည်း။

ထန်စုကျင်း၏ခေါင်းထဲတွင် ရှုပ်ထွေးနောက်ကျိလာသည်။

ဤလျှို့ဝှက်ချက်အားလုံးကို ဘီလူးမျက်လုံးသည် ကောင်းကောင်းသိနိုင်သည်။

ထန်စုကျင်းသည် ရှုပ်ထွေးနေသောအချက်များကိုစဉ်းစားခြင်းမှခေတ္တရပ်ပြီး မိုးနဂါးထုံဝေအားမေးလိုက်၏။

"စုလိန်ဟုရဲ့သားကဘယ်သူလဲ၊ အခုဘယ်မှာရှိနေလဲ"

မိုးနဂါးထုံဝေက ထန်စုကျင်းကို ပြုံးကြောင်ကြောင်ကြည့်ရင်းခေါင်းခါ၏။

"မသိဘူး၊ အဲဒီအချိန်တုန်းကတော့လူငယ်တစ်ဦးပဲ၊ အခုတော့ လူလတ်ပိုင်းလောက်ရှိရောပေါ့၊ ကျုပ်လဲဒီတောင်ကြားထဲရောက်လာပြီးကတည်းက သိုင်းလောကနဲ့အဆက်အသွယ်ပြတ်နေခဲ့တယ်"

ထန်စုကျင်းက မိုးနဂါးထုံဝေအားလှမ်းကြည့်ရင်း ....

"တိမ်တိုက်ကိုယ်တော်က ကျောက်စိမ်းခါးအတွက်နဲ့ ခင်ဗျားကို ချုပ်နှောင်ထားတာမဟုတ်လား"

"ဟုတ်ပါတယ်"

ထန်စုကျင်း မျက်မှောင်ကုတ်လိုက်သည်။

"ခင်ဗျားလက်ထဲမှာ ကျောက်စိမ်းခါးရှိနေတာ တိမ်တိုက်ကိုယ်တော်က ဘယ်လိုလုပ်သိသွားတာလဲ"

မိုးနဂါးထုံဝေ တစ်ချက်တွေဝေသွားသည်။

"ဒီအချက်ကို အခုထိနားမလည်နိုင်အောင်ဖြစ်နေတယ်"

"ဒီကျောက်စိမ်းခါးကိုရတဲ့အကြောင်း ခင်ဗျား ဘယ်သူ့ကို ပြောပြမိသေးသလဲ"

မိုးနဂါးထုံဝေ ခေါင်းခါရင်းဖြေသည်။

"ကျုပ်ဘယ်သူ့ကိုမှပြောမပြဘူး၊ ဒီခါးကိုရတာနဲ့ ပြဿနာတွေရှုပ်မယ်ဆိုတာသိလို့ မြေကြီးထဲမှာမြှုပ်ထားလိုက်တယ်၊ အဲဒီနေရာကိုလဲ ဘယ်သူမှမသိပါဘူး"

"ကျုပ်ကိုပြောပြနိုင်မလား"

မိုးနဂါးထုံဝေက ထန်စုကျင်းအားစေ့စေ့ကြည့်ကာ ....

"ဆရာကြီးလိုချင်တယ်ဆိုရင်တော့ ဝှက်ထားတဲ့နေရာကို ပြောပြပါ့မယ်"

ထန်စုကျင်း ခေါင်းခါလိုက်သည်။

"ကျုပ်လိုချင်လို့မဟုတ်ပါဘူး၊ တစ်ချိန်ကဒီကျောက်စိမ်းခါးကိုပိုင်ဆိုင်ခဲ့တဲ့ဟသ်ာမောင်နံ့ရဲ့တစ်ဦးတည်းသောသားအတွက်ပါ"

"တိမ်တိုက်ကိုယ်တော်ပြောတဲ့ သံမဏိလက်ညှိုးထန်စုကျင်



ဆိုတဲ့လူအတွက်လား"

"ဟုတ်တယ် သူ့အတွက်ပါပဲ"

မိုးနဂါးထုံဝေက ပတ်ဝန်းကျင်ကိုတစ်ချက်လှည့်ပတ်ကြည့်ရှုအကဲခတ်လိုက်ပြီး တိုးညှင်းသောလေသံဖြင့် ....

"ဒါဆိုရင်ဂ ဘု ကျုပ်ပြောပြပါ့မယ်၊ ကျောက်ကုန်းတောင်မှာ နတ်ဘုရားကျောင်းဆောင်တစ်ခုရှိတယ်၊ အဲဒီကျောင်းဆောင်ပေါ်ကိုတက်တဲ့ကျောက်လှေကားတစ်ခုရှိတယ်၊ အဲဒီကျောက်လှေကားရဲ့တတိယမြောက် ကျောက်ပြားအောက်မှာ ကျောက်စိမ်းခါးကို မြှုပ်ထားပါတယ်"

ထန်စုကျင်းမှာစိတ်လှုပ်ရှားသွားပြီး ....

"ထန်စုကျင်းကိုယ်စား ဂိုဏ်းချုပ်ကြီးကို ကျုပ်ကအထူးပဲ ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူးဆရာကြီး၊ ပစ္စည်းဆိုတာ ဥစ္စာရှင်မှန်ရင် ဥစ္စာရှင်ဆီပြန်ရောက်စမြဲပါ၊ ဒီခါးကို ကျုပ်လဲမပက်မောပါဘူး၊ ဒီခါးဟာ မသမာတဲ့လူတွေလက်ထဲရောက်သွားပြီး သိုင်းလောကတစ်ခုလုံးကို ဒုက္ခပေးမှာစိုးလို့သာ အခုလိုသိမ်းဆည်းထားရတာပါ"

ထန်စုကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... မသမာသူလက်ထဲရောက်သွားရင် သိုင်းလောကအတွက်အန္တရာယ်ပဲ"

ထို့နောက် ထန်စုကျင်းသည် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့၍အကဲခတ်လိုက်ပြီး ....

"အခု ကျုပ်တို့ ဒီနေရာကထွက်နိုင်ဖို့အတွက် နည်းလမ်းတစ်ခုပဲရှိတယ်၊ အဲဒါကတော့ ဟိုဘက်ကတောင်ထိပ်ပေါ်ကို ခုန်တက်လိုက်ဖို့ပဲ၊ ဂိုဏ်းချုပ်ကြီးတက်နိုင်ပါ့မလား"

ထုံဝေက ထန်စုကျင်းပြောသည့်တောင်ထိပ်အား လှမ်းကြည့်ကာ မှန်းဆလိုက်သည်။ ပြီးမှ ....

"ကျုပ်ရဲ့အတွင်းအားတွေပြန်ကောင်းနေပြီမို့ ဒီလောက်တော့ခုန်ကူးနိုင်လိမ့်မယ်ထင်တယ်"

ထန်စုကျင်း မတ်တတ်ရပ်လိုက်သဥ

"ကောင်းပြီ ... ဂိုဏ်းချုပ်ကြီးအရင်ခုန်တက်ကြည့်ပါ၊ ကျုပ်ဒီကနေစောင့်ကြည့်နေပါ့မယ်"

မိုးနဂါးထုံဝေလည်း ချက်ချင်းမတ်တတ်ရပ်လိုက်သည်။

ထို့နောက် အတွင်းအားများကို ခြေဖျားဆီပို့ပြီး ....

"ယား ...."

မာန်သွင်းအော်ဟစ်ကာ တစ်ဘက်တောင်ထိပ်ပေါ် ခုန်ကူးလိုက်လေသည်။ မိုးနဂါးထုံဝေ၏ လှုပ်ရှားမှုကိုကြည့်ကာ ထန်စုကျင်းက စိတ်ထဲမှကျိတ်၍ချီးကျူးလိုက်မိ၏။ ထို့နောက် သူလည်း နှစ်ဆင့်မျှခုန်ကာကျောက်ဆောင်ထိပ်ပေါ်သို့ တက်ရောက်လိုက်သည်။

"ကဲ .... အခု ကျုပ်တို့ဘာဆက်လုပ်ကြမလဲ"

မိုးနဂါးထုံဝေက ထန်စုကျင်းအား မျှော်လင့်တကြီးဆီး၍မေးလိုက်၏။ ထန်စုကျင်းက အဝေးသို့ လှမ်းမျှော်ကြည့်လိုက်ပြီး ....

"ကျုပ်တို့ ဒီကျောက်ဆောင်လမ်းအတိုင်းလျှောက်သွားပြီး လမ်းပေါက်ဝတစ်ခုကိုရှာရမယ်၊ တည်နေရာ အမှတ်အသားတစ်ခုကို မှတ်သားထားပြီး လမ်းကြောင်းမမှားဖို့ အထူးသတိထားရမယ်"

မိုးနဂါးထုံဝေက ရိုသေလေးစားသောအမူအရာဖြင့် ....

"ဟုတ်ကဲ့ .... ဆရာကြီးပဲ ရှေ့ကဦးဆောင်ပါခင်ဗျာ"

ထန်စုကျင်းကငြင်းဆန်မနေတော့ဘဲ ရှေ့မှပင်လျှောက်ခဲ့၏။ နှစ်ယောက်သား ကျောက်ဆောင်အတိုင်း လျှောက်လာကြရာ



မကြာမီ ကျောက်ဆောင်အဆုံးသို့ရောက်လာ၏။

ကျောက်ဆောင်အဆုံးတွင် .... ပထမကျောက်ဆောင်နှင့်နောက်ကျောက်ဆောင်ကြား အနည်းငယ်ကွာဝေးနေ၏။

ထန်စုကျင်းက ခြေဖျားကိုကျောက် ဆောင်တွင်ထောက်ပြီး စတင်ခုန်လွှားလိုက်၏။ တစ်ဆက်တည်းပင် မိုးနဂါးထုံဝေကလည်း သူ့နောက်မှခုန်၍လိုက်လာသည်။

နှစ်ယောက်စလုံး တစ်ဘက်ကျောက်ဆောင်ထိပ်ပေါ်သို့ ရောက်ရှိသွားကြ၏။ ထို့နောက် နှစ်ယောက်သား အလွန်ကျဉ်းသော ကျောက်ဆောင်လေးအတိုင်း ရှေ့သို့ဆက်၍လျှောက်ခဲ့ကြသည်။

အတန်ငယ်လျှောက်မိကြသောအခါ ဝမ်းသာစရာမြင်ကွင်းကို နှစ်ဦးသားတွေ့လိုက်ကြရ၏။ စိမ်းညို့နေသော သစ်တောအုပ်တစ်ခုကို တွေ့လိုက်ကြရခြင်းဖြစ်သည်။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဝမ်းသာစွာကြည့်လိုက်ကြ၏။ သူတို့သည် ဝက်ပါတောင်ကြားမှ လွတ်မြောက်ခဲ့ပြီမဟုတ်ပါလား။

၀၀၀

## လွတ်မြောက်ပြီ

နံနက်မိုးသောက်ရောက်ခဲ့ပြီ။

ထန်စုကျင်းနှင့်မိုးနဂါးထုံဝေတို့မှာ ရှေ့သို့ခရီးဆက်ခဲ့ကြ၏။

မကြာမီ မြေပြန့်လွင်ပြင်သို့ ရောက်လာ၏။ ပတ်ဝန်းကျင်မြင်ကွင်းကိုကြည့်၍ ထန်စုကျင်းမှာ မျက်လုံးပြူးသွားသည်။

သူတို့သည် မိုးခေါင်ဓားစုလိန်ဟုနေထိုင်ခဲ့သည့်တဲအိမ်ဆီသို့ ရောက်လာခဲ့ခြင်းကြောင့်ဖြစ်သည်။ ဤနေရာ ဤရှုခင်းကို မြင်လိုက်ရသည်နှင့် တစ်ချိန်က အသည်းနှင့်အောင်ချစ်ခဲ့ရသူကျန်းရှင်းယွင်၏ အရိပ်က သူ့နှလုံးသားပေါ် ထိုးလာပြန်တော့သည်။

ထန်စုကျင်းသည် တဲအိမ်နှင့်စိုက်ခင်းပြင်ကို အတန်ကြာမျှ ငေးကြောင်ကြည့်နေမိ၏။ ထိုစဉ် လူရိပ်တစ်ရိပ်သည် တောင်ကြား လမ်းအတွင်းမှ ရုတ်တရက်ထွက်ပေါ်လာ၏။

ဝတ်ရုံရှည်နှင့်လူကြီးတစ်ဦးဖြစ်သည်။

လုံးဝမျှော်လင့်မထားသည့် အရိပ်မဲ့ပင်ဖြစ်နေပေသည်။

အရိပ်မဲ့အား ပြန် လည်တွေ့လိုက်ရသဖြင့် ထန်စုကျင်းမှာ အကြီးအကျယ်ဝမ်းသာသွားလေသည်။ သူတို့သည် မရဏာကြေးပြာ နောက်သို့လိုက်ရင်း ထန်စုကျင်းမှာ ဝက်ပါတောင်ကြားသို့ မျက်



လည်လမ်းမှားကာ ဝင်ရောက်သွားမိခြင်းဖြစ်သည်။

အန္တရာယ်မျိုးစုံနှင့်ကြုံတွေ့ခဲ့ရသော်လည်း မသေပျောက် ဘဲ ပြန်လည်ထွက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ဤကဲ့သို့မမျှော်လင့်ဘဲဝက်ပါတောင်ကြားသို့ ရောက်ရှိသွားခြင်းကပင် ထန်စုကျင်းအတွက် ကံကောင်းသွားသည်ဟုဆိုရပေမည်။ ကျောက်စိမ်းဓားရှိနေသည့်နေရာနှင့် လူသတ်သမားတစ်ဦးအမည်ကို ပါ သိခဲ့ရခြင်းကြောင့်ဖြစ်သည်။

မိုးနဂါးထုံဝေမှာ အရိပ်မဲ့အား မမျှော်လင့်ဘဲ ရုတ်တရက် တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားပြီး ....

"ဆရာကြီး .... ကြည့်ပါဦး၊ ဟိုမှာလူတစ်ယောက်"

ထန်စုကျင်းက အသာအယာပြုံးကာ ....

"ကိစ္စမရှိပါဘူး၊ သူက ကျုပ်မိတ်ဆွေအရိပ်မဲ့ပါ၊ ခင်ဗျား ဒီမှာ ခဏစောင့်နေ၊ ကျုပ်သူနဲ့သွားတွေ့လိုက်ဦးမယ်"

မိုးနဂါးထုံဝေ ခေါင်းညိတ်လိုက်သည်။ နှုတ်မှလည်း အရိပ်မဲ့၏အမည်ကို တတွတ်တွတ်ရွတ်နေမိတော့သည်။ ဤအမည်မျိုးကို သူ တစ်ကြိမ်တစ်ခါမျှမကြားဘူးသကဲ့သို့ ရှိနေသောကြောင့်ဖြစ်သည်။

ooo

ထန်စုကျင်းမှာ တောင်ကြားထဲသို့ပြေးဝင်လာပြီး မကြာမီမှာပင် အရိပ်မဲ့ရှေ့သို့ရောက်လာ၏။ ထန်စုကျင်းက အသံနိမ့်ပြီး ....

"ဆရာကြီးလဲ ဒီတောင်ကြားကမထွက်သေးဘဲကိုး"

အရိပ်မဲ့လည်း ထန်စုကျင်းကိုတွေ့လိုက်ရသဖြင့် အံ့အားသင့်သွားပြီး ....

"ဩော် .... မင်းကိုး"

"ဟုတ်ပါတယ် ... ဆရာကြီး လိုက်ရှာတဲ့အခြေအနေကရော ဘယ်လိုလဲ"

အရိပ်မဲ့က စိတ်ပျက်သောအမူအရာဖြင့် ....

"မရဏတမန်ရဲ့အရိပ်အယောင်ကို လုံးဝမတွေ့ရပါဘူး၊ မင်းကော"

"ကျွန်တော်လဲ မတွေ့ဘူးဆရာကြီး"

အရိပ်မဲ့က ခပ်လှမ်းလှမ်းတွင်ရပ်နေသောမိုးနဂါးထုံဝေကို လှမ်းကြည့်လိုက်ပြီး ....

"ဟိုက အကျီဘိုသီဘတ်သီနဲ့လူကြီးကဘယ်သူလဲ"

"နဂါးပျံဂိုဏ်းချုပ်ထုံဝေပါ"

"ဟင် .... သူနဲ့မင်းက ဘယ်နေရာမှာ ဘယ်လိုတွေ့ခဲ့ကြတာလဲ ပြောပြစမ်းပါဦး"

ထန်စုကျင်းက နောက်သို့အသာလှည့်ကြည့်လိုက်၏။

မိုးနဂါးထုံဝေမှာ တောင်ကြားဝတွင် မလှုပ်မယှက်ရပ်နေသည်။ သည်တော့မှ ထန်စုကျင်းကအသံခပ်တိုးတိုးဖြင့် သူတွေ့ကြုံခဲ့သည့်အကြောင်းစုံကိုပြောပြလိုက်သည်။

ထန်စုကျင်း၏စကားအဆုံးတွင် အရိပ်မဲ့က အံ့အားတကြီး ပြောလိုက်သည်။



"ဒါမဖြစ်နိုင်တဲ့ကိစ္စပဲ၊ နဂါးပျံဂိုဏ်းဟာ အင်အားအတော်တောင့်တင်းတဲ့ဂိုဏ်းပဲ၊ ဂိုဏ်းချုပ်ကြီးတစ်ယောက်လုံးအနှစ်နှစ်ဆယ်လုံးလုံးပျောက်ဆုံးနေတာတောင် ဘာသတင်းမှမရဘူးဆိုတာတော့ မဖြစ်နိုင်ဘူး၊ ဧကန္တ ... ဒီကိစ္စမှာ လျှို့ဝှက်ချက်တစ်ခုခုတော့ရှိရမယ်၊ အဲဒီလူကြီးဟာ မိုးနဂါးထုံဝေအစစ်ကောဟုတ်ရဲ့လား"

ထန်စုကျင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်အစစ်ပါပဲ"

"ဒါဆို ဒီအဖြစ်ကအတော်ဆန်းနေပြီ၊ အခု နဂါးပျံဂိုဏ်းမှာ ဂိုဏ်းချုပ်အဖြစ် ဘယ်သူကထမ်းဆောင်နေတာလဲ"

ထန်စုကျင်းလည်း နားမလည်နိုင်သောအမူအရာဖြင့် ....

"သူကိုယ်တိုင်လဲမသိဘူး"

အရိပ်မဲ့က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ....

"ဆန်းတယ် .... ဒီအဖြစ်က သိပ်ဆန်းနေတယ်၊ ဒီကိစ္စဟာ တကယ့်ကို မယုံကြည်နိုင်စရာကောင်းတဲ့ကိစ္စပဲ၊ ဘာကြောင့်လဲဆိုတော့ မကြာသေးခင်ကပဲ နဂါးပျံဂိုဏ်းဟာ တခြားဂိုဏ်းကညီနောင်တွေနဲ့စည်းဝေးပွဲလုပ်ကြသေးတယ်၊ နေသူရိန်ဂိုဏ်းကိုဘယ်လိုတုံ့ပြန်ရမယ်ဆိုတဲ့အကြောင်းပဲ၊ ဒါကြောင့် .... ကျုပ် အတော့်ကိုစဉ်းစားရခက်သွားပြီ"

ထန်စုကျင်းကိုယ်တိုင်ကလည်း အံ့ဩနေမိသည်။

"ဆရာကြီး အရင်တုန်းက မိုးနဂါးထုံဝေရဲ့မျက်နှာကိုမြင်ဖူးပါသလား"

အရိပ်မဲ့က အနည်းငယ်စဉ်းစားလိုက်ပြီး ....

"အင်း .... မြင်တော့မြင်ဖူးတယ်"

ထန်စုကျင်းက ချက်ချင်းအကြံရသွားသည်။

"ဒါဆို ... သူ့ကိုဒီခေါ်လိုက်မယ်၊ ဆရာကြီးကြည့်လိုက်ရင် အဖြေပေါ်လာနိုင်တာပေါ့ မဟုတ်ဘူးလား"

အရိပ်မဲ့က တစ်ချက်တွေးလိုက်ပြီး ....

"အင်း .... လူတစ်ယောက်ဟာနှစ်ပေါင်းနှစ်ဆယ်လောက် အနှိပ်စက်ခံခဲ့ရရင် အများကြီးပြောင်းလဲသွားနိုင်တယ်၊ ငါက သူ့ကို ကောင်းကောင်းမြင်ဖူးခဲ့တာလဲမဟုတ်တော့ .... "

ထန်စုကျင်းက စကားကိုကြားဖြတ်၍ပြောလိုက်သည်။

"ခေါ်လာပြီးကြည့်ရင်တော့ သိနိုင်ကောင်းပါတယ်"

"ကောင်းပြီလေ၊ သူ့ကိုခေါ်လိုက်ပါ"

ထန်စုကျင်းက မိုးနဂါးထုံဝေအား ချက်ချင်းလက်ယပ်ခေါ်လိုက်၏။ မိုးနဂါးထုံဝေက ချက်ချင်းတောင်ကြားထဲပြေးဝင်လာ၏။ အနီးသို့ရောက်သောအခါ အရိပ်မဲ့အား လှမ်း၍အကဲခတ်လိုက်သည်။ အရိပ်မဲ့ကလည်း မိုးနဂါးထုံဝေအားသေချာအကဲခတ်၏။

"အင်း .... ဟုတ်တယ်၊ သူဟာ မိုးနဂါးထုံဝေအစစ်ပဲ"

မိုးနဂါးထုံဝေက မျက်မှောင်ကုပ်ကာ ....

"ခင်ဗျားကကော .... ဘယ်သူလဲ"

"ကျုပ်က အရိပ်မဲ့ပါ"

တစ်ဆက်တည်းမှာပင် ....

"ဂိုဏ်းချုပ်ကြီးရဲ့အဖြစ်အပျက်အားလုံးကို ဒီကဆရာကြီး ပြောပြလို့သိပြီးပါပြီ၊ ကြားရသမျှကတော့ တကယ့်ကိုမယုံကြည်နိုင်စရာပါပဲ"

မိုးနဂါးထုံဝေက မျက်မှောင်ကုပ်ကာ ....

"ဘယ်လိုကြောင့်ပါလဲ"

အရိပ်မဲ့က ....



"ကျုပ်မယုံကြည်နိုင်တဲ့အချက်က ဂိုဏ်းချုပ်ကြီးပျောက်နေတယ်ဆိုတဲ့သတင်းကို မကြားမိတဲ့အချက်ပါပဲ"

အရိပ်မဲ့က စကားကိုခေတ္တရပ်ပြီးမှဆက်ပြောသည်။

"နောက်တစ်ချက်က ဂိုဏ်းချုပ်တာဝန်ကို ဆက်လက်ထမ်းဆောင်ဖို့ပဲ၊ အနှစ်နှစ်ဆယ်ဆိုတဲ့အချိန်ဟာ နည်းတဲ့အချိန်မဟုတ်ဘူး၊ အပြင်လူတွေကိုလိမ်ညာထားနိုင်ပေမယ့် ကိုယ့်ဂိုဏ်းသားတွေကို လိမ်ညာထားနိုင်ဖို့ဆိုတာလွယ်တဲ့ကိစ္စမဟုတ်ဘူး၊ နောက်ပြီး ဒီသတင်းကိုလျှို့ဝှက်ထားဖို့ဆိုတာလဲလွယ်တာမဟုတ်ဘူး၊ ကိုယ့်ဂိုဏ်းသားတွေရဲ့ပါးစပ်ကိုပိတ်ထားနိုင်ဖို့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး"

မိုးနဂါးထုံဝေသည် ခေတ္တမျှငိုင်တွေကာစဉ်းစားနေ၏။

အတန်ကြာမှ ....

"အင်း .... ဒီပြဿနာအရှုပ်အထွေးဟာ ကျုပ်ကိုယ်တိုင်နဂါးပျံဂိုဏ်းဌာနချုပ်ကိုပြန်ရောက်မှပဲ ဖြေရှင်းနိုင်မှာ၊ ဒီအတိုင်းကတော့ ဘယ်လိုမှရှင်းလို့ရမှာမဟုတ်ဘူး "

အရိပ်မဲ့က ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး ....

"ကျုပ်စိတ်ထင်အရဆိုရင်တော့ ဂိုဏ်းချုပ်ကြီးအနေနဲ့ ခုလောလောဆယ် ဂိုဏ်းထဲသွားပြီးမျက်နှာမပြတာ အကောင်းဆုံးဖြစ်လိမ့်မယ်လို့ထင်ပါတယ်"

မိုးနဂါးထုံဝေက နားမလည်နိုင်ဟန်ဖြင့် ....

"ဘာကြောင့်များပါလိမ့်"

"ဘာ့ကြောင့်လဲဆိုတော့ ဒီကိစ္စမှာ အထူးလျှို့ဝှက်မှုတွေရှိနေတယ်ထင်လို့ပါ၊ နဂါးပျံဂိုဏ်းရဲ့လက်ရှိအခြေအနေဟာ ဘယ်လိုရှိနေမယ်ဆိုတာမသိသေးဘူး၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးအနေနဲ့ လတ်တလော မသွားစေချင်တာပါ"

မိုးနဂါးထုံဝေ၏မျက်နှာမှာ ရှုတ်ခြည်းညှိုးကျသွားပြီး ....

"ကျုပ်ဇနီးနဲ့သားသမီးတွေကိုရော သွားတွေ့လို့မဖြစ်နိုင်ဘူးလား"

"အနှစ်နှစ်ဆယ်တောင် အောင့်အည်းနေခဲ့ပြီးမှ ဘာဖြစ်လို့လောနေရတာလဲ"

မိုးနဂါးထုံဝေက ထန်စုကျင်းဘက်လှည့်လိုက်ပြီး ....

"ဒီက ဆရာကြီးရဲ့အမြင်ကကော ဘယ်လိုရှိပါသလဲ"

ဟုထင်မြင်ချက်တောင်းခံလိုက်သည်။ ထန်စုကျင်းက အေးဆေးတည်ငြိမ်သောအသံဖြင့် ....

"ဘာ့ကြောင့် ဒီလိုဖြစ်နေရတာလဲဆိုတာကို အရင်ဦးဆုံးစုံစမ်းသင့်တယ်လို့ထင်တယ်"

မိုးနဂါးထုံဝေက ချက်ချင်းပြန်မေးလိုက်သည်။

"ဘယ်လိုစုံစမ်းမလဲ"

ဤတွင် အရိပ်မဲ့က လေးလံနှေးကွေးသောအသံဖြင့်ဝင်ပြောလာသည်။

"ဒီရှေ့ကတောင်ကြားထဲမှာ တဲအိမ်တစ်လုံးရှိတယ်၊ အခုလူမနေတော့ဘူး၊ ဂိုဏ်းချုပ်ကြီး အဲဒီတဲအိမ်လေးမှာ ခေတ္တရှောင်နေလိုက်ပါ၊ တခြားအဝတ်တွေတွေ့ရင်လည်း ဒီအဝတ်တွေနဲ့ လဲဝတ်ထားလိုက်ပါ ... ကျုပ်နဲ့ ဒီကဆရာကြီးတို့က ဂိုဏ်းချုပ်ကြီးရဲ့ဂိုဏ်းအခြေအနေကိုစုံစမ်းမယ်၊ ဒီလိုလုပ်ရင် မကောင်းဘူးလား"

မိုးနဂါးထုံဝေက မျက်ခုံးကိုတစ်ချက်ပင့်လိုက်ပြီး ....

"ဒီတောင်ကြားထဲမှာ ကျုပ်ရဲ့ဂိုဏ်းကိုစုံစမ်းဖို့ ကျုပ်ဂိုဏ်းသားတွေကိုရှာတွေ့နိုင်ပါ့မလား"

ဤတွင်အရိပ်မဲ့က ....



"ဂိုဏ်းချုပ်ကြီးတို့ဂိုဏ်းနဲ့ နေသူရိန်ဂိုဏ်းတို့ဟာ လက်ရှိအခြေအနေမှာ မီးနဲ့ရေလိုဖြစ်နေတယ်၊ ဒါကြောင့် ဒီဂိုဏ်းနှစ်ဂိုဏ်းစလုံးဟာ ဒီနေရာအနီးတစ်ဝိုက်မှာကျက်စားနေကြတယ်"

မိုးနဂါးထုံဝေက နားမလည်နိုင်စွာဖြင့်မေးလာပြန်၏။

"နေသူရိန်ဂိုဏ်းဆိုတာက အသစ်ထူထောင်တဲ့ဂိုဏ်းလား"

"ဟုတ်တယ် နေသူရိန်ဂိုဏ်းဟာ သိုင်းလောကတစ်ခုလုံး ကိုလက်ဝါးကြီးအုပ်ဖို့ ရည်ရွယ်ချက်နဲ့ ထူထောင်လိုက်တဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်းပဲ၊ ဒါကြောင့် သူနဲ့ပခုံးချင်းယှဉ်နေတဲ့နဂါးပျံဂိုဏ်းဟာ သူတို့ရဲ့အဓိကရန်သူကြီးဖြစ်နေတာပေါ့၊ ကဲ .... ဒါတွေအသာထားလိုက်ပါ၊ စောစောက ကျုပ်ပြောတဲ့အကြံကို ဂိုဏ်းချုပ်ကြီးအနေနဲ့ ဘယ်လိုသဘောရသလဲ"

"ကောင်းပြီလေ .... ရောင်းရင်းကြီးရဲ့အကြံအတိုင်း ကျုပ်လိုက်နာဆောင်ရွက်ပါ့မယ်"

အရိပ်မဲ့က တဲအိမ်လေးဆီသို့လှမ်းမျှော်ကြည့်လိုက်ပြီး ....

"ဒါဆို ဒီတဲအိမ်လေးဆီကိုသွားနှင့်ပေတော့"

အရိပ်မဲ့၏စကားဆုံးသည်နှင့် မိုးနဂါးထုံဝေသည် တဲတိမ်လေးဆီသို့ ခပ်သွက်သွက်လျှောက်လှမ်းသွားတော့သည်။

မိုးနဂါးထုံဝေထွက်သွားသည့်အခါ ထန်စုကျင်းက အရိပ်မဲ့အားမေးလာသည်။

"အဲဒီတဲအိမ်လေးမှာ တကယ်ပဲ လူမရှိတော့ဘူးလား"

"ဟုတ်တယ်၊ လူမရှိတော့ဘူး၊ မိုးခေါင်ခား စုလိန်ဟုအလောင်းကိုမြှုပ်နှံပြီးသလို ကာ္နန်ရှင်းယွင်ကလဲထွက်သွားပြီ"

ထန်စုကျင်း၏မျက်နှ ာွင် အံ့သြရိပ်သန်းသွားသည်။

"ဟင် .... ဟုတ်လား

"ဟုတ်တယ်၊ ကိုင်း .... တို့လဲအလုပ်စကြစို့"

ထန်စုကျင်းက မေးလိုက်သည်။

"နဂါးပျံဂိုဏ်းသားတစ်ယောက်ယောက်ကို ရှာလို့တွေ့နိုင်ပါ့မလား"

အရိပ်မဲ့က လေသံခပ်အေးအေးဖြင့် ....

"တွေ့မယ်လို့ထင်တာပဲ"

သို့ဖြင့် နှစ်ယောက်သား တောင်ကြားထဲမှ ထွက်လာခဲ့ကြလေတော့၏။

ooo

အတန်ငယ်လျှောက်မိသောအခါ ထန်စုကျင်းသည် တစ်စုံတစ်ခုကိုစဉ်းစားမိဟန်ဖြင့် အရိပ်မဲ့အား လှမ်းပြောလိုက်သည်။

"နတ်ဆိုးကြီးထုံရိကွမ်းပြောခဲ့ဖူးတဲ့စကားကို ကျွန်တော် ခုမှသတိရတယ်၊ နဂါးပျံဂိုဏ်းကအဆင့်မြင့်သိုင်းသမားတွေဟာ ဂိုဏ်းချုပ်ရဲ့အမိန့်နဲ့ မိုးခေါင်ဓားစုလိန်ဟုနောက်ကိုလိုက်ရင်း ဒီတောင်ကြားထဲကိုရောက်နေတယ်တဲ့၊ နဂါးပျံဂိုဏ်းက ဘာ့ကြောင့် မိုးခေါင်ဓားစုလိန်ဟုကိုရှာရတာလဲ၊ ဒီအချက်ကို စဉ်းစားကြရအောင်"

ဤတွင် အရိပ်မဲ့ကအေးဆေးစွာရှင်းပြလိုက်၏။

"ဒီကိစ္စကို ငါမနေ့ကပဲ စုံစမ်းသိခဲ့ရတယ်၊ တကယ်တော့ နဂါးပျံဂိုဏ်းသားတွေ ဒီတောင်ကြားထဲရောက်လာအောင် တမင်အကွက်ဆင်လိုက်တာပဲ၊ ဒီလိုအကွက်ဆင်တာဟာလဲ နေသူရိန်ဂိုဏ်းနဲ့ မိုးခေါင်ဓားစုလိန်ဟုတို့ကိုထိပ်တိုက်တွေ့အောင် ရန်တိုက်ပေးတဲ့သဘောပေါ့"

ထန်စုကျင်းက နားမလည်နိုင်သောလေသံဖြင့် ....



"နဂါးပျံဂိုဏ်းက ဘာဖြစ်လို့ ရန်တိုက်ပေးရတာလဲ"

အရိပ်မဲ့က အနည်းငယ်စဉ်းစားနေပြီးမှ ....

"ခုလိုရန်တိုက်ပေးတာကတော့ ရန်ဦးလွှဲတဲ့သဘောပေါ့၊ မိုးခေါင်ဓားစုလိန်ဟုဟာ လက်မရှိ့ဂူရဲရဲ့သိုင်းသင်ဘက်ညီနောင်မဟုတ်လား၊ ဒီတော့ သိုင်းလောကရဲ့ကြောက်စရာအကောင်းဆုံး လူနှစ်ဦးနဲ့ နေသူရိန်ဂိုဏ်းကိုထိပ်တိုက်တွေ့ပေးပြီး ဖြိုခိုင်းတဲ့သဘောပဲ၊ ဒါပေမယ့် ဒီအချက်ကို အမြော်အမြင်ကြီးတဲ့ နေသူရိန်ဂိုဏ်းကကြိုမြင်တယ်၊ ဒါကြောင့် မရဏာတမန်နဲ့ဝမ်ပြောင်ရှန်းကိုလွှတ်ပြီး နဂါးပျံဂိုဏ်းသားတွေရဲ့အကြံကို ဖျက်ဆီးပစ်လိုက်တာပေါ့"

ထန်စုကျင်းက သက်ပြင်းတစ်ချက်ချမှုတ်ထုတ်လိုက်သည်။

"သြော် .... ဒီလိုကိုး"

ooo

## ဂိုဏ်းချုပ်နစ်ယောက်

ထန်စုကျင်းနှင့်အရိပ်မဲ့တို့နှစ်ဦး စကားတပြောပြောနှင့် လျှောက်လာခဲ့ကြစဉ် တောအုပ်တစ်နေရာသို့အရောက်တွင် အမဲလိုက်ဝတ်စုံဝတ်ထားသောလူသန်ကြီးတစ်ဦး လျှောက်လာနေသည်ကိုတွေ့လိုက်ရသည်။

ထိုလူသန်ကြီးကိုတွေ့သည့်အခါ ....

အရိပ်မဲ့ကတစ်ချက်ပြုံးလိုက်ပြီး ....

"တွေ့ပြီ၊ ဒီလူသန်ကြီးဟာ နဂါးပျံဂိုဏ်းရဲ့အထောက်တော်တစ်ဦးပဲ၊ သူ့ကိုကျုပ်တွေ့လို့မဖြစ်ဘူး၊ မောင်ရင်ပဲ ကြည့်ရှင်းလိုက်"

ပြောပြီးသည်နှင့် အရိပ်မဲ့သည် ချုံကွယ်တစ်ခုသို့ပြေးဝင်ပုန်းလိုက်သည်။ ထန်စုကျင်းက ချက်ချင်းဆိုသလို ထိုလူသန်ကြီးဆီသို့ပြေးဝင်သွားပြီး အော်ဟစ်အမိန့်ပေးလိုက်သည်။

"ဟေ့ .... ရပ်လိုက်"

အမဲလိုက်ဝတ်စုံနှင့်လူကြီးမှာ ရုတ်တရက် ထိတ်လန့်သွားဟန်ရှိ၏။

ကြောင်အမ်းအမ်းဖြင့် ထန်စုကျင်းအားပြန်ကြည့်ကာ ....

"ကျုပ်ကိုပြောတာလား"



ထန်စုကျင်းကအသံမာမာဖြင့်....

"မင်းအပြင် .... ဘယ်သူရှိသေးလို့လဲ"

အမဲလိုက်ဝတ်စုံနှင့်လူသန်ကြီးက ထန်စုကျင်းအား အကဲခတ်လိုက်ပြီး ....

"ဘာကိစ္စရှိလို့လဲ"

"မင်းကိုမေးစရာရှိလို့"

"ဘာများ မေးမလို့လဲ"

ထန်စုကျင်းက ခပ်တည်တည်ဖြင့် ....

"အခု မင်းတို့ရဲ့ဂိုဏ်းချုပ်ကြီး ဘယ်မှာရှိနေသလဲ"

လူသန်ကြီးမှာ ထန်စုကျင်း၏အမေးကြောင့် မျက်နှာပျက်သွားပြီး ချက်ချင်းနောက်သို့ခြေတစ်လှမ်းဆုတ်လိုက်သည်။

ပြီးမှ မျက်နှာကိုပြန်တည်လိုက်ပြီး ....

"ဘာဂိုဏ်းချုပ်လဲ ကျုပ်မသိဘူး၊ ကျုပ်က အမဲလိုက်မုဆိုးတစ်ယောက်ပဲ"

ထန်စုကျင်းက လက်တစ်ဖက်ကိုမြှောက်လိုက်ပြီး ....

"ငါ့ကိုဒါမျိုးလာစမ်းလို့မရဘူး၊ မင်းဟာ နဂါးပျံဂိုဏ်းကအထောက်တော်တစ်ယောက်ဆိုတာငါသိတယ်"

ဤတစ်ကြိမ်တွင် လူသန်ကြီး၏မျက်နှာမှာ အကြီးအကျယ်ပျက်သွားတော့၏။ သို့သော် ဣန္ဒြေဆည်ကာ ....

"ဆရာကြီးပြောတဲ့စကားတွေကို ကျွန်တော်တစ်ခုမှနားမလည်ဘူး"

ထန်စုကျင်းက ဟက်ခနဲတစ်ချက်ရယ်လိုက်ပြီး ....

"မင်းအသက် မင်းနှမြောတယ်ဆိုရင် ငါမေးတာကိုကောင်းကောင်းပြန်ဖြေပါ"

ထန်စုကျင်း ထိုသို့ပြောနေစဉ် ....

အမဲလိုက်မုဆိုးလူသန်ကြီးသည် နောက်သို့လှည့်ကာ တစ်ချိုးတည်းပြေးလေတော့၏။

ooo

အမဲလိုက်ဝတ်စုံနှင့်လူသန်ကြီး သိပ်ဝေးဝေးသို့မရောက်ပါ။ သုံးလေးလှမ်းမျှသာပြေးရသေးသည်။ လူရိပ်တစ်ရိပ် သူ့ရှေ့သို့ ရုတ်တရက်ကျရောက်လာသဖြင့် တုံ့ခနဲရပ်တန့်သွား၏။

ထိုအရိပ်ပိုင်ရှင်ကား အခြားမဟုတ်။

ထန်စုကျင်းပင်ဖြစ်ပေသည်။

ထန်စုကျင်းသည် လူသန်ကြီးရှေ့မှကာဆီးပိတ်ဆို့ကာ အေးစက်သောအမူအရာဖြင့် ....

"တကယ်လို့ မင်းမှာအတောင်ပံပါလာခဲ့ရင်တောင် လွတ်အောင်ပြေးနိုင်မှာမဟုတ်ပါဘူး၊ သံမဏိလက်ညှိုးထန်စုကျင်းဆိုတဲ့လူကို မင်းကြားဖူးလား၊ သူတောင် ငါ့ကိုတွေ့ရင် အရိုအသေပေးရတယ်ကွ၊ မင်းကဘာကောင်မို့လဲ"

လူသန်ကြီးက ထစ်ထစ်အငေါ့ငေါ့ဖြင့် ....

"ဆ .... ဆရာကြီးက သိုင်းဆရာကြီးတစ်ဦးလား၊ ဆရာကြီးနာမည် ဘယ်လိုခေါ်ပါသလဲ"

"ဝိညာဉ်နှုတ်အဘိုးကြီးလို့ခေါ်တယ်"

လူသန်ကြီးမှာမျက်လုံးပြူးသွားပြီး ....

"ဗျာ .... ဝိညာဉ်နှုတ်အဘိုးကြီးဟုတ်လား"

"ဟုတ်တယ်၊ ငါက လူတွေရဲ့ဝိညာဉ်တွေကိုနှုတ်ယူနေတဲ့ဝိညာဉ်နှုတ်အဘိုးကြီးပဲ၊ ကဲ ... ပြောစမ်း၊ အခု မိုးနဂါးထုံဝေ ဘယ်



မှာရှိနေသလဲ"

လူသန်ကြီးကတုန်ယင်သောအသံဖြင့် ....

"ဆရာကြီးက ဘာဖြစ်လို့ ဂိုဏ်းချုပ်ကြီးကိုမေးရတာပါလဲ"

ထန်စုကျင်းကစကားကိုဖြတ်၍ ....

"ငါကသူ့ရဲ့ ရာတစ်ဦးပဲ၊ သူ့ကို မတွေ့တာကြာလို့ မေးကြည့်တာ၊ ပြီးတော့ သူနဲ့နေသူရိန်ဂိုဏ်း ခိုက်ရန်ဖြစ်ကြတယ်လို့လဲ သတင်းကြားတယ်၊ ဒါကြောင့် သူဘယ်မှာလဲလို့မေးနေတာ"

လူသန်ကြီးသည် ပျာပျာသလဲဖြစ်သွားကာ ....

"ကျွန်တော့်နာမည်က ဝူထင်းလင်ပါ၊ ဆရာကြီးမှန်း မသိလို့ ရိုင်းပျမိတာခွင့်လွှတ်ပါ"

ထန်စုကျင်းက အရေးမကြီးဟန်ဖြင့် ....

"ကိစ္စမရှိပါဘူး၊ ခွင့်လွှတ်တယ်၊ မေးတာကိုသာဖြေပါ"

လူသန်ကြီးက ဖြည်းလေးစွာဖြင့်ဖြေ၏။

"ဂိုဏ်းချုပ်ကြီးဟာ ဆန်းယန်းမြို့ဌာနချုပ်မှာရှိနေပါတယ်"

"တကယ်ဟုတ်ရဲ့လား"

လူသန်ကြီးက စိုးရွံ့သောအမူအရာဖြင့် ....

"ကျွန်တော် ဆရာကြီးကိုမလိမ်ရဲပါဘူး"

"ဒါနဲ့ ဂိုဏ်းချုပ်ကြီးမျက်နှာကို မင်း သေချာမြင်ဖူးသလား"

ဤစကားသည် ဝူထင်းလင်အား ကြောင်သွားစေသည်။

ဝူထင်းလင်က ရိုသေကျိုးနွံစွာပြန်ဖြေသည်။

"ဟုတ်ကဲ့ တလောက ဂိုဏ်းချုပ်ကြီးဟာ ဂိုဏ်းခွဲမှူးတွေကို ဆင့်ခေါ်ပြီးဆွေးနွေးခဲ့ပါတယ်၊ အဲဒီထဲမှာ ကျွန်တော်ပါတဲ့အတွက် ဂိုဏ်းချုပ်ကြီးကိုတွေ့ဖူးခဲ့ပါတယ်"

ထန်စုကျင်းကြောင်၍သွားသည်။ ဂိုဏ်းချုပ်သည် ဂိုဏ်းနှင့်

အနှစ်နှစ်ဆယ်လုံးလုံးကင်းကွာနေခဲ့သည်။

သို့သော် .... လူသန်ကြီးက မကြာသေးမီကတွေ့ခဲ့သည်ဟု ဆိုသည်။

သူ၏စကားမှာ လိမ်ညာသည့်စကားမဖြစ်နိုင်ပေ။

သို့ဆိုလျှင် နဂါးပုံဂိုဏ်းတွင် မိုးနဂါး ဝေနှစ်ဦးရှိနေ၍ပင် လော။ အကယ်၍ ရှိသည်ဆိုလျှင် ....

မိုးနဂါးထုံဝေတွင်ဇနီးသားသမီးများရှိရာ အတုသည် မည် သို့ပေါ်လာနိုင်မည်နည်း။

ထန်စုကျင်း မျက်မှောင်ကုပ်သွားသည်။ မိမိကယ်တင်ခဲ့ သောသူသည်ပင်လျှင် ထုံဝေအစစ်မဟုတ်ပါ၏လောဟု သံသယဝင် လာမိသည်။ အခြေအနေအရပ်ရပ်ကား .... နားလည်ရခက်အောင် လွန်စွာရှုပ်ထွေးနေပေတော့သည်။

ထန်စုကျင်းက စဉ်းစားရခက်သောမျက်နှာဖြင့် ဝူထင်းလင် အားကြည့်ကာ မေးလိုက်သည်။

"မင်းတို့ဂိုဏ်းချုပ်ကြီး ဒီနှစ်ပေါင်းနှစ်ဆယ်အတွင်း ဘယ် ကိုမှထွက်မသွားခဲ့ဘူးလား"

ဝူထင်းလင်က ဟန်ဆောင်မှုကင်းသောမျက်နှာဖြင့် ....

"ကျွန်တော်သိရသလောက် ဘယ်ကိုမှ မထွက်ခဲ့ပါဘူး"

ထန်စုကျင်း၏စိတ်ထဲတွင် စဉ်းစားရပို၍ကျပ်သွားတော့၏။

ဤအတိုင်းသာဆိုလျှင် တကယ်ပင် မိုးနဂါးထုံဝေနှစ်ဦး ...သည်။ ဤနှစ်ယောက်ထဲတွင် တစ်ယောက်ယောက်သည် ရှိနေပြီဖြစ... ...သည့်သူသည် အစစ်ဖြစ်၍ မည်သူသည် အတု အတုဖြစ်ရမည်။

သို့ဆိုလျှင် .... ... ဖြစ်လေသနည်း။



"ဘယ်ကိုမှ မထွက်ခွါခဲ့ဘူးဆိုတာအမှန်ပဲလား"

ပို၍သေချာအောင် ထန်စုကျင်းကမေးလိုက်သည်။

ဤတွင် .... ဝူထင်းလင်က ခေါင်းငုံ့ကာ တစ်ချက်စဉ်းစား လိုက်လေသည်။ ပြီး ....

"ဟုတ်ပြီ ကျွန်တော် ခုမှနည်းနည်းစဉ်းစားလို့ရလာတယ်၊ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ဂိုဏ်းချုပ်ကြီး ရောဂါဆန်းတစ်ခုရ လိုက်တယ်၊ အဲဒီတုန်းက ဂိုဏ်းချုပ်ကြီးဟာ ရုပ်ဖျက်ပြီး ဆေးဆရာ လိုက်ရှာတယ်၊ နှစ်နှစ်လောက်ကြာတဲ့အခါ ပြန်ရောက်လာတယ်၊ အဲဒီနောက်ပိုင်းမှာတော့ တစ်ခါမှထွက်တာမတွေ့ရတော့ဘူး"

ထန်စုကျင်းက ထပ်၍မေးသည်။

"ဘယ်နေရာကိုမှမထွက်တော့တာလား"

"အဲဒီလိုတော့မဟုတ်ပါဘူး၊ တစ်ခါတစ်လေလဲ အပြင်ကို ထွက်ပါသေးတယ်၊ ဒါပေမယ့် သိပ်မကြာဘူး"

ထန်စုကျင်းက ထပ်၍မေးလိုက်ပြန်သည်။

"မင်းတို့ဂိုဏ်းချုပ်ကြီးကို ကြည့်ရတာ အပြောင်းအလဲ တစ် ခုံတစ်ရာရှိတယ်လို့ထင်မိသလား"

ဝူထင်းလင်က နားမလည်နိုင်စွာဖြင့် ....

"ဒါတော့ ကျွန်တော်လဲ သတိမထားမိဘူး၊ ဆရာကြီးက ဒီအကြောင်းတွေကို ဘာကြောင့်မေးနေရတာလဲ"

"အကြောင်းရှိလို့မေးတာပေါ့"

ထန်စုကျင်းက ခပ်မာမာပြောလိုက်ပြီး ....

"အခု မင်းငါနဲ့လိုက်ခဲ့"

ထန်စုကျင်း၏စကားကြောင့် ဝူထင်းလင်မှာ အနည်းငယ် ...နှ်လှုပ်သွားပြီး ....

"ဘယ် .... ဘယ်လို .... ဆရာကြီးနောက်ကို ကျွန်တော် လိုက်ရမယ်ဟုတ်လား"

"အေး ဟုတ်တယ်၊ မင်းကိုခေါ်သွားပြီးပြစရာတစ်ခုရှိလို့"

ဝူထင်းလင်၏မျက်နှာတွင် ကြောက်ဒိတ်လန့်မှုတို့ ရုတ်ခြည်းထွက်ပေါ်လာ၏။ ထန်စုကျင်းက ဆက်၍ပြောသည်။

"ဒီကနေ သိပ်ဝေးဝေးမသွားရပါဘူး၊ မင်းကိုလဲ ဘာမှမလုပ်ပါဘူး၊ လိုက်သာလိုက်ခဲ့ပါ"

ဝူထင်းလင်က နောက်ကျောဘက်သို့လှမ်းကြည့်ပြီး ....

"ကျွန်တော့်လူတွေနဲ့ အဆက်အသွယ်လုပ်လို့ရမလား"

"ဒီလိုတော့မရဘူး၊ ဒီကိစ္စဟာ အင်မတန်လျှို့ဝှက်တဲ့ကိစ္စ ဖြစ်နေတယ်၊ နဂါးပျံဂိုဏ်းအတွက်လဲ သေရေးရှင်ရေးတမျှအရေးကြီး နေတယ်"

ဝူထင်းလင်မှာ မည်သို့မျှငြင်းဆန်မရတော့ဘဲ ထန်စုကျင်း နောက်သို့လိုက်ခဲ့ရလေတော့သည်။

ooo



မကြာမီ ထန်စုကျင်းနှင့်ဝူထင်းလင်တို့သည် မိုးနဂါးထုံဝေ ရှိသည့်တဲအိမ်လေးဆီသို့ရောက်လာကြသည်။ ထိုစဉ် ဝတ်စုံဝါနှင့် အဘိုးအိုတစ်ဦးက တဲအိမ်တံခါးဝ၌ထွက်ပေါ်လာ၏။

မိုးနဂါးထုံဝေပင်ဖြစ်သည်။

မိုးနဂါးထုံဝေသည် မိုးခေါင်ဓားစုလိန်ဟု၏ဝတ်စုံအား လဲလှယ်ဝတ်ဆင်ထားခြင်းဖြစ်သည်။

ဆံပင်များကိုလည်း သပ်သပ်ရပ်ရပ်သိမ်းတင်ထားရာ ယခုမှပင် တောက်တောက်ပြောင်ပြောင်ဖြစ်ကာ ဂိုဏ်းချုပ်ကြီးတစ်ဦး၏ ရုပ်သွင်ပေါ်လာတော့၏။

ဝူထင်းလင်သည် မိုးနဂါးထုံဝေအား တွေ့လိုက်ရသည်နှင့် ထိတ်လန့်တကြီးဖြစ်ကာ ကပျာကယာအရိုအသေပေးလိုက်လေ၏။

"ကျွန်တော်ဝူထင်းလင်က ဂိုဏ်းချုပ်ကြီးကိုဂါရဝပြုပါ တယ်"

ထန်စုကျင်းမှာ ကြောင်၍သွားတော့သည်။

ဤအဘိုးအိုမှာ မိုးနဂါးထုံဝေဖြစ်ကြောင်း သေချာနေပေ ပြီ။ သို့သော် နဂါးပျံဂိုဏ်းချုပ်ဌာနချုပ်တွင် ဂိုဏ်းချုပ်တစ်ဦးရှိနေပြန်၏။ ထိုဂိုဏ်းချုပ်သည် နှစ်ပေါင်းများစွာ ဂိုဏ်း၏တာဝန်ကိုထမ်းဆောင် ခဲ့၏။ ဤအဖြစ်သည် မည်သို့မျှ စဉ်းစား၍မရနိုင်သော အဖြစ်ဆန်း တစ်ခုဖြစ်ပေသည်။

မိုးနဂါးထုံဝေက လက်ကိုမြှောက်ကာ ....

"အရိုအသေပေးစရာမလိုဘူး၊ မတ်တတ်ရပ်လိုက်ပါ"

"ကျေးဇူးတင်ပါတယ်ဂိုဏ်းချုပ်ကြီး"

ဝူထင်းလင် ချက်ချင်းမတ်တတ်ရပ်လိုက်သည်။

မိုးနဂါးထုံဝေက ထန်စုကျင်းအားကြည့်လိုက်ပြီး စိတ်လှုပ်

ရှားသောလေသံဖြင့် ....

"သူဟာ တစ်ချိန်က ကျုပ်ရဲ့ကိုယ်ရံတော်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်"

ထန်စုကျင်းမှာ ဘယ်ကစ၍မေးရမည်မသိဖြစ်နေ၏။ မိုးနဂါးထုံဝေက လေးလံအေးဆေးသောအသံဖြင့်မေး၏။

"ဂူထင်းလင် ဂိုဏ်းအခြေအနေဘယ်လိုရှိသလဲ"

ဂူထင်းလင်မှာမိုးနဂါးထုံဝေ၏အမေးကို ချက်ချင်းပြန်မဖြေနိုင်ဘဲ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူ၏စိတ်ထဲမှလည်း ဂိုဏ်းချုပ်ကြီးက အဘယ့်ကြောင့် ဤမေးခွန်းမျိုးမေးရသနည်းဟု တွေးလိုက်မိသည်။ ထို့ပြင် ထူးဆန်းနေသည်က ဂိုဏ်းချုပ်ကြီးသည် သူ တစ်ခါမျှမမြင်ဘူးသည့်ဝတ်ရုံကိုဝတ်ဆင်ထားခြင်းဖြစ်၏။

ဂူထင်းလင်မှာ ခဏမျှတွေဝေနေပြီးမှ ....

"ကျွန်တော် မရှင်းတာတစ်ခုမေးပါရစေ၊ ဂိုဏ်းချုပ်ကြီး ဘယ်တုန်းက ဒီကိုရောက်လာတာလဲ"

မိုးနဂါးထုံဝေက သူ့အမေးကိုမဖြေဘဲ ....

"အခု ဂိုဏ်းကိစ္စအဝဝကိုဘယ်သူတာဝန်ယူထားသလဲ"

ထိုမေးခွန်းကြောင့် ဂူထင်းလင်မှာ နောက်သို့ ထိတ်လန့်တကြားဆုတ်လိုက်မိ၏။ သူ့ကိုယ်သူလည်း အိပ်မက်မက်နေသလားထင်မိသည်။ မည်သည့်အကြောင်းကြောင့် ဂိုဏ်းချုပ်ကြီးက ဤကဲ့သို့မေးရသည်ကို နားမလည်နိုင်ဖြစ်နေ၏။

ဤတွင် ထန်စုကျင်းကကြားဝင်၍ပြောရတော့၏။

"ဂိုဏ်းချုပ်ကိုယ်တိုင် တာဝန်ယူနေတာပဲပေါ့"

ထန်စုကျင်း၏စကားကြောင့် မိုးနဂါးထုံဝေက မျက်မှောင်ကုပ်ပြီး ထူးဆန်းအံ့သြဟန်ဖြင့် ထန်စုကျင်းအားကြည့်လိုက်သည်။



ထန်စုကျင်းက ဆက်၍ပြောသည်။

"ဆန်းယန်းမြို့ဌာနချုပ်မှာ မိုးနဂါးထုံဝေတစ်ယောက်ရှိနေသေးတယ်"

မိုးနဂါးထုံဝေသည် လှုပ်ခါသွားအောင်ပင်မျက်နှာပျက်သွားသည်။

"ဆရာကြီး ဘာပြောလိုက်တာပါလဲခင်ဗျာ"

ထန်စုကျင်းက အေးဆေးစွာပြောသည်။

"ဂူထင်းလင်ကပြောတယ်၊ ဌာနချုပ်မှာ ဂိုဏ်းချုပ် တစ်ယောက် အခုလက်ရှိ ရှိနေတယ်တဲ့"

"ဒါ .... ဒါမဖြစ်နိုင်ဘူး၊ ကျုပ်ကိုယ်တိုင် ဝက်ပါဘောင်ကြားမှာ အနှစ်နှစ်ဆယ်လုံးလုံးပိတ်မိနေခဲ့တာပဲ"

မိုးနဂါးထုံဝေက ပျာပျာသလဲပြောရာ ထန်စုကျင်းက မယုံကြည်နိုင်သောမျက်နှာဖြင့် ....

"ကျုပ် ဒီကိစ္စကို ကြားတောင်မကြားခဲ့မိဘူး"

ဂူထင်းလင်မှာ သူတို့နှစ်ဦးပြောနေသည့်စကားများကို ဘာမှနားမလည်နိုင်ဟန်ဖြင့် ကြောင်ကြည့်နေသည်။

သူကိုယ်တိုင်လည်း ဇဝေဇဝါဖြစ်လာရချေ၏။

မိုးနဂါးထုံဝေက စိတ်အာရုံကိုထိန်းချုပ်ပြီး ....

"ဂူထင်းလင် .... ပြောစမ်း၊ ဌာနချုပ်မှာဘာတွေဖြစ်နေလဲ"

ဂူထင်းလင်မှာ ဘာမှမပြောနိုင်ဘဲရှိနေစဉ် ထန်စုကျင်းက ကြားဝင်ပြောလိုက်သည်။

"ကျုပ်အထင်တော့ ဂိုဏ်းတစ်ခုလုံးကိုအပိုင်စီးထားလိုက်ကြပြီထင်တယ်"

မိုးနဂါးထုံဝေက ခေါင်းကိုခပ်သွက်သွက်ခါရင်း ....

"ဆ .... ဆရာကြီး၊ ဒါ .... ဒါတော့လုံးဝမဖြစ်နိုင်ဘူး"

ထန်စုကျင်းကိုယ်တိုင်ကလည်း ဤကိစ္စကို လုံးဝမယုံကြည်နိုင်ပါ။

သို့သော် မကြာသေးမီက အစည်းအဝေးတစ်ခုတွင် ဂိုဏ်းချုပ်မိုးနဂါးထုံဝေကိုယ်တိုင်ညွှန်ကြားမှုများပေးခဲ့သည်ဟု ဂူထင်းလင်က ပြောလာသဖြင့် စဉ်းစားရခက်နေသည်။

ထန်စုကျင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ဒါဆိုရင် ဂိုဏ်းချုပ်နှစ်ဦးဖြစ်နေတာသေချာနေပြီ"

မိုးနဂါးထုံဝေက အံတင်းတင်းကြိတ်လိုက်ပြီး ....

"တကယ်လို့ ဂိုဏ်းတစ်ခုလုံးကို အပိုင်စီးထားတာဆိုရင်တော့ အပိုင်စီးတဲ့လူဟာ တစ္ဆေနတ်ဆိုးပဲဖြစ်ရမယ်၊ ဘာ့ကြောင့်လဲဆိုတော့ ကျုပ်တို့ဂိုဏ်းကိုအပိုင်စီးဖို့ဆိုတာမလွယ်ဘူး၊ နောက်တစ်ချက်က ဂိုဏ်းချုပ်အတုဆိုရင် ကျုပ်ဇနီးနဲ့သားသမီးတွေ ဝါရင့်ဂိုဏ်းသားကြီးတွေကို လှည့်စားလို့ရနိုင်ပါ့မလား"

ထိုစကားမှာ အလွန်ယုတ္တိရှိလှသည်။

နောက်တစ်ချက်စဉ်းစားရမည်မှာ ဂိုဏ်းချုပ်အတုသည် မည်မျှပင် လိမ်ညာကောင်းသူဖြစ်ပါစေ၊ ဇနီးနှင့်သားသမီးကိုတော့ မည်သည့်နည်းနှင့်မျှ လိမ်ညာနိုင်မည်မဟုတ်ပေ။

သို့ဆိုလျှင် ယခု အဘယ့်ကြောင့်အလိမ်မပေါ်ရသနည်း။

မိုးနဂါးထုံဝေက ဂူထင်းလင်ဘက်သို့လှည့်လိုက်ပြီး ....

"ဒါဆို ဌာနချုပ်မှာ နောက်ထပ်ဂိုဏ်းချုပ်ရှိနေတာသေချာတယ်ပေါ့ဟုတ်လား"

ဂူထင်းလင်၏နဖူးပြင်တွင် ချွေးများပြန်လာ၏။ သူ့စိတ်ထဲတွင်အိပ်မက်ပမာဖြစ်နေပြီး တစ္ဆေနှင့်တွေ့နေရသူတစ်ယောက်ကဲ့သို့



တုန်တုန်ယင်ယင်ဖြစ်ကာ ....

"ဟုတ် .... ဟုတ်ပါတယ်၊ အခု ဂိုဏ်းချုပ်ကြီးတစ်ဦးရှိနေတာသေချာပါတယ်"

မိုးနဂါးထုံဝေက အတန်ငယ်စဉ်းစားလိုက်ပြီး....

"ဂိုဏ်းထဲမှာ ဘာထူးခြားချက်တွေရှိသလဲ"

ဂူထင်းလင်က ....

"ကျွန်တော် ဘာမှမသိပါဘူး"

"ဌာနချုပ်မှာကော ဘာသတင်းထူးခြားလဲ"

"ဘာသတင်းထူးမှ မကြားမိပါဘူး"

"အတွင်းဘက်အဆောင်တွေကကော"

"ဒါလဲ ကျွန်တော်သိပ်မသိပါဘူး၊ ကြည့်ရတာတော့ အားလုံးငြိမ်သက်နေသလိုပဲ"

မိုးနဂါးထုံဝေက ဂူထင်းလင်အား တစ်ချက်ကြည့်ပြီး ....

"ဂိုဏ်းချုပ်ကြီးဆေးကုဖို့ထွက်သွားတာ အမှန်ပဲလား"

"ဒါတော့ အမှန်ပါပဲ"

မိုးနဂါးထုံဝေကခေါင်းခါလိုက်သည်။

"ဒါပေမယ့် ကျုပ်ဌာနချုပ်ကထွက်လာတာ အနှစ်နှစ်ဆယ်ကျော်ပြီပဲ၊ တစ်ခါမှ ဆေးဆရာဆီကိုသွားမယ်လဲ မပြောခဲ့ပါလား"

ဂူထင်းလင်မှာ အထစ်ထစ်အငေါ့ငေါ့ဖြစ်သွားပြီး ....

"ဒါဆိုရင် ....ဂိုဏ်း .... ဂိုဏ်း"

ထိုစဉ် အရိပ်မဲ့၏အသံ ရုတ်တရက်ထွက်ပေါ်လာပြန်သည်။

"ရောင်းရင်းတို့အားလုံး တိမ်တိုက်ကိုယ်တော်အကြောင်းကိုကော ထည့်စဉ်းစားမိကြ[illegible]လား"

ထိုစကားသံကြောင့် ထန်စုကျင်းတို့သုံးယောက်စလုံးမှာ

ကြောင်သွားကြသည်။ အရိပ်မဲ့က ဆက်၍ပြောလာသည်။

"တိမ်တိုက်ကိုယ်တော်ဟာ ရုပ်ပြောင်းရုပ်လွဲပညာမှာ အင်မတန်ကျွမ်းကျင်တယ်"

"ရုပ်ကိုပြောင်းနိုင်တယ်ထား၊ စိတ်ကိုတော့ ဘယ်လိုနည်းနဲ့မှပြောင်းနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ဒီလောက်ပိပိရိရိလိမ်ဖို့ဆိုတာမဖြစ်နိုင်ဘူး"

ထိုသို့ပြောပြီးနောက် မိုးနဂါးထုံဝေသည် တိမ်တိုက်ကိုယ်တော်အကြောင်း စဉ်းစားလိုက်မိ၏။ တိမ်တိုက်ကိုယ်တော်သည် မိမိအား အနှစ်နှစ်ဆယ်လုံးဖမ်းဆီးချုပ်နှောင်ထားခဲ့သည်။

ဤမျှကြာညောင်းသည့်နှစ်များအတွင်း တိမ်တိုက်ကိုယ်တော်သည် မိမိထံမှ အသံကိုတုယူနိုင်သည်။ သို့သော် ရုပ်နှင့်အသံကိုမည်မျှထိတုနိုင်သည်ထားဦး၊ အတွင်းဆောင်ထဲကမိမိ၏ဇနီး ....

မိုးနဂါးထုံဝေမှာ ရှေ့ဆက်မစဉ်းစားနိုင်အောင်ဖြစ်ကာ ဦးနှောက်တစ်ခုလုံး ရှုပ်ထွေးနောက်ကျိသွားတော့၏။

၀၀၀



ပြဿနာမည်သို့မျှ စဉ်းစား၍မရနိုင်အောင်ဖြစ်နေသည်။ ကြောက်စရာလည်းအလွန်ကောင်းနေသည်။

ကျန်လူအားလုံးကထန်စုကျင်းထံသို့ အကြံဉာဏ်တောင်းလိုက်ကြသည်။ ထန်စုကျင်းမှာလည်း ဤပြဿနာမှာ အလွန်ရှုပ်ထွေးနေသဖြင့် မစဉ်းစားချင်လောက်အောင် စိတ်ကုန်နေ၏။

ထိုစဉ် ....

အရိပ်မဲ့၏အသံက ရုတ်တရက်ထွက်ပေါ်လာလေသည်။

"ဒီပြဿနာက အတော့်ကိုထူးဆန်းနေပြီ၊ ဒီပြဿနာကို ဖြေရှင်းဖို့ နောက်တစ်နည်းပဲရှိတော့တယ်၊ အဲဒါကတော့ ဂိုဏ်းချုပ်ကြီးရဲ့သားကိုခေါ်လာပြီး ဂိုဏ်းချုပ်ကြီးနဲ့တွေ့ပေးဖို့ပဲ၊ ဒါမှ ပြဿနာရှင်းသွားမယ်၊ ဒါပေမယ့် သိုင်းလောကမှာဆေးတစ်မျိုးရှိတယ်၊ အဲဒီဆေးဟာ လူရဲ့စဉ်းစားဉာဏ်ကိုပြောင်းလဲပစ်နိုင်တယ်"

မိုးနဂါးထုံဝေမှာ ဖျန်းခနဲကြက်သီးထသွားကာ ....

"ကျုပ်ကိုယ်တိုင်ပဲ ဌာနချုပ်ကိုသွားပြီးစုံစမ်းချင်တယ်"

ဤတွင် အရိပ်မဲ့ကခေါင်းတွင်တွင်ခါယမ်းလိုက်ပြီး ....

"မဖြစ်ဘူး ဒီလိုတော့မဖြစ်နိုင်ဘူး၊ တကယ်လို့ တစ်ဖက်လူဟာ ကောက်ကျစ်တဲ့အကြံသမားဖြစ်နေခဲ့ရင်၊ ပိုးဖလံမျိုးမီးကိုတိုးသလိုဖြစ်နေလိမ့်မယ်၊ ကျုပ်နဲ့ ဒီကဆရာကြီးနဲ့ ကြုံတွေ့နေမှတော့ ဘာမှစိုးရိမ်မနေပါနဲ့၊ ကျုပ်တို့က လက်ပိုက်ကြည့်မနေပါဘူး၊ ဂိုဏ်းချုပ်ကြီးကလဲ ကျောက်စိမ်းဓားရဲ့နေရာကို ပြောပြခဲ့တာမို့ ကျုပ်တို့ကလဲပြန်ပြီး ရိုင်းပင်းကူညီပေးရတော့မှာပေါ့၊ ဒီတော့ ဂိုဏ်းချုပ်ကြီးခေတ္တသည်းခံပြီးစောင့်ပါ၊ ကု ်နဲ့ဒီကဆရာကြီးတို့ ကြည့်ရှင်းပါ့မယ်"

ဂူထင်းလင်မှာ ယနေ့ ာတ်ရည်လည်ကာ အကြီးအကျယ်အံ့အားသင့်တုန်လှုပ်သွားတော့သည်။

မိုးနဂါးထုံဝေ ဘာမှ ပြန်မပြောတော့ဘဲငြိမ်၍နေသည်။

အရိပ်မဲ့က ဂူထင်းလင်အားကြည့်လိုက်ပြီး ....

"ဂိုဏ်းချုပ်ကြီးရဲ့တပည့်က စိတ်ချရပ့ါမလား"

မိုးနဂါးထုံဝေက ဂူထင်းလင်အား အကဲခတ်လိုက်သည်။

"အင်း .... ယုံကြည်ရဦးမယ်လို့တော့ထင်ပါတယ်"

ဂူထင်းလင်ကလည်း ကျိုးနွံသောအမူအရာဖြင့်ပြောသည်။

"ဂိုဏ်းချုပ်ကြီးဒီအဖြစ်မျိုးဖြစ်လာလိမ့်မယ်လို့ ကျွန်တော်လုံးဝမမျှော်လင့်မိရိုးအမှန်ပါ"

ထိုစဉ် ထန်စုကျင်း၏အသံက ရုတ်တရက်ထွက်ပေါ်လာ၏။

"ဂူထင်းလင်၊ မင်းဒီမှာနေပြီး ဂိုဏ်းချုပ်ကြီးကိုစောင့်ရှောက်ကျန်ရစ်ပါ၊ တခြားလူတွေမမြင်တွေ့စေနဲ့"

ဂူထင်းလင်က ကျိုးနွံသောအသံဖြင့် ....

"ဟုတ်ကဲ့ပါခင်ဗျာ"

ထန်စုကျင်းက မိုးနဂါးထုံဝေဘက်လှည့်လိုက်ပြီး ....

"ဂိုဏ်းချုပ်ကြီးထုံကလဲ တခြားလူတွေမမြင်အောင် ဆင်ခြင်နေပါ၊ အကြောင်းကိစ္စအရေးမကြီးဘဲ အပြင်ကိုမထွက်ပါနဲ့၊ တိမ်တိုက်ကိုယ်တော်လိုက်ရှာနေမှာသေချာတယ်၊ ဒါကြောင့် ရင်ဆိုင်ဖို့အသင့်ပြင်ဆင်ထားပါ၊ တကယ်လို့ ဂိုဏ်းချုပ်ကြီးအသက်ရှင်နေသေးမှန်းသိသွားရင် လက်လျှော့မှာမဟုတ်ဘူး"

"ဟုတ်ကဲ့ ဆရာကြီးညွှန်ကြားတဲ့အတိုင်း လိုက်နာဆောင်ရွက်ပါ့မယ်"

ထန်စုကျင်းက ဂိုဏ်းချုပ်ကြီးအားနှုတ်ဆက်လိုက်၏။

ထို့နောက် နှစ်ယောက်သားထွက်ခွါလာခဲ့ကြတော့သည်။

ooo



ထန်စုကျင်းနှင့်အရိပ်မဲ့တို့သည် အတွေးကိုယ်စီနှင့် လျှောက်လာခဲ့ကြသည်။ ခဏကြာမှ ထန်စုကျင်းက ....

"ဒီပြဿနာနဲ့ပတ်သက်ပြီး ဆရာကြီးရဲ့ထင်မြင်ယူဆချက်က ဘယ်လိုရှိပါသလဲ"

ဟုအရိပ်မဲ့၏ထင်မြင်ချက်ကိုတောင်းခံလိုက်သည်။

အရိပ်မဲ့က ဖြည်းလေးစွာဖြင့်ပြန်ဖြေသည်။

"ဒီပြဿနာဟာ မှန်းဆရအတော်ခက်နေတယ်၊ တကယ်တမ်းလက်တွေ့မှာ လုံးဝမမျှော်လင့်နိုင်တဲ့ဖြစ်ရပ်မျိုးဘဲ"

"ဟုတ်တယ်ဆရာကြီး ကျွန်တော်လဲ ဒီအတွက် စဉ်းစားရခက်နေတယ်"

ထိုစဉ် အရိပ်မဲ့က တစ်စုံတစ်ခုကိုသတိရသွားဟန်ဖြင့် ....

"ဩော် .... မင်းကိုပြောစရာရှိသေးတယ်"

"ဘာများလဲဆရာကြီး ပြောပါ"

"မင်း လက်စားချေရမယ့်ရန်သူအကြောင်းပါ"

"ဟုတ်ကဲ့ ပြောပါ"

"မင်းနဲ့ငါ လမ်းခွဲသွားကြတုန်းက ငါတစ်ယောက်တည်းဒီတောင်ကြားကိုရောက်လာသေးတယ်၊ ငါရောက်လာတော့ ထွက်ခွါမဲ့ဆဲဆဲဖြစ်နေတဲ့ကျန်ရှင်းယွင်နဲ့တိုးနေတယ်၊ အဲဒီမှာ ကျန်ရှင်းယွင်နဲ့ စကားနည်းနည်းပြောဖြစ်ခဲ့တယ်"

"ဘာတွေပြောဖြစ်လို့လဲဆရာကြီး"

"ပြောကြတာတော့ အတော်များတယ်၊ ဒီအထဲမှာ စိတ်ဝင်စားစရာကောင်းတဲ့အချက်ကတော့ မင်းရဲ့မိဘနှစ်ပါးဖြစ်တဲ့ ဟသ်ာမောင်နံကိုလုပ်ကြံတဲ့အထဲမှာ မိုးခေါင်ဓားစုလိန်ဟုက အဓိကအခန်းက ပါနေတယ်ဆိုတဲ့စကားပဲ၊ နောက်တစ်ချက်က ကျောက်စိမ်းဓား

ဟာ ပထမသူ့ဆီရောက်လာတယ်၊ သူ့ဆီကမှတစ်ဆင့် ဘီလူးမျက်လုံးကဖြတ်လုသွားတယ်ဆိုတာပဲ"

"နောက်တော့ကော"

"နောက်တော့ ကျောက်စိမ်းခေါင်းဟာ ဘယ်ရောက်သွားမှန်း မသိဘဲ အစအနပျောက်သွားခဲ့တယ်တဲ့"

ထန်စုကျင်းသည် ယခုမှပင် မိုးခေါင်ခေါင်းစုလိန်ဟု အဘယ့်ကြောင့်နှုတ်ပိတ်ခံသွားသည်ကို သဘောပေါက်လာတော့သည်။

စင်စစ် .... မိုးခေါင်ခေါင်းစုလိန်ဟုသည် ဟသ်ာမောင်နှံအား လုပ်ကြံမှုတွင် အဓိကအခန်းမှပါဝင်နေသဖြင့် သူ့ပြဿနာအား သူ့သားထံသို့ မကူးစက်စေရန် သူ့ကိုယ်သူ နှုတ်ပိတ်အသေခံသွားခြင်း ဖြစ်ပုံရသည်။

"မိုးခေါင်ခေါင်းစုလိန်ဟုမှာ သားရှိတယ်လို့ကြားတယ်၊ အဲဒါဟုတ်သလား"

"ဘယ်သူကပြောတာလဲ"

"မိုးနဂါးထုံဝေပြောတာ"

အရိပ်မဲ့က အနည်းငယ်စဉ်းစားပြီးမှ ....

"အင်း .... သိပ်တော့မသေချာဘူး၊ ဒါပေမယ့် သူဇာတ်သိမ်းသွားပြီဆိုတော့ သူ့သားကိုဒုက္ခပေးဖို့မသင့်ဘူး၊ ပြီးတော့ သူ့သားကို ဒုက္ခပေးရင် လက်မရွံ့ဂူရဲကလက်ပိုက်ကြည့်နေမယ်မထင်ဘူး"

ထန်စုကျင်းကအံကြိတ်လိုက်ပြီး ....

"ကျောက်စိမ်းခေါင်းလုယူတဲ့အချိန်က စုလိန်ဟုန်ရဲ့သားဟာ အရွယ်ရောက်နေပြီလို့သိရတယ်၊ ဒါကြောင့် တကယ်လို့ လုပ်ကြံမှုမှာ သူ့အဖေနဲ့အတူ ကြံရာပါခဲ့ရင်တော့ သူ့ကိုလဲ ကျွန်တော် ချမ်းသာ မပေးနိုင်ဘူး"



ထန်စုကျင်းက စကားကိုခေတ္တရပ်ပြီးမှဆက်၍ပြောသည်။

"ဒါနဲ့ ကျန်ရှင်းယွင်က နောက်ထပ်ဘာပြောသွားသေးလဲ"

အရိပ်မဲ့က ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"ဘာမှမပြောဘူး၊ ဒါပေမဲ့ လုပ်ကြံမှုထဲမှာ ဘီလူးမျက်လုံးနဲ့လူတစ်ယောက်ပါတယ်ဆိုတာတော့သိလာရတယ်"

ထန်စုကျင်းက တစ်ချက်စဉ်းစားလိုက်ပြီး ....

"မရဏာတမန်က ဘာကြောင့်ကွမ်းကြုံအိကိုနှုတ်ပိတ်လိုက်ရသလဲဆိုတာကိုရော မေးမကြည့်ဘူးလား"

"ဒီကိစ္စက စုံစမ်းဖို့မခက်ပါဘူး၊ ခက်တာက အဖြစ်မှန်ကို အဖြစ်မှန်အတိုင်း မဖော်ထုတ်နိုင်မှာကိုဘဲ စိုးရိမ်မိတယ်၊ ပြီးတော့ မောင်ရင့်ကိုပြောစရာရှိတာက ကျန်ရှင်းယွင်ဟာ မောင်ရင့်အပေါ်မှာ သံယောဇဉ်မကုန်သေးဘူးဆိုတာပဲ၊ မောင်ရင်ဆန္ဒရှိသေးတယ်ဆိုရင် ကျုပ်တစ်ဖက်လှည့်နဲ့ပြောကြည့်မယ်၊ သူ့ရဲ့ဆန္ဒဘယ်လိုရှိလဲဆိုတာ သိရတာပေါ့"

ထန်စုကျင်းက စိတ်ပျက်လက်ပျက်ခေါင်းခါယမ်းရင်း ....

"နေပါစေတော့ဆရာကြီး၊ သူ့မှာ တစ်ခြားခင်တွယ်ရမဲ့လူရှိနေပြီပဲ၊ ရှင်းရှင်းပြောရရင် သူ့ကိုကျွန်တော်စိတ်မဝင်စားတော့ဘူး"

"မဟုတ်သေးဘူးမောင်ရင်၊ သူဟာ မောင်ရင့်အပေါ် စိတ်မကုန်သေးဘူးဆိုတာ ကျုပ်ကောင်းကောင်းသိတယ်၊ သူ့မှာ မောင်ရင့်ကိုစိတ်နာစရာအကြောင်းတစ်ခုခုရှိနေလို့ပဲဖြစ်မယ်၊ ပြီးတော့ တခြားအခက်အခဲတွေလဲရှိနိုင်သေးတယ်"

အရိပ်မဲ့၏စကားက ထန်စုကျင်းအတွက် စဉ်းစားရခက်စေသည်။ သို့သော် သူမတွင် ယခုလက်ရှိကြင်နာရမည့်သူရှိနေပြီဖြစ်ရာ ထန်စုကျင်းအနေဖြင့် ဘာမျှမျှော်လင့်ချက်မထားချင်တော့ပေ။

"ကျွန်တော် ဒီအကြောင်းတွေကိုမေ့ပစ်နိုင်ဖို့ကြိုးစားနေပါတယ်၊ ဒါကြောင့် ဒီအကြောင်းတွေကိုမပြောဖို့ ကျွန်တော်တောင်းပန်ပါတယ်"

ပြောပြောဆိုဆိုပင် ချက်ချင်း စကားလမ်းကြောင်းလွှဲပစ်လိုက်သည်။

"ကျွန်တော်တို့ မိုးနဂါးထုံဝေကိစ္စ ဘယ်လိုစီစဉ်ကြမလဲ"

အရိပ်မဲ့ တစ်ချက်ကြောင်ငေးသွား၏။ ပြီးမှ ....

"ဒီအတွက် ငါတို့လူတစ်ယောက်ကိုရှာရမယ်၊ သူ့ဆီကအကြံကောင်းဉာဏ်ကောင်းရနိုင်တယ်"

"ဘယ်သူလဲ"

"နတ်ဆိုးကြီးထုံယိကွမ်းကိုလေ"

ထန်စုကျင်းသည် နတ်ဆိုးကြီးထုံယိကွမ်းအကြောင်းကိုမေးချင်သော်လည်း အကြောင်းထူးမည်မဟုတ်သဖြင့် မမေးဘဲ ငြိမ်နေလိုက်သည်။ ထိုစဉ် အရိပ်မဲ့ကပြောလာသည်။

"ကဲ ... အခု ငါတို့လမ်းခွဲကြစို့၊ ပြီးရင် ခိုင်ဖုန်းမြို့မှာပြန်ဆုံကြမယ်"

"ကောင်းပါပြီဆရာကြီး"

ထို့နောက် နှစ်ယောက်သားလမ်းခွဲခဲ့ကြတော့သည်။

*ပထမပိုင်းပြီး၏။*

*ဒုတိယပိုင်း(ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။*

ဟာသီာမောင်နှံ နှင့်
မရဏာတာမန်

ဒုတိယပိုင်း
ဇာတ်သိမ်း



# ဝဏ္ဏအောင်

## ဟင်္သာမောင်နှံနှင့် မရဏတာမန်

ဒုတိယပိုင်း - ဇာတ်သိမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၉၁၀၄၀၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၆၁၀၅၀၀၁

၂၀၀၁ - ခုနှစ်

ပထမအကြိမ် - အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀/- ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
9-H နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးဝင်းကျော်မိုး၊ မုံရွေးပုံနှိပ်တိုက်
အမှတ် ၁၄၀၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## အခါမဲ့ညှိုသည်

အချိန်ကား နံနက်စောစောဖြစ်သည်။

ဖုန်းချိုးမြို့သဌေးကြီးစုထူးချန်၏အိမ်ဂေဟာထဲတွင် မီးအိမ်များချိတ်ဆွဲလျက် လှပအောင်ပြင်ဆင်မွမ်းမံနေသည်။

နံနက်မိုးသောက်လျှင် မင်္ဂလာဧည့်ခံပွဲကျင်းပတော့မည်ကဲ့သို့ရှိသည်။ အခန်းထဲတွင် မီးခိုးရောင်ဝတ်စုံနှင့်အဘိုးကြီးမှာ လူးလာခေါက်ပြန်လျှောက်နေသည်။ စိတ်မချမ်းမြေ့ဖွယ်ရာကိစ္စတစ်ခုကို ရင်ဝယ်ပိုက်ထားရသကဲ့သို့ သူ့မျက်နှာသည် ညှိုးနွမ်းနေ၏။

ပြတင်းပေါက်အနီးတွင်ထိုင်နေသော မိန်းမကြီးက သူ့အား လှမ်းကြည့်ကာ ......

"ဒီလောက်လဲ စိတ်ပူမနေပါနဲ့ရှင်၊ ရှင့်ကြည့်ရတာ ကျွန်မတောင် တဖြည်းဖြည်းစိတ်မောလာတယ်"

ဟုပြောလိုက်၏။ ဤတွင် မီးမိုးရောင်ဝတ်စုံနှင့်အဘိုးကြီးက ဆတ်ခနဲပြန်ကြည့်လိုက်ပြီး ....

"ရှင်မ ဒီကိစ္စ သိပ်အရေးကြီးနေတယ်ဆိုတာ မင်းမသိသေးဘူးထင်တယ်"

"ဘယ်လောက်တောင် အရေးကြီးတာမို့လဲ၊ ဒီလိုဖြစ်မယ်

ဆိုရင်လဲ အစတုန်းက ရှင်ဘာဖြစ်လို့ပြဿနာရှာခဲ့ရသလဲ"

"ဩော် .... ရှင်မကလဲ တယ်ခက်ပါလား"

"ကဲ .... ခက်မနေနဲ့၊ မနက်ဖြန် သားလေးရဲ့မင်္ဂလာပွဲရက်ပဲ၊ ရှင့်မျက်နှာကိုရွှင်ရွှင်ပျပျထားစမ်းပါ၊ မင်္ဂလာပွဲပြီးတဲ့အခါကျတော့ ရှင်ကြိုက်သလိုနေ"

ထိုစဉ် အဘိုးကြီးက ဖျတ်ခနဲအကြံတစ်ခုရလာဟန်ဖြင့်....

"ဟုတ်ပြီ .... ငါအကြံရပြီ"

"ဘယ်လိုအကြံလဲ၊ ပြောပါဦး"

အဘိုးကြီးက အနည်းငယ်ပြုံးပြီး ....

"မနက်ဖြန် မင်္ဂလာပွဲမှာ မိတ်ဆွေတွေအားလုံးဆိုတုန်း အများရှေ့မှာ သိုင်းလောကက အပြီးအပိုင်အနားယူလိုက်တဲ့ အကြောင်း ကြေငြာလိုက်မယ်၊ ပြီးတော့ မင်းနဲ့ငါလျှောက်လည်ကြမယ်"

"ဟာ .... သိပ်ကောင်းတဲ့အကြံပေါ့"

ထိုစဉ် ....

မိန်းကလေးတစ်ဦး၏ အသံထွက်ပေါ်လာသည်။

"သခင်ကြီး အပြင်မှာ ဧည့်သည်ရောက်နေပါတယ်"

အဘိုးကြီး၏မျက်နှာ ရုတ်ခြည်းပျက်သွားသည်။

"ဘယ်လိုဧည့်သည်လဲ"

မိန်းကလေးက ချက်ချင်းပြန်ဖြေသည်။

"ဆံပင်ဖြူဖြူနဲ့ အဘိုးကြီးတစ်ဦးပဲ"

"သိုင်းလောကကပုဂ္ဂိုလ်လား"

"ဒါတော့ ကျွန်မ မသိဘူး၊ ဂိတ်မှူးကြီးက ကျွန်မကိုသတင်းပို့ခိုင်းလိုက်လို့ လာပို့တာပါ"


အဘိုးကြီးက တစ်ချက်စဉ်းစားလိုက်ပြီး ....

"အချိန်မတော်ကြီးမှာ ရောက်လာတာဆိုတော့ ကြည့်ရတာ အင်း ...."

အဘိုးကြီး၏စကားမဆုံးမီ မိန်းမကြီးက ကြားဖြတ်၍ပြောလိုက်သည်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ အချိန်မတော် ဧည့်သည်လာတာနဲ့များ ဒီလောက်တောင် စိတ်လှုပ်ရှားနေရတယ်လို့"

အဘိုးကြီးက မိန်းမကြီး၏စကားကို အရေးမစိုက်ဘဲ တံခါးပေါက်ဝဘက်သို့မျက်နှာမူလိုက်ပြီး ....

"တံခါးမှူးက ဧည့်သည်နာမည် ဘယ်သူဘယ်ဝါဆိုတာ မပြောလိုက်ဘူးလား"

"ဟင့်အင်း မပြောလိုက်ဘူး၊ ဧည့်သည်စိမ်းနဲ့တူတယ်"

အဘိုးကြီး မျက်လုံးပြူးသွားသည်။

"ဘာ ဧည့်သည်စိမ်းဟုတ်လား၊ ဖိတ်စာကောပါရဲ့လား"

"တံခါးမှူးကြီးက ဘာမှမပြောလိုက်ဘူး၊ ကျွန်မကို သတင်းပို့ခိုင်းလိုက်တာပဲရှိတယ်"

"အခု အဲဒီဧည့်သည်က ဘယ်မှာလဲ"

"အပြင်ဘက်အဆောင်မှာ တံခါးမှူးကြီးက ဧည့်ခံစကားပြောနေပါတယ်"

အဘိုးကြီး၏မျက်နှာချက်ချင်းတင်းမာသွားပြီး ....

"ကဲ .... မင်းပြန်သွားပြောလိုက်၊ သခင်ကြီးအိပ်စက်အနားယူနေပြီ၊ မနက်မှပဲ တစ်ခေါက်လာလို့ "

ဤတွင် မိန်းမကြီးကကြားဝင်၍ပြောလာသည်။

"ရှင့်မှာလဲ စိုးရိမ်လိုက်ရတာလွန်ရောဘဲ .... ဒီလောက်လဲ စိုးရိမ်မနေပါနဲ့"

"ဘာမစိုးရိမ်ရမှာလဲ၊ မင်း ဘာသိလို့လဲ"

"သိတာ မသိတာက အရေးမကြီးပါဘူးလေ၊ အခုလာတဲ့ ဧည့်သည်ဟာ ရှင့်ရဲ့တစ်ချိန်ကမိတ်ဟောင်းဆွေဟောင်း ဖြစ်ချင်ဖြစ်မှာပေ့ါ၊ မင်္ဂလာသတင်းကိုကြားတာနဲ့ ဖိတ်စာကိုမစောင့်ဘဲ အချိန်မီ အောင်ကြိုတင်လာတာကော မဖြစ်နိုင်ဘူးလား"

အဘိုးကြီး တစ်ချက်ငိုင်သွားသည်။ ပြီးမှ ....

"ကောင်းပြီလေ၊ ဧည့်သည်ကို ချောင်းကြည့်လိုက်ဦးမယ်၊ ကြည့်ပြီးမှ တွေ့သင့်မတွေ့သင့်စဉ်းစားမယ်"

ထိုသို့ပြောပြီးနောက် အဘိုးကြီးသည် အပြင်ဆောင်သို့ထွက်လိုက်လာခဲ့တော့သည်။

◆ ◆ ◆

အပြင်ဧည့်ခန်းဆောင်တွင် လူလတ်ပိုင်းအရွယ်တံခါးမှူးက ဆံပင်ဖြူနေသောအဘိုးအိုတစ်ဦးအား ဧည့်ခံစကားပြောနေ၏။

"သခင်ကြီးအိပ်စက်အနားယူနေတယ်နဲ့တူတယ်၊ ပြောစရာရှိရင် ကျွန်တော့်ကိုမှာထားခဲ့ပါလားခင်ဗျာ"

ဆံဖြူအဘိုးအိုက ခပ်အေးအေးလေသံဖြင့်ပင် ....

"သူတစ်ပါးပို့ခိုင်းလိုက်တဲ့ပစ္စည်းတစ်ခုကို ကာယကံရှင်လက်ထဲ ကိုယ်တိုင်ထည့်ပေးဖို့ တာဝန်ရှိနေလို့ပါကွယ်"

"ဘယ်သူရဲ့စေခိုင်းချက်ပါလဲခင်ဗျာ"

"မင်းတို့သခင်ကြီးဖတ်ကြည့်ပြီးရင် သိပါလိမ့်မယ်"



ထိုစဉ် အတွင်းခန်းဘက်မှ ချောင်းတစ်ချက်ဟန့်သံ ထွက်ပေါ်လာ၏။

"အဟမ်း ...."

"ဟော .... သခင်ကြီးရောက်လာပါပြီ"

မီးခိုးရောင်ဝတ်စုံနှင့်အဘိုးကြီး အတွင်းခန်းဘက်မှထွက်လာသည်။ ဆံဖြူအဘိုးအိုက ထိုမီးခိုးရောင်ဝတ်စုံနှင့်အဘိုးကြီးအား တစ်ချက်အကဲခတ်လိုက်သည်။ မီးခိုးရောင်ဝတ်စုံနှင့်အဘိုးကြီးက လက်နှစ်ဖက်ယှက်လိုက်ပြီး ဆံဖြူအဘိုးအိုအားနှုတ်ဆက်လိုက်၏။

"နောင်ကြီးရဲ့လာရင်းကိစ္စကိုသိပါရစေ"

တံခါးမှူးကအရိုအသေပေးပြီး ဆုတ်ခွါသွားသည်။

ဆံဖြူအဘိုးအိုက ထိုင်ရာမှပင် မထဘဲ ....

"အဆိပ်ဘုရင်ဂူထူးချန်ဆိုတာ ခင်ဗျားလား"

"ဟုတ်ပါတယ်.... ကျုပ်ဂူထူးချန်ပါ၊ ခင်ဗျားကကော ဘယ်သူများပါလိမ့်၊ သိပါရစေ"

"ကျုပ်နာမည် ဝိညာဉ်နှုတ်အဘိုးအိုလို့ခေါ်ပါတယ်"

စင်စစ် ဤဆံဖြူအဘိုးအိုကား ရန်ကြွေးဆပ်ရန် လာသောထန်စုကျင်းပင်ဖြစ်လေသည်။ ဂူထူးချန်သည် ထန်စုကျင်း၏စကားကြောင့် မျက်နှာတစ်ချက်ပျက်သွားပြီး ....

"ဝိညာဉ်နှုတ်အဘိုးအို"

နှုတ်မှလွှတ်ခနဲရေရွတ်လိုက်မိ၏။

"ဟုတ်ပါတယ်၊ မိတ်ဆွေကြီးအနေနဲ့ ဒီနာမည်ကို ပထမဆုံး အကြိမ်ကြားရတာဖြစ်ပါလိမ့်မယ်"

ဂူထူးချန်က ထန်စုကျင်းအား စေ့စေ့ကြည့်လိုက်ပြီး ....

"ဒီကိုလာရတဲ့အကြောင်းရင်းကို သိပါရစေ"

"ကျုပ်မိတ်ဆွေတစ်ယောက်က ခင်ဗျားဆီကိုစာတစ်စောင် ပို့ခိုင်းလိုက်လို့ပါ"

ဝူထူးချန်မှာ ရုတ်တရက်ကြောင်ငေးသွားပြီး ....

"ဘယ်သူက ပို့ခိုင်းလိုက်တာလဲ"

ထန်စုကျင်းက နှုတ်မှမဖြေဘဲ စာအိတ်တစ်အိတ်ကိုနှိုက်ယူပြီး ဝူထူးချန်ထံပစ်ပေးလိုက်သည်။

"ဖတ်ကြည့်ရင် သိပါလိမ့်မယ်"

ဝူထူးချန်က စာအိတ်ကိုဆီးဖမ်းပြီးဖွင့်ဖတ်လိုက်၏။ စာဖတ်ရင်း ဝူထူးချန်၏မျက်နှာမှာ ရုတ်ခြည်းညှိုးမှိုင်းသွားတော့၏။

အတန်ကြာမှ ဝူထူးချန်က ....

"ဒီစာက ထန်စုကျင်းပို့ခိုင်းလိုက်တဲ့စာအမှန်ပဲလား"

"ဟုတ်ပါတယ်၊ ထန်စုကျင်းပို့ခိုင်းလိုက်တဲ့စာပါ"

"ကျုပ်ကို ဟိုထန်ကန်တော်ဘေးမှာတွေ့ဖို့ချိန်းလိုက်တာပဲ၊ အင်း .... တစ်နည်းအားဖြင့် စိန်ခေါ်လိုက်တာပါပဲ"

ထန်စုကျင်းက ဘာမှမသိသည့်အမူအရာဖြင့် ....

"ဩော် .... ဟုတ်လား၊ ကျုပ်တော့ ဘာမှမသိဘူး၊ သူက စာပို့ခိုင်းလို့သာ လာပို့ရတာပါ"

"ခင်ဗျားနဲ့သူ ဘယ်လိုပတ်သက်နေပါသလဲ"

"မိတ်ဟောင်းဆွေဟောင်းတွေပါ"

ဝူထူးချန်၏နဖူးပြင်တွင် ချွေးများစို့လာသည်။ သူ၏ခန္ဓာကိုယ်မှာလည်း မသိမသာတုန်ယင်လာသည်။ အတန်ကြာသည်အထိ စကားတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲရှိနေသည်။



ထိုစဉ် ထန်စုကျင်း၏ရယ်မောသံကြီးက ရုတ်တရက်ပေါ်ထွက်လာသည်။

"ဟား .... ဟား .... ဟား ဘယ်လိုဖြစ်သွားတာလဲမိတ်ဆွေကြီးရဲ့၊ မနက်ဖြန် မိတ်ဆွေကြီးရဲ့သား မင်္ဂလာပွဲမဟုတ်လား"

"ဟုတ်ပါတယ်"

ထန်စုကျင်းက ထပ်မံရယ်လိုက်ပြန်သည်။

"ဒါဟာ မင်္ဂလာသတင်းတစ်ခုပဲ၊ ကောင်းတယ်၊ လူတွေဟာ အသက်ကြီးလာတာနဲ့ မြေးချီချင်လာကြတာမဟုတ်ဘူး"

ထန်စုကျင်းသည် ဝူထူးချန်အား တစ်ချက်ကြည့်သည်။ ပြီးမှ ဆက်ပြောလိုက်၏။

"ဒါပေမယ့် တစ်ချို့လူတွေအတွက် မြေးချီပြီးပျော်ရွှင်ရမယ့် အချိန်မျိုးရှိချင်ရှိနိုင်မှာပါ"

ဝူထူးချန် မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားရဲ့စကားက ဘယ်လိုသဘောပါလိမ့်"

"ဘယ်လိုသဘောရယ်မဟုတ်ပါဘူး၊ ကျုပ်ရဲ့ခံစားချက်ကို ပြောပြတာပါ"

ဝူထူးချန်သည် ထန်စုကျင်းအား အတန်ကြာအောင် စူးစိုက်ကြည့်နေမိ၏။ ပြီးမှ ....

"ခုတလော သိုင်းလောကမှာနာမည်ကြီးနေတဲ့ ဝိညာဉ်ခေါ်အလံရဲ့ညီတော်ဆိုတာ ခင်ဗျားလား"

ထန်စုကျင်းက သဘောကျစွာရယ်လိုက်ပြီး ....

"ဟား .... ဟား .... ဟား မိတ်ဆွေကြီးကဘယ်ဆိုးလို့တုန်း၊ ကျုပ်ကိုသိနေသားပဲ"

ဂူထူးချန် နောက်သို့ခြေလှမ်းသုံးလှမ်းခန့်ဆုတ်သွားမိ၏။

ထန်စုကျင်းက ....

"ဘယ်လိုလဲ ထန်စုကျင်းချိန်းတဲ့အတိုင်း သွားမှာလား"

ဂူထူးချန်က အံတင်းတင်းကြိတ်လိုက်ပြီး ....

"စိတ်ချ သူချိန်းတဲ့အတိုင်း ညသန်းခေါင်တိတိမှာ ရောက်လာမယ်လို့ ပြောလိုက်ပါ"

"ကောင်းပြီလေ၊ ဒါဆိုကျုပ်ပြန်လိုက်ပါဦးမယ်၊ အဲ မပြန်မီနောက်ဆုံးမှာခဲ့ချင်တယ်၊ ချိန်းဆိုချက်ကိုပယ်ဖျက်ဖို့ လုံးဝ မစဉ်းစားပါနဲ့၊ ခင်ဗျားရဲ့မိသားစု ဒုက္ခမရောက်စေချင်ဘူးဆိုရင်ပေါ့လေ"

ထိုစဉ် ... တံခါးမှူးကြီးသည် တံခါးဝသို့ ရုတ်တရက်ရောက်ရှိလာပြီး ....

"သခင်ကြီးခင်ဗျာ... မင်္ဂလာပွဲတက်ဖို့အတွက် အဝေးကနေ ဧည့်သည်နှစ်ယောက်ရောက်လာပါတယ်"

"ဘယ်က ဧည့်သည်တွေလဲ"

တံခါးမှူးကြီးက ထန်စုကျင်းအား တစ်ချက်လှမ်းကြည့်ပြီး

"ကျားရဲညီနောင်နှစ်ဖော်ပါ"

မမျှော်လင့်ဘဲကြားလိုက်ရသောစကားကြောင့် ထန်စုကျင်း တစ်ကိုယ်လုံး သွေးများဆူတက်လာသည်။ စိတ်ထဲမှလည်း ....

"အင်း .... ငါတွေ့ချင်တဲ့ရန်သူနှစ်ယောက်လဲ အဆင်သင့်ရောက်လာကြပြီပဲ"

ဂူထူးချန်က မျက်လုံးတစ်ချက်ပင့်၍ ထန်စုကျင်းအား မသိမသာအကဲခတ်လိုက်သည်။ ထန်စုကျင်းမျက်နှာပေါ်တွင် မည်သည့်လှုပ်ရှားမှုတစ်စုံတစ်ရာကိုမှမတွေ့ရသဖြင့် ....



တံခါးမှူးကြီးအား လှမ်းပြောလိုက်၏။

"အဲဒီဧည့်သည်နှစ်ယောက်ကို ကျုပ်ဆီခေါ်လာခဲ့"

တံခါးမှူးကြီးပြန်လည်ထွက်ခွါသွား၏။ ထန်စုကျင်းလည်း နှုတ်ဆက်ထွက်ခွါလာခဲ့သည်။

◆ ◆ ◆

ဝင်းတံခါးဝတွင် ဧည့်သည်နှစ်ဦးကို တံခါးမှူးကြီးက ဆီးကြိုခေါ်ဆောင်လာသည်။ ထန်စုကျင်းက ချောင်းတစ်ချက်ဟန့်၍ အသံပြုပြီး ကျားရဲညီနောင်နှစ်ဖော်အား နှုတ်ဆက်လိုက်သည်။

"ကျားရဲညီနောင်နှစ်ဖော်ပါလား၊ ဘယ်အရပ်က လာခဲ့ကြတာလဲ၊ ခုလိုတွေ့ရတာဝမ်းသာပါတယ်"

ကျားရဲညီနောင်နှစ်ဖော်၏လှမ်းနေသောခြေလှမ်းများ တို့ခနဲရပ်တန့်သွားသည်။ တစ်ခါမှ မမြင်ဘူးသော ဤသူစိမ်းအဘိုးအိုက သူတို့အား နှုတ်ဆက်လာသဖြင့် အံ့သြနေကြသည်။

ကျားရဲညီနောင်နှစ်ဦးအနက် အစ်ကိုကြီးက ....

"ကျုပ်တို့ အသွားအလာနည်းပါးတဲ့အတွက် ဆရာကြီးကို ကောင်းကောင်းမသိပါဘူးခင်ဗျာ၊ ဆရာကြီးက ဘယ်သူပါလဲ"

ထန်စုကျင်းက မုတ်ဆိတ်မွေးကိုအသာအယာပွတ်သပ်ရင်း

"အံ့သြစရာပါလား၊ ကျားညီနောင်နှစ်ဖော်က ကျုပ်အဘိုးကြီးကိုတောင် မမှတ်မိတော့ဘဲကိုး၊ အင်းပေါ့လေ၊ နှစ်ပေါင်းနှစ်ဆယ်တောင်ကျော်ခဲ့ပြီဆိုတော့ ဘယ်မှတ်မိနိုင်ပါတော့မလဲ၊ ကျုပ်နာမည်က ဝိညာဉ်နှုတ်အဘိုးအိုလေ"

ကျားရဲညီနောင် နောက်သို့ပြိုင်တူဆုတ်မိလိုက်ကြသည်။

နှုတ်မှလည်း ပြိုင်တူရေရွတ်မိလိုက်ကြ၏။

"ဝိညာဉ်နှုတ်အဘိုးအို ဟုတ်လား"

ထိုစဉ် တံခါးမှူးကြီးကကြားဝင်ပြောလိုက်သည်။

"ဒီဆရာကြီးက တစ်စုံတစ်ယောက်ရဲ့စေခိုင်းချက်နဲ့ စာလာပို့တာပါ"

ကျားရဲညီနောင်နှစ်ဖော် အံ့အားသင့်ဟန်ဖြင့် ....

"အို .... ဟုတ်လား၊ ဒါဆို ဆရာကြီးနဲ့ဂူထူးချန်ဟာ အသိအကျွမ်းတွေပေါ့"

ထန်စုကျင်းကရယ်ရင်း ....

"သိပ်ရင်းနှီးတဲ့မိတ်ဆွေတွေလို့ ပြောရမှာပေါ့"

"ဒါဆို မနက်ဖြန်မင်္ဂလာပွဲအတွက် ဆရာကြီး မနေတော့ဘူးလား"

ထန်စုကျင်းက ခေါင်းအနည်းငယ်ယမ်းလိုက်ပြီး ....

"ကျုပ်မှာ တခြားကိစ္စလေးတွေရှိနေလို့ မနေတော့ပါဘူး၊ ဒါပေမဲ့ မကြာခင် ကျုပ်တို့ပြန်တွေ့ကြမှာပါ"

ထန်စုကျင်းက ပြောပြီးသည်နှင့် လက်နှစ်ဖက်ဆုပ်အရိုအသေပေးကာ ဂေဟာတံခါးမှထွက်ခဲ့လေတော့သည်။

◆◆◆

ထန်စုကျင်းသည် အဆိပ်ဘုရင်ဂူထူးချန်၏ဂေဟာမှ ထွက်ခဲ့ပြီးနောက် တွေ့ရာလမ်းကျဉ်းကလေးအတိုင်း လျှောက်လှမ်းလာခဲ့သည်။ လျှောက်လာရင်း စိတ်ထဲမှလည်းတွေးလာမိသည်။

"အင်း ဂူထူးချန်ဟာ သူ့မိသားစုရဲ့အန္တရာယ်ကို ကာကွယ်



ဖို့အတွက် ချိန်းတဲ့နေရာကိုမလာဘဲနေမှာမဟုတ်ဘူး၊ တစ်ခုတော့ရှိတယ်၊ ကျားရဲညီနောင်ရောက်လာတဲ့အတွက် သူ တစ်အားတက်သွားမှာအမှန်ပဲ၊ သိပ်ပေါ့ပေါ့ဆဆလုပ်လို့တော့မဖြစ်ဘူး'

ထန်စုကျင်းသည် စဉ်းစားရင်းလျှောက်လာရာ မကြာမီ ဂူထူးချန်၏ဂေဟာခြံဝင်းအနောက်ဘက်ဆီသို့ ရောက်လာခဲ့သည်။

ထန်စုကျင်းကခြံဝင်းနံရံကို မသိမသာခုန်ကျော်၍ဝင်ရောက်လိုက်သည်။ ထို့နောက် သူရောက်ခဲ့သည့် ဧည့်ဂေဟာဆောင်အနီးသို့ တိုးကပ်လာခဲ့သည်။ ဧည့်ဂေဟာဆောင်အတွင်းတွင် သူထင်ထားသည့်အတိုင်း ဂူထူးချန်သည် ကျားရဲညီနောင်အား ဧည့်ခံစကားပြောနေသည်ကိုတွေ့ရသည်။

အနီးတွင် .... မိန်းမကြီးတစ်ဦးနှင့် အသက်နှစ်ဆယ်အရွယ်လူငယ်တစ်ဦးတို့လည်းရှိနေကြသည်။

ဂူထူးချန်၏ဇနီးနှင့်သား ဖြစ်ဟန်တူသည်။

သူတို့ငါးယောက်စလုံး၏မျက်နှာမှာ မရွှင်မပျရှိနေကြသည်။

ဂူထူးချန်က စတင်စကားပြောလာသည်။

"ခင်ဗျားတို့ ဒီဝိညာဉ်နှုတ်အဘိုးအိုကိုသိသလား"

ကျားရဲညီနောင်နှစ်ဦးအနက် အစ်ကိုကြီးပါယိဟုန်က ခေါင်းယမ်းပြသည်။

"ဟင့်အင်း ... မသိဘူး၊ အရင်က ဒီနာမည်မျိုး ကြားတောင်မကြားမိဘူး"

ဂူထူးချန်က ပြောပြလိုက်သည်။

"တစ်ခေတ်မှာ တစ်ယောက်ဆိုသလို နာမည်ကြီးနေတဲ့ဝိညာဉ်ခေါ်အလံရဲ့ညီတော်လို့ပြောတာပဲ"

ထိုစကားကြောင့် ကျားရဲညီနောင် ညီငယ်ပါးအော့ဟုက စိတ်လှုပ်ရှားသောအသံဖြင့် ....

"ဒီအဘိုးကြီးက ထန်စုကျင်းနဲ့ဘယ်လိုများအဆက်အသွယ်ရှိနေလို့လဲ"

ဂူထူးချန်က မချိပြုံးပြုံးလိုက်သည်။ ပြီးမှ ....

"ပတ်သက်နေတဲ့အကြောင်းတစ်ခုခုတော့ရှိလိမ့်မယ်၊ ဒါပေမယ့် ခုထိ ကျုပ်လဲစဉ်းစားလို့မရသေးဘူး၊ မိုးကြိုးဂိုဏ်းချုပ် ကွမ်းကြုံအိ လုပ်ကြံခံရပြီးကတည်းက ဒီကောင်ကြီးတစ်နေ့မဟုတ် တစ်နေ့ ကျုပ်ဆီရောက်လာလိမ့်မယ်ဆိုတာ ကြိုတင်သိပြီးသားပါ၊ အခုပဲ ဒီကောင်ကြီးရောက်လာပြီ၊ ခင်ဗျားတို့ဆီကိုလဲ အနေးနဲ့အမြန် ဆိုသလိုရောက်လာတော့မှာပါ၊ ဒါကြောင့် အခု ကျုပ်တို့ဆုံကြတုန်း ဘယ်လိုတုံ့ပြန်ကြမလဲဆိုတာ စဉ်းစားကြရင်မကောင်းဘူးလား"

တစ်ချိန်လုံးငြိမ်သက်စွာနားထောင်နေသောလူရွယ်က...

"ဘယ်လိုတုံ့ပြန်ရမလဲ၊ မီးကိုမီးနဲ့တုံ့ပြန်ရသလို သူချိန်းတဲ့အတိုင်းသွားပြီး သူ့ကိုရင်ဆိုင်လိုက်ရင် ပြီးတာပဲမဟုတ်လား"

ဂူထူးချန်က ဒေါသတကြီးအော်ငေါက်လိုက်သည်။

"တိတ်တိတ်နေစမ်း၊ သူချိန်းတဲ့နေရာသွားရင် သေမင်းဆီသွားတာနဲ့ အတူတူပဲ၊ လူအယောက်တစ်ရာသွားလဲ ရမှာမဟုတ်ဘူး နားလည်လား"

လူရွယ်မှာ စကားထပ်မပြောရဲတော့ဘဲ နှုတ်ဆိတ်သွား၏။ ပါးယီဟုန်က ဂူထူးချန်အားလှမ်းကြည့်လိုက်ပြီး ....

"ခင်ဗျားသဘောကကော ဘယ်လိုလဲ"

ဂူထူးချန်က ပြတ်သားသောလေသံဖြင့် ....



"ထွက်ပြေးပုန်းရှောင်နေကြမယ်"

"ဘယ်လို..... ဘယ်လို"

"ဟုတ်တယ် .... ဒီလိုရှောင်ပြေးရုံကလွဲပြီး တခြားရွေးစရာနည်းလမ်းမရှိတော့ဘူး"

"ဒါဆို ခင်ဗျားရဲ့လုပ်ငန်းတွေနဲ့ အိမ်ယာတွေကကော"

ဂူထူးချန်က ဖြည်းလေးစွာခေါင်းခါယမ်းလိုက်ပြီး ....

"လူ့အသက်ထက် ဘယ်ဟာကမှအရေးမကြီးပါဘူး"

ထိုစဉ် .... တစ်ချိန်လုံး ငြိမ်သက်စွာနားထောင်နေသော မိန်းမကြီးက အားမလိုအားမရဝင်ပြော၏။

"တစ်ချိန်က ရှင့်ရဲ့ သိုင်းလောကမာန်တွေဘယ်ရောက်ကုန်ပြီလဲ"

ဂူထူးချန်၏မျက်နှာ ချက်ချင်းညှို့မှိုင်းသွားသည်။

"ရှင်မရယ်၊ ဒီလိုလူမျိုးနဲ့ဖက်ပြီး ခိုက်ရန်မဖြစ်တာ ကောင်းလိမ့်မယ်၊ မင်းတို့အားလုံး အသက်ဘေးအန္တရာယ်က ကင်းလွတ်ဖို့ အရေးကြီးနေတယ်မဟုတ်လား"

"ဒါပေမယ့် မနက်ဖြန် ...."

"မနက်ဖြန် ဘာဖြစ်လဲ"

မိန်းမကြီးက ဂူထူးချန်အား နားမလည်နိုင်စွာကြည့်ပြီး ....

"ဖိတ်စာတွေ ကမ်းပြီးနေပြီလေ"

"အို ....ဒါကအရေးမကြီးပါဘူး၊ အချိန်တွေရှိသေးတာပဲ၊ အခုသိမ်းစရာရှိတာတွေ အမြန်သိမ်းပြီး မင်းတို့သားအမိ ခဏရှောင်နေကြပါ"

"ရှင်ကကော ...."

ဂူထူးချွန်က ကျားရဲညီနောင်နှစ်ဦးဘက်လှည့်လိုက်ပြီး ....

"ကျုပ်နဲ့ဒီကမိတ်ဆွေနှစ်ဦး တခြားလမ်းကနေ ထွက်ပြေးကြမယ်"

မိန်းမကြီးက မျက်မှောင်ကုပ်ကာ ....

"ဘာဖြစ်လို့ အတူတူမပြေးတာလဲ"

ဂူထူးချွန်က ပျာပျာသလဲဖြင့် ....

"ဟာ .... အတူတူပြေးလို့ဘယ်ဖြစ်မလဲ၊ ပိုက်ကွန်တစ်ခုထဲကို စုပြုံတိုးဝင်သလိုဖြစ်သွားမှာပေ့ါ၊ တစ်ဘက်ရန်သူဟာ မင်းတို့သားအမိကိုသိတာမဟုတ်ဘူး၊ ကဲ .... ခုပဲ ခရီးထွက်ဖို့ပြင်ကြ"

လူရွယ်က စိတ်လှုပ်ရှားသောအသံဖြင့် ....

"ဖေဖေ ...."

ဂူထူးချွန်က သူ့သားကို စကားဆက်ပြောခွင့်မပြုဘဲ လက်ကာပြလိုက်၏။ ပြီးနောက် ကျယ်လောင်သောအသံဖြင့် ....

"သေရေးရှင်ရေးတမျှအရေးကြီးတဲ့အချိန်မှာ အပိုစကားတွေ လာပြောမနေစမ်းနဲ့ မြန်မြန်သွားကြ"

ဂူထူးချွန်က သားသမိနှစ်ဦးအား မောင်းထုတ်လိုက်၏။ ဂူထူးချွန်၏ဇနီးနှင့်သားထွက်သွားသောအခါ ပါးအော့ဟုက မျက်နှာငယ်ငယ်ဖြင့်မေးလိုက်၏။

"ကျုပ်တို့ကကော ဘယ်ကိုသွားပြီးဘာလုပ်ကြမလဲ"

ဂူထူးချွန်က အနည်းငယ်စဉ်းစားလိုက်ပြီး ....

"အခု ကျုပ်တို့အဝတ်လဲလိုက်ကြရအောင်၊ ပြီးမှ မြင်းနဲ့ ဖုန်းချိုးမြို့ပြင်ရောက်အောင်သွားကြမယ်၊ မြို့ပြင်ရောက်မှ ဘာဆက်လုပ်ကြမယ်ဆိုတာ စဉ်းစားကြတာပေ့ါ"



သို့ဖြင့် သုံးယောက်သား မြင်းကိုယ်စီဖြင့်ထွက်ခဲ့ကြလေတော့သည်။ မကြာမီ ဖုန်းချိုးမြို့ပြင်သို့ ရောက်လာကြ၏။ မြို့ပြင်ရောက်၍ အနည်းငယ်ခရီးဆက်နှင်လာမိကြသောအခါ လမ်းမကြီးမှ ခွဲထွက်သွားသောလမ်းသွယ်လေးဆီသို့ ရောက်လာကြ၏။ ရှေ့မလှမ်းမကမ်းတွင် သစ်တောအုပ်တစ်ခုအား တွေ့မြင်ကြရလေ၏။ မြင်းသုံးစီးသည် ပြေးနေရင်းမှရပ်သွား၏။

"ကျုပ်တို့ ဘယ်ကိုခရီးဆက်ကြမလဲ"

ပါးအော့ဟုက မေးလိုက်၏။

ဂူထူးချွန်ထံမှ ဖြေကြားသံထွက်ပေါ်လာသည်။

"ကျုပ်တို့ ဒီနေရာကပဲ လမ်းခွဲပြီး ကိုယ့်လမ်းကိုယ်သွားကြတာပေ့ါ"

အစ်ကိုကြီးပါးယိဟုန် အံ့အားသင့်သွားပြီး ....

"ဟင် .... ဘယ်လိုလမ်းခွဲမယ်ဟုတ်လား"

ဂူထူးချွန် ခေါင်းညိတ်လိုက်ပြီး ....

"အင်း .... ဟုတ်တယ်၊ ကျုပ်တို့ လမ်းခွဲကြရလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ တစ်ဘက်ရန်သူဟာ ချိန်းထားတဲ့ ဟိုထန်ကန်တော်ပြင်မှာ စောင့်နေတာကြာလို့မလာရင် ကျုပ်တို့အနံ့ကိုခံပြီး ကျုပ်တို့နောက်ကိုလိုက်လာနိုင်တယ်၊ ဒါကြောင့် ကျုပ်လမ်းမကြီးကခွဲပြီး ဆင်းလာခဲ့တာပေ့ါ"

ထိုစဉ် .... အရှေ့ဘက်တောအုပ်ဆီမှ ရယ်မောသံကိုကြားလိုက်ရ၏။ ဂူထူးချွန်က ထိတ်လန့်တကြီးဖြင့် ....

"ကျုပ်တို့ မြန်မြန်ခရီးဆက်နှင်ကြစို့"

သို့သော် သူတို့ခရီးဆက်မနှင်မိမှာပင် လူရိပ်တစ်ခုက သူတို့

ရှေ့သို့ရောက်လာ၏။ ရောက်လာသူမှာ လူရွယ်တစ်ဦးဖြစ်သည်။ သူ၏မျက်လုံးအစုံက မီးဝင်းဝင်းတောက်နေ၏။

"ဟေ့ .... ဘယ်သူလဲ"

ဂူထူးချန်ကဏ္ဍနွေဆည်ရင်း ခပ်တည်တည်လှမ်းမေးလိုက်သည်။ တစ်ဘက်မှ အေးစက်မာကျောသောအသံတစ်သံ ချက်ချင်းထွက်ပေါ်လာ၏။

"ခင်ဗျားတို့ကိုစောင့်ကြိုနေတဲ့ ထန်စုကျင်းပဲဗျ"

ထိုအသံကြားသည်နှင့် မြင်းသုံးစီးသည် အရပ်သုံးမျက်နှာသို့ ဦးတည်ပြီး ထွက်ပြေးရန် ဟန်ပြင်လိုက်ကြ၏။ သို့သော် လူရိပ်က လျင်မြန်စွာလှုပ်ရှားလိုက်ရာ မြင်းဟီသံများထွက်ပေါ်လာပြီး မြင်းများအားလုံး ခြေကြောများအဖြတ်ခံလိုက်ရသကဲ့သို့ ပုံလျက်သား လဲကျသွားကြကုန်၏။ မြင်းပေါ်မှ လူများလည်း မြေပေါ်သို့ ဒလိမ့်ခေါက်ကွေး ကျကုန်တော့သည်။

"ခင်ဗျားတို့ ဘယ်ပြေးကြမလို့လဲဗျ၊ နေကြပါဦးလေ၊ အေးအေးဆေးဆေးဆွေးနွေးကြရအောင်"

သုံးယောက်စလုံး ကျောချင်းကပ်ကာ လက်နက်များကို ဆွဲထုတ်လိုက်ကြ၏။

"ဂူထူးချန်နဲ့ကျားရဲညီနောင် ခင်ဗျားတို့ပြေးလို့မလွတ်တော့ပါဘူး၊ ခုချိန်ဟာ ခင်ဗျားတို့ သွေးကြွေးပြန်ဆပ်ရမယ့်အချိန်ရောက်နေပြီ"

ပါးယီဟုန်က လျှပ်စီးလက်သကဲ့သို့ လျင်မြန်သောအရှိန်ဖြင့် နံဘေးတောအုပ်တွင်းသို့ပြေးဝင်လိုက်၏။ ယင်းနှင့်တစ်ပြိုင်တည်းမှာပင် လူရိပ်တစ်ရိပ်ကလည်း သူ့ထံသို့ပြေးလိုက်သွား၏။



အရိပ်နှစ်ခု လေထဲ၌တွေ့ဆုံသွားကာ ....

"အား ...."

နာကျင်စွာ အော်လိုက်သောအသံတစ်သံ ချက်ချင်းထွက်ပေါ်လာသည်။ လူရိပ်တစ်ရိပ်လည်း မြေပေါ်သို့လဲကျသွား၏။

နောက်လူရိပ်တစ်ရိပ်က မူလနေရာသို့ ပြန်လည်ရောက်ရှိလာ၏။ ထိုလူရိပ်ကား ထန်စုကျင်းပင်ဖြစ်ပေသည်။

လျှပ်တစ်ပြက် လေထဲခုန်တက်ပြီး ပါးယီဟုန်အား တိုက်ခိုက်လိုက်သည့်အချိန်နှင့် မူလနေရာသို့ ပြန်လည်ရောက်ရှိလာသည့်အချိန်မှာ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း၌သာဖြစ်သည်။

ပါးယီဟုန်လဲကျသွားသည်ကိုမြင်သည့်အခါ ပါးအော့ဟုမှာ ဒေါသချောင်းချောင်းထွက်သွားပြီး ထန်စုကျင်းအား အတင်းဝင်ရောက်တိုက်ခိုက်တော့၏။

"ခြွမ် .... ချလွမ် ...."

ဓားနှစ်လက်ဆုံတွေ့သံထွက်ပေါ်လာပြီး ပါးအော့ဟု၏လက်ထဲမှဓားသည် ထက်ပိုင်းကျိုးသွား၏။ ပါးအော့ဟု ထိတ်ခနဲဖြစ်သွားသည်။ ယင်းအချိန်လေးအတွင်းမှာပင် ပါးအော့ဟု၏ရင်ဝ၌ ကျင်ခနဲခံစားလိုက်ရပြီး ....

"အား ...."

အော်ညည်းသံနှင့်အတူ ပါးအော့ဟုမှာ ရုတ်တရက် အရပ်ကြီးပြတ်လဲကျသွားတော့၏။ အဆိပ်ဘုရင်ဂူထူးချန်သည် ထိတ်လန့်တကြားဖြစ်ကာ သစ်တောအုပ်အတွင်းသို့ပြေးဝင်သွား၏။

"ခင်ဗျားကြီး ဘယ်ပြေးမလို့လဲ"

ထန်စုကျင်းက ကျယ်လောင်စွာဖြင့်အော်ငေါက်ရင်း ပြေး

လိုက်သွား၏။ သို့သော် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ပင် ဂူထူးချန်မှာ တောအုပ်အတွင်းသို့တိုးဝင်ပျောက်ကွယ်သွား၏။

ထန်စုကျင်းမှာ မကျေမနပ်ဖြစ်ကာ မတွေ့တွေ့အောင် ရှာဖွေရန်ဆုံးဖြတ်လိုက်လေ၏။

◆ ◆ ◆

## ကယ်တင်ရှင်

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် အဆိပ်ဘုရင် ဂူထူးချန်သည် မျက်စိရှေ့မှောက်မှပျောက်ကွယ်သွားသဖြင့် ထန်စုကျင်းမှာ မကျေမချမ်းဖြစ်ပြီး တောအုပ်တစ်ခုလုံး ကွေ့ပတ်ရှာဖွေလေသည်။

ထိုသို့ရှာနေစဉ် ရုတ်တရက် ဝမ်းဗိုက်တစ်နေရာတွင် မြွေကိုက်ခံလိုက်ရသကဲ့သို့ စစ်ခနဲနာကျင်စွာခံစားလိုက်ရ၏။

ထန်စုကျင်းစိတ်ထဲတွင် အကြီးအကျယ်တုန်လှုပ်သွား၏။ အဆိပ်လက်နက်ပုန်းထိမှန်ခံလိုက်ရပြီဖြစ်ကြောင်း ချက်ချင်းသိလိုက်သည်။ ဂူထူးချန် မည်သည့်နေရာတွင် ပုန်းအောင်းနေသနည်း။

"ဂူထူးချန် သတ္တိရှိရင်ထွက်ခဲ့"

မည်သည့်တုံ့ပြန်သံမျှ ထွက်မလာ ....

ထန်စုကျင်းက ထပ်၍အော်ပြောလိုက်ပြန်၏။

"ခင်ဗျားပြေးလို့ မလွတ်တော့ဘူးဆိုတာသိရဲ့လား"

ဤတစ်ကြိမ်တွင် ... တစ်ဘက်မှတုံ့ပြန်သံက ရုတ်တရက် ထွက်ပေါ်လာ၏။



"ဟား .... ဟား .... ဟား .... ထန်စုကျင်း မင်း သိပ်အော်မနေနဲ့၊ မင်း မနက်မိုးလင်းတဲ့အထိ နေရမှာမဟုတ်တော့ဘူး"

ထွက်ပေါ်လာသောအသံမှာ ထန်စုကျင်းနှင့် သုံးလေးလံအကွာခန့်မှဖြစ်သည်။ ထန်စုကျင်းက အသံထွက်ပေါ်လာရာဆီသို့ ဦးတည်၍ခုန်တက်လိုက်၏။ ဤတွင် သူ၏ဦးခေါင်းမှာ မူးဝေသွားပြီး ခန္ဓာကိုယ်မှာလည်းယိမ်းယိုင်ကာ လဲကျမတတ်ဖြစ်သွားလေသည်။

အဆိပ်၏အာနိသင်က အလွန်ပြင်းထန်ကြောင်း ခံစားသိရှိလိုက်ရသည်။ ထန်စုကျင်းက အဆိပ်များ နှလုံးအတွင်းသို့ မရောက်ရှိစေရန် အတွင်းအားဖြင့်ခုခံထားလိုက်၏။

လက်တစ်ဖက်ဖြင့်လည်း ဝမ်းဗိုက်ကို ပြန်ကိုင်ကြည့်လိုက်မိ၏။ စိုစွတ်သောအရာကို ထိတွေ့ခံစားလိုက်ရသည်။ သွေးများဖြစ်ကြောင်း ချက်ချင်းသိလိုက်၏။ ထို့နောက် မာကျောသည့်အရာတစ်ခုကိုစမ်းမိပြန်ရာ ရုတ်တရက်ဆွဲနှုတ်ကြည့်လိုက်သည်။ နှစ်လက်မခန့်ရှည်သော အဆိပ်အပ်တစ်ချောင်းဖြစ်နေလေသည်။

"ဟား .... ဟား .... ဟား ထန်စုကျင်း နောင်နှစ်ဒီအချိန်ဟာ မင်းအတွက် သေဆုံးခြင်းရဲ့နှစ်ပတ်လည်နေ့ပေါ့ကွာ"

ကြားနေရသောအသံမှာ တဖြည်းဖြည်းဝေးသွား၏။

ထန်စုကျင်းမှာ ဒေါသအကြီးအကျယ်ထွက်ကာ အတွင်းအားကို အတတ်နိုင်ဆုံး ပြန်လည်စုစည်းပြီး ဂူထူးချန်နောက်သို့ ပြေးလိုက်သွားလေတော့၏။

◆ ◆ ◆

အတွင်းအားဖြင့် ခုခံထားသည့်တိုင် အဆိပ်များသည် တဖြည်းဖြည်းနှင့် တစ်ကိုယ်လုံးပျံ့နှံ့လာ၏။ ဦးခေါင်းတစ်ခုလုံး ရီဝေလာပြီး ဂူထူးချန်နောက်သို့ မလိုက်နိုင်တော့ဘဲ လဲကျသွားတော့၏။

"ငါမသေရဘူး၊ ငါမသေနိုင်သေးဘူး"

ထန်စုကျင်းသည် စိတ်ထဲမှကျိတ်၍အားတင်းပြီး လဲနေရာမှ လူးလဲထလိုက်ပြန်သည်။ သို့သော် သုံးလေးလှမ်းမျှလှမ်းပြီးသည်နှင့် ကိုယ်ကိုမထိန်းနိုင်ဘဲ လဲကျသွားပြန်၏။

ဤတစ်ကြိမ်တွင်တော့ လုံးဝမလှုပ်ရှားနိုင်တော့ဘဲ အရာအားလုံးဝေဝါးသွားလေသည်။ ထိုစဉ် လူရိပ်တစ်ရိပ်သည် သူ၏အနီးသို့ ရုတ်တရက်ရောက်ရှိလာပြီး သူ၏ရင်ဝဆီသို့ ဓားရှည်နှင့် ထိုးစိုက်လိုက်သည်ကိုမြင်လိုက်ရသည်။ ထို့နောက် လောကကြီးတစ်ခုလုံးအား မေ့သွားလေတော့၏။

◆ ◆ ◆

နေရောင်ခြည်သည် သစ်ကိုင်းသစ်ရွက်ကြားမှ ကိုယ်ပေါ်သို့ ထိုးကျလာ၏။ ညကအဖြစ်အပျက်အားလုံးကို ထန်စုကျင်း ပြန်လည်စဉ်းစားလိုက်၏။ အဖြစ်အပျက်အားလုံးသည် အိပ်မက်ပမာဖြစ်နေသည်။ ပထမ မိမိသည် အဆိပ်အပ်ထိပြီးလဲကျသွား၏။ ထို့နောက် လူရိပ်တစ်ရိပ်က မိမိရင်ဝအား ဓားရှည်နှင့်ထိုးစိုက်လိုက်၏။

သို့သော် ယခု မိမိသည် မသေသည့်အပြင် အဆိပ်သင့်ခြင်းမှလည်းလွတ်မြောက်နေ၏။ အလွန်ပင် အံ့သြဖွယ်ရာကောင်းနေ၏။

ထန်စုကျင်းသည် လဲလျောင်းနေရာမှ ဘေးဘီဝဲယာသို့ ဝေ့ကြည့်လိုက်သည်။



ထိုအခါ ... သူနှင့်ခပ်လှမ်းလှမ်းနေရာတွင် လူတစ်ယောက်လဲကျနေသည်ကိုတွေ့လိုက်ရ၏။ ထန်စုကျင်းသည် ရုတ်တရက် ထရပ်ပြီး အနီးကပ်ကြည့်လိုက်၏။

ထိုအခါ ထန်စုကျင်းမှာ အကြီးအကျယ်အံ့သြတုန်လှုပ်သွားရလေတော့၏။ သွေးအိုင်ထဲ လဲကျနေသူမှာ ဂူထူးချန်ဖြစ်နေသည့်အတွက်ကြောင့်ဖြစ်သည်။

ဂူထူးချန်သေဆုံးနေသည်မှာ အတော်ကြာပြီဖြစ်၏။ ဂူထူးချန်အား မည်သူကသတ်လိုက်သနည်း။

ဤအတိုင်းဆိုလျှင် မိမိ၏နောက်တွင် အရိပ်ပမာ ထက်ကြပ်မကွာလိုက်နေသူတစ်ဦး ရှိနေပေပြီ။

ထိုသူ မည်သူနည်း။

အရိပ်မဲ့ပင်လော .....

ဂူထူးချန်၏အလောင်းကိုကြည့်လျက် ထန်စုကျင်း စဉ်းစားနေစဉ် သစ်ရွက်လှုပ်ရှားသံကြားလိုက်ရပြီး လူရိပ်တစ်ရိပ်ထွက်ပေါ်လာ၏။ ဝတ်စုံနက်ဝတ်ထားပြီးမျက်နှာဖုံးစွပ်ထားသော မိန်းကလေးတစ်ဦးဖြစ်၏။ သူမသည် ထန်စုကျင်းအနီးသို့လျှောက်လာ၏။

ထန်စုကျင်းက ထိုမိန်းကလေးအား သေချာစွာကြည့်လိုက်ရာ လက်မရွံ့ဂူရဲ၏သမီး ကျန်ရှင်းယွင်၏အစ်မတော် ရီယင်ဖြစ်နေသည်ကိုတွေ့လိုက်ရ၏။ ထန်စုကျင်း၏ စိတ်ထဲတွင် လှုပ်ရှားသွား၏။

မိမိအား သူမကပင် ကယ်တင်လိုက်သည်လော။

အဘယ်ကြောင့် သူမသည် ဤနေရာသို့ ရောက်လာရသနည်း။

ထန်စုကျင်းက လက်ဖမိုးနှစ်ခုယှက်လျက် နှုတ်ဆက်စကား

ပြောလိုက်၏။

"အစ်မတော်ရီယင် အခုလို မမျှော်လင့်ဘဲတွေ့ရတဲ့အတွက် ဝမ်းသာပါတယ်"

ရီယင်မှာ မျက်နှာအား မျက်နှာဖုံးစွပ်ထားသဖြင့် သူမ၏ မျက်နှာအား အကဲခတ်၍မရပေ။ သို့သော် သူမ၏မျက်လုံးအစုံက ထန်စုကျင်းအား မနှစ်မြို့သည့်အမူအရာပြနေ၏။

ထန်စုကျင်းက ရီယင်အား စူးစိုက်ကြည့်ရင်း ....

"ဒီလူကြီးကို ခင်ဗျားသတ်လိုက်တာလား"

ဟုမေးလိုက်၏။ ရီယင်က အေးစက်သောအမူအရာဖြင့် ပြန်ဖြေလိုက်သည်။

"မဟုတ်ဘူး"

"ဗျာ .... "

ထန်စုကျင်း အံ့သြသွား၏။

"ဒါဆို ကျုပ်ကို ဘယ်သူကကယ်တင်လိုက်တာပါလိမ့်"

ရီယင်က မာကျောသောလေသံဖြင့်ပင် ....

"မင်းကိုသတ်သင့်တဲ့လူတစ်ယောက်က မင်းကိုကယ်လိုက်တာပဲ"

ထန်စုကျင်းမှာ နားမလည်နိုင်အောင်ဖြစ်သွား၏။ ထို့ကြောင့် ရီယင်အား နားမလည်နိုင်စွာကြည့်လိုက်ပြီး ....

"ဒါဆို ဘယ်သူလဲ"

"ငါ့ရဲ့သနားစရာကောင်းတဲ့ ညီမလေးပဲပေါ့"

ကြားလိုက်ရသောစကားကြောင့် ထန်စုကျင်းမင်တက်မိသွား၏။ စိတ်ထဲတွင်လည်း ရှုပ်ထွေးသွားသည်။



ယခု ရီယင်၏ပြောစကားအရဆိုလျှင် မိမိအားကယ်တင်လိုက်သူမှာကျန်ရှင်းယွင်ဖြစ်နေသည်။

ထန်စုကျင်း၏မျက်နှာ ချက်ချင်းနီရဲသွားပြီး ....

"အခု သူဘယ်မှာလဲ"

ရီယင်ကနှာခေါင်းရှုံ့ကာ ....

"မင်းရဲ့သစ္စာမရှိတဲ့မျက်နှာကိုမကြည့်ချင်လို့ အခု သူထွက်သွားပြီ"

ထန်စုကျင်းမှာ ဘာမျှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွား၏။ အတန်ကြာမှခေါင်းပြန်မော့လာပြီး ....

"ကျုပ်ကို ဘာကြောင့်သစ္စာမရှိတဲ့လူလို့ပြောရတာလဲ"

ရီယင်ကလှောင်ရယ်ရယ်ကာ ....

"ဩော် .... မိန်းကလေးတစ်ယောက်ကို မှိုချိုးမျှစ်ချိုးချိုးပြီး စွန့်ပစ်သွားတဲ့လူကို သစ္စာမရှိတဲ့လူလို့မပြောဘဲ ဘယ်လိုပြောရမလဲ"

ထန်စုကျင်းမှာ မခံမရပ်နိုင်ဖြစ်သွားပြီး ....

"နေပါဦး .... ဒီကိစ္စကို ခင်ဗျားကအစအဆုံးသိလို့လား"

ရီယင်က အေးစက်စွာတစ်ချက်ရယ်လိုက်၏။

"ထန်စုကျင်း .... ပြီးခဲ့တဲ့အဖြစ်တွေကို ဘယ်သူမှားတယ်၊ မှန်တယ် မပြောချင်တော့ဘူး၊ ဒါပေမယ့် ညီမလေးဟာ မင်းကိုချစ်နေတုန်းပဲဆိုတာတော့အမှန်ပဲ၊ မင်း .... မင်းဟာ တကယ်တော့ သူ့ရဲ့နှလုံးသားကိုချေမွပစ်ခဲ့တဲ့လူယုတ်မာပဲ"

ထန်စုကျင်းက မချိပြုံးပြုံးကာ ....

"ဒီမှာရီယင် .... ခင်ဗျားကို သူပြောမပြဘူးလား"

"ဘာကိုပြောပြရမှာလဲ"

"သူ့မှာတခြားကြင်နာရမယ့်သူရှိနေပြီဆိုတဲ့အကြောင်းကို လေ"

ရီယင်မှာ ထောင်းခနဲဒေါသထွက်ကာ ....

"မင်းပါးစပ်ရှိတိုင်း တွေ့ကရာတွေလျှောက်ပြောမနေနဲ့" ထန်စုကျင်း ကြောင်သွား၏။

"ကျုပ်က ပါးစပ်ရှိတိုင်းလျှောက်ပြောနေတာမဟုတ်ဘူးဗျ၊ ခင်ဗျားညီမရဲ့ပါးစပ်ကပြောတာပဲ"

ရီယင်က ထန်စုကျင်း ပြန်ပြောသည့်စကားကို ဂရုမစိုက်ဟန်ဖြင့် ဒေါသတကြီးပြန်ပြောသည်။

"တကယ်လို့ သူနဲ့သာ မင်းမတွေ့ရင် မင်းဟာ ဂူထူးချန်ရဲ့ အဆိပ်ဒဏ်နဲ့ သေနေတာကြာလှပြီ၊ ဒါတောင် မင်း အခုထိသဘောမပေါက်သေးဘူးလား"

ထန်စုကျင်းက မျက်လွှာချကာ ....

"ဒီအတွက်တော့ ကျုပ်ကအများကြီးကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ရုံနဲ့ ပြီးမလား"

"ဒါဆို ကျုပ်ကဘာလုပ်ပေးရဦးမှာလဲ"

"ဘာမှလုပ်ပေးဖို့မလိုပါဘူး၊ မင်းသိအောင်ပြောတာ၊ ဒါနဲ့ ငါ့ညီမမှာ ကြင်နာရမယ့်သူရှိနေပြီဆိုတာ တကယ်ပဲလား"

ထန်စုကျင်းက ခေါင်းညိတ်လိုက်ပြီး ....

"တကယ်ပါ"

"သူ့ရဲ့စကားအဓိပ္ပါယ် ဘယ်လိုရှိတယ်ဆိုတာကိုကော ရှင်သိရဲ့လား"

ထန်စုကျင်းက ဒုတိယအကြိမ်ခေါင်းခါယမ်းလိုက်ပြီး ....



"ဟင့်အင်း .... ကျုပ်မသိဘူး"

ရီယင်က ခနဲ့သံဖြင့်တစ်ချက်ရယ်လိုက်၏။

"ဟင်း .... ဟင်း .... ထန်စုကျင်း မင်း သေသေချာချာနားထောင်၊ တကယ်တော့ သူဟာ ကိုယ့်ကိုယ်ကိုသတ်သေတော့မလို့ပဲ၊ ဒါပေမယ့် သူသေလို့မဖြစ်ဘူးဆိုတာ သူ့ကိုယ်သူသိတယ်၊ ဘာကြောင့်လဲဆိုတော့ မင့်ရဲ့ရင်သွေးကို သူ့ဝမ်းဗိုက်ထဲမှာလွယ်ထားရတဲ့အတွက်ကြောင့်ပဲ"

"ဗျာ"

ရီယင်၏စကားက မိုးကြိုးသွားကဲ့သို့ထန်စုကျင်း၏ဦးခေါင်းတစ်ခုလုံးအား သွက်သွက်ခါသွားစေ၏။ ထန်စုကျင်းမှာ လဲကျမသွားအောင် မနည်းပင်ထိန်းထားလိုက်ရ၏။

မိမိတို့နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် အထင်လွဲမှားခဲ့ခြင်းဖြစ်ကြောင်းသိလိုက်၏။

"ဒါ .... ဒါဆို သူဘာဖြစ်လို့မပြောတာလဲ"

ဤတွင် ရီယင်ကဒေါသတကြီးဖြင့် ....

"မင်းကကော သူ့ကိုဖြေရှင်းခွင့်ပေးလို့လား၊ မင်းဟာ သူ့ကို တစ်ဖက်သတ်အထင်မှားခဲ့တယ်၊ ဒီအတွက် သူဟာ မင်းကိုအသနားခံ ရှင်းမပြချင်လို့ ခုလိုထွက်သွားခဲ့တာပဲ"

ထန်စုကျင်းမှာ စိတ်လှုပ်ရှားနေ၏။

"အခု သူဘယ်ရောက်နေလဲ၊ ကျုပ် သူ့ကိုတွေ့အောင်ရှာမှဖြစ်မယ်"

ရီယင်က ဆွေးရိပ်သန်းသော မျက်လုံးအစုံဖြင့် ထန်စုကျင်းအား ကြည့်လိုက်ပြီး ....

"မင်း သူ့ကိုလိုက်ရှာနေလဲ အပိုပဲ၊ သူ မင်းကို လုံးဝမတွေ့ချင်တော့ဘူး"

ထန်စုကျင်းက ရီယင်အား ဝမ်းနည်းစွာ တစ်ချက်ကြည့်လိုက်ပြီး တိုးညှင်းသောလေသံဖြင့် ....

"ကျုပ်အမှားဝန်ခံပါတယ်၊ အခု ဘယ်မှာရှိနေတယ်ဆိုတာကိုပြောပြပါ"

ရီယင်က ခေါင်းကိုဖြည်းလေးစွာခါယမ်းပြလိုက်ပြီး ....

"သူ ဘယ်ကိုထွက်သွားတယ်ဆိုတာ ငါတကယ်မသိဘူး၊ စကုတောင်ကြားကအိမ်ကိုလဲ မင်းရဲ့မိတ်ဆွေဝိညာဉ်နှုတ်အဘိုးအိုက ဖျက်ဆီးပစ်လိုက်ပြီလို့ပြောတယ်၊ ဒါကြောင့် .... သူ့အတွက် နေရာသစ်ရှာရအောင် ထွက်သွားတာဖြစ်မှာပေါ့"

ထန်စုကျင်းသည် သူနှင့်ကျန်ရှင်းယွင်တို့၏ အတိတ်ကဖြစ်ရပ်များကို တရေးရေးတွေးမြင်ရင်း နောင်တရလာမိသည်။

ယခင်က အေးစက်မာကျော တင်းမာနေသည့် သူ၏နှလုံးသားသည် ယခုအချိန်တွင် အရည်ပျော်သွားချေပြီ။

ထန်စုကျင်းက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး ....

"ရီယင် ခင်ဗျားဆီက ကျုပ်အကူအညီတောင်းခံပါရစေ၊ သူအခုဘယ်မှာရောက်နေသလဲဆိုတာပြောပြပါ"

ရီယင်က ခေါင်းခါယမ်းလိုက်ပြန်၏။

"ငါတကယ်မသိပါဘူး .... တကယ်တော့ မင်းရဲ့မာကျောတင်းမာတဲ့စိတ်က အခု မင်းကိုပြန်နှိပ်စက်လိုက်တာပဲ၊ ဒါပေမယ့် ငါတတ်နိုင်သလောက်တော့ ကူညီပေးပါ့မယ်၊ ဒီတစ်ခါ သူနဲ့ငါ ပြန်တွေ့ရင် အကြောင်းစုံပြောပြပေးပါ့မယ်"



ထန်စုကျင်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ....

"ကျေးဇူးအထူးပဲတင်ပါတယ်ခင်ဗျာ"

ရီယင်က အေးစက်သောအသံဖြင့် ....

"ကျေးဇူးတင်စရာမလိုပါဘူး၊ တစ်ခုတော့ရှိတယ်၊ ခုအချိန်ကစပြီး သူ့ကိုနောက်ထပ်မနှိပ်စက်ဖို့ ကတိပေးပါ"

ထန်စုကျင်းက ချက်ချင်းခေါင်းညိတ်လိုက်၏။

"စိတ်ချပါ ကျွန်တော်ကတိပေးပါတယ်"

ရီယင်က ခေတ္တစဉ်းစားနေလိုက်ပြီးမှ ....

"ထန်စုကျင်း မင်းကို နောက်ထပ်တစ်ခုမေးချင်သေးတယ်၊ ဝိညာဉ်နှုတ်အဘိုးအိုဟာ မင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ထန်စုကျင်း မျက်မှောင်ကုပ်သွားသည်။

"အစ်မတော်ရဲ့ဦးရီးတော် မိုးခေါင်ဓားစုလိန်ဟုအသတ်ခံရတဲ့အတွက် ပြန်လက်စားချေမလို့လား"

ရီယင်က အသံမာဆတ်ဆတ်ဖြင့် ....

"ဟုတ်တယ်၊ ဒီအတွက်အဖြစ်မှန်ကိုသိချင်တယ်"

"ဒါဟာ အစ်မတော်အဖေရဲ့အမိန့်လား"

ရီယင်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ....

"ဟုတ်တယ်"

ထန်စုကျင်းက အတန်ကြာအောင်စဉ်းစားနေပြီးမှ ....

"ကျုပ်နဲ့ဝိညာဉ်နှုတ်အဘိုးအိုက မိတ်ဟောင်းဆွေဟောင်းတွေပါ၊ သူဟာ မကောင်းမှုကိုဖယ်ရှားပေးတဲ့ပုဂ္ဂိုလ်ကြီး တစ်ဦးလဲဖြစ်ပါတယ်၊ အခုလဲ သူက ကျုပ်အတွက်လက်စားချေပေးလိုက်တဲ့ သဘောပါပဲ"

ထန်စုကျင်းက ဝိညာဉ်နှုတ်အဘိုးအိုသည် မိမိကရုပ်ပြောင်းထားခြင်းဖြစ်ကြောင်း ထုတ်ဖော်မပြောချင်သေးသဖြင့် ယခုကဲ့သို့ ဖုံးကွယ်ပြောဆိုလိုက်ခြင်းဖြစ်သည်။

ရီယင်က ခေါင်းခါယမ်းလိုက်ပြီး ....

"အဖေက ထွက်လာမှာမဟုတ်ပါဘူး၊ ခုဖြစ်ရတဲ့အကြောင်းကိုသာ ဘာ့ကြောင့်ဖြစ်ရသလဲလို့စုံစမ်းခိုင်းတာပါ"

ဤတွင် ထန်စုကျင်းက သူသိချင်သောအကြောင်းကို မေးလိုက်သည်။

"မိုးခေါင်ဓားစုလိန်ဟုကို အစ်မတော်ရဲ့အဖေက သိုင်းပညာအားလုံးဖျက်ဆီးပစ်လိုက်တယ်ဆိုတာ အမှန်ပဲလား"

သိချင်ဇောကြောင့် လွှတ်ခနဲမေးလိုက်ပြီးကာမှ ထန်စုကျင်းသတိရလာသည်။ ဤအချက်မှာ သူတစ်ပါး၏လျှို့ဝှက်ချက်ဖြစ်၍ သူ့အနေဖြင့် မမေးသင့်ကြောင်းသတိရလိုက်ခြင်းဖြစ်သည်။

သို့သော် နှုတ်ကလွှတ်ခနဲမေးမိလျက်သားဖြစ်သွားချေ၏။

ရီယင်မှာ အံ့ဩထိတ်လန့်သွားဟန်ဖြင့် ....

"ဒီအကြောင်းကို မင်းဘယ်သူ့ဆီကကြားလာတာလဲ"

ထန်စုကျင်းက ချက်ချင်းပြန်မဖြေသေးဘဲ ခေတ္တတွေဝေ၍စဉ်းစားလိုက်၏။ ပြီးမှ ....

"ဝိညာဉ်နှုတ်အဘိုးအိုဆီကကြားရတာပါ"

ရီယင်ခေါင်းငုံ့သွားသည်။

"ဟုတ်တယ် မင်းသိထားပြီးပြီဆိုတော့ မင်းကို လိမ်ညာနေဖို့ မလိုတော့ဘူး၊ တစ်ချိန်တုန်းက အဖေနဲ့အမေဟာ အထင်မှားမှုနဲ့ အကြီးအကျယ်ရန်ဖြစ်ခဲ့ကြတယ်၊ နောက်တော့ ဒီလိုဖြစ်ရတာဟာ



ဦးရိုးတော်စုလိန်ဟုရဲ့ပယောဂကြောင့် ဆိုတာကို သိလာရတယ်၊ ဒါကြောင့် ဖေဖေဒေါပွပြီး ဦးရိုးတော်ရဲ့သိုင်းပညာသင်ဘက်ညီနောင်အဖြစ်က စွန့်လွှတ်လိုက်တယ်"

ထန်စုကျင်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ....

"ကောင်းတယ် သိပ်ကောင်းတယ်"

ထိုသို့မှတ်ချက်ပြုလိုက်ပြီး ထန်စုကျင်းက အနည်းငယ်စဉ်းစားဟန်ပြုပြီး ....

"နေပါဦး .... အစ်မတော်ကကော ဘာကိစ္စနဲ့အိမ်က ထွက်လာရတာလဲ"

ရီယင်က ချက်ချင်းပြန်ဖြေသည်။

"ညီမတော်ကျန်ရှင်းယွင်အတွက်နဲ့ ထွက်လာတာပါ၊ ညီမကျန်ရှင်းယွင်က သေတဲ့အထိအိမ်မပြန်တော့ဘူးလို့သစ္စာဆိုခဲ့တယ်၊ ဒါကြောင့် ငါလဲ သူ့ကိုဘယ်လိုဖျောင်းဖျရမှန်းမသိဘူးဖြစ်နေတယ်"

ထန်စုကျင်း စိတ်လှုပ်ရှားလာကာ ....

"ကျုပ်သူ့ကို မတွေ့တွေ့အောင်လိုက်ရှာမယ်"

ဟုပြောလိုက်၏။

ရီယင်က သက်ပြင်းအသာချရင်း ....

"ကောင်းပြီလေ ငါလဲ ကူရှာပါ့မယ်၊ ခုချိန်လောက်နဲ့တော့ သူအဝေးကြီးမရောက်နိုင်သေးပါဘူး၊ ကဲ .... ငါသွားတော့မယ်"

ပြောပြောဆိုဆိုပင် ရီယင်သည် သစ်တောအုပ်အပြင်ဘက်သို့ ထွက်သွားလေတော့၏။ ထန်စုကျင်းမှာ နေရာတွင်ပင် ရပ်လျက်စဉ်းစားနေမိသည်။ ထိုစဉ် ....

"ဒီမှာဟေ့ တွေ့ပြီ မလွတ်စေနဲ့"

ရုတ်တရက်ကြားလိုက်ရသောအသံကြောင့် ထန်စုကျင်း ရင်ထိတ်သွားသည်။ မရှေးမနှောင်းမှာပင် နောက်ထပ်အသံတစ်သံ ထွက်ပေါ်လာပြန်သည်။

"ဒီမိန်းမကိုဝိုင်းထား၊ မလွတ်စေနဲ့"

"ဟေ့ ရပ်ခိုင်းနေတာမကြားဘူးလား"

တစ်ယောက်တစ်ပေါက် အော်ငေါက်သံများထွက်ပေါ်လာသည်။ ထိုအသံများကြောင့် ထန်စုကျင်း မျက်မှောင်ကုပ်သွားသည်။

"အင်း .... ခုနကမှ ရီယင်ထွက်သွားတာဆိုတော့ ကေ ရီယင်ကိုများ အန္တရာယ်ပြုကြမလို့လား"

ထန်စုကျင်းစိတ်ထဲ ထိုသို့တွေးမိသည့်အခါ စိုးရိမ်စိတ်များဖြစ်ပေါ်လာ၏။ ချက်ချင်းပင် အသံလာရာဆီသို့ တစ်ဟုန်ထိုးပြေးထွက်ခဲ့လေတော့သည်။

◆◆◆

ထန်စုကျင်းပြေးလာချိန်၌ ရီယင်မှာ မင်းမှုထမ်းငါးဦး၏အဝိုင်းကိုခံနေရ၏။

မင်းမှုထမ်းတစ်ဦးက ကျယ်လောင်သောအသံဖြင့် ....

"မနေ့ကဆိုင်ထဲမှာလူသတ်သွားတာ ဒီမိန်းကလေးပဲ"

ရီယင်က ရဲရဲရင့်ရင့်ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်မပါပဲရှင်"

မင်းမှုထမ်းတစ်ဦးက ဝင်၍မေးသည်။

"ဘာဖြစ်လို့ လူသတ်ရတာလဲ"

ရီယင်က မထီတရီပုံစံမျိုးဖြင့် ....



"အိုး ....လူသတ်ပါတယ်ဆိုမှသတ်ချင်လို့ပေါ့"

ထိုမင်းမှုထမ်း၏မျက်နှာမှာ ချက်ချင်းနီရဲသွား၏။

ထိုမင်းမှုထမ်းက ဒေါသတကြီးဖြင့် ....

"အောင်မာ ကောင်မစုတ်က အသားနာချင်ပြီထင်တယ်"

ပြောပြောဆိုဆို ထိုမင်းမှုထမ်းက ရီယင်အနီးသို့ လှစ်ခနဲရောက်လာပြီး မျက်စိတမှိတ်လျှပ်တစ်ပြက်အတွင်း၌ပင် မင်းမှုထမ်း၏လည်ဂုတ်အား ကုတ်ဆွဲချလိုက်၏။

ထိုမင်းမှုထမ်းမှာ နောက်သို့ ပက်လက်လန်ကာ လဲကျသွားတော့သည်။ ထိုအဖြစ်အပျက်အားမြင်လိုက်ရသော ထန်စုကျင်းမှာ ကြက်သီးမွေးညင်းထသွားမိတော့သည်။

ထိုအနက်ရောင်အရိပ်မှာ ရီယင်ဖြစ်ပြီး သူမသည် မည်သည့်တိုက်ကွက်ကို သုံး၍တိုက်ခိုက်လိုက်မှန်း စဉ်းစား၍မရနိုင်အောင်ဖြစ်သွား၏။ ရီယင်၏ ရက်စက်မှုကား အသဲတုန်စရာပင်လက်မရွံ့ဂူရဲ၏သမီးဖြစ်သည့်အလျောက် လက်မရွံ့တမ်းရက်စက်မည့်အသွင်ရှိ၏။

ကျန်မင်းမှုထမ်းလေးဦးမှာ ထိတ်လန့်တကြီးဖြစ်သွားကာ ဓားများကို ဆွဲထုတ်လိုက်ကြ၏။

ထိုရဲမက်လေးဦး၏ တိုက်ခိုက်တော့မည့် အကွက်ယူထားပုံကို ကြည့်ခြင်းအားဖြင့် တရာထဲမှ တစ်ယောက်ရွေးထုတ်ထားသည့် အဆင့်မြင့်ပုဂ္ဂိုလ်တွေဖြစ်ကြောင်း သိနိုင်၏။

ဓားလေးလက်က တပြိုင်တည်းပူးပေါင်း၍ တိုက်ခိုက်လိုက်ကြ၏။ ဤဓားလေးလက်ပေါင်း၍ တိုက်ခိုက်သည့်တိုက်ကွက်မှာ အလွန်ကြောက်စရာကောင်းလှသည်။ ရီယင်က ထိုဓားလေးလက်ကြားမှရှောင်ထွက်ပြီး ရဲမက်တစ်ဦး၏နောက်ကျောကိုဝင်ကုပ်သည်။

"အား ....."

တတိယမြောက်ရဲမက်မှာလည်း ငယ်သံပါအောင်အော်ဟစ်လျက် လဲကျသွားပြန်၏။ ကျန်ရဲမက်နှစ်ဦးမှာ လိပ်ပြာလွင့်မတတ် တုန်လှုပ်သွားကြပြီး နှစ်လံခန့်အကွာသို့ဆုတ်သွားကြသည်။

မိမိတို့ဘက်မှ သုံးဦးကျရှုံးသွားပြီမို့ မိမိတို့နှစ်ဦးတည်းဖြင့် ဆက်လက်တိုက်ခိုက်နေလျှင် ကိုယ့်သေတွင်းကိုယ် တူးသည်နှင့် တူပေတော့သည်။

ထိုစဉ် .... အေးစက်မာကျောသောရီယင်၏စကားသံ ထွက်ပေါ်လာသည်။

"ရှင်တို့နှစ်ယောက်လဲ သူတို့နောက်ကို လိုက်သွားချင်လို့ စောင့်နေကြတာလား၊ မသေချင်ရင် အခုမြန်မြန်ထွက်သွားကြစမ်း"

ရဲမက်တစ်ဦးက အရဲစွန့်ပြီးမေးလာသည်။

"သတ္တိရှိရင် မင်းရဲ့နာမည်ကို ထုတ်ဖော်ပြောစမ်း"

ရီယင်က 'ဟင့်'ခနဲတစ်ချက်ရယ်လိုက်ပြီး ....

"မင်းတို့အဆင့်လောက်ကို ငါ့နာမည်ထုတ်ပြောဖို့မလိုသေးဘူး၊ အဲဒီတော့ မင်းတို့မသေချင်သေးဘူးဆိုရင် ဝေးဝေးပြေးကြစမ်း"

ထိုစဉ် ကြည်လင်ပြတ်သားသော ရယ်သံတစ်သံက ပျံ့လွင့်လာသည်။ မိန်းကလေးတစ်ဦးရယ်သံဖြစ်သည်။

ရယ်သံနှင့်အတူ လူရိပ်တစ်ခုပါ ချက်ချင်းရောက်ရှိလာ၏။

ထိုအရိပ်ရှင်မှာ အသက်ငါးဆယ်ခန့် မိန်းမကြီးတစ်ဦးဖြစ်နေသည်။ သူမ၏နောက်တွင် မိန်းကလေး လေးဦးလိုက်ပါလာ၏။ ထိုမြင်ကွင်းကိုမြင်လိုက်ရသောအခါ ထန်စုကျင်းမှာ အကြီးအကျယ်တုန်လှုပ်သွားသည်။



မမျှော်လင့်ဘဲ ရုတ်တရက်ရောက်လာသည့်မိန်းမကြီးမှာ နေသူရိန်ဂိုဏ်း၏ဒုတိယဂိုဏ်းချုပ်ကြီးဖြစ်နေသည်။

ထန်စုကျင်းသည် တစ်ချိန်က အဘိုးကြီးယောင်ဆောင်လျက် ဤမိန်းမကြီးနှင့်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ဖူး၏။ ထိုစဉ်က သူမ၏ အဆိပ်ပျားပိတုန်းအန္တရာယ်မှလွတ်အောင် မနည်းပြေးခဲ့ရဖူးသည်။

သူမ၏ရာဇဝင်ကို ကောင်းစွာမသိရှိရသော်လည်း သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် အဆိပ်လက်နက်ပုန်းများ တပ်ဆင်ထားကြောင်းကိုမူသိထား၏။

ဤရဲမက်ငါးဦးစလုံးမှာ စင်စစ် နေသူရိန်ဂိုဏ်းသားများသာ ဖြစ်နိုင်၏။ ဤမိန်းမကြီးကို မြင်လိုက်သည်နှင့် ရီယင်၏မျက်နှာသည်လည်း အကြီးအကျယ်ပျက်သွားသည်။ ကျန်ရှိသော ရဲမက်နှစ်ဦးက ထိုမိန်းမကြီးအား အရိုအသေပေးကြသည်။ ထို့နောက် ဘေးသို့ရှဲပေးလိုက်ကြသည်။

ထိုမိန်းမကြီးက ရီယင်ရှေ့သို့လျှောက်လာပြီး ....

"ဟေ့ .... ချာတိတ်မ၊ မင်းကိုယ်မင်း ဘယ်လိုပုံစံမျိုးနဲ့သေချင်သလဲဆိုတာစဉ်းစားလိုက်စမ်း"

ရီယင်က မကြောက်ရွံ့သောအသွင်ဖြင့်....

"အို .... ကျုပ်သေမလား၊ ရှင်မလားဆိုတာကြည့်ကြသေးတာပေါ့"

"ဟား .... ဟား .... ဟား မင်းက ဒီအချိန်ထိ အပြောကြီးတုံးပါလား၊ ကဲ .... ပြောစမ်း မင်းနာမည်"

ရီယင်ကလည်း အားကျမခံပြန်မေးလိုက်သည်။

"ရှင့်နာမည်ကရော"

"ငါ့နာမည်က ဖေးကူးလီ၊ ငါ့အဆင့်က နေသူရိန်ဂိုဏ်းရဲ့ဒုတိယဂိုဏ်းချုပ်၊ ကဲ .... မင်းဘာသိချင်သေးလဲ"

ရီယင်က အံ့အားသင့်သွားသောမျက်နှာဖြင့် ....

"ဩော် .... နေသူရိန်ဂိုဏ်းရဲ့ဒုတိယဂိုဏ်းချုပ်ကိုး၊ ရှင့်ကို ဒီလိုမြေပြန့်ရောက်လာလိမ့်မယ်လို့ ကျွန်မ မထင်မိဘူး"

ဖေးကူးလီက တစ်ချက်ပြုံးလိုက်ပြီး ....

"ချာတိတ်မ မင်းရဲ့အထင်မဆိုးဘူး၊ ကဲ .... ပြောစမ်းပါဦး၊ မင်းရဲ့နာမည်"

"ဒီအတွက် ဝမ်းနည်းပါတယ်၊ ကျွန်မနာမည်မပြောနိုင်ပါဘူး"

"ဟေ့ .... ငါဒေါသထွက်လာအောင် မလုပ်နဲ့၊ ပြောစမ်း၊ နင့်နာမည်မြန်မြန်ပြော"

"တကယ်လို့ မပြောဘူးဆိုရင်ကော"

"ကျုပ်ရှေ့ရောက်လာတဲ့သူမှန်သမျှ မပြောဘူးဆိုတာမရှိစေရဘူး"

ရီယင်က မခိုးမခန့်ရယ်လိုက်ပြီး ....

"အခု ကျုပ်ကလဲ ရှင့်ရှေ့မှာ ရောက်နေတဲ့လူပဲ"

"ဟင်း .... ဟင်း ... အဲဒါကြောင့် မင်းမပြောရင် သေဖို့သာ ပြင်ထားပေတော့"

ပြောပြီးသည်နှင့် မိန်းမကြီးက အင်္ကျီစကိုဝှေ့ယမ်းလိုက်၏။

"ကဲ .... ကျုပ်ရဲ့ အဆိပ်ကောင်တွေရဲ့ အရသာကို မြည်းစမ်းကြည့်လိုက်ဦး"

ဖေးကူးလီက သူ၏အဆိပ်ပိုးကောင်များအား ပစ်လွှတ်



တိုက်ခိုက်ရန်ပြင်လိုက်၏။ ထိုစဉ် ....

"ရပ်လိုက် ...."

အော်ဟစ်ဟန့်တားလိုက်သောအသံကြီးတစ်သံ ထွက်ပေါ်လာသည်။ အသံနှင့်အတူ ထန်စုကျင်း၏ခန္ဓာကိုယ်လည်း ခုန်လွှား၍ ရောက်ရှိလာသည်။

"ဟင် လက်ညှိုးထောက်သိုင်းသမားထန်စုကျင်းပါလား"

ရီယင်၏အသံကြောင့် ဖေးကူးလီမှာ ထန်စုကျင်းအား လှည့်ကြည့်လိုက်ပြီး ....

"အို .... မောင်ရင်က လက်ညှိုးထောက်သိုင်းသမား ထန်စုကျင်းကိုး"

ထန်စုကျင်းက လက်ထဲမှဓားကိုဆလိုက်ပြီး ....

"အဆိပ်လက်နက်နဲ့ သူတစ်ပါးကိုဒုက္ခပေးမယ်ကြံရင်တော့ ကျုပ်ဓားက ကြည့်နေလိမ့်မယ်မဟုတ်ဘူး"

ဖေးကူးလီက သဘောကျစွာရယ်မောလိုက်၏။

"တော်တော်ကြီးကျယ်တဲ့ ချာတိတ်ပါလား၊ နင့်ကို ငါတွေ့ချင်နေတာကြာပြီ၊ အခုတော့ မရှာပဲတွေ့တော့ သိပ်အဆင်ပြေသွားတာပေါ့၊ ကဲ .... အေးအေးဆေးဆေးသာ လိုက်ခဲ့ပေတော့"

ထန်စုကျင်းက ရီရင်အား တစ်ချက်စောင်းကြည့်လိုက်ပြီး

"မိန်းကလေး မင်းသွားတော့လေ"

ဤတွင် ဖေးကူးလီက ကြားဝင်၍ ပြောလာသည်။

"သူ့ကို ဘယ်သူက သွားခွင့်ပြုလို့လဲ"

"ကျုပ်က သွားခွင့်ပြုတယ်လေ"

ဖေးကူးလီက ထန်စုကျင်းအားတစ်ချက်စိုက်ကြည့်ရင်း ...

"မင်းက ဘာအားကိုးနဲ့ ဒီလောက်တောင် လေကျယ်နေရတာလဲ"

"ဒါ.... အားကိုးနဲ့ပေါ့"

ထန်စုကျင်းကပြောပြီးသည်နှင့် ဓားကိုမြှောက်ကာ ရှေ့သို့ ခြေတလှမ်းတက်လိုက်၏။ မျက်လုံးအစုံက လူနှစ်ဦးကို ပြိုင်တူကြည့်၏။ ဖေးကူးလီမှာ မျက်နှာတချက်ပျက်သွားသည်။ သို့သော် မျက်နှာကိုပြန်ပြင်ပြီး အေးစက်သောအသံဖြင့်....

"မင်းကို ကျုပ်စမ်းကြည့်မယ်၊ ကိုယ်ထိလက်ရောက်တော့ စမ်းမကြည့်ဘူး"

ဖေးကူးလီ၏စကားကြောင့် ထန်စုကျင်း၏ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ ဖေးကူးလီ၏အဆိပ်ပိုးကောင်အစွမ်းကိုကြားဖူး၏။

ထို့ကြောင့်.... ထန်စုကျင်းက လက်ဝါးလိုင်းအားကို မသုံးပဲ ဓားကိုသုံးရန်ဆုံးဖြတ်လိုက်၏။

ထို့ပြင်.. မိမိကလက်ဦးအောင်တိုက်စစ်ဆင်ပြီး၊ ဖေးကူးလီထံမှ အဆိပ်ကောင်တွေ ပစ်မလွှတ်နိုင်အောင် တိုက်ခိုက်ထားမှဖြစ်လိမ့်မည်ကို ထန်စုကျင်းက ကြိုတင်တွက်ဆထားပြီးဖြစ်၏။ ရီယင်က ရုတ်တရက် ရယ်မောပြီး ဖေးကူးလီအားပြော၏။

" ဖေးကူးလီ..ရှင်သူနဲ့တိုက်နေစရာမလိုဘူး၊ ရှင်ဟာမကြာခင် ကျွန်မရဲဓားဖျားမှာ အသက်ပျောက်သွားစေရမယ်"

ဖေးကူးလီက အသံကျယ်ကျယ်ဖြင့်...

" ချာတိတ်မ၊ သိပ်လဲလေကြီးမနေနဲ့ "

ရီယင်က ညာလက်ကိုမြှောက်လိုက်ပြီး ...

"ကြည့်လိုက်စမ်း .. ဒါဘာပစ္စည်းလဲ"



ဖေးကူးလီက ရီယင်ပြသောပစ္စည်းကို လှမ်းကြည့်လိုက်၏။

ရီယင်၏ လက်ထဲတွင်ကိုင်ထားသော ပစ္စည်းမှာ အရောင်ငါးမျိုးရှိပစ္စည်း ကြွေဖူးသီးကြီးတစ်လုံးဖြစ်သည်။

အရှည်မှာ ခြောက်လက်မခန့်ရှိ၏။ ထိုဖူး၏ခါးလယ်တွင် ကြိုးတစ်ချောင်းချိတ်ဆွဲထား၏။ ထိုကြိုးမှာ နီရဲပြီးမျက်စိစူးလှ၏။

ရီယင်ပြသောပစ္စည်းကိုကြည့်ကာ ဖေးကူးလီမှာ အကြီးအကျယ် မျက်စိမျက်နှာပျက်သွားလေတော့၏။

ရီယင်က အေးစက်သောအမူအရာဖြင့် ....

"ဘယ်လိုလဲ ရှင့်မှာသတ္တိမရှိပါလား"

ဖေးကူးလီမှာ နောက်သို့ ခြေနှစ်လှမ်းခန့်ဆုတ်သွားပြီး လှုပ်ရှားနေသောအသံဖြင့် ....

"နင် .... နင် ဒီပစ္စည်းကို ဘယ်နေရာကရလာတာလဲ"

ရီယင်က မထီတရီပြုံးကာ ....

"ဒါကို ရှင်သိစရာမလိုဘူး"

ပြီးနောက် ထန်စုကျင်းဘက်သို့လှည့်ကာ ....

"ကျွန်မတို့သွားကြစို့"

ထန်စုကျင်းမှာ ရုတ်တရက်ကြောင်သွားပြီး ....

"ဘယ်ကိုသွားကြမှာလဲ"

ရီယင်က ထန်စုကျင်းအား တစ်ချက်စိုက်ကြည့်လိုက်ပြီး ....

"ဘာလဲ ရှင်ကမသွားချင်သေးလို့လား"

ထန်စုကျင်းက အခြေအနေကို ချက်ချင်းသဘောပေါက်သွားလေသည်။ ထို့ကြောင့် ဓားကို ရုပ်သိမ်းပြီး ....

"ကောင်းပြီ .... သွားကြစို့"

ဤတွင် ဖေးကူးလီက ဒေါသသံဖြင့် ....

"နံ့ပြီစုတ်ကောင်၊ နင်ဒီနေ့ ကံကောင်းလို့ လွတ်သွားတယ်မှတ်၊ ဒါပေမယ့်နင်ဘယ်ကိုမှလွတ်အောင် မပုန်းရှောင်နိုင်ပါဘူး၊ မကြာခင် ကျုပ်အကြောင်းသိစေရမယ်၊ မင်းကို ရှင်းပစ်ဖို့အတွက် ဂိုဏ်းချုပ်ကြီးကအမိန့်ပေးပြီးသား၊ မင်းကို ခါးစာခံတစ်ခုခုရအောင်ဖမ်းမိမှ ရနိုင်မယ်ဆိုတာ သိပါပြီ"

ထန်စုကျင်းက အေးစက်စွာရယ်လိုက်သည်။

"ခင်ဗျားကြီးလဲ ခုလို အသက်ရှင်လျက်နဲ့ ပြန်သွားနိုင်တာ ကံကောင်းတယ်မှတ်ပါ"

ပြောပြီးသည်နှင့် ထန်စုကျင်းက ရီယင်အနီးသို့ လျှောက်သွားလေသည်။ ထို့နောက် နှစ်ယောက်သား သစ်တောအုပ်အတွင်းသို့ ဝင်ရောက်သွားလေတော့သည်။

◆◆◆



## နာမည်ဖျက်သူ

နှစ်ဦးသားလျှောက်လာကြရင်း ထန်စုကျင်းက ရီယင်အား မေးလိုက်သည်။

"နေပါဦး၊ ကျုပ်ကိုဘာကြောင့်ခေါ်လာရတာလဲ"

ရီယင်က ထန်စုကျင်းအားစောင်းငဲ့ကြည့်လိုက်ပြီး ....

"ရှင်အန္တရာယ်ဖြစ်မှာစိုးလို့"

ထန်စုကျင်းက နားမလည်နိုင်သောအမူအရာဖြင့် ....

"ဘာ .... ဘယ်လို"

"ဟုတ်တယ်၊ ရှင် အဲဒီမိန်းမကြီးကို တိုက်ခိုက်ဖို့ မလွယ်တော့ဘူး၊ သူ့တစ်ကိုယ်လုံးမှာ အဆိပ်ပစ္စည်းတွေနဲ့ ပြည့်နေပြီးအထူးသဖြင့် အဆိပ်ပိုးကောင်တွေကို လျှပ်တစ်ပြက်အတွင်း လွှတ်လိုက်တာပဲ၊ အဲဒီအဆိပ်ပိုးကောင်တစ်ကောင်ထိသွားရင် ရှင့်ကို သူက နည်းအမျိုးမျိုးနဲ့ ထိန်းချုပ်တော့မှာပဲ၊ ရှင်ဟာ မိုင်တစ်ရာအတွင်း သူ့ခိုင်းသမျှ လုပ်ပေးရလိမ့်မယ်"

ရီယင်က စကားကို ခေတ္တနားလိုက်ပြီးဆက်ပြောသည်။

"ရှင်ဟာ သူ့ကို တကယ်သတ်ချင်တယ်ဆိုရင် ရတ်တရက်

ရှင်ထွက်သွားကတည်းက သူ့ကိုသတ်လိုက်ဖို့ကောင်းတာ၊ သူ့ကို တိုက်ခိုက်မယ်ဆိုရင် လျှပ်တစ်ပြက်အတွင်း အပြတ်တိုက်ခိုက်နိုင်မှ နို့မဟုတ်ရင် သူ့ရဲ့အဆိပ်ပိုးကောင်တွေပစ်လွှတ်တာနဲ့ ရှင်မလွယ်ဘူး ဖြစ်သွားမယ်"

သူမ၏စကားမှာ သဘာဝကျလှသည်။

ထန်စုကျင်းမှာ ယခုမှပင် ရီယင်အား ကျေးဇူးတင်မိတော့လေသည်။ ထိုစဉ် ရီယင်၏စကားသံက ထွက်ပေါ်လာသည်။

"တကယ်လို့ သူ့ကို သတ်ပစ်ဖို့ ဆုံးဖြတ်တယ်ဆိုရင် အခွင့်အရေးကို လက်လွှတ်မခံပဲ ကိုယ်က အရင်လက်ဦးမှုကိုရအောင်လုပ်ရမယ်"

ဤစကားမှာ အနည်းငယ်ရက်စက်ကြမ်းကြုတ်နေသော်လည်း အဓိပ္ပါယ်ရှိနေသည်။ ထန်စုကျင်းက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး ပြန်မေးသည်။

"ခင်ဗျားစောစောကထုတ်ပြတဲ့ပစ္စည်းက ဘာလဲ"

"အဖိုးတန်ပစ္စည်းတစ်ခုပဲ၊ အဖေရထားတဲ့ပစ္စည်းလေ"

ထန်စုကျင်းက သဘောမပေါက်ဟန်ဖြင့် ....

"ဘယ်လို အဖိုးတန်ပစ္စည်းလဲ"

"ဒီကြွေဘူးဟာ လွန်ခဲ့တဲ့နှစ်တစ်ရာတုန်းက တောင်ပိုင်းအရှင်ရဲ့မြေးတော်စွန်းကျင့်ဖေါ်စပ်ခဲ့တဲ့ အဖိုးတန်ဆေးလုံးတွေပါတဲ့အမှတ်အသားပဲ၊ မြေပြန့်လူတွေဟာ ဒီကြွေဘူးမျိုးမြင်တွေ့ရခဲတယ်၊ ဒါပေမယ့် တောင်ပိုင်းနယ်တဝိုက်မှာတော့ ဒီကြွေဘူးကို လူသိများခဲ့တယ်၊ အဲဒီဘူးထဲမှာ ထူးဆန်းတဲ့ဆေးတွေရှိနေတယ်၊ ဘူးကိုဖွင့်လိုက်တာနဲ့ဆေးနံ့တွေထွက်လာပြီး အဆိပ်ကောင်တွေဟာ လွှင့်ပစ်တဲ့သူ့



သခင်ကို ပြန်ကိုက်တော့တာပဲ၊ အထူးသဖြင့် ဒီအဆိပ်ပိုးကောင်တွေဟာ သခင်ရဲ့ကိုယ်မှာ အမြဲကပ်နေတတ်တယ်၊ ဒီဆေးနံ့ရသွားတာနဲ့ သခင်ကိုပြန်တိုက်ကြတော့တာပဲ၊ ဒီအချက်ကိုသိလို့ ဖေးကူးလီဟာ လုံးဝမလှုပ်ရှားရဲတော့တာပေါ့"

ထန်စုကျင်းမှာ တစ်ခါမျှမကြားဘူးသေးသောစကားကို ကြားရသဖြင့် အလွန်အံ့သြနေသည်။

"ဩော် .... ဒါကြောင့် ဖေးကူးလီဟာ ဒီဘူးကိုမြင်လိုက်တာနဲ့ မျက်နှာပျက်သွားရတာကိုး"

ထန်စုကျင်း၏မှတ်ချက်စကားအား ရီယင်ကခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဟုတ်တယ်"

ပြီးနောက် ထန်စုကျင်းအားနှုတ်ဆက်စကားဆိုသည်။

"ကဲ .... ကျွန်မလဲသွားစရာလေးတွေရှိသေးလို့ ဒီနေရာကပဲ့ လမ်းခွဲကြရအောင်"

ပြောပြီးသည်နှင့် ရီယင်သည် ရိပ်ခနဲခုန်လွှားကာတောအုပ်အတွင်းတိုးဝင်ပျောက်ကွယ်သွားတော့သည်။

ထန်စုကျင်းလည်း ပစ္စည်းများဝှက်ထားရာသို့ လျှောက်သွားကာ ဝတ်ရုံရှည်ကိုဝတ်ဆင်ပြီး မျက်နှာဖုံးပြန်စွပ်ကာ ဆံဖြူအဘိုးကြီးအသွင်သို့ ပြန်လည်ကူးပြောင်းလိုက်တော့၏။

ထို့နောက် ခိုင်ဖုန်းမြို့သို့ ဦးတည်ခရီးနှင်လေတော့သည်။

◆ ◆ ◆

ထန်စုကျင်း ခရီးနှင်လာရာ ချယ်ရီပင်တောအုပ်တစ်ခုသို့ ရောက်လာခဲ့သည်။ ချယ်ရီပင်တောကိုဖြတ်ကျော်စဉ် လေပြည်လေညှင်းတစ်ချက်တိုက်ခတ်လာ၏။

လေပြည်လေညှင်းနှင့်အတူ သွေးညှီနံ့ကဲ့သို့ အနံ့တစ်မျိုး ရောယှက်ပါလာသဖြင့် ထန်စုကျင်း ထိတ်လန့်တကြားဖြစ်သွား၏။ ချက်ချင်းပင် သွေးညှီနံ့ထွက်ပေါ်လာရာဘက်သို့ လျှောက်လာခဲ့သည်။ မကြာမီမှာပင် ... ဆိုးရွားသောမြင်ကွင်းတစ်ခုကိုတွေ့လိုက်ရတော့သည်။

လူသေအလောင်းဆယ်လောင်းခန့် ချယ်ရီပင်များကြား၌ ပြန့်ကျဲနေသည်။ ဤလူများအား မည်သူက မည်သည့်အကြောင်းဖြင့် သတ်ဖြတ်သွားပါသနည်း။

ထန်စုကျင်းသည် စဉ်းစားရင်း ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်လိုက်သည်။ ဤတွင် ပြောင်ချောနေသောကျောက်တုံးကြီးပေါ်တွင် သွေးဖြင့်ရေးထားသောစာလုံးများကို တွေ့လိုက်ရသည်။

"တစ်လောကလုံးကို လက်ဝါးကြီးအုပ်ကြီးစိုးမယ့် လက်ညှိုးထောက်သိုင်းသမားထန်စုကျင်း"

ထန်စုကျင်း၏တစ်ကိုယ်လုံးရှိသွေးများ ဗလောင်ဆူလာ၏။

မိမိ၏အမည်အား အလွဲသုံးစားလုပ်ကာ မည်သူက မိမိအား ချောက်တွန်းသွားလေသနည်း။

ထန်စုကျင်းမှာ ဒေါသထွက်လွန်းသောကြောင့် တစ်ကိုယ်လုံးဆတ်ဆတ်တုန်သွား၏။ ဤလုပ်ရပ်မှာ အလွန်အောက်တန်းကျပြီးယုတ်မာလွန်းလှ၏။ လူသတ်သမားသည် မည်သို့သော ရည်ရွယ်ချက်ဖြင့် ဤသို့ပြုလုပ်သွားရပါသနည်း။



ထိုစဉ် .... လူရိပ်တစ်ရိပ်သည် ထန်စုကျင်းရှေ့သို့ရောက်လာ၏။ ထန်စုကျင်းက ထိုလူရိပ်အား ဖျတ်ခနဲလှမ်းကြည့်လိုက်၏။ ထိုလူမှာ လူလတ်ပိုင်းအရွယ်ဖြစ်၏။ တစ်ခါမျှမမြင်ဘူးချေ။

ထိုလူက လက်ဖမိုးယှက်၍ အရိုအသေပေးရင်း ....

"ကျွန်တော် ဝူးတန်ဂိုဏ်းက တိမ်လွှာဓားသမားကျိုးပင်းပါ၊ ဆရာကြီးကကော ဘယ်သူများပါလိမ့်"

ထန်စုကျင်းက အဘိုးအိုလေသံဖြင့် ....

"ကျုပ်ကို ဝိညာဉ်နှုတ်အဘိုးအိုလို့ခေါ်ကြတာပဲ"

"ဗျာ .... ဝိညာဉ်နှုတ်အဘိုးအို ဟုတ်လား"

ထန်စုကျင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

"ဒါဆို .... ဆရာကြီးက ဝိညာဉ်ခေါ်အလံရဲ့ညီတော်ပေါ့"

"အေး .... ဟုတ်တယ်"

တိမ်လွှာဓားသမားကျိုးပင်း မျက်နှာတစ်ချက်ပျက်သွား၏။ မည်သည့်စကားမျှမပြောတော့ဘဲ တစ်ဘက်သို့လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။ ဤတွင် ထန်စုကျင်းက ....

"နေဦး ...."

ဟု ဟန့်တားလိုက်ရာ တိမ်လွှာဓားကျိုးပင်းမှာ တုံ့ခနဲဖြစ်သွားပြီး နောက်သို့ပြန်လှည့်လိုက်၏။

"ဘာကိစ္စများ ရှိသေးလို့ပါလဲ"

ထန်စုကျင်းက ကျောက်တုံးကြီးပေါ်မှစာလုံးများကို လက်ညှိုးထိုးပြလိုက်ပြီး ....

"ဒါက ဘာသဘောလဲ"

တိမ်လွှာစားသမားကျိုးပင်းက နားမလည်နိုင်ဟန်ဖြင့် ....

"ဒါ ....ဒါ ရေးထားတာရှင်းနေတာပဲမဟုတ်လား"

ထန်စုကျင်းက ခေါင်းခါယမ်းလိုက်ပြီး ....

"မဟုတ်သေးဘူး၊ ဒီစာဟာ တစ်စုံတစ်ယောက်ရဲ့နာမည်ကို အလွဲသုံးစားလုပ်ထားတာ"

တိမ်လွှာစားသမားကျိုးပင်းမှာ မျက်လုံးပြူးသွားပြီး ....

"ဘယ်လို လူတစ်ယောက်ရဲ့နာမည်ကို အလွဲသုံးစားလုပ်ထားတယ်ဟုတ်လားဆရာကြီး"

ထန်စုကျင်းက အေးဆေးတည်ငြိမ်စွာဖြင့် ....

"သိပ်ဟုတ်တာပေါ့"

"ဆရာကြီးက ဘယ်လိုလုပ် အတတ်ပြောနိုင်ရတာလဲ"

ထန်စုကျင်းက တစ်ချက်ပြုံးလိုက်ပြီး ....

"လက်ညှိုးထောက်သိုင်းသမားထန်စုကျင်းဟာ တစ်ကိုယ်တော် သိုင်းသမားတစ်ယောက်ပဲ၊ ဒီလို တစ်ကိုယ်တော်သိုင်းသမားတစ်ယောက်က ဘယ်လိုလုပ်ပြီး သိုင်းလောကတစ်ခုလုံးကိုလက်ဝါးကြီးအုပ်နိုင်မှာလဲ"

"ဒါ .... ဒါတော့ ကျွန်တော်မသိဘူး၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"အခုသေနေတဲ့လူတွေအားလုံးဟာ နေသူရိန်ဂိုဏ်းသားတွေပဲ၊ ဒါကြောင့် ထန်စုကျင်းကလွဲလို့ သူတို့ကို ဘယ်သူမှ ခုလိုတိုက်ခိုက်နိုင်မှာမဟုတ်ဘူး၊ ပြီးတော့ သူနဲ့နေသူရိန်ဂိုဏ်း ပြဿနာဖြစ်နေကြတာကိုလဲ လူတိုင်းသိနေတယ်၊ ဒီအဖြစ်မျိုးက ဒီတစ်ကြိမ် ဒီနေရာမှ မကဘဲ"



ထန်စုကျင်း အံ့အားသင့်သွားသည်။

"ဒါဆို တခြားနေရာတွေမှာလဲ ဒီလိုမျိုးဖြစ်သေးတယ်ပေါ့ဟုတ်လား"

တိမ်လွှာစားသမားကျိုးပင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် .... နိုင်ဖုန်းတစ်မြို့လုံး ဒီအတွက်နဲ့ လှုပ်လှုပ်ရှရှဖြစ်နေတယ်"

ထန်စုကျင်းက ချက်ချင်းကြားဖြတ်မေးလိုက်သည်။

"အခုလိုပဲ လက်ညှိုးထောက်သိုင်းသမားထန်စုကျင်းလို့ ရေးထားခဲ့တာလား"

"ဟုတ်တယ် ဒီလိုပဲ စာရေးချန်ထားခဲ့တာပဲ"

"သေသူအားလုံးဟာလဲ ဒီလိုပဲနေသူရိန်ဂိုဏ်းကလား"

"မဟုတ်ဘူး တစ်ချို့က နိုင်ဖုန်းမြို့တစ်ဝိုက်မှာ နာမည်ကြီးနေတဲ့သိုင်းသမားတွေ"

ထန်စုကျင်း အံတင်းတင်းကြိတ်လိုက်သည်။

"အင်း .... တော်တော်လဲ ကောက်ကျစ်ယုတ်မာတဲ့အကြံပါပဲလား"

ထန်စုကျင်း ထိုသို့တွေးနေစဉ် ....

"ကျွန်တော့်ကိုသွားခွင့်ပြုပါဦးဆရာကြီး"

တိမ်လွှာစားသမားကပြောလိုက်ရာ ထန်စုကျင်းက လက်ကာပြရင်း ....

"နေဦး ... မင်းဒီနေရာကိုဘယ်လိုလုပ်ရောက်လာတာလဲ"

"ကျွန်တော်လဲဖြတ်သွားရင်း သွေးညှီနံ့ရလို့ လာကြည့်မိတာပါ"

ထန်စုကျင်းက ခေတ္တစဉ်းစားလိုက်ပြီး ....

"နဂါးပျံဂိုဏ်းအတွင်းမှာကော ဘာထူးခြားချက်တွေကြားသလဲ"

"နဂါးပျံဂိုဏ်းကလဲ အဆင့်မြင့်သိုင်းသမား ဆယ်ဦးကျော် သုတ်သင်ခံလိုက်ရပါတယ်"

ထန်စုကျင်းမှာ ပို၍ထိတ်လန့်တုန်လှုပ်သွားမိသည်။

"ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

တိမ်လွှာဓားကျိုးပင်းသည် ဤတစ်ကြိမ်တွင် နှုတ်ဆက်ပြီးသည်နှင့် လှစ်ခနဲပြေးထွက်သွားလေတော့သည်။

◆◆◆

တိမ်လွှာဓားကျိုးပင်းထွက်သွားပြီးမကြာမီမှာပင် သူပြေးသွားရာလမ်းဆီမှ အော်ဟစ်တားဆီးသံတစ်သံကိုကြားလိုက်ရသည်။

"ဟေ့ ရပ်စမ်း"

ထိုအသံကြားလိုက်ရမှ ထန်စုကျင်းဖျတ်ခနဲသတိပြန်ဝင်လာသည်။ ဤချယ်ရီတောထဲ တတိယမြောက်လူတစ်ယောက် ရောက်ရှိနေကြောင်းသိလိုက်သည်။ ထို့ကြောင့် အသံလာရာဆီသို့ ချက်ချင်းပြေးသွားသည်။

အနီးသို့ရောက်၍ ကြည့်လိုက်သောအခါ တတိယမြောက်လူမှာ သူ၏မိတ်ဆွေဟောင်း ကျင်းစန်းဂိုဏ်းမှ 'မိုတိန်ကွမ်း' ဖြစ်ကြောင်း အံ့သြစွာတွေ့လိုက်ရ၏။

ထန်စုကျင်းက ရုတ်တရက်ဝမ်းသာသွားပြီး နှုတ်ဆက်ရန် ဟန်ပြင်မိသည်။



သို့သော် .... အဘိုးကြီးတစ်ဦးအသွင်ရုပ်ဖျက်ထားသည်ကို ချက်ချင်းပြန်သတိရလိုက်သဖြင့် နှုတ်မဆက်တော့ဘဲ အခြေအနေ ကို အကဲခတ်နေလိုက်တော့သည်။

ထန်စုကျင်းစိတ်ထဲ နားမလည်နိုင်သည့်အချက်မှာ မိုထိန်ကွမ်းက အဘယ်ကြောင့် တိမ်လွှာဓားသမားကျိုးပင်းအား ဟန့်တားထားရသည့်အချက်ဖြစ်သည်။

မိုထိန်ကွမ်း၏အသံ ထွက်ပေါ်လာသည်။

"ကျိုးပင်း မင်းကိုရှာလာတာ မောနေပြီ၊ ကဲ .... မင်းနဲ့ငါ ပြတ်ပြတ်သားသားပြောကြရအောင်"

ကျိုးပင်းမှာ ရုတ်တရက်ကြောင်သွားပြီး ....

"အလို တော်တော်ဆန်းနေပါလား၊ နေပါဦး ခင်ဗျားနဲ့ကျုပ် ဘယ်တုန်းကသိခဲ့ဖူးလို့လဲ"

မိုထိန်ကွမ်းက ကျိုးပင်းအား စူးစိုက်ကြည့်လိုက်ပြီး ....

"မင်းနဲ့ရှင်းစရာရှိနေတယ်လို့ပြောတာ မလုံလောက်ဘူးလား"

ကျိုးပင်းကလည်း သေချာပြန်ကြည့်ရင်း ....

"နေပါဦး ခင်ဗျားကဘယ်သူလဲ"

"မိုထိန်ကွမ်း"

"မိုထိန်ကွမ်း"

ကျိုးပင်းက နှုတ်မှလိုက်ရေရွတ်ရင်း စဉ်းစားသယောင် လုပ်နေ၏။ ထိုစဉ် မိုထိန်ကွမ်း၏အသံက မာကျောစွာပေါ်လာပြန်၏။

"ကျိုးပင်း .... မင်းကိုငါမေးမယ်၊ ဒီနေ့ မွန်းတည့်ချိန်မှာ မင်းဘာတွေလုပ်ခဲ့သလဲ"

ကျိုးပင်း မျက်နှာတစ်ချက်မဲ့သွားပြီး ....

"ခင်ဗျားပြောတာတွေ ကျုပ်တစ်ခုမှနားမလည်ဘူး"

"မင်းဟာ ကျောက်ကျစ်ကိုယ်တော်ကို အကူအညီပေးပြီး ဘာပြုလို့ ကျန်ရှင်းယွင်ကိုနိုင့်ထက်စီးနင်းလုပ်ရတာလဲ၊ ဒီလောက်ဆို မင်းနားလည်ပြီလား"

ဤတစ်ကြိမ် လှုပ်ရှားသွားရသူမှာ ထန်စုကျင်းဖြစ်သည်။ ကျန်ရှင်းယွင်ဟု ကြားလိုက်ရသည်နှင့် ထန်စုကျင်းတစ်ကိုယ်လုံးမှာ လျှပ်စစ်နှင့် အတို့ခံလိုက်ရသလို ထုံကျင်သွားတော့သည်။

ထန်စုကျင်းမှာ မနေနိုင်တော့ဘဲ ပုန်းအောင်းနေရာမှ ခုန်လွှားထွက်လိုက်လေတော့၏။

ကျိုးပင်းမှာ မမျှော်လင့်ဘဲ ထန်စုကျင်းအား ပြန်တွေ့လိုက်ရသောကြောင့် ထိတ်လန့်ကာ အကြီးအကျယ်မျက်နှာပျက်သွား၏။

မိုထိန်ကွမ်းက ထန်စုကျင်းအား အကဲခတ်လိုက်ပြီး ....

"ဆရာကြီးက ဘယ်သူပါလဲ"

"ဝိညာဉ်နှုတ်အဘိုးအိုဆိုတာ ကျုပ်ပဲ"

"ဗျာ ...."

မိုထိန်ကွမ်း၏မျက်နှာတွင် အံ့ဩသည့်အရိပ်အယောင်များ ထွက်ပေါ်လာ၏။ ဤအမည်ကို တစ်ကြိမ်မျှမကြားဘူးသောကြောင့် ဖြစ်သည်။ ထန်စုကျင်းကပြောသည်။

"ကျုပ်နဲ့ ထန်စုကျင်းက မိတ်ဟောင်းဆွေဟောင်းတွေပဲ၊ မောင်ရင့်နာမည်ကိုတော့ ထန်စုကျင်းပြောပြခဲ့လို့ ကြားဖူးပါတယ်"

မိုထိန်ကွမ်းသည် ထန်စုကျင်းအား စူးစိုက်ကြည့်နေရင်းမှ ကျိုးပင်းအားပြောင်းရွှေ့ကြည့်လိုက်ပြီး ....



"ဟေ့ကောင် ပြောစမ်း၊ မင်း ကျန်ရှင်းယွင်ကို ဘယ်လိုလုပ်လိုက်သလဲ"

ကျိုးပင်းက တုန်ယင်သောအသံဖြင့် ....

"နောင် .... နောင်ကြီးနဲ့ဘယ်လိုပတ်သက်နေလို့လဲ"

"ဆိုင်တာပေါ့၊ ထန်စုကျင်းနဲ့ကျုပ်က မိတ်ဆွေဟောင်းတွေပဲ၊ မင်းလှည့်ပတ်ပြောမနေနဲ့၊ ကျန်ရှင်းယွင်ဟာ ထန်စုကျင်းရဲ့ချစ်သူမှန်း မင်းသိလျက်သားနဲ့ ဘာ့ကြောင့်ဒုက္ခပေးရတာလဲ"

ကျိုးပင်းက မျက်နှာတစ်ချက်မဲ့ကာ ....

"ဒါတော့ ကျုပ်မသိဘူး၊ ကျုပ်သိတာတော့ ကျန်ရှင်းယွင်ဟာ ကျောက်ကျစ်ကိုယ်တော်ရဲ့မိတ်ဆွေဟောင်းတစ်ဦးဆိုတာပဲ သိတယ်"

ကျိုးပင်း၏ စကားအဆုံးတွင် မိုတိန်ကွမ်းက ဒေါသတကြီးဖြင့် အော်ငေါက်လိုက်၏။

"ဟေ့ကောင် ပေါက်ကရတွေလျှောက်မပြောနဲ့၊ ကျန်ရှင်းယွင်နဲ့ ကျောက်ကျစ်ကိုယ်တော်တို့ဟာ မိတ်ဆွေဟောင်းတွေသာဖြစ်ခဲ့ရင် ဘာဖြစ်လို့ အောက်တန်းစားဆန်ဆန် ကျန်ရှင်းယွင်ကို နိုင်ထက်စီးနင်းဖမ်းဆီးရတာလဲ"

ကျိုးပင်းက မျက်နှာကိုတစ်ချက်မဲ့ပြလိုက်ပြီး ....

"ခင်ဗျားက ဒီကိစ္စ ဒီလောက်တောင် စိတ်ဝင်စားနေရင် ကျောက်ကျစ်ကိုယ်တော်ဆီကို ကိုယ်တိုင်သွားပြီးမေးပါလားဗျ"

မိုထိန်ကွမ်းက ခပ်မာမာဖြင့် ....

"ကျုပ်သူ့ကိုလဲ အခုပဲလိုက်ရှာမှာပဲ၊ အခု မင်းနဲ့အခန့်သင့်လို့ မင်းကိုမေးနေတာ"

ကျိုးပင်းက ဒေါသတကြီးဖြင့် ....

"ကျုပ် နောက်ထပ်ဘာမှမပြောနိုင်တော့ဘူး"

ဘေးမှရပ်၍နားထောင်နေသော ထန်စုကျင်းမှာ အကြီးအကျယ်ဒေါသထွက်သွားပြီး ကျိုးပင်း၏လက်ကောက်ဝတ်အားပြေး၍ ဆုပ်ကိုင်လိုက်သည်။

"ဟော့ကောင် .... မင်း သူမေးတာဖြေစမ်း၊ မဖြေရင်တော့ မင်းလက် ထက်ပိုင်းကျိုးသွားလိမ့်မယ်"

ကျိုးပင်း၏မျက်နှာ ရှုံ့မဲ့သွားသည်။

ထို့နောက် တုန်ယင်သောအသံဖြင့် ....

"ဆရာကြီး .... ဒီပြဿနာတွေအားလုံးဟာ ကျွန်တော်နဲ့ လုံးဝမဆိုင်ပါဘူး"

"မင်းသေသွားချင်သလား၊ သူ အခုဘယ်မှာလဲ ပြောစမ်း"

ကျိုးပင်းမှာ နာကျင်လွန်းသဖြင့် အားခနဲအော်ရင်း ....

"အခု သူ သူ ထွက်သွားပါပြီ"

"ဘယ်လို သူထွက်သွားပြီဟုတ်လား"

"ဟုတ်ပါတယ်၊ ကျောက်ကျစ်ကိုယ်တော်က သူ့မှာကိုယ်ဝန်ရှိမှန်းလဲသိရော လွှတ်ပေးလိုက်တာပါပဲ"

ဤတွင် မိုထိန်ကွမ်းက ....

"ကျန်ရှင်းယွင်ကို ကျောက်ကျစ်ကိုယ်တော်ဖမ်းသွားတာ ကျုပ်ကိုယ်တိုင်မြင်လိုက်ရတယ်၊ နောက်ပိုင်း ဘာဖြစ်သွားသလဲဆိုတာ ကျုပ်မသိလိုက်ဘူး၊ နောက်ပိုင်းပြောပြစမ်းပါဦး"

"ဘယ်လိုနောက်ပိုင်းလဲ"

"နဂါးပျံဂိုဏ်းသားတွေ အသတ်ခံရတဲ့ကိစ္စလေ"



ကျိုးပင်းက ချက်ချင်းစကားပြန်မပြောသေးဘဲ ငြိမ်နေ၏။ အတန်ကြာမှ ....

"ဒါဟာ နဂါးပျံဂိုဏ်းနဲ့ဆိုင်တဲ့ကိစ္စပဲ"

ထန်စုကျင်းက ကျိုးပင်း၏လက်မောင်းကိုပင့်တင်လိုက်ပြီး

"အခု ကျန်ရှင်းယွင်ဘယ်မှာလဲ"

"မ .... မသိပါဘူး"

"ဒါဆို ကျောက်ကျစ်ကိုယ်တော်ကော ဘယ်မှာလဲ"

"ခိုင် ....ဖုန်း .... မြို့မှာပါ"

"ဘိုင်း ...."

ကျိုးပင်း၏စကားသံဆုံးသည်နှင့် ထန်စုကျင်းက လက်ဝါးအားလှိုင်းဖြင့်ရိုက်ချလိုက်သည်။

ကျိုးပင်းမှာ သုံးလံခန့်အကွာသို့ လွင့်ထွက်သွားတော့၏။

◆ ◆ ◆

## တုတ်တံပိုင်ရှင်

မိုထိန်ကွမ်းက အံကိုတင်းတင်းကြိတ်လိုက်ပြီး ....

"အင်း .... သူပြောတဲ့စကားအားလုံးဟာ အမှန်တွေပဲဖြစ်ပါစေ"

ထိုသို့ရေရွတ်ပြီး ဘေးတစ်ဖက်သို့လှည့်ကြည့်လိုက်၏။

"ဟာ .... ဟိုမှာ"

ရုတ်တရက်အော်သံနှင့်အတူ မိုထိန်ကွမ်း၏ကိုယ်မှာ လေထဲသို့ မြောက်တက်သွားသည်။ ထန်စုကျင်းက မိုထိန်ကွမ်း ညွှန်ပြသည့်နေရာသို့ ခုန်လွှားသွားသည်။ အနီးသို့ရောက်၍ကြည့်လိုက်သောအခါ ပထမတစ်ကြိမ်တွေ့ခဲ့ရသည့်အတိုင်း ကျောက်တုံးပေါ်တွင် ထန်စုကျင်း၏အမည် သွေးဖြင့်ရေးထားသည်ကိုတွေ့လိုက်ရသည်။

"မောင်ရင် ဒီကိစ္စကိုဘယ်လိုထင်သလဲ"

မိုထိန်ကွမ်းက တုန်ယင်သောလေသံဖြင့် ....

"ဒီနယ်တစ်ဝိုက်မှာ ဆက်တိုက်ဖြစ်နေတဲ့လူသတ်မှုတွေမှာ ဒီလိုပဲရေးထားခဲ့တာတွေ့နေရတယ်"

ထန်စုကျင်းက မိုထိန်ကွမ်းအားအကဲခတ်ကြည့်လိုက်ပြီး ...



"ထန်စုကျင်းလက်ချက်လို့ မောင်ရင်ထင်သလား"

မိုထိန်ကွမ်း ဖြည်းညင်းစွာခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်ကတော့ လုံးဝမထင်ဘူး၊ ဒါပေမယ့် ခုဟာက ယုံရမလိုဖြစ်နေတယ်"

"ဘယ်လိုကြောင့်လဲ"

"လူတွေရဲ့နှုတ်ဖျားကထွက်တဲ့ စကားတွေကြောင့်ပါ"

"ဘယ်လိုစကားတွေများ ထွက်နေလို့လဲ"

မိုထိန်ကွမ်းက မဝံ့မရဲဖြင့် ....

"ဆရာကြီးကို ကျွန်တော်ပြောလို့ ဖြစ်ပါ့မလား"

"ပြောသာပြောပါ"

"အင်း .... ကျွန်တော်ကြားရတဲ့သတင်းကတော့ ထန်စုကျင်းဟာ တချွေနတ်မီးနဲ့ဝိညာဉ်ခေါ်အလံတို့ကို အားကိုးအားထားပြုပြီး သူ့ကို သိုင်းလောကရဲ့အဓိပတိအဖြစ် တင်မြှောက်ရမယ်လို့ အတင်းအဓမ္မတောင်းဆိုနေတယ်ဆိုတဲ့သတင်းပါပဲ"

မိုထိန်ကွမ်း၏စကားအဆုံးတွင် ထန်စုကျင်းက ဟားတိုက်၍ရယ်လိုက်သည်။

"ဟား .... ဟား .... ဟား တော်တော်လဲကောက်ကျစ်ယုတ်မာတဲ့လူတွေပါလား"

ထိုသို့ပြောပြီးသည်နှင့် လက်ဝါးနှစ်ဖက်ကို ရိုက်ချလိုက်၏။

"ဝုန်း"

မြည်သံနှင့်အတူ သွေးဖြင့်စာရေးထားသော ကျောက်တုံးကြီးမှာ ကြေမွသွား၏။ မိုထိန်ကွမ်းထိတ်လန့်သွားပြီး ....

"ဆရာကြီး .... ဆရာကြီးဟာ ခုတလော နာမည်ကြီးနေတဲ့

ဝိညာဉ်ခေါ်အလံရဲ့ညီတော်ဆိုတာလား"

ထန်စုကျင်းက သူ၏ရုပ်သွင်အမှန်ကိုဖော်ပြချင်၏။

သို့သော် အချိန်စောသေးသဖြင့် ထုတ်ဖော်မပြောတော့ဘဲ အလိုက်သင့်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် .... ကျုပ်ဟာ ဝိညာဉ်ခေါ်အလံရဲ့ညီတော် ဝိညာဉ်နှုတ်အဘိုးကြီးပါပဲ"

ထန်စုကျင်းစကားကြောင့် မိုထိန်ကွမ်းမှာ နောက်သို့ခြေတစ်လှမ်းဆုတ်သွားရသည်။ ထန်စုကျင်းက ပြောသည်။

"ဒီကိစ္စဟာ အတော့်ကိုကြောက်စရာကောင်းတဲ့ ကောက်ကျစ်ယုတ်မာမှုတစ်ခုပဲ"

"ဟုတ်ပါတယ်"

"အင်း .... သူတို့ရဲ့ရည်ရွယ်ချက်က ဘယ်လိုမျိုးဖြစ်မလဲ"

မိုထိန်ကွမ်းက စဉ်းစဉ်းစားစားဟန်ဖြင့် ....

"သူတို့ရဲ့ရည်ရွယ်ချက်ကတော့ သိုင်းလောကတစ်ခုလုံးဆူပွက်လှုပ်ရှားသွားအောင်လုပ်ပြီး ထန်စုကျင်းနဲ့ရန်တိုက်ပေးတဲ့သဘောဆိုတာထင်ရှားနေပြီပဲ"

ထန်စုကျင်းက ကြေမွသွားသောကျောက်တုံးအား လှမ်းကြည့်လိုက်ပြီး ....

"ဒီပြဿနာကို ဘယ်သူတွေကဖန်တီးနေတယ်ဆိုတာကိုတော့ ထန်စုကျင်းအတွက် စုံစမ်းပေးရလိမ့်မယ်ထင်တယ်"

မိုထိန်ကွမ်းက တည်ကြည်လေးနက်သောအသံဖြင့် ....

"ဆရာကြီး ဒီပြဿနာကိုစုံစမ်းမယ်ဆိုရင် ကျွန်တော်လဲ ဆရာကြီးနဲ့အတူလိုက်ပြီးစုံစမ်းချင်တယ် ဖြစ်မလား"



ထန်စုကျင်းက မိုထိန်ကွမ်းအား စိတ်ထဲမှကျိတ်၍ ကျေးဇူးတင်သွားမိသည်။ မိုထိန်ကွမ်း၏ သစ္စာသမာဓိကိုလည်း လေးစားသွား၏။ သို့သော် ထန်စုကျင်းက ခေါင်းခါယမ်းလိုက်သည်။

"ဒီပြဿနာကိုဖန်တီးနေတဲ့လူဟာ အတော်လေးရက်စက်ယုတ်မာပုံရတယ်၊ ဒီတော့ ကျုပ်အနေနဲ့ မောင်ရင့်ကို အန္တရာယ်များတဲ့ပြဿနာထဲကို မဝင်စေချင်ဘူး"

"ကိစ္စမရှိပါဘူးဆရာကြီး အမှန်တရားဘက်က ရပ်တည်လို့သေရတာဟာ မြတ်ပါတယ်၊ လူဆိုတာ တစ်နေ့သေရမယ့်အမျိုးပါ၊ ဒါကြောင့် မှန်ကန်မှုဘက်က ရပ်တည်ပြီး သေရရင် ပိုပြီးမြတ်ပါတယ်"

ထန်စုကျင်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ....

"မောင်ရင်ရဲ့စိတ်ဓာတ်နဲ့သတ္တိကိုတော့ ချီးကျူးပါတယ်၊ ဒါပေမယ့် ဒီကိစ္စထဲဝင်မပါတာ မောင်ရင့်အတွက် အကောင်းဆုံးပါ၊ နောက် ထန်စုကျင်းနဲ့တွေ့မှပဲ မောင်ရင့်သဘောအရ တိုင်ပင်ဆုံးဖြတ်စေချင်တယ်"

မိုထိန်ကွမ်း ခေတ္တတွေဝေသွားပြီး ....

"ဒါဆို ကျွန်တော့်မိတ်ဆွေထန်စုကျင်း အခုဘယ်မှာရှိနေပါသလဲ"

"ဒါတော့ ကျုပ်လဲမသိဘူး၊ ဒါပေမယ့် အခုလိုကောက်ကျစ်ယုတ်မာတဲ့လုပ်ကြံမှုတွေပေါ်နေတယ်ဆိုရင်တော့ မကြာခင်မှာ သူကိုယ်တိုင်ထွက်လာပြီး ဖြေရှင်းလိမ့်မယ်ထင်ပါတယ်"

ထန်စုကျင်း ထိုသို့ပြောပြီးနားစွင့်လိုက်၏။

"ဟော .... လူတစ်ယောက်လာနေတဲ့ခြေသံလိုလို ကြားရတယ်၊ မောင်ရင် ဒီကနေ အမြန်ဆုံးထွက်သွားပေတော့"

မိုထိန်ကွမ်းမှာ မည်သည့်စကားမျှ ပြန်မပြောတော့ဘဲ ထန်စုကျင်းအား အရိုအသေပေးပြီး ပြေးထွက်သွားလေတော့သည်။

◆◆◆

မိုထိန်ကွမ်းထွက်သွားပြီးသည်နှင့် ထန်စုကျင်းက ပင်စည်ကြီးမားလှသော ချယ်ရီပင်ကြီးတစ်ပင်၏နောက်သို့ ပြေး၍ပုန်းကွယ်နေလိုက်သည်။

ထန်စုကျင်းပုန်းကွယ်ပြီးမကြာမီ လူရိပ်ဆယ်ရိပ်ခန့်သည် လဲကျနေသောအလောင်းများအနီးသို့ရောက်ရှိလာ၏။

ရှေ့ဆုံးမှဦးဆောင်လာသူနှစ်ဦးမှာ အဝါရောင်နှင့်အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသောအဘိုးကြီးနှစ်ဦးဖြစ်သည်။

ထန်စုကျင်းက ထိုအဘိုးကြီးနှစ်ဦးအား သေချာစွာကြည့်လိုက်သည်။ အဝါရောင်နှင့်အဘိုးကြီးမှာ နေသူရိန်ဂိုဏ်းမှ ဂိုဏ်းခွဲမှူးတောင်ငါးတောင်အရှင်ထုံယိကွမ်းပင်ဖြစ်သည်။

အစိမ်းရောင်ဝတ်စုံနှင့်အဘိုးကြီးကမူ မရဏာတမန် ဟုန်ချန်ပိုးဖြစ်သည်။ ၎င်းတို့အားတွေ့မြင်သည့်အခါ မိုးကြိုးဂိုဏ်းချုပ် ကွမ်းကြုံအီအား အဘယ့်ကြောင့်နှုတ်ပိတ်ခဲ့ရသနည်းဆိုသည့်အချက်ကို မေးချင်လာ၏။

ထိုစဉ် လေးလံဖြည်းဆေးသော မရဏာတမန် ဟုန်ချန်ပိုး၏ အသံကထွက်ပေါ်လာသည်။

"ဂိုဏ်းခွဲမှူးကြီးအနေနဲ့ ထန်စုကျင်းဟာ လူတကာကို လျှောက်သတ်နေတယ်ဆိုတဲ့အချက်ကိုလက်ခံသလား"

ထုံယိကွမ်းက အလောင်းများကိုတစ်ချက်ကြည့်ပြီး ...



"ဒီသတင်းကကြားရတာပဲရှိတယ်၊ လက်တွေ့မြင်တာမဟုတ်တော့ ဝိုးစဉ်းစားစားယုံရလိမ့်မယ်၊ နေပါဦး ဂေဟာသခင်ကြီးအနေနဲ့ကကော ဘယ်လိုထင်မြင်ယူဆသလဲ"

မရဏာတမန်က တစ်ချက်စဉ်းစားလိုက်ပြီး ....

"ဂိုဏ်းချုပ်ကြီးအနေနဲ့ကတော့ တခြားကိစ္စတွေမှာ ထန်စုကျင်းရဲ့လက်ချက်လို့ မထင်ဘူး၊ ဒါပေမယ့် ကျုပ်တို့ဂိုဏ်းက ဂိုဏ်းခွဲမှူးဝမ်ပြောင်ရှန်း အသတ်ခံရတဲ့ကိစ္စမှာတော့ သူ့လက်ချက်လို့ ထင်မြင်ယူဆထားတယ်"

"ခင်ဗျားကကော အဲဒါလက်ခံသလား"

မရဏာတမန်ကခေါင်းခါယမ်းလိုက်ပြီး ....

"ကျုပ်ကတော့ အဲဒါလက်မခံဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဝမ်ပြောင်ရှန်းအသတ်ခံရတာ ဓားလိုလက်နက်မျိုးနဲ့မဟုတ်ဘူး၊ တုတ်ကောက်လိုလက်နက်မျိုးနဲ့ အသတ်ခံရတာ၊ ထန်စုကျင်းသုံးတာကဓားလက်နက်ပဲ"

ထုန်ရိကွမ်းက အံ့သြသောမျက်နှာဖြင့် ....

"ဒါကို ခင်ဗျားဘယ်လိုလုပ်သိနေသလဲ"

"ဝမ်ပြောင်ရှမ်းရဲ့အလောင်းကို ကျုပ်ကိုယ်တိုင်သယ်ယူခဲ့တာပဲ၊ အဲဒီတုန်းက ဝိညာဉ်နှုတ်အဘိုးအိုက ကျုပ်ကိုမျှားခေါ်သွားတယ်၊ ဝမ်ပြောင်ရှမ်းကကျန်ခဲ့ပြီး လုပ်ကြံခံရတာပဲ"

ထုံယိကွမ်းက အတန်ကြာအောင် စဉ်းစားလိုက်ပြီး ....

"အင်း ဒါဟာ တိုက်ဆိုင်မှုတစ်ခုဖြစ်လိမ့်မယ်၊ တကယ်တော့ ဝမ်ပြောင်ရှမ်းဟာ အမိန့်နဲ့ ဝိညာဉ်နှုတ်အဘိုးအိုနောက်ကိုလိုက်ရင်း ခုလိုအသတ်ခံရတာပဲဖြစ်မယ်"

ထုံယိကွမ်းက ခေတ္တနားပြီးမှဆက်ပြောသည်။

"အင်း ဝမ်ပြောင်ရှမ်းကိုသတ်တာ ထန်စုကျင်းလဲမဟုတ်ဘူး၊ ဝိညာဉ်နှုတ်အဘိုးအိုလဲမဟုတ်ဘူးဆိုရင် တရားခံဟာ ဘယ်သူဖြစ်မလဲ၊ ငါကယ်တော့ ဝမ်ပြောင်ရှမ်းရဲ့အသက်ကိုနှုတ်ယူဖို့ဆိုတာ သာမန်သိုင်းသမားအဆင့်နဲ့မရနိုင်ဘူး"

မရဏတမန်က ....

"အဲဒါကိုစဉ်းစားရခက်နေတယ်"

ထုံယိကွမ်းက ဖျတ်ခနဲစဉ်းစားလိုက်ပြီး ....

"သိုင်းလောကမှာ တုတ်ကောက်လက်နက်ကိုင်တဲ့အဆင့်မြင့်သိုင်းသမား ဘယ်နှစ်ယောက်ရှိမလဲ"

မရဏတမန်က ချက်ချင်းပြန်ဖြေလိုက်သည်။

"ချက်ချင်းစဉ်းစားလို့တော့ ရမှာမဟုတ်ဘူး"

ထုံယိကွမ်းက လဲကျနေသောအလောင်းများကို လက်ညှိုးထိုးပြလိုက်ပြီး ....

"ဒီအလောင်းတွေကိုဘယ်လိုလုပ်ကြမလဲ"

ထုံယိကွမ်းညွှန်ပြသည့်အလောင်းများကို မရဏတမန်ကတစ်ချက်ကြည့်လိုက်သည်။ ထို့နောက် ရပ်နေသောဂိုဏ်းသားများအား လက်ဝှေ့ယမ်းပြ၍အချက်ပေးကာ ....

"ဟေး .... ဒီအလောင်းတွေကိုအမြန်ဆုံးမြှုပ်ပစ်လိုက်"

ဂိုဏ်းသားများအလုပ်ရှုပ်နေစဉ် မရဏတမန်ဟုန်ချန်ပိုးက ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရှုလိုက်သည်။ ဤတွင် သွေးဖြင့်ရေးထားသောစာတန်းမှာ ကြေမွနေသည်ကိုတွေ့ရ၏။ မရဏတမန်က ကြေမွနေသောကျောက်တုံးကို လက်ညှိုးထိုးပြလိုက်ပြီး ....



"ဟင် .... ဒီသွေးစာလုံးရေးထားတဲ့ကျောက်တုံးကို ဘယ်သူက ကြေမွအောင်လုပ်လိုက်တာပါလိမ့်"

ထိုစဉ် ....

"ကျုပ် .... ဝိညာဉ်နှုတ်အဘိုးကြီးပဲ"

အသံနှင့်အတူ ဆံဖြူအဘိုးအိုတစ်ဦးသည် ချယ်ရီပင်စည်အကွယ်မှထွက်ပေါ်လာလေသည်။ မရဏတမန်ဟုန်ချန်ပိုးမှာ ဆံဖြူအဘိုးကြီးဟန်ဆောင်ထားသော ထန်စုကျင်းကိုတွေ့လိုက်သည်နှင့် ထိတ်လန့်သွားပြီး ....

"ဟင် .... ဝိညာဉ်နှုတ်အဘိုးအို"

နှုတ်မှလည်း အလန့်တကြားရေရွတ်လိုက်၏။

ထုံယိကွမ်းက ဆံဖြူအဘိုးအိုအား တစ်ချက်စူးစိုက်ကြည့်ရင်း ဂိုဏ်းသားများအားအော်ဟစ်အမိန့်ပေးလိုက်၏။

"သွား .... မင်းတို့အလုပ် မင်းတို့ဆက်လုပ်ကြစမ်း"

ဂိုဏ်းသားများမှာ ချက်ချင်းလှည့်ထွက်သွားပြီး သူတို့အလုပ်သူတို့ ဆက်လုပ်နေကြ၏။ ထို့နောက် ထုံယိကွမ်းက လေးကွေးသောအသံဖြင့် ထန်စုကျင်းအား စတင်နှုတ်ဆက်လိုက်၏။

"မမျှော်လင့်ဘဲတွေ့ရတာဝမ်းသာပါတယ်၊ အခု ဒီလူတွေအသတ်ခံရတဲ့ကိစ္စကို ဆရာကြီးဘယ်လိုယူဆပါသလဲ"

ထန်စုကျင်းက မရဏတမန်အား တစ်ချက်ကြည့်လိုက်၏။ ထို့နောက် ထုံယိကွမ်းနှင့်မျက်နှာချင်းဆိုင်နေရာသို့ တိုးရွှေ့ရပ်လိုက်ပြီး ....

"ကျုပ်လဲ ဘယ်လိုမှယူဆလို့ မတတ်အောင်ဖြစ်နေတယ်၊ ဒါပေမယ့် ထန်စုကျင်းသတ်တာ မဖြစ်နိုင်ဘူးလို့ထင်တယ်"

ထုံယိကွမ်းက ထန်စုကျင်းအား တစ်ချက်စိုက်ကြည့်ပြီး ....

"ထန်စုကျင်း သတ်တာမဟုတ်ဘူးလို့ ဘာကြောင့်ပြောနိုင်တာလဲ"

"ဒါကတော့ရှင်းပါတယ်၊ လူတစ်ယောက် တကယ်သတ်တာမှန်ရင် သူ့နာမည်ရေးထားခဲ့စရာမလိုဘူး၊ ခုဟာက အထင်လွဲအောင် တမင်အကွက်ဆင်ဖန်တီးတာပဲ"

ဤတွင် မရဏတမန်ကဝင်မေးလာ၏။

"ဒါဆို ဝမ်ပြောင်ရှန်းကိုသတ်တာကကော"

ထန်စုကျင်းက ခေါင်းတစ်ချက်ယမ်းလိုက်ပြီး ....

"ဒါတော့ကျုပ်မသိဘူး"

ထုံယိကွမ်းက ထန်စုကျင်းအား စေ့စေ့ကြည့်ကာ ....

"နောင်ကြီးက ဝိညာဉ်ခေါ်အလံရဲ့ညီတော်လား"

"ဒီစကားကို အမေးခံရတာ အကြိမ်ပေါင်းမနည်းတော့ဘူး၊ ကျုပ်ဖြေဖို့တောင်ပျင်းလာပြီ"

ထန်စုကျင်းက ထိုသို့ပြောပြီးနောက် မရဏတမန်ဘက်လှည့်ကာမေးလိုက်ပြန်သည်။

"ဟုန်ချန်ပိုးကို ကျုပ်တစ်ခုမေးချင်တယ်"

မရဏတမန်ဟုန်ချန်ပိုးက ထန်စုကျင်းအား မျက်လုံးပြူး၍ ပြန်ကြည့်လိုက်ပြီး ....

"ဘာမေးချင်လို့လဲ"

ထန်စုကျင်းက ....

"ဘာကြောင့် မိုးကြိုးဂိုဏ်းချုပ်ကွမ်းကြုံးအိကို ချောင်းပြီး လုပ်ကြံလိုက်တာလဲ"



မရဏတမန်မှာ မျက်နှာတစ်ချက်ပျက်သွားပြီး ....

"ဟင်.... ကျုပ်သူ့ကိုဘယ်တုန်းကသတ်ခဲ့လို့လဲ၊ သူ့ကိုသတ်တာ ထန်စုကျင်းပဲဖြစ်မှာပေ့ါ"

ထန်စုကျင်းက ဒေါသတကြီးအော်ပြောလိုက်၏။

"ဟေ့ကောင် .... အူကြောင်ကြောင်လုပ်မနေနဲ့၊ သူ့ကို ဘာကြောင့်သတ်ရသလဲဆိုတာ မှန်မှန်ဖြေစမ်း"

"အို .... ကျုပ်ဘာမှမသိလို့ ဘာမှမပြောနိုင်ဘူး"

မရဏတမန်က ဘူးကွယ်နေ၏။ ထန်စုကျင်းက ....

"ကောင်းပြီ၊ မောင်ရင့်အတွက် မရဏကြေးပြားလက်နက်ထုတ်သုံးဖို့ အခွင့်အရေးပေါ်လာပြန်ပြီ"

ထန်စုကျင်းက ထိုသို့ပြောပြီး ထုံယိကွမ်းဘက်လှည့်ကာ ပြောလိုက်ပြန်၏။

"မင်း ဒီကိစ္စထဲဝင်မပါချင်နဲ့၊ ကြားလား"

ဤတွင် ထုံယိကွမ်းကလှောင်ရယ်ရယ်လိုက်ပြီး ....

"ဟဲ .... ဟဲ .... လိုအပ်ရင်တော့ ဝင်သင့်ဝင်ရမှာပေ့ါ"

ဤစကားကြောင့် ထန်စုကျင်း စိတ်ထဲအနည်းငယ်အကျပ်ရိုက်သွားတော့၏။ အကယ်၍ ထုံယိကွမ်းဝင်ပါလာလျှင် ထန်စုကျင်းမှာ ဓားကိုထုတ်သုံးရတော့မည်ဖြစ်၏။

သို့ဆိုလျှင် သူ၏ဇာတိရုပ်ပေါ်ပေတော့မည်။

ဓားကိုထုတ်မသုံးဘဲ လက်ချည်းသက်သက်ဖြင့် ဤသိုင်းသမားကြီးနှစ်ဦးကိုယှဉ်ရန်ကလည်း လွယ်မည်မဟုတ်ပေ။

ထန်စုကျင်းအတွက် စဉ်းစားရအလွန်ခက်နေ၏။

တောင်ငါးတောင်အရှင် နတ်ဆိုးကြီးထုံယိကွမ်းနှင့် မရဏ

တမန်၏အမည်ကိုကြားသည်နှင့် ဒုစရိုက်လောကသားအားလုံး ကျော ချမ်းသွားကြ၏။ သို့သော် ဤကဲ့သို့မမျှော်လင့်ဘဲတွေ့ရသော အခွင့် အရေးကို ထန်စုကျင်းကလက်လွှတ်မခံနိုင်ချေ။

ထိုစဉ် ထုံယိကွမ်းက ထန်စုကျင်းအား မေးလာသည်။

"မိုးကြိုးဂိုဏ်းချုပ်ကွမ်းကြုံအိကိုသတ်ရတဲ့ အကြောင်းရင်း ကို နောင်ကြီးတကယ်ပဲသိချင်နေသလား"

ထုံယိကွမ်း၏အသံက အနည်းငယ်ပျော့လာ၏။

ထန်စုကျင်းကခေါင်းညိတ်ပြရင်း ....

"ဟုတ်တယ်၊ တကယ်ပဲသိချင်တယ်"

"ကောင်းပြီ၊ ဒါဆိုရင် ကျုပ်ပြောပြပါ့မယ်၊ တကယ်တော့ ကွမ်းကြုံအိဟာ ကျုပ်တို့ဂိုဏ်းထဲဝင်ဖို့ ငြင်းဆန်ခဲ့တယ်၊ ကျုပ်တို့ အနေနဲ့ကလဲ သူ့ကို နဂါးပျံဂိုဏ်းရဲ့ဘက်တော်သားအဖြစ် အရောက် မခံနိုင်ဘူး၊ ဒါကြောင့် သူ့ကိုသတ်လိုက်ရတာပဲ"

"ဒါ အမှန်ပဲလား"

"အမှန်ပါပဲ"

ဤအတိုင်းဆိုလျှင် မရဏတမန်က ကွမ်းကြုံအိအား လုပ် ကြံလိုက်ခြင်းမှာ နှုတ်ပိတ်လိုက်ခြင်းမဟုတ်ကြောင်း ထင်ရှားနေ၏။ သို့ဆိုလျှင် .... ကျောက်စိမ်းဓားအမှုနှင့်လည်း လုံးဝမပတ်သက်တော့ ချေ။ စင်စစ် ထိုစဉ်က နဂါးပျံဂိုဏ်းမှတမာန်တော်ရီစုကျိုင်းလည်း လုပ်ကြံခံခဲ့ရသည်သာဖြစ်သည်။

ဤသို့ဆိုလျှင် ထုံယိကွမ်း၏အဖြေမှာယုတ္တိရှိနေ၏။

ထန်စုကျင်းအနေဖြင့် မရဏတမန်နှင့်အကြိတ်အနယ်တိုက် ခိုက်ရန်မလိုတော့ချေ။



ထန်စုကျင်း ထိုသို့စဉ်းစားနေစဉ် မရဏတမန်က အေးစက် သောအသံဖြင့်ပြောလာ၏။

" ကဲ... ဂိုဏ်းခွဲမှူးကြီး ခုအချိန်ဟာ ပြဿနာကိုဖြေရှင်းဖို့ အကောင်းဆုံးအချိန်ပဲ"

ထုံယိကွမ်းကခေါင်းတချက်ညိတ်ပြီး ထန်စုကျင်းဘက်သို့ လှည့်လိုက်၏။

" ကျုပ်တို့ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရအောင်"

" ဘာအကြောင်းတွေများ ဆွေးနွေးကြမလို့လဲ "

ထုန်ရိကွမ်းက တစ်လုံးချင်း ဖြည်းလေးစွာပြောသည်။

"ဝိညာဉ်ခေါ်အလံ အေ့ာယန်ဖန်ရယ်၊ ထန်စုကျင်းရယ် ခင်ဗျားရယ် ဘယ်လိုပတ်သက်နေကြသလဲ"

ထန်စုကျင်းက တည်ကြည်လေးနက်သောအသံဖြင့် ....

" ကျုပ်တို့ညီနောင်နဲ့ ထန်စုကျင်းတို့ဟာ မိတ်ဆွေဟောင်း တွေပဲ၊ နေပါဦး မောင်ရင်တို့နဲ့ထန်စုကျင်းတို့က ဘယ်လိုပြဿနာများ ရှိနေခဲ့လို့လဲ "

ထုံယိကွမ်းက အံကြိတ်လိုက်ပြီး...

"သူဟာ ကျုပ်တို့ဂိုဏ်းသားတွေကိုဒဏ်ရာရအောင်လုပ်ခဲ့ တယ်၊ ပြီးတော့ တခြားလူတွေကိုသတ်တာလဲသူပဲ၊ ကျုပ်တို့ဂိုဏ်းက ဂိုဏ်းခွဲမှူးဝမ်ပြောင်ရှန်းကိုသတ်သွားတာလဲ သူပဲ"

ထန်စုကျင်းမှာ စိတ်ထဲမှကျိတ်၍ရယ်ချင်သွားသည်။ စင်စစ် ဝမ်ပြောင်ရှန်းအားသတ်သူမှာ အရိပ်မဲ့ပင်မဟုတ်ပါလား။

ထန်စုကျင်းက ကောင်းကင်သို့တစ်ချက်မော့ကြည့်ပြီး ....

"မောင်ရင်တို့ ထန်စုကျင်းကိုရှာတွေ့ဖို့ဆိုတာ တကယ်ကို

မလွယ်ပါဘူး"

မရဏတမန်ဟုန်ချန်ပိုးက ခပ်မာမာဖြင့်ပြန်ပြောသည်။

"ကျုပ်တို့ သူ့ကိုမတွေ့တွေ့အောင်ရှာမယ်"

ထန်စုကျင်းက ဘာမှုပြန်မပြောတော့ဘဲ မရဏတမန်အား စိုက်ကြည့်နေလိုက်သည်။ ထိုစဉ် ထုံယိကွမ်းက ....

"ဒီအကြောင်းခဏထားပြီး ခင်ဗျားအကြောင်းကိုပြောကြရအောင်"

ထန်စုကျင်းက အံ့သြသောအသံဖြင့် ....

"ကျုပ်အကြောင်း ဘာပြောစရာရှိလို့လဲ"

"ခင်ဗျားအစ်ကိုဝိညာဉ်ခေါ်အလံ ဘယ်မှာရှိနေပါသလဲ"

"သူ အခုဘယ်မှာရှိတယ်ဆိုတာ ကျုပ်မသိဘူး"

ထုံယိကွမ်းက တစ်ချက်စိုက်ကြည့်လိုက်ပြီး ....

"ဘာလဲ ပြောမပြချင်လို့လား"

"မပြောချင်တာမဟုတ်ဘူး၊ တကယ်မသိတာပါ"

ထုံယိကွမ်းက ....

"ကျုပ်တို့ နောင်ကြီးနဲ့ မျက်နှာပျက်ရမယ့်အလုပ်မျိုး မလုပ်ချင်ဘူး၊ နောင်ကြီးရဲ့ အစ်ကိုတော်ကိုပြောလိုက်ပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့နဲ့လာတွေ့ပါလို့၊ နို့မဟုတ်ရင် တစ်သက်လုံးဒုက္ခရောက်သွားလိမ့်မယ်"

ထန်စုကျင်း မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုအကြောင်းလဲဆိုတာပြောပါဦး၊ ကျုပ် သူ့ကိုတွေ့ရင် ပြောလိုက်ပါ့မယ်"

ထုံယိကွမ်းက အနည်းငယ်စဉ်းစားလိုက်ပြီး ....



"ဒါ ကျုပ်တို့ကိစ္စမို့ ဘာမှပြောစရာမလိုဘူးထင်တယ်"

ထန်စုကျင်းက ထုံယိကွမ်းအား ခပ်တင်းတင်းပြန်ကြည့်ပြီး ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"ဒါဆို ကျုပ်ကလဲ ဘာမှလုပ်မပေးနိုင်ဘူး"

ထိုစဉ် ဝတ်ရုံနက်လူရွယ်တစ်ဦးရောက်လာပြီး ထုံယိကွမ်းအားအရိုအသေပေးကာ တုန်တုန်ယင်ယင်ဖြင့်သတင်းပို့သည်။

"ဂိုဏ်းခွဲမှူးကြီးခင်ဗျား၊ ဟိုမိန်းကလေး ဘယ်မှာရှိတယ်ဆိုတာ သတင်းရခဲ့ပါပြီ"

ထုံယိကွမ်းက လက်ကာဟန့်တားလိုက်ပြီး ....

"ကောင်းပြီ"

ထို့နောက် မရဏတမန်ဟုန်ချန်ပိုးဘက်လှည့်ကာ ....

"ကျုပ်တို့သွားကြစို့"

ထန်စုကျင်း၏စိတ်ထဲ အမြန်စဉ်းစားလိုက်၏။

သူတို့ပြောနေကြသည့်မိန်းကလေးမှာ မည်သူနည်း။

ယခု လာရောက်သတင်းပို့သူသည် မည်သည့်ဂိုဏ်းကဖြစ်သနည်း။

ထိုစဉ် ထုံယိကွမ်းက ထန်စုကျင်းအားထပ်ပြောလိုက်၏။

"နောင်ကြီးရဲ့ အစ်ကိုတော်ကိုပြောလိုက်ပါ၊ ကျုပ်ကိုအမြန်ဆုံးလာတွေ့ပြီးဖြေရှင်းပါလို့ ဟုတ်လား"

ထုံယိကွမ်းကပြောပြီးသည်နှင့် လက်မြှောက်အချက်ပြလိုက်သည်။ ထိုအခါ .... ဟုန်ချန်ပိုးအပါအဝင် ဂိုဏ်းသားအားလုံး ထွက်ခွာသွားကြလေတော့သည်။

ဟုန်ချန်ပိုးတို့ထွက်ခွာသွားသည့်အခါ ထန်စုကျင်းသည် တစ်

ချိန်က ခိုင်ဖုန်းမြို့အနီးသီလရှင်ကျောင်းသို့ မြင်းလှည်းဖြင့်ပို့ပေးခဲ့သော ရှောင်မေလိန်းတို့ညီအစ်မနှင့် မိန်းမကြီးတစ်ဦးအား သတိရလိုက်၏။ သူတို့ရှာတွေ့ပြီဆိုသောမိန်းကလေးမှာ သီလရှင်ကျောင်းတွင်ပုန်းနေသော ရှောင်မေလိန်းဖြစ်နေမည်လား။

ထန်စုကျင်းမှာ ထိုသို့တွေးမိသည်နှင့် ကြာကြာစဉ်းစားမနေတော့ဘဲ ခိုင်ဖုန်းမြို့အနီးရှိ သီလရှင်ကျောင်းသို့ ဦးတည်၍ထွက်ခဲ့လေတော့သည်။

◆◆◆

ထန်စုကျင်းခိုင်ဖုန်းမြို့အနီးသို့ ရောက်သောအခါ ညဥ့်သန်းခေါင်ကျော်၍ နံနက်ပိုင်းသို့ပင်ကူးချေပြီ။ ထန်စုကျင်းက ခိုင်ဖုန်းမြို့ကို ကျော်လွန်၍ သီလရှင်ကျောင်းအနီးသို့ရောက်လာ၏။

ထိုစဉ် .... သီလရှင်ကျောင်းဆီမှ ထိတ်လန့်တကြားအော်ဟစ်သံများကိုကြားလိုက်ရ၏။ ထန်စုကျင်းမှာ သူထင်သည့်အတိုင်း မရဏာတမန်တို့အုပ်စု ရှောင်မေလိန်းတို့ထံ ရောက်နေပြီလောဟု တွေးလိုက်မိ၏။

ထန်စုကျင်းမှာ စိုးရိမ်စိတ်ဝင်လာပြီး ကိုယ်ဖော့ပညာသုံး၍ အမြန်ဆုံးပြေးလေတော့၏။ သီလရှင်ကျောင်းရှေ့သို့ ရောက်သောအခါ ပြင်းထန်စွာဖြစ်ပွါးနေသောတိုက်ပွဲကိုတွေ့လိုက်ရသည်။

မြေပြင်တွင် အလောင်းများပြန့်ကျဲနေ၏။ တိုက်ကွင်း၏အလယ်တွင် အဘိုးကြီးနှစ်ဦးက လူထူးဆန်းကြီးတစ်ဦးကို ဝိုင်း၍ တိုက်ခိုက်နေကြသည်။ ကျန်လူဆယ်ဦးခန့်က သီလရှင်ကျောင်းအား ပတ်ဝိုင်းထား၏။ သီလရှင်ကျောင်းအတွင်းမှ လူရိပ်လူရောင်ဟူ၍ လုံးဝထွက်မလာချေ။



ထန်စုကျင်းသည် အကွယ်တစ်နေရာတွင်ပုန်းအောင်းလိုက်ပြီး တိုက်ပွဲအခြေအနေကိုအကဲခတ်ကြည့်ရှုလိုက်သည်။ တွေ့လိုက်ရသောမြင်ကွင်းကြောင့် ထန်စုကျင်းတုန်လှုပ်သွားမိသည်။

တိုက်ကွင်းအလယ်တွင် အဝိုင်းခံနေရသည့်ဝတ်ရုံနက်နှင့် လူထူးကြီးမှာ အရိပ်မဲ့ဖြစ်နေသောကြောင့်ဖြစ်သည်။

ထူးဆန်းနေသည်မှာ ... သီလရှင်ကျောင်းအတွင်းမှ မည်သူတစ်ဦးတစ်ယောက်မျှ ထွက်မလာခြင်းပင်ဖြစ်သည်။

အရိပ်မဲ့မှာ တစ်ယောက်တည်းခုခံတိုက်ခိုက်နေပုံရသည်။ တုတ်ကောက်လက်နက်ဖြင့် အစွမ်းကုန်ခုခံတိုက်ခိုက်နေခြင်းဖြစ်၏။ သူနှင့်တိုက်ခိုက်နေသော ဓားသမားသုံးဦးမှာလည်း ကြောက်စရာကောင်းသောအဆင့်မြင့်သိုင်းသမားများဖြစ်ကြ၏။ ဓားသုံးလက်စုပေါင်းတိုက်ခိုက်သည့်တိုက်ကွက်မှာ အလွန်ပြင်းထန်လှ၏။

အရိပ်မဲ့၏တုတ်ကောက်လက်နက်မှာ ဓားသုံးလက်ကြားတွင်ဝဲပျံနေသည်။ အပြင်ဘက်တွင် ရုတ်ရုတ်သဲသဲဖြင့် မငြိမ်မသက်ဖြစ်နေသလောက် သီလရှင်ကျောင်းထဲတွင်မူ တိတ်ဆိတ်ငြိမ်သက်နေလေ၏။ လွန်စွာအံ့သြဖွယ်ကောင်းလှသည်။

ထန်စုကျင်းက ထုံယိကွမ်းနှင့်မရဏာတမန်တို့ရောက်ရှိ မလာခင် တိုက်ပွဲကိုအဆုံးသတ်အောင်လုပ်ပစ်ချင်၏။

သို့သော် .... မိမိမှာ မည်သည့်အသွင်ဖြင့် ထွက်၍တိုက်ခိုက်ရမည်ကို စဉ်းစားမရအောင်ဖြစ်နေ၏။ အဓိကအချက်မှာ ဓားသုံးရမည်လော၊ သို့မဟုတ် လက်ဝါးသုံးရမည်လောဆိုသည့်အချက်ပင်ဖြစ်သည်။ ဓားကိုသုံးလျှင် ထန်စုကျင်းဖြစ်ကြောင်း ပေါ်သွားမည်ဖြစ်သည်။

ထန်စုကျင်းစဉ်းစားနေစဉ် အရိပ်မဲ့မှာအခြေအနေမဟန်တော့သည်ကိုတွေ့ရသည်။ အရိပ်မဲ့မှာ အသည်းအသန်ခုခံနေရ၏။ ထိုစဉ် .... အဘိုးကြီးတစ်ဦး၏အော်ဟစ်အမိန့်ပေးသံထွက်ပေါ်လာသည်။

"ဟော့ကောင်တွေ ကျောင်းဝင်းထဲဝင်ရာကြစမ်း"

လူရှစ်ဦးခန့် ကျောင်းတံခါးဝဆီသို့ပြေးသွားကြ၏။

ထန်စုကျင်းမှာ ဆက်စဉ်းစားမနေတော့ဘဲ ဝိညာဉ်နှုတ်အဘိုးအိုအသွင်ဖြင့်ပင် တိုက်ပွဲအတွင်းသို့ဝင်လိုက်ရတော့၏။

◆ ◆ ◆

ထန်စုကျင်းသည် လျင်မြန်သောအဟုန်ဖြင့် ကျောင်းတံခါးဝသို့ရောက်လာ၏။ ကျောင်းတံခါးဝသို့ရောက်သည်နှင့် လေပွေလက်ဝါးသိုင်းဖြင့် အတွင်းအားအကုန်ထုတ်ကာ ရိုက်ချလိုက်သည်။

လေပွေလှိုင်းတစ်ခုသည် ကျောင်းတံခါးဝသို့ ပြေးဝင်လာသောလူရှစ်ဦးဆီပြေးဝင်သွား၏။ ထိုလေပွေလှိုင်းက လူရှစ်ယောက်အား မွှေ့ပစ်လိုက်သည်။ လူရှစ်ယောက်မှာ ယိမ်းထိုးလျက် တစ်ဦးကိုတစ်ဦးတိုးဝှေ့တိုက်သွားကြ၏။ ရုတ်တရက်ဖြစ်ပေါ်လာသည့်အခြေအနေကြောင့် စောစောကအမိန့်ပေးလိုက်သောအဘိုးကြီးမှာ ရုတ်တရက်ကြောင်ငေးလျက် ရပ်တန့်သွားလေသည်။

တစ်ချိန်တည်းမှာပင် အဘိုးကြီးနှစ်ဦးနှင့်လူရွယ်တို့မှာ ထန်စုကျင်းထံသို့ ခုန်ဝင်လာကြပြီး သုံးထောင့်သုံးနေရာမှ ဝိုင်းလိုက်ကြ၏။ ထိုအထဲမှ အဘိုးကြီးတစ်ဦးက ....

"ခင်ဗျား ဘယ်သူလဲ"

ထန်စုကျင်းက ချက်ချင်းပြန်ဖြေလိုက်သည်။



"ကျုပ်က ဝိညာဉ်နှုတ်အဘိုးကြီးပဲ"

မေးလာသောအဘိုးကြီးက နားမလည်ဟန်ဖြင့် ....

"ဘယ်လို"

"လူတွေရဲ့ဝိညာဉ်တွေကိုနှုတ်နေတဲ့ ဝိညာဉ်နှုတ်အဘိုးကြီးဆိုတာ မကြားဖူးဘူးလား"

"ဒီလူကြီးနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ထန်စုကျင်းက ခပ်မာမာ ခပ်ပြတ်ပြတ်ဖြင့် ဖြေလိုက်သည်။

"ဘယ်လိုမှ မပတ်သက်ပါဘူး၊ ကျုပ်က မတရားတာတွေ့ရင် မနေနိုင်လို့ ဝင်တိုက်ခိုက်တာပဲ"

"ဩော် .... ဟုတ်လား ဒါဆိုလဲ ရော့"

ထိုအဘိုးကြီးက ပြောပြောဆိုဆို ထန်စုကျင်းအား ရုတ်တရက်ဝင်၍တိုက်ခိုက်လိုက်သည်။ ကျန်အဘိုးကြီးနှင့်လူရွယ်ကလည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်၏။

ထန်စုကျင်း၏ခန္ဓာကိုယ်မှာ လူရွယ်၏ဓားဆီသို့ ရိပ်ခနဲ ပြေးဝင်လိုက်သည်။ လူရွယ်၏ဓားရှည်သည် ထန်စုကျင်း၏ ရင်ဝတည့်တည့်သို့ တိုးဝင်လာသည်။ သို့သော် လူရွယ်၏ဓားမှာ ထန်စုကျင်း၏ အသားထဲသို့ စိုက်ဝင်မသွားဘဲ ကွေးကောက်သွားလေသည်။

ဤဖြစ်ရပ်ကိုမြင်လိုက်ရသော အဘိုးကြီးနှစ်ဦးမှာ လိပ်ပြာလွင့်မတတ်ထိတ်လန့်တုန်လှုပ်သွားသည်။ ထိုမျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်လေးအတွင်းမှာပင် ....

"ဖြန်း ...."

အသံတစ်ချက်ထွက်ပေါ်လာပြီး ....

"အွန့်"

ညည်းသံတစ်ချက် ထွက်ပေါ်လာသည်။

လူရွယ်၏ရင်ဝတွင် ထန်စုကျင်း၏လက်ဝါးဒဏ်ချက်ထိကာ နှစ်လံခန့်အကွာသို့လွင့်ထွက်ပြီး သွေးများအန်ထုတ်လိုက်သည်။

ထို့နောက် မြေပေါ်သို့လဲကျသွားသည်။

အဘိုးကြီးနှစ်ဦးမှာ တိုက်ခိုက်ရန်ပင် သတိမရတော့ဘဲ ရုတ်တရက်ကြောင်ကြည့်နေမိကြ၏။

ထန်စုကျင်းက ယင်းအခွင့်ကောင်းကို လက်လွှတ်မခံဘဲ လေပွေလက်ဝါးသိုင်းဖြင့် အဘိုးကြီးနှစ်ဦးအား ထပ်မံရိုက်ချလိုက်ပြန်၏။ အဘိုးကြီးနှစ်ဦးကလည်း ပြန်လည်တိုက်ခိုက်ရန်ဓားကွက်ကို ပြင်လိုက်သည်။ သို့သော် .... နောက်ကျသွားချေပြီ။

လေပွေအားလှိုင်းတစ်ခုက သူတို့နှစ်ဦးထံသို့ လျင်မြန်စွာ တိုးဝင်လာပြီး ယိမ်းထိုးသွားစေတော့သည်။

ထိုစဉ် .... အရိပ်မဲ့က နံဘေးရှိဝါးတောအတွင်းသို့ တိုးဝင်ပုန်းကွယ်လိုက်လေသည်။ ထိုအချိန်မှာပင် တိုက်ပွဲဆီသို့ ထုံယိကွမ်းနှင့်မရဏာတမန်တို့ ရောက်ရှိလာတော့သည်။

◆◆◆

ထန်စုကျင်းမှာ ထုံယိကွမ်းနှင့်မရဏာတမန်တို့ကို မြင်လိုက်ရသောအခါ အကြီးအကျယ်တုန်လှုပ်သွားတော့သည်။ ထိုက်ကွင်းအလယ်သို့လှမ်းကြည့်လိုက်သောအခါ အရိပ်မဲ့အား မတွေ့ရတော့ချေ။ သို့ဆိုလျှင် ဤရန်သူများအား သူတစ်ယောက်တည်း ခုခံတိုက်ခိုက်ရပေတော့မည်။

ထုံယိကွမ်းက ဒေါသတကြီးဖြင့်တိုက်ပွဲအခြေအနေကို လှမ်းကြည့်ပြီးနောက် ထန်စုကျင်းဘက်သို့လှည့်လိုက်သည်။



"သြော် .... နောင်ကြီးကိုး၊ ကဲ .... အခု ငြင်းချင်သေးသလား နောင်ကြီးရဲ့ခြေလှမ်းက တော်တော်လေးသွက်နေပါလား"

ထုံယိကွမ်းကပြောပြီးသည်နှင့် အဘိုးကြီးနှစ်ဦးဆီသို့ လှမ်းကြည့်လိုက်သည်။ ထို့နောက် မာကျောပြတ်သားသောအသံဖြင့်

"ကဲ .... ဂိုဏ်းခွဲမှူးကြီးလီ၊ ဖြစ်ပျက်ခဲ့ပုံအကြောင်းစုံကို ပြောပြစမ်း"

အဘိုးကြီးနှစ်ဦးအနက် ပုပုဝဝနှင့်အဘိုးကြီးက ထုံယိကွမ်းအားအရိုအသေပေးပြီးနောက် တုန်ယင်သောအသံဖြင့် ....

"ဂိုဏ်းခွဲမှူးကြီးခင်ဗျာ၊ ကျုပ်နဲ့ ဂိုဏ်းခွဲမှူးချန်အပါအဝင် ဂိုဏ်းသားတွေဟာ ဒီနေရာကိုအချိန်မီရောက်လာခဲ့ပါတယ်၊ ရောက်ရောက်ခြင်းပဲ ထွက်ပေါက်ကိုပိတ်ဆို့ပြီး၊ ဂိုဏ်းခွဲမှူးကြီးနဲ့သခင်ကြီးတို့အလာကို စောင့်မျှော်နေပါတယ်၊ အဲဒီအချိန်မှာ မမျှော်လင့်ဘဲ ဝတ်ရုံနက်ဝတ်ဆင်ထားတဲ့ မျက်နှာဖုံးစွပ်လူထူးကြီးတစ်ဦး ရောက်ရှိလာပြီး ကျွန်တော်တို့ကိုတိုက်ခိုက်တော့တာပဲ"

ထုံယိကွမ်းမှာ မျက်လုံးတစ်ချက်ပြူးသွားပြီး ....

"မျက်နှာဖုံးစွပ်လူကြီးဟုတ်လား၊ အခု အဲဒီလူကော"

"အခု ထွက်ပြေးသွားပါပြီ"

"သူဟာ ဘယ်သူလို့ထင်သလဲ"

ဂိုဏ်းခွဲမှူးလီကခေါင်းယမ်းပြလိုက်၏။

"မသိပါဘူး"

ထုံယိကွမ်းက မျက်နှာတစ်ချက်တင်းသွားပြီး....

"နေပါဦး၊ မင်းတို့ရဲ့အင်အားနဲ့တောင် သူ့ကိုတိုက်ခိုက်လို့မရဘူးဟုတ်လား"

ဂိုဏ်းခွဲမှူးလီကအရိုအသေပြုလိုက်ပြီး ....

"အဲဒီလူရဲ့သိုင်းပညာက ကြောက်စရာကောင်းလောက်အောင် အဆင့်မြင့်လှပါတယ်၊ ကျုပ်တို့သုံးယောက်ဝိုင်းပြီး အကြိတ်အနယ်တိုက်ခိုက်နေတုန်း ဟောဒီအဘိုးကြီးရောက်လာပြီး ကြားဝင်တိုက်ခိုက်တာနဲ့ "

ထုံယိကွမ်းက လက်ယပ်ဟန့်တားလိုက်ပြီး ....

"တော်ပြီ"

ထုံယိကွမ်း၏အကြည့်က ထန်စုကျင်းထံသို့ ချက်ချင်းပင်ရောက်လာ၏။

"ဟို မျက်နှာဖုံးစွပ်နဲ့လူက ဘယ်သူလဲ"

ထန်စုကျင်းက အေးစက်စက်ဖြင့်ပြန်ဖြေလိုက်သည်။

"ကျုပ်မသိဘူး၊ ကျုပ်ဒီနေရာရောက်လာတော့ ဟိုမျောက်လောင်းတွေက သီလရှင်ကျောင်းကိုဖျက်ဆီးမယ်လုပ်နေတာတွေ့ လို့ကျုပ်ဝင်ပြီးတိုက်ခိုက်လိုက်ရတာပဲ၊ ဒီလိုကျောင်းဝင်းထဲမှာ အ ခုလိုရတ်ရတ်သဲသဲနဲ့ ခိုက်ရန်ဖြစ်ပွားတာ ကျုပ်မလိုလားဘူး"

ဤတွင် မရဏတမန်က ....

"ဘာလဲ .... နောင်ကြီးက တိုက်ဆိုင်မှုလို့ ဆိုချင်တာလား"

ထန်စုကျင်းက အသံခပ်မာမာဖြင့် ....

"ကျုပ်စကားကိုမယုံဘူးဆိုရင်လဲရပါတယ်"

မရဏတမန်ကလည်း မာဆတ်ဆတ်အသံဖြင့် ....

"ယုံတာမယုံတာထက် အမှန်အတိုင်းသိရအောင်တော့ လုပ်ရမှာပဲ"

ထန်စုကျင်းက မခိုးမခန့်ရယ်လိုက်၏။ ပြီးမှ ....



"ဘာလဲ ရောင်းရင်းကြီးက မဖြစ်စလောက် ကြေးပြားကိုထုတ်သုံးဦးမလို့လား"

ထန်စုကျင်းကပြောရင်း မျက်လုံးအစုံကလည်း မရဏတမန်၏လှုပ်ရှားမှုကိုအကဲခတ်ကြည့်ရှုနေ၏။ မရဏတမန်အသုံးပြုသောကြေးပြားလက်နက်ပုန်းမှာ လေတိုးသံလုံးဝမကြားရပေ။

လက်လှုပ်ရှားမှုကလည်း အလွန်လျင်မြန်လှသဖြင့် သတိမထားမိလျှင် ခံသွားရပေလိမ့်မည်။

မရဏတမန်က အံတင်းတင်းကြိတ်လိုက်ပြီး ....

"ကြေးပြားလက်နက်မသုံးဘဲ ခင်ဗျားကိုထိန်းထားနိုင်တယ်ဆိုတာကိုကော သိရဲ့လား"

မရဏတမန်၏စကားကြောင့် ထန်စုကျင်း အံ့အားသင့်သွား၏။ မရဏတမန် အဘယ်ကြောင့် ဤသို့ပြောသနည်း။

တစ်ခါက ထန်စုကျင်း၏လက်ချက်ကို မရဏတမန်ခံခဲ့ရဖူးပြီးဖြစ်၏။ ထိုစဉ်က မရဏတမန်သည် သူ၏ကြေးပြားသုံးပြားတိတိဖြင့် ထန်စုကျင်းအားပစ်ခဲ့ဖူး၏။

ထန်စုကျင်းမှာ ကြေးပြားသုံးပြားတိတိမှန်ခဲ့သော်လည်း မည်သို့မျှမဖြစ်ခဲ့ချေ။ ဤသည်ကိုသိထားသော မရဏတမန်သည် ထန်စုကျင်းအား အဘယ်ကြောင့်ကြုံးဝါးလေသနည်း။

စင်စစ် အနီးတွင်ရှိနေသော ထုံယိကွမ်းအားကိုးဖြင့် ကြုံးဝါးခြင်းသာဖြစ်ပေသည်။

◆ ◆ ◆

မရဏာတမန်စကားကို ထန်စုကျင်း သံသယအနည်းငယ် ဝင်လာမိ၏။ ထို့ကြောင့် မရဏာတမန်အားစေ့စေ့ကြည့်ကာ ....

"ဟေ့ .... မင်းမှာ ကြေးပြားကလွဲလို့ တခြားလက်နက်တွေ မရှိတော့ဘူးလား"

ဤတွင် မရဏာတမန်က ထုံယိကွမ်းဘက်လှည့်ကာ ....

"ကဲ .... ဂိုဏ်းခွဲမှူးကြီး သူ့ကိုလွှတ်ပေးလို့မဖြစ်တော့ဘူး"

ထုံယိကွမ်းက ထန်စုကျင်းအား စိုက်ကြည့်ကာ ....

"ဝိညာဉ်နှုတ်အဘိုးကြီး .... ကျုပ်တို့ဂိုဏ်းအနေနဲ့ ခင်ဗျားကို ကြည့်နေလို့မဖြစ်တော့ဘူး၊ ခင်ဗျား ဒီနေရာကို ဒီညရောက်လာခဲ့တာ ဟာ ထန်စုကျင်းနဲ့အချိတ်အဆက်လုပ်ပြီး ရောက်လာခဲ့တာမဟုတ် လား၊ ဒီတော့ ခင်ဗျားကို ကျုပ်တို့ဂိုဏ်းကရှင်းပစ်ရလိမ့်မယ်"

ပြောပြောဆိုဆို ထုံယိကွမ်းက လက်တစ်ဖက်ကိုဝှေ့ယမ်း ကာ ရှေ့သို့တိုးလာ၏။

မရဏာတမန်ကလည်း ထုံယိကွမ်းနှင့်ယှဉ်၍ ပြိုင်တူတက် လာသည်။ သုံးလေးလှမ်းမျှတက်မိသည်နှင့် ထုံယိကွမ်းက လက်ကို ဝှေ့ယမ်းအချက်ပေးပြီး မရဏာတမန်နှင့် ပြိုင်တူလှုပ်ရှားလိုက်လေ သည်။ နတ်ဆိုးကြီးနှစ်ဦး ပူးပေါင်းတိုက်ခိုက်လာခြင်းကြောင့် အ လွန်ကြောက်မက်ဖွယ်ကောင်းလှ၏။

ဘေးနှစ်ဘက်ဆီမှ လက်ဝါးလှိုင်းအားနှစ်ခုသည် ထန်စု ကျင်းထံသို့အရှိန်ပြင်းစွာတိုးဝင်လာ၏။ ထန်စုကျင်းက လက်နှစ်ဖက် ကိုဆန့်ကာ တန်ပြန်တွန်းထုတ်လိုက်၏။

"ဝုန်း ...."

လက်ဝါးချင်းထိတွေ့သံ ဝုန်းခနဲမြည်ထွက်သွားလေသည်။



ထန်စုကျင်းမှာ ပေါ့ပေါ့တန်တန်လုပ်၍မဖြစ်မှန်းသိသွား၏။ ထို့ကြောင့် အစွမ်းကုန်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

နေသူရိန်ဂိုဏ်းသားများလည်း ဤမျှပြင်းထန်သော တိုက် ပွဲမျိုးကို တစ်ကြိမ်မျှမတွေ့ဘူးသေးသဖြင့် စိတ်ဝင်စားစွာကြည့်နေ ကြ၏။ မျက်စေ့တစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ပင် သိုင်းကွက် ပေါင်း(၁၀)ကွက်ကျော် တိုက်ခိုက်ပြီးဖြစ်သွားသည်။

ထန်စုကျင်းမှာ တိုက်ခိုက်နေရင်းမှ တစ်ဘက်ရန်သူများ အား အနိုင်ရနိုင်ရန်မလွယ်ကြောင်းသတိထားမိ၏။ စင်စစ် မရဏာ တမန်မှာ အလွန်ရက်စက်သောလူတစ်ဦးဖြစ်၏။ သို့သော် ယခုတိုင် သူ၏ကြေးပြားလက်နက်ကို ထုတ်၍မသုံးသေးချေ။

အကယ်၍ မရဏာတမန်သည် ကြေးပြားလက်နက်ကိုထုတ် ပြီး ထန်စုကျင်း၏သံချပ်ကာလွတ်နေသောနေရာသို့ ပစ်ခတ်တိုက် ခိုက်ခဲ့လျှင် ထန်စုကျင်းအတွက် အခြေအနေဆိုးရွားသွားနိုင်၏။ လက်ရှိအခြေအနေအရ အဓိကပြိုင်ဖက်မှာ ထုံယိကွမ်းပင် ဖြစ်သည်။ သူ၏ပြင်းထန်သည့်လက်ဝါးကိုခုခံနိုင်သူမှာ အလွန်ရှားလေသည်။

တိုက်ပွဲမှာ ရေနွေးနှစ်အိုးကျက်ခန့်ကြာသည်အထိမပြီးသေး ချေ။

◆ ◆ ◆

## မယ်တော်ဂူချင်

ဘေးမှရပ်ကြည့်နေသူများမှာ တိုက်ပွဲအနိုင်အရှုံးကိုမျှော်လင့်စောင့်စားနေကြ၏။ သီလရှင်ကျောင်းအားဝိုင်းရံထားသူများပင် သတိမေ့လျော့ကာ ငေးစိုက်ကြည့်နေကြ၏။

ထိုစဉ် .... အေးမြကြည်လင်သည့်အသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာသည်။ တိုက်ခိုက်နေသူနှစ်ဦးစလုံး တိုက်ပွဲအလယ်မှခုန်ထွက်လျက်ရပ်တန့်သွားကြ၏။ ပွက်လောရိုက်နေသည့်ဂန်းကျင်သည် ချက်ချင်းတိတ်ဆိတ်ငြိမ်သက်သွား၏။

လူတိုင်းလူတိုင်းမှာ အသက်မရှူဘဲ အသက်ကိုအောင့်ထားသလားဟုထင်ရ၏။ အားလုံး အသံလာရာဆီသို့ စူးစိုက်ကြည့်လိုက်ကြ၏။ ကျောင်းတံခါးဝတွင် သီလရှင်ကြီးတစ်ပါးရပ်နေသည်ကိုတွေ့မြင်လိုက်ရသည်။ ထိုသီသလရှင်ကြီးမှာ ကျောက်ဆစ်ရုပ်တစ်ခုပမာမလှုပ်မယှက်ငြိမ်သက်စွာရပ်နေခြင်းဖြစ်၏။

ထန်စုကျင်းက လေပြင်းတစ်ချက်ရှူရှိုက်လိုက်ပြီး ဂေတံခါးဝသို့ လှမ်းကြည့်လိုက်၏။

ထိုသီလရှင်ကြီးသည် ရှောင်စုလန်၏ဆရာမှန်း ထန်စုကျင်းချက်ချင်းသိလိုက်၏။



ထိုသီလရှင်ကြီး၏မျက်လုံးအစုံမှာ တည်ငြိမ်ပြီး လွန်စွာကြည်လင်တောက်ပနေ၏။ ထုံယိကွမ်းက ကြာရှည်စွာ ကြည့်မနေနိုင်တော့ဘဲ ရှေ့သို့တစ်လှမ်းတက်ပြီးမေးသည်။

"မယ်တော်ကြီးရဲ့ဘွဲ့နာမည် ဘယ်လိုခေါ်ပါသလဲ"

သီလရှင်ကြီးက လွန်စွာတည်ငြိမ်အေးမြလှသောအသံဖြင့်ပြန်လည်ဖြေကြား၏။

"ကျုပ်ရဲ့ဘွဲ့အမည်က မယ်တော်ကြီးဂူချင်လို့ခေါ်ပါတယ်၊ ဘယ်အတွက်ကြောင့် ဒီလို အေးမြချမ်းမြေ့တဲ့နယ်မြေမှာ လာပြီးခိုက်ရန်ဖြစ်ပွားနေကြတာလဲ"

ထုံယိကွမ်းက မယ်တော်ကြီးဂူချင်အား တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး ....

"အေးချမ်းတဲ့မြေသာဆိုတယ် ဘာကြောင့်သိုင်းလောကကမိန်းကလေးနှစ်ယောက်ကိုစောင့်ရှောက်ထိန်းသိမ်းထားရပါသလဲ"

မယ်တော်ကြီးဂူချင်က ထုံယိကွမ်းအား တည်ငြိမ်အေးဆေးစွာပြန်ကြည့်လိုက်ပြီး ....

"ဘယ်သူတွေကိုဆိုလိုတာလဲ"

"ကျုပ်တို့ဂိုဏ်းကထွက်ပြေးတဲ့ တရားခံမိန်းကလေးနှစ်ဦးကိုပြောတာပဲ၊ သူတို့ကို ကျုပ်တို့လက်ထဲ အေးအေးဆေးဆေး အပ်မယ်ဆိုရင်တော့ ကျုပ်တို့အနေနဲ့ မယ်တော်ကြီးကျောင်းကိုတစ်ချက်မှမထိပါးဘဲပြန်သွားမယ်"

မယ်တော်ကြီးဂူချင်က ....

"အခုလဲ ကျောင်းတော်ကိုထိပါးပြီးပြီပဲ"

မရဏတမန်က ဒေါသတကြီးဝင်ပြောလာ၏။

"မယ်တော်ကြီးအနေနဲ့ ကျုပ်တို့လိုချင်တဲ့မိန်းကလေးနှစ်ယောက်ကို တကယ်ပဲပြန်မအပ်ဘူးဆိုရင် ဒီကျောင်းတော်ဟာ ပြာဖြစ်သွားပါလိမ့်မယ်"

မယ်တော်ကြီးဝူချင်က အေးချမ်းတည်ငြိမ်စွာပင် ....

"သံသရာဆိုတာလည်တတ်စမြဲပါ၊ ဒါကြောင့် သံသရာလည်တတ်တဲ့အလုပ်ကိုမလုပ်ချင်ကြပါနဲ့"

မယ်တော်ကြီးဝူချင်၏စကားက မရဏာတမန်အား ထိတ်လန့်သွားစေတော့၏။ မိမိအကြောင်းသိနေသလားဟုပင် သံသယဝင်လာမိလေသည်။ သို့သော် မရဏာတမန်အတွက် နောင်တတရားဆိုသည်မှာ ဖွဲဆန်ကွဲမျှသာဖြစ်ပေသည်။

"ကျုပ် ဒီကိုလာခဲ့တာ တရားနာဖို့မဟုတ်ဘူး၊ ထွက်ပြေးသွားတဲ့တရားခံနှစ်ယောက်ကို ခေါ်ဖို့လာတာ"

မယ်တော်ကြီးဝူချင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ကဲ .... ဒီလိုဆိုရင်တော့ မင်းတို့ကံတရားနဲ့မင်းတို့ပဲ၊ မင်းပြောတဲ့လူတွေကို ကျောင်းဝင်းထဲဝင်ပြီးခေါ်လို့ရရင် ခေါ်ပေတော့"

မရဏာတမန်သည် ကျောင်းတံခါးဝအနီးသို့ ချက်ချင်းခုန်ဝင်သွားတော့၏။

"ကျုပ်ကတော့ သိပ်အယုံအကြည်ရှိတဲ့ကောင်မဟုတ်ဘူး၊ လက်တွေ့စမ်းကြည့်ရတာပေါ့"

ထိုသို့ပြောရင်း ရှေ့သို့ဆက်လျှောက်လာ၏။ မရဏာတမန်ကျောင်းတံခါးဝရှိ လှေကားထစ်အားနင်းမိသည်နှင့်တစ်ပြိုင်နက်မှာပင် မယ်တော်ကြီးဝူချင်က သူမ၏ကြီးမားသောအင်္ကျီစကို တစ်ချက်ဝှေ့ယမ်းလိုက်၏။



ပြင်းထန်လှသော အားလှိုင်းတစ်ခုသည် မရဏာတမန်ထံသို့ ထိုးဝင်လာ၏။ မရဏာတမန်က လက်ဝါးနှစ်ဖက်ကို ရုတ်ခြည်းဖြတ်၍ ကာလိုက်၏။ သို့သော် .... အားခြင်းမမျှသောကြောင့် မရဏာတမန်မှာ နောက်သို့ ခြေနှစ်လှမ်းခန့်ဆုတ်သွားရသည်။

မရဏာတမန်မှာ အကြီးအကျယ်ဒေါပွပြီး လက်ကိုလျင်မြန်စွာ ဝှေ့ယမ်းလျက် ကြေးပြားလက်နက်ပုန်းများကို ပစ်လွှတ်လိုက်သည်။ မယ်တော်ကြီးဝူချင်က သူ၏အင်္ကျီစကို ထပ်မံ၍နှစ်ချက်ဆင့်ခါလိုက်၏။

မရဏာတမန်ပစ်လွှတ်လိုက်သောကြေးပြားလက်နက်ပုန်းများမှာ မယ်တော်ကြီးဝူချင်ထံမရောက်ရှိတော့ဘဲ အဝေးသို့လွင့်စဉ်ထွက်သွားလေသည်။

မရဏာတမန်မှာ သူ၏လက်နက်ပုန်းများ အရာမရောက်ဘဲဖြစ်သွားသည်ကိုမြင်လိုက်ရသောအခါ လွန်စွာထိတ်လန့်တုန်လှုပ်သွား၏။ ထန်စုကျင်းမှာ ဘေးတွင်ရပ်လျက်ကြည့်ရင်း ဤမယ်တော်ကြီး၏အတွင်းအားကို မခန့်မှန်းနိုင်အောင်ဖြစ်နေ၏။

ထုံယိကွမ်းကမူ တွေ့ရသောမြင်ကွင်းအား တုန်လှုပ်စွာကြည့်ရင်း စိတ်ထဲမှစဉ်းစားနေ၏။

"အင်း .... ဒီမယ်တော်ကြီးရဲ့သိုင်းပညာဟာ အတော့်ကိုအဆင့်မြင့်ပါလား၊ ပြီးတော့ ဝိညာဉ်နှုတ်အဘိုးကြီးကလဲ ရှိနေသေးတယ်၊ ဒီနေ့အဖို့တော့ လက်လျှော့ပြီးပြန်ရတော့မယ့်ပုံပဲ၊ အင်း .... ဒီလိုလဲမဖြစ်သေးပါဘူးလေ၊ ဒီအတိုင်းပြန်သွားခဲ့ရင် ဂိုဏ်းချုပ်ကြီးကိုငါဘယ်လိုတင်ပြမလဲ၊ နောက်တစ်ခါ ထပ်ပြီးတိုက်ခိုက်ကြည့်မယ်၊ အခြေအနေမဟန်မှ ဆုတ်တာပဲကောင်းလိမ့်မယ်"

ထုံယိကွမ်းက စိတ်ထဲတွင်ထိုသို့ဆုံးဖြတ်လိုက်ပြီး မရဏတမန်နှင့်ပခုံးချင်းယှဉ်ရပ်လိုက်၏။ ထို့နောက် ....

"မယ်တော်ကြီးက ရာဇဝတ်ကောင်ကိုကာကွယ်ချင်တဲ့သဘောလား"

မယ်တော်ကြီးက ချက်ချင်းပြန်မေးသည်။

"ဘယ်လိုအချက်နဲ့ ရာဇဝတ်ကောင်လို့ခေါ်ရတာလဲ"

ထုံယိကွမ်းက ပြတ်သားစွာပြန်ပြော၏။

"ကျုပ်တို့ဂိုဏ်းကထွက်ပြေးလို့ ရာဇဝတ်ကောင်လို့ခေါ်တာ၊ ရှင်းပြီလား"

"အို .... ကျုပ် မင်းတို့နဲ့ ဆက်ပြီးငြင်းခုံမနေချင်ဘူး"

ဤတွင် ထုံယိကွမ်းက မယ်တော်ကြီးအား တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး ....

"သူတို့နဲ့မယ်တော်ကြီးက ဘယ်လိုများပတ်သတ်နေလို့လဲ"

"ဒါကို မင်းတို့မေးနေစရာမလိုဘူး၊ ကျုပ်မှန်တယ်ထင်လို့လုပ်တာပဲ"

ဤတွင် မရဏတမန်က တစ်လှည့်ဝင်၍ပြောလာသည်။

"ဒါဆို နောက်မှ ကျုပ်တို့ကိုအဆိုးမဆိုနဲ့"

"ရတယ်၊ မင်းတို့ကြိုက်သလိုလုပ်နိုင်တယ်"

ဤတွင် မရဏတမန်က မယ်တော်ကြီးအား စေ့စေ့ကြည့်၍ပြောသည်။

"စောစောက ကျောင်းထဲကိုဝင်နိုင်ရင် ထွက်ပြေးသူတွေကိုခေါ်သွားနိုင်တယ်လို့ မယ်တော်ကြီးပြောခဲ့တယ်နော်"

"ကျုပ်မယ်တော်ကြီး ပြောပြီးသားစကားတစ်ခွန်းကို ပြန်



မပြင်တတ်ဘူး"

"ဒါဆိုကောင်းပြီ"

ပြောပြီးသည်နှင့် ထုံယိကွမ်းက အတွင်းအားကို အစွမ်းကုန်စုစည်းကာ လက်ဝါးနှစ်ဖက်ကိုဆန့်ထုတ်လိုက်၏။ တစ်ချိန်တည်းမှာပင် မယ်တော်ကြီးဝူချင်ကလည်း ဖြည်းညင်းစွာလက်ကိုမြှောက်လိုက်၏။ ထိုအခါ ကြီးမားကျယ်ပြန့်လှသော အင်္ကျီလက်မောင်းအိုးအတွင်းမှလက်ဝါးနှစ်ဖက်က ထွက်ပေါ်လာသည်။

ထိုလက်ဝါးနှစ်ဖက်မှာ ကြည့်နေရင်းနှင့်ပင် တဖြည်းဖြည်းကျောက်စိမ်းရောင်သို့ ပြောင်းလဲသွား၏။ လူ၏လက်ဝါးနှင့် လုံးဝမတူတော့ဘဲ ကျောက်စိမ်းလက်ဝါးကဲ့သို့ဖြစ်သွား၏။ ထုံယိကွမ်းမှာ ထိုလက်ဝါးအားမြင်လိုက်ရသည့်ခဏမှာပင် ထိတ်လန့်တကြားအော်လိုက်မိတော့၏။

"အလို .... ကျောက်စိမ်းလက်ဝါးပါလား"

မရဏတမန်လည်း နောက်သို့ခြေလှမ်းဆုတ်၍ ထိတ်လန့်တကြားအော်လိုက်မိသည်။ ထုံယိကွမ်းက မျက်စိမျက်နှာပျက်နှင့်...

"မယ်တော်ကြီးက ကျောက်စိမ်းလက်ဝါး ကျင့်ပပြောင်ဆိုတာလား"

မယ်တော်ကြီးဝူချင်က ခေါင်းညိတ်လိုက်၏။

"သိပ်ဟုတ်တာပေါ့"

ထုံယိကွမ်းက တုန်လှုပ်သောအသံဖြင့် ....

"တစ်ခေတ်မှာတစ်ယောက်တည်းသာရှိတဲ့နာမည်ကြီး သိုင်းသမားတစ်ယောက်က အခုလိုတရားဘောင်ထဲရောက်လာလိမ့်မယ်လို့ မမျှော်လင့်မိဘူး"

မယ်တော်ကြီးဝူချင်က ဘာမှပြန်မပြောဘဲ တည်ငြိမ်စွာဖြင့် ရပ်နေ၏။ ထုံယိကွမ်းက လက်ဝါးကိုရပ်သိမ်းပြီး ဂိုဏ်းသားများအား အော်ဟစ်အမိန့်ပေးလိုက်၏။

"ကဲ .... အားလုံး ခေတ္တနောက်ဆုတ်ကြစို့"

ထုန်ရိကွမ်းပြောလိုက်သည့်စကားအဓိပ္ပါယ်မှာ နောက်တစ်ကြိမ်ထပ်လာဦးမည်ဟူ၍ဖြစ်သည်။ မယ်တော်ကြီးဝူချင်က လက်ကို အသာပြန်ချလိုက်ပြီး ....

"ပြန်ကြမယ်ဆိုရင်လဲ ကျောင်းဝင်းကို မူလအတိုင်း သန့်ရှင်းအောင်လုပ်ပေးခဲ့ကြပါ"

ထုံယိကွမ်းက ချက်ချင်းနောက်သို့လှည့်ပြီး အော်ဟစ်အမိန့်ပေးလိုက်ပြန်သည်။

"ဟေ့ .... အလောင်းတွေအားလုံး ပြန်သယ်သွားကြစမ်း"

ထုံယိကွမ်းအမိန့်ပေးသံကြောင့် ဂိုဏ်းသားများ ချက်ချင်း ကျောင်းဝင်းအားရှင်းလင်းလိုက်ကြ၏။

ထုံယိကွမ်းက ထန်စုကျင်းအားလှမ်းကြည့်လိုက်ပြီး ....

"ဒီနေ့အတွက် အခွင့်အရေးမရှိတော့ပေမယ့် နောက်တော့ တွေ့ကြသေးတာပေါ့"

ထန်စုကျင်းကလည်း ဂရုမစိုက်သည့်ဟန်ဖြင့် ....

"ကျုပ်ကလဲ အစဉ်ထာဝရစောင့်ကြိုလျက်ပါ"

ထို့နောက် ထုံယိကွမ်းနှင့်မရဏတမန်တို့နှစ်ဦး ကျောင်းဝင်းအတွင်းမှထွက်ခွာသွားကြလေတော့သည်။

◆ ◆ ◆



## သမာဓိဆေးလုံး

ထန်စုကျင်းမှာ နတ်ဆိုးကြီးနှစ်ဦး ကွယ်ပျောက်သွားသည်အထိ ရပ်ကြည့်နေပြီးနောက် မယ်တော်ကြီးဘက်သို့လှည့်လိုက်၏။ ကျောင်းတံခါးဝတွင် မယ်တော်ကြီးအားမတွေ့ရတော့ပေ။

မယ်တော်ကြီးသည် ကျောင်းဆောင်ထဲသို့ ပြန်ဝင်သွားခဲ့ပြီဖြစ်သည်။ ထန်စုကျင်းမှာ ရှောင်မေလိန်းတို့ညီအစ်မနှစ်ဦး၏အခြေအနေအားမေးချင်၏။ သို့သော် မယ်တော်ကြီးမှာ ကျောင်းဆောင်ထဲဝင်သွားပြီဖြစ်၍ မေးခွင့်မရတော့ချေ။

ကျောင်းဆောင်တွင်းသို့လိုက်၍ ဝင်မေးရအောင်ကလည်း သီလရှင်ကျောင်းဆောင်အတွင်း ယောကျ်ားသားများမဝင်ရသဖြင့် အခက်တွေ့နေ၏။ ထန်စုကျင်းမှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဘဲ အတန်ကြာအောင် ကြောင်၍ရပ်နေမိသည်။

အတန်ကြာမှ ထန်စုကျင်းသည် ဆုံးဖြတ်ချက်ချကာ ထွက်ခွာသွားရန်ပြင်လိုက်၏။ ထိုစဉ် .... ကြည်လင်အေးမြသောအသံတစ်သံက သူ၏နောက်ကျောဆီမှထွက်ပေါ်လာလေသည်။

"ရှင် ဒီကိုမမျှော်လင့်ဘဲ ရောက်လာတဲ့အတွက် အများကြီးအဆင်ပြေသွားတယ်"

ထန်စုကျင်းက အသံလာရာဆီသို့ ချက်ချင်းပင်လှည့်ကြည့်လိုက်၏။

"သြော် .... ရှောင်စုလင်ပါလား"

သူ့အားလှမ်းပြောလိုက်သည့်အသံရှင်မှာ ရှောင်စုလင်ဖြစ်သည်။

"ရှင် .... ဘယ်လိုကနေဘယ်လို ဒီကိုအချိန်မီရောက်လာခဲ့တာလဲ"

"ကျုပ် ခိုင်ဖုန်းမြို့ကိုလာရင်း အသံတွေကြားတာနဲ့ ဝင်လာခဲ့တာပါ"

"အို .... တိုက်ဆိုင်လွန်းလှပါလား"

ထန်စုကျင်းက ကျောင်းဆောင်ဆီသို့ တစ်ချက်လှမ်း၍ အကဲခတ်လိုက်ပြီးမေးသည်။

"ဒါနဲ့ ထင်းတလျှန်နဲ့ မင်းရဲ့မမကော နေကောင်းကြရဲ့လား"

ရှောင်စုလင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အင်း .... နေလို့ကောင်းကြပါတယ်၊ ဒါပေမယ့် သူတို့ကိုကြည့်ရတာ လူသေလိုပါပဲ၊ ထင်းတလျှန်ဟာ သူ့အတွက်နဲ့ နေ့စဉ်မျက်ရည်ကျနေရတယ်"

ထန်စုကျင်းက သက်ပြင်းအသာချလိုက်ပြီး ....

"မင်းတို့ဆရာ မယ်တော်ကြီးက တစ်ခေတ်မှာတစ်ယောက်ဆိုသလိုစွမ်းတာပဲ၊ သူကကော မကုနိုင်ဘူးလား"

ဤတွင် ရှောင်စုလင်က ထန်စုကျင်းအနီးသို့တိုးကပ်လာပြီး လေသံတိုးတိုးဖြင့်ပြောသည်။

"မမ ခုလိုစိတ်အာရုံပြန့်နေတာဟာ ဆေးတစ်မျိုးကြောင့်လို့မယ်တော်ကြီးကပြောပါတယ်၊ အဲဒီ ဆေးပြယ်အောင် မယ်တော်ကြီးလဲ မစွမ်းဆောင်နိုင်ဘူး"

ထန်စုကျင်းက စိတ်မကောင်းဟန်ဖြင့်မေးသည်။

"ဒီလိုဆို ကျုပ်ဘာကူညီရမလဲ"

ရှောင်စုလင်ကခေတ္တစဉ်းစားလိုက်ပြီး ....

"အင်း .... မမရဲ့ရောဂါကိုကုနိုင်တဲ့သူဟာ တစ်ယောက်ပဲရှိတယ်တဲ့၊ အဲဒီလူကတော့ ရုပ်ပြောင်းကိုယ်တော်ပဲ၊ အဲဒီ ရုပ်ပြောင်းကိုယ်တော်ကို ရှင်သိသလား"

ထန်စုကျင်းက ချက်ချင်းပြန်ဖြေလိုက်၏။

"ဟာ .... သိတာပေါ့၊ ဒါပေမယ့် အဲဒီ ရုပ်ပြောင်းကိုယ်တော်ကိုတွေ့ဖို့မလွယ်ဘူး၊ သူဟာ တကယ့်လူထူးကြီးပဲ၊ လူစိတ်မရှိသလိုစကားပြောရလဲ အတော်ခက်တယ်၊ သူ့ကိုတွေ့အောင်ရှာပေးဖို့တော့ အာမမခံနိုင်ဘူး"

ထိုစဉ် .... အသံတစ်သံ ရုတ်တရက်ပေါ်လာ၏။

"မောင်ရင့်အနေနဲ့ ရုပ်ပြောင်းကိုယ်တော်ရှိမယ့်နေရာကိုသာပြောပါ၊ ဒေါ်ဒေါ်သွားတွေ့ပါ့မယ်"

ရုတ်တရက်ထွက်ပေါ်လာသည့်အသံရှင်မှာ ထင်းတလျှန်ပင်ဖြစ်သည်။

"ဒေါ်ဒေါ်သွားဖို့မလိုပါဘူး၊ ကျွန်တော်သာသွားရမှာပါ၊ ကျွန်တော်စိုးရိမ်တာက သူ့ကိုမတွေ့မှာကိုပါ"

"အေးကွယ် .... ဖြစ်နိုင်ရင်တော့ ကူညီစေချင်တယ်"

ထန်စုကျင်းက အတန်ငယ်စဉ်းစားနေပြီးမှ ....

"ခုနက ထုံယိကွမ်းကိုမေးလိုက်ရင်ကောင်းမှာ၊ ရုပ်ပြောင်း

ကိုယ်တော် ဘယ်မှာရှိတယ်ဆိုတာ သူသိနိုင်တယ်”

ထင်းတလျှန်က ခေါင်းခါယမ်းလိုက်ပြီး ....

“သူ့ကိုမေးလဲ အကျိုးထူးမှာမဟုတ်ဘူး၊ အားလုံးဟာ ဝမ်ပြောင်ရှန်းလက်ချက်တွေချည်းပဲ၊ သူ့ကိုမိအောင်ဖမ်းပြီးမေးမှသိနိုင်မယ်”

“သူအခု လူ့လောကမှာမရှိတော့ဘူး”

ထင်းတလျှန် အံ့အားသင့်သွားပြီး ....

“ဘယ်လို .... သူသေပြီ ဟုတ်လား”

ထန်စုကျင်းက ခေါင်းတစ်ချက်ညိတ်ပြလိုက်၏။ ပြီးမှ ဖြည်းလေးစွာဖြင့်ပြောသည်။

“ဟုတ်တယ်၊ သေပြီ၊ အရိပ်မဲ့လက်ချက်နဲ့သေရတာပဲ”

“ဟင် .... ဟုတ်လား၊ အရိပ်မဲ့က သူ့ကိုဘာကြောင့် သတ်လိုက်ရတာလဲ”

“ကျွန်တော်လဲမသိဘူး”

ထင်းတလျှန်မှာ အတန်ငယ်စဉ်းစားဟန်ပြုနေ၏။ ပြီးမှ ....

“နေပါဦး၊ စောစောက ရန်သူတွေကိုခုခံတိုက်ခိုက်နေတာ အရိပ်မဲ့ပဲမဟုတ်လား၊ သူအခုဘယ်ရောက်သွားပြီလဲ”

ထန်စုကျင်းက ပတ်ဝန်းကျင်ကိုဝေ့ကြည့်လိုက်ပြီး ....

“သူထွက်သွားပြီနဲ့တူတယ်၊ သူက တော်ရုံလူတွေနဲ့ မျက်နှာချင်းမဆိုင်ဘူး၊ အခုကိစ္စလဲ သူက မလွှဲမရှောင်သာလို့ ဝင်တိုက်တာပဲဖြစ်မယ်”

ထိုစဉ် ရှောင်စုလင်က အေးဆေးတည်ကြည်သော အသံဖြင့်ဝင်ပြောသည်။



“ရုပ်ပြောင်းကိုယ်တော်ကို ဘယ်လိုရှာရမလဲဆိုတာ ကျွန်မတို့ကိုပြောပါဦး”

ထန်စုကျင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

“ကျွန်တော်ကိုယ်တိုင်ပဲသွားပေးပါ့မယ်”

ထန်စုကျင်းက ထိုသို့ပြောပြီးအနည်းငယ်စဉ်းစားနေ၏။ အတန်ကြာမှ ....

“ကျွန်တော်စဉ်းစားမိတာ တစ်ခုရှိတယ်”

“ဘာများစဉ်းစားမိလို့လဲ”

ထန်စုကျင်းက ခပ်လေးလေးပြောသည်။

“တစ်ချိန်တုန်းက သူ ကျွန်တော့်ကို သမာဓိလို့ခေါ်တဲ့ ဆေးတစ်လုံးတိုက်ခဲ့ဖူးတယ်”

“အို .... ထူးဆန်းလှပါလား၊ သမာဓိဆေးလုံးဆိုတာ ဘယ်လိုဆေးမျိုးလဲ တစ်ခါမှလဲမကြားဖူးဘူး”

“ဒါကိုတော့ ကျွန်တော်လဲ တိတိကျကျမသိဘူး၊ ဒါပေမယ့် လူကြီးတွေပြောသံကြားဖူးတာတော့ တကယ်လို့ ကျွန်တော်ဟာ သူ့အပေါ်သစ္စာမရှိဘဲ မကောင်းကြံခဲ့ရင် ကျွန်တော့်အသက်ကို ကလေးတစ်ယောက်ကတောင် အလွယ်တကူနှုတ်ယူသွားနိုင်တယ်”

ထင်းတလျှန်က အံ့ဩသောမျက်နှာဖြင့် ....

“မင်းပြောသလိုဆို ဒီဆေးလုံးဟာ တဖြည်းဖြည်းနဲ့ ဒုက္ခပေးတဲ့အဆိပ်ဆေးလုံးများဖြစ်နေမလား”

ထန်စုကျင်းကခေါင်းခါလိုက်၏။

“ဒီလိုဆေးမျိုးလဲ မဟုတ်နိုင်ဘူးထင်တယ်”

ထင်းတလျှန်က တစ်ချက်စဉ်းစားလိုက်ပြီး ....

"မင်းရဲ့ခန္ဓာကိုယ်မှာ ဒီဆေးလုံးသောက်ပြီးတဲ့နောက် ဘယ်လိုခံစားရသလဲ"

"ဘယ်လိုမှမခံစားရပါဘူး၊ အားလုံး သာမန်အတိုင်းပါပဲ"

"ဟင်း .... ဒါဆို မောင်ရင်ကြောက်အောင် တမင်ခြောက်လှန့်လိုက်တာဖြစ်မယ်"

ထန်စုကျင်းက တစ်ချက်စဉ်းစားလိုက်ပြီး ....

"အင်း .... ဒါလဲမဖြစ်နိုင်ဘူး၊ ဘာလို့လဲဆိုရင် အဲဒီအချိန်က ရုပ်ပြောင်းကိုယ်တော်ဟာ တည်ကြည်မှုရှိနေတယ်၊ လိမ်ညာတဲ့စကားမျိုးပြောမယ်မထင်ဘူး"

"ဒီဆေးအစွမ်းက ဘယ်တော့ပြမလဲ"

"အဲဒါကိုလဲ ကျွန်တော်မသိဘူး၊ ဒါကြောင့် အခုသူ့ကိုသွားတွေ့ပြီးမေးမလို့"

ထိုစဉ် ရှောင်စုလင်က ဝင်ပြောသည်။

"ရှင်နဲ့အတူ ကျွန်မလိုက်ချင်တယ်၊ ဖြစ်မလား"

ထန်စုကျင်းရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။

"ခင်ဗျားက ဘာအကြောင်းနဲ့လိုက်မှာလဲ"

ရှောင်စုလန်က မစဉ်းစားဘဲချက်ချင်းပြန်ဖြေသည်။

"ရှင်နဲ့အတူ ပြဿနာတွေကိုကူညီဖြေရှင်းပေးမလို့ပါ"

"အို .... ဒီလိုတော့"

"ဘာလဲ .... ကျွန်မလိုက်တာကို မကြိုက်လို့လား"

ဤစကားမှာ ပွင့်လင်းလွန်းလှသဖြင့် ထန်စုကျင်း မျက်နှာတစ်ချက်ပျက်သွား၏။ ထိုစဉ် ကျောင်းဘေးရှိ ဝါးတောထဲမှ လူရိပ်နှစ်ရိပ်ဖြတ်သွားသည်ကို ထန်စုကျင်း ရုတ်တရက်တွေ့လိုက်၏။



ထန်စုကျင်းမှာ စဉ်းစားမနေတော့ဘဲ ထိုလူရိပ်နောက်သို့ ချက်ချင်းပြေးလိုက်သွားတော့သည်။

မကြာမီ လူရိပ်နှစ်ရိပ်၏နောက်ကျောသို့ ရောက်ရှိလာ၏။

"ဟေ့ .... ရပ်စမ်း"

ထန်စုကျင်း၏ဟန့်တားသံကြောင့် ရှေ့ဆင့်နောက်ဆင့်ပြေးလွှားနေသောလူရိပ်နှစ်ရိပ်အနက် နောက်မှလိုက်နေသော လူရိပ်မှာ ရပ်တန့်သွား၏။ ရှေ့မှလူရိပ်ကမူ ဆက်လက်ပြေးသွား၏။

ရပ်တန့်သွားတောလူရိပ်ကို တွေ့လိုက်ရသောအခါ ထန်စုကျင်း လွန်စွာအံ့အားသင့်သွား၏။

"ဟင် .... ဆရာကြီးပါလား"

ထိုလူရိပ်ကား အရိပ်မဲ့ဖြစ်၏။

အရိပ်မဲ့က ဟင်းခနဲသက်ပြင်းတစ်ချက်ချရင်း ....

"မောင်ရင်အော်တာနဲ့ အစီအစဉ်အားလုံးပျက်သွားပြီ"

ထန်စုကျင်းက နားမလည်နိုင်စွာဖြင့် ....

"ဘာအစီအစဉ်တွေများ ပျက်သွားလို့လဲ"

"ရှေ့ကလူ လွတ်သွားပြီလေ"

"ဝမ်းနည်းပါတယ်ဗျာ၊ နောက်ကလိုက်နေတာ ဆရာကြီးမှန်းမသိလို့ပါ၊ ရှေ့ကပြေးသွားတာ ဘယ်သူမို့လဲ"

အရိပ်မဲ့က ပြေးသွားသူဘက်ဆီသို့ လှမ်းကြည့်ပြီး ....

"ဘယ်သူမှန်းတော့မသိဘူး၊ ဒါပေမယ့် ဒီဝါးရုံတောထဲမှာ ပုန်းအောင်းပြီး မောင်ရင်တို့ပြောတဲ့စကားတွေကိုနားထောင်နေတာတွေ့လို့ ဒီကောင့်ကိုအမိလိုက်ဖမ်းတာပဲ၊ မောင်ရင်နဲ့သာ မတိုးရင်မိနိုင်တယ်"

ထန်စုကျင်းက အရိပ်မဲ့အား တစ်ချက်အကဲခတ်ကာ ....

"ဆရာကြီး အခုဘာဆက်လုပ်မလဲ"

"ငါအခု စန်းယန်းမြို့ကိုသွားမလားလို့"

"ဘာသွားလုပ်မှာလဲ"

အရိပ်မဲ့က ခေတ္တငြိမ်နေပြီးမှဖြေသည်။

"နေသူရိန်ဂိုဏ်းကိုဖြိုခွင်းမယ်၊ မောင်ရင်နဲ့ကျုပ် အဲဒီမှာပဲ ပြန်ဆုံကြစို့"

ထန်စုကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ဆရာကြီး"

အရိပ်မဲ့က ....

"ဒီနေ့ကစပြီး နောက်(၁၆)ရက်မြောက်တဲ့နေ့မှာ စန်းယန်းမြို့က ပန်းတစ်ရာတည်းခိုဆိုင်မှာ ကျုပ်တို့ပြန်ဆုံကြမယ်၊ ဒီကြားကာလမှာ မောင်ရင်လဲ လှုပ်ရှားမှုအားလုံး သတိရှိပါစေ၊ ဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော်သတိထားပါ့မယ်"

အရိပ်မဲ့သည် မိုးကောင်းကင်ပေါ် တစ်ချက်မော့ကြည့်ရင်း

"ကဲ .... ဒါဆို ငါသွားတော့မယ်၊ နောက်(၁၅)ရက် ကြာတဲ့အခါမှပြန်ဆုံကြစို့ ဟုတ်လား"

ပြောပြီးသည်နှင့် အရိပ်မဲ့သည် ထွက်ခွာသွားတော့၏။

◆ ◆ ◆



ထန်စုကျင်းသည် အတွေးပေါင်းစုံတွေးရင်းဖြည်းလေးသော ခြေလှမ်းများဖြင့် လျှောက်သွားနေ၏။

မိုးစင်စင်လင်းချိန်တွင် ထန်စုကျင်းမှာ မြို့လေးတစ်မြို့အနီးသို့ရောက်လာ၏။ မြို့တွင်း၌ မျက်လုံးပေါင်းများစွာရှိနေသည်ဖြစ်၍ မိမိ၏လျှို့ဝှက်ချက်အား မရိပ်မိစေရန် အထူးသတိထားရမည်ဖြစ်ကြောင်း ထန်စုကျင်းစဉ်းစားမိ၏။

ထို့ကြောင့် နေ့လယ်ဘက်တွင် တည်းခိုဆိုင်တစ်ဆိုင်တွင် ဝင်ရောက်အနားယူ၍ ညအချိန်တွင်မှလှုပ်ရှားရန်ဆုံးဖြတ်လိုက်၏။

ထိုသို့စဉ်းစားရင်း မြို့လယ်လမ်းမအတိုင်းလျှောက်လာစဉ် လမ်းခွဲတစ်ခုသို့အရောက်၌ ရုတ်တရက် လူရိပ်နှစ်ရိပ် မိမိထံပြေးဝင်လာသည်ကို မမျှော်လင့်ဘဲတွေ့လိုက်ရ၏။

ထန်စုကျင်း ထိတ်ခနဲဖြစ်သွား၏။

သူ့ထံသို့ ပြေးဝင်လာသူနှစ်ယောက်မှာ တောင်ငါးတောင်အရှင်နတ်ဆိုးကြီးထုံယိကွမ်းနှင့် ဂိုဏ်းသားဝတ်စုံဝတ်ဆင်ထားသူတစ်ဦးတို့ဖြစ်သည်။

ထိုဂိုဏ်းသား၏ချိုင်းကြားတွင် အိတ်တစ်လုံးချိတ်ထား၏။ ထန်စုကျင်းမှာ ရှောင်တိမ်းချိန်မရတော့။ တခဏအတွင်း နှစ်ယောက်စလုံး သူ့ရှေ့သို့ရောက်လာ၏။ ထုံယိကွမ်းက သူ့အား လှောင်ပြုံးပြုံး၍ ကြည့်လိုက်ပြီး ....

"ဟဲ .... ဟဲ .... တော်တော်လက်ရာမြောက်တဲ့မျက်နှာဖုံးပဲ၊ ကျုပ်ကိုတောင် လိမ်ညာနိုင်တယ်ဆိုတော့ ဟဲ .... ဟဲ ...."

ထန်စုကျင်း ထိတ်လန့်တုန်လှုပ်သွားသည်။

ဤနတ်ဆိုးကြီးမှာ မိမိဟန်ဆောင်ထားသည်ကို မည်ကဲ့သို့

သိသွားသနည်း။ ထိုစဉ် .... ထုံယိကွမ်းနှင့်ပါလာသူ ဂိုဏ်းသားက ထန်စုကျင်းအား အသေအချာကြည့်ကာ ....

"ဟင်း .... ဟင်း .... သံမဏိလက်ညှိုး ထန်စုကျင်းဆိုတာ နာမည်သာကြားဖူးတယ်၊ လူကိုတော့ ခုမှပဲတွေ့ရတော့တယ်"

ထန်စုကျင်းမှာ အသက်ရှူကျပ်မတတ် ဖြစ်သွားလေသည်။ သူ့မျက်နှာဖုံးစွပ်ထားကြောင်းကို တိမ်တိုက်ကိုယ်တော်တစ်ဦးတည်းသာသိခဲ့၏။ သို့သော် မည်သူမည်ဝါဖြစ်ကြောင်းကိုမူ မသိခဲ့ချေ။

ယခု နတ်ဆိုးကြီးထုံယိကွမ်းကမူ မိမိမည်သူဖြစ်ကြောင်း သိရှိနေသည်။ မည်သို့ သိရှိသွားခဲ့သည်ကိုတွေးကြည့်လိုက်၏။ ရုတ်တရက် ထန်စုကျင်းခေါင်းထဲတွင် မနေ့က ကျောင်းဝင်းအတွင်း ထင်းတလျှန်တို့နှင့်စကားပြောနေစဉ် ဝါးရုံတောထဲမှ နားထောင်နေသည့်လူတစ်ယောက်အကြောင်းကို ချက်ချင်းသတိရလာသည်။

တစ်ဘက်လူသည် မိမိ၏ဟန်ဆောင်မှုကို သိသွားမှတော့ မျက်နှာဖုံးစွပ်ထားခြင်းသည် ဘာမျှအဓိပ္ပါယ်မရှိတော့ချေ။

ထို့ကြောင့် ချက်ချင်း မျက်နှာဖုံးကိုဆွဲချွတ်လိုက်၏။ သူ၏ မူလရုပ်သွင်သည် ရုတ်ခြည်းပေါ်လာ၏။ ဂိုဏ်းသားလူရွယ်၏နှုတ်မှ လွှတ်ခနဲအသံထွက်သွားသည်။ ....

"ဟာ .... လူချောပဲ"

ထုံယိကွမ်း၏မျက်နှာကမူ ခဲပုတ်ရောင်ကဲ့သို့ ညိုမည်းသွား၏။ ထန်စုကျင်းက ဟင်းခနဲအသံတစ်ချက်ပြုပြီး ထုံယိကွမ်းဘက်လှည့်ကာ ....

"ကဲ .... ကျုပ်ရဲ့မျက်နှာအမှန်ကိုသိရပြီပဲ၊ ခင်ဗျားဘာပြောချင်သလဲ"



နတ်ဆိုးကြီးထုံယိကွမ်း၏မျက်လုံးအစုံ တောက်ပလာပြီး

"မောင်ရင့်ကို ကျုပ်နည်းနည်းမေးချင်တယ်"

"မေးပါ"

ထုံယိကွမ်းက ....

"မောင်ရင်နဲ့ အော့ယန်ဖန် ဘယ်လိုပတ်သက်သလဲ"

"မိတ်ဆွေပါ ...."

"အခု အော့ယန်ဖန်ဘယ်မှာလဲ"

"သေသွားပြီ"

ထုံယိကွမ်း မျက်ထောင့်တစ်ချက်နီသွားပြီး ....

"ဟော့ကောင် .... ပေါက်ကရတွေပြောမနေနဲ့ သူမသေသေးပဲ တစ်နေရာရာမှာပုန်းအောင်းနေတာဖြစ်နိုင်တယ်"

"ဒါတော့ ကျွန်တော်လဲမပြောတတ်ဘူး"

နတ်ဆိုးကြီးထုံယိကွမ်းက တစ်ချက်စဉ်းစားလိုက်ပြီး ....

"မောင်ရင်နဲ့ဝိညာဉ်ခေါ်အလံကကော ဘယ်လိုပတ်သက်နေသလဲ"

"ပတ်သက်တာတော့ ပတ်သက်တယ်၊ ဒါပေမဲ့ ဘယ်လိုမျိုးပတ်သက်တယ်ဆိုတာတော့ မဖြေနိုင်ဘူး"

ထုံယိကွမ်းမှာ ဒေါသအကြီးအကျယ်ထွက်သွားပြီး ....

"မောင်ရင့်ကို ကျုပ်က လေးလေးစားစား ဆက်ဆံနေတာတောင် မောင်ရင်က ပမာမခန့်ပြောနေတုန်းပဲလား၊ မောင်ရင် ခေါင်းတလားမပါပဲ မြေကြီးထဲသွားချင်လို့လား"

ထန်စုကျင်းကလည်း မမှုသောလေသံဖြင့် ....

"ခင်ဗျားကကော ဝိညာဉ်ခေါ်အလံကို ဘာကိစ္စနဲ့တွေ့ချင်

တယ်ဆိုတာ ပြောလို့လား”

ထိုစဉ် လူသန်ကြီးနှစ်ဦးထမ်းလာသော ဝေါယာဉ်တစ်စင်းက သူတို့အနီးသို့ရောက်ရှိလာပြီးရပ်တန့်သွား၏။

ထန်စုကျင်းစိတ်ထဲ တစ်ချက်တုန်လှုပ်သွား၏။

ဝေါယာဉ်အတွင်းမှလူသည် မည်သူဖြစ်နည်းဟု စိတ်ထဲမှ ကျိတ်၍စဉ်းစားလိုက်၏။ ထိုစဉ် လူသန်ကြီးတစ်ဦးက ဝေါယာဉ်လိုက်ကာကို မတင်ကာ ဘေးသို့ရှောင်ထွက်သွား၏။

ထန်စုကျင်းက အလောတကြီးဖြင့် ဝေါယာဉ်အတွင်းသို့ လှမ်းကြည့်လိုက်၏။ ဝေါယာဉ်အတွင်း၌ မည်သူ့ကိုမျှမတွေ့ရချေ။

စင်စစ် .... ဝေါယာဉ်မှာ ဝေါယာဉ်အလွတ်တစ်စင်းမျှသာ ဖြစ်လေသည်။ ဤဝေါယာဉ်အလွတ်အား မည်သို့သောရည်ရွယ်ချက်ဖြင့် လာရောက်ပို့ဆောင်ရသနည်း။

ထုံယိကွမ်းနံဘေးမှ ဂိုဏ်းသားကျောက်လီစန်က တစ်ချက်ရယ်လိုက်ပြီး ....

“ဟ .... ဟဲ .... ခင်ဗျား သိပ်အံ့သြနေသလား၊ ခင်ဗျားက နာမည်ကြီးပုဂ္ဂိုလ်တစ်ဦးဆိုတော့ လူမြင်မခံချင်ဘူးမဟုတ်လား၊ ဒါကြောင့် ကျုပ်တို့က ခင်ဗျားအတွက် အဆင်ပြေအောင် ဝေါယာဉ်ကိုပါ တပါတည်းယူဆောင်လာခဲ့တာပါ”

“ဒါ ဘာသဘောလဲ”

ကျောက်လီစန်က ပမာမခန့်လေသံဖြင့် ....

“ခက်ဗျားကို အထူးဧည့်သည်တော်အဖြစ် ကျုပ်တို့ရဲ့ ဌာနချုပ်ကို ဖိတ်ခေါ်ပင့်ဆောင်သွားမလို့ပါ”

ထန်စုကျင်းမှာဒေါသထွက်လွန်းသဖြင့် အံတင်းတင်းကြိတ်



လိုက်သည်။ ပြီးမှ ....

“ခင်ဗျားတို့ သေချင်နေပြီထင်တယ်”

ပြောပြောဆိုဆိုပင် ထန်စုကျင်းက သံမဏိလက်ညှိုးသိုင်းပညာကို ထုတ်သုံးရန်ပြင်လိုက်သည်။ တစ်ပြိုင်တည်းမှာပင် ကျောက်လီစန်ကလည်း အင်္ကျီကိုဝှေ့ယမ်းလျက် ကိုယ်ကိုတစ်ပတ်လှည့်လိုက်၏။ ကျောက်လီစန်၏ခန္ဓာကိုယ်လည်ပတ်နှုန်းမှာ အလွန်လျင်မြန်လှ၏။

ထန်စုကျင်းမှာ လက်ညှိုးထောက်အားကို သုံးရန်ရွယ်လိုက်စဉ် တစ်ဘက်လူ၏ခန္ဓာကိုယ်မှာ လျင်မြန်စွာလည်နေသောကြောင့် လက်ညှိုးထောက်အားကိုမသုံးနိုင်ဘဲ ရပ်တန့်လျက်ရှိစဉ် ထူးဆန်းသည့်အနံ့တစ်ခုက သူ၏နှာခေါင်းအတွင်းသို့တိုးဝင်လာတော့၏။ ထိုထူးဆန်းသည့်အနံ့ကြောင့် အတွင်းအားမှာအဟန့်အတား ဖြစ်သွား၏။ သူ၏လက်ညှိုးထောက်ချက်လည်း ဖြတ်ခနဲထွက်သွား၏။

သို့သော် .... အတွင်းအား အဟန့်အတားအပြုခံလိုက်ရသဖြင့် ပြင်းထန်မှုမရှိတော့ဘဲ ဟန်မျှသာကျန်ရစ်ခဲ့တော့၏။

ထန်စုကျင်းမှာ အကြီးအကျယ်တုန်လှုပ်သွား၏။ တစ်ဘက်လူသည် အဆိပ်ငွေ့ကိုသုံးလိုက်လေသလားဟု စိတ်ထဲသံသယဝင်မိသည်။ ထုံယိကွမ်းက အေးစက်မာကျောသောအသံဖြင့်

“မောင်ရင့်ကို ကျုပ်ပြောသားပဲ .... တစ်ချိန်မှာ မောင်ရင်နောင်တရလိမ့်မယ်လို့”

ထန်စုကျင်းက ဒေါသတကြီးဖြင့် ပြန်အော်ပြောလိုက်၏

“အောက်တန်းကျ အရှက်မရှိတဲ့လူတွေ၊ ခင်ဗျားတို့မှာ ယောကျ်ားချင်းယှဉ်ရဲတဲ့သတ္တိမရှိဘူးလား”

ကျောက်လီစန်က တည်ကြည်သောမျက်နှာထားဖြင့်....

"အခုလိုပြုမိတာ ဝမ်းနည်းပါတယ်၊ ခင်ဗျားက သာမန်လူမဟုတ်တာမို့ အလွယ်တကူဖိတ်ခေါ်မရမှာစိုးပြီး ခုလို မဖြစ်စလောက်ပညာလေးနဲ့လုပ်လိုက်ရတာပါ၊ ဒီအတွက်တောင်းပန်ပါတယ်"

ထန်စုကျင်းမှာ ဒေါသထွက်လွန်းသောကြောင့် အံကိုတင်းတင်းကြိတ်ထား၏။

"ကျောက်လီစန် သိပ်ကြီးကျယ်မနေနဲ့ဦး၊ ခင်ဗျား တစ်နေ့ကျပ်အကြောင်းကောင်းကောင်းသိရစေ့မယ်"

ကျောက်လီစန်က မျက်နှာပျက်ခြင်းမရှိဘဲ ....

"ခင်ဗျားပြောတဲ့တစ်နေ့ဆိုတာ ရှိလာနိုင်မယ်မထင်တော့ပါဘူး၊ ကဲ .... အခုဝေါယာဉ်ပေါ်ကိုတက်ဖို့ မေတ္တာရပ်ခံပါတယ်"

ထန်စုကျင်းမှာ ဒေါသကြောင့် မျက်လုံးများမီးဝင်းဝင်းတောက်နေ၏။ သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ အားအင်မရှိတော့ဘဲ နုံးချိနေသည်။ အတွင်းအားများလည်း လုံးဝပျောက်ကွယ်သွားပြီဟု ထင်မှတ်ရသည်။ ဒေါသစိတ်ဖြင့် ဓားကိုဆွဲထုတ်လိုက်၏။

သို့သော် ဤအပြုအမူမှာ ဓားသမားတစ်ဦး၏အလေ့အကျင့်သာဖြစ်၍ ဓားစွမ်းကိုသုံးနိုင်သည့်စွမ်းအား လုံးဝမရှိကြောင်း အံ့ဩတုန်လှုပ်စွာသိလိုက်ရသည်။

ထိုစဉ် .... ကျောက်လီစန်က ရုတ်တရက်ပြေးဝင်လာပြီး ထန်စုကျင်း၏ခန္ဓာကိုယ်အား လက်တစ်ဖက်ဖြင့် တွန်းလိုက်ရာ ထန်စုကျင်း၏ခန္ဓာကိုယ်မှာ မဟန်နိုင်တော့ဘဲ ယိမ်းထိုးလျက် လဲကျသွားလေသည်။

လဲကျသွားစဉ် ထန်စုကျင်း တွေးလိုက်မိသည်မှာ နေသူရိန်



ဂိုဏ်းအတွင်းသို့ သူရောက်ရှိသွားလျှင် နောက်ပိုင်းဖြစ်ပေါ်လာမည့်ပြဿနာများ ....

သို့သော် .... အတွေးကို ချက်ချင်းရပ်ပစ်လိုက်သည်။

ရှေ့ဆက်မတွေးရဲတော့သောကြောင့်ဖြစ်၏။

ယခု သူ၏အဖြစ်ကသေသည်ထက် အခံရခက်နေသည်။ ထိုစဉ် ကျောက်လီစန်က ထုံယိကွမ်းအား အရိပ်အခြေပေးပြီး ....

"ကျွန်တော်မျိုးရဲ့တာဝန်ကျေပါပြီ"

ထုံယိကွမ်းက ခေါင်းတစ်ချက်ဆတ်၍ညိတ်လိုက်ပြီး ...

"တာဝန်မှူး ကျောက်လီစန် တော်ပါပေတယ်၊ ခုနကပြောခဲ့တဲ့ အာမခံဆေးလုံးဆိုတာ ကျုပ်မယုံတစ်ဝက် ယုံတစ်ဝက်ပဲ"

ထန်စုကျင်း၏နားထဲတွင် ထိုအသံများကို ကောင်းစွာကြားနေရသည်။ ကြားရသည့်စကားများကြောင့်လည်း သူ၏စိတ်ထဲတွင် အကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားသည်။

ရုပ်ပြောင်းကိုယ်တော်သည် နေသူရိန်ဂိုဏ်းသားပင်လော။

ယခုကျောက်လီစန်ထုတ်လွှတ်လိုက်သည့် ထူးခြားသည့်အနံ့တစ်မျိုးက နှစ်ပေါင်းများစွာက သောက်ခဲ့သောဆေးလုံး၏အစွမ်းကိုထစေခဲ့၏။ သို့ဆိုလျှင် .... ဤကျောက်လီစန်သည် မည်သူဖြစ်သနည်း။ ကျောက်လီစန်နှင့် ရုပ်ပြောင်းကိုယ်တော်တို့သည် မည်သို့သောအဆက်အသွယ်ရှိလေသနည်း။

◆ ◆ ◆

"ဟော့ကောင်တွေ သူ့ကိုဝေါယာဉ်ထဲသွင်းလိုက်ကြ"

ထန်စုကျင်းမှာ အသံကိုကောင်းစွာကြားနေရသော်လည်း လှုပ်ရှားနိုင်စွမ်းလုံးဝမရှိတော့ချေ။ ထိုစဉ် ....

ငယ်သံပါအောင်အော်ဟစ်သံများက ထွက်ပေါ်လာ၏။

"ဟာ ....ဟိုဘက်မှာ ဘာတွေဖြစ်နေသလဲမသိဘူး၊ ငါသွားကြည့်လိုက်ဦးမယ်"

နတ်ဆိုးကြီးထုံယိကွမ်းက ပြောပြီးသည်နှင့်လှစ်ခနဲခုန်ထွက်ပျောက်ကွယ်သွားလေသည်။ လူသန်ကြီးနှစ်ဦးက ထန်စုကျင်းအား မ,ယူကာ ဝေါယဉ်အတွင်းသို့သွင်းလိုက်ကြသည်။ ထန်စုကျင်း၏စိတ်ထဲတွင် အခံရခက်နေသည်။ ခဏအကြာတွင် ထုံယိကွမ်း၏အသံ ပြန်လည်ထွက်ပေါ်လာသည်။

"ကျုပ်တို့ဂိုဏ်းသားလေးဦး အသတ်ခံလိုက်ရပြန်ပြီ"

ကျောက်လီစန်က ချက်ချင်းပြန်မေးလိုက်သည်။

"ဘယ်သူသတ်လိုက်တာလဲ"

"ထန်စုကျင်း"

"ဟင် .... ဒါဆို ...."

"ဟုတ်တယ် ကျောက်တုံးမှာ သွေးနဲ့ စာရေးထားခဲ့တယ်၊ ဟိုတစ်နေ့ကနဲ့ တစ်ပုံစံတည်းပဲ"

"ဒါဆို တစ်စုံတစ်ယောက်က ထန်စုကျင်းနာမည်ကို အလွဲသုံးစားလုပ်နေတာ သေချာသွားပြီ"

ထုံယိကွမ်းက ခေါင်းတစ်ချက်ညိတ်ပြီး....

"ဟုတ်တယ်၊ အခုမှရှင်းပြီ"

ဤတွင်ကျောက်လီစန်က နားမလည်နိုင်ဟန်ဖြင့် ....



"ဒါဆို ဒီလူဟာ ဘာရည်ရွယ်ချက်နဲ့ ခုလိုလုပ်တာလဲ"

"အဲဒါကို စဉ်းစားရခက်နေတယ်"

ကျောက်လီစန်က တစ်ချက်စဉ်းစားလိုက်ပြီး ....

"ဒီလူသတ်ကောင် နဂါးပျံဂိုဏ်းကကော မဖြစ်နိုင်ဘူးလား"

ထုံယိကွမ်း ခေါင်းကိုခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ အသတ်ခံရတဲ့အထဲမှာ နဂါးပျံဂိုဏ်းသားတွေလဲပါလို့ပဲ"

"တကယ်လို့ သူတို့ဘက်က အကွက်ဆင်ပြီး အသတ်ခံရသလို ဟန်ဆောင်ရင်ကော မဖြစ်နိုင်ဘူးလား"

ထုံယိကွမ်း သက်ပြင်းချလိုက်သည်။

"အင်း .... တာဝန်မှူးကျောက်လီစန်ရဲ့ အတွေးအခေါ်ဟာ သဘာဝကျပါတယ်၊ ဖြစ်နိုင်ပါတယ်၊ စုံစမ်းကြည့်ကြတာပေ့ါ"

သူတို့၏ပြောစကားကို ထန်စုကျင်းကြားနေရ၏။

ထိုစဉ် .... ထန်စုကျင်း၏ခန္ဓာကိုယ်သည် ငြိမ့်ခနဲ လေထဲသို့မြောက်တက်သွားသလို ရုတ်တရက်ခံစားလိုက်ရ၏။ လူသန်ကြီးနှစ်ဦးက ဝေါယာဉ်အား ရုတ်တရက်ထမ်းလိုက်ခြင်းပင်ဖြစ်သည်။

o

ထန်စုကျင်းအားဝေါယာဉ်ဖြင့်ထမ်းခေါ်လာပြီး အတန်ငယ်ခရီးရောက်လာသောအခါ မြင်းလှည်းပေါ်သို့တစ်ဆင့် ပြောင်းတင်လိုက်ကြ၏။ မြင်းလှည်းသည် အရှိန်အဟုန်ပြင်းစွာဖြင့် မောင်းနှင်ရွေ့လျားသွားသည်။ ဦးတည်ရာအရပ်သည် နေသူရိန်ဂိုဏ်းဌာနချုပ်ဆီသို့ဖြစ်၏။

o

ထန်စုကျင်းအား တင်ဆောင်လာသည့် မြင်းလှည်းသည် အလွန်ကြီးကျယ်ခမ်းနားသောခြံဝင်းအတွင်းရှိ အဆောက်အအုံတစ်ခုရှေ့၌ ရပ်တန့်သွား၏။ အစောင့်နှစ်ဦးက လျင်မြန်စွာပြေးထွက်လာကြပြီး တံခါးဖွင့်ပေးသည်။

"ကဲ .... မောင်ရင်၊ ဌာနချုပ်အတွင်းကိုကြွပါ"

နတ်ဆိုးကြီး ထုံယိကွမ်း၏အသံက ကြည်လင်ပြတ်သားစွာထွက်ပေါ်လာသည်။ ထန်စုကျင်းက မြင်းလှည်းပေါ်မှ အားမရှိသည့်လူနာတစ်ယောက်ပမာ ဒယီးဒယိုင်ဖြင့်ဆင်းလိုက်သည်။

"ကဲ .... အထဲကိုကြွပါ"

ထုံယိကွမ်းကပြောပြီး ရှေ့မှဦးဆောင်လျက်ဝင်သွား၏။

ထန်စုကျင်းက နောက်မှယိမ်းထိုးလျက်လိုက်ပါလာသည်။

"ကဲ .... ဒီမှာခဏထိုင်စောင့်နေပါ၊ ကျုပ် ဂိုဏ်းချုပ်ကြီးဆီသတင်းပို့လိုက်ဦးမယ်"

ထုံယိကွမ်းက ထိုင်ခုံတစ်လုံးအား လက်ညှိုးထိုးညွှန်ပြပြီးပြောလိုက်သည်။ ထို့နောက် လူသန်ကြီးနှစ်ဦးကို အခန်းဝတွင် စောင့်ကြပ်ကြည့်နေရန်မှာကြားပြီး အတွင်းဘက်အခန်းတစ်ခုအတွင်းသို့ဝင်သွားသည်။ မကြာမီ ထုံယိကွမ်းပြန်ထွက်လာပြီး ....

"ကဲ .... မောင်ရင် ကျုပ်နောက်ကိုလိုက်ခဲ့ပါ"

ပြောပြီး စောစောကထွက်လာခဲ့သည့်အခန်းတွင်းသို့ ဦးဆောင်ဝင်သွားသည်။ ထန်စုကျင်းက နောက်မှ ယိမ်းယိုင်ချိနဲ့သောခြေလှမ်းများဖြင့်လိုက်ခဲ့၏။

စင်္ကြံလမ်းတစ်ခုကို ဖြတ်ကျော်လာခဲ့ပြီးနောက် အဆောင်ကြီးတစ်ခုဆီသို့ရောက်လာ၏။



ထုံယိကွမ်းက ထိုင်ခုံတစ်လုံးကိုညွှန်ပြပြီး ထန်စုကျင်းအားထိုင်ခိုင်းလိုက်၏။ အခန်း၏နောက်ဘက်နားတွင် ကန့်လန့်ကာကြီးတစ်ခုကာထားသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား .... ထန်စုကျင်းရောက်နေပါပြီ"

ထုံယိကွမ်းက လိုက်ကာနောက်ကျောဆီသို့လှမ်းမျှော်ရင်းအော်ပြောလိုက်သည်။ ခဏအကြာတွင် ခန်းဆီးနောက်ကွယ်ဆီမှမိန်းမကြီးတစ်ဦး၏အသံထွက်ပေါ်လာသည်။

"မင်း ဝိညာဉ်ခေါ်အလံနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ထန်စုကျင်း ရုတ်တရက်ငေးကြောင်လျက်ရှိနေ၏။ မည်သည့်စကားမျှ ပြန်လည်မဖြေကြားချေ။

ဤတွင် ထုံယိကွမ်းကကြားဝင်ဖြေသည်။

"ဝိညာဉ်ခေါ်အလံနဲ့သူဟာ ဆရာတပည့်တွေပါ"

လိုက်ကာနောက်ကွယ်မှ မိန်းမကြီး၏အသံက ထပ်မံထွက်ပေါ်လာသည်။

"ဩော် .... မောင်ရင်က ဝိညာဉ်ခေါ်အလံရဲ့တပည့်ကိုး"

သည်တစ်ကြိမ်တွင်တော့ ထန်စုကျင်း၏နှုတ်မှစကားသံထွက်ပေါ်လာသည်။

"ဟုတ်ကဲ့ .... ကျုပ်ဟာ ဝိညာဉ်ခေါ်အလံရဲ့တပည့်ဆိုတာတချို့တစ်ဝက်တော့မှန်ပါတယ်"

"ဘယ်လိုကွယ့်"

"ကျုပ်ဟာ ဝိညာဉ်ခေါ်အလံဆီက သိုင်းပညာတချို့တဝက်ကိုရခဲ့တာတော့မှန်ပါတယ်၊ ဒါပေမဲ့ ဆရာတပည့်ပုံစံနဲ့တော့ မဟုတ်ဘူး၊ ကတိတစ်ခုနဲ့ အပေးအယူသဘောပဲဆက်ဆံခဲ့ကြတာပါ"

"ဘယ်လိုကတိမျိုးလဲ"

ထန်စုကျင်းက လိုက်ကာဆီသို့ အတန်ကြာစူးစိုက်ကြည့်နေပြီးမှ ဖြည်းဖြည်းချင်းပြောသည်။

"တစ်ချိန်က သူ့ကိုအထင်မှားသွားတဲ့သူ့ဇနီးဆီကို သူ့ကတိအတိုင်း သူကိုယ်သူသတ်သေသွားပြီဆိုတဲ့သတင်း ရောက်အောင်ပို့ပေးရမယ်ဆိုတဲ့ကတိပါ၊ ဒီအတွက်သက်သေပြဖို့ ဟောဒီ ဝိညာဉ်ခေါ်အလံလေးကို ပေးသွားပါတယ်"

ထန်စုကျင်းက ပြောပြီးသည်နှင့် အလံငယ်လေးတစ်ခုကို ထုတ်ပြလိုက်၏။

ထိုအခါ လိုက်ကာနောက်ကွယ်မှ မိန်းမကြီးသည် လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ....

"ဟင် .... မင်း .... မင်း .... ဒီအကြောင်း အစကတည်းက ဘာဖြစ်လို့မပြောတာလဲ"

ထန်စုကျင်းက ....

"ဂိုဏ်းချုပ်ကြီးကလဲ သူ့ကိုတွေ့ချင်တဲ့အကြောင်း အစကတည်းကမှမပြောဘဲ"

လိုက်ကာအတွင်းမှမိန်းမကြီး၏အသံက ခေတ္တတိတ်သွား၏။ အတန်ကြာမှ ....

"သူဘယ်နေရာမှာ သတ်သေသွားတာလဲ"

"ပေမန်တောင်ကုန်းပေါ်က ရေးဟောင်းအုတ်ဂူတစ်ခုထဲမှာပါ၊ အဲဒီအုတ်ဂူအပေါက်ကို ကျွန်တော်ကိုယ်တိုင်ပဲပိတ်ခဲ့တာပါ"

လိုက်ကာနောက်ဘက်မှမိန်းမကြီး၏အသံ လုံးဝထွက်ပေါ်မလာတော့ပေ။



ထန်စုကျင်းလည်း တစ်ချိန်က ဝိညာဉ်ခေါ်အလံ ပြောပြခဲ့သည့် ပုံပြင်ဆန်ဆန်ဇာတ်လမ်းတစ်ပုဒ်ကို ပြန်လည်သတိရလိုက်မိ၏။ ဝိညာဉ်ခေါ်အလံသည် ငယ်စဉ်က မိန်းကလေးတစ်ဦးအား စွဲစွဲလန်းလန်းချစ်ကြိုက်ခဲ့ဖူး၏။

သို့သော် .... ထိုမိန်းကလေးက သူ့အား ပြန်၍မချစ်ခဲ့ချေ။ ထို့ကြောင့် သူသည် ထိုမိန်းကလေးအား အတင်းအဓမ္မသိမ်းပိုက်ခဲ့၏။

ထိုမိန်းကလေးက အခွင့်အရေးရသည်နှင့် ထွက်ပြေးသွားခဲ့၏။ ထန်စုကျင်းက ထိုအကြောင်း ပြန်တွေးနေစဉ် ထုံယိကွမ်းသည် ထိုင်ရာမှထကာ လိုက်ကာနောက်ကွယ်သို့ဝင်ရောက်သွားတော့၏။

◆ ◆ ◆

ထန်စုကျင်းမှာ လှနာတစ်ယောက်ပမာ ထိုင်ခုံပေါ်တွင် ထိုင်လျက် လိုက်ကာနောက်ကွယ်ဆီသို့ငေးကြောင်၍ကြည့်နေမိ၏။

မကြာမီ ထုံယိကွမ်းပြန်ထွက်လာ၏။ ထန်စုကျင်းအနားသို့ လျှောက်လာပြီး ဖြည်းလေးသောလေသံဖြင့်ပြောသည်။

"ဒီအကြောင်းကို ဘယ်သူတွေသိသေးလဲ"

ထန်စုကျင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်အပြင် ဘယ်သူမှမသိသေးပါဘူး"

"တော်ပါသေးရဲ့ .... ကျုပ်တို့ဂိုဏ်းချုပ်က ဒီကိစ္စကိုသိုင်းလောကထဲ လုံးဝမပေါက်ကြားစေချင်သေးဘူး"

ထန်စုကျင်းက တည်ငြိမ်လေးနက်သောအသံဖြင့် ....

"ကျုပ်ဆီကတော့ ဘယ်လိုမှမပေါက်ကြားနိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဝိညာဉ်ခေါ်အလံရဲ့ကျေးဇူးတွေက ကျုပ်ဆီမှာ

ရှိနေတာမို့ ဒီကျေးရူးကိုသိနားလည်ပါတယ်”

ထုံယိကွမ်းက ထန်စုကျင်းအားစေ့စေ့ကြည့်လိုက်ပြီး ....

“မောင်ရင် ကျုပ်တို့ဂိုဏ်းထဲဝင်ဖို့ဆန္ဒရှိသလား”

ထန်စုကျင်းက မည်သည့်စကားမျှပြန်မပြောဘဲငြိမ်နေ၏။

“မောင်ရင့်ရဲ့ပညာနဲ့ သည်းခံနိုင်တဲ့စိတ်ဟာ သိုင်းလောကမှာ ဒီထက်ပိုပြီးထင်ပေါ်ကျော်ကြားလိမ့်ဦးမယ်”

ထန်စုကျင်းကလုံးဝစကားမပြော။ ထုံယိကွမ်းက ထန်စုကျင်းအား မျက်လုံးပြူး၍ကြည့်လိုက်ပြီး ....

“ထန်စုကျင်း .... မင်းရဲ့အခြေအနေဟာ အတွင်းအားလုံးဝမရှိတော့ဘူးဆိုတာသိရဲ့လား၊ အခု မင်းရထားတဲ့အဆိပ်ကို ပြေအောင်မဖြေနိုင်ရင် နောက်လေးဆယ့်ကိုးရက်ကျော်တာနဲ့ ဒုက္ခိတတစ်ဦးလိုဖြစ်သွားလိမ့်မယ်၊ နောင်ကိုလဲ ဘယ်တော့မှပြန်ကောင်းလာမှာမဟုတ်ဘူး၊ မောင်ရင် တစ်သက်လုံး ဒီလိုပဲဒုက္ခိတဘဝနဲ့ နေသွားတော့မှာလား”

ထန်စုကျင်း အံကိုတင်းတင်းကြိတ်လိုက်၏။ ခန္ဓာကိုယ်က အားပျော့နုံးချိနေသော်လည်း စိတ်ဓာတ်ကမူ မာကျောခက်ထန်နေဆဲဖြစ်၏။

“ကျုပ်အသက်ကိုသာ အသေခံမယ်၊ ကျုပ်ဆန္ဒမရှိဘဲ ကျုပ်ကိုအတင်းအဓမ္မခိုင်းစေလို့မရဘူး”

ထုံယိကွမ်းက သဘောကျစွာတစ်ချက်ပြုံးလိုက်၏။

“ဘာလဲ မောင်ရင်က လုံးဝဆန္ဒမရှိဘူးဆိုတဲ့သဘောလား”

“ဟုတ်ပါတယ်”

“ဒါဆို မောင်ရင်ရဲ့အသက်ရှင်နိုင်တဲ့အချိန်ဟာ လေးဆယ့်



ကိုးရက်သာရှိတော့မယ်၊ လေးဆယ့်ကိုးရက်ကျော်တာနဲ့ မောင်ရင်ဟာ သိုင်းလောကမှာလဲမရှိတော့ဘူး၊ ဒီကမ္ဘာလောကကြီးမှာလဲရှိမှာမဟုတ်တော့ဘူး”

ထန်စုကျင်းက တင်းမာခက်ထန်သောအသံဖြင့် ....

“ကျုပ်အတွက် နာမည်ပျက်တာထက် အသက်အသေခံတာက ပိုကောင်းပါတယ်”

“မောင်ရင်က သေခြင်းတရားကို ဂရုမစိုက်ပုံပဲ”

“ယောကျ်ားဆိုတာ သေခြင်းတရားကိုဂရုစိုက်စရာမလိုဘူး မွေးတစ်နေ့ သေတစ်နေ့ပဲ”

ထုန်ရိကွမ်းက အေးစက်စွာရယ်လိုက်၏။

“မောင်ရင် သေခြင်းတရားကို တကယ်ပဲဂရုမစိုက်ဘူးပေါ့”

“အို .... ကျုပ်ဘယ်နှစ်ခါ ပြောရမလဲ”

ထုန်ရိကွမ်းက မုတ်ဆိတ်မွေးကိုအသာပွတ်ရင်း ....

“မောင်ရင့်အသက်ကို မောင်ရင်က ဂရုမစိုက်ပေမယ့် ဂရုစိုက်သူကရှိနေတယ်”

ထန်စုကျင်း ရုတ်တရက်ကြောင်သွားပြီး ....

“ဘယ်သူလဲ”

“ကျန်ရှင်းယွင်ပဲ”

ထန်စုကျင်း၏ခေါင်းတစ်ခုလုံး ချာချာလည်သွားတော့၏။

“ခင်ဗျားတို့ အခုသူ့ကိုဖမ်းထားကြတယ်ပေါ့ ဟုတ်လား”

“အေး .... ဟုတ်တယ်”

“ခင်ဗျားတို့ သူ့ကိုဘာလုပ်ကြမလို့လဲ”

ထုံယိကွမ်းက တစ်ချက်ပြုံးလိုက်ရင်း ....

"ဟဲ .... ဟဲ .... ဘာမှမလုပ်ပါဘူး၊ မောင်ရင်နဲ့အတူ ငရဲပြည်သွားဖို့ အဖော်ရအောင်ခေါ်ထားတာပါ"

ထန်စုကျင်းမှာဒေါသဖြစ်လွန်းသောကြောင့် အသံကုန်အော်ဟစ်လိုက်၏။

"ခင်ဗျားတို့ လူတွေမဟုတ်ဘူး"

ထန်စုကျင်းမှာဒေါသထွက်လွန်းသဖြင့် သတိလစ် လဲကျသွားတော့၏။

◆ ◆ ◆



## ဟန်ကိုယ်ဖို့

ထန်စုကျင်း သတိပြန်လည်လာချိန်၌ အမှောင်ခန်းတစ်ခုအတွင်းသို့ရောက်နေသည်ကို တွေ့လိုက်ရ၏။ စိုထိုင်းထိုင်းအနံ့လည်းရနေ၏။ ဤသည်ကိုမှန်းဆကြည့်ခြင်းဖြင့် မြေအောက်အချုပ်ခန်းဖြစ်ကြောင်း ခန့်မှန်း၍ရသည်။

ဖြစ်ပျက်ခဲ့သမျှအရာအားလုံးကို ပြန်လည်သတိရသည်နှင့် ထန်စုကျင်းသည် လဲနေရာမှ ရုတ်တရက်ထရပ်လိုက်၏။ ဤတွင် ထူးဆန်းသောခံစားချက်တစ်ခုကို ခံစားလိုက်ရ၏။ ပထမက ဆုံးရှုံးသွားပြီဟုထင်မှတ်ရသောသူ၏အတွင်းအားများ ပြန်လည်၍ကောင်းမွန်လာသကဲ့သို့ ခံစားရ၏။

အနည်းငယ်ထပ်၍လှုပ်ရှားကြည့်လိုက်သောအခါ တကယ်ပင် သူ၏အတွင်းအားများ ပြန်လည်ပြည့်လာကြောင်း တွေ့ရသဖြင့် အလွန်ဝမ်းသာသွား၏။

သို့သော် .... သူ့အား ခိုင်ခံ့လုံခြုံသောနေရာတွင်ချုပ်နှောင်ထားကြောင်းသိလိုက်ရသည့်အခါ ရင်ထဲတွင်မောဟိုက်သွားမိ၏။

သူ့အတွင်းအားများကိုလျော့ပါးအောင် ထိန်းချုပ်ထားသည့်

ဆေးအာနိသင်သည် ဦးနှောက်အတွင်း တစ်နေရာတွင်ရှိနေနိုင်သည်။

ဒေါသစိတ်ကြောင့် သတိမေ့လဲကျသွားသည့်အခါ ခေါင်းကိုထိခိုက်မိပြီး ဆေးအာနိသင် ပျက်သွားခြင်းဖြစ်နိုင်၏။

ထန်စုကျင်းသည် တင်ပျဉ်ခွေထိုင်ချကာ အတွင်းအားများကို စတင်လည်ပတ်စေတော့၏။

◆◆◆

"ကျွီ ...."

မည်မျှအထိ ကြာသွားသည်မသိ ကျွီကနဲအသံကြားလိုက်ရတော့မှ အတွင်းအား လည်ပတ်ခြင်းကို ရပ်တန့်လိုက်ပြီး တံခါးဝသို့ လှမ်းကြည့်လိုက်၏။ တံခါးဝတွင် မီးအိမ်တစ်လုံးကို ဦးစွာတွေ့လိုက်ရ၏။

ဝတ်စုံနက်နှင့်လူတစ်ယောက်က ၄င်းမီးအိမ်ကို လက်တစ်ဖက်တွင်ကိုင်ထားပြီး ကျန်လက်တစ်ဖက်တွင် ပန်းကန်လုံးတစ်လုံးကိုကိုင်ထားသည်။

သူ့အတွက် အစားအသောက်တစ်ခုခု လာပို့ကြောင်း မမေးပဲနှင့်သိနိုင်၏။ ထန်စုကျင်းက ချက်ချင်းကြမ်းပြင်ပေါ်သို့ လဲလျောင်းပြီး အားအင်မရှိသည့်သဏ္ဍာန်ဟန်ဆောင်နေလိုက်၏။

ဝတ်စုံနက်နှင့်လူသန်ကြီး တဖြည်းဖြည်းနှင့် ထန်စုကျင်းအနီးသို့ရောက်လာ၏။

"စားသောက်လိုက်ပါဦး၊ အစာမရှိပဲ မသေချင်ပါနဲ့ဦး"

လူသန်ကြီးက ထိုသို့ပြောပြီး ပန်းကန်လုံးကို ကြမ်းပြင်ပေါ်သို့အသာချလိုက်ပြီး ထန်စုကျင်းအနီးသို့ တွန်းပို့ပေး၏။



ထန်စုကျင်းက မျက်လုံးကို မဖွင့်ချင်ဖွင့်ချင်ဟန်ဖြင့် ဖွင့်ကြည့်လိုက်ပြီး ပြန်မှိတ်ကာငြိမ်နေလိုက်၏။

"ထန်စုကျင်း .... သေချင်နေတယ်ပေါ့၊ စိတ်ချ သေရစေမယ်၊ မသေခင် အစာဝဝစားသွားလိုက်ပါဦး"

လူသန်ကြီးထံမှ စကားသံထပ်မံထွက်ပေါ်လာပြီးနောက် လူသန်ကြီးမှာ မီးအိမ်ကိုဆွဲလျက် တံခါးကိုပြန်ပိတ်ကာ ထွက်ခွာသွားတော့၏။

◆◆◆

ဝတ်ရုံနက်နှင့် လူသန်ကြီးပြန်လည်ထွက်ခွာသွားသည်နှင့် အခန်းတစ်ခုလုံး မှောင်မည်း၍ကျန်ရစ်၏။

"အင်း .... အင်အားပိုပြည့်လာအောင် သူတို့ကျွေးတဲ့အစာလေးတော့ စားလိုက်ဦးမှပဲ"

ဟု ထန်စုကျင်းစိတ်ထဲမှတွေးကာ လူသန်ကြီးချထားခဲ့သောပန်းကန်လုံးအားစမ်း၍ လိုက်ရှာသည်။

ပန်းကန်လုံးကို စမ်းမိသည်နှင့် ကောက်ယူလိုက်ပြီး ပြောင်သွားအောင် စားပစ်လိုက်တော့၏။ စားသောက်ပြီး ခဏအတွင်းမှာပင် သူ၏အာရုံကြောများ ပြန်လည်လန်းဆန်းလာသလို ခံစားရ၏။

ထို့နောက် ထန်စုကျင်းမှာ တင်ပျဉ်ခွေပြန်ထိုင်လိုက်ပြီး အတွင်းအားလည်ပတ်မှုကို ဆက်လက်လုပ်ဆောင်သည်။

ဤသို့ဖြင့် မကြာမီ အတွင်းအားများ မူလအတိုင်းအဝအထိပြန်လည်ရောက်ရှိလာချိန်၌ အမှောင်တွင်းရှိ အရာအားလုံးကို သဲသဲကွဲကွဲမြင်လာရသည်။

ခိုင်ခံ့မာကျောသောကျောက်နံရံများနှင့် ဆောက်လုပ်ထား

သော မြေအောက်အချုပ်ခန်း တစ်ခုအတွင်းသို့ ရောက်ရှိနေကြောင်း ကောင်းစွာသိလာရ၏။ ထန်စုကျင်း၏လက်ရှိအခြေအနေမှာ ဤအချုပ်ခန်းတွင်းမှလွတ်မြောက်ရန် ကြိုးစားဖို့ပင်ဖြစ်၏။

သို့သော် သူလွတ်မြောက်ခြင်းထက် ကျန်ရှင်းယွင်ကိုကယ်တင်နိုင်ရေးက အဓိကဖြစ်နေသည်။ အခြေအနေအရပ်ရပ်အားလုံးကို မသိရသေးခင် လူ တစ်ယောက်၏အသက်ကိုကယ်တင်နိုင်ဖို့ ဆိုသည်မှာလည်း လွန်စွာခက်ခဲသောအလုပ်တစ်ခုဖြစ်၏။

ခက်ခဲသော်လည်း မလွဲမသွေ ကယ်တင်ရမည်သာဖြစ်၏။

ထန်စုကျင်းမှာ ဒယ်အိုးအတွင်း လှုပ်လှုပ်ရွရွ လျှောက်သွားနေသော ပုရွက်ဆိတ်တစ်ကောင်ပမာအလား အချုပ်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်သွားနေ၏။

စဉ်းစားရင်း စဉ်းစားရင်း နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။ ယင်းဆုံးဖြတ်ချက်မှာ အားအင်ချိနဲ့နေသည့် လူတစ်ဦးအသွင် ဆက်လက်ဟန်ဆောင်နေရန်ပင်ဖြစ်၏။

ထန်စုကျင်းမှာ အခွင့်ကောင်းကိုစောင့်ရတော့မည်ဖြစ်၏။

သူ့အတွက် ပို၍အားတက်စရာအချက်တစ်ခုမှာ သူ၏ဓားတိုအား သိမ်းဆည်းမသွားခြင်းကြောင့်ဖြစ်၏။

◆ ◆ ◆

နေသူရိန်ဂိုဏ်းဌာနချုပ်တည်ရှာ ခြံဝင်းအတွင်း၌ အိမ်ငယ်လေးပမာ အဆောက်အအုံ ပုပုကလေးကိုတွေ့နိုင်၏။

ထိုအိမ်ပုကလေး၏ရှေ့တွင် သစ်သားတိုင်ကြီး တစ်တိုင်စိုက်ထားသည်။ ထိုသစ်သားတိုင်ကြီး၏ထိပ်တွင် မိန်းကလေးတစ်ဦးအား ကြိုးဖြင့်တုပ်နှောင်လျက် တွဲလွဲချည်ထား၏။



ထိုတိုင်၏ဘေးတစ်ဘက်တစ်ချက်စီတွင် လူသန်ကြီးနှစ်ဦးက မတ်တတ်ရပ်လျက် ဓားရှည်ကြီးများကို တည့်မတ်စွာထောင်ကိုင်ထား၏။ သူတို့၏အသွင်မှာ အမိန့်တစ်ခုအားစောင့်ဆိုင်းနားထောင်နေသည့်ပမာရှိ၏။

တိုင်ထိပ်တွင် ကြိုးဖြင့်တုပ်နှောင်ထားသော မိန်းကလေးမှာ ကျန်ရှင်းယွင်ပင်ဖြစ်၏။ သူမ၏အသွင်မှာ သက်မဲ့ကျောက်ဆစ်ရုပ်ပမာ ရှေ့တည့်တည့်သို့သာစူးစိုက်ကြည့်နေ၏။

ထူးဆန်းနေသည်က သူမ၏မျက်နှာပေါ်တွင် ကြောက်ရွံ့ခြင်း၊ နာကျည်းမုန်းတီးခြင်းအလျဉ်းမရှိပဲ သက်မဲ့ကျောက်ရုပ်တစ်ရုပ်ပမာရှိနေခြင်းပင်ဖြစ်သည်။

သစ်သားတိုင်နှင့်မနီးမဝေးတွင် ဓားကိုင်သိုင်းသမား ဆယ့်နှစ်ဦးခန့်တန်းစီလျက်ရပ်နေ၏။ ထိုစဉ် ဝတ်စုံနက်နှင့်လူကြီးတစ်ဦး နေးကွေးစွာလျှောက်လာပြီး ထိုသိုင်းသမားဆယ့်နှစ်ဦး၏ ရှေ့တွင်ရပ်လိုက်၏။ ထို့နောက် သစ်သားတိုင်ထိပ်သို့မော့ကြည့်လိုက်သည်။

ထိုစဉ် .... ထန်စုကျင်းအား လူသန်ကြီးနှစ်ဦးက ဘယ်ညာညှပ်လျက်ခေါ်လာသည်။ သူ၏ခန္ဓာကိုယ်မှာ ပျော့ခွေနေပြီး တစ်ယောက်ယောက်ကသာလွှတ်လိုက်ပါက မြေပေါ်သို့လဲကျသွားမည့်အသွင်မျိုးဖြစ်သည်။

ထန်စုကျင်းအား လူသန်ကြီးနှစ်ဦးက သစ်သားတိုင်၏ ညာဘက်ဆီသို့ဆွဲခေါ်လာခဲ့သည်။ ကျန်ရှင်းယွင်က ထန်စုကျင်းအားတွေ့သွားသည်။ ထန်စုကျင်းမော့ကြည့်လိုက်ချိန်တွင် တစ်ချက်ပြုံးပြလိုက်၏။ ထန်စုကျင်းကနှုတ်ပိတ်လျက် တည်ငြိမ်အေးဆေးသောအသွင်ဖြင့်ပြန်လည်စိုက်ကြည့်သည်။

ချစ်သူနှစ်ဦး၏ပြန်လည်ဆုံတွေ့မှုကားက ရင်နင့်ဖွယ်ရာဖြစ်သည်။ ခဏအကြာတွင် ထုံယိကွမ်းရောက်ရှိလာ၏။ ဂိုဏ်းသားအားလုံးက ထုံယိကွမ်းအား ဦးညွှတ်အရိုအသေပေးလိုက်ကြသည်။

ပထမရောက်ရှိလာသော ဝတ်ရုံနက်နှင့်အဘိုးကြီးကလည်း ထုံယိကွမ်းအား အရိုအသေပေးရင်း ....

"ကျွန်တော်မျိုး စမ်းလိကျွင်းက ဂိုဏ်းခွဲမှူးကြီးကို ဂါရဝပြုပါတယ်"

ထုံယိကွမ်းက ခေါင်းတစ်ချက်ဆတ်ပြပြီး ထန်စုကျင်းဘက်လှည့်ကြည့်လိုက်သည်။ ထို့နောက် အောင်မြင်ခန့်ညားသောအသံဖြင့် လှမ်းပြောသည်။

"ထန်စုကျင်း .... မင်းစဉ်းစားပြီးပြီလား"

ထန်စုကျင်းက ခက်ထန်မာကျောစွာ တစ်ချက်ပြန်ကြည့်လိုက်ပြီး ....

"ကျုပ် ဘာမှမစဉ်းစားဘူး၊ စဉ်းစားနေစရာလဲမလိုဘူး"

"ဟဲ .... ဟဲ .... မင်းရဲ့ချစ်သူ မင်းမျက်စိရှေ့မှာ အသတ်ခံရတာကိုကြည့်ရက်တယ်ပေါ့ ဟုတ်လား"

ထန်စုကျင်းက မဲ့ပြုံးပြုံးလိုက်ပြီး ....

"ကျုပ်ချစ်သူတော့ သေမှာမဟုတ်ဘူး၊ ခင်ဗျားတို့အားလုံးသာ သေခြင်းဆိုးနဲ့သေမှာ"

ထုံယိကွမ်း၏မျက်နှာ ရုတ်တရက်တည်သွားပြီး ....

"စကားကြောရှည်တယ် .... မင်းကိုနောက်ဆုံးတစ်ခွန်းပဲမေးမယ်၊ မင်း နေသူရိန်ဂိုဏ်းထဲဝင်မလား၊ မဝင်ဘူးလား"

ထန်စုကျင်း တစ်ချက်တွေဝေသွားသည်။



လောလောဆယ် ခေါင်းမာနေ၍မဖြစ်။ အခြေအနေကြည့်၍မီးစင်ကြည့်ကရန်ဆုံးဖြတ် လိုက်ပြီး ....

"ကျုပ်အခွင့်အရေးတစ်ခုတောင်းဆိုချင်တယ်"

"ဘာအခွင့်အရေးလဲ ပြောပါ"

ထန်စကျင်းက ကျန်ရှင်းယွင်အားတစ်ချက်မော့ကြည့်ပြီး ....

"သူ့ကိုအရင်လွှတ်လိုက်ပါ"

"အို ဒီအတွက်တော့မပူပါနဲ့၊ မောင်ရင်သာ ကျုပ်တို့ဂိုဏ်းထဲဝင်မယ်ဆိုရင် ဂိုဏ်းသားအဖြစ် အသိအမှတ်ပြုပြီးတာနဲ့ သူ့ကိုအလိုအလျောက်လွှတ်ပေးလိုက်မှာပါ"

ထန်စုကျင်းက ပြတ်သားစွာငြင်းလိုက်သည်။

"ဒါမျိုးမလိုချင်ဘူး၊ သူ့ကိုသာအရင်လွှတ်ပေးလိုက်ပါ၊ ဒါ .... ကျုပ်လိုချင်တဲ့အချက်ပဲ"

ထိုစဉ် .... ကျန်ရှင်းယွင်က ဝင်ပြောလာသည်။

"ထန်စုကျင်း .... ရှင်ဟာ သိုင်းသမားကောင်းတစ်ယောက်မဟုတ်ဘူး၊ ကျွန်မအတွက်နဲ့ အောက်ကျခံပြီး ဘာမှတောင်းဆိုနေစရာမလိုဘူး၊ ကျွန်မသေရမှာကိုလုံးဝမကြောက်ဘူး၊ ရှင့်ရဲ့တောင်းဆိုချက်ကို ခုချက်ချင်းပြန်ရုပ်သိမ်းပါ"

ထုံယိကွမ်းက သူမ၏စကားကို အရေးမစိုက်ဘဲ ထန်စုကျင်းအား ထပ်မံစည်းရုံးပြန်သည်။

"ထန်စုကျင်း .... မင်းသာ တို့ဂိုဏ်းထဲကိုဝင်မယ်ဆိုရင် ဂိုဏ်းခွဲမှူးချုပ်အဆင့် နေရာပေးမယ်"

ထန်စုကျင်းက အားမရှိသောလေသံဖြင့် ....

"သူ့ကိုသာ အရင်လွှတ်ပေးပါ"

"ဒီတောင်းဆိုချက်က အပေးအယူသိပ်မမျှတဲ့အတွက် တို့လိုက်လျောဖို့ခက်နေတယ်"

"ဒါဆို .... ကျုပ်နဲ့ဘာမှဆွေးနွေးစရာမလိုတော့ဘူး"

ထန်စုကျင်း၏အသံကမာကျောပြတ်သားနေ၏။

ထုံယိကွမ်းကလေသံပျော့ဖြင့် ....

"မောင်ရင် အသက်နှစ်ချောင်းကို မနမြောတော့ဘူးလား"

"အသက်နှစ်ချောင်းဟုတ်လား၊ အသက်နှစ်ချောင်းမကဘူး၊ အသက်ပေါင်းများစွာ ...."

"ဘာ အသက်ပေါင်းများစွာ ဘယ်လိုသဘောလဲ"

ထုံယိကွမ်းက မျက်လုံးပြူးလျက်ပြန်မေးသည်။

"ဒီလိုသဘောပဲ"

"အား ...."

"အင့် ...."

ထန်စုကျင်း၏စကားအဆုံးတွင် နာကျင်စွာအော်လိုက်သော အသံနှစ်သံထွက်ပေါ်လာပြီး ထန်စုကျင်း၏ဘေးနှစ်ဘက်မှ လူကြီးနှစ်ဦးမှာ နှစ်လံခန့်အကွာသို့ လွင့်ထွက်သွားကြတော့၏။

မမျှော်လင့်သောပြောင်းလဲလှုပ်ရှားမှုကြောင့် အားလုံး ငေးကြောင်သွားကြလေတော့သည်။

◆ ◆ ◆

ထန်စုကျင်း၏ လှုပ်ရှားမှုက လျင်မြန်လှ၏။

ဓားကိုဆွဲထုတ်လိုက်သည်နှင့် နာကျင်စွာ အော်ဟစ်လိုက်သောအသံများ ဆက်တိုက်ထွက်ပေါ်လာ၏။ သစ်သားတိုင်အနီးတွင် နေရာယူထားသောသိုင်းသမားသုံးဦးမှာ ရှောင်တိမ်းချိန်မရဘဲ



ထန်စုကျင်း၏ဓားဖျားအောက်တွင် အသက်ပျောက်သွားကြသည်။

ထုံယိကွမ်းနှင့် ဝတ်စုံနက်အဘိုးကြီးတို့မှာ ငေးကြောင်လျက်ရှိနေကြ၏။ ထန်စုကျင်းက လျင်မြန်သောအဟုန်ဖြင့်လေထဲခုန်တက်ပြီး ကျန်ရှင်းယွင်အား ချည်ထားသောကြိုးကို ဓားတိုဖြင့် ခုတ်ချလိုက်လေသည်။

"ယား ...."

ရုတ်တရက် မာန်သွင်းသံများ ဆက်တိုက်ပေါ်လာပြီး ဓားရှည်ကိုင်သိုင်းသမားများက ထန်စုကျင်းအားဝိုင်းတိုက်ကြသည်။

ပထမဆုံးခုန်ဝင်တိုက်ခိုက်သူမှာ နတ်ဆိုးကြီးထုံယိကွမ်းဖြစ်၏။ ထန်စုကျင်းက သူ၏အစွမ်းထက်သော ဓားတိုသိုင်းကွက်ဖြင့် ခုခံတိုက်ထုတ်လိုက်၏။

ထုံယိကွမ်းမှာ နောက်သို့နှစ်လံခန့်ဆုတ်သွားရ၏။

ဒုတိယဝင်ရောက်တိုက်ခိုက်လာသူမှာ ဝမ်လီကျွင်းဖြစ်၏။ သို့သော် .... ဝမ်လီကျွင်းလည်း ဓားချက်တစ်ချက်ထိကာ နောက်သို့ခုန်ဆုတ်သွားရပြန်သည်။ ထန်စုကျင်းက ကျန်ရှင်းယွင်အား အကာအကွယ်ပေးရင်း အလျင်အမြန်မေးလိုက်၏။

"ညီမလေးရဲ့အတွင်းအား ဘယ်လိုလဲ"

ကျန်ရှင်းယွင်က ချက်ချင်းပြန်ဖြေသည်။

"အကြောပိတ်ခံထားရတယ်၊ ခုချိန်မှာ အတွင်းအားထုတ်လို့မရသေးဘူး"

ထိုစဉ် .... ဓားရှည်ကိုင်သိုင်းသမား(၁၂)ဦးအနက်မှ ခြောက်ဦးကပြိုင်တူခုန်ဝင်လာကြ၏။ ထန်စုကျင်းက ရေပေါ်ရုပ်ခွဲသိုင်းကွက်ဖြင့် ဆီးကြိုတိုက်ခိုက်လိုက်၏။

သံသံချင်းထိသံ၊ ဓားကျိုးသံ၊ နာကျင်စွာအော်ဟစ်သံတို့ ရှုပ်ထွေးဆူညံစွာထွက်ပေါ်လာပြီးနောက် ဓားရှည်ကိုင်သိုင်းသမားသုံးဦး မြေပေါ်လဲကျသွားတော့၏။

ဤတဒင်္ဂအချိန်ကလေးအတွင်းမှာပင် ထန်စုကျင်းက ကျန်ရှင်းယွင်၏နောက်ကျောဆီသို့ လက်ကိုဆန့်ထုတ်ပြီး ကျောရိုးကို လက်ညှိုးဖြင့်ထောက်လိုက်၏။

တစ်ချိန်တည်းမှာပင် ... ထုံယိကွမ်းနှင့် ဝမ်လီကျွင်းတို့က လည်း ဘယ်ညာညှပ်၍လက်ဝါးအားလှိုင်းနှစ်ခုရိုက်ထုတ်လိုက်၏။

ထန်စုကျင်းက ထိုလက်ဝါးအားလှိုင်း ရောက်မလာမီ ကျန်ရှင်းယွင်အား ချိုင်းမှပွေ့ချီကာ အိမ်ပုလေးအမိုးပေါ်ခုန်တက်လိုက်၏။ အမိုးပေါ်ရောက်သည်နှင့် ကျန်ရှင်းယွင်အားလွှတ်ပေးပြီး ...

"နောက်ဘက်နံရံကနေထွက်သွား၊ မြေကြီးပေါ်ခြေမချမိစေနဲ့၊ မြန်မြန်သွား"

ထန်စုကျင်း၏စကားဆုံးသည်နှင့် လူရိပ်နှစ်ခု ခေါင်မိုးပေါ်ခုန်တက်လာသည်ကိုတွေ့ရ၏။ ထန်စုကျင်းက လျင်မြန်စွာလှုပ်ရှားလိုက်၏။

"အား ...."

"အွန့် ...."

ခေါင်မိုးပေါ်ခုန်တက်လာသူနှစ်ဦးမှာ အောက်သို့ပြုတ်ကျသွားသည်။

ကျန်ရှင်းယွင်က သူမ၏ရွှေဓားကိုဆွဲထုတ်လိုက်သည်။

ထန်စုကျင်းက စိုးရိမ်တကြီးဖြင့်အော်ပြောလိုက်၏။

"တိုက်မနေနဲ့တော့၊ နံရံပေါ်က အမြန်ဆုံးခုန်ထွက်သွား"



ကျန်ရှင်းယွင်က ဘာမျှ ပြန်ပြောမနေတော့ဘဲ အနောက်ဘက်ခြံဝင်းနံရံဆီသို့ ခုန်လွှား၍ကူးလိုက်၏။ လူရိပ်တစ်ရိပ်ကလည်း ကျန်ရှင်းယွင်ထံ ခုန်လွှားဝင်ရောက်လာ၏။ ကျန်ရှင်းယွင်ထံ ခုန်လွှားဝင်ရောက်လာသူမှာ ထုံယိကွမ်းပင်တည်း။

အဖြစ်အပျက်မှာ လျှပ်စီးလက်သကဲ့သို့ အလွန်လျင်မြန်လှ၏။ ယင်းနှင့်တစ်ဆက်တည်းမှာပင် အလင်းတန်းတစ်ခုသည် ကျန်ရှင်းယွင်ထံသို့ပြေးဝင်လာပြန်သည်။

ကျန်ရှင်းယွင်က ရွှေဓားကိုဝှေ့ယမ်းလိုက်၏။

"ခွမ်း ...."

လက်နက်ပုန်းလွင့်ထွက်သွားပြီး ထုံယိကွမ်းလည်း ကျန်ရှင်းယွင်အား မမီလိုက်ဘဲ မြေပေါ်ပြန်ကျသွားလေသည်။

◆ ◆ ◆

## ရဲစိတ်ရဲမာန်

ထန်စုကျင်းမှာ အိမ်ပုအမိုးပေါ်တွင် တစ်ယောက်တည်းကျန်ရစ်၏။ ကျန်ရှင်းယွင်ကိုဖမ်းမမိသောထုံယိကွမ်းသည် ဒေါသ အကြီးအကျယ်ထွက်ကာ တောင်ပြိုလက်ဝါးဖြင့် ထန်စုကျင်းရှိရာသို့ ရိုက်ချလိုက်လေတော့၏။

ထိုစဉ် .... သိုင်းသမားအားလုံးကလည်း ဩသံပေး၍ ထန်စုကျင်းအားဝိုင်းတိုက်ကြ၏။ ထန်စုကျင်းမှာ အခြေအနေမဟန်မှန်းသိသည်နှင့် အမိုက်ခံမတိုက်တော့ဘဲ အတွင်းနံရံဆီသို့ ခုန်ကူးလိုက်၏။ ထိုစဉ် လက်နက်ပုန်းများက ပျားပိတုန်းများပမာ ဝဲပျံဝင်ရောက်လာလေသည်။ ထန်စုကျင်းက ဓားကိုဝှေ့ယမ်း၍ လက်နက်ပုန်းများကို ရှင်းထုတ်ပစ်လိုက်သည်။

ထို့နောက် အပြင်ဘက်နံရံဆီသို့ ခုန်ကူးရန်ဟန်ပြင်လိုက်၏။ ထုံယိကွမ်းက လက်ဝါးလှိုင်းအားဖြင့် ပြင်းထန်စွာရိုက်ချလာသည်။

ထန်စုကျင်း၏ခန္ဓာကိုယ်မှာ အပြင်နံရံဆီသို့မရောက်တော့ဘဲ အတွင်းနှင့်အပြင်နံရံကြားရှိ လမ်းကြားလေးအတွင်းသို့ ကျွံသွားတော့၏။



အတွင်းနံရံပေါ်သို့ ဓားသမားများ ချက်ချင်းခုန်ပျံတက်လာကြ၏။ ထန်စုကျင်းက နောက်သို့လှည့်ကာ ဓားတိုဖြင့် လျင်မြန်စွာလှုပ်ရှားတိုက်ခိုက်လိုက်သည်။

နံရံပေါ်မှ သိုင်းသမားတချို့ မြေပြင်ပေါ်သို့ ပြန်ကျလာ၏။ သို့သော် .... နံရံပေါ်သို့ နောက်ထပ်တစ်သုတ် ခုန်တက်လာကြပြန်သည်။ လူရိပ်များမှာ ရှုပ်ထွေးသွား၏။

နံရံပေါ်သို့ရောက်ရှိနေသော သိုင်းသမားများက ထန်စုကျင်းအား လက်နက်ပုန်းများဖြင့်ပစ်ခတ်ကြ၏။ ထန်စုကျင်းက ဓားတိုကိုဝှေ့ယမ်း၍ခုခံကာကွယ်သည်။ သို့သော် .... လက်နက်ပုန်းများက အဆက်မပြတ်ဝင်လာရာ ထန်စုကျင်းမှာ ဓားတိုကို မနားတမ်းလှည့်ပတ်၍ ခုခံကာကွယ်နေရတော့၏။

ဤအတိုင်းသာဆိုလျှင် သံမဏိလူသားပင်လျှင် အမောဆို့ကာ လဲသွားနိုင်၏။ ထန်စုကျင်းမှာ ခုခံကာကွယ်ရင်းမှ လက်နက်ပုန်းတစ်ခုထိမှန်ခံလိုက်ရသဖြင့် ချက်ချင်းဒူးထောက်လျက် ကျသွား၏။

ထိုစဉ် .... လူရိပ်သုံးရိပ်က သူ့ထံသို့လျင်မြန်စွာခုန်ဝင်လာလေသည်။ ထန်စုကျင်းက လဲကျနေရာမှ ပက်လက်လှန်လိုက်ပြီး ဘယ်ဘက်လက်ဝါးဖြင့် ခုန်ဝင်လာသူအား ရိုက်ထုတ်ပစ်လိုက်၏။

ညာဘက်လက်က ကိုင်ထားသောဓားကိုလှုပ်ရှားလိုက်၏။

ညာဘက်မှခုန်ဝင်လာသူ၏ဝမ်းဗိုက်မှာ ထုတ်ချင်းပေါက်သွားတော့၏။ ထိုလူမှာ အဝေးသို့လွင့်ထွက်သွားပြီး တတိယမြောက်ဝင်လာသူနှင့်ထိခိုက်မိကြတော့၏။

ထန်စုကျင်းကလဲနေသည့်နေရာမှလိမ့်ထွက်ပြီး တတိယဓားသမား၏ခြေထောက်အစုံအား ဓားတိုဖြင့်ပိုင်းချလိုက်သည်။

သုံးယောက်စလုံးကိုရှင်းပစ်ပြီးသည်နှင့် ထန်စုကျင်းသည် ဒူးဆစ်နေရာသို့ လက်ဖြင့်စမ်းကြည့်လိုက်၏။ သံမဏိဆူးချွန်တစ်ချောင်း ဒူးဆစ်တွင်စိုက်နေကြောင်းတွေ့ရသည်။ အဆိပ်မလူးထားသောကြောင့် တော်သေးသည်ဟုတွေးလိုက်မိ၏။

ဤဒဏ်ရာလောက်မှာ သူ့အတွက် သိပ်ပြင်းထန်မှုမရှိလှချေ။ ထန်စုကျင်း သံမဏိအပ်ကိုဆွဲနှုတ်ပြီးချိန်တွင် နောက်ထပ်လူရိပ်တစ်သိုက် သူ့ထံသို့ထပ်မံကျရောက်လာပြန်သည်။

ထန်စုကျင်းက ကျရောက်လာသောလူရိပ်များအား တစ်ချက်ဝေ့၍ကြည့်လိုက်၏။ နတ်ဆိုးကြီးထုံယိကွမ်း၊ ဝမ်လီကျွင်း၊ မရဏတမန်ဟုန်ချန်ပိုးနှင့် ဂိုဏ်းသားကျောက်လီစန်တို့ဖြစ်ကြသည်။ အားလုံးက သူ့အားဝိုင်းဝန်းတိုက်ခိုက်ရန် အသင့်ပြင်ထားသည်ကိုတွေ့ရ၏။ ထန်စုကျင်း မျက်လုံးပြူးသွားသည်။

သူ၏သိုင်းပညာ မည်မျှ အဆင့်မြင့်မားစေကာမူ ဤမျှ များပြားလှသည့်အဆင့်မြင့်သိုင်းသမားများကို ခုခံတိုက်ခိုက်ရန်မှာမူ အမှန်အားဖြင့် မလွယ်လှချေ။

ထုံယိကွမ်းက ....

"ထန်စုကျင်း .... မင်းကိုနောက်ဆုံးအခွင့်အရေးပေးမယ်၊ မင်း .... ကျုပ်တို့ဂိုဏ်းထဲကိုဝင်မလား"

ထန်စုကျင်း၏မျက်နှာ ရုတ်ခြည်းတင်းမာသွားပြီး ....

"အိပ်မက်ထဲတောင် ထည့်မမက်ဘူး"

ထုံယိကွမ်း၏မျက်နှာ တစ်ချက်နီရဲသွားကာ ....

"ဒါဆို မှောင်ရင်က ဓားချက်ပေါင်းများစွာရဲ့အောက်မှာ အသက်ပျောက်ခံမယ်ပေါ့ ဟုတ်လား"



ပြောပြောဆိုဆို ထုံယိကွမ်းက လက်ထဲမှတုတ်သဏ္ဍာန်လက်နက်ဖြင့် စတင်တိုက်ခိုက်၏။ ထန်စုကျင်းမှာ ဤမျှများပြားလှသောရန်သူများကို အနိုင်မတိုက်နိုင်မှန်းသိသော်လည်း ဝမ်းမနည်းပါ။ ကျန်ရှင်းယွင်လွတ်မြောက်သွားခြင်းအတွက် ဝမ်းသာနေ၏။

ထုံယိကွမ်းတို့၏တိုက်ခိုက်မှုက ပို၍ပြင်းထန်လာ၏။

ထန်စုကျင်းမှာ မနည်းပြန်လည်တိုက်ခိုက်နေရသည်။

ထိုစဉ် ... ငယ်သံပါအောင် အော်လိုက်သောအသံများထွက်ပေါ်လာပြီး လူရိပ်လေးငါးခု နံရံမှပြုတ်ကျကုန်သည်။

စူးရှစွာအော်သံများကြောင့် အားလုံးမှာ ထိတ်လန့်တကြားဖြစ်ကာ လှမ်းကြည့်မိလိုက်ကြ၏။ ဤတွင် ရွှေဓားကို လက်တွင်ကိုင်လျက် နံရံပေါ်တွင်ရပ်နေသော ကျန်ရှင်းယွင်အားတွေ့မြင်လိုက်ကြရလေတော့၏။ ထန်စုကျင်း တုန်လှုပ်သွားသည်။ နှုတ်မှလည်း အလန့်တကြားအော်ပြောလိုက်၏။

"ကျန်ရှင်းယွင် မင်းဘာကြောင့်ပြန်လာရတာလဲ"

ကျန်ရှင်းယွင်မှာ ဘာမျှပြန်မပြောနိုင်မီ လူရိပ်တစ်ခုသည် သိမ်းငှက်ကြီးပမာ နံရံပေါ်သို့ ခုန်လွှားတက်သွား၏။

ကျန်ရှင်းယွင်ထံသို့ ခုန်တက်သွားခြင်းဖြစ်သည်။

ရွှေရောင်ဓားက ဝင်းခနဲလက်သွားသည်။ ကျန်ရှင်းယွင်၏ကိုယ်မှာ လေထဲသို့ မြောက်တက်သွားပြီး ခုန်တက်လာသူ၏ဓားကို ခံဆောင်လိုက်၏။

"ခြွမ်း .... "

ဓားချင်းထိသံထွက်ပေါ်လာပြီးနောက် ခုန်တက်သွားသော လူရိပ်မှာ နံရံအတွင်းဘက်သို့ပြန်ကျလာ၏။

ကျန်ရှင်းယွင်က လေထဲတွင်ပင် ကျွမ်းပစ်ပြီး နံရံပေါ်သို့ပြန်ကျသွားသည်။ သူမ၏လှုပ်ရှားမှု မှာ အလွန်လျင်မြန်လှ၏။ လက်မရွံ့ဝူရဲ၏တပည့်ပီသလှသည်။

ယင်းသို့ လျှပ်တစ်ပြက်ဖြစ်နေချိန်လေးအတွင်း၌ပင် ထုံယိကွမ်းက သူ့လက်ထဲမှတုတ်သဏ္ဍာန်လက်နက်ကိုဝှေ့ယမ်းလျက် ထန်စုကျင်းအားဝင်ရောက်တိုက်ခိုက်လာ၏။ ထန်စုကျင်းမှာ ထုံယိကွမ်းနှင့် တစ်ယောက်ချင်း တိုက်ခိုက်ရန်မမှုချေ။

သို့သော် .... ယခုအခြေအနေမှာ ထုံယိကွမ်းတစ်ယောက်တည်းမဟုတ်သဖြင့် အနည်းငယ်စိုးရွံ့မိသည်။ ထိုသို့ရှိနေစဉ် ကျန်ရှင်းယွင်သည် နံရံပေါ်မှ တိုက်ကွင်းအတွင်းသို့ခုန်ဆင်းလာ၏။

ယင်းကိုတွေ့လိုက်ရသောထန်စုကျင်းမှာ အကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားပြီး လျှပ်တစ်ပြက်ပြေးထွက်ကာ ကျန်ရှင်းယွင်၏ရှေ့တွင် ရပ်လိုက်၏။

လူရိပ်များလည်း တပြိုင်တည်းစုပြုံခုန်ဝင်လာ၏။

ထန်စုကျင်းက သွက်လက်လျင်မြန်စွာခုခံတိုက်ခိုက်သည်။

စုပြုံတိုးဝင်လာသောလူအုပ်ကြီးမှာ နောက်သို့ အနည်းငယ်ရှဲသွားသည်။ ယခုလက်ရှိအခြေအနေအရ ထန်စုကျင်းနှင့် ကျန်ရှင်းယွင်တို့လွတ်မြောက်နိုင်ရန် အခွင့်အရေးလွန်စွာ နည်းပါးနေသကဲ့သို့နေသူရိန်ဂိုဏ်းသားများမှာလည်း အကျအဆုံးများနိုင်၏။ ထိုစဉ် ....

"အင့် ...."

ကျန်ရှင်းယွင်ထံမှ ညည်းသံတစ်ချက်ထွက်ပေါ်လာသည်။ ထန်စုကျင်းမှာ သူမအား ကျောပေးထားသဖြင့် အခြေအနေကို မမြင်ရချေ။ ထန်စုကျင်းက လှည့်မကြည့်ဘဲမေးလိုက်သည်။



"ညီမလေး ဘာဖြစ်လို့လဲ"

"လက်နက်ပုန်းထိသွားလို့"

"ဘယ်နေရာကိုထိသွားလို့လဲ"

"ပခုံးကိုထိသွားတာ"

"တကယ်တော့ မင်း ဒီကိုပြန်မလာသင့်ဘူး၊ ဘာဖြစ်လို့ပြန်လာရတာလဲ"

"ရှင့်ကို တစ်ယောက်ထဲချန်မထားရက်လို့ပေါ့၊ သေရင်လဲနှစ်ယောက်အတူတူသေကြရအောင်လို့"

ကျန်ရှင်းယွင်၏စကားက ထန်စုကျင်းအား တုန်လှုပ်သွားစေသည်။ သူမသည် မိမိအပေါ် ဤမျှအထိသံယောဇဉ်ရှိနေသေးပါလားဟုလည်း တွေးလိုက်မိသည်။

ထိုသို့တွေးရင်း မရဏာတမန်ဟုန်ချန်ပိုးအား လှမ်းကြည့်လိုက်သည်။ ထန်စုကျင်းက ချက်ချင်းသဘောပေါက်လိုက်ပြီဖြစ်၏။

အခြားမည်သည့်လက်နက်ပုန်းမျှ ကျန်ရှင်းယွင်အား အနာတရဖြစ်အောင် ဖန်တီးနိုင်မည်မဟုတ်ချေ။ ယခု သူမလက်နက်ပုန်းထိမှန်ခံရခြင်းသည် ဟုန်ချန်ပိုး၏မရဏာကြေးပြားမှလွဲ၍အခြား မဖြစ်နိုင်ကြောင်း ထန်စုကျင်းနားလည်လိုက်သည်။

ထို့ကြောင့် ဟုန်ချန်ပိုးအား စိုက်ကြည့်လိုက်၏။ သူ့အကြည့်တွင် မုန်းတီးခြင်းနှင့်သတ်ဖြတ်လိုခြင်းတို့က ပူးတွဲလျက် ပေါ်လွင်နေသည်။ မရဏာတမန်ဟုန်ချန်ပိုးမှာ သိုင်းနတ်ဆိုးကြီးတစ်ဦးဖြစ်သော်လည်း ထန်စုကျင်း၏အေးစက်မာကျောသည့်မျက်လုံးဒဏ်ကြောင့်တုန်လှုပ်သွား၏။ ထုံယိကွမ်းကရှေ့တက်ပြီး လက်ထဲမှတုတ်သဏ္ဍာန်လက်နက်ကိုဝှေ့ယမ်းကာ ....

"မင်းတို့လက်နက်ချမလား၊ မချဘူးလား"

ထန်စုကျင်းက ကျယ်လောင်ပြတ်သားသောအသံဖြင့် ပြောလိုက်သည်။

"မချဘူး၊ လုံးဝမချဘူး"

ထုံယိကွမ်းက ဒေါသတစ်ချက်ထွက်သွားပြီး လက်ထဲမှ တုတ်လက်နက်ဖြင့် ထန်စုကျင်း၏ ဦးခေါင်းတည့်တည့်သို့ ထိုးချလိုက်သည်။ ထန်စုကျင်းမှာ ရှောင်လွှဲလွတ်နိုင်သော်လည်း မရှောင်ဘဲ သူ၏ဓားတို့ဖြင့် ထိပ်တိုက်ခုခံလိုက်၏။

"ခြွမ်း ...."

အတွင်းအားနှစ်ခု ပြင်းထန်စွာထိတွေ့သွား၏။

နှစ်ဦးစလုံးမှာ အသက်လုရမည့် အခြေအနေရှိနေသည်။

သို့သော် .... ထန်စုကျင်းမှာ တစ်ဘက်က ကျန်ရှင်းယွင်ကို အကာအကွယ်ပေးနေရပြန်သဖြင့် အပြတ်အသက်မတိုက်ခိုက်နိုင်ဘဲ ရှိနေသည်။

ထိုသို့ ထန်စုကျင်းနှင့်ထုန်ရိကွမ်းတို့ သေရေးရှင်ရေးတမျှ တိုက်ခိုက်နေရချိန်တွင် တစ်ဘက်မှအဘိုးကြီးတစ်ဦးသည် အခွင့်အရေးရပြီအထင်နှင့် ကျန်ရှင်းယွင်အား အတင်းဝင်ရောက်ဖမ်းဆီးရန် ကြိုးစားသည်။ ယင်းကိုမြင်လိုက်သောထန်စုကျင်းက ရှေ့မှအားပြိုင်တိုက်နေသောထုံယိကွမ်းကို အားကုန်တွန်းထုတ်ပြီး ဓားတိုဖြင့် နောက်ပြန်လှည့်၍ဝှေ့ယမ်းတိုက်ခိုက်လိုက်သည်။

"အား ...."

ထန်စုကျင်း၏လှုပ်ရှားမှုမှာ အလွန်လျင်မြန်ပြီး သွက်လက်လှသည်။



ကျန်းရှင်းယွင်အား ကိတ်တဆိတ်ဖမ်းချုပ်ရန်ဝင်လာသော အဘိုးကြီးမှာ နာကျင်စွာအော်ဟစ်ရင်းမြေပေါ်လဲကျသွားလေသည်။

မရဏာတမန်ဟုန်ချန်ပိုးသည် ဒေါသအကြီးအကျယ်ထွက်နေ၏။ ကျယ်လောင်စွာအော်ပြောရင်း လက်ကလည်းလှုပ်ရှားလိုက်သည်။

"ဟေ့ကောင် ထန်စုကျင်း၊ မင်းဒီလောက်ခေါင်းမာနေရင်တော့ ကောင်မလေးကို ငရဲပြည်အရောက်ပို့လိုက်တော့မယ်"

မရဏာတမန်၏အသံက ထန်စုကျင်းအား အကြီးအကျယ် တုန်လှုပ်သွားစေတော့သည်။ အကယ်၍ မရဏာတမန်ကသာ သူ၏ မရဏာကြေးပြားနှင့် ကျန်ရှင်းယွင်အား ရုတ်တရက်ပစ်လွှတ်တိုက်ခိုက်လိုက်ပါက ကျန်ရှင်းယွင်မှာ အသက်ရှင်ဖွယ်မရှိတော့ပေ။

ထို့ကြောင့် .... ထန်စုကျင်းသည် စဉ်းစားမနေတော့ဘဲ မရဏာတမန်ထံသို့ ခုန်လွှားဝင်လိုက်၏။ ထုံယိကွမ်းကလည်း ထန်စုကျင်းနောက်မှ ထက်ကြပ်ခုန်လွှားလိုက်ပါပြီး ထန်စုကျင်းအား တုတ်သဏ္ဌာန်လက်နက်ဖြင့် ရိုက်ချလိုက်သည်။

"ဘုန်း ...."

ကျောကုန်းနှင့်တုတ်လက်နက်တို့ထိတွေ့သံမှာ သံမဏိလူသားပင် အရိုးကြေသွားနိုင်သည်။ သို့သော် ထန်စုကျင်းမှာ သံချပ်ကာ အင်္ကျီဝတ်ထားသဖြင့် တော်ပေသေး၏။

ထန်စုကျင်း၏ခန္ဓာကိုယ်မှာ နောက်မှ ရိုက်လိုက်သည့်အားကြောင့် မရဏာစေတမန်ထံသို့ တဟုန်ထိုးရောက်ရှိသွားသည်။

ထန်စုကျင်းကျောတွင် အရိုးမကြေသွားသော်လည်း ရင်ခေါင်းအတွင်း၌ သွေးများ ပျို့တက်လာသည်။

ထန်စုကျင်းမှာ အလုံးလိုက်တက်လာသော သွေးများကို မအောင့်ထားနိုင်တော့ဘဲ အန်ထုတ်လိုက်သည်။ အန်ထုတ်လိုက်သောသွေးလုတ်မှာ မရဏာတမန်၏မျက်နှာတည့်တည့်ဆီသို့ ရိုက်ထိသွား၏။ ထန်စုကျင်းလက်မှ ဓားကလည်း ဆက်တိုက်လှုပ်ရှားသွားသည်။

"အား ...."

နာကျင်စွာအော်လိုက်သောအသံမှာလည်း ဆက်တိုက်ထွက်ပေါ်လာပြီး မရဏာတမန်မှာ လူအုပ်ထဲသို့ ထိုးလဲကျသွားတော့သည်။ မရဏာတမန်၏ ညာဘက်လက်မောင်းမှ သွေးများစီးကျလာသည်။

အကယ်၍သာ ထန်စုကျင်းအန်ထုတ်လိုက်သော သွေးများသည် မရဏာတမန်၏မျက်နှာပေါ် တိုက်ရိုက်မထိမှန်ပါက မရဏာကြေးပြားသည် ကျန်ရှင်းယွင်၏ရင်ဝတည့်တည့်သို့ စူးဝင်သွားပေမည်။

ယခုမူ ကြေးပြားလက်နက်ပုန်းမှာ ဘေးသို့လွဲထွက်သွားပြီး နံရံကိုသာ ထိမှန်သွားတော့သည်။ ထန်စုကျင်းမှာ ကျန်ရှင်းယွင်၏ရှေ့သို့ပြေးကာ ရပ်လိုက်သည်။ ကျန်ရှင်းယွင်လည်း အံတင်းတင်းကြိတ်ကာ အသေအကြေတိုက်တော့မည့်အသွင်ဖြင့် ရွှေဓားကို မြဲမြဲဆုပ်ထားသည်။

ထန်စုကျင်း၏နှုတ်ခမ်းအစုံတွင်တော့ သွေးနီတို့က စွန်းပေနေသည်။

ထန်စုကျင်း၏ မျက်လုံးအစုံသည် နီရဲနေပြီး သူ့ရုပ်သွင်မှာ လူသတ်ကောင်ကြီးတစ်ယောက်ပမာ ကြောက်စရာကောင်းနေလေသည်။



မကြာမီကြောက်စရာကောင်းသော လူသတ်ပွဲကြီးစတော့မည်ကိုသိသော နေသူရိန်ဂိုဏ်းသားတို့မှာ အကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားကြသည်။

ထန်စုကျင်းအား အနိုင်ရဖို့အတွက် မိမိတို့ဘက်မှ နောက်ထပ်မည်မျှထပ်မံဆုံးရှုံးရအုံးမည်ကို မခန့်မှန်းနိုင်သေးချေ။

ထိုစဉ် .... ကြည်လင်ပြတ်သားသော မိန်းကလေးတစ်ဦး၏ အသံတစ် သံထွက်ပေါ်လာသည်။

"ဂိုဏ်းချုပ်ကြီး၏ အမိန့်အရ ဂိုဏ်းခွဲမှူးကြီးမှလွဲ၍ ကျန်တဲ့လူတွေအားလုံး နောက်ဆုတ်ပြီး ဒီက ထွက်သွားကြပါ"

ထိုအသံရှင်မှာ ဝတ်စုံဝါနှင့် မိန်းကလေးဖြစ်သည်။

ဤမိန်းကလေးအား ထန်စုကျင်းတွေ့ဖူးသလိုရှိနေ၏။

ဝတ်စုံဝါနှင့်မိန်းကလေး၏ အမိန့်ကြောင့် ဂိုဏ်းသားအားလုံးနောက်ဆုတ်ကာ နေရာမှ ချက်ချင်း လှည့်ထွက်သွားကြလေတော့သည်။

◆ ◆ ◆

ထုန်ရိကွမ်း၊ ဝတ်စုံဝါနှင့်မိန်းကလေး၊လူသေအလောင်းများသာ တိုက်ကွင်းအလယ်တွင်ကျန်ရစ်ခဲ့၏။

နေသူရိန်ဂိုဏ်းချုပ်ကြီးမကြာမီရောက်လာတော့မည်ဖြစ်ကြောင်း ထန်စုကျင်းသိလိုက်ပြီဖြစ်သည်။ ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်တော့မည့်ဆဲဆဲတွင် ယခု ကဲ့သို့အခြေအနေပေါ်ပေါက်လာသဖြင့် ထန်စုကျင်းစိတ်ထဲတွင် အနည်းငယ်ပေါ့သွား၏။

သို့သော် .... နေသူရိန်ဂိုဏ်းချုပ်ကြီးထွက်လာပြီး မည်ကဲ့သို့

ပြုလုပ်ဦးမည်နည်း။

စိတ်ထဲမှစဉ်းစားရင်း ထန်စုကျင်းကကျန်ရှင်းယွင်အား လှမ်း၍ကြည့်လိုက်သည်။ ကျန်ရှင်းယွင်မှာ လွန်စွာနာကျင်နေသည့်အသွင်ဖြင့် နံရံကိုမှီ၍ရပ်နေသည်ကို တွေ့ရသည်။ သူမသည်မျက်လုံးအစုံကို မှိတ်ထား ပြီး အသက်ပြင်းပြင်းရှူလျက်အားတင်းကာရပ်နေသည်။

ထိုစဉ် .... လှပသောဝေါယာဉ်တစ်စင်းသည် သူတို့နှင့်သုံးလံခန့်အကွာသို့ရောက်ရှိလာပြီး ရပ်တန့်လိုက်သည်။

◆ ◆ ◆



## နေသူရိန်ဂိုဏ်းချုပ်

ထန်စုကျင်းမှာ မျက်တောင်မခတ်ဘဲ ဝေါယာဉ်၏တံခါးပေါက်အား စိုက်ကြည့်နေသည်။ ဝေါယာဉ်ရပ်ပြီး အတန်ကြာသောအခါ ထန်စုကျင်းမျှော်လင့်သလို ဝေါယာဉ်တံခါးဖွင့်မလာဘဲဝေါယာဉ်အတွင်းမှ ဂိုဏ်းချုပ်၏အောင်မြင်ခန့်ညားသောအသံသာထွက်ပေါ်လာသည်။

"ထန်စုကျင်း၊ မောင်ရင်ဟာ ကျုပ်တစ်သက်တွေ့ဖူးခဲ့တဲ့လူတွေအနက်ဒုတိယမာန်မာနကြီးတဲ့သူတစ်ယောက်ပဲ"

ဒုတိယလူ .... ဟင်း ဒါဆိုလျှင် ပထမ မာန်မာနကြီးသူသည်မည်သူဖြစ်သနည်း။

ထန်စုကျင်းမှာ စိတ်ထဲမှကျိတ်၍စဉ်းစားမိသော်လည်း နှုတ်မှထုတ်၍မမေးဘဲဆိတ်ဆိတ်နေသည်။ ဤတွင် ဂိုဏ်းချုပ်၏ စကားသံဆက်လက်ထွက်ပေါ်လာသည်။

"မောင်ရင်က တကယ်ပဲ ကျုပ်တို့ဂိုဏ်းထဲကိုမဝင်နိုင်ဘူးပေါ့ ဟုတ်လား"

ထန်စုကျင်းက အံကြိတ်လျက် ဝေါယာဉ်ဆီသို့စူးစိုက်ကြည့်ကာဖြေလိုက်သည်။

"ဟုတ်ပါတယ်"

"မောင်ရင်က ဘာ့ကြောင့် မဝင်နိုင်ရတာလဲ"

"ကျုပ်ရဲ့ စိတ်ဓာတ်က ငယ်စဉ်ကတည်းက ကိုယ့်မိဘက လွဲပြီး ဘယ်မိန်းမတွေဆီမှာမှ အမိန့်ကို ဒူးထောက်ပြီး မနာခံတတ်ဘူး"

ဝေါယာဉ်အတွင်းမှဂိုဏ်းချုပ်ကြီးက သဘောကျစွာရယ်မောလိုက်သည်။

"မောင်ရင်က ကိုယ့်ကိုယ်ကိုတော့ တော်တော်အထင်ကြီးနေပုံရတယ်"

ထန်စုကျင်းက အသံကခပ်ပြတ်ပြတ်ဖြင့် ပြန်ပြောလိုက်၏။

"လောကမှာ ကိုယ့်ထက်သာတဲ့လူတော့ရှိနိုင်ပါတယ်၊ ကျုပ်ရဲ့စိတ်ဓာတ်က ဒီလူမျိုးတော့မဟုတ်ဘူး"

ဝေါယာဉ်အတွင်းမှ ဂိုဏ်းချုပ်ကြီး၏အသံက ခပ်အေးအေးထွက်ပေါ်လာသည်။

"ဒါဆို မောင်ရင်က ကျုပ်နဲ့ ပညာစမ်းကြည့်ချင်သေးတဲ့ ဆန္ဒရှိသလား"

ဤစကားမှာ ထန်စုကျင်းလုံးဝမမျှော်လင့်သောစကားဖြစ်သည်။ ဂိုဏ်းချုပ်ကြီးက မိမိနှင့်တစ်ယောက်ချင်းယှဉ်ပြိုင်ရန် စိန်ခေါ်နေခြင်းပင်လော။

နေသူရိန်ဂိုဏ်းချုပ်နှင့်ယှဉ်ပြိုင်သည့်အလုပ်မှာ လွယ်ကူသည့်အလုပ်မဟုတ်ပေ။ သို့သော် ထန်စုကျင်းက အံတင်းတင်းကြိတ်လျက် ပြန်ဖြေလိုက်သည်။

"ဟုတ်ကဲ့ ဂိုဏ်းချုပ်ကြီးနဲ့ယှဉ်ပြိုင်ဖို့ ဆန္ဒရှိပါတယ်"



ဂိုဏ်းချုပ်ကြီးထံမှ စကားသံဆက်လက်ထွက်ပေါ်လာ၏။

"ယှဉ်ပြိုင်မယ်ဆိုရင်တော့ ဒီအတိုင်းယှဉ်ပြိုင်လို့တော့မရဘူး၊ လောင်းကြေးတစ်ခုထားပြီးတော့ယှဉ်ပြိုင်ရလိမ့်မယ်"

ထန်စုကျင်းက ချက်ချင်းပြန်မေးလိုက်သည်။

"ဘယ်လိုလောင်းကြေးမျိုးလဲ"

"လောင်းကြေးကတော့ တခြားဟုတ်ပါဘူး၊ မောင်ရင်ရှုံးသွားရင် မောင်ရင့်ကို ကျုပ်ဘယ်လိုလုပ်ရမလဲဆိုတာပြော၊ လောင်းကြေးက ဒါပဲ"

ထန်စုကျင်းရင်ထဲတွင် အနည်းငယ်တုန်လှုပ်သွားမိသည်။

သို့သော် ....

ယောကျ်ားတစ်ယောက်အနေဖြင့် ပြောပြီးသားစကားကို ပြင်ရန်လည်း မဖြစ်တော့ချေ။ ထို့ပြင် တစ်ဘက်လူ၏ အထင်သေးခြင်းကိုလည်း သူမခံနိုင်ချေ။

ထို့ကြောင့် ....

"ကျုပ်ရှုံးခဲ့ရင် ကျုပ်ကိုယ်ကျုပ် သတ်သေပစ်လိုက်မယ်"

ဂိုဏ်းချုပ်ကြီး၏ အေးစက်သော စကားသံ ချက်ချင်းထွက်ပေါ်လာသည်။

"ကျုပ်အနေနဲ့ကတော့ မောင်ရင့်ကို မသေစေချင်သေးဘူး"

"ဒါဆို ဘယ်လိုဖြစ်စေချင်သလဲ ပြောပါ"

"မောင်ရင်ရှုံးခဲ့ရင် ကျုပ်ရဲ့ ဂိုဏ်းထဲကို ဝင်ပါ"

ထန်စုကျင်းမျက်နှာ ရုတ်ခြည်းရှုံ့မဲ့သွားလေသည်။

"အိုး .... ဒါတော့ ကျုပ်ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူး"

ဂိုဏ်းချုပ်ကြီး၏စကားသံ ဆက်လက်ထွက်ပေါ်လာ၏။

"ဒီအခွင့်အရေးက မောင်ရင့်ကို ကျုပ်က တမင်သက်သက်ပေးတာပါ၊ မောင်ရင်ကသာ တကယ်လို့ ဒီအခွင့်အရေးကို လက်လွှတ်လိုက်မယ်ဆိုရင် မောင်ရင်တို့နှစ်ယောက်စလုံး ဒီကအသက်ရှင်လျက်ထွက်သွားနိုင်ဖို့ အခွင့်အရေးလုံးဝမရှိတော့ဘူး၊ ကျုပ် အခုအမိန့်တစ်ချက်ပေးလိုက်တာနဲ့ မောင်ရင်တို့နှစ်ယောက်စလုံး နေရာမှာပဲ ပွဲချင်းပြီးသေသွားနိုင်တယ်၊ မောင်ရင်ရဲ့သိုင်းပညာဟာ အဆင့်မြင့်လှပေမယ့် ဒီလောက်များပြားလှတဲ့ အဆင့်မြင့်သိုင်းသမားတွေကိုတော့နိုင်အောင်တိုက်ဖို့ မောင်ရင်လွယ်မှာမဟုတ်ဘူး၊ ဒီတော့ ...."

ထန်စုကျင်း၏ တင်းမာပြတ်သားသော စကားသံက ကြားဖြတ်ဝင်လာသည်။

"အို .... သေချင်သေပါစေ၊ ကျုပ်ရဲ့ဆုံးဖြတ်ချက်ကိုတော့လုံးဝမပြင်နိုင်ဘူး"

"ဘာလဲ .... မောင်ရင်က တကယ်ပဲ သေချင်နေတယ်ပေါ့ဟုတ်လား"

"ကျုပ်အတွက် သေခြင်းတရားဆိုတာမဆန်းဘူး"

"ဒါဆိုလဲ ကောင်းပြီ"

ဂိုဏ်းချုပ်၏စကားဆုံးသည်နှင့် ဝေါယာဉ်တံခါးမှာ ချက်ချင်းပွင့်သွားလေတော့၏။

◆ ◆ ◆

ဝေါယာဉ်တံခါးပွင့်သွားသည်နှင့် ရှည်လျားဖြူဖွေးသောဆံပင်နှင့်မိန်းမကြီးတစ်ဦး ဝေါယာဉ်အတွင်းမှဆင်းလာလေသည်။ အသက်အရွယ်ကြီးရင့်သော်လည်း ရုပ်ရည်ချောမောပြီး ဟန်ပန်ကသွက်လက်ဖျတ်လတ်ဆဲဖြစ်၏။



လက်ထဲတွင် ဓားရှည်ကြီးတစ်လက်ကိုကိုင်ထား၏။ ထိုဓားရှည်မှာ သာမန်ဓားရှည်မျိုးမဟုတ်ကြောင်းကို ကြည့်လိုက်သည်နှင့်သိနိုင်၏။ ဓားအိမ်ကိုမူ ဝေါယာဉ်အတွင်း၌ ချွတ်ထားခဲ့ဟန်ရှိ၏။ ဓားရှည်ကို အသင့်ကိုင်ဆင်းလာပုံကို ထောက်ရှုခြင်းအားဖြင့် ကြိုတင်ပြင်ဆင်လာပုံရကြောင်းထင်ရှားသည်။

ကိုယ်အထက်ပိုင်းမှာ မလှုပ်ရှားဘဲ ခြေထောက်ကိုအနည်းငယ်လှုပ်ရှားလိုက်သည်နှင့် မိန်းမကြီးသည် ထန်စုကျင်းနှင့်သုံးလံခန့်အကွာသို့ ရုတ်ခြည်းရောက်ရှိလာ၏။ ထိုမိန်းမကြီးကား နေသူရိန်ဂိုဏ်းချုပ်ပင်ဖြစ်ပေတော့၏။

ထန်စုကျင်း၏မျက်နှာပေါ်တွင် အေးစက်မာကျောသည့်အသွင်ရှိနေသော်လည်း စိတ်ထဲတွင်တော့လှုပ်ရှားသွား၏။

ဂိုဏ်းချုပ်ကြီး၏မျက်လုံးအကြည့်က ထန်စုကျင်း၏မျက်နှာပေါ်သို့စူးစိုက်ကျရောက်နေ၏။ သူမ၏မျက်နှာအမူအရာကလည်းတစ်မျိုးပြောင်းနေ၏။ မည်သည့်အကြောင်းများ စဉ်းစားနေသည်ကိုမည်သူမျှမသိနိုင်ချေ။

ထိုစဉ် .... ဂိုဏ်းချုပ်ကြီး၏စကားသံ ထွက်ပေါ်လာ၏။

"ထန်စုကျင်း .... မင်းကို ကျုပ်က သိုင်းကွက်သုံးကွက်တိတိပဲမယ်၊ ဒီသုံးကွက်ကို မင်းခုခံကာကွယ်နိုင်မယ်ဆိုရင် မင်းကို ဒီကနေဘေးမသီရန်မခ ထွက်သွားခွင့်ပြုလိုက်မယ်"

ထန်စုကျင်းမှာ မမျှော်လင့်သောစကားကိုကြားလိုက်ရသဖြင့် စိတ်ထဲကျိတ်၍ဝမ်းသာသွားသည်။ သို့သော် .... အမူအရာမပျက်အောင် ထိန်း၍ပြောလိုက်၏။

"အင်း .... ဂိုဏ်းချုပ်ကြီးရဲ့အဆင့်မြင့်ပညာကို စမ်းကြည့်

ရသေးတာပေါ့၊ တကယ်ငို့ သုံးကွက်တိတိမခုခံနိုင်ရင် ကျုပ်ပြောပြီးတဲ့အတိုင်း နေရာမှာပဲ ပွဲချင်းပြီး ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်မယ်"

ထိုသို့ပြောပြီး တစ်စုံတစ်ခုကို စဉ်းစားမိကာ ဆက်၍ပြောလိုက်သည်။

"နောက်တစ်ချက်က သူ့ကိုတော့ လွှတ်ပေးလိုက်ဖို့တောင်းခံချင်ပါတယ်"

ဤတွင်ကျန်ရှင်းယွင်က ဝင်ရောက်အော်ပြောလိုက်၏။

"ကျုပ်တစ်ယောက်တည်း ဘယ်ကိုမှမသွားနိုင်ဘူး"

ဂိုဏ်းချုပ်ကြီးက ကျန်ရှင်းယွင်ကိုလှမ်းကြည့်ပြီး ....

"မင်းရဲ့တောင်းဆိုချက်ကို ကျုပ်လိုက်လျောပါ့မယ်"

ထန်စုကျင်းက အံကြိတ်လိုက်ပြီး ....

"ဒါဆို ကျုပ်တို့စပြီးယှဉ်ပြိုင်ကြရအောင်"

ဂိုဏ်းချုပ်ကြီး မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီးပြောသည်။

"မယှဉ်ပြိုင်မီ မောင်ရင့်ကိုမေးစရာတစ်ခုရှိတယ်"

"ဟုတ်ကဲ့ မေးနိုင်ပါတယ်"

"မင်းလက်ထဲကဓားတိုဟာ အော့ယန်ဖန်ရဲ့ဓားတိုပဲ၊ ဒါကိုကြည့်ခြင်းအားဖြင့် မောင်ရင်နဲ့အော့ယန်ဖန်ဟာ သိပ်ရင်းနှီးတဲ့သူတွေဆိုတာ မှန်းဆလို့ရတယ်၊ဒါပေမယ့် ဒီအကြောင်းကို မမေးတော့ပါဘူး၊ မေးချင်တာက အခု အော့ယန်ဖန်ဘယ်မှာရှိနေသလဲ ဆိုတာပါပဲ"

"ကျုပ် မသိဘူး"

ထန်စုကျင်းက ခပ်ပြတ်ပြတ်ဖြေလိုက်သည်။



"မောင်ရင်က တကယ်ပဲမသိတာလား"

"ဟုတ်တယ် မသိဘူး၊ ဒါပေမယ့် ကျုပ်ကို မရမကမေးလာရင်တော့ ကျုပ်ပြောနိုင်တာတစ်ခုပဲရှိတယ်၊ သူဟာ လူ့ပြည်မှာမရှိတော့ဘူးဆိုတာပဲ"

ဂိုဏ်းချုပ်ကြီး မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုကြောင့် ဒီလိုပြောနိုင်တာလဲ"

"ကျုပ် အားလုံးသိနေလို့ပြောနိုင်တာပဲ"

ဂိုဏ်းချုပ်ကြီးက တစ်ချက်ပြုံးကာ ....

"ဒါပေမယ့် သူ မသေသေးဘူး"

ထန်စုကျင်းက ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဂိုဏ်းချုပ်ကြီးမှာ သူမသေသေးဘူးဆိုတဲ့အကြောင်း ခိုင်လုံတဲ့သက်သေအထောက်အထားရှိလို့လား"

"ဟာ ....သိပ်ရှိတာပေါ့၊ ဂိုဏ်းခွဲမှူးဝမ်ပြောင်ရှန်းကို သတ်လိုက်တဲ့လူဟာ သူဖြစ်နေလို့ပေါ့"

ထန်စုကျင်း အံ့အားသင့်သွားသည်။ စင်စစ် ဝမ်ပြောင်ရှန်းအားသတ်သူမှာ အရိပ်မဲ့သာဖြစ်သည်။

"သူ မဟုတ်ဘူး"

နှုတ်မှလွှတ်ခနဲထွက်သွားပြီးမှ ပြန်ရုပ်သိမ်းရန်စဉ်းစားမိသည်။ သို့သော် နှုတ်ကျွံသွားခဲ့ချေပြီ။

"ဒါဆို ဘယ်သူလဲ"

"မသိဘူး"

"ဘယ်သူမှန်းမသိဘဲနဲ့ သူမဟုတ်ဘူးလို့ ဘာ့ကြောင့် ပြောနိုင်ရတာလဲ"

"ဒါဆို ဂိုဏ်းချုပ်ကြီးက ကော သူဖြစ်မယ်လို့ ဘာ့ကြောင့် အတတ်ပြောနိုင်ရတာလဲ"

ဂိုဏ်းချုပ်ကြီးမှာ ခေတ္တငြိမ်သွား၏။ ပြီးမှ ....

"အခု မောင်ရင့်ကို ကျုပ်ကမေးနေတာ"

ထန်စုကျင်းကလည်း ဂိုဏ်းချုပ်ကြီးအားပြန်ကြည့်ပြီး ...

"ဂိုဏ်းချုပ်ကြီးကအကြောင်းရင်းကိုမှမသိဘဲ ကျုပ်က ဘယ်လိုဖြေမလဲ"

ဂိုဏ်းချုပ်ကြီး၏မျက်နှာမှာ ရုတ်ခြည်းတည်သွားပြီးနောက် လေးနက်တည်ကြည်သော အသံဖြင့် ....

"အော့ယန်ဖန်ဟာ ကျုပ်တို့ဂိုဏ်းက တရားခံပြေးတစ်ယောက်ပဲ၊ ဒီလိုထွက်မပြေးခင်အချိန်က သူဟာ ဝမ်ပြောင်ရှန်းကို သူ့ရဲ့အဝေးရောက်သွေးကြောပိတ်သိုင်းပညာကို တိတ်တဆိတ် သင်ပေးခဲ့တယ်၊ ဒီတော့ ဒီအတွင်းအားမျိုးကိုခုခံနိုင်တဲ့သူဟာ သူတစ်ယောက်ပဲရှိတယ်၊ ဒါကြောင့် ဝမ်ပြောင်ရှန်းကိုသတ်တဲ့လူဟာ သူကလွဲပြီး ဘယ်သူမှမဖြစ်နိုင်ဘူး"

ထန်စုကျင်းက တစ်ချက်ပြုံးလိုက်ပြီး ....

"ဒီအချက်လောက်နဲ့ အော့ယန်ဖန်သတ်ပါတယ်လို့ တစ်ထစ်ချစွပ်စွဲလို့ဘယ်ဖြစ်မလဲ"

"ဒီထက်ခိုင်လုံတဲ့အချက် ကျုပ်မှာရှိသေးတယ်"

"ဘယ်လိုအချက်များပါလိမ့်"

"အော့ယန်ဖန်နဲ့ ဝမ်ပြောင်ရှန်းတို့ဟာ ပြဿနာအကြီးအကျယ် တက်ခဲ့ဖူးကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် တွေ့ရာသင်္ချိုင်းဓားမဆိုင်းလို့ ကြုံးဝါးခဲ့ကြတယ်၊ ဒီတော့ သူတို့နှစ်ယောက်



ပြန်တွေ့ကြတဲ့အချိန်မှာ တစ်ယောက်ကိုတစ်ယောက် ဦးတဲ့လူက သတ်လိမ့်မယ်ဆိုတာ ကျိန်းသေပြောနိုင်တာပေါ့"

ထန်စုကျင်းမှာ နှုတ်မှမမြော်လင့်ဘဲထွက်သွားသည့်စကားတစ်ခွန်းကြောင့် ဖြေရှင်းရန်အကျပ်ရိုက်နေသည်။

အရိပ်မဲ့သတ်ပါသည်ဟုထုတ်ပြောရန်မှာလည်း စင်စစ်အရိပ်မဲ့က ဝမ်ပြောင်ရှန်းအား အဘယ့်ကြောင့်သတ်ရသည်ဆိုသည့်အကြောင်းကို သူကိုယ်တိုင်လည်းမသိပေ။

ထန်စုကျင်းမှာ စဉ်းစားရင်းအကြံတစ်ခုရလာသည်။

"ကျွန်တော်လဲ ဂိုဏ်းချုပ်ကြီးတွေးတဲ့အတွေးမျိုးတွေးမိပါတယ်၊ဒါပေမယ့် ဝမ်ပြောင်ရှန်းဟာ တုတ်ကောက်လို လက်နက်မျိုးနဲ့ အသက်ထွက်ခဲ့ရတာပါ၊ အော့ယန်ဖန်ဟာ တုတ်ကောက်လိုလက်နက်မျိုးသုံးလေ့မရှိဘူး၊ ဒါကြောင့် စဉ်းစားရကျပ်နေတယ်၊ တကယ်တော့ သူသေသလား ရှင်သလားဆိုတာကို ကျွန်တော်လဲ တိတိကျကျမသိပါဘူး"

ဂိုဏ်းချုပ်ကြီးက ထန်စုကျင်းအား စိုက်ကြည့်လိုက်သည်။

"မောင်ရင့်လိုလူမျိုးက လိမ်ညာပြောလိမ့်မယ်တော့မထင်ပါဘူး"

ဂိုဏ်းချုပ်ကြီးသည် ထုံယိကွမ်းနောက်ဘက်ဆီသို့ လျှောက်သွားသည်။ ပြီးနောက် ....

"ကဲ .... ဂိုဏ်းခွဲမှူးကြီးကသက်သေလုပ်ပါ၊ ကျုပ် အခု ထန်စုကျင်းကို သိုင်းကွက်သုံးကွက်တိတိတိုက်တော့မယ်"

ဂိုဏ်းချုပ်ကြီးသည် ပြောပြောဆိုဆိုပင် ဓားရှည်ကိုမတ်မတ်ကိုင်လျက် စတင်တိုက်ခိုက်တော့မည့်အနေအထားမျိုးပြင်ဆင်

လိုက်သည်။ ထန်စုကျင်းမှာ ပုံ့လွင့်နေသော စိတ်အာရုံကို ချက်ချင်းစုစည်းပြီး ဂိုဏ်းချုပ်ကြီး၏တိုက်ကွက်ကို ခုခံရန်အသင့်ပြင်လိုက်၏။ ဤပွဲမှာ သိုင်းပညာချင်းဖလှယ်သည့်ပွဲမဟုတ်။ သူ့အသက် ကိုယ့်အသက်လုရမည့်ပွဲဖြစ်၏။

နေသူရိန်ဂိုဏ်းချုပ်၏အတွင်းအားမှာ မည်မျှအထိ နက်ရှိုင်းသည်ကို ထန်စုကျင်း မခန့်မှန်းနိုင်ချေ။ သို့သော် .... ပြောဆိုလှုပ်ရှားပုံအရ အလွန်ကြောက်စရာကောင်းနေသည်က အမှန်ပင်ဖြစ်သည်။

ကျန်ရှင်းယွင်မှာ ဖြူရော်နေသောမျက်နှာဖြင့် နံရံတွင်မှီလျက် သူ့အားကြည့်နေသည်။

ပတ်ဝန်းကျင်ရှိ လေထုတစ်ခုလုံး အေးခဲသွားသလားဟုပင်ထင်မှတ်ရသည်။ နတ်ဆိုးကြီးထုံယိကွမ်းကဲ့သို့ စိတ်ခိုင်သည့်ပုဂ္ဂိုလ်ကြီးပင် တုတ်လက်နက်ကိုင်ထားသည့်လက်တွင် ချွေးစေးများစို့လာ၏။ ဂိုဏ်းချုပ်ကြီးအနေဖြင့် ယခုကဲ့သို့ဆုံးဖြတ်လိမ့်မည်ဟု သူလုံးဝမထင်မှတ်ခဲ့ချေ။

မည်သူနိုင်၍မည်သူရှုံးမည်ကို မည်သူမျှ မခန့်မှန်းနိုင်ဖြစ်နေသည်။ ဝတ်စုံဝါနှင့်မိန်းကလေးသည်လည်း စိုးရိမ်တကြီးဖြင့်ကြည့်နေ၏။ ထိုစဉ် ....

"ယား ...."

ကြောက်မက်ဖွယ်ရာမာန်သွင်းအော်ဟစ်သံကြီးတစ်ချက်ထွက်ပေါ်လာ၏။ အဖြူအနက်ဓားနှစ်လက်မှာ ပြိုင်တူလှုပ်ရှားသွားသည်။ မည်သူက စတင်တိုက်ခိုက်လိုက်မှန်းမသိအောင်ပင်ဖြစ်သွား၏။ ဓားနှစ်လက်ထိတွေ့သံမှာ မိုးချုန်းသံပမာ နားထဲသို့ စူးဝင်လာသည်။



"ခြွမ်း .... "

လူရိပ်နှစ်ရိပ်မှာလည်း ရုတ်ခြည်းပြန်ခွါသွားပြီး မူလနေရာသို့ရောက်ရှိကာ ရပ်တန့်သွားသည်။

အနိုင်အရှုံးမပေါ်ဘဲ ပထမတစ်ကွက်ပြီးသွားချေပြီ။

တိုက်ပွဲအား ရပ်ကြည့်နေကြသူအားလုံး၏နှလုံးသွေးမှာ ခေတ္တရပ်ဆိုင်းသွားသလို ခံစားလိုက်ကြရသည်။

ဝန်းကျင်တစ်ခုလုံးပြန်လည်တိတ်ဆိတ်သွားပြီးနောက်...

"ဘိုင်း ...."

ရပ်ကြည့်နေသောကျန်ရှင်းယွင်မှာ မြေပေါ်သို့ ရုတ်တရက်လဲကျသွား၏။ ထိုအဖြစ်ကြောင့် ထန်စုကျင်းမှာ အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားသည်။ ထိုစဉ် .... ဂိုဏ်းချုပ်ကြီးသည် ထန်စုကျင်းအား တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လာပြန်၏။ ဤတစ်ကြိမ် တိုက်ခိုက်လာသည့်အရှိန်မှာ အလွန်ပြင်းထန်လှသည်။

ထန်စုကျင်းမှာ ကျန်ရှင်းယွင်လဲကျသွားမှုကြောင့် အာရုံပျံ့နေပြီး ရုတ်တရက်ဝင်လာသောဂိုဏ်းချုပ်ကြီးအား ရှိသမျှအတွင်းအားဖြင့် တန်ပြန်တိုက်လိုက်ရ၏။

"ခြွမ်း .... "

လက်နက်ချင်းထိသံ စူးရှစွာထွက်ပေါ်လာပြီးနောက် လူရိပ်နှစ်ရိပ် ပြန်လည်ကွဲသွားပြန်၏။ ဤတစ်ကြိမ်တွင်တော့ ထန်စုကျင်း၏ ဝမ်းဗိုက်နှင့်ရင်ဘတ်မှာ ထူးခြားနေသလိုခံစားရသဖြင့် ငုံ့ကြည့်မိလိုက်၏။

အပြင်မှဝတ်ထားသောအင်္ကျီ တစ်ထွာခန့် စုတ်ပြဲသွား၏။ အတွင်း၌ သံချပ်ကာအင်္ကျီဝတ်ထား၍သာတော်တော့သည်။

သို့မဟုတ်လျှင် ဝမ်းဗိုက်ပေါက်ပြီး အူတွေအတောင့်လိုက် ထွက်လာပေတော့မည်။ ဒုတိယအကြိမ်တွင် မည်သူနိုင်သနည်း။

ထန်စုကျင်းမှာ ကျန်ရှင်းယွင်လဲကျသွားသည်ကို တွေ့လိုက်ရသည်နှင့် ဒေါသအကြီးအကျယ်ထွက်လာကာ တတိယအကြိမ်တွင် ဂိုဏ်းချုပ်ကြီးအား သူကပင် စတင်၍တိုက်ခိုက်လိုက်တော့သည်။

ထူးဆန်းသည်မှာ ဂိုဏ်းချုပ်ကြီးသည် သူ၏တိုက်ချက်ကို ပြန်လည်မခုခံဘဲ နောက်သို့ရှောင်ထွက်သွားခြင်းဖြစ်၏။

ထန်စုကျင်း၏ဓားမှာ လေကိုသာခုတ်မိသွား၏။

ထိုစဉ် .... ထုံယိကွမ်းက ကျယ်လောင်သောအသံဖြင့် ....

"သုံးကွက်ပြည့်ပြီ၊ ရပ်တော့"

ဟုအော်လိုက်၏။ ထန်စုကျင်းတစ်ကိုယ်လုံးရှိသွေးကြော များ ရပ်ဆိုင်းကာ ကျောက်ရုပ်ပမာ ဓားကိုကိုင်လျက် တောင့်တောင့် ကြီးရပ်နေမိ၏။

ဤပွဲတွင် မိမိရှုံးသွားပြီလော။

သူ့ကိုယ်သူ ဝေခွဲမရဖြစ်နေသည်။ အကယ်၍ ဤပွဲတွင် သူ ရှုံးခဲ့ပါက သူ့ကတိအတိုင်း သူ့ကိုယ်သူ သတ်သေရပေလိမ့်မည်။

ထန်စုကျင်း မျက်နှာအကြီးအကျယ်ပျက်လျက် ရုတ်ခြည်း နောက်လှည့်ကြည့်လိုက်၏။ ကျန်ရှင်းယွင်မှာ မြေပေါ် လဲကျလျက် ညည်းတွားနေသည်။ ဤမြင်ကွင်းကို မြင်လိုက်ရသော ထန်စုကျင်း၏ ရင်မှာ အရှင်လတ်လတ် ဝိညာဉ်အနှုတ်ခံလိုက်ရသူပမာ ခံစားလိုက် ရ၏။ မိဘနှစ်ပါး၏ရန်ကြွေးကိုမဆပ်နိုင်တော့ဘဲ ဤနေရာတွင်ပင် ခရီးဆုံးရပေတော့မည်။

"ညီမလေးယွင် .... မင်းဆက်ပြီး အသက်ရှင်သွားပါ"



ထိုသို့ပြောပြီးသည်နှင့် နောက်သို့ချက်ချင်းလှည့်လျက် ဓားကိုမြှောက်၍ လည်မျိုဆီသို့ ချိန်ရွယ်လိုက်သည်။

ထိုစဉ် ဂိုဏ်းချုပ်ကြီး၏လက်တစ်ဖက် လျင်မြန်စွာမြှောက် တက်လာပြီး နှုတ်မှလည်းအော်ဟစ်၍ပြောလိုက်၏။

"ဟိတ် .... ရပ်လိုက်၊ မောင်ရင်မရှုံးဘူး"

ထန်စုကျင်းမှာ ရုတ်တရက်ကြောင်သွားပြီး ဂိုဏ်းချုပ်ကြီး ကိုကြည့်လိုက်ရာ ဂိုဏ်းချုပ်ကြီး၏လက်တစ်ဖက်တွင် သွေးကြောင်း တစ်ကြောင်း စီးကျနေသည်ကိုတွေ့လိုက်ရ၏။

ထန်စုကျင်းက မြှောက်ထားသောလက်ကို ပြန်ချလိုက်၏။ သူ၏ဦးခေါင်းတစ်ခုလုံး မူးဝေနောက်ကျိလာပြီး နားထဲတွင်လည်း အသံတစ်သံပဲ့တင်ထပ်လျက် မြည်ဟည်းသွားတော့၏။

"ငါမရှုံးဘူး၊ ငါမရှုံးဘူး"

◆ ◆ ◆

## အဆိုးထဲမှအကောင်း

ဂိုဏ်းချုပ်ကြီးသည် ထန်စုကျင်း၏ခြေထောက်အနီး မြေပေါ်ငုံ့ကြည့်ရင်း မျက်နှာအကြီးအကျယ်ပျက်နေ၏။ ထန်စုကျင်းလည်း ဂိုဏ်းချုပ်ကြီးကြည့်နေသည့်နေရာသို့လိုက်၍ ငုံ့ကြည့်ရာ အကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားရသည်။

ထန်စုကျင်းခြေထောက်၌အနီးကျနေသည်က သုံးထောင့်သဏ္ဍာန်အလံပြားလေးတစ်ခုဖြစ်သည်။ အပေါ်မျက်နှာပြင်တွင် တစ္ဆေဦးခေါင်းပုံတစ်ခုကိုထွင်းထုထား၏။

ဝိညာဉ်ခေါ်အလံ၏အမှတ်အသားပင်တည်း။

ဤပစ္စည်းလေးကိုတွေ့လိုက်သည်နှင့် ထန်စုကျင်း သဘောပေါက်သွား၏။ တတိယသိုင်းကွက်တွင် သူ၏တိုက်ချက်အား ဂိုဏ်းချုပ်ကြီးမခုခံခြင်းမှာ ဤအလံပြားလေးအား မြင်တွေ့သွားသောကြောင့်ဖြစ်သည်။

ဤအလံပြားလေးမှာ သူ၏အင်္ကျီရင်ဘတ် ပြဲသွားစဉ်က အောက်သို့ထွက်ကျသွားခြင်းဖြစ်၏။ သူ၏ကိုယ်တွင် အမြဲတမ်းသိမ်းဆည်းထားသောအရာဖြစ်သည်။

ဂိုဏ်းချုပ်ကြီးက တည်ငြိမ်သောအသံဖြင့် ....



"တကယ် ကျုပ်သာ ဒုတိယအကွက်အပြီးမှာ ဆက်ပြီးတိုက်ရင် မောင်ရင်ဟာ မြေပေါ်မှာလဲနေတာကြာပြီ"

ဤစကားမှာမှန်ကန်နေသောကြောင့် ထန်စုကျင်း ငြိမ်နေလိုက်ရ၏။ အတန်ကြာမှ ထန်စုကျင်းက ဂိုဏ်းချုပ်ကြီးအားပြန်မေးလိုက်၏။

"ဒါဆို အခုဘာယ်လိုဆုံးဖြတ်မလဲ"

ဂိုဏ်းချုပ်ကြီးက စဉ်းစားမနေဘဲပြန်ဖြေသည်။

"လက်ရည်တူတယ်လို့ပဲ သဘောထားကြတာပေါ့"

ဂိုဏ်းချုပ်ကြီးမှာ စိတ်ကောင်းအနည်းငယ်ရှိသည်ဟုဆိုနိုင်၏။ စောစောက သူ့အား ဂိုဏ်းချုပ်ကြီးသာ မဟန့်တားခဲ့လျှင် ယခုအချိန်တွင် သူသည် သူ့ကိုယ်သူသတ်သေပြီးဖြစ်နေမည်ကို တွေးမိလိုက်၏။

စင်စစ် .... မိန်းမဆိုသည်က မာယာသည်များသာဖြစ်၏။

ဤကဲ့သို့ သူတို့၏ ပိုင်နက်မျိုးတွင် ကတိမတည်တတ်သော တခြားမိန်းမတစ်ယောက်သာဆိုလျှင် သူ့အသက်ကိုကောင်းကောင်းကြီးနှုတ်ယူသွားနိုင်သည်မဟုတ်ပါလော။

ထိုစဉ် ဂိုဏ်းချုပ်ကြီးထံမှ စကားသံထွက်ပေါ်လာ၏။

"မောင်ရင့်ဆီမှာ ကျုပ်တစ်ခုတောင်းခံချင်တယ်"

ဂိုဏ်းချုပ်ကြီး၏စကားသံနှင့်ဟန်ပန်မှာ ယခုမှ မိန်းမတစ်ဦးကဲ့သို့ဖြစ်လာ၏။ စကားသံမှာ လွန်စွာနူးညံ့ပျော့ပျောင်းလှသည်။

ထန်စုကျင်းက အံ့ဩသောအမူအရာဖြင့် ....

"ခုနက ဂိုဏ်းချုပ်ကြီး ကျုပ်ဆီက တစ်ခုတောင်းချင်တယ်လို့ပြောလိုက်တာလား"

"ဟုတ်ပါတယ်"

"ဂိုဏ်းချုပ်ကြီး ဘာများတောင်းခံချင်လို့ပါလဲ"

ဂိုဏ်းချုပ်ကြီး၏မျက်နှာ ရုတ်ခြည်းညှိုးကျသွားပြီး ....

"အို .... နေပါစေတော့ မောင်ရင်လက်ခံမှာလဲမဟုတ်ပါဘူး"

ထန်စုကျင်းမှာ ထူးဆန်းအံ့ဩသွားသလိုရှိပြီး ....

"ဘာအကြောင်းမို့လဲ ပြောကြည့်ပါ"

ဂိုဏ်းချုပ်ကြီးက စိတ်ပျက်ဟန်ဖြင့်ခေါင်းခါယမ်းလိုက်၏။

"ဒါဆို အခု ကျုပ်ဒီကထွက်သွားနိုင်ပြီလား"

ဂိုဏ်းချုပ်ကြီးက ချက်ချင်းပြန်မဖြေသေးဘဲ တစ်ခုခုကိုစဉ်းစားဟန်ပြုနေ၏။ သူမ၏အပြုအမူက ထန်စုကျင်းအတွက် ပဟေဠိဆန်နေသည်။

ဂိုဏ်းချုပ်ကြီးငြိမ်နေသည်ကိုကြည့်ပြီး စိတ်ပြောင်းသွားမည်ကို ထန်စုကျင်းစိုးရိမ်နေသည်။ အတန်ကြာမှ ဂိုဏ်းချုပ်ကြီးထံမှ စကားသံထွက်လာသည်။

"မင်းအနေနဲ့ အစစအရာရာသတိရှိပါ"

ထန်စုကျင်းမှာ ရုတ်တရက်အံ့ဩသွားပြီး ....

"ဂိုဏ်းချုပ်ကြီးက ဘာကိုဆိုလိုချင်တာပါလဲ"

ဂိုဏ်းချုပ်ကြီးက လေးနက်သောအသံဖြင့် ....

"ပထမအချက်က ကျုပ်တို့အကြောင်းကို သိုင်းလောကထဲမှာမပေါက်ကြားစေချင်ဘူး"

ထန်စုကျင်း ခေါင်းညိတ်လိုက်သည်။

"ဒီအတွက်တော့စိတ်ချပါ"

ဂိုဏ်းချုပ်ကြီးကဆက်ပြောသည်။



"ဒုတိယအချက်ကတော့ ဒီနေ့ကစပြီး ကျုပ်တို့ဂိုဏ်းနဲ့ ရန်ဘက်မဖြစ်စေရဘူး"

ထန်စုကျင်းက တစ်ချက်စဉ်းစားလိုက်ပြီး ....

"ဒါကိုတော့ ကျုပ်အနေနဲ့ပြောရခက်တယ်"

"ဘယ်လိုကြောင့်လဲ"

ထန်စုကျင်းက ....

"ကျုပ်အနေနဲ့ကတော့ တိုက်ရိုက် ရန်ပြုဖို့အကြောင်းမရှိပါဘူး၊ ဒါပေမယ့် သိုင်းလောကတစ်ခုလုံးနဲ့ပတ်သက်လာရင်တော့ ပြောရခက်တယ်၊ တစ်ချို့ကိစ္စတွေမှာ အလိုအလျောက်ရန်သူဖြစ်လာနိုင်တယ်လေ"

"ဘယ်လိုကိစ္စတွေများလဲ"

"ဒါကတော့ရှင်းပါတယ်၊ ဥပမာဆိုပါတော့ သိုင်းလောကတစ်ခုလုံးနဲ့ လူသားအားလုံးကိုဒုက္ခပေးလာမယ့်ကိစ္စမျိုးတွေ နောက်တစ်ချက်က ကိုယ့်ကိုတိုက်ရိုက်ဒုက္ခပေးမယ့်ကိစ္စမျိုးတွေကျတော့ သိုင်းသမားကောင်းတစ်ယောက်အနေနဲ့ လက်ပိုက်ကြည့်မနေနိုင်ဘူး'

ဤတွင် ဂိုဏ်းချုပ်ကြီးက ထန်စုကျင်းအား စူးစိုက်ကြည့်လိုက်ပြီး ....

"ခုချိန်မှာ မောင်ရင့်ကို ကျုပ်အနေနဲ့ ဆက်လက်ထိန်းချုပ်ထားနိုင်တယ်ဆိုတာ သဘောပေါက်ရဲ့လား"

"ဒါကို ကျုပ်ကောင်းကောင်းသဘောပေါက်ပါတယ်"

"ကောင်းပြီ ဒုတိယအချက်ကို မောင်ရင့်ဆန္ဒအတိုင်းရှိပါစေ၊ အဲ .... မောင်ရင့်ကို ကျုပ်တစ်ခုတော့မှာလိုက်ချင်တယ်၊ ကျုပ်တို့ဂိုဏ်းသားတွေကိုသတ်ခဲ့တဲ့အတွက်တော့ အချိန်ကျရင် ဒီအကြွေးပြန်

ဆပ်ကောင်းဆပ်ရလိမ့်မယ်"

ထန်စုကျင်း မချိပြုံးပြုံးလိုက်သည်။

"ရပါတယ်၊ ဒီအတွက် ကျုပ်မစိုးရိမ်ပါဘူး"

ဂိုဏ်းချုပ်ကြီးက ဆက်ပြောပြန်သည်။

"တတိယအချက်ကတော့ တကယ်လို့ မောင်ရင်ဟာ မရိုးဖြောင့်ဘဲ အော့ယန်ဖန်လိုစိတ်ထားမျိုးရှိခဲ့ရင် မောင်ရင့်အသက်ကို အချိန်မရွေးလာရောက်ချွေယူနိုင်တယ်ဆိုတာ သတိပေးလိုက်ပါရစေ"

"အင်း ... ဒါတော့ထားလိုက်ပါလေ၊ စတုတ္ထအချက်ကော"

ဂိုဏ်းချုပ်ကြီးက ချက်ချင်းပြန်ဖြေ၏။

"စတုတ္ထအချက်ကတော့ အရိပ်မဲ့အ ကြောင်းကိုပြောပြဖို့ပဲ"

"အို .... ဒါတော့ ကျုပ်ပြောမပြနိုင်ဘူး"

"ဘာ့ကြောင့် မပြောပြနိုင်ရတာလဲ"

ထန်စုကျင်းက ....

"ကျွန်တော်ကိုယ်တိုင် ခုအချိန်အထိ သူ့အကြောင်းကို ဘာမှ မသိသေးလို့ပဲ၊ တကယ်လို့သိခဲ့ရင်လဲ ပြောပြဖို့အခွင့်မရှိဘူး၊ ဒါဟာ သိုင်းလောကရဲ့စည်းကမ်းတစ်ခုပဲ"

ဂိုဏ်းချုပ်ကြီးသဘောကျစွာ ရယ်မောလိုက်၏။

"ဟင်း .... ဟင်း မောင်ရင်က မာနတော်တော်ကြီးတာပဲ"

"ဒီလိုတော့ မဟုတ်ရပါဘူး"

ဂိုဏ်းချုပ်ကြီးက တစ်ချက်ငြိမ်၍စဉ်းစားနေလိုက်ပြီး ....

"ဒါဆို ကျုပ်ဟာကျုပ် လူလွှတ်ပြီး အရိပ်မဲ့အကြောင်းကို စုံစမ်းခိုင်းရတော့မှာပေါ့"



ထိုသို့ပြောပြီးသည်နှင့် လက်ကိုဝှေ့ယမ်းကာ ဝတ်စုံဝါနှင့် မိန်းကလေးအား လှမ်းပြောလိုက်သည်။

"ကဲ .... သူတို့နှစ်ယောက်ကိုခေါ်သွားပြီး အနောက်ဘက် တံခါးကနေ ထွက်သွားခိုင်းလိုက်ပါ"

ဝတ်စုံဝါနှင့်မိန်းကလေး ရှေ့ထွက်လာပြီး ဂိုဏ်းချုပ်ကြီး အားအရိုအသေပေးကာ ထန်စုကျင်းထံလျှောက်သွားသည်။

ထန်စုကျင်းက ဓားတိုကိုပြန်သိမ်းပြီး ကျန်ရှင်းယွင်အနီးသို့ လျှောက်သွားကာ တိုးတိတ်ညင်သာသောအသံဖြင့် ....

"ညီမလေးယွင် လမ်းလျှောက်နိုင်မလား"

ကျန်ရှင်းယွင်က တုန်ယင်သောအသံဖြင့်ပြန်ဖြေသည်။

"လျှောက်လို့ ရမယ်မထင်ဘူး"

"ဒဏ်ရာ အတော်ပြင်းထန်သလား"

ကျန်ရှင်းယွင်က ခေါင်းခါယမ်းပြသည်။

"ဟင့်အင်း မပြင်းထန်ပါဘူး"

"ဒါဆို ဘာ့ကြောင့်လဲ"

"ဒါကို နောက်မှ ညီမပြောပြမယ်"

ကျန်ရှင်းယွင်၏အသံမှာ အလွန်တိုးတိတ်လွန်းလှ၏။

"ကောင်းပြီ ညီမကို အစ်ကိုပွေ့ချီသွားမယ်"

ထန်စုကျင်းကပြောပြီး ကျန်ရှင်းယွင်အားပွေ့ချီကာ ဝတ်စုံဝါမိန်းကလေးနောက်မှ လိုက်ပါသွားလေတော့သည်။

◆ ◆ ◆

ဝတ်စုံဝါမိန်းကလေးက ထန်စုကျင်းတို့နှစ်ဦးအား ရှေ့မှဦးဆောင်လျက် ခေါ်သွားသည်။ လမ်းရှည်တစ်လမ်းဆုံး၍ ကွေ့လိုက်သည်နှင့် တံခါးမကြီးနှစ်ချပ်ကိုတွေ့လိုက်ရသည်။

ဝတ်စုံဝါနှင့်မိန်းကလေးက တံခါးစောင့်အား အမိန့်ပေးကာ တံခါးကိုဖွင့်ခိုင်းလိုက်သည်။ ထို့နောက် လက်ဝှေ့ယမ်းကာ ....

"ကဲ ရှင်တို့ဖာသာရှင်တို့ သွားလိုရာ ဆက်သွားပေတော့"

ထန်စုကျင်းက မည်သည့်စကားမျှ ပြန်ပြောမနေဘဲ တံခါးအပြင်သို့ထွက်လိုက်သည်။ အပြင်ရောက်သည်နှင့် မြေရိုင်းကွင်းပြင်ကြီးအားဖြတ်လျှောက်လာခဲ့သည်။

မြေရိုင်းကွင်းပြင်ကြီးဆုံးသောအခါ သစ်တောအုပ်တစ်ခုသို့ရောက်လာသည်။ ထိုအခါ ကျန်ရှင်းယွင်အား မြေပေါ်သို့ အသာချလိုက်၏။ ထို့နောက် မအောင့်အီးနိုင်တော့ဘဲမေးလိုက်သည်။

"ကဲ ညီမလေးယွင် ဘာ့ကြောင့် ခုလိုဖြစ်နေရတယ်ဆိုတာ အစ်ကို့ကိုပြောပြပေတော့"

ကျန်ရှင်းယွင်က ထန်စုကျင်းအားမော့ကြည့်လိုက်ပြီး ....

"ကျွန်မ အဆိပ်သင့်သွားတယ်"

ထန်စုကျင်းမှာ ရုတ်တရက်အံ့အားသင့်သွားပြီး ....

"ဟင် .... ဟုတ်လား ဒါဆိုဘယ်လိုလုပ်ကြမလဲ"

"အဆိပ်ဖြေဆေးဆရာတစ်ဦးဦးရှာပြီး ကုရမှာပေါ့"

ထန်စုကျင်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ....

"ကောင်းပြီ ဒါဆို ညီမကိုဒီအတိုင်းပွေ့ချီပြီး မြို့ထဲရောက်အောင် ဆက်သွားကြမယ်"

ကျန်ရှင်းယွင်က မျက်လုံးပြူးသွားပြီး ....



"ဘာလဲ နေ့ခင်းကြောင်တောင် ကျွန်မကို ပွေ့ချီပြီး မြို့ထဲဝင်မယ်ဟုတ်လား၊ ရှင့်တစ်ကိုယ်လုံး သွေးတွေပေကျံနေတာကိုရော သတိပြုမိရဲ့လား"

ထန်စုကျင်း ယခုမှသတိရလာပြီး သူ့ကိုယ်သူ ပြန်၍ငုံ့ကြည့်လိုက်မိသည်။ သူ့တစ်ကိုယ်လုံး မြင်မကောင်းအောင် သွေးများ အလိမ်းလိမ်းပေကျံနေသည်။

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

ကျန်ရှင်းယွင်က အနည်းငယ်စဉ်းစားလိုက်ပြီး ....

"ဒီလိုလုပ်၊ ကျွန်မတစ်နေရာရာကစောင့်နေမယ်၊ အစ်ကိုမြို့ထဲကိုဝင်ပြီး ဆေးဆရာတစ်ယောက်ကိုရှာ၊ အဆိပ်ဖြေဆေးတောင်းခဲ့ ဟုတ်ပြီလား"

ထန်စုကျင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"

ပြောပြီး ကျန်ရှင်းယွင်အားပွေ့ချီကာသစ်တောအုပ်ကိုကျော်ဖြတ်ခဲ့တော့သည်။ သစ်တောအုပ်အား ဖြတ်ကျော်လာခဲ့ကြပြီးသောအခါ မြို့တစ်မြို့အား မှုန်ပျပျလှမ်းမြင်လိုက်ရသည်။ ရှေ့မလှမ်းမကမ်းတွင်လည်း တဲအိမ်တစ်လုံးကိုတွေ့ရသည်။ တဲအိမ်လေးမှာ ခြံဝင်းတစ်ခုအလယ်တွင် တိတ်ဆိတ်စွာတည်ရှိနေသည်။

ကျန်ရှင်းယွင်က တဲအိမ်လေးအားလှမ်းကြည့်ပြီး ....

"ဒီတဲအိမ်လေးမှာ ညီမကိုထားခဲ့ပါ၊ ဒီနေရာလေးဟာ အင်မတန်ဆိတ်ကွယ်နေလို့ ညီမအတွက်စိတ်ချရပါတယ်"

ထန်စုကျင်းကလှမ်းနေသောခြေလှမ်းကိုရပ်တန့်ပြီး တဲအိမ်လေးကိုသေချာစွာကြည့်လိုက်၏။

"အင်း .... လူမနေတဲ့တဲအိမ်စုတ်လေးတစ်လုံးပဲ"

"ဒါဆိုပိုကောင်းတာပေါ့"

ကျန်ရှင်းယွင်က ဝမ်းသာအားရပြောလိုက်သည်။

"ဒါပေမယ့် ညီမတစ်ယောက်တည်းထားခဲ့လို့ စိတ်ချရပါ့မလား"

"အို .... ဒီအတွက်စိတ်မပူပါနဲ့၊ ညီမလက်ထဲက ဟောဒီ ရွှေဓားက တော်ရုံတန်ရုံမဖြစ်စလောက်သိုင်းသမားတွေလောက်တော့ ရှင်းပစ်နိုင်ပါတယ်"

ထန်စုကျင်းမှာ စိတ်မချတချဖြင့်ပြန်ပြောလိုက်သည်။

"ကောင်းပြီ ညီမကို ဒီတဲအိမ်မှာခဏထားခဲ့မယ်၊ အစ်ကို အမြန်ဆုံးပြန်လာခဲ့မယ်ဟုတ်လား"

ထန်စုကျင်းသည် ကျန်ရှင်းယွင်အားပွေ့ချီရင်း တဲအိမ်အနီးသို့တိုးကပ်ကာ အတွင်းသို့လှမ်းကြည့်လိုက်သည်။

တဲအိမ်မှာ နှစ်ပေါင်းများစွာ လူမနေခဲ့ဟန်ရှိသည်။ ပင့်ကူအိမ်များအမျှင်တန်းနေပြီး ခေါင်မိုးမှာလည်း ပေါက်ပြဲနေသည်။ တံခါးမနှင့် ပြတင်းတံခါးများလည်းမရှိချေ။

တဲအိမ်အတွင်းလှမ်းဝင်လိုက်သည်နှင့် စိုထိုင်းထိုင်းအနံ့က နှာခေါင်းထဲသို့ တိုးဝင်လာသည်။ ထန်စုကျင်းမှာ တဲအိမ်တံခါးဝတွင် ရပ်လျက် မည်သို့ပြုလုပ်ရလျှင်ကောင်းမည်နည်းဟု စဉ်းစားနေမိသည်။

ထိုစဉ် .... ကျန်ရှင်းယွင်က ....

"ကျွန်မကို ဒီနေရာမှာသာချထားခဲ့ပါ"

"ဒီနေရာက ...."



"အို .... ဒီထက်ကောင်းတဲ့နေရာရှိမယ်မထင်တော့ဘူး၊ ကျွန်မကိုထားခဲ့ပါ"

ထန်စုကျင်းက ကျန်ရှင်းယွင်အား မြေပေါ် ညင်သာစွာ ချပေးလိုက်သည်။ ကျန်ရှင်းယွင်မှာ တံခါးဝတိုင်ကိုမှီပြီး တဲအိမ်အတွင်းသို့ ပြုံကြည့်လိုက်သည်။

"ခဏအနားယူဖို့ပဲ၊ ဒီလောက်မလိုပါဘူး၊ အထဲမှာ သစ်သားအိပ်ခုံတစ်ခုံးတွေ့တယ်၊ ပျက်စီးနေသလားမသိဘူး၊ ရှင်သွားကြည့်လိုက်ပါဦး၊ တကယ်လို့ သုံးမရတော့ဘူးဆိုရင်လဲ အရေးမကြီးပါဘူး၊ မြေကြီးပေါ်မှာ လှဲနေလဲရပါတယ်"

ဤအခြေအနေရောက်မှတော့ မထူးတော့ဘူးဟုတွေးကာ ထန်စုကျင်းက တဲအိမ်အတွင်းသို့ဝင်ရောက်ပြီး တွေ့သောအဝတ်စုတ်တစ်ခုဖြင့် အိပ်ခုံအားစစ်ဆေးကာ လှဲကျင်းလိုက်သည်။

အိပ်ခုံမှာ အကောင်းကြီးရှိကာ လူတစ်ယောက်ဒဏ်ကို ခံနိုင်သေးသည်။ အမှိုက်သရိုက်များရှင်းပြီးသည်နှင့် ထန်စုကျင်းက ကျန်ရှင်းယွင်အားပွေ့ချီပြီး အိပ်ခုံပေါ်သို့ အသာချပေးလိုက်၏။

အိပ်ခုံပေါ်ထိုင်မိလိုက်သည်နှင့် ကျန်ရှင်းယွင်က ....

"ကဲ .... အစ်ကို စိတ်ချလက်ချနဲ့သွားပေတော့"

ထန်စုကျင်းမှာ ကျန်ရှင်းယွင်အား စိတ်မချနိုင်သောအကြည့်ဖြင့် ကြည့်လိုက်ပြီး ....

"အစ်ကို့စိတ်ထဲမှာ ညီမကိုစိတ်မချနိုင်ဘူးဖြစ်နေတယ်"

ကျန်ရှင်းယွင်က မချိပြုံးပြုံးကာ ....

"အပိုတွေပြောမနေပါနဲ့တော့၊ ခုချိန်မှာ အချိန်ဟာ သိပ်အရေးကြီးနေတယ်၊ ကျွန်မကိုယ်ကျွန်မလဲ အတန်သင့်တော့ ကာကွယ်

စောင့်ရှောက်နိုင်ပါတယ်"

ထန်စုကျင်းရင်ထဲတွင် ပြောစရာစကားများ အများကြီးရှိနေသော်လည်း ပြောခွင့်မသာဖြစ်နေသဖြင့် သက်ပြင်းရှည်ကြီးတစ်ချက်ချပြီး ကျန်ရှင်းယွင်အားပြုံးပြကာ လှည့်ထွက်ခဲ့လေတော့သည်။

◆ ◆ ◆



## ချစ်သူပျောက်

ထန်စုကျင်းမှာ ထွက်လာပြီးမှ သူ၏အဝတ်အစားများ ပေကျံနေသည်ကိုသတိရကာ ဘာလုပ်ရမည်မှန်းမသိအောင်ဖြစ်သွားပြန်သည်။ လဲစရာအဝတ်လည်း သူ့တွင်မပါ၊ ဝယ်ရန်လည်း အနီးအနားတွင် ဈေးသည်ကမရှိ။

ထန်စုကျင်းမှာ အဝတ်လဲရန်ကိစ္စကိုမည်သို့ဖြေရှင်းရမည်နည်းဟုတွေးရင်းလျှောက်လာစဉ် ရှေ့မလှမ်းမကမ်း၌ လူရိပ်တစ်ရိပ်ကို ရုတ်တရက်လှမ်းမြင်လိုက်ရသည်။ လူရိပ်မှာ သူ့ထံသို့ ဦးတည်လျှောက်လာနေခြင်းဖြစ်၏။ ထန်စုကျင်းက ထိုလူရိပ်အား သေချာစူးစိုက်ကြည့်လိုက်သည်။ ထိုသူကလည်း သူ့ကိုမြင်တွေ့သွားပြီး ....

"ဟာ .... အစ်ကိုကြီးထန်ပါလား၊ အစ်ကိုကြီးကို ကျွန်တော်တစ်ချိန်လုံးလိုက်ရှာနေတာ၊ ဟင် .... အစ်ကိုကြီး ဒါက ဘယ်လိုဖြစ်ရတာလဲ"

ထိုသူမှာ ထန်စုကျင်း၏မိတ်ဆွေမိုထိန်ကွမ်းဖြစ်၏။ မိုထိန်ကွမ်းသည် ထန်စုကျင်း၏ကိုယ်မှ စွန်းပေနေသည့်သွေးများကို မြင်တွေ့သွားပြီး အံ့သြထိတ်လန့်စွာမေးလိုက်ခြင်းဖြစ်သည်။

ထန်စုကျင်းမှာ အမှန်အတိုင်းဖွင့်ပြောရန်ဆန္ဒရှိသော်လည်း နေသူရိန်ဂိုဏ်းချုပ်အား ကတိပေးထားခဲ့ပြီးဖြစ်၍ အမှန်အတိုင်း ဖွင့်ပြောရန် ခက်သွားသည်။

ထို့ကြောင့် ဘာမျှမဖြစ်သလို တစ်ချက်ပြုံးလိုက်ပြီး ....

"ဘာမှမဖြစ်ပါဘူး၊ ရန်သူတစ်ယောက်နဲ့တိုက်ခိုက်ခဲ့လို့ပါ"

မိုထိန်ကွမ်းမျက်လုံးပြူးသွားပြီး ....

"ဟင် .... ဟုတ်လား၊ အစ်ကိုကြီးဒဏ်ရာရခဲ့တယ်ပေါ့"

ထန်စုကျင်းက ခေါင်းခါယမ်းလိုက်ရင်း ....

"မရပါဘူး၊ ကိုယ်မှာပေကျံနေတာက ရန်သူ့သွေးတွေပါ"

မိုထိန်ကွမ်းက ထန်စုကျင်းအားတစ်ချက်ကြည့်ပြီး ....

"အစ်ကိုကြီးထန် အခုဘယ်ကိုသွားမလို့လဲ"

"ဒီအဝတ်တွေလဲဖို့အတွက် မြို့ပေါ်တက်ပြီး အဝတ်အစား သွားဝယ်မလို့ပါ"

ဤတွင် မိုထိန်ကွမ်းက ပခုံးပေါ်မှအထုပ်ကိုပုတ်ပြပြီး ...

"ဟာ .... ဒါဆို အစ်ကိုကြီးထန် သွားဝယ်မနေနဲ့တော့၊ အစ်ကိုကြီးထန် မရွံတတ်ရင် ကျွန်တော့်မှာ အပိုပါလာတဲ့အဝတ်တွေ ကိုယူပြီး လဲဝတ်လိုက်ပါလား"

ထန်စုကျင်း အကြီးအကျယ်ဝမ်းသာသွား၏။

"ဟာ .... ဒါဆို သိပ်အဆင်ပြေတာပေါ့"

ပြောပြောဆိုဆိုပင် မိုထိန်ကွမ်း၏အထုပ်ထဲမှ အပြာရောင် ဝတ်စုံကိုထုတ်ယူ၍လဲဝတ်လိုက်၏။ ပြီးမှ ....

"ဒါနဲ့ မင်း ဘာကိစ္စနဲ့ငါ့ကိုရှာတာလဲ"

မိုထိန်ကွမ်းက ....



"သိုင်းလောကတစ်ခုလုံးက အစ်ကိုကြီးထန်ကိုအရေးယူမယ်ဆိုတဲ့သတင်း အစ်ကိုကြီး မကြားမိဘူးလား"

ထန်စုကျင်းက အံ့သြဟန်လုံးဝမပြဘဲ ....

"သိပြီးပါပြီ၊ ဒါ သက်သက်မဲ့ ငါ့ကိုချောက်ချတာပါ၊ အကောက်ကြံတဲ့သူကို ရှာဖွေဖော်ထုတ်နေဆဲပါ"

မိုထိန်ကွမ်းက အေးစက်သောမျက်လုံးအစုံဖြင့် ....

"ဟင် .... နောင်ကြီးထန် ခုထိစုံစမ်းလို့ မသိသေးဘူးမဟုတ်လား၊ အကောက်ကြံတဲ့သူကို ကျွန်တော်တောင်သိနေပြီ"

ထန်စုကျင်းမှာ မျက်လုံးပြူးသွားပြီး ....

"ဆိုစမ်းပါဦး၊ ဘယ်သူလဲ"

ဤတွင် မိုထိန်ကွမ်းက အသံတိုးတိုးဖြင့်ပြန်ဖြေသည်။

"နောင်ကြီးထန်ရဲ့အမည်ကို အလွဲသုံးစားလုပ်ပြီးတော့ အကောက်ကြံတဲ့သူကတော့ ဘီလူးမျက်လုံးပါပဲ"

ထန်စုကျင်းမှာ အကြီးအကျယ် တုန်လှုပ်သွားပြီး ....

"ဟင် .... ဘယ်လို၊ ဘီလူးမျက်လုံးဟုတ်လား၊ ဒီလူက ဘာဖြစ်လို့ ဒီလိုလုပ်ကြံရတာလဲ"

မိုထိန်ကွမ်းက ခေါင်းကိုခါယမ်းပြလိုက်ပြီး ....

"ဒါတော့ ကျွန်တော်လဲမသိဘူး၊ သူ့ကိုမေးမှသိလိမ့်မယ်"

ထန်စုကျင်းက အံကိုတင်းတင်းကြိတ်လိုက်ပြီး ....

"ဒီလူကြီးကို မေးမနေပဲ တစ်ခါတည်းသတ်ပစ်မယ်၊ နေပါဦး၊ ခင်ဗျားက ဘယ်လိုလုပ်သိလိုက်တာလဲ"

မိုထိန်ကွမ်းက တစ်ချက်ပြုံးလိုက်ပြီးဖြေသည်။

"တိုက်ဆိုင်မှုတစ်ခုနဲ့ ကျွန်တော်လဲသိခဲ့ရတာပါ၊ အဖြစ်က

ဒီလို၊ တစ်နေ့ ခိုင်ဖုန်းမြို့ကို ကျွန်တော်ခရီးနှင်လာရင်း လမ်းခုလပ်တောအုပ်တစ်ခုအရောက် နာကျင်ရှူးရှစ္စာအော်လိုက်တဲ့ အသံတစ်သံကိုကြားရတယ်၊ ဒါနဲ့ ကျွန်တော်လဲ အသံလာရာဆီကို အမြန်ဆုံးပြေးသွားကြည့်မိတယ်၊ အဲဒီအခါမှာ လူရိပ်တစ်ခု လှစ်ကနဲထွက်ပြေးသွားတာတွေ့လိုက်ရပြီး လူသုံးယောက်လဲကျသေဆုံးကျန်ခဲ့တာတွေ့ရတယ်၊ အဲဒီ အနီးကကျောက်တုံးမှာတော့ ရှလိုသိုင်းသမားထန်စုကျင်းလို့ ရေးထားတဲ့စာကို တွေ့ရတယ်၊ ကျွန်တော်လဲ နောင်ကြီးထန်မှတ်ပြီး နောက်ကနေထက်ကြပ်လိုက်သွားမိတယ်၊ ဒီမှာတင် နောင်ကြီးထန်မဟုတ်ဘဲ ဘီလူးမျက်လုံးဖြစ်နေတာကိုတွေ့ရတယ်"

ထန်စုကျင်း အံကိုတင်းတင်းကြိတ်လိုက်ပြီးပြောသည်။

"ဒီလူကြီးကို မတွေ့တွေ့အောင်ရှာပြီး စာရင်းရှင်းရမယ်"

မိုထိန်ကွမ်းက ထန်စုကျင်း၏ စိတ်လောနေပုံကိုကြည့်ကာ အံ့အားသင့်လျက်မေးလိုက်၏။

"နောင်ကြီးထန် .... ဘာကြောင့် ဒီလောက်စိတ်လောနေရတာလဲ"

ထန်စုကျင်းမှာ ကိုယ့်အကြောင်းနှင့်ကိုယ် ထုတ်ဖော်ပြောရန်အခက်တွေ့နေ၏။ ထို့ကြောင့် စကားကို ဆီလျော်အောင်ပြန်ပြောလိုက်၏။

"ကျုပ်မှာ အရေးတကြီးကိစ္စတစ်ခုလုပ်စရာရှိနေလို့ပါ"

"ဘယ်လိုကိစ္စမျိုးလဲ၊ ကျွန်တော်ကူညီလို့ရရင် ကူညီပါရစေ"

"အို .... နေပါစေ၊ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ ဒီလောက်လဲ အရေးမကြီးပါဘူး"

"ကဲ .... ဒီလိုဆိုလဲ ကျွန်တော်တို့ နောက်ထပ်တွေ့ကြသေး



တာပေ့ါ၊ အခု နောင်ကြီးသွားစရာရှိတာသာဆက်သွားပါ"

"ဒီလိုဆို ကျုပ်ကိုသွားခွင့်ပြုပါဦး"

"ကောင်းပါပြီ"

နှစ်ဦးသား နှုတ်ဆက်ပြီး လမ်းခွဲလိုက်ကြ၏။

◆ ◆ ◆

ထန်စုကျင်း မြို့တွင်းသို့ရောက်ရှိလာပြီးစုံစမ်းရာ နာမည်ကြီးအဆိပ်ဖြေဆေးဆရာတစ်ဦးနှင့်တွေ့၏။ ထို့နောက် ဆေးဆရာထံမှ ဆေးကိုဝယ်ယူခဲ့ပြီး အခြားလိုအပ်မည့်ပန်းကန်ခွက်ယောက်နှင့် စားစရာများကိုဝယ်ယူကာ ကျန်ရှင်းယွင်ထံပြန်ခဲ့၏။

"ညီမလေးယွင် .... အစ်ကိုပြန်လာပြီ"

တဲအိမ်နှင့်ခပ်လှမ်းလှမ်းဆီမှ အော်ဟစ်အသံပြုရင်း တဲအိမ်အတွင်းသို့ ထန်စုကျင်းဝမ်းသာအားရပြေးဝင်ခဲ့၏။ တဲအိမ်အတွင်းသို့ ရောက်သည်နှင့် ကျန်ရှင်းယွင်လဲလျောင်း ကျန်ရစ်ခဲ့သည့် အိပ်ခုံဆီသို့ လှမ်းကြည့်လိုက်၏။

ထန်စုကျင်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားပြီး ထိတ်လန့်တုန်လှုပ်သွားတော့၏။ အိပ်ခုံပေါ်နှင့် တဲအိမ်အတွင်း မည်သည့်နေရာတွင် ကျန်ရှင်းယွင်၏ အရိပ်အရောင်ကို မတွေ့ရသောကြောင့် ဖြစ်သည်။

ကျန်ရှင်းယွင် မည်သည့်နေရာသို့ ရောက်သွားသနည်း။

သူမ၏ အခြေအနေမှာ သူမဘာသာ လမ်းလျှောက်သွားနိုင်သည့် အခြေအနေမျိုးလုံးဝမရှိပေ။ သို့ဆိုလျှင် သူမတွင် အန္တရာယ်တစ်စုံတစ်ရာ ဧကန်ကျရောက်ကြောင်း ထင်ရှားနေ၏။

ထန်စုကျင်း၏ စိတ်ထဲတွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာကာ နဖူးပြင်မှချွေးများပြန်လာ၏။

ထန်စုကျင်းမှာ စိတ်အာရုံကို ပြန်လည်စုစည်းလိုက်ပြီး တဲအိမ်အတွင်း မျက်လုံးဝေ့၍ သေသေချာချာစစ်ဆေးကြည့်ရှုလိုက်၏။ ဤတွင် သစ်သားအိမ်ပေါ်တွင် သွေးစက်များကိုတွေ့လိုက်ရသည်။ ဆက်လက်ကြည့်ရှုပြန်ရာ အိပ်ရာနံဘေးကြမ်းပြင်တွင်လည်း သွေးစက်များကိုတွေ့ရပြန်သည်။

ထန်စုကျင်းမှာ ရုတ်တရက် ထိတ်လန့်တကြားဖြစ်သွားပြီး လက်ထဲမှ ဆေးပုလင်း၊ ပန်းကန်ခွက်ယောက်နှင့် စားစရာများကို ပစ်ချလိုက်မိ၏။ အခြေအနေကို သုံးသပ်ကြည့်ခြင်းအားဖြင့် ကျန်ရှင်းယွင်မှာ ဘေးအန္တရာယ်တစုံတစ်ခုကျရောက်ခဲ့ကြောင်း ထင်ရှားနေ၏။ ထန်စုကျင်းမှာ စဉ်းစားမနေတော့ဘဲ တဲအိမ်အပြင်ဘက်သို့ တစ်ဟုန်ထိုးပြေးထွက်ခဲ့တော့၏။

◆ ◆ ◆

ထန်စုကျင်းမှာ တဲအိမ်နှင့်အနီးတစ်ဝိုက် အနှံ့လိုက်ရှာ၏။

သို့သော် .... ကျန်ရှင်းယွင်၏ အရိပ်အယောင်ကို လုံးဝမတွေ့ရချေ။ ဤနေရာမှာ စကြဝဠာဂိုဏ်း၏ စက်ကွင်းမလွတ်သေးသောနေရာဖြစ်၏။ သို့ဆိုလျှင် ကျန်ရှင်းယွင်အား နေသူရိန်ဂိုဏ်းသားများကပင် ပြန်၍ဖမ်းသွားလေသလား။

စင်စစ် ဂိုဏ်းချုပ်ကြီးဆိုသည်က ပြောသည့်စကားအတိုင်းလုပ်မည့်လူစားမျိုးမဟုတ်နိုင်။

ကျကျန်ရစ်သောသွေးစက်များကိုကြည့်ခြင်းအားဖြင့် ...



လူတစ်ယောက်ကိုသတ်ပြီး အလောင်းကိုဆွဲထုတ်သွားသည့်ပုံစံမျိုးဖြစ်သည်။ ထန်စုကျင်းမှ ထိုသို့တွေးလိုက်မိပြီး တစ်ကိုယ်လုံးပျော့ခွေလဲကျမတတ် ခံစားလိုက်ရ၏။

အချိန်မှာ သိပ်မကြာလှသေးသည်ဖြစ်၍ လိုက်လျှင်မီနိုင်သေးသည်။ ထန်စုကျင်းမှာ ဆုံးဖြတ်ချက်ချလိုက်ပြီး နေသူရိန်ဂိုဏ်းဆီသို့ ဦးတည်၍ပြေးထွက်ခဲ့တော့၏။

◆ ◆ ◆

ထန်စုကျင်းမှာ နေသူရိန်ဂိုဏ်းဌာနချုပ်ဆီသို့ ပြေးလာနေရင်းမှ ကံကောင်းပါစေဟုဆုတောင်းလိုက်မိ၏။ အကယ်၍ ကျန်ရှင်းယွင်အား နေသူရိန်ဂိုဏ်းကဖမ်းဆီးသွားခြင်းမဟုတ်လျှင် ထန်စုကျင်းမှာ မည်သည့်နေရာသို့ လိုက်ရှာရမည်မှန်း မသိတော့ချေ။

ထန်စုကျင်းမှာ ခရီးနှင်နေရင်းမှ နီရဲနေသည့် မျက်လုံးအစုံထဲတွင် ကျန်ရှင်းယွင်၏ ခန္ဓာကိုယ်မှထွက်နေသော သွေးရဲရဲတို့ကို မြင်ယောင်လာမိ၏။

ထိုသို့ မြင်ယောင်မိသည်နှင့် သူ၏ဒေါသစိတ်တို့သည်လည်း အကြီးအကျယ်ထွက်လာတော့သည်။

အကယ်၍ ကျန်ရှင်းယွင်အား လုပ်ကြံသွားသည့်သူအား မိခဲ့လျှင် ဓားကိုမသုံးပဲ လက်ဖြင့်ဆွဲ၊ ဖြဲ၊ ခွဲသတ်ပစ်လိုက်မည်ဟု ကြုံးဝါးလိုက်မိ၏။ ထိုသို့ခရီးနှင်လာစဉ် သူ၏ရှေ့တူရူမှမြင်းတစ်စီးမှာ နှေးကွေးစွာဖြင့်မောင်းနှင်လာနေသည်ကို တွေ့လိုက်ရ၏။

ထန်စုကျင်းက မြင်းပေါ်ကလူအား လျင်မြန်စွာ လှမ်းကြည့်လိုက်၏။

ဤတွင် မြင်းပေါ်မှလူမှာ နေသူရိန်ဂိုဏ်းခွဲမှူးထုန်ရိကွမ်း ဖြစ်နေကြောင်းတွေ့လိုက်ရ၏။

သိုင်းသမားလေးဦးမှာလည်း မြင်းကိုယ်စီဖြင့် သူ၏မလှမ်း မကမ်းဆီမှ ဆက်တိုက်ထွက်ပေါ်လာလေ၏။ ထန်စုကျင်းက ကျယ်လောင်သောအသံဖြင့် အော်ဟစ်ဟန့်တားလိုက်၏။

"ဟေ့ .... ရပ်လိုက်"

ထုန်ရိကွမ်းသည် ရုတ်တရက်ထွက်ပေါ်လာသော အသံကြောင့် မြင်းဇက်ပိုးပေါ်တွင်ထိုင်ရင်း ထန်စုကျင်းအား လှမ်းကြည့်ကာမေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

ထန်စုကျင်းက ကျယ်လောင်စွာ ပြန်အော်ပြောလိုက်၏။

"ကျုပ်လူသတ်မလို့"

"ဘယ်လို .... မောင်ရင်က လူသတ်မလို့ဟုတ်လား"

"ဟုတ်တယ်"

"ဘာကြောင့် သတ်ရမှာလဲ"

ထန်စုကျင်းက ထုန်ရိကွမ်းအား စိုက်ကြည့်လိုက်ပြီး ....

"ကျုပ်ရဲ့ ကျန်ရှင်းယွင်ကို ခင်ဗျားတို့ ပြန်ခေါ်သွားတဲ့ အတွက်ကြောင့်ပဲ"

ထုန်ရိကွမ်းမှာ အံ့အားသင့်သွားပြီး ....

"ဘယ်လို .... စကားကို စဉ်းစားပြီးမှပြောပါ"

ထန်စုကျင်းက ဒေါသတကြီး ပြန်အော်ပြောလိုက်၏။

"ဘာမှစဉ်းစားနေစရာမလိုဘူး၊ ဒီနယ်ပယ်မှာ ခင်ဗျားတို့ပဲ ရှိတာ၊ ကျန်ရှင်းယွင်ကို ခင်ဗျားတို့မခေါ်လို့ ဘယ်သူကခေါ်မှာလဲ"



ထုန်ရိကွမ်းက မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

ပြီးနောက် ထန်စုကျင်းအား လှမ်းပြောလိုက်၏။

"ဒီလိုဖြစ်နေသလား၊ နေပါဦး၊ မောင်ရင်တို့နှစ်ယောက် အတူတူထွက်သွားကြတာ မဟုတ်လား"

ထန်စုကျင်းက အံကိုကြိတ်လျက် ကြည့်နေရင်းမှ ....

"ဟုတ်တယ်၊ ဒါပေမယ့် သူ့မှာအဆိပ်သင့်နေတာနဲ့ အပြင်မှာခဏထားခဲ့ပြီး ကျုပ်ဆေးသွားရှာတုန်း ပြန်လာတော့ သူ့ကိုမတွေ့ရတော့ဘူး"

ထုန်ရိကွမ်းက ထန်စုကျင်းပြောစကားကို နားထောင်နေလိုက်ပြီး နောက်ဘက်ရှိ သိုင်းသမားများဘက်လှည့်ကာ ....

"ကဲ .... မင်းတို့လူစုခွဲပြီး ရှာကြစမ်း၊ ငါတို့နယ်မြေအတွင်းမှာ ဘယ်ကောင်တွေ လာရောက်ကျူးကျော် ရမ်းကားနေသလဲဆိုတာ မရရအောင်စုံစမ်းခဲ့ကြ"

နောက်မှ သိုင်းသမားလေးဦးစလုံးမှာ အမိန့်ကိုနာခံဆောင်ရွက်ပါမည်ဖြစ်ကြောင်း ဦးညွှတ်အရိအသေပေးပြီး လေးနေရာဆီသို့ ခွဲကာပြေးထွက်သွားတော့၏။ ထန်စုကျင်းမှာ ငေးငိုင်၍သွားသည်။

ဤအတိုင်းသာဆိုလျှင် ကျန်ရှင်းယွင်မှာ စကြဝဠာဂိုဏ်း၏ လက်ထဲတွင်ရှိမနေနိုင်။ သို့သော် .... စဉ်းစားရန်ရှိနေသည်က ထုန်ရိကွမ်းမှာ ဟန်ဆောင်က တစ်ပတ်ရိုက် လှည့်ကွက်ဆင်နေခြင်းပင်လော။ ထန်စုကျင်း၏စိတ်ထဲ အမျိုးမျိုးစဉ်းစားနေစဉ် ထုန်ရိကွမ်းက ပြောလာသည်။

"မောင်ရင့်ကို ကျုပ်တို့ဂိုဏ်းချုပ်ကြီးက မိန်းကလေးကို မောင်ရင်နဲ့တစ်ပါတည်း ခေါ်သွားခွင့်ပြုထားပြီးပြီပဲ၊ နောက်ထပ် လူ

လွှတ်ပြီး ဖမ်းခိုင်းစရာအကြောင်းတော့ လုံးဝမရှိတော့ပါဘူး၊ ကျုပ်လဲ အခုမှ ဌာနချုပ်က ထွက်လာခဲ့တာပဲ၊ ဘာသတင်းမှ မကြားခဲ့ပါဘူး၊ ပြီးတော့ မောင်ရင်တို့ထွက်သွားပြီးတာနဲ့ ဂိုဏ်းချုပ်ကြီးက အမိန့်တစ်ခုထုတ်ပြန်ခဲ့တယ်၊ အဲဒီ အမိန့်ကတော့ မောင်ရင်တို့နဲ့ သူ့အမိန့်မရှိဘဲ ခိုက်ရန်မဖြစ်ရဘူးဆိုတဲ့ အမိန့်ပဲ"

ဤတွင် ထန်စုကျင်းက ချက်ချင်းပြန်မေးလိုက်၏။

"ခင်ဗျားတို့ဂိုဏ်းက လုပ်တာမဟုတ်ဘူးဆိုတာ ခင်ဗျားရဲ့ အာမခံဝံ့သလား"

"ကျုပ် အာမခံဝံ့တယ်"

ထုံယိကွမ်းက ရဲရင့်ပြတ်သားစွာပြော၏။ ထုံယိကွမ်း၏ စကားကြောင့် ထုန်စုကျင်းစဉ်းစားရခက်သွားသည်။ သူ တွေဝေစဉ်းစားနေစဉ် ထုံယိကွမ်းက ရုတ်တရက်မေးလိုက်၏။

"မောင်ရင့်ကို ကျုပ်မရှင်းတာတစ်ခုမေးချင်တယ်"

"ဘာကိစ္စများလဲ"

ထုံယိကွမ်းက ထန်စုကျင်းအားတစ်ချက်ကြည့်ကာ ....

"မောင်ရင်ရဲ့အတွင်းအားတွေ ဘယ်လိုပြန်ကောင်းလာသလဲဆိုတာကိုပဲသိချင်တာပါ"

ထန်စုကျင်းက ....

"ဒါဆို ကျုပ်မေးတာကို အရင်ဖြေပါ"

"ဘာများမေးမှာလဲ"

"ရုပ်ပြောင်းကိုယ်တော်က ကျုပ်ကိုအာမခံဆေးလုံးတိုက်ခဲ့တယ်၊ ဒီဆေးလုံးရဲ့အာနိသင်ထကြွလာအောင် နောင်ကြီးတို့ဂိုဏ်းက ကျောက်လီစန်ကလုပ်ခဲ့တယ်၊ ကျောက်လီစန်က ဒီနည်းကို ဘယ်



လိုလုပ်သိခဲ့တာလဲ"

ထုံယိကွမ်းက တစ်ချက်ပြုံးလိုက်၏။

"သြော် .... ဒါလား၊ ကျောက်လီစန်က ဆေးဆရာတစ်ဦးပဲလေ၊ ဒီလောက်တော့သိတာပေါ့"

ထန်စုကျင်း အံ့အားသင့်သွား၏။

"ဒါဆို သူဟာ ရုပ်ပြောင်းကိုယ်တော်နဲ့ အဆက်အသွယ်ရှိနေမှာပေါ့"

"ဒီအထိတော့ ကျုပ်လဲမသိဘူး"

"အင်း .... ရုပ်ပြောင်းကိုယ်တော်မှာ တပည့်သားမြေးရှိတယ်လို့ တစ်ခါမှလဲမကြားဖူးပါဘူး"

ထန်စုကျင်းက စဉ်းစားနေရင်းမှ ရုတ်တရက် ကောက်မေးလိုက်သည်။

"ကျောက်လီစန်ဟာ ရုပ်ပြောင်းကိုယ်တော်ရဲ့တပည့်လား"

"ကျုပ်ပြောပြီးပြီပဲ၊ ကျုပ်ဘာမှမသိပါဘူးလို့၊ ကဲ .... ကျုပ်မေးထားတာကိုသာ မောင်ရင်ဖြေပေတော့"

"ကျုပ်မေးတာကို ခင်ဗျားမဖြေဘူးဆိုရင် ခင်ဗျားမေးတာကိုလဲ ကျုပ်မဖြေနိုင်ဘူး"

ထုံယိကွမ်း၏အိုမင်းရင့်ရော်လှသောမျက်နှာမှာ ရုတ်ခြည်းခက်ထန်မာကျောသည့်အသွင်သို့ပြောင်းသွား၏။

ပြီးနောက် မာကျောပြတ်သားသော လေသံဖြင့် ....

"ဒီလိုဆို မောင်ရင်သွားလိုရာသွားနိုင်ပြီ"

ထန်စုကျင်းက ထွက်မသွားဘဲအေးစက်စွာပြန်မေး၏။

"တကယ်လို့ ကျန်ရှင်းယွင်ကို အစဖျောက်တာ ခင်ဗျားတို့

ဂိုဏ်းသားတွေလို့ စုံစမ်းသိရှိခဲ့ရင် ခင်ဗျားတို့ တစ်ဂိုဏ်းလုံးကို မီးရှို့ဖျက်ဆီးပစ်မယ်"

ထန်စုကျင်း၏မျက်နှာတွင် ရက်စက်ကြမ်းကြုတ်တော့မည့် အသွင်ဆောင်နေ၏။ ထုံယိကွမ်းက လှောင်ပြုံးတစ်ချက်ပြုံးပြီး ....

"ဂိုဏ်းချုပ်ကြီးက မောင်ရင်နဲ့ ကျန်ရှင်းယွင်ကို ဘာ့ကြောင့် လွှတ်ပေးခဲ့သလဲဆိုတာ မောင်ရင်သိရဲ့လား"

ထန်စုကျင်းမှာ ရုတ်တရက်ကြောင်သွားကာ ....

"ဘယ်လိုကြောင့်လဲ ပြောပါဦး"

"မင်းကိုယ်ပေါ်ကထွက်ကျလာတဲ့ ဝိညာဉ်ခေါ်အလံအမှတ်အသားတံဆိပ်ကြောင့်ပဲ"

ထန်စုကျင်းက ဤစကားမှန်နိုင်သည်ဟု စဉ်းစားလိုက်မိသည်။ ထို့နောက် ဤလူကြီးနှင့်ဆက်စကားပြောနေလည်း ကျန်ရှင်းယွင်ကိုရှာဖို့အတွက် သိပ်အကျိုးထူးလာမည်မဟုတ်ကြောင်း စဉ်းစားမိကာ နောက်ဆုံး ထုံယိကွမ်းအားနှုတ်ဆက်၍ ထိုနေရာမှ ထွက်ခွါခဲ့လေတော့သည်။

◆ ◆ ◆

ထန်စုကျင်းသည် ကျန်ရှင်းယွင်အားထားရစ်ခဲ့သော တဲအိမ်လေးဆီပြန်ရောက်လာခဲ့၏။ တဲအိမ်အတွင်းသို့ ရောက်သောအခါ အရာအားလုံးကို အဓိပ္ပါယ်မဲ့စွာကြည့်နေမိသည်။ ဤတွင် .... ကျန်ရှင်းယွင်လဲလျောင်းသွားသော အိပ်ခုံအောက်မှ သွေးစွန်းနေသော ပစ္စည်းတစ်ခုကိုတွေ့လိုက်ရသဖြင့် ခြေထောက်ဖြင့် ကော်ယူကြည့်လိုက်သည်။



အမျိုးသမီးတစ်ယောက်၏ကိုယ်ကြပ်အင်္ကျီတစ်ထည် ဖြစ်နေသည်။ အင်္ကျီမှာ သွေးများအကွက်လိုက်စွန်းထင်းနေ၏။

ထန်စုကျင်းသည် အင်္ကျီလေးအားကြည့်ရင်း စိတ်ထဲ၌ ပြင်းထန်စွာခံစားလိုက်ရ၏။ ထို့နောက် အရူးဇာစ်ယောက်ပမာ တဲအိမ်အပြင်သို့ပြေးထွက်ခဲ့ပြီး ....

"ရှာမယ် .... မတွေ့တွေ့အောင်ရှာမယ်"

နှုတ်မှရေရွတ်ကြုံးဝါးကာ ကျန်ရှင်းယွင် သေသည်ဖြစ်စေ ရှင်သည်ဖြစ်စေ မတွေ့တွေ့အောင်ရှာရန်ဆုံးဖြတ်ပြီး ခြေဦးတည့်ရာသို့ပြေးထွက်ခဲ့လေတော့သည်။

◆ ◆ ◆

"လန်ယန်မြို့"

"ပန်းတစ်ရာတည်းခိုဆိုင်"

ထန်စုကျင်းသည် လန်ယန်မြို့သို့ရောက်လာပြီး ပန်းတစ်ရာတည်းခိုဆိုင်တွင် တည်းခိုအနားယူသည်။ ဤတည်းခိုဆိုင်သို့ ရောက်ရှိနေခြင်းမှာ အရိပ်မဲ့နှင့်တွေ့ရန်ချိန်းဆိုထားသောကြောင့်ဖြစ်သည်။

ကုန်လွန်ခဲ့သည့် ဆယ်ရက်ကျော်ကာလတွင် ထန်စုကျင်းမှာ ဆိပ်ကမ်းနှင့် မြို့ပေါင်းများစွာကိုဖြတ်ကျော်ခဲ့၏။ ကျန်ရှင်းယွင်အားလိုက်လံရှာဖွေခြင်းဖြစ်သည်။ သို့သော် ကျန်ရှင်းယွင်၏သတင်းကို အစအနပင် မရချေ။ ညသည် တဖြည်းဖြည်းနက်သည်ထက်နက်လာသည်။ ထန်စုကျင်းမှာ ပြတင်းပေါက်အနီးတွင် စိတ်ပျက်လက်ပျက်ဖြင့်ထိုင်ကာ အရက်ပဲဖိသောက်နေသည်။

ထိုစဉ် သူ့နားထဲသို့ အသံတစ်သံတိုးဝင်လာသည်။

"မောင်ရင့်ကြည့်ရတာ စိတ်မချမ်းသလိုပါလား"

အသံကိုကြားသည်နှင့် အရိပ်မဲ့မှန်း ထန်စုကျင်း ချက်ချင်း သိလိုက်၏။ နောက်သို့ဖျတ်ခနဲလှည့်ကြည့်ကာ ....

"ဩော် .... ဆရာကြီးတောင်ရောက်လာမှကိုး"

အရိပ်မဲ့က အိပ်ခုံစောင်းတွင်ထိုင်ချကာ လက်ဖဝါးဖြင့် မီး အိမ်မှမီးစကို ငြိမ်းသတ်လိုက်သည်။

"မောင်ရင့်ကြည့်ရတာ စိတ်ဓာတ်ကျနေတဲ့ပုံပဲ"

ထန်စုကျင်းက ခေါင်းခါယမ်းလိုက်ပြီး ....

"သူပျောက်နေတုန်းပဲ၊ သေသလား ရှင်သလားဆိုတာကို တောင် မသိရသေးဘူး"

အရိပ်မဲ့မှာ ထန်စုကျင်း၏စကားကိုနားမလည်နိုင်သလို ဖြစ် သွားပြီး ....

"သူ ဘယ်သူလဲ"

"ကျန်ရှင်းယွင်လေ"

"အို .... ဘယ်လိုဖြစ်ကြတာလဲ"

ဤတွင် ထန်စုကျင်းက အရိပ်မဲ့အား ကျန်ရှင်းယွင် ပျောက် ဆုံးသွားသည့်အဖြစ်အပျက်ကိုပြောပြလိုက်သည်။ ထန်စုကျင်း၏ စကားဆုံးသွားသောအခါ အရိပ်မဲ့မှာ အံ့ဩတကြီးဖြစ်သွားပြီး ....

"ဩော် .... မောင်ရင့်မှာလဲ ပြဿနာအကြီးအကျယ်ဖြစ် နေတာကိုး၊ ဒီအတွက်ပူမနေပါနဲ့ ငါတွေ့အောင်ရှာပေးပါ့မယ်"

အရိပ်မဲ့က စကားကိုခေတ္တနားပြီး ဆက်ပြောသည်။

"မောင်ရင်က နေသူရိန်ဂိုဏ်းချုပ်ကြီးနဲ့ ပညာချင်းယှဉ်ခဲ့ တယ်ဆိုတော့ အဲဒီဂိုဏ်းချုပ်ကြီးဟာ ဘယ်သူဖြစ်နေသလဲ"



ထန်စုကျင်းမှာ သူပေးထားခဲ့မိသည့်ကတိကြောင့် ပြောပြ ၍မဖြစ်ချေ။ သို့သော် အရိပ်မဲ့အားလည်း မလိမ်ညာချင်။

ထို့ကြောင့် ပွင့်ပွင့်လင်းလင်းပြောပြလိုက်သည်။

"ဒါကို ကျွန်တော်ပြောမပြနိုင်တဲ့အတွက် ဆရာကြီးခွင့်လွှတ် ပါ၊ သူတို့ဂိုဏ်းရဲ့လျှို့ဝှက်ချက်ကို ဘယ်သူ့မှပြောမပြပါဘူးလို့ ကတိ ပေးခဲ့ရလို့ပါ"

"ဩော် .... ဒီလိုလား၊ ဒါဆိုလဲ နေပါစေတော့"

ထန်စုကျင်းက ဆက်ပြောသည်။

"နေသူရိန်ဂိုဏ်းဟာ ဝမ်ပြောင်ရှန်းသေရတဲ့ကိစ္စနဲ့ပတ်သက် ပြီးစုံစမ်းနေတယ်၊ ဆရာကြီးက ဘာ့ကြောင့် ဝမ်ပြောင်ရှန်းကိုသတ် ပစ်ရတာလဲ၊ ဒီအကြောင်းကို ကျွန်တော်သိခွင့်ရှိမလား"

အရိပ်မဲ့က ထန်စုကျင်းအား တစ်ချက်စိုက်ကြည့် ....

"ငါသတ်တယ်လို့ သူတို့ကသိနေသလား"

"တိတိကျကျတော့ သူတို့မသိပါဘူး၊ ဒါပေမယ့် .... သူတို့ သံသယတော့ဖြစ်နေကြတယ်"

အရိပ်မဲ့မှာ တစ်ချက်ငြိမ်တွေသွားပြီး ....

"ဒီအကြောင်းတွေကို မင်းကို ငါဖွင့်ပြောပြပါ့မယ်၊ တကယ် တော့ ဝမ်ပြောင်ရှန်းဟာ ငါ့ရဲ့မိတ်ဆွေကနေ ရန်သူဖြစ်သွားတဲ့ လူ တစ်ယောက်ပါ၊ သူဟာ ငါ့အသက်ကိုတောင် ရန်ရှာလာခဲ့တယ်၊ ဒါ ကြောင့် မလွဲမရှောင်သာသတ်လိုက်ရတာပဲ၊ မင်းဒီလောက်သိရရင် ကျေနပ်ရောပေါ့"

ထန်စုကျင်းက ....

"ဒါပေမဲ့ နေသူရိန်ဂိုဏ်းကတော့ ဆရာကြီးကို ဟန်ဆောင်

ထားတဲ့အော့ယန်ဖန်လို့ သံသယဝင်နေတယ်"

"အင်း .... ဒါကတော့ မင်းလဲအသိသားပဲ၊ ငါက အော့ယန်ဖန်မှမဟုတ်ဘဲ"

အရိပ်မဲ့မှာ အော့ယန်ဖန်မဟုတ်ကြောင်း ထန်စုကျင်းသိပြီးဖြစ်သည်။

"ဆရာကြီးဟာ အော့ယန်ဖန်မဟုတ်တာတော့ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ ဆရာကြီးဟာ ဘယ်သူဆိုတာ ကျွန်တော်မသိရသေးဘူး"

"အချိန်တန်တဲ့တစ်နေ့ကျရင် သိရမှာပေါ့ကွာ"

ထန်စုကျင်းက စကားလမ်းကြောင်းလွှဲ၍မေးလိုက်သည်။

"ဒါနဲ့ မိုးနဂါးထုံဝေကိစ္စကော ဘာထူးလဲဆရာကြီး"

အရိပ်မဲ့က တစ်ချက်စဉ်းစားလိုက်ပြီး ....

"ဝက်ပါတောင်ကြားထဲရောက်နေတဲ့ မိုးနဂါးထုံဝေဟာ ဂိုဏ်းချုပ်အစစ်ဆိုတာသိခဲ့ရတယ်"

"ဟင် ဒါဆို အခု ဂိုဏ်းချုပ်တာဝန်ထမ်းဆောင်နေတဲ့သူက မိုးနဂါးထုံဝေအတုပေါ့ ဟုတ်လား"

"အေး ဟုတ်တယ်"

"တော်တော်အံ့ဩစရာကောင်းတာပဲ၊ အဲဒီ မိုးနဂါးထုံဝေအတုဟာ မိုးနဂါးထုံဝေအစစ်ရဲ့ဇနီးသားသမီးတွေကို ဘယ်လိုပေါင်းသင်းဆက်ဆံနေသလဲမသိဘူး"

အရိပ်မဲ့က ခေတ္တငြိမ်နေပြီးမှပြန်ပြော၏။

"အခု ငါလဲဒီအချက်ကိုစုံစမ်းနေတာပဲ၊ ဒီအချက်သာစုံစမ်းနိုင်ခဲ့ရင် ပြဿနာအားလုံးဗူးပေါ်သလိုပေါ်လာနိုင်တယ်၊ တစ်ခုတော့



ရှိတယ်၊ အဲဒါ မင်းကြားဖူးမလားမသိဘူး"

"ဘာများပါလိမ့်"

"သိုင်းလောကမှာရှိတဲ့ ဆေးတစ်မျိုးပဲ၊ အဲဒီဆေးဟာ လူရဲ့စိတ်အာရုံကိုပြောင်းလဲသွားစေနိုင်တယ်၊ တကယ်လို့ ဂိုဏ်းချုပ်ထုံဝေရဲ့ဇနီးသားသမီးတွေသာ ဒီဆေးကိုမိခဲ့ရင် အဖြစ်မှန်ကိုဖော်ထုတ်နိုင်ဖို့မလွယ်တော့ဘူး၊ သူ့ရဲ့ဇနီးနဲ့သားသမီးတွေက မထုတ်ဖော်သရွေ့ဘေးလူတွေ ဘယ်သိနိုင်မလဲ၊ မောင်ရင့်အနေနဲ့ကကော ဒီကိစ္စကိုဘယ်လိုဆက်ပြီးလုပ်ဖို့စိတ်ကူးထားသလဲ"

ထန်စုကျင်းက အနည်းငယ်စဉ်းစားလိုက်ပြီး ....

"အကောင်းဆုံးကတော့ ထုံဝေရဲ့သား ကျောက်ကျစ်ကိုယ်တော်ကိုတွေ့အောင်ရှာဖို့ပဲ၊ သူကလဲ အပြင်မှာလှုပ်ရှားသွားလာနေသူတစ်ယောက်ဆိုတော့ တွေ့အောင်ရှာဖို့မခဲယဉ်းဘူး၊ သူ့ကိုရှာတွေ့ရင် သူနဲ့အတူသွားစုံစမ်းရင် ဆေးမိမမိသိနိုင်မှာပဲ"

အရိပ်မဲ့ကစဉ်းစားရင်း ....

"အင်း .... ကောင်းတဲ့အကြံပါပဲ၊ ဒါပေမယ့် ...."

"ဒါပေမယ့် ဘာဖြစ်သလဲ"

အရိပ်မဲ့က စဉ်းစားဟန်ပြုနေပြီးမှ ....

"ဆေးမိမမိ စစ်ဆေးဖို့အတွက် ဆေးဆရာကို ဘယ်ကခေါ်မလဲ"

ထန်စုကျင်းက အေးဆေးတည်ကြည်စွာဖြင့် ပြန်ဖြေသည်။

"အဲဒီအတွက်က ကျွန်တော်အခုလိုက်ရှာနေတဲ့ရုပ်ပြောင်းကိုယ်တော်ကိုသာတွေ့ရင် ဒီပြဿနာပြေလည်နိုင်ပါတယ်"

အရိပ်မဲ့ကခေါင်းညိတ်လိုက်ပြီး ....

“မောင်ရင်က ရှောင်မေလီန်းအတွက်လိုက်ရှာနေတာလား”

“ဟုတ်ပါတယ် ကျွန်တော်ဟာ ထင်းတလျှန်နဲ့၊ ရှောင်စုလန်တို့ကို ကတိပေးခဲ့ပြီးပြီမို့ သူ့ကိုမတွေ့တွေ့အောင်ရှာရလိမ့်မယ်”

“ဒါဆိုကောင်းပြီမောင်ရင် မနက်ဖြန်စောစောဆက်ပြီးခရီးထွက်ပေတော့၊ ဒီဘက်က ကျန်တဲ့အပိုင်းကို ငါဆက်လုပ်ထားလိုက်မယ်၊ ပြီးတော့ ကျန်ရှင်းယွင်ရဲ့သတင်းကိုလဲ အတတ်နိုင်ဆုံး စုံစမ်းပေးထားပါ့မယ်”

“ဟုတ်ကဲ့ ဒီအတွက် ကျေးဇူးတင်ပါတယ်၊ နောက်တစ်ချက်ဆရာကြီးစုံစမ်းပေးစေချင်တာက နေသူရိန်ဂိုဏ်းက ကျောက်လီစန်အကြောင်းပဲ၊ သူဟာ ရုပ်ပြောင်းကိုယ်တော်လောက်နီးနီး ဆေးပညာဘက်မှာစွမ်းတယ်၊ သူ့အကြောင်းကိုသိရရင်လဲ အဆင်ပြေနိုင်တယ်”

အရိပ်မဲ့က စဉ်းစားဟန်ပြုရင်း ....

“ကျောက်လီစန် ဒီနာမည်ကြားဖူးသလိုပဲ၊ ကောင်းပြီလေ သူ့ကို ငါသတိထားပြီးစုံစမ်းပေးပါ့မယ်၊ ကဲ .... ညဉ့်လဲနက်ပြီ၊ မင်းအနားယူပေတော့ ငါသွားတော့မယ်”

ပြောပြီးသည်နှင့် အရိပ်မဲ့သည် အခန်းပြင်သို့လှည့်ထွက်သွားလေတော့၏။

◆ ◆ ◆



အရိပ်မဲ့နှင့်တွေ့ပြီးနောက် သုံးရက်မြောက်သောနေ့တွင် ထန်စုကျင်းမှာ ထုန်ပို့တောင်ကျွန်းဆီသို့ရောက်လာလေသည်။ ဤနေရာကို သူကောင်းစွာမှတ်မိသည်။ ရုပ်ပြောင်းကိုယ်တော်နေထိုင်သည့်နေရာမှာ တောင်ကမ်းပါးထိပ်တွင်ဖြစ်သည်။ ထန်စုကျင်းသည် ချောင်းငယ်တစ်ခုကိုဖြတ်ကျော်ခဲ့ပြီးနောက် ချောက်ကမ်းပါးတစ်ခုသို့ ရောက်လာ၏။

ထိုစဉ် ... ချောက်ကမ်းပါးထိပ်၌လူရိပ်များနှင့် ဆဲဆိုသံများထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

ထန်စုကျင်း ထိတ်ခနဲဖြစ်သွား၏။ ရုပ်ပြောင်းကိုယ်တော်ထံ ရန်သူများရောက်ရှိလာခြင်းပင်လောဟု တွေးလိုက်မိသည်။

အကြောင်းစုံသိနိုင်ရန် ချောက်ကမ်းပါးအနီးသို့ကပ်ခဲ့၏။ ပြီးနောက် အတွင်းအားကိုသုံးကာ ကိုယ်ဖော့ပညာဖြင့် ချောက်ကမ်းပါးထိပ်သို့ခုန်တက်လိုက်သည်။ ကျောက်တုံးတစ်တုံး၏ နောက်တွင် ပုန်းအောင်းကာ ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရှုလိုက်သည်။

ထိုအခါ လုံးဝမျှော်လင့်မထားသောမြင်ကွင်းကိုတွေ့မြင်လိုက်ရပြီး ထန်စုကျင်းမှာ အကြီးအကျယ်ထိတ်လန့် တုန်လှုပ်သွားရလေတော့၏။

ကျောက်လိုဏ်ဂူတစ်ခု၏အဝတွင် ခြေတစ်ဖက် သွေးသံရဲရဲဖြင့် လဲကျနေသည့်ရုပ်ပြောင်းကိုယ်တော်ကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်၏။ ရုပ်ပြောင်းကိုယ်တော်၏အနီးတွင် လူတစ်ယောက်မတ်တပ်ရပ်နေသည်။ ထိုလူမှာ ကျောက်လီစန်ဖြစ်ကြောင်း ထန်စုကျင်းအံ့သြစွာတွေ့မြင်လိုက်ရလေသည်။

ကျောက်လီစန်မှာ မိမိနှင့် တပါတည်းလိုက်လာခဲ့ဟန်ရှိ၏။

သို့ဆိုလျှင် ကျောက်လီစန်သည် အဘယ့်ကြောင့် ဤနေရာသို့ မိမိထက်စောစွာရောက်လာရပါသနည်း။ ရုပ်ပြောင်းကိုယ်တော်သည် သူ့လက်ချက်ဖြင့် ဒဏ်ရာရရှိသွားခြင်းပေလော။

ထိုစဉ် ရုပ်ပြောင်းကိုယ်တော်၏အသံက ကျယ်လောင်စွာထွက်ပေါ်လာသည်။

"ငမိုက်ကောင်၊ မင်း တော်တော်လူစိတ်ကင်းတဲ့ကောင်၊ ငါ့ကျေးဇူးကိုတောင်မထောက်ဘဲ ရက်စက်လှချည်လား"

ကျောက်လီစန်က အေးစက်စက်လေသံဖြင့် ....

"ကျွန်တော့်ကိုခွင့်လွှတ်ပါဆရာ၊ ဆရာ့ဆီက ဆေးစာအုပ်ကျေးဇူးပြုပြီး ကျွန်တော့်လက်ထဲအပ်စေချင်တယ်၊ ဆရာရဲ့ဆေးပညာအားလုံး လုံးဝမပျက်စီးအောင်ထိန်းသိမ်းပါ့မယ်လို့ ကျွန်တော်ကတိပြုပါတယ်"

ရုပ်ပြောင်းကိုယ်တော်က ဒေါသတကြီးထအော်လိုက်၏။

"ခွေးကောင် .... မပေးဘူး၊ လုံးဝမပေးဘူး"

ကျောက်လီစန်က အေးတိအေးစက်ဖြင့်ပင် ....

"ဆရာရယ် .... ဘာဖြစ်လို့ ဒီလောက်တောင် ခေါင်းမာချင်နေရတာလဲ၊ ဒီဆေးစာအုပ်ကို ဆရာသုံးစရာမှမလိုတော့တာဘဲ၊ ဒါကြောင့် ကျွန်တော့်ကို အေးအေးသက်သာပေးလိုက်ပါ"

ရုပ်ပြောင်းကိုယ်တော် အံတစ်ချက်ကြိတ်လိုက်ပြီး ....

"တိရစ္ဆာန်ကောင်၊ မင်းဟာ ဆရာသမားတစ်ယောက်လုံးကိုတောင် ကိုယ်ထိလက်ရောက်စော်ကားခဲ့တဲ့ကောင်၊ မင်းကို အပြစ်ပေးဖို့ ဘုရားသခင်က ကြည့်နေမှာမဟုတ်ဘူးဆိုတာ နားလည်ထားစမ်းပါ"



ထန်စုကျင်းမှာ နားထောင်နေရင်း ဒေါသထွက်လာမိတော့သည်။ ဆရာကို အာခံစော်ကားနေသူအား ကြည့်မရအောင် ဖြစ်လာ၏။ လူစိတ်မရှိသောတပည့်မျိုးကို လူ့ပြည်တွင်မထားသင့်ကြောင်း စဉ်းစားလိုက်မိသည်။

ထိုစဉ် ကျောက်လီစန်ထံမှအသံထွက်လာ၏။

"ဆရာ ... ဘာ့ကြောင့် ကျွန်တော့်ကို ဆဲဆိုနေရတာလဲ၊ တကယ်တော့ ဆရာဟာ အနေးနဲ့အမြန်ဆိုသလို လူ့ပြည်ကထွက်ခွါရတော့မှာပဲ၊ အဲဒီတော့ ဆရာ့ဆီကပညာတွေ အလကားဖြစ်မသွားအောင် ကျွန်တော့်ကိုပေးခဲ့သင့်တာပေါ့"

ရုပ်ပြောင်းကိုယ်တော်သည် ရှုံ့မဲ့သောမျက်နှာဖြင့် မိုးကောင်းကင်ကိုမော့ကြည့်လိုက်သည်။

နှုတ်မှလည်း ....

"လူတွေမှာ အကြင်နာတရားကင်းမဲ့ပြီး ရိုင်းစိုင်းယုတ်မာနေတာကို ဘုရားသခင်သိပါစေ"

ထန်စုကျင်းမှာ စိတ်မထိန်းနိုင်တော့ဘဲ ပုန်းကွယ်နေသည့်နေရာမှခုန်ထွက်ကာ ကျယ်လောင်စွာအော်ပြောလိုက်တော့၏။

"ရိုင်းစိုင်းယုတ်မာတဲ့သူတွေကို ဘုရားသခင်က ဒီအတိုင်းကြည့်မနေပါဘူး"

ပြောပြီးသည်နှင့် ဓားကိုဆွဲထုတ်လိုက်သည်။

ကျောက်လီစန်မှာ ရုတ်တရက်မမျှော်လင့်ဘဲ ထန်စုကျင်းအားတွေ့လိုက်ရသောကြောင့် အံ့သြတုန်လှုပ်သွား၏။ ရုပ်ပြောင်းကိုယ်တော်လည်း အံ့သြသည့်အမူအရာဖြင့် ထန်စုကျင်းအား ကြည့်လိုက်၏။

အတန်ကြာကြည့်နေပြီးမှ ... ရက်စက်တော့မည့်အသွင်ဖြင့် ကျောက်လီစန်၏အနီးသို့ တိုးကပ်သွားသည်။

"ဆရာကို အကောက်ကြံတဲ့လူဟာ လူစိတ်မရှိတဲ့တိရစ္ဆာန်ပဲ၊ ကျောက်လီစန် တကယ်တော့ မင်းဟာ အကြိမ်တစ်ရာမကသေဖို့ သင့်နေပြီ"

ကျောက်လီစန်မှာ နောက်သို့ခြေနှစ်လှမ်းဆုတ်ပြီး တုန်ယင်သောအသံဖြင့် အော်ပြောလိုက်သည်။

"ထန်စုကျင်း ... မင်းဒီနေရာကို ဘာလာလုပ်သလဲ"

"မင်းကို သတ်မလို့လာတာ"

ကျောက်လီစန်မှာ အကြီးအကျယ်တုန်လှုပ်သွားပြီး ဘေးဘီသို့လှည့်ကြည့်လိုက်သည်။ ထန်စုကျင်းကရှေ့တိုးလာရင်း ....

"အတောင်ပါခဲ့ရင်တောင် မင်း ငါ့လက်ကလွတ်အောင် မပြေးနိုင်ပါဘူး"

ကျောက်လီစန်မှာ ဘာမျှပြန်မပြောနိုင်ဘဲ မျက်နှာရှုံ့မဲ့နေသည်။ ထို့နောက် တုန်ယင်သောအသံဖြင့် ....

"ထန်စုကျင်း ကျုပ်တို့အပေးအယူလုပ်ကြမလား"

"ဘာအပေးအယူလဲ"

ကျောက်လီစန်က ထန်စုကျင်းအား အဓိပ္ပါယ်ပါပါ တစ်ချက်ကြည့်လိုက်ပြီး ....

"ခင်ဗျား ဒီကိစ္စထဲဝင်မစွက်ဘူးဆိုရင် ရောင်မေလိန်းကို နဂိုအတိုင်းပြန်ဖြစ်အောင် ကျုပ်ကယ်တင်ပေးမယ်"

ထန်စုကျင်းမှာ တုန်လှုပ်ခြင်းနှင့်အတူ သဘောပေါက်သွားသည်။ ထို့ကြောင့် ထန်စုကျင်းက အားရပါးရရယ်ချလိုက်သည်။



"ဟား .... ဟား .... ဟား"

ထန်စုကျင်းရယ်နေသည်ကိုကြည့်၍ ကျောက်လီစန်၏နဖူးပြင်မှ ချွေးသီးချွေးပေါက်များကျလာသည်။

"မင်း .... မင်းဘာရယ်တာလဲ"

ထန်စုကျင်းမှာ အရယ်ရပ်လိုက်ပြီး ....

"ကျောက်လီစန် မင်းဟာ ကိုယ့်ကိုယ်ကိုဖော်နေတာနဲ့အတူတူပဲ၊ ရောင်မေလိန်း သတိကောင်းကောင်းမရသေးတာ မင်းရဲ့လက်ချက်ဆိုတာ ငါအခုမှသိတော့တယ်၊ အခုလဲ မင်းဟာ ဆရာကိုပြန်စော်ကားနေတယ်၊ မင်းလိုခွေးတိရစ္ဆာန်မျိုးကို လူ့ပြည်မှာထားရင် ဆန်ကုန်မြေလေးဖြစ်နေမယ်"

ပြောပြောဆိုဆိုပင် ထန်စုကျင်းသည် ဓားကိုဆွဲထုတ်ပြီး တဟုန်ထိုးဝင်ရောက်တိုက်ခိုက်လိုက်တော့၏။ ကျောက်လီစန်မှာ ရုတ်တရက် ခုခံရန်အချိန်မရလိုက်တော့ချေ။

"အား ...."

အော်သံတစ်ချက်ထွက်ပေါ်လာပြီး ကျောက်လီစန်မှာ မြေပေါ်သို့လဲကျသွားလေတော့၏။

◆ ◆ ◆

ကတိသစ္စာ

ရုပ်ပြောင်းကိုယ်တော်၏မျက်လုံးမှ မျက်ရည်များစီးကျလာသည်။ နှုတ်မှလည်း နာကြည်းသောအသံဖြင့် ....

"ဩော် တပည့်မိုက် တပည့်မိုက်"

ရုပ်ပြောင်းကိုယ်တော်၏စကားသံကြောင့် ထန်စုကျင်းမှာ စိတ်မကောင်းဖြစ်သွားရသည်။ ဆရာတပည့်နှစ်ဦးကြားပြဿနာကို မိမိက ကြားဝင်ဖြေရှင်းပေးသလိုဖြစ်နေသည်။ သို့သော် .... ယခု မည်သို့မျှမတတ်နိုင်တော့ပေ။ ဓားတိုကို ပြန်သိမ်းပြီး ရုပ်ပြောင်းကိုယ်တော်အားပြောလိုက်သည်။

"ကျွန်တော့်ရဲ့လက်လွန်မှုအတွက် ခွင့်လွှတ်စေချင်ပါတယ်"

ရုပ်ပြောင်းကိုယ်တော်က ဖြည်းညင်းစွာထရပ်လိုက်၏။

ထို့နောက် ကျောက်ဂူအတွင်းသို့ဝင်သွားလေသည်။

ထန်စုကျင်းမှာ ရုပ်ပြောင်းကိုယ်တော်အား ကြောင်၍ကြည့်နေမိသည်။ ဤလူကြီးမှာ လူထူးလူဆန်းကြီးတစ်ဦးဖြစ်သည်။ ယခုလည်း မည်သည့်အတွက်ကြောင့် ကျောက်ဂူအတွင်းဝင်သွားရသနည်း။

ထန်စုကျင်းမှာ ကြောင်အမ်းအမ်းဖြစ်နေစဉ် ရုပ်ပြောင်း



ကိုယ်တော်သည် ကျောက်ဂူအတွင်းမှပြန်ထွက်လာသည်။

အပြင်ရောက်သည်နှင့် လက်တစ်ဖက်ကိုဆန့် ထုတ်ပြီး ....

"ဒီကောင် ဒီပစ္စည်းအတွက် ငါ့ကိုဒုက္ခပေးနေတာပဲ"

ထန်စုကျင်းက ရုပ်ပြောင်းကိုယ်တော်၏လက်အတွင်း၌ အလွန်ပါးလွှာသောကြေးပြားလေးတစ်ပြားကို တွေ့လိုက်ရသည်။

"ဟင် .... ဒါဟာ မရဏတမန်ဟုန်ချန်ပိုးရဲ့လက်နက်ပုန်းပဲခင်ဗျား ဒီပညာတွေ သူ့ကိုသင်ပေးလိမ့်မယ်လို့မထင်ခဲ့မိဘူး"

ရုပ်ပြောင်းကိုယ်တော်က ချက်ချင်းပြန်ပြောသည်။

"ဒါ မင်းပြောစရာမလိုဘူး"

တစ်ချက်နားလိုက်ပြီးမှ ဆက်ပြောပြန်သည်။

"မောင်ရင် ကိစ္စရှိလို့ ဒီကိုလာတာနဲ့တူတယ်"

"ဟုတ်ကဲ့ ကိစ္စရှိလို့လာခဲ့တာပါ"

"ကျုပ်ဆီက တစ်ခုခုတောင်းခံစရာရှိလို့လား"

ရုပ်ပြောင်းကိုယ်တော်၏အသံမှာ အေးတိအေးစက်နိုင်လှသည်။ ဤအေးတိအေးစက်နိုင်လှသောအသံကြောင့် ထန်စုကျင်း၏စိတ်ထဲတွင် ကသိကအောင့်ဖြစ်သွားသည်။

"ဟုတ်ပါတယ် ဆရာကြီးဆီကတောင်းခံစရာရှိလို့ပါ"

ရုပ်ပြောင်းကိုယ်တော်က ခံစားမှုကင်းသောမျက်နှာထားဖြင့် ....

"ခုနက ငါ့အသက်ကိုမင်းကယ်လိုက်တယ်၊ ငါဟာ သူတစ်ပါးရဲ့ကျေးဇူးကိုအတင်ခံတဲ့လူစားမဟုတ်ဘူး၊ ဒါပေမဲ့ မင်းရဲ့မျှော်လင့်ချက်မကုန်စေရဘူး၊ မင်းကျေးဇူးကိုတုံ့ပြန်တဲ့အနေနဲ့ကူညီလိုက်မယ်"

ထန်စုကျင်းက အံကိုတင်းတင်းကြိတ်လိုက်ပြီး ....

"အရင်တုန်းက ဆရာကြီးဆီမှာတောင်းခဲ့တဲ့ ဆေးနှစ်လုံး အနက် တစ်လုံးပဲအာနိသင်ရှိတယ်၊ နောက်တစ်လုံးက အာနိသင်မရှိဘူး"

ရုပ်ပြောင်းကိုယ်တော်က ထန်စုကျင်း၏စကားကို ဖြတ်၍ ပြောလိုက်သည်။

"ဒီလောက်ဆို ငါသဘောပေါက်ပြီ .... ဒါ ဟိုငမိုက်ကောင် ကျောက်လီစန်ရဲ့လက်ချက်ပဲဖြစ်မယ်၊ ဒီအတွက်မပူနဲ့ ငါ နောက်ထပ် ဖော်စပ်ပေးလိုက်ပါ့မယ်"

"ဆရာကြီးကို အထူးပဲကျေးဇူးတင်ပါတယ်"

"အို မင်းတင်တဲ့ကျေးဇူး ငါမလိုချင်ဘူး၊ ခုချိန်ကစပြီး မင်းနဲ့ငါ့ကြားမှာ ဘာကျေးဇူးမှမရှိရင်ဘဲ ကျေနပ်ပါပြီကွာ"

"ဆရာကြီးကို ကျွန်တော်မေးစရာရှိပါသေးတယ်"

"မေးပါ ဘာများမေးချင်ပါလို့လဲ"

ထန်စုကျင်းက ရုပ်ပြောင်းကိုယ်တော်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး ....

"သိုင်းလောကမှာ လူတွေရဲ့စိတ်အာရုံကို ပြောင်းစေနိုင်တဲ့ ဆေးတစ်မျိုးရှိတယ်လို့ကြားသိရပါတယ်၊ အဲဒီဆေးမျိုးမိမမိ ဘယ်လို ခွဲခြားသိနိုင်ပါသလဲ"

ရုပ်ပြောင်းကိုယ်တော် ခေတ္တတွေဝေသွား၏။ ပြီးမှ ....

"ဘယ်သူရဲ့စိတ်အာရုံကို ထိန်းချုပ်ခံနေရလို့လဲ"

"လူတစ်ယောက်ဟာ အခြားလူတစ်ယောက်ရဲ့နေရာမှာ အစားနေရာယူထားပြီး အစားထိုးခံရတဲ့လူရဲ့မိသားစုဟာ ဒီဆေးမျိုးမိနေလို့ပါ"



ရုပ်ပြောင်းကိုယ်တော်က သဘောပေါက်ဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ....

"ဒီဟာမျိုးကို ခွဲခြားဖို့လွယ်ပါတယ်၊ သေသေချာချာကြည့်ရင် သိနိုင်ပါတယ်၊ ဒီဆေးကိုမိနေတဲ့ လူတွေရဲ့မျက်လုံးဟာ လှုပ်ရှားမှုကင်းမဲ့ပြီး ကျောက်မျက်လုံးလိုသေနေတတ်တယ်၊ တချို့ကျတော့လဲ ရက်စက်မယ့်အရိပ်အယောင်မျိုးရှိနေတတ်တယ်၊ တူညီမှုတာ တစ်ခုကတော့ မျက်လုံးမှာသွေးကြောတွေပေါ်နေပြီး အဲဒီသွေးကြောတွေဟာ ဖုနေတတ်ခြင်းပဲ"

ထန်စုကျင်းက ရုပ်ပြောင်းကိုယ်တော်ပြောသမျှသော အချက်များကို စိတ်ထဲမှလိုက်၍မှတ်လိုက်၏။

"ဒီအတွက် ဖြေဆေးကောရှိပါသလား"

"ရှိတယ်"

"ကျွန်တော့်ကိုပေးနိုင်မလား"

"ရပါတယ်၊ တကယ်လို့ ဒီဆေးအစွမ်းမပြဘူးဆိုရင်တော့ ဆေးမမိဘူးလို့ပဲမှတ်ပါ"

ပြောပြီးသည်နှင့် ရုပ်ပြောင်းကိုယ်တော်သည် ကျောက်ဂူအတွင်းသို့ ပြန်ဝင်သွားလေသည်။

မကြာမီ ရုပ်ပြောင်းကိုယ်တော် ပြန်ထွက်လာ၏။ လက်ထဲတွင် အထုပ်တစ်ထုပ်နှင့်ပုလင်းငယ်တစ်လုံးပါလာသည်။

အထုပ်နှင့်ပုလင်းငယ်ကို ထန်စုကျင်းအား လှမ်းပေးရင်း–

"အထုပ်ထဲကဆေးဟာ အာရုံလွင့်ပျံ့နေတဲ့ရောဂါပျောက်စေနိုင်တယ်၊ ပုလင်းထဲကဆေးမှုန့်ကတော့ ဆေးမိ မမိ စမ်းသပ်တဲ့ဆေးပဲ၊ ဒီဆေးကို လက်ဝါးပေါ်တင်ပြီး ဆေးမိနေတဲ့လူကို ရှူခိုင်း

လိုက်ရင် အစွမ်းပြလာလိမ့်မယ်”

ထန်စုကျင်းက အထုပ်နှင့်ဆေးပုလင်းကိုလှမ်းယူပြီး အရိုအသေပြုလိုက်၏။

“ဆရာကြီးကို အထူးပဲကျေးဇူးတင်ပါတယ်”

ရုပ်ပြောင်းကိုယ်တော်က ....

“မောင်ရင်ကျေးဇူးတင်တာထက် သတိထားဖို့က ဒီနေရာမှာ ကျုပ်တို့ဆရာတပည့်နှစ်ဦးရဲ့အုတ်ဂူရှိနေပြီဆိုတဲ့အချက်ပဲ၊ ကျုပ်လဲ လူ့ပြည်မှာရှိမှာမဟုတ်တော့ဘူး၊ ဒါကို ဘယ်သူ့မှအသိမပေးပါဘူးလို့ ကတိပေးစေချင်တယ်”

ရုပ်ပြောင်းကိုယ်တော် ဆိုလိုသည့်သဘောမှာ သူ၏နာမည်ကိုဖျောက်၍ တစ်သက်လုံး ဤနေရာတွင်ဇာတ်မြှုပ်နေသွားတော့မည်ဆိုသည့်သဘောပင်။ ထန်စုကျင်းက ခိုင်မာပြတ်သားသောလေသံဖြင့် ....

“ကျွန်တော် ဒီအကြောင်းကို သေတဲ့အထိ မပြောပါဘူးလို့ ကတိသစ္စာပြုပါတယ်”

ရုပ်ပြောင်းကိုယ်တော်သည် ကျောက်လီစန်၏အလောင်းကိုတစ်ချက်စိုက်ကြည့်ပြီး ထန်စုကျင်းအားပြောလိုက်၏။

“ကဲ .... မင်းလဲသွားလိုရာသွားနိုင်ပြီ”

ထန်စုကျင်းက ရုပ်ပြောင်းကိုယ်တော်အား ဒုတိယအကြိမ်ထပ်မံအရိုအသေပြုပြီးနောက် ချောက်ကမ်းပါးမှဆင်းကာ ချောင်းငယ်ဆီသို့ပြေးထွက်ခဲ့လေတော့၏။

♦ ♦ ♦



ထုန်ပို့တောင်၏ တောင်ဘက်တွင် ကျောက်စုန်းတောင်ရှိ၏။ မိဘနှစ်ပါးချန်ထားခဲ့သည့်ကျောက်စိမ်းဓားအား တစ်ခါတည်း ဝင်ယူသွားရန်ဆုံးဖြတ်လိုက်၏။ မိုးနဂါးထုံဝေ၏စကားအရ ကျောက်စိမ်းဓားမြှုပ်နှံထားသည့် နေရာမှာ ဤတောင်ပေါ်ရှိ ဘုရားကျောင်းတစ်ခု၏ ညာဘက်လှေကားထစ်အောက် ငါးတုံးမြောက်ကျောက်တုံးအောက်ဖြစ်သည်။ မိုးနဂါးထုံဝေ၏ပြောပြချက်အရ ကျောက်စိမ်းဓားမြှုပ်နှံထားသည့်နေရာကိုသူတစ်ယောက်တည်းသာသိ၍ သူ၏မိသားစုပင် မသိကြပေ။ ထို့ကြောင့် .... သူ့အတွက် အနှောင့်အယှက်မရှိနိုင်ဟုထန်စုကျင်းထင်လိုက်မိ၏။

ဤကျောက်စုန်းတောင်ဘုရားကျောင်းမှာ အတော်ပင်ဟောင်းနွမ်းနေပေပြီ။ နေရာမှာခေါင်၍ အလွန်ချောင်ကျလှသောကြောင့် ဘုရားဖူးလာသူပင်မရှိ ခြောက်ကပ်တိတ်ဆိတ်လျက်ရှိ၏။

ယနေ့ နေ့လယ်ချိန်တွင် အလွန်ခေါင်လှသော ကျောက်စုန်းတောင်ဘုရားကျောင်းသို့ လူတစ်ယောက်ရောက်လာ၏။

ထိုလူကား ထန်စုကျင်းပင်ဖြစ်၏။ ဘုရားကျောင်းအတွင်း ဝင်မိသည်နှင့် ထန်စုကျင်းစိတ်လှုပ်ရှားလာသည်။

စင်စစ် ကျောက်စိမ်းဓားဆိုသည်က သိုင်းလောကရှိ တန်ဖိုးအကြီးဆုံးလက်နက်ပစ္စည်းလေးခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ မိဘနှစ်ပါး၏အမွေပစ္စည်းဆိုရသော်လည်း သူမှတ်မိသည့်အရွယ် ကတည်းက သူတစ်ပါးထံရောက်သွားခဲ့သဖြင့် ကျောက်စိမ်းဓား၏ပုံသဏ္ဌာန် မည်သို့မည်ပုံရှိသည်ကိုပင် မသိလိုက်ရချေ။

ထန်စုကျင်းသည် အလယ်ခန်းမကိုဖြတ်ပြီး အနောက်ဘက် ခြံဝင်းဆီသို့ရောက်လာ၏။ ခြံဝင်းထဲတွင် မြက်ပင်များ ထူထပ်စွာ

ပေါက်ရောက်နေ၏။ မကြာမီ ညာဘက်လှေကားဆီသို့ရောက်လာပြီး ပဋ္ဌမမြောက်လှေကားထစ်အနီးတွင် ရပ်လိုက်သည်။

လှေကားထစ်အနီးရှိ မြက်ရိုင်းပင်များကိုနှုတ်ပစ်လိုက်၏။ ထို့နောက် ဓားတိုဖြင့် မြေကြီးကိုတွင်းဖြစ်အောင် စတင်တူးလိုက်၏။ တူးပြီးသောကျင်းပေါက်ထဲသို့ လက်ညှိုးနှိုက်ပြီး အပေါ်သို့ မ,တင်လိုက်၏။ ကြွတက်လာသော ကျောက်ပြားကိုမယူ၍ ဘေးဘက်သို့ ဖယ်ချကာ လက်ထဲမှဓားတိုဖြင့် မြေကြီးကိုတူးဆွလိုက်၏။

ဤသို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့်တူးခဲ့ရာ အတန်ငယ်နက်သည်အထိတူးမိသော်လည်း မည်သည့်အရာကိုမျှ မတွေ့ရသေးချေ။ ထန်စုကျင်း အနည်းငယ်စိုးရိမ်လာ၏။ မိုးနဂါးထုံဝေက မိမိအား လိမ်ညာလိုက်ခြင်းတော့မဖြစ်နိုင်ပေ။

အဘယ်ကြောင့် ပစ္စည်းကိုမတွေ့ရသနည်း။

ထန်စုကျင်းက ဘေးတွင်ကပ်လျက်ရှိသောကျောက်ပြားကို ဆက်၍ဖယ်ရှားလိုက်၏။ ထို့နောက် .... ထိုနေရာတွင်ပင် ဆက်၍တူးပြန်ရာ ထိုနေရာတွင်လည်း မည်သည့်အရာမျှ မတွေ့ရချေ။

ထန်စုကျင်းမှာ စိတ်ပျက်သွားပြီး ကျောက်လှေကားပေါ် စိတ်ပျက်လက်ပျက်ထိုင်ချလိုက်လေသည်။ မိုးနဂါးထုံဝေက မိမိအား လိမ်ညာပြောခဲ့ခြင်းပင်လော။

သို့မဟုတ် တစ်စုံတစ်ယောက်ကဘဲ မိမိထက်အလျင်ဦးအောင် ယူဆောင်သွားပြီလော။

ကျောက်ပြားပေါ်ပေါက်နေသောမြက်ရိုင်းပင်များကို ကြည့်သောအခါတွင်လည်း နှစ်ပေါင်းများစွာကတည်းက တည်ရှိနေသည့်အတိုင်းပင်ဖြစ်၏။



တူးဆွရှာဖွေခဲ့သည့်ပုံစံမျိုး လုံးဝမတွေ့ရချေ။ တစ်ချက်ပဲဖြစ်နိုင်၏။ ယင်းမှာ မိုးနဂါးထုံဝေက မိမိအား လိမ်ညာလိုက်ခြင်းပင်ဖြစ်သည်။ ထန်စုကျင်းမှာ ပို၍သေချာအောင် ထပ်မံတူးပြန်ရာ အတန်ငယ်နက်သည့်တိုင် မည်သည့်အရာမျှ မတွေ့ရချေ။

အလိမ်ခံရကြောင်းမှာ ပို၍သေချာသလို ဖြစ်လာသဖြင့် ထန်စုကျင်းစိတ်ထဲတွင် ဒေါသအကြီးအကျယ်ထွက်လာမိတော့၏။

သို့သော် .... ကျောက်စိမ်းဓားတွေ့လိုသောဆန္ဒက ပြင်းပြနေသဖြင့် စိတ်မလျှော့ဘဲ ဆက်လက်၍တူးမိပြန်၏။ အတန်ငယ်နက်သည်အထိတူးမိလာသောအခါ သူ၏ဓားတိုသည် မာကြောသည့်အရာတစ်ခုနှင့်ထိတွေ့မိလေတော့၏။

"ဒုတ် .... "

ထန်စုကျင်းအားတက်သွားပြီး လက်နှစ်ဖက်ဖြင့်မြေကြီးကို အားရပါးရယက်ထုတ်လိုက်၏။

"ဟင် .... "

မမျှော်လင့်ဘဲတွေ့လိုက်ရသည့်အရာကြောင့် ထန်စုကျင်းမှာ ကြက်သီးမွေးညင်းထကာ ခေါင်းနပန်းပင်ကြီးသွားမိ၏။

သူတွေ့လိုက်ရသည့်အရာကား ဖြူဖွေးနေသည့်အရိုးခေါင်းတစ်ခုဖြစ်သည်။ ထန်စုကျင်းမှာ ပထမတွင်ကြောင်သွား၏။

ပြီးနောက် ဆက်လက် တူးဖော်ပြန်ရာ ကျောရိုး၊ ပခုံးရိုးများစသည်များ ဆက်တိုက်ထွက်ပေါ်လာသည်။ ဤဘုရားကျောင်းကို တည်ဆောက်ခဲ့သည်မှာကြာညောင်းခဲ့ပြီဖြစ်ရာ မည်သည့်နည်းနှင့်မျှ သင်္ချိုင်းမြေ မဖြစ်နိုင်ချေ။ ယခု အဘယ်ကြောင့် ဤအရိုးစုများ ရှိနေရပါသနည်း။ သေဆုံးသူ အရိုးစုပိုင်ရှင်သည် မည်သူနည်း။

အဘယ်ကြောင့် ဤကျောင်းဝင်းအတွင်း၌ မြှုပ်နှံထားရပါသနည်း။

ထန်စုကျင်းမှာ အတန်ကြာအောင် တွေးနေပြီးနောက် မြေကြီးများကို ဆက်လက်၍တူးဖော်ပြန်သည်။ မကြာမီ တစ်ထောင်ခန့်အရှည်ရှိပြီး မည်းညစ်ညစ်အရောင် ထွက်နေသော ရှည်ရှည်လုံးလုံး အရာတစ်ခုကိုတွေ့လိုက်ရ၏။

ထန်စုကျင်းက ထိုအရာအားကောက်ယူပြီး လက်ထဲမှဓားတိုဖြင့် ဆွဲခြစ်ကြည့်လိုက်၏။ ဤတွင် ကြေးနီရောင်တောက်နေသော ဓားအိမ်သဏ္ဌာန်အရာတစ်ခု ထင်ထင်ရှားရှားပေါ်လာလေသည်။

အက်ကြောင်းတစ်ခုကိုတွေ့ရပြီး ထိုအက်ကြောင်း၏တစ်ဘက်ထိပ်တွင် ခလုတ်သဏ္ဌာန်အရာတစ်ခုကိုတွေ့ရ၏။

ထိုခလုတ်သဏ္ဌာန်အရာကို အားဖြင့်ဖိတွန်းကြည့်လိုက်ရာ အက်ကြောင်းနေရာမှ တဖြည်းဖြည်းဟ၍ပွင့်လာပြီး ပြိုးပြိုးပြက်ပြက်အရောင်များ တိုးထွက်လာသည်ကိုတွေ့လိုက်ရ၏။

ထန်စုကျင်းမှာ စိတ်မထိန်းနိုင်တော့ဘဲ အက်ကြောင်းနေရာမှ အတင်းဆွဲ၍ဟလိုက်သည်။ ဤတွင် စူးရှတောက်ပြောင်နေ သောအလွန်တရာထူးဆန်းသည့်ဓားတစ်လက်အား တွေ့မြင်လိုက်ရလေတော့၏။

♦ ♦ ♦



ထန်စုကျင်းသည် ကျောက်စိမ်းဓားကို တစ်ခါမျှမမြင်ဖူးသော်လည်း ယခုတွေ့ရှိရသောဓားမှာ ကျောက်စိမ်းဓားဖြစ်ကြောင်း တပ်အပ်သိလိုက်လေသည်။ ထို့ကြောင့် ကြေးနီရောင်ဗူးရှည်ကို ပြန်ပိတ်ပြီး ဘုရားကျောင်းမှထွက်ခဲ့သည်။

တောင်ပေါ်လမ်းကြားအတိုင်း ခပ်သွက်သွက်လျှောက်လာရာ တောင်ကွေ့တစ်ခုသို့အရောက်တွင် ဟစ်အော်ဟန့်တားလိုက်သည့် အသံတစ်သံကိုကြားလိုက်ရ၏။

"ဟေ့ .... ရပ်လိုက်"

ထန်စုကျင်းမှာ ထိတ်ခနဲဖြစ်သွားပြီး ဝန်းကျင်သို့ လျင်မြန်စွာဝေ့ပတ်ကြည့်လိုက်သည်။ သို့သော် .... လူရိပ်လူယောင်ဟူ၍ လုံးဝမတွေ့ရဘဲရှိသည်။

ထိုစဉ် ကြမ်းတမ်းခက်ထန်သောအသံတစ်သံ ဆက်တိုက်ထွက်ပေါ်လာပြန်သည်။

"မင်းရဲ့နာမည်နဲ့ ရာဇဝင်ကိုပြောစမ်း"

အသံမှာ လမ်းဘေးသစ်တောအုပ်အတွင်းမှဖြစ်သည်။ ဤတွင် ထန်စုကျင်းမှာ မိမိအားပြောနေခြင်းမဟုတ်ကြောင်း သဘောပေါက်သွား၏။ မိမိနှင့်မသက်ဆိုင်သဖြင့် စွက်ဖက်ရန်စိတ်မကူးဘဲ ရှေ့သို့ဆက်လျှောက်လာခဲ့၏။ ထိုစဉ် .... ခက်ထန်မာကျောသည့်အသံကိုဆက်၍ကြားရပြန်သည်။

"ဒီနယ်တစ်ဝိုက်မှာ လူစိမ်းဖြတ်သန်းသွားလာခွင့်မရှိဘူးဆိုတာ မသိသေးဘူးထင်တယ်၊ ကဲ .... မသိလို့ဝင်လာပြီးမှတော့ နာမည်လေးနဲ့ ဘာ့ကြောင့် ကျူးကျော်ဝင်ရောက်ရတဲ့အကြောင်းကို ပြောပြပါဦး"

မရှေးမနှောင်းပင် တစ်ဘက်မှလေးလံသောအသံတစ်သံ ထွက်ပေါ်လာပြန်၏။

"ဒီနေရာတစ်ဝိုက်ကို နဂါးပျံ့ဂိုဏ်းရဲ့နယ်မြေလို့ ဘယ်တုန်းကသတ်မှတ်လိုက်တာလဲ"

နဂါးပျံ့ဂိုဏ်းဟူသည့်အသံကြောင့် လှမ်းနေသော ထန်စုကျင်း၏ခြေအစုံသည် တုံ့ခနဲရပ်တန့်သွားတော့၏။ အ-ံများက ဆက်လက်ထွက်ပေါ်လာပြန်သည်။

"ဒါကို မေးနေစရာမလိုဘူး"

တစ်ဖက်မှလေးလံသောအသံရှင်က ....

"ကျုပ်ကလဲ မမေးလိုဘူး၊ ဒါပေမယ့် ကျုပ်ကို ဘာကြောင့်ဟန့်တားရတာလဲဆိုတာတော့ သိချင်တယ်"

"နာမည်ကို ပြောပါ"

"မပြောဘူးဆိုရင်ကော ...."

"ဒီနေရာမှာ အမိန့်ကိုလွန်ဆန်ရဲတဲ့လူ မရှိသေးဘူး"

လေးလံသောအသံရှင်က တဟဲဟဲရယ်လိုက်၏။

"ဟဲ .... ဟဲ .... နဂါးပျံ့ဂိုဏ်းဟာ တစ်လောကလုံးကို လွှမ်းခြုံမထားနိုင်သေးပါဘူး"

"ဒါတော့ စမ်းကြည့်ချင် စမ်းကြည့်ပေါ့"

သူတို့ပြောနေသောစကားများအရ နဂါးပျံ့ဂိုဏ်းသည် ဤနေရာတွင် အခြေချထားကြောင်းသိရ၏။

သို့သော် မိမိလာစဉ်က မည်သည့်အဟန့်အတားအနှောင့်အယှက်မှမကြုံခဲ့ရ။

သူတို့ မည်သည့်နေရာသို့ ရောက်နေသနည်း။



ထန်စုကျင်းစဉ်းစားနေစဉ် လေးလံသောအသံထွက်ပေါ်လာလေသည်။

"ကျုပ်သွားမယ်၊ ကျုပ်မှာအချိန်မရှိဘူး"

"သွားရဲရင် သွားကြည့်လေ"

"မင်းတို့လောက်တော့ မှုစရာမလိုပါဘူး"

"တောက် ...."

ဆက်တိုက်ဆိုသလိုပင် ရုတ်ရုတ်သဲသဲအသံများ ထွက်ပေါ်လာလေသည်။ ထန်စုကျင်းမှာ နောက်သို့ပြန်လှည့်လိုက်ပြီး တောအုပ်တစ်ခုအတွင်းဝင်ရောက်ပုန်းကွယ်လိုက်၏။

ဤသစ်တောမှာ အခြားသစ်တောများနှင့်မတူချေ။

သစ်တော၏အခြားတစ်ဘက်ဝွင် လမ်းမကြီးတစ်ခုရှိနေလေသည်။ ထန်စုကျင်းက သစ်တော၏သည်ဘက်ကြားလမ်းလေးမှ လျှောက်လာခြင်းဖြစ်သည်။

◆ ◆ ◆

## နတ်ဓားရှင်

ထန်စုကျင်း လမ်းမကြီးဆီသို့ချောင်း၍ကြည့်လိုက်၏။ လူရှစ်ယောက်သည် လက်နက်ကိုယ်စီကိုင်လျက် လမ်းမကြီးကိုပိတ်ဆို့ကာ လူကြီးတစ်ယောက်ကိုဟန့်တားထား၏။

ဟန့်တားခံရသူမှာ အသက်ငါးဆယ်ခန့်ရှိ လူကြီးတစ်ဦးဖြစ်ပြီး အညိုရောင်ဝတ်စုံဝတ်ဆင်ထား၏။ ဦးခေါင်းပေါ်တွင် ခမောက်ကြီးတစ်ခုကိုအောက်သို့စိုက်၍ဆောင်းထား၏။

ထို့ကြောင့် ထိုလူကြီး၏မျက်နှာအား သေချာစွာမမြင်ရချေ။ ဟန့်တားနေသည့်နဂါးပျံဂိုဏ်း၏ခေါင်းဆောင်မှာ မုတ်ဆိတ်မွေးထူလဗျစ်နှင့်လူသန်ကြီးဖြစ်၏။ ထိုလူသန်ကြီးက ဒေါသတကြီးဖြင့် ....

"မိတ်ဆွေ .... ကျုပ်တို့ပြောတဲ့အတိုင်း လိုက်နာပါ"

အညိုရောင်ဝတ်စုံနှင့်အဘိုးကြီးက ....

"ကျုပ်လမ်းမှားပြီးရောက်လာခဲ့တာပါ၊ ဒါကို မင်းတို့မကျေနပ်ရင် ဒီကနေ နောက်ပြန်လှည့်သွားရုံပဲပေါ့"

လူသန်ကြီးက တဟဲဟဲရယ်လိုက်ပြီး ....

"နောက်ပြန်လှည့်မယ်ဟုတ်လား၊ မိတ်ဆွေအတွက် အချိန်နှောင်းသွားပြီ"



သူ့စကားကိုဂရုမစိုက်ဘဲ အညိုရောင်ဝတ်စုံနှင့်လူကြီးက နောက်ပြန်လှည့်ထွက်သွား၏။ ဤတွင် ....

"ရပ်လိုက်"

အမိန့်ပေးသံနှင့်အတူ ဓားရှစ်လက်မှာ နေရာခွဲ၍တိုးဝင်လာ၏။ အညိုရောင်ဝတ်စုံနှင့်လူကြီးကလည်း မခေပေ။

နေရာခွဲ၍ဝင်ရောက်လာသောဓားရှစ်လက်ကြားမှ ရိပ်ခနဲရှောင်ထွက်သွားသည်။ ထို့နောက် လမ်းမကြီးအတိုင်း ခြေလှမ်းကျဲကျဲဖြင့် ဆက်လက်လျှောက်သွားသည်။ လူရိပ်များက သူ့နောက်သို့ထပ်မံလိုက်လာကြပြီး ဝိုင်းအုံလိုက်ပြန်သည်။

ဝတ်စုံအညိုနှင့်လူကြီးမှာ လူရှစ်ယောက်၏အလယ်တွင် ဒုတိယအကြိမ် အဝိုင်းခံလိုက်ရပြန်သည်။ ဤမြင်ကွင်းအား ကြည့်နေသောထန်စုကျင်းမှာ ဒေါသဖြစ်လာမိတော့၏။ အညိုရောင်ဝတ်စုံနှင့်အဘိုးကြီးက အားလုံးကိုတစ်ချက်ဝေ့ကြည့်လိုက်ပြီး ....

"ဘာလဲ ငါ့ကိုဓားထုတ်စေချင်လို့လား"

လူသန်ကြီးက အသံမာမာဖြင့် ....

"ထုတ်ချင်ရင်ထုတ်လိုက်ပေါ့၊ မတားပါဘူး"

အညိုရောင်ဝတ်စုံနှင့်အဘိုးကြီးက နောက်ကျောတွင် ပိုးထားသည့်အထုပ်ရှည်အားဖြုတ်ယူပြီး ကန့်လန့်ဖြတ်ကိုင်ကာ ....

"ဟင်း .... ဟင်း .... ငါ လူမသတ်ချင်သေးဘူး"

အညိုရောင်ဝတ်စုံနှင့်လူကြီးသည် ခမောက်ကို အထက်သို့ပင့်တင်ပြီး စူးရှသောမျက်လုံးအစုံဖြင့် လူသန်ကြီးအား စိုက်ကြည့်လိုက်သည်။ လူသန်ကြီးမှာ မျက်နှာတစ်ချက်ပျက်သွားပြီး နောက်သို့ခြေနှစ်လှမ်းခန့်ဆုတ်သွားလေသည်။

လက်ထဲမြှောက်ကိုင်ထားသောဓားသည်လည်း အောက်သို့ ငိုက်စိုက်ကျသွားတော့၏။ တခြားသိုင်းသမားများလည်း နောက်သို့ အသီးသီးဆုတ်သွားကြတော့၏။ ခပ်လှမ်းလှမ်းမှ ချောင်းကြည့်နေသောထန်စုကျင်းမှာ ဤပုဂ္ဂိုလ်ကြီးသည် အဆင့်မြင့်သိုင်းဆရာကြီး တစ်ဦးဖြစ်လိမ့်မည်ဟု ခန့်မှန်းလိုက်မိ၏။

ထိုစဉ် .... မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာသည်။

တစ်ခဏအတွင်းမှာပင် မြင်းတစ်စီးနှင့်လူတစ်ယောက် ရောက်ရှိလာ၏။ လူသန်ကြီးနှင့်ကျန်လူအားလုံးက မြင်းဖြင့်ရောက် လာသူအား ဦးညွှတ်အရိုအသေပေးလိုက်ကြသည်။ ထန်စုကျင်းက မြင်းပေါ်မှလူအားလှမ်းကြည့်လိုက်ရာ သူတွေ့ချင်နေသော ကျောက် ကျစ်ကိုယ်တော်ဖြစ်ကြောင်း အံ့သြစွာတွေ့လိုက်ရ၏။

ကျောက်ကျစ်ကိုယ်တော်အား ဤနေရာမျိုးတွင် တွေ့ရ လိမ့်မည်ဟုမမျှော်လင့်ခဲ့ပေ။ အညိုရောင်ဝတ်စုံနှင့် အဘိုးကြီးက လည်း ဦးခေါင်းကိုပြန်၍စိုက်ထား၏။ လက်ထဲမှအထုပ်ကိုမူ ရင်ဘတ် ရှေ့တွင်ကိုင်ထားဆဲဖြစ်သည်။

ကျောက်ကျစ်ကိုယ်တော်က မြင်းပေါ်မှခုန်ဆင်းပြီး မြင်းဇက် ကြိုးကို ဂိုဏ်းသားတစ်ဦးအား ပေးလိုက်သည်။

လူသန်ကြီးက ခါးကိုကိုင်း၍ဦးညွှတ်လိုက်ပြီး ....

"ကျွန်တော်မျိုးက ကျောက်စုန်းတောင်ဂိုဏ်းခွဲမှူးဂူလုံဝှာ ပါ၊ ဟောဒီလူကြီးက သတ်မှတ်နယ်မြေအတွင်းဝင်ရောက်လာတဲ့ အတွက် ဟန့်တားပြီး နာမည်နဲ့လာရင်းအကြောင်းကို မေးမြန်းနေ တာ လုံးဝပြန်မဖြေပါဘူး၊ ဒီကိစ္စကို သခင်လေးကိုယ်တိုင်ဖြေရှင်းပေး ပါ"



ကျောက်ကျစ်ကိုယ်တော်၏မျက်လုံးအစုံက အညိုရောင် ဝတ်စုံနှင့်လူကြီးထံသို့ကျရောက်သွား၏။ ထို့နောက် အေးစက်မာ ကျောသောလေသံဖြင့် ....

"မိတ်ဆွေက ဘာပြောစရာများရှိသေးသလဲ"

ဤတွင် ... ဝတ်စုံအညိုနှင့်အဘိုးကြီးက ကောက်ကျစ်ကိုယ် တော်အားမော့မကြည့်ဘဲ လေးလံသောအသံဖြင့်ပြောလိုက်သည်။

"ကျုပ်ခရီးကိုကျုပ်သွားရင်း မမျှော်လင့်ဘဲ ဒီနယ်မြေကို ဖြတ်သန်းဝင်ရောက်လာမိတာပါ၊ ဒီအတွက် ခွင့်လွှတ်စေချင်တယ်"

ကောက်ကျစ်ကိုယ်တော်က အေးစက်စွာရယ်လိုက်၏။

"တမင်သက်သက် ဝင်ရောက်လာတာလား၊ ဒါမှမဟုတ် မ မျှော်လင့်ဘဲဝင်ရောက်မိတာလား"

"မမျှော်လင့်ဘဲရောက်လာမိတာပါ"

"ဒါဆို ဘာဖြစ်လို့ နာမည်ကိုထုတ်ဖော်မပြောရတာလဲ"

ဤတွင် အညိုရောင်ဝတ်စုံနှင့် အဘိုးကြီးမှာ နှုတ်မှပြန်မဖြေ ပဲ ခမောက်ကြီးကို အပေါ်သို့မတင်၍ ခေါင်းကိုမော့လိုက်၏။

သူ့အား စိုက်ကြည့်နေသော ကောက်ကျစ်ကိုယ်တော်နှင့် မျက်လုံးချင်းဆုံသွား၏။ ကောက်ကျစ်ကိုယ်တော်၏မျက်လုံးအစုံတွင် ထိတ်လန့်တုန်လှုပ်မှုက ချက်ချင်းပေါ်လာ၏။

ဤသည်ကိုကြည့်ရခြင်းအားဖြင့် .... အညိုရောင်ဝတ်စုံနှင့် အဘိုးကြီးမှာ အဆင့်မြင့်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်မည်မှာသေချာနေ၏။

အတန်ကြာသောအခါ ဝတ်စုံအညိုနှင့်အဘိုးကြီးထံမှစကား သံထွက်လာ၏။

"ကဲ .... ကျုပ်နာမည်ပြောဖို့လိုသေးလား"

ယခုမှပင် ထန်စုကျင်းမှာ အညိုရောင်ဝတ်စုံနှင့် အဘိုးကြီး၏မျက်နှာကို အသေအချာတွေ့လိုက်ရတော့၏။ ကောက်ကျစ်ကိုယ်တော်က အနည်းငယ်တုန်ယင်သောအသံဖြင့် ....

"နာမည်ပြောဖို့လိုအပ်ပါတယ်"

"တကယ်လို့ ကျုပ်ကမပြောဖူးဆိုရင်ကော ...."

"ဟား .... ဟား .... ဒါဆို မိတ်ဆွေရဲ့ဦးခေါင်းကိုထားခဲ့ရမှာပေ့ါ"

"ဟင်း .... ဟင်း .... ကျုပ်က ဘယ်တုန်းကမှ သူတစ်ပါးရဲ့အမိန့်ကိုနာခံတတ်တဲ့လူစားမျိုးမဟုတ်ဘူး"

"ဟာ .... ဒါဆိုသိပ်ကောင်းတာပေ့ါ၊ ကျုပ်ကလဲ အဲဒီလိုခေါင်းမာတဲ့လူကိုမှအမိန့်ပေးချင်တာ၊ ကဲ .... ဟေ့ .... တက်ကြစမ်း"

အမိန့်ပေးသံကြောင့် သိုင်းသမားလေးဦးမှာ ဓားကိုဆွဲထုတ်ပြီး ရှေ့သို့တက်လာကြ၏။ အညိုရောင်ဝတ်စုံနှင့်အဘိုးကြီးမှာ လုံးဝလှုပ်ရှားခြင်းမရှိချေ။

ဓားလေးလက်မှာ မတူသောနေရာလေးနေရာမှ ပြိုင်တူတိုးဝင်လာ၏။ အညိုရောင်ဝတ်စုံနှင့်လူကြီး၏လက်ထဲမှအထုပ်မှာလည်း လျင်မြန်စွာလှုပ်ရှားသွားပြီး ဓားချင်းထိသံများက ချက်ချင်းထွက်ပေါ်လာ၏။

သိုင်းသမားလေးဦးမှာ နောက်သို့လန်သွားပြီး ရှေ့သို့တဖန်ပြန်တက်လာပြန်၏။ ဒုတိယအကြိမ် နောက်သို့လန်ထွက်ပြန်၏။ ဤတစ်ကြိမ်တွင် အတွင်းအားပို၍သုံးလိုက်ဟန်တူ၏။

သိုင်းသမားလေးဦးမှာ နောက်သို့ပို၍ရွေ့သွား၏။

ထိုစဉ် .... ကောက်ကျစ်ကိုယ်တော်မှာ ရှေ့သို့တက်လာပြီး



လက်ကိုမြှောက်လိုက်ကာ အော်ဟစ်အမိန့်ပေးလိုက်၏။

"မင်းတို့နောက်ဆုတ်"

သိုင်းသမားလေးဦးစလုံး နောက်သို့ဆုတ်သွားကြ၏။

ကောက်ကျစ်ကိုယ်တော်၏မျက်လုံးအစုံမှ အေးစက်သောအလင်းတန်းများထွက်လာသကဲ့သို့ ညာဘက်လက်ချောင်းမှာလည်း ဖြည်းဖြည်းချင်းအပေါ်သို့ မြောက်တက်လာ၏။

လက်ကောက်ဝတ်နှင့်လက်ဖဝါးမှာ ချက်ချင်းပင် နီရဲလာ၏။ ကောက်ကျစ်ကိုယ်တော်၏လှုပ်ရှားမှုအလုံးစုံကို အညိုရောင်ဝတ်စုံနှင့်အဘိုးကြီးကကြည့်နေ၏။ ပြီးမှ အေးဆေးစွာပြောလိုက်၏။

"သခင်လေးရဲ့ နဂါးပျံသွေးလက်သဲကို ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းမြောက်လှပါတယ်"

"ယား ...."

ကောက်ကျစ်ကိုယ်တော်မှာ မာန်တစ်ချက်သွင်းလိုက်ပြီး အညိုရောင်ဝတ်စုံနှင့်အဘိုးကြီးလက်ထဲမှ အထုပ်အား သွေးလက်သည်းဖြင့်ဖမ်းဆွဲလိုက်၏။

ဤတွင် .... အညိုရောင်ဝတ်စုံနှင့်အဘိုးကြီးက ထူးဆန်းလျင်မြန်သောသိုင်းကွက်ကိုသုံး၍ ရှောင်တိမ်းလိုက်၏။

ကောက်ကျစ်ကိုယ်တော်၏သွေးလက်သည်းမှာ လေကိုသာဖမ်းမိသွားတော့၏။ ကောက်ကျစ်ကိုယ်တော်က ထပ်မံ၍ဖမ်းဆွဲရားလိုက်ပြန်၏။

"ဗြဲ ...."

ဤတစ်ကြိမ်တွင်တော့ ဝတ်စုံအညိုနှင့်အဘိုးကြီးလက်ထဲမှအထုပ်ကိုဖမ်းဆွဲမိကာ ဗြဲခနဲပြဲသွားလေတော့၏။

ဝတ်စုံအညိုနှင့် အဘိုးကြီးက နောက်သို့သုံးလှမ်းခန့်ခုန်၍ ဆုတ်လိုက်၏။ အဝတ်စမှာ မြေပေါ်သို့ကျသွားပြီး သူ့လက်ထဲတွင် တံစဉ်သဏ္ဍာန်လက်နက်တစ်ခုက ရောက်ရှိနေ၏။

ကျောက်ကျစ်ကိုယ်တော်မှာ အံ့သြတကြီးဖြင့် ....

"ဩော် .... မိတ်ဆွေကြီးက နတ်ဓားရှင်ကျောက်လုံကိုး၊ တွေ့ရတာဝမ်းသာပါတယ်"

နတ်ဓားရှင်ကျောက်လုံဆိုသည့်စကားငါးလုံး ထန်စုကျင်း၏ နားထဲသို့ရောက်သွားသည်နှင့် ရင်ခုန်နှုန်းမှာ သိသိသာသာမြန်၍သွားတော့၏။ ဤနတ်ဓားရှင်ကျောက်လုံမှာ ကျောက်စိမ်းဓားလုယူမှု ကိစ္စတွင် လူသတ်သမားအဖွဲ့ဝင်တစ်ဦး ဖြစ်နေသောကြောင့်ဖြစ်၏။

ယခုကဲ့သို့ ဤနေရာတွင် တိုက်တိုက်ဆိုင်ဆိုင်တွေ့ရလိမ့်မည်ဟု ထန်စုကျင်း မမျှော်လင့်ခဲ့ချေ။

"ဟုတ်ပါတယ်၊ ကျုပ်ဟာ နတ်ဓားရှင်ကျောက်လုံအစစ်ပါ"

ကျောက်ကျစ်ကိုယ်တော်မှာ တိုက်ရန်ပြင်ထားသော သွေးလက်သည်းကို ရုပ်သိမ်းလိုက်ပြီး လေးလံသောအသံဖြင့် ....

"နောင်ကြီးကို ကျုပ်အကြံဉာဏ်တစ်ခုတင်ပြချင်ပါတယ်"

"ဘယ်လို အကြံဉာဏ်မျိုးပါလဲ"

"နောင်ကြီးအနေနဲ့ ကျုပ်တို့ဂိုဏ်းထဲဝင်ရင် ကောင်းမယ်ဆိုတဲ့အကြံဉာဏ်ပဲ"

နတ်ဓားရှင်ကျောက်လုံမှာ အံ့အားသင့်သွားပြီး ....

"မင်းတို့ဂိုဏ်းထဲဝင်ရမယ်ဟုတ်လား၊ ဒါတော့ မဖြစ်နိုင်ဘူး ထင်တယ်"

"ဘယ်လိုကြောင့်ပါလဲ၊ ရေတိမ်မှာ ငါးကြီးကြီးမွေးလို့မရနိုင်ဘူးထင်လို့လား"

နတ်ဓားရှင်ကျောက်လုံကခေါင်းကိုခါယမ်းလိုက်ပြီး ....

"ဒီသဘောမဟုတ်ပါဘူး၊ ကျုပ်အနေနဲ့ သိုင်းလောကကို ငြီးငွေ့နေတာမို့ လယ်ယာအလုပ်ထဲမှာဇာတ်မြှုပ်ပြီးနေတော့မယ်လို့ စိတ်ကူးထားလို့ပါ"

ကျောက်ကျစ်ကိုယ်တော်က တဟားဟားရယ်လိုက်ပြီး ....

"သိုင်းလောကမှာ ဒီလောက်နာမည်ကြီးလှတဲ့နတ်ဓားရှင် ကဓားကိုစွန့်ပြီးလယ်ထွန်တော့မယ် ဟုတ်လား၊ **အဓိကက**တော့ ရှောင်တိမ်းနေချင်တဲ့သဘောပဲမဟုတ်လား"

နတ်ဓားရှင် မျက်နှာတစ်ချက်ပျက်သွား၏။

"သခင်လေး ဘာကိုဆိုလိုချင်တာလဲ"

"ဘာပဲဖြစ်ဖြစ်လေ၊ ခင်ဗျားဟာ ကျုပ်ပြောတဲ့အတိုင်း ကျုပ်နဲ့နားလည်မှုယူရင် ပိုကောင်းလိမ့်မယ်"

"ကျုပ်ရဲ့ဆုံးဖြတ်ချက်ကိုမပြင်နိုင်ဘူး"

ကျောက်ကျစ်ကိုယ်တော်က တစ်ချက်ပြုံးလိုက်ပြီး ....

"လောကကြီးဟာကျယ်ဝန်းလှပေမယ့် ခင်ဗျားပုန်းအောင်းနိုင်မယ့်နေရာမရှိတော့ပါဘူး၊ သံမဏိလက်ညှိုးသိုင်းသမား ထန်စုကျင်း၊ ဝိညာဉ်နှုတ်အဘိုးကြီးနဲ့ ဝိညာဉ်ခေါ်အလံတို့ဟာ တစ်ချိန်က ကျောက်စိမ်းဓားအရုပ်တော်ပုံကိုလိုက်လံရှာဖွေနေတယ်၊ ခင်ဗျားလဲ တစ်ချိန်က ဒီကျောက်စိမ်းဓားအရုပ်တော်ပုံထဲမှာပါခဲ့တာဆိုတော့ ပြေးလို့မလွတ်တော့ပါဘူး၊ ဒါကြောင့် .... ကျုပ်ရဲ့ကမ်းလှမ်းချက်ကို လက်ခံစေချင်တယ်"

နတ်ဓားရှင် မျက်နှာရှုံ့မဲ့သွားပြီး ....

ဝတ်စုံအညိုနှင့် အဘိုးကြီးက နောက်သို့သုံးလှမ်းခန့်ခုန်၍ ဆုတ်လိုက်၏။ အဝတ်စမှာ မြေပေါ်သို့ကျသွားပြီး သူ့လက်ထဲတွင် တံစဉ်သဏ္ဌာန်လက်နက်တစ်ခုက ရောက်ရှိနေ၏။

ကျောက်ကျစ်ကိုယ်တော်မှာ အံ့သြတကြီးဖြင့် ....

"ဩော် .... မိတ်ဆွေကြီးက နတ်ဓားရှင်ကျောက်လုံကိုး၊ တွေ့ရတာဝမ်းသာပါတယ်"

နတ်ဓားရှင်ကျောက်လုံဆိုသည့်စကားငါးလုံး ထန်စုကျင်း၏ နားထဲသို့ရောက်သွားသည်နှင့် ရင်ခုန်နှုန်းမှာ သိသိသာသာမြန်၍သွားတော့၏။ ဤနတ်ဓားရှင်ကျောက်လုံမှာ ကျောက်စိမ်းဓားလုယူမှုကိစ္စတွင် လူသတ်သမားအဖွဲ့ဝင်တစ်ဦး ဖြစ်နေသောကြောင့်ဖြစ်၏။

ယခုကဲ့သို့ ဤနေရာတွင် တိုက်တိုက်ဆိုင်ဆိုင်တွေ့ရလိမ့်မည်ဟု ထန်စုကျင်း မမျှော်လင့်ခဲ့ချေ။

"ဟုတ်ပါတယ်၊ ကျုပ်ဟာ နတ်ဓားရှင်ကျောက်လုံအစစ်ပါ"

ကျောက်ကျစ်ကိုယ်တော်မှာ တိုက်ရန်ပြင်ထားသော သွေးလက်သည်းကို ရုပ်သိမ်းလိုက်ပြီး လေးလံသောအသံဖြင့် ....

"နောင်ကြီးကို ကျုပ်အကြံဉာဏ်တစ်ခုတင်ပြချင်ပါတယ်"

"ဘယ်လို အကြံဉာဏ်မျိုးပါလဲ"

"နောင်ကြီးအနေနဲ့ ကျုပ်တို့ဂိုဏ်းထဲဝင်ရင် ကောင်းမယ်ဆိုတဲ့အကြံဉာဏ်ပဲ"

နတ်ဓားရှင်ကျောက်လုံမှာ အံ့အားသင့်သွားပြီး ....

"မင်းတို့ဂိုဏ်းထဲဝင်ရမယ်ဟုတ်လား၊ ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ဘယ်လိုကြောင့်ပါလဲ၊ ရေတိမ်မှာ ငါးကြီးကြီးမွေးလို့မရနိုင်ဘူးထင်လို့လား"



နတ်ဓားရှင်ကျောက်လုံကခေါင်းကိုခါယမ်းလိုက်ပြီး ....

"ဒီသဘောမဟုတ်ပါဘူး၊ ကျုပ်အနေနဲ့ သိုင်းလောကကို ငြီးငွေ့နေတာမို့ လယ်ယာအလုပ်ထဲမှာဇာတ်မြှုပ်ပြီးနေတော့မယ်လို့ စိတ်ကူးထားလို့ပါ"

ကျောက်ကျစ်ကိုယ်တော်က တဟားဟားရယ်လိုက်ပြီး ....

"သိုင်းလောကမှာ ဒီလောက်နာမည်ကြီးလှတဲ့နတ်ဓားရှင်ကဓားကိုစွန့်ပြီးလယ်ထွန်တော့မယ် ဟုတ်လား၊ **အဓိက**ကတော့ ရှောင်တိမ်းနေချင်တဲ့သဘောပဲမဟုတ်လား"

နတ်ဓားရှင် မျက်နှာတစ်ချက်ပျက်သွား၏။

"သခင်လေး ဘာကိုဆိုလိုချင်တာလဲ"

"ဘာပဲဖြစ်ဖြစ်လေ၊ ခင်ဗျားဟာ ကျုပ်ပြောတဲ့အတိုင်း ကျုပ်နဲ့နားလည်မှုယူရင် ပိုကောင်းလိမ့်မယ်"

"ကျုပ်ရဲ့ဆုံးဖြတ်ချက်ကိုမပြင်နိုင်ဘူး"

ကျောက်ကျစ်ကိုယ်တော်က တစ်ချက်ပြုံးလိုက်ပြီး ....

"လောကကြီးဟာကျယ်ဝန်းလှပေမယ့် ခင်ဗျားပုန်းအောင်းနိုင်မယ့်နေရာမရှိတော့ပါဘူး၊ သံမဏိလက်ညှိုးသိုင်းသမား ထန်စုကျင်း၊ ဝိညာဉ်နှုတ်အဘိုးကြီးနဲ့ ဝိညာဉ်ခေါ်အလံတို့ဟာ တစ်ချိန်က ကျောက်စိမ်းဓားအရုပ်တော်ပုံကိုလိုက်လံရှင်းလင်းနေတယ်၊ ခင်ဗျားလဲ တစ်ချိန်က ဒီကျောက်စိမ်းဓားအရုပ်တော်ပုံထဲမှာပါခဲ့တာဆိုတော့ ပြေးလို့မလွတ်တော့ပါဘူး၊ ဒါကြောင့် .... ကျုပ်ရဲ့ကမ်းလှမ်းချက်ကို လက်ခံစေချင်တယ်"

နတ်ဓားရှင် မျက်နှာရှုံ့မဲ့သွားပြီး ....

"ဒါဟာ ကျုပ်ရဲ့ကိစ္စပဲ၊ မင်းနဲ့ဘာမှမဆိုင်ဘူး၊ ကဲ .... ကျုပ်သွားတော့မယ်"

ပြောပြောဆိုဆို နတ်ဓားရှင်ကျောက်လုံက လှည့်ထွက်သွားရန်ဟန်ပြင်လိုက်၏။ ဤတွင် ကျောက်ကျစ်ကိုယ်တော်က လက်တစ်ဖက်ကိုဆန့်လိုက်ပြီး ....

"အို .... ဒီလိုသွားလို့ရရိုးလား"

ကျောက်ကျစ်ကိုယ်တော်က ပြောဆိုအော်ဟစ်ရင်း နတ်ဓားရှင်အား စတင်တိုက်ခိုက်လိုက်တော့၏။

နတ်ဓားရှင်ကျောက်လုံမှာ လှည့်ထွက်ရန်ဟန်ပြင်နေရာမှ လက်ထဲမှသက်တန့်ကွေးလက်နက်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်လိုက်၏။ ကျောက်ကျစ်ကိုယ်တော်မှာ နောက်သို့သုံးလေးလှမ်းခန့်ဆုတ်သွားလေသည်။

"ဟေ့ကောင်တွေ ဘာရပ်ကြည့်နေတာလဲ၊ တက်တိုက်ကြစမ်း"

ကောက်ကျစ်ကိုယ်တော်မှာ ဒေါသတကြီးဖြင့် အော်ဟစ်အမိန့်ပေးလိုက်၏။ ကြောင်လျက်ရပ်ကြည့်နေသော နဂါးပျံဂိုဏ်းသားများမှာ ကျောက်ကျစ်ကိုယ်တော်၏အမိန့်ပေးသံကြောင့် လှုပ်ရှားလာပြီး နတ်ဓားရှင်ကျောက်လုံအား တစ်ဟုန်ထိုးဝင်ရောက်တိုက်ခိုက်ကြလေတော့၏။

နဂါးပျံဂိုဏ်းသားတို့၏ တိုက်ခိုက်မှုကို နတ်ဓားရှင်ကျောက်လုံက အေးဆေးတည်ငြိမ်စွာခုခံရင်း တန်ပြန်တိုက်ကွက်များဖြင့် ထိုးနှက်တိုက်ခိုက်နေ၏။ နဂါးပျံဂိုဏ်းသားတို့မှာ နတ်ဓားရှင်ကျောက်လုံ၏သက်တန့်ကွေးလက်နက်ဒဏ်ကိုမခံနိုင်ကြဘဲ တစ်ယောက်ပြီးတစ်ယောက်ကျဆုံးကုန်၏။ သို့ဖြင့် ... နောက်ဆုံးတွင် ကောက်ကျစ်ကိုယ်တော်တစ်ဦးသာကျန်တော့သည်။



ကောက်ကျစ်ကိုယ်တော်မှာ သူ၏ဂိုဏ်းသားများ အားလုံးအတုံးအရုန်းကျဆုံးကုန်သဖြင့် ဒေါသအကြီးအကျယ်ထွက်လာကာ နတ်ဓားရှင်အား အတင်းဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ကျောက်ကျစ်ကိုယ်တော်၏တိုက်ကွက်မှာ အလွန်ကြောက်စရာကောင်းလှသော တိုက်ကွက်မျိုးဖြစ်၏။

နတ်ဓားရှင်ကလည်း လုံးဝမရှောင်တိမ်းဘဲ ကျောက်ကျစ်ကိုယ်တော်၏ပြင်းထန်သောတိုက်ကွက်အား ပြင်းထန်သောအတွင်းအားဖြင့် ဆီး၍ခုခံလိုက်သည်။

"ဝုန်း ...."

အတွင်းအားနှစ်ခုတွေ့ဆုံမှုကြောင့် ဝုန်းခနဲမြည်သံထွက်သွားပြီး လူရိပ်နှစ်ခုပူးသွား၏။ လူရိပ်နှစ်ခုမှာ အတန်ကြာသည်အထိ ပူးနေပြီးနောက် ခွာလိုက်သည်။ ကျောက်ကျစ်ကိုယ်တော်မှာ ဝမ်းဗိုက်ကိုတစ်ချက်ပွတ်ပြီး မြေပေါ်သို့ထိုးလဲကျသွားတော့သည်။

နတ်ဓားရှင်၏ သက်တန့်ကွေးလက်နက်က ကျောက်ကျစ်ကိုယ်တော်၏ဝမ်းဗိုက်အားဖြတ်သန်းသွားခြင်းဖြစ်လေသည်။

"ဟား .... ဟား .... နတ်ဓားရှင်ဆိုတဲ့ နာမည်နဲ့တော့ လိုက်ဖက်ပါပေတယ်"

အသံမှာ နတ်ဓားရှင်၏နောက်ကျောဆီမှ ထွက်လာခြင်းဖြစ်၏။ နတ်ဓားရှင် နောက်သို့ရုတ်တရက်လှည့်ကြည့်လိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူရွယ်တစ်ဦးအား မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

"ဟင် .... မင်း .... မင်း .... ဘယ်သူလဲ"

"ခင်ဗျားကိုတွေ့ချင်လွန်းလို့လိုက်ရှာနေတဲ့ ထန်စုကျင်းလေ"

"ဟင် ....မင်း .... မင်း ထန်စုကျင်း"

နတ်ဓားရှင်ကျောက်လုံသည် စကားကိုဆုံးအောင် ပြောမနေတော့ဘဲ လက်ဦးမှုရယူလိုက်၏။ သူ့လက်ထဲမှ သက်တန့်ကွေးလက်နက်ဖြင့် ထန်စုကျင်းအား ခုတ်ချလိုက်သည်။ ထန်စုကျင်းကလည်း လျင်မြန်သောအဟုန်ဖြင့် ဓားတိုကိုဆွဲထုတ်ကာခုခံလိုက်၏။

"ထန်း ...."

လက်နက်နှစ်ခုထိတွေ့သံက ထန်းခနဲကျယ်လောင်စွာပေါ်ထွက်လာ၏။ နတ်ဓားရှင်မှာ နောက်သို့ခြေနှစ်လှမ်းခန့်ဆုတ်သွားပြီး လက်ထဲမှလက်နက်ကိုကြည့်လိုက်၏။

သူ့လက်ထဲမှသက်တံ့ကွေးလက်နက်မှာ ဓွေစောင်းကွေ့ကောက်လျက်ရှိသည်ကိုတွေ့လိုက်ရသဖြင့် လိပ်ပြာလွင့်မတတ်**ထိတ်လန့်တုန်လှုပ်သွားတော့၏။**

နတ်ဓားရှင်ကျောက်လုံမှာ အခြေအနေမဟန်မှန်း ချက်ချင်းရိပ်မိလိုက်ပြီဖြစ်၍ နောက်သို့လှည့်ပြေးရန်ပြင်လိုက်သည်။

"ဘယ်ပြေးမလို့လဲ"

အော်သံနှင့်အတူ လူရိပ်ကလည်း နတ်ဓားရှင်ကျောက်လုံ၏အနီးသို့ လျင်မြန်စွာရောက်ရှိလာ၏။ နတ်ဓားရှင်ကျောက်လုံမှာ လေလှိုင်းခတ်သံကိုကြားလိုက်ရပြီး ရှောင်တိမ်းချိန်မရတော့မှန်းသိသဖြင့် လက်ထဲမှပုံပျက်နေသော သက်တန့်ကွေးလက်နက်ဖြင့်နောက်လှည့်ပြီးခုခံလိုက်၏။



"ထန်း ...."

ထန်းခနဲမြည်သံထွက်လာပြီးနောက် နတ်ဓားရှင်၏လက်ထဲမှသက်တံ့ကွေးလက်နက်မှာလွင့်ထွက်သွားတော့သည်။

နတ်ဓားရှင်၏ခန္ဓာကိုယ်လည်း နောက်သို့ခြေတစ်လှမ်းဆုတ်သွားရ၏။ ထိုသို့ဆုတ်သွားစဉ် ထန်စုကျင်းက ရှေ့သို့တစ်လှမ်းတိုးပြီး ဓားတိုကိုရှေ့သို့ဆန့်ထုတ်လိုက်၏။

"အင့် ...."

ထန်စုကျင်း၏ဓားတိုမှာ နတ်ဓားရှင်၏နှလုံးအိမ်အတွင်းသို့ဖောက်ဝင်သွားတော့သည်။

"ဘိုင်း ...."

နတ်ဓားရှင်ကျောက်လုံ၏ခန္ဓာကိုယ်ကြီးမှာ မြေပေါ် လဲပြိုကျသွားလေသည်။ လဲကျသွားသော နတ်ဓားရှင်ကျောက်လုံအားကြည့်ကာ ထန်စုကျင်းတစ်ချက်ပြုံးလိုက်၏။ သူ့အပြုံးက အောင်နိုင်သောအပြုံး၊ သို့မဟုတ် တာဝန်ကျေသောအပြုံးသာလျှင် ဖြစ်ချေတော့၏။

◆ ◆ ◆

ထန်စုကျင်းသည် ခိုင်ဖုန်းမြို့သို့ ရောက်လာခဲ့သည်။

ယခု သူသည် သူ့မိဘနှစ်ပါးချန်ရစ်ခဲ့သည့်အမွေပစ္စည်းဖြစ်သောကျောက်စိမ်းဓားကိုလည်း ရရှိခဲ့ပေပြီ။

ထို့ပြင် .... သူ့မိဘနှစ်ပါးအားလုပ်ကြံသတ်ဖြတ်ခဲ့ကြသူများကိုလည်း ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ပေပြီ။

ယခု သူနောက်ဆုံးလုပ်ဆောင်ရမည့်ကိစ္စတစ်ခုမှာ ....

သူတိတ်တဆိတ်ပို့ဆောင်ဝှက်ထားခဲ့သော ဒုက္ခသည် ရှောင်မေလိန်းတို့ ညီအစ်မထံသွားပြီး ရုပ်ပြောင်းကိုယ်တော်ထံမှရရှိခဲ့သည့် ဆေးကို ပေးရန်ဖြစ်သည်။

ထို့ကြောင့် ထန်စုကျင်းသည် ရှောင်မေလိန်းတို့ ညီအစ်မ ပုန်းအောင်းနေရာ သီလရှင်ကျောင်းသို့ထွက်ခဲ့လေသည်။သီလရှင် ကျောင်းသို့ရောက်သောအခါ ကျောင်းတံခါးကိုကြည့်ပြီး တံခါးခေါက် ရကောင်းမကောင်းစဉ်းစားနေ၏။ နောက်ဆုံး ဆုံးဖြတ်ချက်ချကာ အတွင်းအားလှိုင်းကိုသုံး၍ဟစ်အော်လိုက်၏။

"ရှောင်စုလင် .... ရှောင်စုလင် ...."

ခဏအကြာ ကျောင်းတံခါးပွင့်လာပြီး ရှောင်စုလင်နှင့် ထင်းတလျှန်တို့ထွက်လာ၏။ ထန်စုကျင်းအနီးသို့ရောက်သည်နှင့် ထင်းတလျှန်သည် မအောင့်အီးနိုင်တော့ဘဲ အလောတကြီးမေးလိုက်လေသည်။

"မောင်ရှင့်ကို ဒေါ်ဒေါ်နဲ့ ဒီကသမီးစုလင်တို့ကမျှော်နေကြတာ၊ အခု ဘယ့်နှယ်လဲအခြေအနေ"

ထန်စုကျင်းကအရှိအသေပြုလိုက်ပြီး ....

"ကံကောင်းထောက်မစွာနဲ့ ဖြေဆေးကိုရခဲ့ပါပြီခင်ဗျာ"

ထင်းတလျှန်မှာ ဝမ်းသာလွန်းသောကြောင့်မျက်ရည်လည်လာပြီး ....

"အို .... ဒါဟာ ဘုရားသခင်ရဲ့ကျေးဇူးကြောင့်ပဲ"

ရှောင်စုလင်ကလည်း ထန်စုကျင်းအားကြည့်ကာ ....

"မမကိုယ်စား ကျွန်မကလဲကျေးဇူးတင်ပါတယ်"

ထန်စုကျင်းက ညင်သာစွာပြုံးလိုက်ပြီး ....



"အို .... မလိုဘူး၊ ရှောင်မေလိန်း စိတ်ပုံမှန်ပြန်ဖြစ်လာပြီး သူ့ချစ်သူအော့ယန်ဖန်နဲ့ပြန်တွေ့ရင်ပဲ ကျွန်တော့်အနေနဲ့ ကျေနပ်ဝမ်းမြောက်လှပါပြီ"

ထန်စုကျင်းကထိုသို့ပြောပြီး ဆေးထုပ်ကလေးကိုထုတ်ပေးလိုက်သည်။ ထို့နောက် ထင်းတလျှန်အားဦးညွှတ်ကာ ....

"ကဲ .... ဒေါ်ဒေါ် ကျွန်တော့်ကိုသွားခွင့်ပြုပါဦး"

ထင်းတလျှန်ကခေါင်းညိတ်လိုက်ပြီး ....

"အေးကွယ် .... မောင်မင်းကြီးသား သက်တော်ရာကျော်ရှည်ပါစေ"

ထင်းတလျှန်၏စကားဆုံးသည်နှင့် ထန်စုကျင်းမှာ ကျောင်းတံခါးဝမှလှည့်ထွက်ခဲ့တော့သည်။

◆ ◆ ◆

ထန်စုကျင်းမှာ ဝမ်းသာကြည်နူးသောစိတ်အစဉ်ဖြင့် ဖြည်းဖြည်းမှန်မှန်လျှောက်ခဲ့သည်။ ဝါးရုံတောတစ်ခုသို့အရောက်တွင် ရုတ်တရက် နှာသံပါပါအသံတစ်သံက ဘေးဘက်ဝါးရုံတောအတွင်းမှထွက်ပေါ်လာ၏။

"လူကလေးထန် .... နေပါဦး"

ထန်စုကျင်း၏လှမ်းနေသောခြေလှမ်း ရပ်တန့်သွား၏။

လှည့်မကြည့်ဘဲနှင့် အရိပ်မဲ့မှန်းသိလိုက်သည်။

အရိပ်မဲ့က ဝါးရုံတောအတွင်းမှထွက်လာပြီး ....

"မောင်ရင်အခု သီလရှင်ကျောင်းကို ဆေးပေးပြီးပြန်လာခဲ့တာမဟုတ်လား"

ထန်စုကျင်းမှာ အံ့အားသင့်သွားပြီး ....

"ဟင် .... ဆရာကြီးက ဘယ်လိုလုပ်သိနေတာလဲ"

"သိတာပေါ့၊ သိလို့ မောင်ရင့်ကိုတွေ့ဖို့ တမင်ဒီကနေစောင့်နေတာ"

"ပြောပါဦး ဘာများသတင်းထူးလို့လဲ"

အရိပ်မဲ့က ....

"မောင်ရင် ဝက်ပါတောင်ကြားမှာတွေ့ခဲ့တဲ့ မိုးနဂါးထုန်ဝေဟာတကယ်အစစ်ပဲ၊ အခုဂိုဏ်းချုပ်ရာထူးကို ဆက်လက်တာဝန်ထမ်းဆောင်နေတာက သူ့သားကျောက်ကျစ်ကိုယ်တော်၊ ဒါကြောင့် ကျောက်ကျစ်ကိုယ်တော်ဟာ နဂါးပျံဂိုဏ်းသားတွေကို ဝက်ပါတောင်ကြားလွှတ်ပြီး သူ့အဖေကိုစုံစမ်းခိုင်း ခဲ့တာပေါ့၊ ဒီမှာတင် နေသူရိန်ဂိုဏ်းသားတွေနဲ့တွေ့ပြီး ပြဿနာဖြစ်ကြတာပဲ"

ထန်စုကျင်းမှာ အံ့အားသင့်သွားပြီး ....

"ဟင် .... ဟုတ်လား၊ ဒါပေမယ့် အခု ကျောက်ကျစ်ကိုယ်တော်လဲမရှိတော့ဘူး"

ဤတစ်ကြိမ်အံ့အားသင့်သွားသူက အရိပ်မဲ့ဖြစ်၏။

"ဟင် .... ဘာဖြစ်လို့လဲ"

ထန်စုကျင်းက သူကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်ကိုပြန်လည်ပြောပြလိုက်၏။ ထန်စုကျင်း စကားဆုံးသွားသောအခါ အရိပ်မဲ့ကသက်ပြင်းချလိုက်ပြီး ....

"အင်း .... သိုင်းလောကမှာ ဒီလိုလက်ဝါးကြီးအုပ်စိုးမိုးချင်တဲ့စိတ်တွေ မလိုလောဘတွေရှိနေသမျှတော့ ဒီလိုတစ်ဦးကိုတစ်ဦးသတ်ဖြတ်အနိုင်ကျင့်မှုတွေပေါ်ပေါက်နေဦးမှာပဲ၊ ဒါတွေ ပပျောက်



သွားမှ သိုင်းလောကကြီးကအေးချမ်းသာယာနိုင်မှာ"

ထန်စုကျင်းခေါင်းညိတ်လိုက်၏။ ပြီးနောက် ....

"ဒါနဲ့ ဆရာကြီး၊ ကျန်ရှင်းယွင်ရဲ့သတင်းကိုကော စုံစမ်းလို့ရပါပြီလား"

အရိပ်မဲ့ကဖြည်းလေးစွာခေါင်းညိတ်လိုက်သည်။

"အေး ရပြီဆိုပါတော့"

ထန်စုကျင်းမှာစိတ်လှုပ်ရှားသွားပြီး ....

"ဒါ ... ဒါဖြင့် အခု သူ သူဘယ်မှာလဲဟင်"

အရိပ်မဲ့၏မျက်နှာမှာတည်သွားပြီး ....

"သိပ်လဲဆန္ဒမစောပါနဲ့လေ၊ ငါပြောပြပါ့မယ်၊ မင်း သူ့ကိုတဲအိမ်လေးမှာ ထားခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"အေး .... မင်း အဲဒီတဲအိမ်ကလေးမှာ သူ့ကိုထားခဲ့ပြီး ဆေးရှာထွက်တဲ့အချိန်မှာ ကျန်ရှင်းယွင်ရဲ့အစ်မ ရီယင်ဟာ အဲဒီတဲအိမ်လေးကို မမျှော်လင့်ဘဲရောက်လာခဲ့တာပဲ"

"ဟင် .... ဆရာကြီးက ဒါကိုဘယ်လိုလုပ်သိသလဲ"

"ငါ .... ရီယင်နဲ့တွေ့ခဲ့ပြီးပြီ"

"ဩော် .... ဟုတ်လား၊ ဆက်ပြောပါဦး"

"အဲဒီလို ရီယင်ရောက်လာတဲ့အချိန်မှာ ကျန်ရှင်းယွင်ဟာ အဆိပ်တက်ပြီးမေ့နေတယ်၊ ဒါကိုတွေ့လိုက်ရတဲ့ရီယင်က သူ့ညီမကို ပွေ့ချီပြီးခေါ်လာခဲ့တယ်၊ နောက်တော့ ...."

ထန်စုကျင်းမှာ မျက်လုံးပြူးသွားပြီး ....

"နောက်တော့ ဘာဖြစ်သွားသလဲဆရာကြီး"

အရိပ်မဲ့က ထန်းစုကျင်းအား တစ်ချက်စိုက်ကြည့်ပြီး ဖြည်းလေးစွာပြောလိုက်၏။

"နောက်တော့ အဆိပ်တက်တာရယ်၊ သွေးထွက်လွန်တာရယ်ပေါင်းပြီး သူကွယ်လွန်သွားရရှာတာပဲ"

"ဗျာ ...."

ထန်းစုကျင်း၏ခေါင်းတစ်ခုလုံး အိုးထိန်းစက်ပမာ ချာချာလည်သွားတော့သည်။ ထိုအချိန်တွင် ဝါးရွက်ကလေးများက လေနှင့်အတူကြွေလွင့်မျောပါသွားကြ၏။ ထန်းစုကျင်း၏စိတ်အစဉ်သည်လည်း ဝါးရွက်ကလေးများနှယ် ဦးတည်ရာမဲ့လွင့်မျောသွားလေတော့သတည်း။

ပြီး၏။